
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## တက္ကသိုလ် နေဝင်း

# ဆာပီကို

# SERPICO

## PETER MAAS

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၀၀၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၈၉၀၆၁၁

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၅၀၀

မျက်နှာဖုံး – ဇော်မောင်

ကွန်ပျူတာစာစီ – Dream City

စာအုပ်ချုပ် – ကိုတင်အေး

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်လှိုင် (၀၅၅၇၃)၊ စေတနာပုံနှိပ်တိုက်

အမှတ် ၅၉၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးနေမျိုးသူရ

တံခွန်စာအုပ်တိုက်

အမှတ် ၅ (ခ)၊ ဇေယျာသိရိလမ်း၊ ကမာရွတ်မြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း–၅၂၆၀၂၉

တန်ဖိုး – ၃၀၀၀ ကျပ်

## မြန်မာပြန်သူ၏အမှာ

ဤစာအုပ်မူရင်းကို ရေးသူ စာရေးဆရာ ပီတာမားစ် (PRTER MAAS) သည် ရုတ်တရက်ဆိုလျှင် မြန်မာဘာသာပြန် စာဖတ်ပရိသတ်အဖို့ အနည်းငယ် စိမ်းနေမည်ဖြစ်သော်လည်း လုံးလုံး လူမသိသေးသူဟု မဆိုနိုင်ပါ။

သူသည် 'မာဖီယား' ဒုစရိုက်ဂိုဏ်း အတွင်းရေးများကို ဖော်ထုတ်ဖွင့်ချသည့် (The Valachi Papers) စာအုပ်ကို ရေးသူဖြစ်၍ ယင်းစာအုပ်ကိုလည်း "ဂေါ်ဖားသားဗိုလ်လုပွဲ"အမည်ဖြင့် မြန်မာပြန် ထုတ်ဝေပြီးဖြစ်ကြောင်း စာဖတ်ပရိသတ်အချို့ကတော့ မှတ်မိကြပါလိမ့်မည်။

ပီတာမားစ်သည် သတင်းစာဆရာတစ်ဦးဖြစ်၍ အကြောင်းအရာတစ်ခုကို ရေးရာ၌ တိုတိုတုတ်တုတ်နှင့် လိုရင်းကို ပေါ်လွင်အောင် ရေးသားနိုင်စွမ်းရှိသူဖြစ်သည်။ ထို့ကြောင့်လည်း မာဖီယားဂိုဏ်း အတွင်းရေးစာအုပ်ဖြင့် အမေရိကန်ပြည်၌ နာမည်ကြီး ပူလစ်ဇာ (သတင်းစာဆုံရာ) ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပါသည်။

ယခု ဆာပီကိုမှာလည်း ပီတာမားစ်က သူ၏ ပွင့်လင်းပြတ်သားသော ရေးနည်းရေးဟန်ဖြင့် အမေရိကန်နိုင်ငံ ရဲတပ်ဖွဲ့ကြီးအတွင်း မလိုအပ်သော ဖောက်ပြန်မှုတွေ ယုံနိုင်စရာမရှိအောင် များပြားနေခြင်းကို စက်ကုတ်စွာ ဖော်ထုတ်ဖွင့်ချလိုက်သည့် စာအုပ်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အများပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ဆောင်ရွက်ရမည့် တာဝန်အရှိဆုံးဖြစ်သော ရဲတပ်ဖွဲ့ဝင်များကိုယ်တိုင်က အကျင့်ဖောက်ပြန် အဂတိလိုက်စားနေခြင်းသည် နိုင်ငံနှင့် ပြည်သူတို့အတွက် မည်မျှ အန္တရာယ်ကြီးလှကြောင်းကို မီးမောင်းထိုးပြသည့် သင်ခန်းစာပေး စာအုပ်လည်း ဖြစ်ပါသည်။

ထို့ပြင် အရင်းရှင် ဒီမိုကရေစီစနစ်၏ အားနည်းချက် ပျော့ကွက် ဟာကွက်များကို ဝေဖန်ထောက်ပြရင်း သရုပ်ဖော် ရေးသားထားပုံမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ဘာသာပြန် စာဖတ်ပရိသတ် ဗဟုသုတအလို့ငှာ မြန်မာပြန်တင်ဆက်လိုက်ရပါသတည်း။

တက္ကသိုလ်နေဝင်း

အောက်တိုဘာလ ၁၉၈၂



# အခန်း (၁)

နယူးယောက်မြို့၏ နာမည်ကြီးရပ်ကွက်တစ်ခုဖြစ်သော 'မင်ဟက်တန်' ရပ်ကွက်ရှိ အထက်တန်းစား ဟိုတယ်ကြီးတစ်ခုသို့ အသက် ၃၅ နှစ်ရွယ်ခန့်ရှိ လူဘစ်ယောက်သည် လက်ကိုင်တုတ်တစ်ခုကို အားပြုလျက် ချဉ်းကပ်လာလေသည်။

ထိုလူသည် တစ်စုံတစ်ခုသော ထိခိုက်ဒဏ်ရာရမှုကြောင့် ကောင်းစွာမသန်စွမ်းဟန်ရှိလျက် လက်ကိုင်တုတ်ကို အားပြု၍ လျှောက်လာရသော်လည်း ခန္ဓာကိုယ် ဗလအားဖြင့် အလွန်တောင့်တင်း သန်မာပြီး ခွန်အားကြီးမားသူဘစ်ယောက်၏ အသွင်ကို ဆောင်နေလေသည်။

သူ၏ ဆံပင်က ခေတ်လူငယ်များလို ပခုံးပေါ်ကျအောင် ရှည်လျားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများလည်း ရှိသည့်ပြင် ဝတ်စားထားပုံကလည်း ဟာဝေယံ ရှပ်အင်္ကျီ ကြောင်ကြောင်ကျားကျား၊ အညိုရောင် ဘောင်းဘီအောက်အားပွပွ (ဘဲလ်ဘောင်းဘီ)နှင့် ဖြစ်နေ၍ ရုတ်တရက် ကြည့်လိုက်လျှင် ကမ္ဘာသည့်ခရီးသည် (တိုးရစ်)တစ်ဦးလိုလို၊ 'ဟစ်ပီ'ခေါ် စိတ်ကူးယဉ် လူငယ်အဖွဲ့ဝင်တစ်ယောက်လိုလို ထင်ရပေသည်။

ထို့ပြင် သူ၏ လက်ကောက်ဝတ်တွင်လည်း ဟစ်ပီအဖွဲ့ဝင်များကဲ့သို့ ဒန်ပုတီးများကို လက်ကောက်သဖွယ် ဝတ်ဆင်ထားလိုက်သေးသဖြင့် ပို၍ပင် နာခေါင်းရှုံ့စရာ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား

နယူးယောက်မြို့၏ ရဲတပ်ဖွဲ့တွင် နာမည်အကြီးဆုံး 'ဆာပီကို' ဆိုသူပင်တည်း။

အပြင်ပန်းအားဖြင့် စိတ်ကူးယဉ်သမား ဟစ်ပီတစ်ယောက်လို ထင်ရလင့်ကစား ဆာပီကို၏ ခါးကြား၌ ကျည်ဆန် ၁၄ တောင့်အပြည့် ထိုးထားသော ၉ မီလီမီတာ အမျိုးအစား မောင်းပြန်ပစ္စတိုသေနတ် တစ်လက် ပါသည်ကိုလည်းကောင်း၊ သူ၏ လက်ကိုင်တုတ် ထိပ်ဖျားမှ အဖုံးကို လှည့်ထုတ်လိုက်ပါက အတွင်း၌ အလျား ၂၉ လက်မရှိပြီး အလွန်ထက်သော ဓားရှည်တစ်ချောင်းပါရှိသည်ကိုလည်းကောင်း မည်သူမျှ မသိကြချေ။

ဆာပီကိုသည် ယခုလို တစ်ယောက်တည်း အပြင်ထွက်သည့်အခါ လက်နက်များ အမြဲတမ်း ဆောင်သွားလေ့ရှိခြင်းမှာ အကြောင်းရှိပေသည်။

သူသည် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သော်လည်း အလွန် ရန်သူများကာ အလစ်တွင် သူ့အား လုပ်ကြံသတ်ဖြတ်လိုသူတွေနှင့် အချိန်မရွေး ရင်ဆိုင်ရနိုင်သဖြင့် မိမိကိုယ်ကို ကာကွယ်နိုင်ရန် ဓားရှည်နှင့် သေနတ်လက်နက်များ အမြဲတမ်း ဆောင်လေ့ရှိခြင်းပင်ဖြစ်သည်။

ဟိုတယ်တံခါးဝ၌ စောင့်ရသူ ယူနီဖောင်းဝတ် ဟိုတယ်အမှုထမ်းသည် ဆာပီကိုကိုမြင်လျှင် သဘောမကျဟန်ဖြင့် မျက်နှာထား တင်းတင်းလုပ်ကာ ရပ်နေလိုက်သည်။

သူ၏တာဝန်မှာ ဟိုတယ်သို့ လာရောက်စားသောက်သူများအား ခရီးဦးကြိုပြုခြင်း၊ မော်တော်ကားတံခါး ဖွင့်ပေးခြင်းစသည်ဖြင့် လုပ်ရသော်လည်း ဆာပီကို ကိုမူ လုံးဝအရေးမလုပ်ဘဲ ဟိုတယ်အတွင်းသို့ ဝင်မလာစေချင်သည့်ဟန်ဖြင့် ခပ်တည်တည် ရပ်နေခြင်းဖြစ်သည်။

သို့သော် ဆာပီကိုသည် တံခါးစောင့်သူ၏ ဟန်အမူအရာကို သိလျက်နှင့်ပင် လုံးဝအရေးမစိုက်ဘဲ ထိုသူ၏ ရှေ့မှပင် ဖြတ်လျှောက်ကာ ဟိုတယ်အတွင်းသို့ ခပ်တည်တည် လျှောက်ဝင်သွားလေသည်။

ထိုနောက် အရက်ရောင်းသည့် 'ဘား' ကောင်တာဆီသို့ လျှောက်သွားပြီး အရက်တစ်ခွက် မှာယူသောက်နေလိုက်သည်။

* * *



ဆာပီကိုသည် ကနေဒါနိုင်ငံ၊ နိုဗာစကိုရှာကျွန်းသို့ ရက်သတ္တနှစ်ပတ်ခန့် အပန်းဖြေခရီး ထွက်ခဲ့ပြီး ယခုမှ ပြန်ရောက်လာခြင်း ဖြစ်လေသည်။

ခရီးထွက်ခဲ့ခြင်းမှာလည်း နယူးယောက်မြို့ ရဲတပ်ဖွဲ့၏ အတွင်းရေးများနှင့် ပတ်သက်၍ အကြီးအကျယ် မကျေမနပ်ဖြစ်နေမိရုံမက စိတ်အနှောင့်အယှက် ဖြစ်စရာတွေ အမြောက်အမြား ရင်ဆိုင်နေရခြင်းကြောင့် စိတ်ပန်းလူပန်း ဖြစ်နေရသည့်ကို အနည်းငယ် သက်သာရာရပါစေတော့ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်ခဲ့ခြင်းဖြစ်လေသည်။

နယူးယောက်မြို့၏ ရဲတပ်ဖွဲ့တွင် လူအင်အား သုံးသောင်းနှစ်ထောင်ကျော်ရှိရာ ကမ္ဘာပေါ်ရှိ မြို့ကြီးများတွင် ရဲတပ်ဖွဲ့အင်အား အများဆုံးဟုဆိုနိုင်ပေသည်။

သို့သော် ထိုမျှ အင်အားကြီးမားလှသော နာမည်ကျော် ရဲတပ်ဖွဲ့ကြီးတွင် အဂတိလိုက်စားမှု၊ လာဘ်ပေး လာဘ်ယူမှု၊ ဒုစရိုက်သမားတွေနှင့် 'ငါးလည်မှု' ယူကာ ရာဇဝတ်မှုတွေ များပြားနေသည်ကို မသိချင်ဟန်ဆောင်ကာ လက်ပိုက်ကြည့်လိုမှုတွေ အလွန်များနေသဖြင့် ဆာပီကိုမှာ အကြီးအကျယ် စိတ်ပျက်ခဲ့မိလေသည်။

ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမည့် ရဲတပ်ဖွဲ့ဝင်တွေ ကိုယ်တိုင်က ပြည်သူများအပေါ် အနိုင်ကျင့်ခါးပိုဖြတ် အမြတ်ထုတ်နေသည့် ဒုစရိုက်သမားများနှင့် အပေးအယူလုပ်ကာ ငါးလည်မှုရှိအောင် နေကြခြင်းကို ဆာပီကိုအနေဖြင့် မည်သို့မှ ဘဝင်မကျနိုင်ဘဲ ဖြစ်နေတော့သည်။

ထိုကြောင့် သူသည်ရဲတပ်ဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက် အမှုထမ်းသည့် အချိန်မှစ၍ ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရေးနှင့် ရဲတပ်ဖွဲ့ သန့်ရှင်းရေးအတွက် အစွမ်းကုန်ကြိုးစားပြီး မဖြစ်ဖြစ်အောင် လုပ်မည်ဟု ခိုင်မာစွာ ဆုံးဖြတ်ချက် ချခဲ့သည်။

ယင်းသည်ပင်လျှင် ဆာပီကို ဘေးအန္တရာယ် အနှောင့်အယှက်မျိုးကို ဆက်တိုက်ရင်ဆိုင်ရစေသည့် အကြောင်းရင်း ဖြစ်လာတော့သည်။

နယူးယောက်မြို့ 'မက်ဟက်တန်' ရပ်ကွက် ဟိုတယ်သို့ ဆာပီကို လက်ကိုင်တုတ်ထောက်၍ ဝင်လာသည့်အချိန်မတိုင်မီ ခုနစ်လခန့် အတိတ်က

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်ကို ပြန်လည်တင်ပြမှ ဇာတ်ရေလည်မည်ဖြစ်၍ စာဖတ်သူများအား ခေတ္တမျှ အတိတ်ဆီသို့ ပြန်ခေါ်သွားရမည် ဖြစ်ပေသည်။

* * *

၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့က ဖြစ်သည်။

အချိန်မှာ–

ည ၁၀ နာရီ၊ ၄၂ မိနစ်တိတိ ရှိနေပြီဖြစ်သည်။

ဘရွတ်ကလင်အရပ် အနောက်မြောက်ဘက်ရှိ 'ဂရင်းပွိုင့်' ဆေးရုံတွင် ညဘက်တာဝန်ကျနေသူ 'မစ္စစ်ဘင်းနက်' အမည်ရှိ ကပ္ပလီ (နီဂရိုး) အမျိုးသမီး သူနာပြုဆရာမကလေးသည် အရေးပေါ်လူနာဌာနတွင် ထိုင်နေစဉ် တယ်လီဖုန်းလာသဖြင့် နားထောင်ရာမှ မျက်လုံးပြူးသွားမိသည်။

ဆရာမကလေးသည် တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်ပြီး ညတာဝန်ကျ ဆရာဝန်များရှိရာသို့ ပျာပျာသလဲ ပြေးသွားလေသည်။

"ဒီမယ်ရှင့်၊ ရဲအရာရှိတစ်ဦး သေနတ်ပစ်ခံရလို့တဲ့၊ ဒဏ်ရာပြင်းတယ်လို့လည်း ပြောတယ်၊ အခုပဲ ဒီဆေးရုံကို ခေါ်လာမယ်တဲ့"

ဆရာမလေး မစ္စစ်ဘင်းနက်က ပြောလိုက်လျှင်ပင် တာဝန်ကျ ဆရာဝန်များလည်း လူနာရောက်လာလာချင်း ပြုစုကုသရန်အတွက် အလျင်အမြန် ပြင်ဆင်ကြလေတော့သည်။

'မီထရို ပိုလစ်တန်ရိပ်သာ' လမ်းမကြီးပေါ်တွင် ရဲဝိုင်ယာလက်ကားတစ်စီးသည် ဥသြဆူညံစွာဆွဲလျက် စက်ကုန်ဖွင့်ကာ ဆေးရုံဘက်ဆီသို့ အပြင်းမောင်းလျက် ရှိလေသည်။

ထိုကားပေါ်တွင် ယာဉ်မောင်းသူ ရဲအပြင် နောက်ရဲတစ်ဦးက မလှုပ်မယှက် ဖြစ်နေသော လူနာတစ်ဦးကို အထူးဂရုစိုက်၍ ပွေ့ထားလေသည်။

ထိုလူနာကား သေနတ်ပစ်ခံရသူ ဆာပီကိုပင်တည်း။

လွန်ခဲ့သော မိနစ် ၂၀ က ဆာပီကိုသည် မူးယစ်ဆေးဝါး အကြီးအကျယ် မှောင်ခိုရောင်းဝယ်နေသည့် ဂိုဏ်းတစ်ဂိုဏ်းရှိရာ နေရာသို့ ဝင်ရောက်ဖမ်းဆီးနှိမ်နင်းရာတွင် ပြေးရင်းလွှားရင်းနှင့် တရားခံရှိရာ အခန်းတစ်ခန်းသို့ အတင်း



ဝင်မည်အပြု အတွင်းမှ မှောင်ခိုဂိုဏ်းသားတစ်ဦးက သေနတ်ဖြင့်ပစ်ရာ ဆာပီကို၏ မျက်နှာတည့်တည့်ကို ထိမှန်သွားခဲ့ခြင်းပင် ဖြစ်သည်။

ရဲဝိုင်ယာလက်ကားပေါ်သို့ ရောက်သောအခါ ဆာပီကိုမှာ လုံးလုံးသတိမေ့နေသော်လည်း သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေလေသည်။ သေနတ်ကျည်ဆန်က သူ၏ မျက်နှာကို ထိမှန်သွားကြောင်းသာလျှင် သိလိုက်ပြီး ဒဏ်ရာက မည်မျှပြင်းထန်သည်ကိုပင်လည်းကောင်း၊ ဆေးရုံရောက်ပြီး ကြာမီ သေရတော့မည့် အခြေအနေမျိုး ရှိမရှိဟူ၍လည်းကောင်း လုံးဝခန့်မှန်း၍ မရပေ။

သူ၏ မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီနေကြောင်းသာသိပြီး နာကျင်ရာ ဝေဒနာက မခံမရပ်နိုင်အောင် ဖြစ်နေခြင်းကိုသာ သိနေသည်။

ဒဏ်ရာ ပြင်းထန်လှသဖြင့် သတိမေ့လုဆဲ ဖြစ်သည်ကိုကား သိနေသဖြင့် ဆာပီကိုသည် စိတ်ကိုတင်းပြီး သတိမေ့မသွားစေရန် ကြိုးစားသတိထားနေလေသည်။

* * *

ဆာပီကို သေနတ်ပစ်ခံရသောသတင်း ရဲတပ်ဖွဲ့ဌာနချုပ်သို့ ရောက်ရှိသွားသောအခါ ရဲအရာရှိ အတော်များများသည် တုန်လှုပ်ချောက်ချား သွားမိကြလေသည်။

ဘာကြောင့် သေနတ်ပစ်ခံရလေသနည်းဟုလည်း အမျိုးမျိုး တွေးတောစဉ်းစားနေမိကြသည်။

အချို့ကလည်း ဆာပီကို၏ အတိတ်နောက်ကြောင်းမှ ဖြစ်ရပ်များကို ပြန်လည်သတိရမိကြသည်။

လွန်ခဲ့သည့် ခြောက်လက လာဘ်စားမှုဖြင့် ဖမ်းဆီးအရေးယူခံရသော ရဲထောက်တစ်ဦး၏ အမှုတွင် ဆာပီကိုသည် အရေးအပါဆုံး အစိုးရသက်သေအဖြစ် တရားရုံးတွင် ထွက်ဆိုခဲ့ဖူးသည်။

ဆာပီကို၏ ထွက်ဆိုချက်က အမှုတွင် ခိုင်လုံသော အထောက်အထားဖြစ်နေ၍လည်း တရားခံ ရဲစုံထောက်ပေါ် ပြစ်မှုထင်ရှားသည်ဆိုသော တရားရုံးက ထောင်ဒဏ်အပြစ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ပွဲဆိုင်အောင် ဆက်လိုက်စားပြီး မရိုးဖြောင့်သူများအနေဖြင့် ဆာပီကိုအား အကြီးအကျယ် မုန်းတီးလာကြလေရာ ယခု သေနတ်ပစ်ခံရခြင်းမှာ သူ့ကိုမုန်းသော ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ လက်ချက်များလေလောဟုပင် စဉ်းစားမိသွားသည် ဖြစ်နေသည်။

သို့သော် နောက် နာရီပိုင်းအတွင်း ထပ်မံရရှိသော သတင်းများအရ ဆာပီကိုအား သေနတ်ဖြင့် ပစ်ခတ်လိုက်သူမှာ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းမှဖြစ်ကြောင်း သိရတော့မှ ရဲအချင်းချင်း လက်ချက်မဟုတ်ကြောင်း ထင်ရှားလာလေသည်။

သို့ဖြစ်လင့်ကစား ဆာပီကို သေနတ်ပစ်ခံရခြင်းသည် ရိုးရိုးတန်းတန်း ခေါင်းစဉ်ဆဖြစ်ခြင်းမျိုး မဟုတ်ဘဲ သူ့ကိုမုန်းသော ရဲတပ်ဖွဲ့ဝင်များက ဒုစရိုက်ဂိုဏ်းနှင့် လျှို့ဝှက်ဆက်သွယ်ပြီး အသေသတ်နိုင်အောင် လုပ်ကြံအကွက်ဆင်ခြင်းများပေလောဟုလည်း တွေးစရာ ဖြစ်လာပြန်သည်။

အဘယ့်ကြောင့်ဆိုသော် ဆာပီကိုအား ဒုစရိုက်သမားများသာမက မရိုးဖြောင့်သော ရဲတပ်ဖွဲ့ဝင်များကပါ စက်ဆုပ်မုန်းတီးနေကြသည်မှာ ထင်ရှားသောကြောင့်ပင်တည်း။

ရဲဝိုင်ယာလက်ကားပေါ်တွင် သေနတ်ဒဏ်ရာဖြင့် မရှူမလှ ခံစားနေရသူ ဆာပီကိုသည်လည်း အလားတူ တွေးတောချက်များ စဉ်းစားနေမိလေသည်။

သူ့အား မုန်းတီးသူ ရဲတပ်ဖွဲ့ဝင်များက ဒုစရိုက်ဂိုဏ်းသားများကို ကြိုတင်သတင်းပေးကာ မိမိ လာရောက်ဖမ်းဆီးချိန်တွင် အသေသတ်၍ အပျောက်ရှင်းရန် ကြိုတင်အကွက်ဆင်ပေးခဲ့ကြလေသလော။

အတိတ်က ဖြစ်ရပ်အချို့ကိုလည်း ပြန်လည်သတိရ မြင်ယောင်မိလာသည်။

ဒုစရိုက်ဂိုဏ်းတစ်ခုက ၎င်းတို့၏ လုပ်ရပ်များကို ရဲက မျက်နှာလွှဲစေရန် ရဲအရာရှိများအား ကျိတ်၍ ငွေပေး၊ အများစုက ခေါင်းညိတ်ပြီး ငွေလက်ခံကြချိန်တွင် ဆာပီကိုက ခါးခါးသီးသီး ငြင်းပယ်သဖြင့် သူနှင့် ခင်မင်ရင်းနှီးသော ရဲအရာရှိတစ်ဦးက တစ်နေ့ ဆာပီကိုနှင့် နှစ်ယောက်ချင်း ဆုံမိခိုက်–

"သူငယ်ချင်း ဆာပီကို၊ ဘာဖြစ်လို့ အများနည်းတူ မလိုက်ဘဲ ခွစာလုပ်ချင်နေရတာလဲ၊ ဘယ်သူသိတာလိုက်လို့၊ သူငယ်ချင်းအနေနဲ့ ငွေယူလိုက်ရင်ပြီးရော"



ဟု ပြောခဲ့ဖူးသည်။

သို့သော် ဆာပီကိုက လုံးဝ အလျှော့မပေး။ ဒုစရိုက်ဂိုဏ်းက လာဘ်ငွေပေးခြင်းကို ဆက်လက်ငြင်းဆန်ခဲ့သည်။

တစ်ကြိမ်တွင်လည်း ဒုစရိုက်ဂိုဏ်းနှင့် နားလည်မှုယူထားပြီး စားသောက်နေသော ရဲစုံထောက်တစ်ဦးသည် ဆာပီကို လာဘ်ငွေယူရန် ငြင်းပယ်နေခြင်းကို ဒေါသထွက်လာရာမှ–

"မင်းလို ခွစာကျတဲ့လူမျိုး မှတ်လောက်သားလောက်အောင် ဆုံးမရဦးမယ်"

ဟုပြောရင်း ဓားမြှောင်တစ်လက်ဖြင့် တိုက်ခိုက်ခဲ့ဖူးသည်။ ဆာပီကိုက သင်္ကျမ်းကျင်သော ကရာတေး သိုင်းပညာဖြင့် ထိုရဲစုံထောက်အား အနိုင်ယူခဲ့ရလေသည်။

နောက်တစ်ကြိမ်တွင် ဆာပီကို၏ စုံစမ်းထောက်လှမ်းမှုဖြင့် ဖမ်းဆီးအရေးယူခံရသော ဒုစရိုက်ဂိုဏ်းသား လောင်းကစားဒိုင်တစ်ဦးက သတင်းပေးသလိုနှင့် ခြိမ်းခြောက်ခဲ့ဖူးသည်။

"ဟေ့လူ၊ ခင်ဗျားကိုယ်ခင်ဗျား သိပ်လည်း အထင်ကြီးမနေနဲ့၊ တန်ဖိုးထားရင် ခင်ဗျားတို့ လူအချင်းချင်းကပဲ ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်မှာ သေချာတယ်"

"ဘာကို ဆိုလိုတာလဲ၊ ကျုပ်တို့လူ အချင်းချင်းဆိုတာ ကျုပ်တို့လို အီတလီနိုင်ငံသား အမျိုးအနွယ်တွေက ကျုပ်ကို လုပ်ကြံမှာတဲ့လား"

"မဟုတ်ဘူး ကိုယ့်လူ၊ အီတလီ အမျိုးအနွယ်ကို ပြောတာမဟုတ်ဘူး၊ ခင်ဗျားလို ရဲအရာရှိတွေက တစ်နေ့ကျရင် ခင်ဗျားကို အပျောက်ရှင်းပစ်မှာဗျ"

ဤသို့ ခပ်တည်တည် ပြောခဲ့သော လောင်းကစားသမားလည်း ရှိခဲ့သည်။

ဆေးရုံမရောက်မီ ရဲကားပေါ်တွင် မချိမဆံ့ ဝေဒနာခံစားနေရသည့်ကြားမှပင် ဆာပီကိုသည် အထက်ဖော်ပြပါ အတိတ်က ပြောင်းလဲမှုတွေကို ပြန်ပြောင်း သတိရနေမိလေသည်။

မိမိက အများနည်းတူ မိုးခါးရေသောက်ရန် ငြင်းဆန်သည့်အတွက် ရဲအချင်းချင်း ပြန်၍ လုပ်ကြံခြင်းပေလော။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရဲဝိုင်ယာလက်ကားက ဆေးရုံ၏ အရေးပေါ် လူနာဌာန တံခါးဝသို့ ထိုးဆိုက်လိုက်ချိန်တွင် ဆေးရုံအမှုထမ်းများက သူနာပြုထမ်းစင်တစ်ခုဖြင့် အဆင်သင့် စောင့်နေကြပြီဖြစ်သည်။

မော်တော်ကား ရပ်လိုက်သည်နှင့် ဆေးရုံအမှုထမ်းများသည် ဆာပီကို အား လျှင်မြန်ကျွမ်းကျင်စွာဖြင့် ထမ်းစင်ပေါ်တင်၍ အရေးပေါ် ခွဲစိတ်ကုသခန်းသို့ ချက်ချင်း ပို့လိုက်ကြလေသည်။

စောစောက တယ်လီဖုန်း လက်ခံစကားပြောခဲ့သူ ကပ္ပလီသူနာပြု ဆရာမကလေး 'မစ္စစ်ဘင်းနက်' သည် မလှုပ်မယှက်ဖြစ်နေသော ဆာပီကိုအား ရုတ်တရက် လှမ်းကြည့်ပြီး–

"ဟာင်... အသက်တောင်မရှိတော့ဘူးထင်ပါရဲ့"

ဟု ရေရွတ်လိုက်မိသည်။

ထိုအချိန်၌ ဆာပီကိုက တစ်ချက်လူးလွန့်ပြီး တစ်စုံတစ်ခု ပြောလို ဟန်ဖြင့် ပါးစပ်ကို လှုပ်လိုက်တော့မှ မသေသေးကြောင်း သိသွားတော့သည်။

ဆာပီကို၏ ပါးစပ်မှ မပီမသထွက်လာသော စကားတို့ကိုမူ မည်သူမှ နားမလည်ကြပေ။

သူ၏ မျက်လုံးတစ်ဖက်မှာ ညိုမည်းပြီး လုံးဝပိတ်နေသည့်ပြင် မျက်နှာ တစ်ခြမ်းကလည်း ကြည့်မကောင်းအောင် ဖူးရောင်နေလေသည်။

သေနတ်ကျည်ဆန် ထိမှန်သော နေရာကား နှာခေါင်း၏ လက်ဝဲ ဘက်နားဖြစ်ပြီး ကျည်ဆန်ဝင်သည့်နေရာကို ထင်ရှားစွာ မြင်နေရလေသည်။

ဆရာဝန်များသည် ချက်ချင်းပင် လိုအပ်သော ကုသမှုများကို စတင် ပြုလုပ်ကြလေသည်။

ဒေါက်တာတစ်ဦးက သူ၏ မျက်နှာတစ်နေရာကို လက်ဖြင့် အသာစမ်း သပ် စစ်ဆေးကြည့်စဉ် အလွန်နာကျင်လှသဖြင့် ဆာပီကိုက ရှုံ့မဲ့လူးလွန့်လိုက် သည်။ ဤသည်ပင်လျှင် သူ၏ အာရုံကြောများ အလုပ်လုပ်နေသေးကြောင်း ထင်ရှားသဖြင့် ဒေါက်တာသည် အားတက်သွားမိလေသည်။

"မစ္စတာ ဆာပီကို၊ ခင်ဗျား ဘာမှအားမငယ်နဲ့၊ ခင်ဗျာ မကြာခင် ပြန်ကောင်းသွားမှာပါ"

ဒေါက်တာက ဤသို့ အားပေးစကား ပြောလိုက်သော်လည်း ဆာပီကို၏ စိတ်ထဲတွင်ကား ယခုဒဏ်ရာနှင့်ပင် သေရတော့မည်ဟု ထင်မှတ်နေမိလေသည်။



ယင်းစိုးရိမ်ချက်ကို ပို၍ ခိုင်လုံစေသည့် ဖြစ်ရပ်တစ်ခုကိုလည်း ဆက် သက် ကြုံလိုက်ရသေးသည်။

ပါးစပ်က ဘာမှမပြောနိုင်သော်လည်း သူ၏နားကတော့ ဘေးမှ ဆရာဝန်တွေ၊ ဆရာမတွေ ပြောနေသံများကို ကြားနေရလေရာ တစ်စုံတစ် ယောက်က–

"ဒီလူက ဗရင်ဂျီဘာသာ ကိုးကွယ်တယ် မဟုတ်လား"

ဟုမေးသံ ရေးဦးစွာ ကြားလိုက်ရသည်။

"ဟုတ်ပါတယ်၊ မစ္စတာ ဆာပီကိုဟာ အီတလီလူမျိုးအနွယ်၊ ဗရင်ဂျီ ဘာသာ ကိုးကွယ်တယ်"

ဤသို့ တစ်ယောက်ကပြန်ဖြေသံ ကြားလိုက်ရပြီး မကြာမီပင် ဗရင်ဂျီ ဘာသာ ဘုန်းတော်ကြီးတစ်ဦး ခုတင်ဘေးသို့ ရောက်လာလေသည်။

"ဒီမယ် မောင်ရင်၊ ကျုပ်ပြောနေတာ ကြားရဲ့မဟုတ်လား၊ ဘာမှမပြော ...နဲ့၊ အသာ နားထောင်နေစမ်းပါ"

ဗရင်ဂျီဘုန်းကြီးက ဤသို့ပြောပြီး ဘာသာရေး ထုံးစံအရ လူတစ်ယောက် ...သေခါနီးဆဲဆဲ နလုံးသွင်းရမည့် သမ္မာကျမ်းစာပါ စာပိုဒ်များကို ရွတ်ဖတ် ...ရွတ်ဖတ်ပြပေးကျမ်းသည်

"ကေ့ဒ္ဒ ငါ မချသေတော့မှာမို့ ဒီဘုန်းကြီးက လာရွတ်ဖတ်နေတာ ...ဖြစ်ရမယ်"

ဤသို့ စဉ်းစားမိလေသည်။

ဆာပီကိုသည် စိတ်ထဲမှ တုန်လှုပ်ချောက်ချားခြင်းပင် မဖြစ်မိချေ။

ဗရင်ဂျီ ဘုန်းကြီးက ရွတ်ဖတ်သရဇ္ဈာယ်ပြီး၍ ပြန်ထွက်သွားသော ...ချိန် ယူနီဖောင်းဝတ် ရဲတစ်ဦးက မှတ်စုစာအုပ် အသင့်ကိုင်လျက် ခုတင်ဘေး ...ကျင် ရပ်နေသည်ကို သတိပြုမိလေသည်။

ဆာပီကိုသည် ထိုရဲအား တစ်စုံတစ်ခု ပြောလိုဟန်ဖြင့် လှမ်းကြည့်ပြီး ...ပါးစပ်ကို လှုပ်ပြလိုက်ရာ ရဲအရာရှိကလည်း အနားသို့ တိုးလာပြီး

"ဟုတ်ကဲ့ မစ္စတာဆာပီကို၊ ခင်ဗျား ဘာများပြောလိုပါသလဲ"

ဟု လိုက်လျောစွာ မေးလေသည်။

အမှန်တော့ ဆာပီကိုသည် ဒဏ်ရာပြင်းထန်လွန်းသဖြင့် စကားကို ...ကောင်းစွာ မပြောနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်-

ပြောချင်လွန်းအားကြီး၍ အတင်းကြိုးစားကာ-

"ကျုပ်အမေကို အကြောင်းမကြားပါနဲ့၊ ကျုပ်နမကိုသာ ခေါ်ပေးပါ"

ဟု ပြောလိုက်လေသည်။

ဤသို့ပြောလိုက်ခြင်းမှာ အကြောင်းရှိပေသည်။ သူ၏မိခင် 'မာရီယာ ဆာပီကို'မှာ အသက် ၇၂ နှစ်ရှိပြီဖြစ်သည်။ နှလုံးရောဂါလည်း ရှိနေသည်။ မကြာသေးမီကပင် အဘွားကြီး၏ နှလုံးအားနည်းလာသဖြင့် အထူးကုဆရာဝန်များဖြင့် ကုသပေးခဲ့ရပြီး သက်သာခါစ ဖြစ်လေရာ သားဖြစ်သူ သေနတ်ပစ်ခံရကြောင်း သတင်းကြားလိုက်လျှင် စိတ်ထိခိုက် တုန်လှုပ်ပြီး အသက်ပါသွားမည်စိုးသဖြင့် ဆာပီကိုက မိခင်အား အသိမပေးဘဲ သူ၏ နမကိုသာ ခေါ်ပေးခိုင်းလိုက်ခြင်းဖြစ်သည်။

* * *

ထိုအချိန်၌ အရေးပေါ်ကုသခန်း အပြင်ဘက်တွင် ဆေးရုံဝန်ထမ်းများ၊ ရဲအရာရှိများ၊ စုံထောက်များ၊ သတင်းထောက်များ တဖြည်းဖြည်း များလာကြပြီဖြစ်သည်။ ဤတွင် တာဝန်ကျဆရာဝန်က မည်သူ့ကိုမှ အဝင်မခံဘဲ ဆာပီကိုအား ဓာတ်မှန်ရိုက်ကြည့်ရန် ဘီးတပ်ထမ်းစင်ဖြင့် ဓာတ်မှန်ရိုက်ဌာနသို့ ပို့ခိုင်းလိုက်လေသည်။

မကြာမီ ဓာတ်မှန်ရိုက်ပြီးသွားလေရာ ဓာတ်မှန်ဖလင်ချပ်များကို ကြည့်ရသောအခါ ဆရာဝန်ကြီးများပင် အံ့သြနေမိကြလေသည်။

တနည်းအားဖြင့် ဆာပီကိုသည် ပွဲချင်းပြီး ကိစ္စမချောဘဲ ယခုအချိန်အထိ အသက်ရှင်နေခြင်းမှာ အလွန်အံ့သြဖွယ်ကောင်းနေပေသည်။

ပွဲချင်းပြီး မသေရခြင်းမှာ (ဓာတ်မှန်ရိုက်ချက်များအရ) ဆာပီကို၏ နှာခေါင်းဘေးမှ ဝင်သွားသော သေနတ်ကျည်ဆန်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဦးခေါင်းထဲသို့ ဖြောင့်ဖြောင့် မဝင်ခဲ့သောကြောင့်ပင် ဖြစ်သည်။

သာမန်အတိုင်းဆိုလျှင် ကျည်ဆန်သည် ဦးနှောက်ဆီသို့ တိုက်ရိုက်ရောက်သွားပြီး အာရုံကြောဗဟိုဌာနသို့ ထိခိုက်ကာ ချက်ချင်းသေရမည်ဖြစ်သည်။



ပစ်လိုက်သော သေနတ်ကျည်ဆန်က ပွိုင့် ၂၂ အရွယ်အစား ဖြစ်ခြင်းကြောင့်ပဲလား မပြောတတ်။ ဆာပီကို၏ နှာခေါင်းဘေးမှ ဝင်သွားပြီးနောက် ဦးခေါင်းခွံဆီသို့ မရောက်ရှိမက မေးရိုး၏ အတွင်းဘက် အရိုးမာတစ်ခုနှင့် ထိကာ ကျည်ဆန်သည် လေးစိတ်လေးမြွှာ ဖြစ်သွားခဲ့သည်။

သို့မဟုတ်ပါက

ဆာပီကို၏ မေးရိုးတစ်ခုလုံး ကြေမွသွားဖွယ် ရှိလေသည်။

ယင်းသို့ဖြစ်ပုံကို ဆရာဝန်များက အံ့သြမိကြခြင်းဖြစ်သည်။

မျက်နှာကို သေနတ်ဖြင့် အနီးကပ် အပစ်ခံရပါလျက် ချက်ချင်းမသေသည်မှာ ဆာပီကိုအနေဖြင့် အလွန်ကံကောင်းလှသည်ဟုလည်း မှတ်ချက်ချကြသည်။

သို့ဖြစ်လင့်ကစား ဒဏ်ရာက အလွန်ပြင်းထန်လှသဖြင့် စိုးရိမ်နေရဆဲဖြစ်လေရာ ဆာပီကိုအား အရေးပေါ် အထူးကုသခန်းသို့ ပြန်ပို့၍ ဆရာဝန်များက အထူးဂရုစိုက်၍ ပြုစုကုသကြလေသည်။

ဆရာဝန်များ၏ အတွေ့အကြုံအရ ဦးခေါင်းတွင် သေနတ်ဒဏ်ရာပြီး ဆေးရုံရောက်လာသော လူနာအများစုသည် အချိန်သုံးနာရီခန့်ကြာလျှင် သေဆုံးသွားလေ့ရှိသဖြင့် ဆာပီကိုအတွက် စိုးရိမ်ကြခြင်း ဖြစ်လေသည်။

ဆရာဝန်များက အစွမ်းကုန် ကြိုးစားကုသနေချိန်၌ ဆာပီကိုသည် [illegible] နာကျင်ခြင်းဝေဒနာကို သိသိသာသာ မခံစားရတော့ဘဲ ထုံကျဉ်[illegible]သို့ဖြစ်နေကာ အသက်ရှူ၍ ကောင်းစွာအားမရခြင်းကိုသာ သိနေလေသည်။

ယခု ဆေးရုံပေါ်တွင် ဆရာဝန်တွေ ကြိုးစားကုသနေသည့်ကြားမှ အနိုင်မရွေး သေသွားနိုင်ကြောင်းလည်း သိနေရာ ဆာပီကိုသည် ထိုအချက်ကို [illegible]အားမနေတော့ဘဲ အတိတ်က သူ၏ အတွေ့အကြုံများအကြောင်းကို [illegible]သည် တွေးနေလိုက်သည်။

သူ၏ အမှုထမ်းသက်တမ်းတလျှောက် လုပ်ဖော်ကိုင်ဖက် ရဲ[illegible] လိုက်စားနေခြင်းကို သိရ၍ စိတ်ပျက်ခဲ့ရသလို ရဲတပ်ဖွဲ့ထဲ ဝင်[illegible] ကျေနပ်အားရဖွယ် ဖြစ်ရပ်များလည်း ရှိခဲ့သည်။

ဥပမာ-

တစ်ကြိမ်က ခွင့်နှင့်ပြန်လာသူ စစ်သားရဲဘော်၏ ပစ္စည်းများ[illegible] ဆာပီကိုက တာဝန်ယူ လိုက်စုံစမ်းရာတွင် နေ့ချင်းပင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခံကို ပစ္စည်းများနှင့် ပြန်လည်ဖမ်းမိနိုင်သည့်အတွက် လူတစ်ဘက်သားအား ကူညီနိုင်ခဲ့သည်ကို ဝမ်းမြောက်ကျေနပ်ခဲ့ရဖူးသည်။

တစ်ကြိမ်ကလည်း သူသည် ညဘက် ကင်းလှည့်နေရင်း ကပ္ပလီနီဂရိုး လူငယ်တစ်ယောက်က အရေးပေါ် အကူအညီ တောင်းသဖြင့် ထိုလူ၏ဇနီး သည်ခမျာ ကိုယ်ဝန်နေ့စေ့လစေ့ ဖြစ်နေရုံမက ဆေးရုံပို့ရန် အချိန်မရတော့ဘဲ မွေးဖွားမည့်ဆဲဆဲ ဖြစ်နေသည်ကို ဆာပီကို ကိုယ်တိုင်က ဝမ်းဆွဲဆရာလုပ်ပြီး ကူညီမွေးဖွားပေးခဲ့ဖူးလေသည်။

ယင်းသို့ ကျေနပ်ဝမ်းမြောက်ဖွယ်ရာ ဖြစ်ရပ်များ ရှိခဲ့သလို ရဲတပ်ဖွဲ့နှင့် ပတ်သက်၍ စိတ်ပျက်ဖွယ်ရာများလည်း ရှိခဲ့ပေသည်။

ရဲ 'အကယ်ဒမီ'ခေါ် ရဲအတတ်သင်ကျောင်းသို့ တက်ခွင့်ရရန် စောင့် နေစဉ်ကဆိုလျှင် ဝါရင့် ရဲမှူးကြီးတစ်ဦး၏ ပြောပြချက်ကို ယခုအထိ ဆာပီကိုသည် ကြားယောင်နေမိသေးသည်။

"ဟေ့ ချာတိတ်၊ မင်းက ရဲတပ်ဖွဲ့ထဲဝင် အရာရှိလုပ်မယ် စိတ်ကူးရင် တစ်ခုတော့ အကြံပေးချင်တယ်"

"ဟုတ်ကဲ့ခင်ဗျား ဘယ်လိုအကြံပေးချင်တာပါလဲ"

"တခြားမဟုတ်ပါဘူး၊ မင်း သတိထားရှောင်ဖို့ ပြောချင်တာပါပဲ၊ တကယ်လို့ မင်းက တာဝန်ကျနေတဲ့အချိန် မဟုတ်ရင် ဘာမှုခင်းကိစ္စမှ ဝင်ပြီးမပတ်သက်လေနဲ့"

"ဘာကို ဆိုလိုတာလဲခင်ဗျ"

ဆာပီကိုက ရဲမှူးကြီး၏စကားကို ရုတ်တရက် နားမလည်သဖြင့် ပြန်မေးခဲ့သည်။

"ဒီလိုလေကွာ၊ မင်းက ရဲတပ်ဖွဲ့အမှုထမ်းဖြစ်ပေမဲ့ 'ဂျူတီ' မကျတဲ့ နားရက်တွေ ရှိလိမ့်မယ်၊ အဲဒီလို ဂျူတီမကျတဲ့ နားရက်မှာ မင်းက ညဘက် ကားမောင်းထွက်သွားတယ်ဆိုပါတော့ တကယ်လို့ လမ်းမှာ လူတစ်ယောက် အိမ်တစ်အိမ်ကို ဖောက်ထွင်းဝင်နေတာမြင်ရင် မင်းက ကားရပ်ပြီး ဆင်းဖမ်း လားဆီးလား လုပ်မနေနဲ့၊ မသိချင်ယောင်ဆောင်ပြီး ကိုယ့်လမ်းကိုယ် ဆက် သွားတာ အေးအကင်းဆုံးပဲမှတ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက သူရဲကောင်း လုပ်ပြီး ပါဝင်လိုက်တာနဲ့ တော်တော်လေးကြာတော့ သက်ဆိုင်ရာ အာဏာပိုင် တွေက မင်းဟာ တာဝန်မကျဘဲနဲ့ ကိုယ့်ဂျူတီပိုင်နက် မဟုတ်တဲ့ ရပ်ကွက်မှာ



ညအချိန်မတော် ဘာသွားလုပ်နေတာလဲလို့ စစ်လား မေးလား လုပ်လာမယ်၊ အပြီးသတ်ကျတော့ မင်းပဲ အဖြေရခက်ပြီး ပြဿနာ ရင်ဆိုင်ရတတ်တယ်ကွဲ့"

တကယ်တော့လည်း ရဲမှူးကြီးပြောသည့်အတိုင်းပင် ရဲအရာရှိ အများ စုက လက်တွေ့အားဖြင့် လိုက်နာကျင့်သုံးနေကြကြောင်း တွေ့ရရာ ဆာပီကို မှာ တကယ်ရိုးသား တည်ကြည်ဖြောင့်မတ်သော ရဲအရာရှိတစ်ဦး ဖြစ်လိုသူ အနေဖြင့် စိတ်ပျက်ခဲ့လေသည်။

* * *

ဆာပီကိုသည် ရဲတပ်ဖွဲ့ထဲတွင် ဝင်ရောက်အမှုထမ်းခါစက တစ်ယောက် တည်း ခြေကျင် ကင်းလှည့်ရသည့် တာဝန် ထမ်းဆောင်ခဲ့ဖူးလေသည်။ ဒုစရိုက် နှိမ်နင်းရန် ဆန္ဒပြင်းပြလွန်းသဖြင့်သူသည် ညသန်းခေါင်ကျော်လျှင် ယူနီဖောင်းမဝတ်ဘဲ အရပ်ဝတ်အရပ်စားနှင့် ရပ်ဖျက်ပြီး သွားလေ့ရှိသည်။ တစ်ခါတလေ သူသည်အိုမင်းမစွမ်းသော အဘိုးအိုတစ်ယောက်ပမာ ကုတ်အင်္ကျီ အနားဖားကြီးဝတ်၍ ဦးထုပ်ကို မျက်လုံးဖုံးအုပ်အောင်ဆောင်းကာ လက်ကိုင်တုတ် တစ်ချောင်း အားပြုလျက် လူပြတ်သော လမ်းများတွင် လျှောက်လေ့ရှိသည်။

အမှန်က သူသည် လုယက် တိုက်ခိုက်တတ်သူ လူဆိုးများအား ကျော့ ကွင်းထောင်ဖမ်းသလို ဖမ်းခြင်းပင်ဖြစ်သည်။

ညဘက် တစ်ယောက်တည်း လမ်းသွားသူ လူကြီးများအား မှောင်ရိပ် ခိုစောင့်ပြီး ရိုက်လုသူများက တကယ့်အဘိုးကြီးတစ်ဦး ထင်မှတ်လျက် လုယက်ရန် ချဉ်းကပ်လာတော့မှ ဆာပီကိုသည် သူ၏ ကိုယ်ခံပညာအစွမ်းဖြင့် လူဆိုးအား အနိုင်ယူဖမ်းဆီးပြီး အချုပ်ခန်းထဲသို့ ပို့လေ့ရှိသည်။

ထိုနည်းဖြင့် လုယက်တိုက်ခိုက်သူ လူငယ် လူဆိုး အတော်များများသည် ဆာပီကို၏ ထောင်ချောက်ထဲ ဝင်မိရာမှ အကြီးအကျယ် အံ့အားသင့်တုန်လှုပ် ခြင်း ထောင်ကျခဲ့ကြရလေသည်။

တစ်ခါသော်–

ဆိုးသွမ်းလူငယ်တစ်စုက ဆာပီကိုအား အဘိုးကြီးတစ်ယောက်မှတ်ပြီး လုယက်တိုက်ခိုက်ရန် ကြိုးစားခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လုပ်သူ လူငယ်က ဓားမြှောင်ထုတ်၍ ချဉ်းကပ်လာတော့မှ ဆာပီကိုသည် လျှင်မြန်ဖျတ်လတ်စွာ လှုပ်ရှားပြလိုက်သည်။

ဓားမြှောင်ကိုင်ထားသော လူငယ်၏ လက်ကောက်ဝတ်ဆီသို့ ခြေဖြင့် တအားပစ်ကန်လိုက်ရာ ဓားမြှောင်သည် လွှတ်ကျသွားလေသည်။

သည်တော့မှ ဆာပီကိုသည် ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ချိန်ရင်း သူသည် ရဲအရာရှိတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောလိုက်သည်။

ဆိုးသွမ်းလူငယ်လေးယောက်သည် အံ့အားသင့်ကာ လက်မြှောက်ပြီး ငြိမ်သွားကြသော်လည်း မိုက်ရူးရဲတစ်ယောက်က–

"ဟေ့၊ သူတစ်ယောက်တည်းနဲ့ တို့လေးယောက်ကို နိုင်မှာမဟုတ်ပါဘူး"

ဟု အံကြိတ်၍ ပြောပြန်သည်။

ဤတွင် ဆာပီကိုက ခြောက်လုံးပြူ သေနတ်ဒင်ဖြင့် ထိုလူငယ်၏ ဦးခေါင်းကို ခပ်ဆတ်ဆတ် ရိုက်လိုက်ပြီးမှ သေနတ်ပြောင်းဝကို ရင်ပတ်တည့်တည့်သို့ ချိန်ထားလိုက်သည်။

ထိုအခိုက် ကျန်လူငယ်သုံးယောက်သည် တစ်ယောက်တစ်လမ်းဆီခွဲ၍ ထွက်ပြေးကြရာ ဆာပီကိုသည် သေနတ်ဖြင့် လှမ်းပစ်နိုင်သော်လည်း ဘေးလူများ မတော်တဆ ထိမှန်မည်စိုး၍ မပစ်ဘဲ ကျန်တစ်ယောက်ကိုသာ သေနတ်ဖြင့် ဆက်ချိန်ထားလိုက်သည်။

"ခင်ဗျားကြီးက ဘယ်လိုလဲ၊ ဟိုကောင် သုံးကောင်ကိုတော့ လွှတ်လိုက်တယ်ပေါ့လေ"

လူငယ်က ဤသို့ပြောသည်တွင် ဆာပီကို၏ မျက်နှာသည် ခက်ထန်တင်းမာလာပြီး သေနတ်ပြောင်းဝကိုလည်း လူငယ်၏ ဦးခေါင်းနားတွင် တေ့ထားလိုက်သည်။

"ဟေ့ ငါက လွှတ်လိုက်တာ မဟုတ်ဘူးကွ၊ သူတို့ဟာသူတို့ ထွက်ပြေးတာ မင်း မမြင်ဘူးလား၊ မင်းလည်း သူတို့လို ထွက်ပြေးချင်ရင်ပြေးလေ"

ဆာပီကို၏ လေသံနှင့် မျက်နှာထားကိုမြင်လျှင် ဆိုးသွမ်းလူငယ်မှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

"ကျွန်တော်... ကျွန်တော် မပြေးပါဘူးခင်ဗျ၊ မပြေးပါဘူး၊ ကျွန်တော့်ကို မပစ်ပါနဲ့"



ဤသို့လျှင် အတိတ်က ဖြစ်ရပ်အချို့ကို ပြန်လည်တွေးတော ငေးမြဲ နေမိရင်းနှင့်ပင် ဆာပီကိုသည် ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၏ ဆက်လက်ကုသမှုကို ခံယူနေရလေသည်။

ညဘက်တွင် နယူးယောက်မြို့၏ ရဲမင်းကြီး အသစ်ဖြစ်သူ မစ္စတာ 'မာဖီ'ကိုယ်တိုင် ဆေးရုံသို့ လာကြည့်လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

သေနတ်ပစ်ခံရသည့် အချိန်၌ ဆာပီကိုသည် နယူးယောက်မြို့ ရဲတပ်ဖွဲ့၏ ဌာနခွဲတစ်ခုဖြစ်သော အရပ်ဝတ်အရပ်စား ဝတ်ဆင်တာဝန်ထမ်းဆောင်ရသည့် အဖွဲ့တွင် ပါဝင်အမှုထမ်းနေရလေသည်။

'အရပ်ဝတ်အရပ်စားရဲအဖွဲ့'ဆိုသည်မှာ မှုခင်းထောက်လှမ်းစုံစမ်းရာ၌ လွယ်ကူပြီး ဒုစရိုက်သမားများ နယ်ပယ်သို့ ဝင်ရောက်နိုင်အောင် ယူနီဖောင်း မဝတ်ဘဲ လှုပ်ရှားရသော ရဲများပင်ဖြစ်သည်။

အဆိုပါ အရပ်ဝတ်အရပ်စားနှင့် ရဲတပ်ဖွဲ့ဝင်များအား မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ လောင်းကစားမှုနှင့် ပြည့်တန်ဆာလုပ်ငန်းများ ထောက်လှမ်းနှိမ်နင်းရာတွင် အများဆုံး တာဝန်ပေးလေ့ရှိပေသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လာဘ်စားမှု၊ အဂတိလိုက်စားမှု၊ ဒုစရိုက် သမားများနှင့် 'နားလည်မှု'ယူပြီး အကြံအဖန်လုပ်မှုများသည်လည်း အရပ်ဝတ် အရပ်စားများနှင့် ရဲများအသိုက်တွင် အများဆုံး တွေ့ရတတ်လေသည်။

ဒုစရိုက်သမားများကလည်း အလွန်အကင်းပါးသူများဖြစ်၍ စုံစမ်း ထောက်လှမ်းရန်လာသည့် အရပ်ဝတ်နှင့် ရဲများကို ရိပ်မိသိရှိရုံမက ငွေကြေး လာဘ်လာဘများနှင့် ချဉ်းကပ်ပြီး နားလည်မှုရရန် ကြိုးစားလေ့ရှိကြသည်။ အထူးသဖြင့် နယူးယောက်မြို့တွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား ခြင်းသည် အမြတ်အစွန်ငွေ အမြောက်အမြား ရရှိစေနိုင်သဖြင့် ဝိသမလောဘ



သား ဒုစရိုက်သမားတို့က ရဲများအား အံ့ဩဖွယ် ကောင်းလောက်အောင် များပြားလှသော ငွေကြေးဖြင့် ဖြားယောင်းစည်းရုံးလေ့ ရှိကြလေသည်။

ထို့ကြောင့် တကယ်လိုချင် တက်မက်ဖွယ်ကောင်းလောက်သည့် အကြ အမန် ငွေကြေးပမာဏ၏ ဆွဲဆောင်မှုကို မတွန်းလှန်နိုင်သော ရဲတပ်ဖွဲ့ဝင်များ ဒုစရိုက်များ၏ အိတ်ဆောင်ထဲ ရောက်ကြရသည်မှာလည်း ထူးဆန်းသည်ဟု ဆိုနိုင်ပါချေ။

အမှန်အားဖြင့် အရပ်ဝတ်အရပ်စားနှင့် ရဲများကို ယူနီဖောင်းဝတ် ရဲများထဲမှ အတွေ့အကြုံရှိသူ၊ အတော်ဆုံး၊ အရည်အချင်းပြည့်ဝဆုံးသူများကို ရွေးချယ်ဖွဲ့စည်း၍ တာဝန်ပေးလေ့ရှိသည်။ လိုအပ်သော အထူးသင်တန်း၊ နှမ်းမံသင်တန်းများလည်းပေးပြီးမှ ရွေးချယ်ခန့်ထားလေ့ရှိသည်။ တရားဥပဒေ စိုးရာနှင့် သက်ဆိုင်သည့် ဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးလိုက် သေးသည်။

တနည်းအားဖြင့် ထောက်လှမ်းရေးပညာကို ဘက်စုံအောင် လေ့ကျင့် သင်ကြားပေးပြီးမှ တာဝန်ပေးသည့် သဘောပင်ဖြစ်သည်။

သို့ရာတွင် ဆာပီကို ကိုယ်တိုင် ရင်းနှီးစွာ ချဉ်းကပ်စုံစမ်းကြည့်သော အခါ၌မူ အရပ်ဝတ်ရဲ အများစုက–

"သင်တန်းတွေ အမျိုးစုံတက်ခဲ့ရတာဟာ သက်သက် အချိန်ကုန် ငွေပန်းတာပဲရှိတယ်၊ တကယ်တော့ ကျုပ်တို့အနေနဲ့ ကိုယ်တာဝန်ကျတဲ့ ရပ်ကွက်တွေထဲလျှောက်ပြီး သက်ဆိုင်သူတွေကပေးတဲ့ ငွေ လက်ခံယူရတဲ့ အလုပ်ပဲ ရှိတယ်ဗျ"ဟု ပြောကြသဖြင့် ဆာပီကိုမှာ စိတ်ပျက်ခဲ့ရလေသည်။

သို့ဖြစ်လင့်ကစား ခြွင်းချက်တော့ရှိပေသည်။

"အရပ်ဝတ်အရပ်စား ရဲတပ်ဖွဲ့ဝင်အားလုံး တစ်ယောက်မကျန် အဂတိ လိုက်စားသူ၊ လာဘ်စားသူ၊ မရိုးဖြောင့်သူဟု မဆိုနိုင်လောက်အောင် တကယ် ပင် ရိုးသားတည်ကြည် ဖြောင့်မတ်သော ရဲများလည်းရှိကြောင်း တွေ့ရပေ သည်။ ဆာပီကိုကိုယ်တိုင် အလွန်လေးစားမိပြီး တည်ကြည်ဖြောင့်မတ်လှသော အရပ်ဝတ်အရပ်စား ရဲအရာရှိတစ်ဦးဆိုလျှင် တစ်ချိန်က ရဲတပ်ဖွဲ့ထဲဝင် အမှု ထမ်းမိက ခရစ်ယာန် သာသနာပြုဝန်ထမ်းလုပ်ရန်ပင် စိတ်ကူးခဲ့ဖူးလေသည်။

တစ်ကြိမ်တွင် ထိုအရာရှိနှင့် စကားစပ် ဆွေးနွေးကြရင်း ဆာပီကိုက အကြံဉာဏ်တောင်းသည်ကို ထိုလူက–

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ ဘယ်လိုလုပ်လုပ် ခင်ဗျားကိုယ်တိုင်က ရိုးသားဖြောင့်မတ်ကြောင်း၊ အဂတိလိုက်စားဖို့ ငြင်းဆန်ကြောင်း ပြတ်ပြတ်သားသားလုပ်ပြရင် ပြီးတာပါပဲ၊ ဒါမှလည်း သူများက ကိုယ့်ကို တဖြည်းဖြည်း လေးစားလာမှာပေါ့"

ဟု ပြောဖူးလေသည်။

တကယ် ရိုးသားဖြောင့်မတ်သော ရဲအရာရှိအချို့ကမူ 'အရပ်ဝတ်အရပ်စား ရဲတပ်ဖွဲ့'ထဲသို့ ရောက်လာပြီးနောက် အများစုက ဒုစရိုက်ဂိုဏ်းများနှင့် 'နားလည်မှု'ယူကာ လာဘ်စားနေကြောင်း သိရသည်နှင့်တပြိုင်နက် ချက်ချင်းပင် အခြားဌာနသို့ ကြံဖန်ပြောင်းရွှေ့ သွားတတ်လေသည်။

ရဲအများစုနှင့် ပဋိပက္ခ မဖြစ်လို၍ ရှောင်သွားသည့် သဘောဟုလည်း ဆိုနိုင်ပေသည်။

ယခု နယူးယောက်မြို့ ရဲမင်းကြီးဖြစ်နေသူ 'မာဖီ'ဆိုလျှင် တစ်ချိန်က အထက်ပါတိုင်း ကျင့်သုံးခဲ့ဖူးလေသည်။

မာဖီ ကိုယ်တိုင်က ရဲအရာရှိတစ်ဦး၏သားဖြစ်ပြီး ငယ်စဉ်ကပင် မှန်ကန်ဖြောင့်မတ်သော ရဲအရာရှိတစ်ဦးဖြစ်လာရန် ရည်မှန်းချက်ရှိခဲ့သည်။ အရွယ်ရောက်၍ ရဲတပ်ဖွဲ့ထဲ ဝင်ရောက်ချိန်မှစ၍ တကယ်ရိုးသားဖြောင့်မတ်စွာဖြင့် အလုပ် အထူးကြိုးစားခဲ့ခြင်းကြောင့် ရာထူးအဆင့် မှန်မှန်တိုးကာ ဒက်ထရွိုက်၊ ဝါရှင်တန်စသော မြို့များတွင် ထူးချွန်သော ရဲအရာရှိအဖြစ် အမှုထမ်းခဲ့ပြီးမှ သူ၏ဇာတိ နယူးယောက်မြို့သို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ယင်းသို့ ပြောင်းရွှေ့ခန့်ထားခြင်း ခံရသည်မှာလည်း အမေရိကန်ပြည်တွင် အင်အားအကြီးဆုံး (အဖွဲ့ဝင်အင်အား ၃၂၀၀၀ ကျော်ရှိ) နယူးယောက်မြို့ ရဲတပ်ဖွဲ့ကြီးမှာ အဂတိလိုက်စားပြီး ဒုစရိုက်ဂိုဏ်းများနှင့် 'နားလည်မှု' ယူထားသူ ရဲအရာရှိတွေ များလွန်း၍ ပြည်သူလူထုအမြင်တွင် သိက္ခာကျဆင်းနေရသည့် အခြေအနေကို ပြုပြင်ပြောင်းလဲစေရန်ပင် ဖြစ်သည်။

တစ်ချိန်က သူသည် 'အရပ်ဝတ်အရပ်စားဝတ်ရသောရဲ' တပ်ဖွဲ့တွင် ခေတ္တသာ အမှုထမ်းခဲ့ခြင်းနှင့် ပတ်သက်၍ မေးမြန်းကြသည်ကို ရဲမင်းကြီး မာဖီက–

"ရှင်းရှင်းပြောရရင် အဲဒီအချိန်က အရပ်ဝတ်နဲ့ ရဲအများစုက ဘာတွေလုပ်ပြီး ဘယ်လိုစားသာနေကြတယ်ဆိုတာ သိရတော့ ကျုပ်ရဲ့ စိတ်သဘောနဲ့



ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူးဆိုပြီး အမြန်ဆုံး ပြောင်းထွက်ခဲ့ရတာပဲ"

ဟု ပြန်ဖြေခဲ့လေသည်။

* * *

ဆာပီကိုနေဖြင့် အရပ်ဝတ် အရပ်စား ဝတ်ရသော ရဲတပ်ဖွဲ့ဌာနခွဲတွင် ဝင်အမှုထမ်းခဲ့ခြင်းမှာ သူ အလွန်ဝါသနာပါလှသည့် ရဲစုံထောက်အဆင့်သို့ ရောက်လို၍ပင်ဖြစ်သည်။

နယူးယောက် ရဲတပ်ဖွဲ့၏ အစဉ်အလာအရ ဝင်ဝင်ချင်း ယူနီဖောင်းဝတ် ပတ္တရောင်အဖြစ် အောက်သက်ကျေအောင် အမှုထမ်းရသည်။ ထိုမှတဆင့် အဆက်အသွယ် အပေါင်းအသင်းများပြီး ထောက်လှမ်းရေးနှင့် ပတ်သက်၍ အတွေ့အကြုံ ရရှိစေရန်အတွက် အရပ်ဝတ် အရပ်ဝေး ရဲတပ်ဖွဲ့တွင် ပြောင်းရွှေ့ အမှုထမ်းရသည်။ ထိုအတောအတွင်း မှုခင်းတစ်ခုစ နှစ်ခုစ စုံစမ်းထောက်လှမ်းသည့်တာဝန် ထမ်းဆောင်ရာမှ အရည်အချင်း ပြည့်ဝကြောင်း လက်တွေ့ပြနိုင်လျှင် ရဲစုံထောက်အဆင့်သို့ ရောက်ရှိနိုင်ပေသည်။

ဆာပီကို၏ အပြင်းပြဆုံး ရည်မှန်းချက် ဆန္ဒကား ရဲတပ်ဖွဲ့စုံထောက်တစ်ဦးအဖြစ်သို့ ရောက်ရှိရန်ပင်ဖြစ်သည်။

ထို့ကြောင့် ယူနီဖောင်းဝတ် ပတ္တရောင်ရဲအဖြစ်မှ အရပ်ဝတ် အရပ်စားနှင့် ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ပို့လိုက်ခြင်းကို လက်ခံပြီး ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။

သူ ရောက်သွားပြီဆိုလျှင်ပင် အရပ်ဝတ် ရဲအရာရှိများသည် စနစ်တကျ အချင်းချင်း စည်းရုံးလျက် ဒုစရိုက်သမားများကပေးသော လာဘ်ငွေများ ယူကာခံယူနေကြောင်း တွေ့ရှိရလေရာ ယင်းအခြေအနေကို ပြုပြင်ပြောင်းလဲရန် ကြိုးစားခဲ့လေသည်။

ဤတွင် အဂတိ လိုက်စားခြင်းဖြင့် စားသာနေသော ရဲအရာရှိအများစုက ဆာပီကိုအား မုန်းတီးလာကြလေတော့သည်။

သူတို့အနေဖြင့် အခြေအနေအရ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဝင်ငွေလမ်းဖြောင့်နေသည်ကို နှောင့်ယှက်ဖျက်ဆီးရလေမည်လားဟု ဒေါသဖြစ်လာကြသည်။

နယူးယောက်မြို့ ရဲတပ်ဖွဲ့ဝင်များတွင် စာဖြင့်ရေးမထားသော ဥပဒေသ တစ်ခုရှိသည်။ ယင်းကာ ရဲအရာရှိတစ်ဦးသည် အခြားရဲတပ်ဖွဲ့ဝင်များ ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆန့်ကျင်သည့် အပြုအမူလုပ်နေကြောင်း သိနေလျှင် မိမိကိုယ်တိုင် မပါဝင်ချင်နေ၊ သက်ဆိုင်ရာအာဏာပိုင်များထံ တိုင်ကြားပြီး 'အတို့အထောင် မလုပ်သင့်'ဟူသော အစဉ်အလာပင်ဖြစ်၏။

အခြား ရဲအရာရှိများက ပို၍ မကျေမနပ်ဖြစ်ကြသည့် အကြောင်းတစ်ခုကလည်း ဆာပီကိုသည် 'ဟစ်ပီ' လူငယ်များလို ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးထားပြီး ဝတ်စားဆင်ယင်ရာတွင် ခေတ်လူငယ်များကဲ့သို့ အင်္ကျီ ကြောင်ကြောင်ကျားကျား 'ဂျင်း' ဘောင်းဘီ ဝတ်ဆင်ထားပြီး သူတစ်ပါးအား အကျင့်စာရိတ္တကောင်းမွန်ရေး တရားဟောပြောဆရာ လုပ်နေခြင်းကို လက်မခံနိုင်ခြင်းပင် ဖြစ်သည်။

သို့ရာတွင် ဆာပီကိုသည် သူများတကာတွေ မည်သို့ပင် ဝေဖန်ကဲ့ရဲ့စေကာမူ လုံးဝဂရုမစိုက်ဘဲ ရဲတပ်ဖွဲ့ကြီး သန့်ရှင်းရေးအတွက် မဖြစ်မနေ ဆက်လက်ကြိုးစားရန် အခိုင်အမာ ဆုံးဖြတ်ချက်ချထားပြီး ဖြစ်လေသည်။

* * *

ဆာပီကိုအား သေနတ်ဒဏ်ရာဖြင့် ဆေးရုံအရေးပေါ်ဌာနသို့ ရဲဝိုင်ယာလက်ကားဖြင့် ပို့လိုက်သော ဖေဖော်ဝါရီလ ၃ ရက်နေ့ည ၁၁ နာရီခန့်တွင် သူ၏ မိခင်အိုကြီး မာရီယာ ဆာပီကိုသည် ညအိပ်ဝတ်စုံဝတ်ရင်း ရုပ်မြင်သံကြား (တီဗွီ) စက်ကို ဖွင့်၍ ကြည့်ရှုနားထောင်နေရာမှစက်ကို ပိတ်လိုက်သည်။

သူမ၏ခင်ပွန်း ဆာပီကို၏ဖခင်ကြီး ဗင်စင်ဇိုကမူ ခပ်စောစောကပင် အိပ်ရာဝင်နှင့်နေပြီဖြစ်သည်။

အဘွားကြီး မာရီယာကသာ ကျန်းမာရေး အခြေအနေမကောင်းဘဲ ညဘက် စောစောအိပ်မပျော်တတ်သောကြောင့် ရုပ်မြင်သံကြားစက်ရှေ့တွင် ထိုင်အချိန်ဖြုန်းနေခြင်း ဖြစ်သည်။

အဘွားကြီး မာရီယာသည် အီတလီ အမျိုးအနွယ်ဖြစ်သော်လည်း နဂိုကပင် ခန္ဓာကိုယ် ထွားကျိုင်းဖွံ့ဖြိုးခြင်းမရှိဘဲ အရပ်အမောင်း ငါးပေခန့်သာ ရှိလေသည်။ သူမနှင့် ခင်ပွန်းသည် ဗင်စင်ဇိုတို့တွင် သားသမီးလေးယောက် (ယောက်လေး သုံးယောက်နှင့် မိန်းကလေးတစ်ယောက်) ထွန်းကားခဲ့ရာ



အကြီးသုံးယောက်က သူ့အိမ်ထောင်နှင့်သူ အသီးသီး ခွဲနေကြပြီး သားအငယ်ဆုံး ဆာပီကိုတစ်ယောက်သာလျှင် လူပျိုရှိတော့သည်။

သူတို့လူမျိုး၏ ရိုးရာအစဉ်အလာ ဓလေ့တစ်ခုမှာ တနင်္ဂနွေနေ့ ညဘက်ဆိုလျှင် သားသမီးများအားလုံး သားမက်၊ ချွေးမများပါ စုံစုံညီညီ စုရုံး၍ ညစာ စားလေ့ရှိခြင်းဖြစ်သည်။

ထိုအခါများတွင် အဘွားကြီးက ထမင်းစားပွဲ၏ထိပ်တွင်ထိုင်ပြီး အစည်းအဝေး သဘာပတိသဘောမျိုး နေရာယူပြီး စားလေ့ရှိသည်။

ညစာ စားပွဲအတွက် အစားအသောက် အားလုံးကိုလည်း အဘွားကြီး ကိုယ်တိုင်က တာဝန်ယူ ချက်ပြုတ်ကျွေးမွေးကာ ကျွေးသမျှ အစားအစာများကို အားပါးတရ မြိန်ရည်ရှက်ရည်စားမှ သဘောကျတတ်သည်။

ဖခင်ကြီး ဗင်စင်ဇိုကလည်း သား၊ သမီး၊ ချွေးမနှင့် သားမက်များအား ထမင်းမြိန်ဆေးအဖြစ် သူကိုယ်တိုင် ချက်လုပ်သော ဝိုင်အရက်များဖြင့် ဧည့်ခံလေ့ရှိသည်။

အဆိုပါ တနင်္ဂနွေနေ့ ညစာစားပွဲများသို့ အခြားသားသမီးများက မှန်မှန် တက်ရောက်လေ့ရှိကြသော်လည်း ဆာပီကိုကမူ တစ်လမှ တစ်ကြိမ် ရောက်သာ လာလေ့ရှိသည်။ သူသည် သီးခြား အိမ်ခန်းတစ်ခန်း ငှားနေပြီး အလုပ်ဝတ္တရား တာဝန်ကျချိန်က တနင်္ဂနွေ ညဘက်လည်း ကျတတ်သဖြင့် မိခင်ကြီးထံ မှန်မှန်မလာနိုင်ခြင်းဖြစ်သည်။

ဆာပီကို၏ ဖခင် အဘိုးကြီး ဗင်စင်ဇိုသည်လည်း ထောင်ထောင်မောင်းမောင်း ဗလကောင်းသူ မဟုတ်ဘဲ ခန္ဓာကိုယ်အားဖြင့် ပုပျပ်ပျပ်ဖြစ်သည်။ သို့သော် သူ၏ သွားလာလှုပ်ရှားမှုဟန်က အလွန်တည်ငြိမ် ဣန္ဒြေရသလောက် မျက်နှာထားကပါ တည်ကြည်ရင့်ကျက်သော အသွင်ဆောင်နေသည်။ ဆာပီကို ကိုယ်တိုင်လည်း သူ၏ ဖခင်ကြီးက အလွန်ချစ်ခင် လေးစားပြီး အဘိုးကြီး စကားပြောလျှင် အမြဲတမ်း ရိုသေလေးစားစွာ ဂရုစိုက် နားထောင်လေ့ရှိသည်။

အဘိုးကြီး ဗင်စင်ဇိုသည် အလုပ်လုပ်ခြင်း၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးကို အလွန်လေးစားသူလည်းဖြစ်သည်။ သူသည် အသက် ကိုးနှစ်သားအရွယ်က အီတလီနိုင်ငံ၌ရှိစဉ် ဖိနပ်ချုပ် လုပ်ငန်းရှင်တစ်ဦး၏ လက်အောက်တွင် အလုပ်သင်ရင်း သက်မွေးဝမ်းကျောင်းအလုပ် စတင်ခဲ့သည်။ သူ၏ ဖိနပ်ချုပ်ခြင်း အတတ်ပညာ ကျွမ်းကျင်မှုကိုလည်း အလွန် တန်ဖိုးထားလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အီတလီမှ အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက် နေထိုင်ချိန်တွင်လည်း သူသည် ဖိနပ်ချုပ်ခြင်းအလုပ်ဖြင့်ပင် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ သူ၏ ဖိနပ်များချုပ်လုပ်သည့် လက်ရာကလည်း အထူးကောင်းမွန် သေသပ်သောကြောင့် လုပ်ငန်းတိုးတက် အောင်မြင်ခဲ့သည်။

အမေရိကန်ပြည်သို့ လာရောက်အခြေစိုက် နေထိုင်သူ အီတလီလူမျိုး အတော်များများသည် မိမိတို့ လူမျိုးအချင်းချင်း စည်းလုံး၍ အပြန်အလှန် ကူညီရိုင်းပင်းမှု ရရှိရေးအတွက် 'မာဖီယား'ခေါ် လျှို့ဝှက်ဒုစရိုက်ဂိုဏ်းများနှင့် တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်၍ ပတ်သက်ဆက်သွယ်ကြသော်လည်း ဆာပီကို၏ မိဘများဖြစ်သော ဗင်စင်ဇိုနှင့် မာရီယာတို့ကမူ လုံးဝ ပတ်သက်ဆက်စပ်ခြင်းမပြုဘဲ မိမိတို့ဘာသာ အေးဆေးစွာ နေထိုင်ခဲ့ကြပေသည်။

* * *

ဆာပီကိုသည် အသက် ၁၃ နှစ်သားအရွယ်သို့ ရောက်ချိန်တွင် တနင်္ဂနွေနေ့များ၌ သူ့ဖခင်ကြီး၏ ဖိနပ်ဆိုင်လုပ်ငန်းကို ကူညီလုပ်ကိုင်ပေးခဲ့ရသည်။ သူ၏တာဝန်ကား ဖခင်ကြီး ချုပ်လုပ်သော ဖိနပ်များကို အရောင်တင် တိုက်ချွတ်ပေးရခြင်းပင်ဖြစ်၏။

ထို့ပြင် နေ့စဉ် ညနေဘက် ကျောင်းဆင်းပြီးချိန်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဆိုင်တစ်ဆိုင်တွင် တောက်တိုမယ်ရ ကူညီပေးရသည့် အလုပ်ကိုလည်း အချိန်ပိုင်း လုပ်ကိုင်ခဲ့ရသေးသည်။ ယင်းအလုပ်မှ ရရှိသော လုပ်ခငွေများကိုမူ မိခင်ကြီး မာရီယာလက်သို့ တပြားမကျန် ပေးအပ်ရသည်။ မိခင်ကြီးက ငွေများကို လက်ခံရယူပြီးမှ ဆာပီကို သုံးရန်အတွက် မုန့်ဖိုးအဖြစ် ငွေအနည်းငယ်ကို ပြန်ပေးလေ့ရှိသည်။

သူ ၁၇ နှစ်သားအရွယ်သို့ ရောက်၍ စစ်မှုထမ်း ဥပဒေအရ စစ်တပ်ထဲသို့ ဝင်ခါနီးတွင် မိခင်ကြီးက ငွေစုဘဏ်မှ ငွေစုစာအုပ်တစ်အုပ်ကို ဆာပီကိုအား ပေးလေသည်။

ဆာပီကိုလည်း စာအုပ်ငယ်ကို ဖွင့်ကြည့်ရာ လွန်ခဲ့သော လေးနှစ်က မိခင်ကြီးလက်သို့ ပေးအပ်ခဲ့သော လုပ်ခငွေများကို တပြားမကျန် မိမိနာမည်ဖြင့် ငွေစုဘဏ်စာရင်းဖွင့် အပ်နှံထားခဲ့ရာ ယခုတော့ အတိုးရောအရင်းပါ ငွေအတော်



ားများ စုမိနေကြောင်း တွေ့ရှိရသဖြင့် အလွန် အံ့အားသင့်မိသည်နှင့်အမျှ ခင်ကြီး၏ စေတနာနှင့် အမြော်အမြင်ကြီးမှုကို အထူးပင် လေးစားကြည်ညို ခဲ့လေသည်။

ထိုအချိန်မှစ၍ မိမိရရှိသော ဝင်ငွေအနက် အချို့အဝက်ကို မသုံးဘဲ ဆောင်းထားခြင်း၏ တန်ဖိုးကို နားလည်သဘောပေါက်မိကာ နောက်ပိုင်း ကိုယ်တိုင် ရရှိသမျှ ဝင်ငွေ၏ တစိတ်တဒေသကို ငွေစုဘဏ်ထဲ ထည့်သွင်း ဆောင်းသည့်အလေ့ လိုက်နာကျင့်သုံးခဲ့လေသည်။

သူ၏ဖခင် ဗင်စင်ဇိုနှင့် မိခင် မာရီယာတို့သည် ၁၉၂၅ ခုနှစ်က အီတလီပြည် နေပယ်လ်မြို့အနီးရှိ ကျေးရွာတစ်ရွာတွင် လက်ထပ်ခဲ့ကြပြီးနောက် နှစ်ခန့်အကြာတွင် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက်ခဲ့ကြလေသည်။

ဗင်စင်ဇို၏ ဖိနပ်ချုပ်လုပ်ခြင်းအတတ်ပညာ ကျွမ်းကျင်မှုဖြင့် အမေရိကန် ၌ လုပ်ကိုင်စားသောက်နိုင်လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ပြောင်းရွှေ့အခြေ စိုက်ကြခြင်းဖြစ်ရာ လက်တွေ့အားဖြင့်လည်း ထင်သည့်အတိုင်း ဖြစ်မြောက်အောင် မြင်သဖြင့် စားသောက်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ကြလေသည်။

ဆာပီကို မွေးဖွားချိန်နောက်ပိုင်းတွင် ဖခင်ကြီး ဗင်စင်ဇို၏ ဖိနပ်ချုပ် လုပ်ငန်း တိုးတက်လာသဖြင့် အလုပ်သမားနှစ်ဦးကိုပါ အခကြေးငွေပေး၍ ငှားရမ်းခေါ်ခိုင်းခဲ့ရသည်။ နောက်များမကြာမီ ငွေကြေးလုံလောက်စွာ စုဆောင်း မိသဖြင့် ဘရွတ်ကလင်းမြို့တွင် သုံးထပ်တိုက်တစ်လုံးကိုပင် ဝယ်ယူနိုင်ခဲ့လေ သည်။

ဆာပီကိုသည် မိခင်ကြီးထံမှ လျင်မြန်ဖျတ်လတ်သော ဖြတ်ထိုးဉာဏ် ကို အမွေရခဲ့သည်ဟု ဆိုနိုင်သော်လည်း သူ၏ သဘာဝ ပင်ကိုစရိုက်ကို ဖခင်ကြီး၏ ရိုးသားတည်ကြည်ဖြောင့်မတ်မှု၊ အမှန်တရားကို မြတ်နိုးမှု၊ ...ကို ပြောစရာရှိလျှင် မကြောက်မရွံ့ ပြောဝံ့သည့် သတ္တိရှိမှုတို့က ဩဇာ ...မိုးခဲ့သည်ဟု ဆိုနိုင်ပေသည်။

သူသည် ငယ်စဉ် ကလေးဘဝကပင် ဖခင်ကြီးအား အလွန်လေးစား ကြည်ညိုခဲ့မိသည်။ ဖခင်ကြီး ဗင်စင်ဇို ဆုံးမသွန်သင်ချက်များကို ... လေးထား၍ လက်ခံခဲ့သည်။

တစ်ခါကဆိုလျှင် ဆာပီကို ဆယ်နှစ်သားအရွယ်က သူ၏ ... ... နှမ်းပါးဟောင်းနွမ်းနေသည်ကို ရွယ်တူကစားဖော်များက ...

www.burmeseclassic.com



ကဲ့ရဲ့ကြသဖြင့် အိမ်သို့ပြန်ပြေးကာ ဖခင်ကြီးအား ငိုယိုတိုင်ကြားခဲ့ဖူးသည်။

ထိုအခါ ဖခင်ကြီးက လောကတွင်လူတို့၏ အပြင်ပန်းက အဝတ်အစားဆင်ယင်မှုသည် အရေးမကြီး၊ စိတ်သဘောထား မြင့်မြတ်မှုကသာ ပိုအရေးကြီးကြောင်း၊ တန်ဖိုးရှိကြောင်း အစချီကာ ဒဏ္ဍာရီပုံပြင်တစ်ခုထဲမှ ဘုရင့်သားက သူဆင်းရဲ ဒွန်းစဏ္ဍားဟန်ဆောင်ပြီး လူတွေအပေါ် ဆုံးမခဲ့ပုံကို ပြောပြခဲ့လေသည်။

ဤတွင် ဆာပီကိုလည်း နားလည်သဘောပေါက်ကာ ပကာသနဆန်သော ဝတ်စားဆင်ယင်မှုကို လုံးဝအထင်မကြီးမိတော့ချေ။

၁၉၇၁ ခုနှစ်သို့ ရောက်သောအခါ သူတို့မိသားစု အခြေအနေသည် အတော်ပင် တိုးတက်ကောင်းမွန်လာသည်ဟု ဆိုနိုင်ပေ၏။

သားအကြီးဆုံး ပါစကာဆိုလျှင် သီးခြားစားသောက်ကုန် ဆိုင်ငယ်တစ်ဆိုင်ကို ကိုယ်ပိုင်ဖွင့်လှစ် ရောင်းချနိုင်ပြီး ဝင်ငွေလည်း အသင့်အတင့် ကောင်းနေပြီဖြစ်သည်။

သမီးဖြစ်သူ တီနာက လျှပ်စစ် အင်ဂျင်နီယာတစ်ဦးနှင့် အိမ်ထောင်ကျကာ မိဘများအနေဖြင့် တာဝန်ပေါ့သွားပြီဖြစ်သည်။ နောက် သားတစ်ယောက်ဖြစ်သူ ဆာလ်ဗာတိုက ဖခင်ကြီး ဗင်စင်ဇို၏ ဖိနပ်ဆိုင်ကို ဦးစီးလုပ်ကိုင်နေပြီဖြစ်သည်။

ထိုအချိန်၌ ဆာပီကိုသည် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းနေပြီဖြစ်သည်။

အဘိုးကြီး ဗင်စင်ဇိုသည် လွန်ခဲ့သော နှစ်နှစ်ခန့်က အသက် ၇၀ ပြည့်ပြီဖြစ်၍ ဖိနပ်ချုပ်ခြင်းအလုပ်မှ အနားယူလိုက်လေသည်။

သို့သော် သူ၏ ပင်ကိုဝါသနာတစ်ခုဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ချင်သေးသဖြင့် ‘လောင်း၊ အိုင်လင်’အရပ်တွင် မြေတစ်ဧကဝယ်ယူပြီး စိတ်အေးလက်အေး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနေခဲ့သည်။

အဘိုးကြီးသည် သူစိုက်ပျိုး၍ အောင်မြင်သော သီးနှံများကိုကြည့်ပြီး အထူးဝမ်းမြောက် ကျေနပ်ရုံမက ပျော်ရွှင်ဂုဏ်ယူလေ့ရှိသည်။

တစ်ခါက သူ၏ခြံထဲမှ အလေးချိန် ၇၁ ပေါင်ရှိ ဖရုံသီးကြီးတစ်လုံးကို ကြွားလိုသဖြင့် သားဖြစ်သူ ဆာပီကိုအား မရမက ခေါ်ယူပြီး ဖရုံသီးကြီးကို လာကြည့်စေခဲ့လေသည်။



အဆိုပါ တစ်ဧကကျယ်ဝန်းသည့် ခြံမြေကြီးကို ဝယ်ယူပြီးသော်လည်း အဘိုးကြီး အမယ်ကြီးတို့သည် မိမိတို့ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က နေခဲ့သည့် အိမ်ဟောင်းကြီးကို သံယောဇဉ်တွယ်မိနေသဖြင့် ထိုအိမ်ကြီးမှာပင် ဆက်လက်နေထိုင်ခဲ့ကြလေသည်။

ဆာပီကိုက မိမိတို့ မိသားစု၏စီးပွားရေး အခြေအနေ မဆိုးလှတော့၍ အိမ်သစ်တစ်အိမ် ဝယ်ယူပြောင်းနေရန် အကြံပေးသည်ကိုပင် အဘိုးကြီး အမယ်ကြီးတို့က လက်မခံကြချေ။

အိမ်ကြီးက သုံးထပ်တိုက်ဖြစ်ရာ သားသမီးတွေ အိမ်ခွဲထွက်သွားကြပြီး၍ အဘိုးကြီး အမယ်ကြီးတို့က အလယ်ထပ် တစ်ထပ်တည်းတွင် နေကြပြီး အောက်ထပ်ကို တရုတ်ပင်မင်းဆိုင်တစ်ဆိုင်အား ငှားထားကာ အပေါ်ဆုံးထပ်ကိုလည်း နီးဂရို (ကပ္ပလီ) ဇနီးမောင်နှံအား ငှားထားလိုက်သည်။

* * *

ဆာပီကို သေနတ်ပစ်ခံရသောညတွင် မိခင်ကြီး မာရီယာသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တယ်လီဗီရှင်း (ရုပ်မြင်သံကြား)စက်ကို ပိတ်လိုက်ပြီးနောက် အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။ သို့သော် ရုတ်တရက် အိပ်မပျော်ဘဲ မျက်လုံးကြောင်နေသဖြင့် အခန်းပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေမိလေသည်။

နံရံတစ်ခုတွင်ကား သူမ၏ မိဘနှစ်ပါးတို့ ပုံတူပန်းချီကားကြီးတစ်ချပ် ရှိလေသည်။

အိပ်မပျော်နိုင်သဖြင့် မိဘနှစ်ပါး၏ ပန်းချီကားချပ်ကို ငေးကြည့်နေမိစဉ် ဖခင်ကြီး၏ ပုံတူပန်းချီကားနေရာမှ ရုတ်တရက် အလင်းရောင်တစ်ခု ဖြာကနဲ ထွက်ပေါ်လာသလို မြင်လိုက်ရလေရာ အဘွားကြီးမှာ တုန်လှုပ်ထိတ်လန့်သွားမိသည်။

ကွယ်လွန်သူ ဖခင်ကြီးက တမလွန်ဘဝမှနေ၍ တစ်စုံတရာ ဆက်သွယ်ပြောဆိုလို၍များလားဟု ထင်ရလောက်အောင် ပန်းချီကားချပ်မှ မျက်လုံးများက စူးစိုက်ကြည့်နေသလိုလည်း ထင်မိလေသည်။

သို့ရာတွင် အဘွားကြီး မာရီယာမှာ အလွယ်တကူ ထိတ်လန့်တုန်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်တတ်သူလည်း မဟုတ်၊ အယူသည်းသူလည်း မဟုတ်ပါချေ၊ ချက်ချင်းပင် ခုတင်မှထပြီး ပန်းချီကားချပ်ရှိရာသို့သွား၍ သေချာစွာ စစ်ဆေးကြည့်လေသည်။ ဘာအလင်းရောင်မှ မရှိဘဲ ပန်းချီကားချပ်က မူလအတိုင်း ရှိနေကြောင်း တွေ့ရမှ မိမိ၏ စိတ်လှည့်စားခြင်းသာပါတကားဟု သက်ပြင်းချမိလေသည်။

သို့ဖြစ်လင့်ကစား ခပ်စောစောက အလင်းရောင်လိုလို မြင်လိုက်ရခြင်းသည် တစ်စုံတစ်ခုသော အတိတ်နိမိတ် ဖြစ်နေသလားဟု တွေးမိပြန်သည်။

ထို့နောက် အိပ်ခန်း မှန်ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ အိမ်ရှေ့လမ်းမပေါ်၌ ရဲဝိုင်ယာလက်ကားတစ်စီး ရပ်ထားသည်ကို မြင်လိုက်မိလေသည်။ ကားအေားတွင် ယူနီဖောင်းဝတ် ရဲတစ်ဦးက လက်နှိပ်ဓာတ်မီးကိုင်ကာ ရပ်နေပြီး နောက်ရဲတစ်ဦးက သူတို့ အိမ်တံခါးဝဆီသို့ လျှောက်လာသည်ကိုလည်း သတိပြုမိသည်။

ဤတွင် အဘွားကြီး မာရီယာသည် စောစောက သူ့ဖခင်ကြီး ပန်းချီကားချပ်တွင် အလင်းရောင် ဖြတ်ကနဲ ဖြစ်ပေါ်ခဲ့ပုံအကြောင်းကို သဘောပေါက်သွားတော့သည်။ ရဲအရာရှိက အိမ်ဘက်သို့ လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်စဉ် အလင်းရောင်က ပြတင်းပေါက်မှတဆင့် ပန်းချီကားချပ်ပေါ်သို့ တစ်ချက်မျှ ဖြတ်သန်းသွားခြင်းကြောင့် လက်ကနဲ ဖြစ်သွားခြင်းဟူ၍ တွေးလိုက်မိသည်။

မည်သို့ပင်ဖြစ်စေ ရဲအရာရှိတွေ မိမိတို့အိမ်သို့ လာခြင်းက အကြောင်းရှိရမည်ဟု တွက်မိလျက် အောက်ထပ်သို့ဆင်းပြီး တံခါးဖွင့်ကြည့်လိုက်သည်။

"ခင်ဗျားက ရဲတပ်ဖွဲ့က ဆာပီကိုရဲ့ ဇနီးများလားခင်ဗျာ"

ယူနီဖောင်းဝတ် ရဲအရာရှိက မေးလျှင် အဘွားကြီးက–

"မဟုတ်ပါဘူး၊ အန်တီက ဆာပီကိုရဲ့ မိခင်ပါ၊ ဘာဖြစ်လို့လဲ"

ဟု ပျာပျာသလဲ မေးလိုက်သည်။

"မစ္စတာဆာပီကို သေနတ်ပစ်ခံရလို့ခင်ဗျ"

ထိုစကားကိုကြားလျှင် အဘွားကြီး မာရီယာသည် တုန်လှုပ်ချောက်ချားကာ မျက်လုံးပြူးသွားသည်ကို ရဲအရာရှိက သတိပြုမိသဖြင့် ချက်ချင်းနှစ်သိမ့်စကား ပြောလေသည်။

"စိုးရိမ်စရာမရှိပါဘူးခင်ဗျ၊ သေနတ်ကျည်ဆန်က လက်မောင်းကိုသာထိသွားတာပါ၊ ကျွန်တော်တို့ အန်တီ့ကို ဆေးရုံခေါ်သွားပါ့မယ်၊ ဒီအိမ်မှာ



အန်တီတစ်ယောက်တည်း ရှိသလား"

"မဟုတ်ဘူး၊ အန်တီရဲ့ခင်ပွန်း ရှိပါတယ်၊ အခု သူက အိပ်နေတယ်"

"ဆာပီကိုမှာ တခြားညီအစ်ကို မောင်နှမတွေ ရှိပါသေးလား"

ရဲအရာရှိ၏ မေးခွန်းကြောင့် အဘွားကြီးက သံသယဖြစ်သွားမိပြန်သည်။ အကယ်၍ ဆာပီကို သေနတ်ပစ်ခံရသည်မှာ လက်မောင်းသာ ထိခဲ့ရိုးမှလျှင် ဘာကြောင့် ကျန်မွေးချင်းများအကြောင်း မေးရလေသနည်း။ သားဖြစ်သူဆာပီကို၏ အခြေအနေမှာ တကယ်ပင် စိုးရိမ်ဖွယ်ရာ ဖြစ်နေ၍ပေလား။

ဤသို့တွေးပြီး စိုးရိမ်လျက်နှင့်ပင် မာရီယာသည် သားကြီး ပါစကာ၏ လိပ်စာကို ရဲအရာရှိအား ပြောပြလိုက်ရသည်။

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့ သူ့ကိုအလျင်သွားခေါ်ပါ့မယ်၊ ပြီးတော့မှ အန်တီ့ကို လာပြန်ခေါ်ပါ့မယ်"

ပြောပြောဆိုဆို ရဲအရာရှိလည်း ထွက်သွားတော့သည်။

ဒီတော့မှ မာရီယာသည် အိမ်ပေါ်ထပ်သို့ ခပ်သုတ်သုတ်ပြန်တက်ပြီး အိပ်ပျော်နေသူ ခင်ပွန်းသည်အား နှိုးလေသည်။

"ဗင်စင်ဇို၊ ဗင်စင်ဇို၊ ထပါဦးရှင့်၊ ကျွန်မတို့သား ဆာပီကို သေနတ်အပစ်ခံရလို့တဲ့"

ဤတွင် အဘိုးကြီးလည်း အိပ်မှုန်စုံမွှားနှင့် ထလိုက်သည်။

"ဟ မင်း ဘာတွေလျှောက်ပြောနေတာလဲကွ"

"အခုပဲ ရဲဝိုင်ယာလက်ကားတစ်စီး လာသွားတယ်၊ သူတို့က သားကြီးပါစကာကို သွားခေါ်ပြီး ကျွန်မတို့ကိုပါ ဝင်ခေါ်လိမ့်မယ်၊ ဆာပီကို သေနတ်ပစ်ခံရပြီး လက်မောင်းမှန်သွားတယ်လို့ ပြောတာပဲ၊ ကျွန်မတော့ သိပ်စိတ်ပူနေမိတယ်ရှင့်"

အဘွားကြီးက ငိုသံပါနှင့် ပြောလိုက်တော့မှ အဘိုးကြီး ဗင်စင်ဇိုသည်လည်း မျက်လုံးကျယ်လာကာ ဇနီးသည်အတွက် စိုးရိမ်သွားမိလေသည်။

အမယ်ကြီးတွင် နှလုံးရောဂါရှိပြီး စိတ်ထိခိုက် တုန်လှုပ်ဖွယ်ရာနှင့်ကြုံလျှင် စိုးရိမ်ရကြောင်း သိသဖြင့် နှစ်သိမ့်အားပေးရန် စိတ်ကူးရမိလေသည်။

"ဒါဖြင့် မင်း ဒီမှာပဲနေခဲ့ရင်ကောင်းမယ်၊ ဆာပီကိုဆီကို ငါနဲ့သားကြီး ပါစကာတို့ သွားကြည့်လိုက်မယ်၊ မင်းက မနက်ကျမှ သွားချင်သွားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဘိုးကြီး၏ အကြံပေးချက်ကို မာရီယာက လက်မခံချေ။

"ဟင့်အင်း၊ ကျွန်မ အိမ်မှာ မနေခဲ့ချင်ဘူး၊ တစ်ခါတည်း ရှင်နဲ့အတူ လိုက်ခဲ့မယ်"

ထို့နောက် နှစ်ယောက်စလုံး အဝတ်အစားလဲ၍ စောင့်နေကြစဉ် ရဲ ဝိုင်ယာလက်ကား ပြန်ရောက်လာသဖြင့် ဆေးရုံသို့ လိုက်သွားကြလေသည်။

ဖခင်ကြီး ဗင်စင်ဇိုသည် သူ၏သား ရဲတပ်ဖွဲ့ထဲသို့ စတင်ဝင်ရောက် အမှုထမ်းခဲ့စဉ်ကပင် ဝမ်းမြောက်ဂုဏ်ယူမိခဲ့လေသည်။ ရဲတပ်ဖွဲ့ထဲသို့ ဆာပီကို ဝင်ရောက်အမှုထမ်းခြင်းအားဖြင့် မိမိတို့၏နိုင်ငံသစ်ဖြစ်သော အမေရိကန် ပြည်အား ပြန်လည်ကျေးဇူး တုံ့ပြန်ရာ ရောက်သည်ဟု ယူဆသည့်ပြင် 'ရဲ' ဟူသည် ပြည်သူတို့အားကိုးရသော ပုဂ္ဂိုလ်ဖြစ်၍ ဂုဏ်ယူဖွယ်ကောင်းသည်ဟု အဘိုးကြီးက ဂုဏ်ယူခဲ့ခြင်းဖြစ်သည်။

ယခုတော့မှ အဘိုးကြီး သူ့သား ဆာပီကို ရဲတပ်ဖွဲ့ထဲ ဝင်ခဲ့၍သာ ယခုလို ဘေးရန်အန္တရာယ်မျိုး ရင်ဆိုင်ရသည်ဟု ကောက်ချက်ချရမလို ဖြစ်နေမိသည်။

မိခင်ကြီး မာရီယာကမူ သူ့သား ဆာပီကို ရဲတပ်ဖွဲ့ဝင်စဉ်ကပင် သဘောမကျခဲ့ချေ။ ရဲတို့မည်သည် အမြဲတစေ ဘေးအန္တရာယ် ကြုံရတတ်သဖြင့် မိဘများအနေဖြင့် စိုးရိမ်ပူပန်နေရခြင်းသာ အချိန်ကုန်ရမည်ဟု ယူဆခဲ့သည်။ ဆာပီကို ရဲအတတ်သင်ကျောင်းမှ ဆင်းခါစ တာဝန်ဝတ္တရား စတင်ထမ်းဆောင် စဉ်ကဆိုလျှင် ညတိုင်းလိုလို ဆာပီကို အိမ်သို့ ချောမောစွာ ပြန်မရောက်မခြင်း မအိပ်နိုင်ခဲ့ရှာချေ။

သို့ရာတွင် တဖြည်းဖြည်း ဆာပီကိုသည် မည်သည့်ဘေးရန်မှ မကြုံဘဲ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ကြောင်း သိရှိလာရချိန်တွင် မာရီယာအနေဖြင့် စိုးရိမ်ပူပန်မှု လျော့နည်းလာခဲ့လေသည်။

ဆာပီကိုက ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု၊ လာဘ်စားမှုတွေ ပပျောက်အောင် ကြိုးစားနေခြင်းကိုလည်း မိခင်ကြီးက ရိပ်မိသိရှိခဲ့ပေသည်။

ဆာပီကို၏ အစ်ကိုကြီး ပါစကာသည် သူ့ညီ သေနတ်ပစ်ခံရကြောင်း သတင်းကြားရသည့် အချိန်မှစ၍ အထူးပင် စိတ်တုန်လှုပ် ချောက်ချားနေမိ လေသည်။

သူ့အနေဖြင့် တုန်လှုပ်ချောက်ချားမိခြင်းကလည်း အကြောင်းရှိပေသည်။



လွန်ခဲ့သော သုံးလခန့်က ပါစကာသည် သူ၏ ကိုယ်ပိုင်ကုန်စုံဆိုင်ကို ဘော်ခွေနေ့ တစ်နေ့တွင် ဖွင့်ရောင်းမိသဖြင့် စည်းကမ်းဥပဒေသနှင့် ဆန့်ကျင် သည်ဟုဆိုကာ ခြိမ်းခြောက်ငွေညှစ်ခံခဲ့ရဖူးသည်။

ထိုအခါ ပါစကာသည် ညီတော်မောင်အား တိုင်ပင်အကြံတောင်းရာ ဆာပီကိုသည် ငွေလာတောင်းသော ရဲနှစ်ဦးလာချိန်တွင် လျှို့ဝှက် 'ရီကော်ဒါ' ဖြင့် အသံဖမ်းယူထားလိုက်ပြီးနောက် အဆိုပါ ရဲနှစ်ဦးအကြောင်း သက်ဆိုင် ရာသို့ တိုင်ကြားခဲ့သည်။ အသံဖမ်းတိတ်ခွေကိုပါ အထောက်အထားအဖြစ် တင်ပြနိုင်သဖြင့် ရဲတပ်ဖွဲ့ အကြီးအကဲများက ငွေညှစ်သူ ရဲနှစ်ဦးအား အလုပ်မှ ထုတ်ပစ်လိုက်ခဲ့သည်။

ယခု ဆာပီကို သေနတ်ပစ်ခံရခြင်းမှာ အထက်ပါကိစ္စနှင့် ပတ်သက် ဆက်စပ်နေလေသလားဟု ပါစကာက တွေးမိကာ ညီတော်မောင်အတွက် စိုးရိမ်ပူပန်နေမိခြင်း ဖြစ်လေသည်။

* * *

ဆေးရုံသို့ ရောက်သွားသောအခါ ရဲအရာရှိများက သူတို့အား အရေးပေါ် ဌာန ဧည့်သည်များစောင့်သည့်အခန်းသို့ တိုက်ရိုက်ခေါ်သွားလေသည်။

ထိုအခန်း၌ ရဲအရာရှိတွေ အတော်များများ ရှိနေသည်ကို တွေ့ရသည်။

ဆာပီကို၏ မိခင်ကြီး မာရီယာသည် ဆေးရုံရောက်ရောက်ချင်း သူ့ သားရှိရာသို့ သွားမကြည့်ရသဖြင့် အလွန်စိုးရိမ် ပူပန်ကာ တရှုပ်ရှုပ် ငိုကြွေး နေရှာလေသည်။

"သားလေး၊ သားလေး၊ ငါ့သားလေးဆီ သွားချင်တယ်"ဟုလည်း ငိုပြီးစပ်က တတွတ်တွတ် ပြောနေလေရာ ခင်ပွန်းဖြစ်သူ အဘိုးကြီး ဗင်စင်ဇိုက ချော့မော့နှစ်သိမ့်နေရလေသည်။

ထိုအခိုက်မှာပင် သူတို့ ထိုင်စောင့်နေသော ဧည့်ခန်းနှင့်တည့်တည့်ရှိ အခန်းတစ်ခု ပွင့်လာပြီး ဆရာဝန်တစ်ဦး ထွက်လာပါသည်။

"ခဏလေး သည်းခံပြီး စောင့်ကြပါဦးခင်ဗျာ၊ အခု မစ္စတာဆာပီကိုရဲ့ ဒဏ်ရာကို ကုသနေကြတုန်းဖြစ်ပါတယ်၊ သိပ်မကြာတော့ပါဘူး၊ အန်တီတို့ရဲ့ သားကို တွေ့ရတော့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ဤသို့ပြောပြီး ခွဲစိတ်ကုသခန်းထဲသို့ ပြန်ဝင်သွားရာ အဘွားကြီးသည် ကျေနပ်ပုံမရချေ။

ဆာပီကို၏ ဒဏ်ရာက လက်မောင်းမှာသာ ထိသည်ဆိုလျှင် ဆရာဝန်တွေက ဘာကြောင့် ယခုလောက်ကြာကြာ ကုသနေလေသနည်း။

ရဲအရာရှိက လက်မောင်းဒဏ်ရာသာ ရသည်ဆိုခြင်းမှာ လိမ်လည်လှည့်ဖြားပြီး မိမိတို့ မစိုးရိမ်စေရန် ပြောခြင်းဖြစ်နေသလား။

သားအတွက် အမျိုးမျိုး တွေးတောစိုးရိမ်နေမိနေစဉ်မှာပင် စောစောက ဆာပီကို၏ ခုတင်ဘေးမှ ခရစ်ယာန်ဘာသာ ထုံးစံအရ သမ္မာကျမ်းစာကောက်နုတ်ချက်တွေ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သူ ဘုန်းတော်ကြီးသည် အဘွားကြီး၏ဘေးနားတွင်လာဝင်ထိုင်လေသည်။

ဤတွင် အဘွားကြီးသည် ပို၍ပင် ထိတ်လန့်တုန်လှုပ်သွားပြန်လေသည်။ လူတစ်ယောက် ဧကန်မုချ သေရတော့မည်ဟု သေချာသလောက်ရှိမှ ယခုကဲ့သို့ ဘုန်းတော်ကြီးပင့်၍ ရွတ်ဖတ်သရဇ္ဈာယ်ရသော ခရစ်ယာန်ဘာသာဝင်တို့ ထုံးစံကို အဘွားကြီးကိုယ်တိုင်က သိသဖြင့် ဆာပီကိုအတွက် ပို၍ပင် စိုးရိမ်တုန်လှုပ်မိခြင်း ဖြစ်လေသည်။

ခရစ်ယာန်ဘုန်းကြီးသည် အီတလီဘာသာစကား တတ်ကျွမ်းသူဖြစ်ရာ အဘွားကြီးဘေးတွင် ထိုင်၍ အီတလီဘာသာဖြင့် နှစ်သိမ့်အားပေးစကား ပြောလေသည်။

သူကတော့ အမှန်ကို ဖွင့်ပြောပြီး အားပေးစကား ပြောကြားခြင်းဖြစ်သည်။

ဆာပီကိုသည် သေနတ်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကြောင်း၊ သို့သော် ကျွမ်းကျင်သော ဆရာဝန်ကြီးများက ပျောက်ကင်းချမ်းသာအောင် ကုသနိုင်မည်ဟု ယုံကြည်နေကြကြောင်း၊ မိမိကိုယ်တိုင်ကလည်း ဆာပီကို ပျောက်ကင်းချမ်းသာစေရန် ဆုတောင်းပေးခဲ့ကြောင်း ပြောလေသည်။

အဘွားကြီးသည် ဘုန်းတော်ကြီး၏ အားပေးစကား ပြောခြင်းကို နားထောင်ရသော်လည်း အားတက်ခြင်းမဖြစ်မိဘဲ ဆာပီကိုအတွက် အလွန်အမင်း စိုးရိမ်နေရှာလေသည်။

ထိုအချိန်မှာပင် နယူးယောက် ရဲမင်းကြီး မာဖီသည် သူတို့ရှိရာသို့ လျှောက်လာလေသည်။



အဘွားကြီးအနေဖြင့် ရဲမင်းကြီး၏ နာမည်ကို ကြားဖူးနေသည့်အပြင် ဓာတ်ပုံကိုလည်း သတင်းစာထဲ၌ မကြာခဏ တွေ့မြင်ဖူးနေသည်။ အဂတိလိုက်စားမှုတွေများ၍ နာမည်ပျောက်နေသော နယူးယောက်မြို့ ရဲတပ်ဖွဲ့အား ပြုပြင်ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်တို့က မာဖီအား ရဲမင်းကြီးသစ်အဖြစ် ပြောင်းရွှေ့တာဝန်ပေးထားခြင်းကိုလည်း အဘွားကြီးက သိနေပေသည်။

သို့သော်-

လူကိုယ်တိုင်ကိုမူ ယခုမှ မြင်ဖူးခြင်းဖြစ်သည်။

ရဲမင်းကြီးဆိုသော ရာထူးသည် အတော်အဆင့်မြင့်သည့်အပြင် မြို့တော်အတွင်း အရေးပါသော လူတစ်ယောက်ဖြစ်သောကြောင့် လေးစားထိုက်သည်ဟု သဘောဆလျက် အဘွားကြီးသည် ထိုင်ရာမှထ၍ နှုတ်ဆက်ရန် ဟန်ပြင်လိုက်စဉ် မာဖီက အနီးသို့ကပ်လာပြီး-

"ထိုင်ရာက မထပါနဲ့ခင်ဗျ၊ သက်သက်သာသာ နေထိုင်ပါ" ဟုပြောပြီး ပြန်ထိုင်ခိုင်းလိုက်သည်။

တဆက်တည်းမှာပင် ရဲမင်းကြီး မာဖီက ဆာပီကိုတစ်ယောက် ယခုကဲ့သို့ သေနတ်ပစ်ခံရပြီး ဒဏ်ရာရခဲ့ခြင်းအတွက် အထူးဝမ်းနည်းမိကြောင်း၊ သို့သော် မိမိကိုယ်တိုင်က မကြာမီ ပြန်လည်သက်သာ ကောင်းမွန်လာလိမ့်မည်ဟု ယုံကြည်ကြောင်း၊ အကယ်၍ မိဘများအနေဖြင့် အကူအညီများ လိုအပ်ပါက မိမိသည် ချက်ချင်း အကူအညီပေးမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားလေသည်။

ရဲမင်းကြီး မာဖီ၏ စကားဆုံးခါနီးအချိန်တွင် သူနာပြုဆရာမလေး တစ်ဦး ရောက်လာပြီး ဆာပီကိုအား ဝင်ကြည့်နိုင်ပြီဖြစ်ကြောင်း ပြောကြားရင်း သူ ရှိသော အခန်းတံခါးကို ညွှန်ပြလေသည်။

အဘွားကြီးမှာ ဆာပီကို ရှိနေသောအခန်းက ထိုမျှနီးကပ်နေမှန်း မသိသဖြင့် အံ့အားသင့် တုန်လှုပ်သွားမိလေသည်။

"ဘုရား... ဘုရား၊ ငါ စိုးရိမ်ပြီး ငိုနေတာကို ငါ့သားလေးများ ကြားသွားသလား"

ဟု စိုးရိမ်လျက်နှင့်ပင် သူနာပြုဆရာမ ညွှန်ပြသော အခန်းတွင်းသို့ ဝင်သွားလေသည်။

ခုတင်ပေါ်၌ ပက်လက်ကလေး မလှုပ်မယှက် ဖြစ်နေသော ဆာပီကို၏

www.burmeseclassic.com

www.burmeseclassic.com



အသွင်သဏ္ဌာန်ကို မြင်မြင်ချင်း အဘွားကြီးသည် ပြင်းစွာ စိုးရိမ်တုန်လှုပ်သွားလျက် အလန့်တကြား အော်ဟစ်ငိုယိုခြင်း မပြုမိရန် မနည်းသတိထားချုပ်ထိန်းထားလိုက်ရသည်။

အသက် ခပ်ပြင်း ရှူ၍နေသော သူ့သား ဆာပီကို အသက်မသေသေးဟု သိရသော်လည်း မြင်ရသည့် မြင်ကွင်းက မိခင်တစ်ယောက်အနေဖြင့် အကြီးအကျယ် စိတ်မချမ်းသာဖွယ်ရာ ဖြစ်နေတော့သည်။

သေနတ်ကျည်ဆန် တိုက်ရိုက်ဝင်သွားသည့် နေရာတွင် ပတ်တီးစည်းထားကာ နားရွက်တစ်ဖက်နားတွင်လည်း သွေးစွန်းနေသော အဝတ်စနှင့် ပတ်တီးများ မြင်နေရသည်။ ဆာပီကို၏ လက်ယာဘက် ရင်ဘတ်ရှိ သွေးကြောတစ်ခုကိုလည်း ရော်ဘာပိုက်ငယ်တစ်ခု ဆက်၍ သွင်းထားလေသည်။

ပိုက်တစ်ခုက ဂလူးကို့စ်နှင့် ရေရော၍ အကြောထဲ သွင်းပေးနေပြီး နောက်ပိုက်တစ်ခုက ဆာပီကို၏ သွေးတိုးနှုန်းကို တိုင်းထွာမှတ်သားခြင်း ဖြစ်ကြောင်းကိုမူ အဘွားကြီးအနေဖြင့်⁄ နားမလည်ရှာချေ။

ဆာပီကို၏ မုတ်ဆိတ်မွေးများတွင်လည်း စောစောက တလဟော ထွက်ထားသော သွေးများ ခြောက်ခဲနေလေသည်။

အဘွားကြီးသည် သားဖြစ်သူ၏ ပါးပြင်အား ယုယစွာ နမ်းရှုပ်ချင်စိတ် ဖြစ်လာသော်လည်း ပတ်တီးတွေ၊ ရော်ဘာတွေ ရှုပ်ထွေးနေသဖြင့် မနမ်းတော့ဘဲ လက်တစ်ဖက်ကို ဆွဲယူက ဆုပ်ကိုင်ထားလိုက်လေသည်။

ဖခင်ကြီး ဗင်စင်ဇိုနှင့် အစ်ကို ပါစကာတို့သည် အဘွားကြီးဘေးမှ ရပ်ကြည့်နေကြသည်။

ပါးစပ်မှ မည်သို့မျှ မပြောလင့်ကစား နှစ်ယောက်စလုံး မျက်ရည်များ ကျနေလျက် ဆာပီကိုအတွက် မည်မျှကြေကွဲ စိတ်မကောင်းဖြစ်နေကြကြောင်း သိသာထင်ရှားနေပေသည်။

မိခင်ကြီးက လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ချိန်တွင် ဆာပီကို ငြိမ်နေရာမှ မျက်လုံးဖွင့်ကြည့်လေသည်။

မိခင်ကြီးကို မြင်သည်နှင့် သူ ခံစားနေရသော ဝေဒနာကိုပင် ခေတ္တမေ့သွားကာ အဘွားကြီးအတွက် စိတ်မကောင်းဖြစ်သွားမိတော့သည်။

သူ့အနေဖြင့် ယခုလို အခြေအနေမျိုးတွင် မိခင်ကြီး လာမကြည့်စေလို၍ ဖြစ်လေသည်။



ဒဏ်ရာကြောင့် စကားပြောရန် မဖြစ်နိုင်သလောက် ခဲယဉ်းသည့်ကြားမှပင် ဆာပီကိုသည် အတင်းကြိုးစား အားထုတ်၍–

"မာမီ ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်တော် အိုကေမှာပါ"

ဟု ပြောလိုက်လေသည်။

* * *

တစ်နာရီခန့်နေကြပြီးနောက် ဆရာဝန်တစ်ဦးက လူနာကို အနားပေးရန် ...ပြီဖြစ်ကြောင်း လာပြောသဖြင့် သားအဖသုံးယောက် အခန်းတွင်းမှ ပြန်...ခဲ့ကြလေသည်။

ထိုအချိန်၌ ပြင်ဘက်ညှော်ခန်းတွင် စောစောကလို ရဲအရာရှိများလည်း ...ကြတော့ဘဲ ပြန်သွားကြပြီဖြစ်သည်။

နံနက် နှစ်နာရီခွဲအချိန်တွင် ဆာပီကိုအား လူနာတင် ဘီးတပ်ထမ်း...ည်ဖြင့်တင်၍ ဆေးရုံတတိယထပ်ရှိ အထူးခွဲစိတ်ကုသခန်းသို့ ပို့လိုက်ကြ...ြန်သည်။

ဤဆေးရုံ၏အမည်မှာ 'ဂရင်းပွိုင့်'ဟု ခေါ်ပြီး နယူးယောက်မြို့ ...မြူနီစီပယ် နယ်နိမိတ်အတွင်း ရှေးအကျဆုံး ဆေးရုံပင်ဖြစ်သည်။

သို့သော်

အဆောက်အအုံက ဟောင်းသလောက် ဆေးဝါးပစ္စည်းများ၊ ကုသရေး...ိုင်ရာ ကိရိယာပစ္စည်းများ အလွန်ခေတ်မီ စုံလင်လှပေသည်။

ဆေးရုံ၌ တာဝန်ထမ်းဆောင်သူ ဆရာဝန်များကလည်း အတွေ့အကြုံ...ရင့်ပြီး ကုသမှု၌ ကျွမ်းကျင်သူ သမားတော်ကြီးများ၊ ခွဲစိတ်ပညာအလွန်...ချွန်သူများ ဖြစ်ကြလေရာ ဆာပီကို၏ သေနတ်ဒဏ်ရာကို ကုသရန် အကောင်းဆုံးနေရာအဖြစ် ဤဆေးရုံသို့ ပို့ခဲ့ခြင်းဖြစ်လေသည်။

ဤဆေးရုံမှ အထူးကုဆရာဝန်များမှ ကုသ၍မရလျှင် ဆာပီကို အသက်...ှင်ရေးအတွက် မျှော်လင့်စရာ အခြားနည်းလမ်း မရှိတော့ချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့ လက်ထောက်ရဲမှူးကြီး ကူပါသည် ဆာပီကို သေနတ်ပစ်ခံရသည့်သတင်းကို နံနက် နှစ်နာရီတီတီအချိန်တွင် ရရှိခဲ့လေသည်။

သူသည် ရဲတပ်ဖွဲ့တွင် အမှုထမ်းသက် နှစ် ၃၀ ရှိပြီဖြစ်၍ ညအချိန်မတော် သူ၏အိမ်မှ တယ်လီဖုန်းခေါင်းလောင်းသံ ဆူညံစွာ မြည်လာခြင်းကို ရိုးနေပြီဖြစ်ရာ တယ်လီဖုန်းလာလျှင် အိပ်ရာထဲမှပင် ကောက်နားထောင်ကာ လိုအပ်သော ညွှန်ကြားချက်များပေးပြီး ချက်ချင်း ပြန်အိပ်ပျော်သွားအောင် အိပ်နိုင်သူလည်း ဖြစ်သည်။

သို့ရာတွင် ဆာပီကို သေနတ်ပစ်ခံရကြောင်း သတင်းပေးပို့သည့် တယ်လီဖုန်း လာသောအခါ၌မူ လက်ထောက်ရဲမင်းကြီး ကူပါသည် ခါတိုင်းလို ချက်ချင်းပြန်မအိပ်ဘဲ အိပ်ရာပေါ်တွင် ငေါက်ခနဲ ထထိုင်လိုက်လေသည်။

တစ်ဖက်မှ တယ်လီဖုန်းဆက်သူမှာ နာမည်ကြီး 'နယူးယောက်တိုင်း' သတင်းစာမှ သတင်းထောက်တစ်ဦးဖြစ်သည်။

ထိုသူသည် ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု အလွန်များပြားနေ၍ ပြည်သူတို့အမြင်တွင် နာမည်ပျက်သိက္ခာကျနေခြင်းနှင့် ဆာပီကိုက တစ်ကိုယ်တော် စစ်ဆင်ရေးလုပ်ကာ အကျင့်ပျက်ရဲများကို လိုက်လံထောက်လှမ်း ဖော်ထုတ်နေခြင်းကို မျက်ခြည်မပြတ် သတင်းယူပြီး သတင်းစာမှ ဆက်တိုက်ရေးသား ဖော်ပြနေသူလည်းဖြစ်သည်။

ယခုတော့ ဆာပီကို သေနတ်ပစ်ခံရခြင်းသည် သွေးရိုးသားရိုးမဟုတ်ဟု ယူဆလျက် ရဲမှူးကြီးနှင့် ဆွေးနွေးပြောဆိုလိုသဖြင့် အချိန်မတော် တယ်လီဖုန်းဆက်ခြင်းဖြစ်သည်။

ဤသည်မှာလည်း အကြောင်းရှိပေသည်။

ရဲတပ်ဖွဲ့မှ အရာရှိများအနက် ဆာပီကိုက တကယ်ယုံကြည် စိတ်ချသူဆို၍ ကူပါတစ်ယောက်သာ ရှိကြောင်းကို သတင်းထောက်က သိထား၍ တယ်လီဖုန်းဆက်ခြင်း ဖြစ်လေသည်။

တကယ်တော့လည်း လက်ထောက်ရဲမှူးကြီး ကူပါသည် ဆာပီကို စိတ်ရင်းစေတနာကို နားလည်သိရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု ပပျောက်ရေးအတွက် အကူအညီပေးခဲ့သူဖြစ်သည်။ ဆာပီကို စုံစမ်းထောက်လှမ်းပြီး တင်ပြသော ရဲအရာရှိများ၏ ဖောက်ပြန်မှုကို သက်ဆိုင်ရာမှ အရေးယူနိုင်အောင် အားပေးဆောင်ရွက်ခဲ့သည်။



ယင်းသို့ ဆာပီကို၏ အဂတိလိုက်စားမှု ပပျောက်ရေး စစ်ဆင်မှုကို အားပေးကူညီရပါမည်လောဟု ရဲအချို့ကပင် ကူပါအပေါ် မုန်းတီးခဲ့ကြလေသည်။

ယခုလို ဆာပီကို သေနတ်ပစ်ခံရကြောင်း ကြားသိရသည်တွင် ကူပါသည် တုန်လှုပ်ချောက်ချားသွားလျက် ဆာပီကိုအတွက် စိတ်မကောင်းဖြစ်မိလေသည်။

သို့သော်

သေနတ်ပစ်ခံရခြင်းက သွေးရိုးသားရိုးမှ ဟုတ်ပါရဲ့လားဟု သတင်းထောက်က မေးမြန်းချက်ကိုမူ ကူပါအနေဖြင့် ရုတ်ခြည်း မဖြေကြားနိုင်ပါချေ။

ထို့ကြောင့်–

ပြည့်ပြည့်စုံစုံ ဆက်လက်စုံစမ်းပြီးမှ ဆွေးနွေးပြောဆိုပါမည်ဟုဆိုကာ စကားဖြတ်၍ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ဒီတစ်ခါတော့ ကူပါ ခါတိုင်းလို တယ်လီဖုန်းစကားပြောပြီးပြီးချင်း ပြန်၍ မအိပ်နိုင်တော့ချေ။

နယူးယောက်မြို့ ရဲတပ်ဖွဲ့ကြီးတစ်ခုလုံးကို ပြုပြင်ပြောင်းလဲပစ်ရန် စိတ်အားထက်သန်လှသော ဆာပီကို အကြောင်းကိုသာ ဆက်လက် ဆွေးနွေးနေမိလေသည်။

သေနတ်ဒဏ်ရာက သေလောက်အောင် ပြင်းထန်နေလေသလောဟုလည်း တွေး၍ စိုးရိမ်မိလေသည်။ အထူးသဖြင့် ထိုသတင်းကို မိမိအား ရဲတပ်ဖွဲ့ဝင်များက ချက်ချင်းအကြောင်းမကြားခဲ့ဘဲ သတင်းထောက်က ဖုန်းဆက်ပေးရသည့်အတွက် မကျေမနပ် ဖြစ်မိသည်။

တစ်ခုတော့ရှိသည်။ ရဲတပ်ဖွဲ့ဝင်များသည် ဆာပီကို သေနတ်ပစ်ခံရခြင်းနှင့် ပတ်သက်၍ တုန်လှုပ်ချောက်ချားကာ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ကြောင်နေမိခြင်းကြောင့် မိမိထံ ဖုန်းဆက်သတင်းပို့ရန် ပျက်ကွက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ လက်ထောက်ရဲမှူးကြီး 'ကူပါ'သည် ဆာပီကို၏ အခြေအနေအမှန်ကို တိကျစွာ သိလိုသဖြင့် ချက်ချင်းပင် အဝတ်အစားလဲကာ သူ၏ကားဖြင့် 'ဂရင်းပွိုင့်'ဆေးရုံသို့ မောင်းသွားလေသည်။

ဆေးရုံသို့ ရောက်ရောက်ချင်းပင် သူ့အား သိနေသူ ဆရာဝန်များ

www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် ဆာပီကိုရှိရာအခန်းသို့ ဝင်ခွင့်ပြုလေရာ ကူပါသည် အသာခြေဖျား ထောက်ဝင်ပြီး ကြည့်လေသည်။

ခုတင်ပေါ်၌ မလှုပ်မယှက်ဖြစ်နေသော ဆာပီကိုအား မြင်လျှင် ကူပါသည် အထူးပင် စိတ်မကောင်းဖြစ်မိလေသည်။ အတွေ့အကြုံ ဝါရင့်သော ရဲအရာရှိ တစ်ဦးဖြစ်၍ ဆာပီကို၏ ဒဏ်ရာက မည်မျှကြီးကျယ် ပြင်းထန်လှသည်ကို လည်း အကဲခတ်မိသဖြင့် ကူပါသည် စိုးရိမ်တုန်လှုပ်ခြင်း ဖြစ်မိလေသည်။

ရဲတပ်ဖွဲ့ထဲသို့ ဝင်ရောက်အမှုထမ်းခါစအချိန်က ဆာပီကိုသည် ရိုးရိုး ရဲထက် မှုခင်းထောက်လှမ်းရသော ရဲစုံထောက်အလုပ်ကို လုပ်ချင်သည့်ဆန္ဒ အထူးပြင်းပြခဲ့သည်ကိုလည်း ပြန်လည်သတိရမိလေသည်။

စုံထောက်လုပ်ချင်လွန်းအားကြီးသူ ဆာပီကိုအား ယခုတော့ သေနတ် ဒဏ်ရာဖြင့် သေလုဆဲဆဲ ဖြစ်နေရရှာလေပြီ။

ကူပါသည် သနားကရုဏာဖြစ်လာဟန်ဖြင့် ဆာပီကို လက်တစ်ဖက်ကို အသာဆွဲယူ ဆုပ်ကိုင်ထားလိုက်သည်။

* * *

အမှန်အားဖြင့် ဆာပီကိုနှင့် ကူပါတို့သည် ရဲတပ်ဖွဲ့တွင် အမှုထမ်း သက်တမ်း နှစ်ပေါင်းနှစ်ဆယ်တိတိ ကွာခြားလေသည်။ ကူပါက ဆာပီကို ရဲတပ်ဖွဲ့သို့ မဝင်မီ နှစ်ပေါင်း နှစ်ဆယ်ကပင် ကြိုတင်ဝင်ရောက်နေခဲ့ပြီဖြစ် သည်။ သို့သော် သူတို့နှစ်ဦးစလုံး တူညီနေသော အချက်တစ်ခုကား ရဲတပ်ဖွဲ့ အပေါ် သံယောဇဉ်ကြီးမားမှုပင်ဖြစ်သည်။

သူတို့ နှစ်ယောက်စလုံးက ရဲတပ်ဖွဲ့ကြီးကို အလွန်တွယ်တာ မြတ်နိုး သလောက် ပြည်သူတို့၏ လေးစားအားကိုးရာ အဖွဲ့ကြီး ဖြစ်စေချင်သည့် ဆန္ဒရှိကြသည်။

ကူပါသည် ပညာထူးချွန်သူလည်းဖြစ်၍ ဥပဒေဘွဲ့ ရရှိထားသူတစ်ဦး ဖြစ်သည်။ ရဲတပ်ဖွဲ့မှထွက်ပြီး ဥပဒေပညာဖြင့် ကောင်းစွာအသက်မွေးဝမ်း ကျောင်းပြုနိုင်သော်လည်း ရဲတပ်ဖွဲ့အပေါ် သံယောဇဉ်ကြီးပြီး မနုတ်ထွက်နိုင်ဘဲ နေခဲ့သည်။

အထူးသဖြင့် ပြည်သူလူထု၏ အားကိုးရာဖြစ်သော ရဲတပ်ဖွဲ့အမှုထမ်း၏



ဘဝသည် အလွန်ဂုဏ်ယူဖွယ်ကောင်းသည်၊ သိက္ခာရှိသည်ဟု ကူပါက စွဲမြဲစွာ ယုံကြည်သဖြင့် ရဲအရာရှိအဖြစ်မှ မနုတ်ထွက်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်လင့်ကစား ရဲတပ်ဖွဲ့ထဲ ဝင်ရောက်အမှုထမ်းစက သူသည်စိတ် ဓာတ်ကျစရာတွေကို တွေ့ကြုံခဲ့ရလေသည်။ အထူးသဖြင့် ရဲအရာရှိများက အဂတိလိုက်စားမှု၊ လာဘ်စားမှုတွေ လုပ်နေကြသည်ကို သိရပြီး စိတ်ပျက်ခဲ့ရ သည်။

"ဟော့... ပေးတဲ့လူက ကျေနပ်လို့ပေးတဲ့ငွေကို ယူတာဟာ ဘာမှမဖြစ် ဘူး၊ အေး မင်းတို့ ငွေလက်ခံယူတာကိုသာ မမိစေနဲ့"

ဤသို့လျှင် ဝါရင့်အရာရှိတစ်ဦးက လက်အောက်ငယ်သား ရဲတပ်ဖွဲ့ သားများအား ပြောခဲ့သည်ကို ကြားရစဉ်ကဆိုလျှင် ကူပါသည် အလွန်အံ့သြ တုန်လှုပ်ခဲ့ရသည်။

သူကိုယ်တိုင်က ရိုးသားဖြောင့်မတ်သူ ဖြစ်သည့်အလျောက် အချိန်တန်၍ စခန်းတစ်ခုကို ဦးစီးကွပ်ကဲရသောတာဝန် ထမ်းဆောင်ရသောအခါ ကူပါသည် ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု လျော့နည်းပပျောက်အောင် အထူးကြိုးစား ခဲ့လေသည်။ သူ၏ ကြိုးပမ်းချက်က ထိုက်သင့်သလောက်လည်း အောင်မြင်ခဲ့ သဖြင့် ရဲတပ်ဖွဲ့ထဲမှ အဂတိလိုက်စားသူများကို အထက်အာဏာပိုင်တို့က အရေးယူခဲ့ရလေသည်။

သို့ရာတွင် ရဲတပ်ဖွဲ့ဌာနချုပ်မှ အကြီးအကဲတို့၏ သဘောထားပုံကို ကူပါသည် ကျေနပ်အားရခြင်း မရှိခဲ့ပေ။ အရာရှိကြီးများသည် လာဘ်စားသူ များအား အရေးယူ အပြစ်ပေးရန်ထက် မိမိတို့ ရဲအဖွဲ့ နာမည်ပျက်မည်စိုး၍ အရာရာတွင် သိုသိုသိပ်သိပ်နှင့် ဖုံးဖိလိုသည့် ဆန္ဒက လွန်ကဲနေကြပုံမှာ အလွန်အားရဖွယ် ဖြစ်ခဲ့ရပေသည်။

မည်သို့ပင်ဖြစ်စေ ကူပါသည် တာဝန်ကျရာနေရာတိုင်းတွင် အဂတိ လိုက်စားမှု ပပျောက်အောင် ဆက်လက်ကြိုးစားခဲ့လေသည်။

ဆာပီကိုနှင့် စတင်တွေ့ဆုံခဲ့သည်မှာ ကူပါအနေဖြင့် နယူးယောက်မြို့ 'ဘရောင့်' ရပ်ကွက်တွင် တာဝန်ထမ်းဆောင်ရချိန်ဖြစ်သည်။ နဂိုက ရိုးသား ဖြောင့်မတ်သူ ဖြစ်သည့်အလျောက် ဆာပီကို ဆိုသူက ရဲတပ်ဖွဲ့ဝင်များ လာဘ် စားခြင်းကို စုံစမ်းထောက်လှမ်းခြင်း၊ ဖော်ထုတ်တိုင်ကြားခြင်းများပြုလုပ်နေ ကြောင်း သိရသောအခါ သဘောကျမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကဲ့သို့ ရိုးသားဖြောင့်မတ်ပြီး ရဲတပ်ဖွဲ့ကြီး၏ဂုဏ်ကို ဆယ်လိုသူ တစ်ဦး တွေ့ရလေပြီဟု ဝမ်းမြောက်အားတက်မိလေသည်။

ယခု လက်ထောက်ရဲမှူးကြီး ကူပါသည် မလှုပ်မယှက် ဖြစ်နေသူ ဆာပီကို၏ လက်တစ်ဖက်ကို အသာဆုပ်ကိုင်ထားရင်း သူတို့နှစ်ဦး ပထမဆုံး အကြိမ် စတင်တွေ့ဆုံခဲ့ရပုံကို ပြန်ပြောင်းသတိရမိလေသည်။

ထိုစဉ်က ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်များ လာဘ်စားနေခြင်းကို စုံစမ်းဖော်ထုတ်ရုံမက အထက်အာဏာပိုင်များထံ တင်ပြသောအခါ ဌာနဆိုင်ရာ အကြီးအကဲများ သဘောထားကို အလွန် မကျေမချမ်းဖြစ်နေမိသည်။ အထူးသဖြင့် လူကြီးများအနေဖြင့် ရဲတပ်ဖွဲ့ဝင် အမြောက်အမြား လာဘ်စားမှုဖြင့် အရေးယူခံရခြင်းကို မလိုလားကြဘဲ အလွန်ဆုံး နှစ်ဦးလောက်ကိုသာ အရေးယူ အပြစ်ပေးပြီး ကျန်လူများကိုမူ တရားဝင် အရေးမယူလိုကြချေ။

ယင်းသို့ဖြစ်အောင် တရားလိုပြ သက်သေအဖြစ် ဆာပီကိုက တရားရုံး၌ ထွက်ဆိုပေးစေလိုကြောင်းကိုလည်း ရဲမှူးကူပါမှတဆင့် ပြောခိုင်းလေသည်။

ဤတွင် ဆာပီကိုသည် အကြီးအကျယ် မခံရပ်နိုင်ဖြစ်ကာ ကူပါအား ဒေါသကြီးစွာဖြင့် ပြန်ပြောခဲ့သည်။

"ဒီလိုပုံစံမျိုးနဲ့ဆိုရင် ကျွန်တော် ဘယ်နည်းနဲ့မှ သက်သေမထွက်နိုင်ဘူး၊ ကျွန်တော်က ရဲတပ်ဖွဲ့တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာ တက်စေချင်လို့ ကြိုးစားပမ်းစား ထောက်လှမ်းတင်ပြတာကို အထက်လူကြီးတွေက အားမပေးတဲ့အပြင် ကျွန်တော့်ကို မတရား သက်သေထွက်ဆိုခိုင်းတယ်၊ ဒါဟာ ဘာကြောင့်သလဲ၊ ကျွန်တော်တော့ အလွန်စိတ်ပျက်မိတယ်၊ ရဲတပ်ဖွဲ့တစ်ဖွဲ့လုံးမှာ ကျွန်တော့်အဖို့ တကယ့်မိတ်ဆွေဆိုလို့လည်း တစ်ယောက်မှမရှိဘူး"

ဆာပီကိုက စိတ်ဆိုးမာန်ဆိုး ပြောခဲ့သလို ကူပါကလည်း ထိုစဉ်က ဒေါသတကြီးနှင့်ပင် ပြန်ပြောခဲ့သည်။

"ဟေ့ ဆာပီကို၊ မင်းက ဘာပြောတာလဲ၊ ရဲတပ်ဖွဲ့ကြီး သန့်ရှင်းပြီး ဂုဏ်သိက္ခာရှိဖို့ကို လိုလားတာက မင်းတစ်ယောက်တည်းပဲရှိတယ် အောက်မေ့လို့လား၊ ဟေ့ ဒီမယ် ငါ့ကိုရော မင်း လေ့လာမိရဲ့လား၊ ငါကိုယ်တိုင် ရဲအရာရှိတွေလာဘ်စားတာ ပပျောက်အောင် ကြိုးစားနေတယ်ကွ၊ ငါလည်း ရဲတပ်ဖွဲ့ ဂုဏ်သိက္ခာတက်ပြီး ပြည်သူလူထုက လေးစားကြည်ညိုတာကို လိုလားတယ်၊ ဒါကို မင်း သတိမပြုမိဘူးလား၊ ငါ့သဘောထားက ဌာနအကြီးအကဲတွေလို



…ဟုတ်ဘူးဆိုတာ မင်း ရိပ်မိဖို့ကောင်းတယ်၊ ပြီးတော့ ငါ့မှာလည်း ရဲတပ်ဖွဲ့ ထဲမှာ တကယ့်မိတ်ဆွေဆိုလို့ တစ်ယောက်မှ မရှိဘူး၊ ငါ့အနေနဲ့ မိတ်ဆွေလည်း …မနေဘူး၊ ရှင်းပလား"

ကူပါ ဒေါမာန်ပါပါနှင့် ပြောလိုက်မှ ဆာပီကိုသည် အံ့အားသင့်သွား…ကာမှ ပြုံးလိုက်သည်။

ကူပါအပေါ်လည်း အထူးလေးစား ကြည်ညိုသွားမိသည်။

"ကောင်းပါပြီဆရာ၊ ဆရာ့မှာ တကယ့်မိတ်ဆွေဆိုလို့ မရှိဘူးမဟုတ် …ဘူး၊ ဒီနေ့ကစပြီး ကျွန်တော်က ဆရာ့ရဲ့ မိတ်ဆွေတစ်ယောက်အဖြစ် နေပါ့ …မယ်"

ဤသို့လျှင် ဆာပီကိုက လိုက်လိုက်လှဲလှဲ ပြောခဲ့သည်ကို လက်ထောက် …မှူးကြီး ကူပါသည် ပြန်လည်ကြားယောင်မိလေသည်။

ဆေးရုံမှပြန်လာပြီးနောက် ကူပါသည် ဆာပီကို သေနတ်ပစ်ခံရသည့် အမှတ် ၉၂ ရဲစခန်းပိုင်ရပ်ကွက်ဆီသို့ တိုက်ရိုက် ကားမောင်းသွားလေသည်။

အချင်းဖြစ်ပွားရာနေရာသို့ သူကိုယ်တိုင် သွားရောက်လေ့လာကြည့် …ပြီးနောက် ရဲစခန်းသို့ သွားလေသည်။

ကူပါအနေဖြင့် ဆာပီကို သေနတ်ပစ်ခံရခြင်းသည် သာမန်ဒုစရိုက်သမား …ဆိုးတစ်ဦး၏ လက်ချက်မှ ဟုတ်ပါလေစဟု သံသယဖြစ်မိလေသည်။

ရဲတပ်ဖွဲ့အတွင်း လာဘ်စားမှု ပပျောက်အောင် ဦးတည်တိုက်နေသူ ဆာပီကိုအား အတွင်းလူများကပင် သုတ်သင်ဖယ်ရှားရန် ကြံစည်ခြင်းများ …ဖြစ်နေသလော။

ဤတွင် ကူပါသည် ဆာပီကိုအတွက် ပိုပြီး စိုးရိမ်သဖြင့် ရဲစခန်းမှူး …အား ဆေးရုံရှိ ဆာပီကို၏ အခန်းအပြင်ဘက်တွင် လက်နက်ရဲအစောင့်များ …နေ့ညမပြတ် (၂၄ နာရီ) ချထားရန် အမိန့်ပေးလိုက်လေသည်။

* * *

လက်ထောက်ရဲမှူးကြီး ကူပါ ပြန်သွားပြီးနောက် ဆာပီကိုထံသို့ …နောက်ထပ် ဧည့်သည်တစ်ဦး လာကြည့်ပါသေးသည်။

ဧည့်သည်ကား ဆာပီကိုနှင့် ခင်မင်ရင်းနှီးပြီး အတူတကွ သွားလာ

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသူ နီဂရိုး (ကပ္ပလီ)အမျိုးသမီး ကိုယ်ဟန်ပြမယ်တစ်ဦး ဖြစ်လေသည်။

ဆာပီကိုက အပျော်သဘောတွဲကာ ဆက်ဆံခဲ့ခြင်း ဖြစ်လင့်ကစား ထိုမိန်းကလေးသည် သံယောဇဉ် ဖြစ်နေရှာသည်။

သူမသည် အိပ်ရာဝင်တော့မည့်ဆဲဆဲ ရုပ်မြင်သံကြားစက်ကို အမှတ်မထင် ဖွင့်ကြည့်မိစဉ် ဆာပီကို သေနတ်ပစ်ခံရသည့်သတင်း ကြေညာချက်ကို ကြားလိုက်ရလေသည်။

ဤတွင် သူမသည် ကပျာကယာ အဝတ်အစားလဲကာ တက္ကစီကား တစ်စီးဖြင့် ဆေးရုံသို့ အမြန်လိုက်သွားလေသည်။

ဆေးရုံအဝင်ဝရှိ တာဝန်ကျနေသူများက တားဆီးစစ်ဆေးသောအခါ သူက–

"ကျွန်မဟာ မစ္စတာ ဆာပီကိုရဲ့ ဇနီးပါရှင့်"

ဟု ခပ်တည်တည် လိမ်ပြောလိုက်သည်။

သူမ ပြောပုံဆိုပုံ လေသံနှင့်တကွ ဟန်အမူအရာတို့က သရုပ်ပါလှသဖြင့် ဆေးရုံစောင့်များက တကယ့်ဇနီးဟု ထင်မှတ်ကာ ဆာပီကို၏ အခန်းသို့ ဝင်ကြည့်ခွင့် ပြုလိုက်ကြသည်။

သူမသည် ဆာပီကိုကို မြင်လျှင် တကယ်ပင် စိတ်ထိခိုက်သွားလျက် လက်မောင်းတစ်ဖက်ကို အသာဆုပ်ကိုင်ရင်း–

"ဖြစ်မှဖြစ်ရလေတယ်ရှင်၊ လူတွေက တယ်လည်း ရက်စက်ပါလား"

ဟု ပြောလိုက်သည်။

ထိုအချိန်၌ ဆာပီကိုသည် မျက်လုံးဖွင့်ကြည့်သဖြင့် တစ်စုံတရာ ပြောလို၍များလားဟု ယူဆကာ သူမက ခေါင်းကိုငုံ့၍–

"ဘာပြောချင်လို့လဲဟင်"

ဟု မေးရာ ဆာပီကိုက လေသံဖြင့်–

"ရေ... ရေ"

ဟု ခပ်တိုးတိုး ပြောလေသည်။

ကိုယ်ဟန်ပြမယ် အမျိုးသမီးသည် ချက်ချင်းပင် သူနာပြုဆရာမ တစ်ဦးထံသွား၍ ရေတောင်းရာ ဆရာမက လူနာ၏ အခြေအနေအရ ရေ မတိုက်ရန် ဆရာဝန်များက ညွှန်ကြားထားကြောင်း ပြောပြလေသည်။

ဤတွင် အမျိုးသမီးက စိတ်တိုလာဟန်ဖြင့်–



"ရှင်တို့ကလည်း ခက်လိုက်တာ၊ ရေမတိုက်ရရင်လည်း တစ်ခုခုလုပ် ပေးမှပေါ့၊ ဟိုလူခမျာ ရေငတ်လွန်းလို့ နှုတ်ခမ်းတွေ ခြောက်ကုန်ပြီ"

ဟု ပြောလိုက်သည်။

သူမ၏ ပြောပုံက ပိုင်စိုးပိုင်နင်းကျလွန်းသဖြင့် သူနာပြုဆရာမကလေး ကလည်း လန့်သွားကာ ချက်ချင်းပင် ရေဇလုံတစ်ခုနှင့် မျက်နှာသုတ်ပဝါ ငယ်တစ်ခု ယူပေးလေသည်။

ကိုယ်ဟန်ပြမယ် အမျိုးသမီးသည် မျက်နှာသုတ်ပဝါကို ရေဆွတ်၍ ဆာပီကိုပါးစပ်သို့ တစ်စက်ချင်း ညှစ်ချပေးလေသည်။

ဆာပီကိုသည် အေးမြသော ရေစက်များ လျှာပေါ်နှင့် ထိလာသည်ကိုပင် သက်တောင့်သက်သာ ဖြစ်လာပုံရလေသည်။ တစ်ချိန်တည်းမှာပင် "ငါတော့ ဒီသေနတ်ဒဏ်ရာနဲ့ မသေဘဲ ပြန်ရှင်နိုင်သေးပါကလား"ဟူသော မျှော်လင့်ချက် ရောင်ခြည်သည် သူ၏ ဦးနှောက်ထဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာလေသည်။

နံနက် ငါးနာရီခွဲတွင် ဆာပီကိုသည် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။

* * *

နံနက် ရှစ်နာရီသာသာတွင် သူနာပြုဆရာမတစ်ဦးက လာနှိုးပြီးမည် [illegible]နေပါသေးသနည်းဟုမေးရာ ဆာပီကိုက–

"မဆိုးပါဘူး၊ ကျုပ်ရဲ့မျက်နှာ လက်ဝဲဘက်တစ်ခြမ်းမှာတော့ နာနေသေး တယ်"

ဟု ပြန်ပြောလိုက်သည်။

ယမန်နေ့ညကနှင့်စာလျှင် စကားကို ပြောလာနိုင်ပြီဖြစ်လင့်ကစား [illegible]ကောင်းပကတိ မဟုတ်သေးဘဲ ပါးစပ်၏ တစ်ဖက်ထောင့်စွန်းမှ အားပြု၍ [illegible]နေရသေးသည်။

သူနာပြုဆရာမကလေးသည် ဆာပီကို၏ မျက်နှာမှ ခြောက်ကပ်နေ သော သွေးစသွေးနများကို သုတ်သင်သန့်စင်ပေးရင်း ပြုံး၍ [illegible]ပြောပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ တာဝန်က ရှင့်ကို ကြည့်ပျော်ရှုပျော်ဖြစ်အောင် အလုပြုပြင်နေရတာပါရှင့်၊ တော်တော်ကြာ မြို့တော်ဝန်မင်းကိုယ်တိုင် လာတဲ့အခါ ရှင်က သန့်ရှင်းသပ်ရပ်နေမှ ကောင်းမယ်မဟုတ်လား"

ဆရာမကလေး၏ စကားကြောင့် ဆာပီကိုသည် အံ့ဩသွားမိသည်။

"နေပါဦး၊ ငါ့ကို ဘယ်သူက လာကြည့်မှာလဲ၊ ပြောပြစမ်းပါ"

"နယူးယောက်မြို့ရဲ့ မြို့ဝန်တော်လေ၊ အခု သူက ဆေးရုံအောက်ထပ်မှာ ရောက်နေပြီ၊ ဒါကြောင့် ကျွန်မက ရှင် အိပ်ပျော်နေရာကို လာနှိုးရတာပေါ့၊ သူက ရှင့်ကို လာကြည့်လိမ့်မယ်"

ဆာပီကိုက သဘောမကျသလို ပြောလိုက်ရာ သူနာပြုဆရာမက ရယ်မောလိုက်သည်။

"ဒီစကားမျိုး မပြောပါနဲ့ရှင်၊ ဒီမြို့ရဲ့ မျက်နှာဖုံး ထိပ်သီးပုဂ္ဂိုလ်ဖြစ်တဲ့ မြို့တော်ဝန်မင်းကိုယ်တိုင် ရှင့်ကို လာကြည့်မယ်ဆိုတာ ဂုဏ်ယူဖို့ကောင်းပါတယ်"

* * *

နယူးယောက်မြို့၏ မြို့တော်ဝန်ကား ဂျွန်–လင်းဆေး ဆိုသူဖြစ်လေသည်။

အမေရိကန် နိုင်ငံရေးလောကတွင် နယူးယောက်မြို့တော်ဝန်သည် နာမည်ကြီးသလောက် သြဇာတိက္ကမလည်း ကြီးမားသဖြင့် နိုင်ငံရေးပါတီကြီးများက ယင်းမြို့တော်ဝန် ရာထူးနေရာကို မိမိတို့လူ ရရှိအောင် အကြိတ်အနယ်ကြိုးစားလေ့ရှိကြသည်။

ဂျွန်–လင်းဆေးသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲအများဆုံးရပြီး အရွေးခံရသူဖြစ်သည့်အတိုင်း နယူးယောက် မြို့သူမြို့သားများ၏ ထောက်ခံမှုအပြည့်အဝ ရရှိကြောင်း ထင်ရှားလေရာ နိုင်ငံရေးလောကတွင် သူ၏သြဇာ ကြီးမားလျက်ရှိပေသည်။

ဆာပီကို၏အခန်းသို့ သူရောက်လာချိန်တွင် ထုံးစံအတိုင်း သတင်းထောက်များလည်း ထက်ကြပ်မကွာ လိုက်ပါလာကြလေသည်။

ဂျွန်–လင်ဆေးသည် ဆာပီကို၏ ခုတင်အနီးသို့ ရောက်လာပြီး



အားပေးစကား ပြောလေသည်။

"မစ္စတာဆာပီကို ခင်ဗျာ၊ စကားပြောဖို့ လုံးဝမကြိုးစားပါနဲ့၊ ခင်ဗျားက ခွန်အားနည်းနေပါတယ်၊ အခု ကျုပ်ကိုယ်တိုင် လာကြည့်တာဟာ ခင်ဗျားကို အားပေးချင်လို့ ဖြစ်ပါတယ်၊ ပြီးတော့ ခင်ဗျားဟာ အင်မတန်မှ သူရသတ္တိနဲ့ ပြည့်စုံတဲ့ ရဲအရာရှိကောင်းတစ်ယောက် ဖြစ်တာမို့ ကျုပ်တို့ နယူးယောက်မြို့သူမြို့သားအားလုံးက ခင်ဗျားအတွက် ဂုဏ်ယူနေကြောင်းလည်း ပြောပါတယ်"

ထိုမျှနှင့်ပင် စကားဖြတ်ပြီးနောက် မြို့တော်ဝန် ဂျွန်လင်းဆေးသည် ပြန်ထွက်သွားလေသည်။

အခန်းပြင်ဘက် စင်္ကြံသို့ရောက်၍ သတင်းထောက်များနှင့် တွေ့ဆုံတွင်လည်း မြို့တော်ဝန်က–

"ဆာပီကိုဟာ တကယ်သတ္တိကောင်းတဲ့ အရာရှိတစ်ဦးဖြစ်တယ်၊ ချီးကျူးဖို့ကောင်းတာ အမှန်ပဲ"

ဟု ပြောလိုက်ပါသေးသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ဆေးရုံသို့ မြို့တော်ဝန် လာကြည့်သွားသည့်နေ့ (ဖေဖော်ဝါရီလ၄ ရက်) နံနက်မှာပင် ရဲတပ်ဖွဲ့ဌာနချုပ်က ဆာပီကိုအား သေနတ်နှင့်ပစ်ခဲ့သူ တရားခံအား ဖမ်းမိပြီဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

ယင်း ကြေညာချက်အရ တရားခံမှာ အက်ဂါ အမည်ရှိ အသက် ၂၄ နှစ်ရွယ် မူးယစ်ဆေးဝါးသမားနှင့် မှောင်ခိုမူးယစ်ဆေးရောင်းစားသူဟု ဆိုသည်။

တရားခံအား ရဲက ဖမ်းဆီးရာတွင် ပစ်ခတ်ဖမ်းရသောကြောင့် အက်ဂါ၏ ဝမ်းဗိုက်တွင် ဒဏ်ရာရကာ ဆေးရုံတင်ထားရသည်ဟု ဆိုသည်။

ခွဲစိတ်ကုသရန် လိုအပ်သော ဒဏ်ရာဖြစ်၍ ဂရင်းပွိုင့် ဆေးရုံတွင် ဆာပီကို၏ အခန်းနှင့်တည့်တည့် အပေါ်ထပ် ခွဲစိတ်ကုသဆောင်တွင် တင်ထားရသည်ဟု ဆိုပေသည်။

တရားခံ၏ နောက်ကြောင်းရာဇဝင်ကို ရဲက လေ့လာကြည့်သောအခါ သူသည် ယခင်က မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုနှင့်တစ်ကြိမ်၊ ဓားမြှောင်ဖြင့် လူတစ်ဦးအားထိုးရန် ကြံစည်မှုဖြင့်တစ်ကြိမ် ဖမ်းဆီးခံခဲ့ရကြောင်း သိရလေသည်။

ရဲတပ်ဖွဲ့က သတင်းထုတ်ပြန် ကြေညာရာတွင် ဆာပီကို ယခု သေနတ်ပစ်ခံရခြင်းသည် အဂတိ လိုက်စားမှု ပပျောက်ရေးအတွက် ကြိုးပမ်းထောက်လှမ်းခြင်းနှင့် လုံးဝဆက်စပ်ခြင်း မရှိဟုလည်း ဖော်ပြပါရှိလေသည်။



သို့သော်–

သေနတ်ပစ်မှုကို အသေးစိတ်ဖော်ထုတ် ရှင်းလင်းနိုင်အောင် ရဲက ဆက်လက်ထောက်လှမ်း စုံစမ်းနေပါသည်ဟုဆိုသည်။

ထိုအတောအတွင်း ရဲစခန်းအသီးသီး၌ ထူးဆန်းသော ကြော်ငြာစာရွက်ယ်များ လျှို့ဝှက်စွာ ကပ်သွားခြင်းများ ပေါ်ပေါက်လာလေသည်။

ရဲစခန်း၏ ကြော်ငြာစာရွက်များ ကပ်ထားရန် သင်ပုန်းတွင် လက်ရေးဖြင့်ရေးထားသော ကြော်ငြာစာရွက်များ မည်သူက လာကပ်သွားမှန်း မသိရသော်လည်း ကြော်ငြာများ၌ ရေးထားပုံက ဆာပီကိုအား သေနတ်နှင့်ပစ်ခဲ့သူ တရားခံအတွက် ရှေ့နေစရိတ်နှင့် အထွေထွေ ကုန်ကျငွေများအတွက် ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းကြပါဟု ဆိုထားလေသည်။

ထို့ပြင် နောက်တစ်ကြိမ် ကြံစည်လျှင် တရားခံအနေဖြင့် ပိုမိုလက်ဖြောင့်စွာ ပစ်ခတ်နိုင်အောင် သေနတ်ပစ် လေ့ကျင့်သင်တန်း တက်နိုင်ရန်အတွက် စရိတ်စကလည်းလိုကြောင်း ဖော်ပြထားသေးသည်။

အဓိပ္ပာယ်ကတော့ ဆာပီကို သေနတ်ပစ်ခံရရာတွင် ပွဲချင်းပြီး မသေသည်ကိုပင် မကျေနပ်သူတွေ ရှိနေကြောင်း ထင်ရှားစေသည့် ကြော်ငြာစာရွက်ပင်ဖြစ်သည်။

* * *

သေနတ်ပစ် ခံရပုံကို ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ရာ၌ ဆာပီကိုသည် …ပ်ဒတ် ရဲအချို့နှင့်အတူ တရားခံ အက်ဂါရှိနေသော တိုက်ခန်းတစ်ခန်းသို့ …ာင်းဝင်ရောက်ရန် ကြိုးစားခဲ့သည်ဟု ဆိုသည်။

သို့သော်…

တံခါးကို အတင်းတွန်းဖွင့်ရာတွင် တံခါးရွက်၌ သံကြိုးတစ်ချောင်း …ိုးထားခြင်းကြောင့် လူတစ်ယောက် ဝင်လောက်အောင် ပွင့်မသွားဘဲရှိစဉ် …င်းမှ သေနတ်နှစ်ချက် ဆင့်ပစ်လိုက်သည်ဆို၏။ ယင်းနှစ်ချက်အနက် …နောက်က ဆာပီကိုအား ထိမှန်သွားသည်။ ဤတွင် ဆာပီကိုနှင့်အတူပါသူ …တစ်ဦးက သေနတ်ဖြင့် ပြန်ပစ်လိုက်ရာ တရားခံ အက်ဂါ၏ လက်မောင်းတွင် …ခံသွားသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံသည် လက်မောင်းတွင် သေနတ်ဒဏ်ရာ ရလျက်နှင့်ပင် နောက်ဖေးပေါက်မှ ထွက်ပြေးရာ ရဲများက နောက်မှလိုက်ဖမ်းခဲ့ကြသည်။ လမ်းနှစ်လမ်းအကျော်တွင် တရားခံနှင့် ရဲများ အပြန်အလှန် ပစ်ခတ်ကြရင်း တရားခံ၏ ဝမ်းဗိုက်တွင် သေနတ်မှန်ပြီး ဖမ်းဆီးရမိခဲ့သည်ဟု ဆိုလေသည်။

ဤကား ရဲတပ်ဖွဲ့က သတင်းစာတိုက်များသို့ ထုတ်ပေးသည့် သတင်းကြေညာချက် အဆိုဖြစ်ရာ ဆာပီကို ကိုယ်တိုင် မှတ်မိသလောက် တကယ့်ဖြစ်ရပ်က သတင်းကြေညာချက်အတိုင်း မဟုတ်ချေ။ သို့ရာတွင် သူသည် ပြင်းထန်စွာ နာကျင်ခြင်းဝေဒနာကို ခံစားရလျက် ဆေးရုံပေါ်တွင်ရှိနေပြီး သတင်းစာလည်း မဖတ်နိုင်။ ဖတ်နိုင်ဦးတော့ ပြန်လည်ငြင်းချက်ထုတ်ရန် ခွန်အားလည်းမရှိ။ စိတ်ဝင်စားခြင်းလည်းမရှိဘဲ ဖြစ်နေလေသည်။

ဆရာဝန်များက အထူးကြိုးစား ကုသပေးသည့်ကြားမှပင် ဆာပီကို၏ နားရွက်တစ်ဖက်မှ သွေးများယိုထွက်နေဆဲ ရှိလေသည်။ ထို့ပြင်ဦးခေါင်းတွင် သေနတ်ဒဏ်ရာ ရသည့်အခါ ရောဂါပိုးမွှားများ ဦးနှောက်ထဲသို့ ဝင်ရောက်သွားနိုင်သည့် အန္တရာယ်လည်း စိုးရိမ်နေရသည်။

ဤတွင် ဦးနှောက်အထူးကု ခွဲစိတ်ဆရာဝန်ကြီးတစ်ဦး လိုလာလေသည်။

ဂရင်းပွိုင့်ဆေးရုံတွင် ဦးနှောက်အထူးကုဌာန မရှိသဖြင့် ယင်းဌာနမျိုး ရှိသော ဘရွတ်ကလင်း ဆေးရုံသို့ ဆာပီကိုအား ပြောင်းရွှေ့ပို့လိုက်ရန် ဆရာဝန်များ ညှိနှိုင်းတိုင်ပင်သည့် အစည်းအဝေးက ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် မွန်းလွဲပိုင်းတွင် ဆာပီကိုအား ရဲတပ်ဖွဲ့ သူနာပြုကားတစ်စီးဖြင့် ဆေးရုံသို့ ခေါ်သွားကြလေသည်။

ဆေးရုံ၏ နဝမအထပ်ရှိ သီးသန့်ခန်းတစ်ခန်းတွင် ဆာပီကိုအား တင်ထားလိုက်ပြီး အခန်းအပြင်ဘက်၌လည်း ယူနီဖောင်းဝတ် ရဲတစ်ဦး အစောင့်ချထားလေသည်။

စိတ်ဝင်စားဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခုကား အဆိုပါ လုံခြုံရေးတာဝန်ကျရဲက သူ၏တာဝန် ပြီးဆုံးချိန်တွင် လူစားရောက်လာသောရဲနှင့် စကားပြောပုံပင်ဖြစ်သည်။

"အထူးသတိထားဖို့က ခင်ဗျားဟာ အခန်းအပြင်ဘက်မှာသာ တာဝန်ကျတယ်ဆိုတဲ့ အချက်ပဲ၊ အခန်းထဲကို လုံးဝမဝင်ပါနဲ့၊ ပြီးတော့ လူနာနဲ့လည်း



စကားမပြောပါနဲ့"

ပထမရဲက ဤသို့ပြောရာ လူစားလဲရန်လာသူရဲက အံ့အားသင့်လျက်–

"ဘာဖြစ်လို့လဲဗျ"

ဟု ပြန်မေးသည်။

ဒီတော့မှ ပထမလူက ဆက်၍ရှင်းပြလေသည်။

"ဘာဖြစ်လို့ရမလဲဗျ၊ ခင်ဗျားက ရဲစခန်းမှာတုန်းက ပြောမပြလိုက်ဘူးလား"

"မပြောလိုက်ဘူးဗျ၊ ဆေးရုံမှာ ဂျူတီလာစောင့်ဖို့ပဲပြောလိုက်တယ်"

"ဒါဖြင့် ကျုပ် အခုပြောမယ်၊ ကျုပ်တို့ ရဲအားလုံးကို ညွှန်ကြားထားတာက လူနာ ဆာပီကိုနဲ့ လုံးဝစကားမပြောရဘူးတဲ့၊ ဒီလူက ကောင်းတဲ့လူမဟုတ်ဘူး၊ ရှင်းပြီလား"

* * *

'ဘရွတ်ကလင်း' ဆေးရုံသည် ဆာပီကို ငယ်စဉ်က ကြီးပြင်းလာခဲ့သည့် ရပ်ကွက်အနီးတွင် တည်ရှိလေရာ သူ့အဖို့ ဤဆေးရုံသို့ ရောက်လာခြင်းသည် ငှက်လျှင် မိမိ၏ မူလဇာတိ နေရပ်သို့ ပြန်လာရသကဲ့သို့ ဖြစ်နေတော့သည်။

ထို့ပြင် ဆာပီကိုသည် ဤဆေးရုံသို့ ယခင်ကလည်း တစ်ကြိမ်တက် ရောက်ခဲ့ဖူးသည်။

သူ့အသက် ၁၄ နှစ်သားအရွယ်က ဖြစ်လေသည်။

ဆာပီကိုသည် ကလေးဘဝကပင် သေနတ်လက်နက်များကို ဝါသနာ ပါခဲ့သည်။ သဘောကျခဲ့သည်။

အခြားကလေးများလို ရိုးရိုးကစားစရာနှင့် မကစားချင်ဘဲ သေနတ်နှင့် ကစားလိုသဖြင့် ကိုယ်တိုင် သေနတ်လုပ်ကြည့်လေသည်။ လုပ်ပုံကား ရေဒီယို အောက်ခံကင်ကြိုးတိုင်ဟောင်းတစ်ခုကိုဖြတ်၍ သေနတ်ပြောင်းလုပ်ပြီး သေနတ်ဖြစ်အောင် လုပ်ကြည့်ရာ ပွိုင့် ၂၂ တကယ့် ကျည်ဆန်ထည့်ပစ်နိုင်သည့် သေနတ်ငယ်တစ်လက် ဖြစ်လာလေသည်။ ကျည်ဆန်ကလည်း ရာရှယ်သဖြင့် ဆာပီကိုသည် သူ၏ လုပ်သေနတ်ဖြင့် ပစ်စမ်းကစားရသည်ကို အလွန်ကျေနပ် သဘောကျမိသည်။ သို့သော် တစ်နေ့တွင် သေနတ်ထဲ ကျည်ဆန်ထည့်၍

www.burmeseclassic.com

www.burmeseclassic.com



ပစ်ရန် ဟန်ပြင်နေစဉ် မတော်တဆ ကျည်ဆန်ထွက်သွားပြီး သူ၏ လက်မောင်း တစ်ဖက်ကို ထိမှန်လေသည်။

ဒဏ်ရာက မသေးငယ်လှဘဲ သွေးတွေ တဟာလောထွက်လေရာ ဆာပီကိုသည် မိဘများကိုလည်း မပြောဝံ့သဖြင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေပြီး သူ့ဟာသူ ဆေးရုံသို့ သွားလေသည်။

တာဝန်ကျ သူနာပြုဆရာမအား မတော်တဆ သေနတ်ထိမှန်၍ ဆေးထည့်ရန်လာကြောင်းပြောလျှင် ဆရာမက သူ့တာဝန်ဝတ္တရားအရ ရဲစခန်းသို့ ဖုန်းလှမ်းဆက်လိုက်သည်။

ချက်ချင်းလိုပင် ရဲနှစ်ဦး ဆေးရုံသို့ ရောက်လာပြီး ဆာပီကိုအား မေးခွန်းထုတ်လေတော့သည်။

မတော်တဆ ထိမှန်သွားကြောင်း ဝါးတားတား ပြောသည်ကို ရဲများက မကျေနပ်ချေ။

"ကောင်းပြီ၊ မတော်တဆ မှန်တယ်ဆိုရင် အဲဒီသေနတ်က ဘယ်ရောက်သွားသလဲ"

ရဲတစ်ဦးက မေးလိုက်လျှင် ဆာပီကိုသည် မျက်လုံးပြူးသွားတော့သည်။

သူ၏ လုပ်သေနတ်အကြောင်း ဖွင့်ပြောလျှင် တရားဥပဒေအရ အရေးယူခံရတော့မည်ဟု သိသဖြင့် ထိတ်လန့်သွားကာ တမျိုးလှည့်ပြောပြန်သည်။

"ဘာသေနတ်မှ မရှိဘူးခင်ဗျ၊ ကျွန်တော်က ကျည်ဆန်တစ်တောင့် ကောက်ရတာနဲ့ ပလာယာနဲ့ အခွံကို ဆွဲချွတ်ကြည့်နေတုန်း မတော်တဆ ပေါက်ကွဲသွားတာပဲ"

ထိုစကားကို ရဲများက လုံးဝမယုံကြည်ချေ။

သို့ရာတွင် ရဲနှစ်ဦးသည် ဆာပီကို၏ မိဘများအမည်၊ နေရပ်၊ သူတက်နေသော စာသင်ကျောင်းအမည်တို့ မေးမြန်းပြီးနောက် နှစ်ယောက်သား ခေတ္တ တီးတိုးတိုင်ပင်၍ အဆုံးအဖြတ် ပေးလေသည်။

"ဟေ့... ချာတိတ်၊ ဒီတစ်ကြိမ်တော့ ငါတို့ မင်းကို လွှတ်လိုက်မယ်၊ နောက်ကိုသာ ဒါမျိုးမဖြစ်စေနဲ့ ကြားလား"

ထိုမျှသာ သတိပေးပြီး ရဲများက ပြန်လွှတ်လိုက်သည်။



ထိုအချိန်မှစ၍ ဆာပီကိုသည် ရဲအရာရှိများကို အလွန်လေးစား ကြည်ညိုသွားမိခဲ့သည်။

ရဲဟူသည် ပြည်သူတို့အား ခြိမ်းခြောက်ညှဉ်းပန်းသူမဟုတ်၊ ပြည်သူတို့အား ကူညီသူများသာဖြစ်သည်။ ယခု မိမိ၏ အဖြစ်မှာ ဥပဒေနှင့် ဆန့်ကျင်သော်လည်း မိမိအား အရေးယူလိုက်ပါက နာမည်ပျက်ရုံမက မိဘများပါ ငိုတ်ဆင်းရဲမည်စိုး၍ ရဲများက လွှတ်လိုက်ခြင်း ဖြစ်ရပေမည်။

သေနတ်မရှိပါဟု မိမိ လိမ်ပြောခြင်းကိုလည်း ရဲများက သိပေလိမ့်မည်။

သို့ပါလျက်

ရဲများက မိမိအား အရေးမယူဘဲ သတိပေးရုံပေး၍ လွှတ်လိုက်ခြင်းမှာ ကျေးဇူးတင်စရာ ကောင်းလှသည်။

ဤသို့လျှင် စဉ်းစားမိရာမှ ၁၄ နှစ်သား ဆာပီကို ရဲတပ်ဖွဲ့ဝင်များအပေါ် အလွန်လေးစား အထင်ကြီးခဲ့မိလေသည်။

ထိုစဉ်က သူသွားခဲ့သော ဆေးရုံမှာ ယခုရောက်ရှိနေသည့် 'ဘရွတ်ကလင်းဆေးရုံ'ပင်တည်း။

* * *

ဆာပီကို ငယ်စဉ်က ဘရွတ်ကလင်းရပ်ကွက်ရှိ လူငယ်များသည် အုပ်စု၊ သို့မဟုတ် ဂိုဏ်းများဖွဲ့လေ့ရှိရာ သူသည်လည်း ရပ်ကွက်ဂိုဏ်းတစ်ခုတွင် ပါဝင်ခဲ့ဖူးသည်။

သို့သော်

အခြားဂိုဏ်းသား လူငယ်များလို ဆိုးသွမ်းပေဟာ့ရမ်းခြင်းပြုရန် ဝါသနာမပါခဲ့ချေ။ အကြောင်းကတော့ သူသည် ထိုစဉ်အခါကပင် ကြီးလာလျှင် ရဲအရာရှိ လုပ်မည်ဟု ရည်ရွယ်ချက်ရှိခဲ့သောကြောင့်ပင်တည်း။

သို့သော် သူအရွယ်ရောက်၍ တကယ်ရမ်း ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သောအခါ၌မူ အခြားရဲအရာရှိများ တာဝန်မဲ့ပုံး အဂတိလိုက်စားပုံများကိုကြည့်ပြီး စိတ်ပျက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်ကား ဆာပီကိုသည် ရိုးရိုး ရဲတပ်ဖွဲ့ဝင်သာမဟုတ်၊ ရဲစုံထောက်လုပ်ရန်လည်း ငယ်စဉ်ကပင် ဝါသနာပါခဲ့သည်။ သူ၏အသက် ၂၂ နှစ်ပြည့်သောနှစ်က မိဘများက မွေးနေ့လက်ဆောင်အဖြစ် 'မိုက်ခရိုစကုပ်' ခေါ် ဓာတ်ခွဲခန်းသုံး မှန်ဘီလူးတစ်ခု ပေးခဲ့သည်ကို အလွန်သဘောကျ ပျော်ရွှင်ဝမ်းမြောက်ခဲ့ဖူးသည်။ မှန်ဘီလူးသည် စုံထောက်များ မှုခင်းသဲလွန်းစ ရှာသော ကိရိယာဖြစ်ကြောင်းသိ၍ သဘောကျခြင်းပင်ဖြစ်သည်။

ထို့ကြောင့် သူ၏ မွေးနေ့လက်ဆောင် မှန်ဘီလူးဖြင့် ယင်ကောင်စသော ပိုးမွှားသေများကို ကြည့်ရှုလေ့လာလေ့ ရှိလေသည်။

ဘရွတ်ကလင်းရပ်ကွက် ရဲတပ်ဖွဲ့၏ အားကစားလှုပ်ရှားမှုများအနက် 'ဘောစ်ဘော' ဘောလုံးသင်း တစ်သင်းရှိရာ ဆာပီကိုသည် အားကစား ဝါသနာပါလှ၍ မဟုတ်ဘဲ ရဲတပ်ဖွဲ့အသင်း၏ တံဆိပ်ကို တပ်ဆင်လိုသော ကြောင့် ထိုအသင်းထဲ ပါဝင်ခဲ့ဖူးလေသည်။

ငယ်စဉ်က ကလေးဘဝကပင် သူ၏ ဦးနှောက်ထဲ ခိုင်မာစွာ စွဲမြဲနေခဲ့သော အချက်ကား 'ရဲ'မည်သည် လူကောင်းဖြစ်ရုံမက ဂုဏ်သိက္ခာလည်းရှိသည်။ လူအများ လေးစားရလောက်အောင် သြဇာလည်းရှိသည်ဟူသော အချက်ပင်ဖြစ်သည်။

ငယ်စဉ်က ရပ်ကွက်ထဲ ဆူပူဆိုးတေနေသော လူငယ်များရှိရာသို့ ယူနီဖောင်းဝတ် ရဲတစ်ဦးရောက်လာပြီး "ဟေ့-အားလုံးငြိမ်ကြစမ်း"ဟု ပြောလိုက်ရုံနှင့် လူငယ်အားလုံး ငြိမ်သွားကြပုံကိုမြင်ပြီး အထူးသဘောကျခဲ့မိသည်။

ပထမဆုံးအကြိမ် ရဲက တရားခံ လိုက်ဖမ်းသည်ကို မြင်ခဲ့ရပုံသည်လည်း ဆာပီကို၏စိတ်ထဲ စွဲနေခဲ့လေသည်။

ထိုစဉ်က သူသည် အရွယ်မရောက်သေး၍ ဖခင်ကြီး၏ ဖိနပ်ဆိုင်တွင် ဖိနပ်များ ဆေးတိုက်အရောင်တင်ပြီး ကူညီလုပ်ကိုင်ပေးနေရသည်။

တစ်နေ့တွင် သူတို့ဆိုင်ရှေ့မှ သူခိုးတစ်ဦး ဖြတ်ပြေးသွားပြီးနောက် ယူနီဖောင်းဝတ် ရဲတစ်ဦးက လိုက်ဖမ်းပုံကို ဆာပီကိုက ကောင်းစွာ မြင်လိုက်ရသည်။

သူခိုးပြေးရာသို့ ရဲက မီအောင်လိုက်ပြီး ခြောက်လုံးပြူးသေနတ် ထုတ်ချိန်လိုက်မှ သူခိုးသည် သေနတ်ကိုမြင်၍ ထိတ်လန့်တုန်လှုပ်ကာ ဆက်မပြေးတော့ဘဲ လက်မြှောက်အဖမ်းခံခဲ့လေသည်။



ယင်းအဖြစ်အပျက်ကိုလည်း ဆာပီကိုသည် အားကျပြီး ကြီးလာလျှင် ရဲအရာရှိလုပ်မည်ဟု ရည်မှန်းချက်ထားခဲ့ခြင်း ဖြစ်လေသည်။

၁၇ နှစ်သားအရွယ်တွင် ဆာပီကိုသည် စစ်တပ်ထဲသို့ဝင်၍ အမှုထမ်းခဲ့သည်။ အချိန်ကာလ နှစ်နှစ်ကြာမျှ ကိုရီးယားနိုင်ငံတွင် ရိုးရိုးခြေလျင်တပ်သားအဖြစ် အမှုထမ်းခဲ့ရစဉ် ထူးထူးခြားခြား အတွေ့အကြုံများ မရရှိခဲ့သော်လည်း သူ့ဝါသနာပါသော သေနတ်ပစ်လေ့ကျင့်ရခြင်း၊ 'ကရာတေး' ကိုယ်ခံပညာများ သင်ကြားရခြင်းက သူ့အဖို့ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့သည်။

အထူးသဖြင့် လက်နက်မဲ့ တိုက်ခိုက်နည်းဖြစ်သော 'ကရာတေး' ပညာကို ဆာပီကိုသည် သဘောကျပြီး ကြိုးစားလေ့ကျင့်ခြင်းကြောင့် ထူးချွန်သည့် ကရာတေးသမားတစ်ဦး ဖြစ်ခဲ့သည်။

စစ်တပ်မှ အားလပ်ခွင့်ရချိန်များတွင်မူ သူသည် ဂျပန်ပြည် တိုကျိုမြို့သို့ သွားရောက်လည်ပတ်လေ့ရှိသည်။

တစ်ချိန်တွင် ဂျပန်မိန်းကလေးတစ်ဦးနှင့် တွေ့ဆုံသိကျွမ်းရာမှ အထူးခင်မင် ရင်းနှီးသွားခဲ့ဖူးသည်။

ဂျပန်မလေးအား အလွန်သဘောကျပြီး သံယောဇဉ်ဖြစ်သွားကာ နောက်ပိုင်း ဂျပန်ပြည်ရောက်တိုင်း ဆာပီကိုသည် ထိုမိန်းကလေးနှင့်ပင် အတူနေလေ့ရှိသည်။ ထိုအတောအတွင်း သူသည် ဂျပန်လူမျိုးတို့ စရိုက်နှင့်ဓလေ့ထုံးစံ၊ လူနေမှုစနစ်တို့ကို လေ့လာခဲ့လေသည်။

ဤကား ဆာပီကို၏ ဝါသနာတစ်ခုပင်ဖြစ်သည်။ ရောက်လေရာ ပတ်ဝန်းကျင်၏ အခြေအနေအရပ်ရပ်ကို ကောင်းစွာနားလည်အောင် လေ့လာတတ်ခြင်းပင်ဖြစ်ရာ နောက်ပိုင်း သူ ရဲအရာရှိဖြစ်လာသောအခါ ယင်းဓလေ့သည် သူ၏ လုပ်ငန်း၌ များစွာအထောက်အကူ ဖြစ်စေခဲ့လေသည်။

စစ်မှုထမ်းခြင်းတာဝန် ပြီးဆုံးသွားသောအခါ ဆာပီကိုသည် သူ့ဝါသနာပါသော ရဲတပ်ဖွဲ့လုပ်ငန်းများကို စတင်လေ့လာခဲ့သည်။ သို့သော် အသက်နှစ်ဆယ် မပြည့်သေးသဖြင့် ရဲတပ်ဖွဲ့ဝင်ရန် ပြည်သူ့ဝန်ထမ်း ရွေးချယ်ရေး စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်မရဘဲ ဖြစ်နေလေသည်။

ပြဋ္ဌာန်းထားသော စည်းကမ်းများအရ အသက်နှစ်ဆယ်ပြည့်မှ ဝန်ထမ်းရွေးချယ်ရေး စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး တကယ်တမ်း ရဲတပ်ဖွဲ့ဝင်အဖြစ် ခန့်ထားရန်ကလည်း အသက်နှစ်ဆယ့်တစ်နှစ် ပြည့်မှဟု ဆိုထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆာပီကိုသည် အချိန်ကို အလဟဿ မဖြစ်စေရန် ဘရွတ်ကလင် ကောလိပ်ကျောင်းသို့တက်၍ အဓိကဘာသာအဖြစ် ရဲတပ်ဖွဲ့လုပ်ငန်းသိပ္ပံပညာဘာသာကို လေ့လာသင်ကြားနေခဲ့သည်။ အဆိုပါ ကောလိပ်၌ ရဲတပ်ဖွဲ့ဝင်ထားပြီးမှ ဘွဲ့ဒီဂရီ ရလိုသဖြင့် ညဘက် သင်တန်းများ လာတက်နေသူ ရဲများလည်း ရှိနေပေသည်။

ထိုလူများကိုကြည့်ပြီး အားကျမိသူ ဆာပီကိုသည် သူတို့ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ သူလည်း အလားတူ ဘောင်းဘီရှည်အနက်၊ ခြေအိတ်အဖြူနှင့် နက်ပြာရောင် မိုးကာအင်္ကျီတို့ကို ဝယ်ယူဝတ်ဆင်ခဲ့လေသည်။

ရဲတပ်ဖွဲ့ဝင်တိုင်း ကိုင်ဆောင်သည့် ရာထူးခန့် ကတ်ပြားမှာ အားကစားဒိုင်ပုံသဏ္ဍာန်ဖြစ်ရာ ဆာပီကိုသည် ကောလိပ်ကျောင်းသား ရဲတပ်ဖွဲ့ဝင်များ မကြာခဏ ထုတ်ပြသော ယင်းကတ်ပြားကို အလွန်သဘောကျမိလေသည်။

ဘင်ခ တွင် လုချင်းသိနေသော ရဲတစ်ဦးထံမှ ထိုကတ်ပြားကို ခေတ္တ ဆောင်းယူပြီး သူ၏ ဝင်ဘတ်တွင် ကပ်ကြည့်ရင်း အလွန်သဘောကျနေမိလေသည်။ သင်တန်းများ၌ ပို့ချသော ရဲတပ်ဖွဲ့လုပ်ငန်းဆိုင်ရာ မှုခင်းများ စုံစမ်းနည်းနှင့် ထောက်လှမ်းရေးပညာရပ်များကို သူသည် အထူးစိတ်ပါဝင်စားစွာ လေ့လာခဲ့လေသည်။

ထိုအတောအတွင်း လက်တွေ့စုံထောက် လုပ်ကြည့်ချင်လာသဖြင့် ကျောင်း၌ ညဘက် သင်တန်းသို့ ပြောင်းတက်ပြီး နေ့ဘက်တွင် 'ဘန်းစုံထောက်အေဂျင်စီ'အမည်ရှိ အလွတ်စုံထောက်လုပ်ငန်းအဖွဲ့တစ်ခုတွင် အချိန်ပိုင်း အလုပ်ဝင်လုပ်ခဲ့သေးသည်။

အလွတ်စုံထောက်တို့၏ ဘဝသည် ဝတ္ထုစာအုပ်များထဲ၌ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှသည်မှာ အမှန်ပင်ဖြစ်သည်။ သူလျှို (စပိုင်)တွေ မိန်းကလေး ချောချောလှလှတွေနှင့် တွေ့ဆုံစခန်းသွားရသည်ဟုလည်း နားလည်ခဲ့မိသည်။

သို့ရာတွင် ယခု တကယ်တမ်း ဘန်းစုံထောက်အဖွဲ့တွင် ဝင်အလုပ်လုပ်ကြည့်သောအခါ ထင်သလိုမဟုတ်ကြောင်း တွေ့ရပြန်သည်။

အဆိုပါ အလွတ်စုံထောက် အဖွဲ့သည် များသောအားဖြင့် လုံခြုံရေးအစောင့်လုပ်ငန်းကို တာဝန်ယူ လုပ်ကိုင်လေ့ရှိရာ ဆာပီကိုသည်လည်း သက်ဆိုင်ရာ အကြီးအကဲများက စေခိုင်းသည့်အတိုင်း ငွေပေးငှားရမ်းသူတို့၏



နေအိမ်၊ စက်ရုံ အလုပ်ရုံများ၌ လုံခြုံရေးအစောင့်တာဝန်သာ ဆောင်ရွက်ခဲ့ရလေသည်။

တဖြည်းဖြည်းနှင့် ထိုအလုပ်က စိတ်ဝင်စားဖွယ်လည်း မရှိသည့်အပြင် ပင်ပန်းစရာလည်း ကောင်းလှသည်ဟု ဆုံးဖြတ်ကာ အလုပ်မှထွက်လိုက်သည်။

ရဲတပ်ဖွဲ့ဝင်ခွင့်ရရန် အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် လိုအပ်သဖြင့် ဆာပီကိုသည် ထိုစာမေးပွဲ ကောင်းစွာဖြေဆိုနိုင်ရန် သက်ဆိုင်ရာ ဘာသာရပ်အားလုံးကို အထူးကြိုးစား လေ့လာခဲ့လေသည်။

သူ အသက်နှစ်ဆယ်ပြည့်ပြီးသည်နှင့် အနီးကပ်ဆုံး ကျင်းပသော ရဲအရည်အချင်းစစ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ထိပ်ဆုံးမှ အမှတ်အများဆုံးရသူ ဆယ်ဦးစာရင်းတွင် ပါဝင်ကာ ကောင်းစွာအောင်မြင်ခဲ့ပြီး ရဲအတတ်သင်အကယ်ဒမီ (တက္ကသိုလ်)ကျောင်းသို့ တက်ခွင့်ရသည့်စာရင်းတွင် ထည့်သွင်းခံခဲ့ရလေသည်။

ရဲ အကယ်ဒမီသို့တက်ရန် အချိန်က လိုသေးသဖြင့် ဆာပီကိုသည် မြို့တော်ဝန်ရုံး လက်အောက်ခံ လူငယ်များ စည်းရုံးထိန်းသိမ်းရေး ဘုတ်အဖွဲ့တွင် ခေတ္တဝင်ရောက် လုပ်ခဲ့သေးသည်။ အလုပ်တာဝန်က ထိုအချိန် (၁၉၅၁ ခု ပတ်ဝန်းကျင်)က နယူးယောက်မြို့တွင် သောင်းကျန်းနေသော ဆိုးသွမ်းလူငယ်ဂိုဏ်းများအား ကြီးကြပ်ထိန်းသိမ်းရန်ပင်ဖြစ်ရာ ယင်းအလုပ်သည် တစ်နေ့ ရဲအရာရှိဖြစ်လာလျှင် အသုံးဝင်မည့် အတွေ့အကြုံဖြစ်မည်ဟု ယူဆလျက် ဆာပီကိုက ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။

သူ့အား တာဝန်ချလိုက်သောနေရာကား အီတလီလူမျိုးအနွယ် ဆိုးသွမ်းလူငယ်ဂိုဏ်းတစ်ဂိုဏ်း သောင်းကျန်းနေသော 'ကွင်း'ရပ်ကွက်ပင်ဖြစ်သည်။ သူ၏ ရဲတင်းပွင့်လင်းမှု၊ လူငယ်ဂိုဏ်းသားများနှင့်ယှဉ်၍ ကြမ်းဝံ့ရမ်းဝံ့သော သတ္တိရှိမှုတို့ကြောင့် ဂိုဏ်းသားလူငယ်များက သူ့အား လေးစားလာကာ ဆိုးသွမ်းရမ်းကားမှုတွေ လျော့နည်းပပျောက်အောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။

* * *

၁၉၅၉ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဆာပီကိုသည် အခမ်းခန့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် ကျမ်းသစ္စာကျိန်ကာ စတင်တာဝန်ယူရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းကျိန်သည့် နေ့မှာပင် သူ အလွန်တန်ဖိုးထား မက်မောသော ရဲတပ်ဖွဲ့ဝင်ကတ်ပြား (ဒိုင်းငယ်)ကို ရရှိခဲ့လေသည်။ အဆိုပါကတ်ပြားတွင် သူ၏ ရဲတပ်ဖွဲ့ဝင် ကိုယ်ပိုင်အမှတ်ကိုလည်း ရေးသားဖော်ပြထားပေသည်။

အကယ်၍ အများပြည်သူက ရဲတပ်ဖွဲ့ဝင်တစ်ဦးအပေါ် မကျေနပ်၍ အထက်အာဏာပိုင်များထံ တိုင်ကြားအရေးဆိုလိုပါက ယင်း ကိုယ်ပိုင်အမှတ်ကိုပါ ဖော်ပြပြီး တိုင်ကြားရပေသည်။

ဆာပီကို၏ ရဲတပ်ဖွဲ့ဝင် ကိုယ်ပိုင်အမှတ်ကား ၁၉၀၇၆ ပင်ဖြစ်သည်။

စခန်းရဲတပ်ဖွဲ့ဝင်များ ဝတ်ဆင်ရသည့် မီးခိုးရောင် ယူနီဖောင်းဝတ်စုံနှင့် ပွိုင့် ၃၈ အမျိုးအစား ခြောက်လုံးပြူးသေနတ်တစ်လက်ကိုပါ သက်ဆိုင်ရာက ထုတ်ပေးလိုက်သည်။

အစီအစဉ်ကား အစမ်းခန့်ရဲအဖြစ် လက်တွေ့ကွင်းဆင်းပြီးမှ ရဲအတတ်သင် 'အကယ်ဒမီ'ကျောင်းသို့ တက်ရောက်ရန်ပင်ဖြစ်သည်။

ဆာပီကိုနှင့်တူ အစမ်းခန့်ရဲများ ဖြစ်လာသူ လူသစ်ဦးရေက သုံးရာခန့်ရှိလေသည်။

အနည်းငယ် စကားစပ် ပြောဆိုကြရင်း ဆာပီကို အံ့သြမိသော အချက်မှာ လူအများစုက ရဲအရာရှိဖြစ်ရန် ဝါသနာလည်းမပါ၊ စိတ်ဝင်စားမှုလည်း မရှိဘဲ အခြားအလုပ်အကိုင် အဆင်မပြေ၍ ရဲအရည်အချင်း စာမေးပွဲ ဝင်စမ်းဖြေကြည့်ရာမှ အစမ်းခန့်ရဲများ ဖြစ်လာကြသည်ဟု သိရခြင်းပင်တည်း။

တစ်ယောက်ကဆိုလျှင် မူလက ဆံပင်ညှပ်ဆိုင် အလုပ်သမားဖြစ်ပြီး သူ၏အလုပ်ကို သဘောမကျသဖြင့် ရဲအရည်အချင်း စာမေးပွဲကို ထိထိုးသလို ဝင်စမ်းဖြေကြည့်ရာမှ စာမေးပွဲအောင်ပြီး ရဲဖြစ်လာရသည်ဟု ဆိုသည်။

နောက်တစ်ယောက်က အဝေးပြေး မော်တော်ယာဉ်မောင်းသူဖြစ်ပြီး ရံဖန်ရံခါ အလုပ်မရှိဘဲ ဝင်ငွေမမှန်သောကြောင့် ရဲတပ်ဖွဲ့ထဲဝင်လာသည်။

တတိယ လူသစ်တစ်ဦးမှာ နီဂရိုးခေါ် ကပ္ပလီ လူမည်းဖြစ်လေသည်။

သူက အမှိုက်သရိုက် သန့်ရှင်းရသည့် အလုပ်လုပ်နေရာမှ ထိုအလုပ်ထက်စာလျှင် ရဲသားလုပ်ရတာက ပိုအထက်တန်းကျသည်ဟု ယူဆ၍ ဝင်ရောက်လာခြင်း ဖြစ်သည်ဟု ပြောပြလေသည်။

တနည်းအားဖြင့် ဆာပီကိုလို ရဲလုပ်ငန်းကို ဝါသနာနှင့် စိတ်ဝင်စားမှု လေးလေးနက်နက် ရှိသူက အလွန်နည်းပြီး များသောအားဖြင့် စီးပွားရေး



သို့မဟုတ် လူမှုရေးအကြောင်းများကြောင့် ရဲတပ်ဖွဲ့ထဲ ဝင်လာသူတွေ များလေသည်။

အစမ်းခန့်ရဲအဖြစ် စမ်းသပ်တာဝန်ပေးသည့် အချိန်ကာလမှာ လေးလဖြစ်လေသည်။

ထိုလေးလအတွင်း ရဲသားလူသစ်သည် လက်တွေ့ကွင်းဆင်းရသည့်ပြင် ရဲလုပ်ငန်းနှင့် ပတ်သက်၍ သင်တန်းများလည်း တက်ရသည်။ ထို့ပြင် ကျန်းမာရေး လေ့ကျင့်ခန်း၊ သေနတ်ပစ် လေ့ကျင့်ခန်းများလည်း လုပ်ရလေသည်။

သင်တန်းများတွင်ကား ရဲတပ်ဖွဲ့လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေအနက်အလက်များ၊ ရဲအရာရှိများ တာဝန်ဝတ္တရား ဆောင်ရွက်သည့်အခါ ဖြည့်စွက်ရသော ပုံစံများ၊ ရေးဖြည့်သွင်းနည်း၊ တရားခံ ဖမ်းဆီးသည့်အခါ လိုက်နာရမည့် စည်းကမ်း စသည်တို့ကို သင်ကြားရလေသည်။

ဆာပီကိုအနေဖြင့် သဘောအကျဆုံးကား ကင်းလှည့်ရဲတပ်သားအဖြစ် လက်တွေ့ကွင်းဆင်း တာဝန်ထမ်းဆောင်ရခြင်းပင်ဖြစ်သည်။

တစ်ညသ၌ ဆာပီကိုသည် သူကဲ့သို့ သင်တန်းသား အစမ်းခန့် ရဲတစ်ဦးနှင့်အတူ ကင်းလှည့်တာဝန်ကျခဲ့သည်။ သူ၏ အဖော်ကား အိုကော်နာ အမည်ရှိ အိုင်ယာလန် လူမျိုးအနွယ်ဖြစ်ပြီး ရဲတပ်ဖွဲ့ထဲ မဝင်မီက ကုန်ပဒေသာ ...ဘတ်တိုက်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့ဖူးသည်။

လူသစ်များအနေဖြင့် မှုခင်းတစ်ခုခုနှင့် ကြုံပြီး ပထမဆုံးအကြိမ် ...ခံ ဖမ်းနိုင်ခြင်း မျှော်လင့်နေတတ်ကြရာ ဆာပီကိုနှင့် အိုကော်နာတို့ ...တာဝန်ကျသည့်ညတွင် တရားခံဖမ်းမိပါစေဟု ဆုတောင်းမိကြလေသည်။

သူတို့သည် 'မင်ဟက်တန်' ရပ်ကွက် တစ်နေရာ၌ ကင်းလှည့်နေခိုက် ...ရွယ် လူနှစ်ယောက် ကျောင်းတစ်ကျောင်း၏ ဝင်းပြင်သို့ ပြေးသွား... ဆာပီကိုက လှမ်းမြင်မိလေသည်။ လူတစ်ယောက်၏ လက်ထဲ၌ ... အရောင်လက်သည့် အရာဝတ္ထုတစ်ခုကိုလည်း သတိပြုမိသဖြင့် ...သူ အိုကော်နာကိုပါခေါ်ပြီး နှစ်ယောက်သား ပြေးလိုက်ကြလေသည်။

ခြံစည်းရိုးပြင်ဘက်တွင် ထွက်ပြေးသူနှစ်ယောက်ကို မိသဖြင့် ဆာပီကိုနှင့် ...နာတို့သည် သေနတ်ကိုယ်စီ ဆွဲထုတ်ချိန်ထားလိုက်ရာ ပြေးသူနှစ်ယောက် ... သေနတ်မြင်၍ ဆက်မပြေးဝံ့တော့ဘဲ ရပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်အနက် တစ်ယောက်က အရပ်မြင့်မြင့်နှင့် ကျန်လူက ခပ်ပုပုပျပ်ပျပ် ဖြစ်လေသည်။

စောစောက ဆာပီကို မြင်လိုက်သော အရောင်လက်လက် အရာဝတ္ထုမှာ စားမြောင်မဟုတ်ဘဲ ကုန်စုံဆိုင်များတွင် ထားလေ့ရှိသည့် ငွေအကြွေထည့်သော သတ္တုငွေသေတ္တာ ဖြစ်နေရာ အိုကော်နာက ထိုပစ္စည်းကို ဆွဲယူလိုက်သည်။

လူပုပုက ထိုပစ္စည်းကို ကျောင်းဝင်းထဲမှ ကောက်ရသည်ဟု ဆိုသည်။

ဆာပီကိုသည် အရပ်မြင့်မြင့်၏ အင်္ကျီအိတ်ကို ရှာဖွေကြည့်ရာ ချွန်ထက်သော စားမြောင်တစ်လက် တွေ့ရသဖြင့်–

"ဒါကကော ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်သည်။

"ဒါ က ကျုပ်ကိုယ်ကျုပ် ကာကွယ်ဖို့အတွက် ဆောင်ထားတာပါ၊ အခင်အဆက်ကပဲ ကျုပ် ဒီနားမှာ လုယက်ခံခဲ့ရတယ်"

အရပ်မြင့်မြင့်လူက ပြန်ဖြေသည်ကို ဆာပီကိုက လုံးဝလက်မခံချေ။

အိုကော်နာက လူပုပုအား ဆက်မေးခွန်းထုတ်လေသည်။

"မင်းတို့ကို ရဲစခန်းကျမှ စစ်မယ်ဆိုရင် မင်းတို့ သက်သာမှာမဟုတ်ဘူး၊ ဒါကြောင့် အခုအချိန်မှာ အမှန်အတိုင်းပြောရင် ကောင်းမယ်၊ မင်းတို့ ဒီကျောင်းဝင်းထဲ ဘာဝင်လုပ်တာလဲ"

"ကျွန်တော် စောစောကပြောသလို ဒီငွေသေတ္တာကို မြေကြီးပေါ်က ကောက်ရတာပါပဲ၊ ကျွန်တော်တို့ကို ပြန်ယူသွားခွင့်ပြုပါ"

ထိုလူ၏စကားကို အိုကော်နာက နားထောင်ရင်း ပိုင်ရှင်မဲ့ပစ္စည်း ဖြစ်ပါက ပြန်ပေးရကောင်းမည်လောဟု စဉ်းစားနေစဉ် ဆာပီကိုက ရုတ်တရက် ပြတ်သားစွာ ဆုံးဖြတ်ချက် ချလိုက်သည်။

"ကျုပ်တို့ ဒီလူနှစ်ယောက်ကို လက်ထိပ်ခတ်ပြီး စခန်းကို ခေါ်သွားရင်ကောင်းမယ်၊ သင်တန်းမှာတုန်းက ဆရာက ပြောပြခဲ့တာ မှတ်မိတယ် မဟုတ်လား၊ မှုခင်းတစ်ခုဖြစ်ပွားလို့ ရဲအရာရှိက ဖမ်းမိတဲ့လူဟာ တရားခံဖြစ်တယ်လို့ ယူဆရင် ဖမ်းဆီးခွင့်ရှိတယ်လို့ ပြောတာလေ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခု ဒီမှာ ခိုးမှု၊ သို့မဟုတ် ဖောက်ထွင်းမှု ဖြစ်ပွားတယ်ဆိုတာ ကျုပ်တို့ တိတိကျကျမှ မသိရသေးဘူး မဟုတ်လား"



အိုကော်နာက လူနှစ်ယောက်ကို အလောတကြီး အရေးမယူချင်ဟန် ပြင်ဆင်ပြောသော်လည်း ဆာပီကိုက စိတ်ပိုင်းဖြတ်ပြီး ဖြစ်နေလေပြီ။

"ဟာဗျာ... ဒီရပ်ကွက်မှာ ဒီလူနှစ်ယောက်ကို ခိုးရာပါပစ္စည်းနှင့်တကွ ဖမ်းမိမှတော့ ဘာမသေချာစရာရှိသလဲ လာပါဗျာ၊ ကျုပ် တာဝန်ယူပါ့မယ်"

ပြောပြောဆိုဆို ဆာပီကိုက အသင့်ပါသော လက်ထိပ်ဖြင့် လူနှစ်ယောက်ကို ခတ်လိုက်ပြီး ရဲစခန်းသို့ ခေါ်သွားလေသည်။

စခန်းသို့ရောက်၍ တာဝန်ကျ ရဲစာရေးကြီးထံ သတင်းပို့သောအခါ စာရေးကြီးက တရားခံနှစ်ယောက်ကို လှမ်းကြည့်ပြီး ဆာပီကိုနှင့် အိုကော်နာတို့ကို သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။

"မောင်ရင်တို့ ပွဲဦးထွက် အရေးကြီးတဲ့ တရားခံ ဖမ်းမိလာတာ ဖြစ်နိုင်တယ်၊ ဒီလူနှစ်ယောက်ကို ဟိုဘက်က စုံထောက်ဌာနကို ခေါ်သွားလိုက်"

စုံထောက်ဌာနသို့ ရောက်သောအခါ လူဝဝကြီးတစ်ယောက်က တာဝန်ကျ စုံထောက်ရှေ့တွင် ရပ်ပြီး လက်ဟန်ခြေဟန်ဖြင့် စကားပြောနေလေသည်။

ဆာပီကိုနှင့်အတူ ပါလာသော တရားခံနှစ်ဦးကို လှမ်းမြင်သောအခါ လူဝကြီးက ချက်ချင်း ထိုင်ရာမှထပြီး လက်ညှိုးညွှန်လျက်–

"ဟော သူတို့ပဲခင်ဗျ၊ ကျုပ်ကို စားထောက်ပြီး လုသွားကြတာ သူတို့ပဲ၊ ကျုပ် ကောင်းကောင်းမှတ်မိတယ်"

ဟု အော်ပြောလေသည်။

ဆာပီကိုအနေဖြင့် နောက်ပိုင်းသိရသည်မှာ သူတို့ဖမ်းလာခဲ့သော လူနှစ်ယောက်သည် လုယက်တိုက်ခိုက်လေ့ရှိသော လူဆိုးများ အမှန်ဖြစ်သည်ဟု သိရသည်။

ယခု ရဲစခန်းသို့ လာရောက်တိုင်ကြားနေသူ လူဝဝမှာ တက္ကစီမောင်း သူတစ်ဦးဖြစ်သည်။ လူနှစ်ယောက်က တက္ကစီအငှား စီးဟန်ဆောင်ပြီး စားထောက်၍ ငွေများအားလုံးနှင့် ငွေထည့်သည့် သေတ္တာပါ ဖြုတ်ယူသွားသည်ဟု တိုင်ကြားလေသည်။

ဆာပီကိုနှင့် အိုကော်နာတို့က ထိုလူဆိုးနှစ်ဦးအား ဖမ်းဆီးခဲ့ချိန်မှာ လုယက်မှုကျူးလွန်၍ မိနစ် ၂၀ မျှသာ ကြာသေးသည်ဟုလည်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် ဆာပီကိုနှင့် အိုကော်နာတို့သည် မိမိတို့၏ ပွဲဦးထွက် လူဆိုးဖမ်းမိခြင်းကို အောင်မြင်မှုတစ်ရပ်အဖြစ် ဝမ်းမြောက်အားတက်ကာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စခန်းမှအပြန်တွင် စားသောက်ဆိုင် တစ်ဆိုင်ဝင်၍ ပျော်ပျော်ပါးပါး ဘီယာမှာသောက်ကြလေသည်။

နောက်တစ်နေ့နံနက် တရားခံများအား တရားရုံးသို့ ခေါ်ထုတ်ရာတွင် ဆာပီကိုက ဖမ်းဆီးသူ အရာရှိအဖြစ် လိုက်ပါသွားရလေရာ လမ်း၌ လူဆိုး ပုပုက–

"ခင်ဗျားတို့ သေနတ်နဲ့ချိန်ပြီးသား ဖြစ်နေလို့သာ ကျုပ်တို့ အဖမ်းခံ ခဲ့ရတာဘယ်၊ ခင်ဗျားတို့နှစ်ယောက် အချေအတင် ပြောနေကြချိန်မှာ ကျုပ်တို့ သင်ခြေမလို့ပဲ၊ သေနတ်တွေရှိနေလို့သာ မပြေးနိုင်ခဲ့တာ"

ဟု ပြောလေသည်။

ထိုစကား၏ အဓိပ္ပာယ်က မိမိနှင့် အိုကော်နာတို့ လူဆိုးနှစ်ဦးအား သက်ဆိုင်ခြင်း ဖမ်းသွားသင့်မသင့် အချေအတင် ပြောနေခဲ့ခြင်းသည် ရဲများ အနေဖြင့် လျင်မြန်ပြတ်သားမှု မရှိရာရောက်သည်ဟု ယူဆလျက် သင်ခန်းစာ အဖြစ် မှတ်သားထားလိုက်သည်။

* * *

ဆာပီကိုနှင့် အိုကော်နာတို့ တရားခံဖမ်းမိခြင်း သတင်းသည် ရဲတပ်ဖွဲ့ သင်တန်းသားများ လောကတွင် ကျော်ကြားသွားရုံမက သင်တန်းဆရာအချို့က သင်တန်းဆင်း ဆုပေးပွဲတွင် အမြင့်ဆုံးအဆင့်ဖြစ်သော မြို့တော်ဝန်၏ဆု ကိုပင်ရနိုင်သည်ဟု ပြောခဲ့ကြလေသည်။

သို့ရာတွင်–

တကယ်တန်း သင်တန်းဆင်းကြသောအခါ အဆိုပါဆုကို ဆာပီကိုတို့ မရရှိဘဲ အခြားသင်တန်းသားတစ်ယောက် ရသွားလေသည်။

သင်တန်းကျောင်းတွင် ကြားရသော ကောလဟာလ သတင်းကတော့ ဆုရသွားသူသည် အင်စပက်တော် (ရဲမှူးချုပ်)နှင့် ဆွေမျိုးတော်စပ်သော ကြောင့်ဟု ဆိုသည်။



"ဘ၀ တိုးတက်ရေးအတွက် အရည်အချင်းရှိဖို့ထက် အဆက်အသွယ် ကောင်းဖို့က အရေးကြီးတာဗျ"

ဤသို့လည်း သင်တန်းသားတစ်ဦးက ဆာပီကိုအား ပြောပြဖူးလေသည်။

ရဲသင်တန်း ပြီးဆုံး၍ သင်တန်းဆင်းပွဲ အခမ်းအနားမတိုင်မီ တစ်ရက် တွင် ရဲတပ်ဖွဲ့၏ ဘာသာရေးတရားပြခြင်း တာဝန်ယူရသူ ခရစ်ယာန်ဘုန်းကြီးက သင်တန်းသားများအား တရားဟောလေသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်ဝတ္တရား ဆောင်ရွက်ရာ၌ ဘာသာ ရေးကိုလည်းကောင်း၊ ဘာသာရေးအရ အတွင်းစိတ်သဘော ဖြူစင်ဖြောင့်မတ် နေသည်ကိုလည်းကောင်း ခရစ်ယာန်ဘုန်းကြီးက ဟောပြောဆုံးမလေသည်။

သင်တန်းဆင်းပွဲတွင် ဆာပီကို ပထမဆုံးအကြိမ် တကယ်ရဲယူနီဖောင်း အသစ်ဖြစ်သော အပြာရောင်ဝတ်စုံဖြင့် သပ်ရပ်စွာ ဝတ်စားထားကာ သူက ကိုယ်ကိုလည်း တည့်မတ်စွာ စစ်သားများဟန်ဖြစ်အောင် ဂရုစိုက်၍ နေလေသည်။

သင်တန်းဆင်းပွဲသို့ မိဘများလည်း တက်ရောက်ခွင့်ရသဖြင့် ဆာပီကို၏ မိဘနှစ်ပါးနှင့်တကွ သူ၏ နှမတို့ပါ လာရောက်ကြလေသည်။

ရဲမင်းကြီးက သင်တန်းဆင်း အမှာစကား ပြောရာတွင် ယခုသင်တန်း သားများအနေဖြင့် ကမ္ဘာပေါ်တွင် အကောင်းဆုံး၊ ထိပ်တန်းအကျဆုံး ရဲသင် တန်းသို့ တက်ရောက်သင်ကြားခွင့် ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တို့ တတ်သိနား လည်ရမည့် ရဲတပ်ဖွဲ့ လုပ်ထုံးလုပ်နည်းများနှင့်တကွ ဥပဒေပညာကိုပါ သင် ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသားတို့ ယခုအချိန်က စတင်ဝတ်ဆင် ပေးသည့် ယူနီဖောင်းဝတ်စုံသည် ပြည်သူတို့အား ကူညီအလုပ်အကျွေးပြုရသူ ပြည်သူ့ဝန်ထမ်းဖြစ်သည်ကို ဖော်ပြလျက်ရှိကြောင်း။ ရဲတပ်ဖွဲ့ဝင်များသည် ထို့ပြင် ရဲလုပ်ငန်းတာဝန်များအပြင် လူမှုရေး၊ နိုင်ငံရေးနှင့် ကိုယ်ကျင့်တရား ဆိုင်ရာ တာဝန်များလည်းရှိကြောင်း။ ရဲအရာရှိများ ဖြစ်လာသည့်အခါ ဘက် မလိုက်ဘဲ အမြဲတစေ တရားမျှတစွာ လုပ်ကိုင်ဆောင်ရွက်ရန်လည်း အရေးကြီး ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောသွားသည်။

ဆာပီကိုသည် ရဲမင်းကြီး၏ မိန့်ကြားချက်ကို အထူးအလေးအနက် ထား၍ နားထောင်ရင်း မိန့်ခွန်းပါ သွန်သင်ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်သွားမည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းကြီး၏ မိန့်ခွန်းတွင် အဂတိ လိုက်စားမှုကြောင့် ရဲတပ်ဖွဲ့ဝင်များသည် လာဘ်ပေးလာဘ်ယူကိစ္စတွေ ကြုံတွေ့ရမည့်အကြောင်းများကိုကား လုံးဝထည့်သွင်း ပြောမသွားချေ။

အခမ်းအနားအပြီးတွင် သင်တန်းဆရာတစ်ဦးကတော့ ဤသို့ပြောခဲ့လေသည်။

“တို့က အခု မင်းတို့ကို သင်ပေးလိုက်တာဟာ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပို့ချပေးလိုက်တာသာ ဖြစ်တယ်။ လက်တွေ့ကျတော့ ကိုယ်တာဝန်ကျရာ ရဲစခန်းအပိုင်းရဲ့ အခြေအနေအရ ကြည့်စခန်းသွားရမှာပဲ၊ ဒါကိုမင်း လက်တွေ့ကွင်းဆင်းတော့ နားလည်လာပါလိမ့်မယ်”

* * *

အတိတ်က ဖြစ်ရပ်များကို ပြန်ပြောင်းသတိရနေသူ ဆာပီကိုသည် ယခု ဘရွတ်ကလင်း ဆေးရုံ၌ ဆေးဝါးကုသနေရဆဲပင် ရှိလေသည်။

သူ၏ရင်ဘတ်တွင် တပ်ဆင်ထားသည့် ရော်ဘာပိုက်ငယ်များကိုလည်း ဆရာဝန်များက ဆက်လက်တပ်ဆင်ထားရှိစဲ ဖြစ်လေသည်။ လက်ဝဲဘက်မျက်လုံးက ဖူးယောင်နေသေးလျက် လုံးဝပိတ်နေပြီး လက်ယာဘက် မျက်လုံးတစ်ဖက်ဖြင့်သာ ကြည့်နိုင်လေသည်။

သူ၏ နားတစ်ဖက်ကလည်း အလွန်နာကျင်လျက်ရှိပြီး ကောင်းစွာမကြားရသော အခြေအနေမျိုး ဖြစ်နေသည်။

ဆာပီကို၏ အခြေအနေအရ ပြင်ပဧည့်သည်ဆို၍ သူ၏ မိသားစုသာလျှင် လာရောက်တွေ့ဆုံခွင့်ရသဖြင့် ပထမဆုံးနေ့ကဆိုလျှင် သူ၏မိခင်၊ ဖခင်တို့အပြင် အစ်ကိုနှစ်ယောက်နှင့် ဇနီးများ၊ ဆာပီကို၏ အစ်မ ‘တီနာ’နှင့် သူ၏ခင်ပွန်းတို့ အားလုံး လာရောက်ကြည့်ရှုကြလေသည်။

အစ်မဖြစ်သူ တီနာခမျာ သူမ၏မောင် ဆာပီကို၏အဖြစ်ကိုကြည့်ပြီး ဟန်မဆောင်နိုင်တော့သဖြင့် ဆေးရုံဝင်း အပြင်ဘက်ထွက်၍ ချုံးပွဲချငိုကြွေးခဲ့ရှာသည်။

ဒဏ်ရာ၏ အခြေအနေအကြောင့် ဆာပီကိုမှာ အစာလုံးဝမစားနိုင်သေးသဖြင့် ဆရာဝန်များက သွေးကြောမှတဆင့် အာဟာရဓာတ်များ သွင်းပေး



…ရလေသည်။

လေးရက်မြောက်သောနေ့တွင် ဆာပီကိုသည် အနည်းငယ် သက်သာ…လေသည်။

ထိုနေ့မှာပင် သူနာပြုဆရာမက ဆာပီကို နာမည်နှင့် စာတစ်စောင် …ပေးလေသည်။

ဆေးရုံတက်နေစဉ် အသိမိတ်ဆွေများက မြန်မြန်ကျန်းမာပါစေဟု …မွန်တောင်းသည့်စာများကို ပို့လေ့ရှိသဖြင့် ဆာပီကိုလည်း အလားတူစာ…မည်ဟုထင်လျက် ဖွင့်ဖတ်ကြည့်ရာ အောက်ပါအတိုင်း ရေးထားသည်ကို …ရလေသည်။

“အသင် မြန်မြန်သေလော့၊ သင်သည် အသုံးမကျသော လူတစ်ယောက် …သည်”

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော အသုံးအနှုန်းက ရဲတပ်ဖွဲ့ဝင်များ …လေ့ရှိသော စကားလုံးများဖြစ်နေရာ ဆာပီကိုအဖို့ စဉ်းစားစရာပင်ဖြစ်နေ…သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

၁၉၆၀ ပြည့်နှစ် မတ်လ ၆ ရက်နေ့ (ရဲအတတ်သင် အကယ်ဒမီမှ သင်တန်းဆင်းခဲ့ပြီး နောက်တစ်နေ့တွင်) ဆာပီကိုသည် ဘရွတ်ကလင်း အရှေ့ရပ်ကွက်၌ ခန့်ညားထည်ဝါသော အနီရောင် အဆောက်အအုံကြီးတစ်ခုသို့ သွားလေသည်။

သူ၏ လက်တစ်ဖက်တွင် အဝတ်အစားထည့်သာ အိတ်တစ်အိတ်ဆွဲကိုင်ထားပြီး ခေါ်လုံးပြူးသေနတ်နှင့် ကျည်ဆန်အပိုများ၊ နံပါတ်တုတ်တစ်ချောင်း၊ လက်နှိပ်ဓာတ်မီး စသောပစ္စည်းများလည်း ယူဆောင်သွားလေသည်။

ဆာပီကိုသည် အကယ်ဒမီ သင်တန်းဆင်းပြီး ရဲတပ်ဖွဲ့ဝင် တာဝန်ဝတ္တရားကို တရားဝင် စတင်ဆောင်ရွက်ရတော့မည် ဖြစ်သည်။

အဆောက်အအုံတွင်းသို့ ဝင်လိုက်လျှင် အလွန်ကျယ်ဝန်းသော ရုံးခန်းကြီးတစ်ခန်း၌ ရဲအရာရှိ (လက်ဖ်တင်နင်) တစ်ဦးသည် စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေလေသည်။

ဆာပီကိုသည် ထိုအရာရှိ၏ စားပွဲရှေ့သို့ လျှောက်သွားစဉ် သူ၏စိတ်များ လှုပ်ရှားနေမိလေသည်။ သူ အလွန်လုပ်ချင်နေခဲ့သော ရဲတပ်ဖွဲ့ဝင်အဖြစ်ယခု တရားဝင် အလုပ်လုပ်ရတော့မည်ဟုတွေးပြီး ဝမ်းမြောက်ရာမှ စိတ်လှုပ်ရှားခြင်းပင် ဖြစ်သည်။



"ကျွန်တော် ရဲတပ်သား ဆာပီကိုဖြစ်ပါတယ်၊ အလုပ်ဝတ္တရားဆောင်ရွက်ဖို့ သတင်းလာပို့ခြင်း ဖြစ်ပါတယ်"

ဆာပီကိုက စစ်သားတစ်ယောက်လို တည့်မတ်စွာရပ်ပြီး ပြောလိုက်မှ ရဲအရာရှိသည် စာအုပ်ကိုချပြီး မော်ကြည့်လေသည်။

"ဪ... ဟုတ်လား၊ သတင်းပို့ဆိုရင် ဟောဟိုလှေကားက အပေါ်ကိုတက်သွားပါ၊ အပေါ်ရောက်ရင် လက်ဝဲဘက်က ပထမဆုံးအခန်းကို သွားပေတော့"

ဤသို့ ညွှန်ကြားလိုက်သဖြင့် ဆာပီကိုလည်း အလေးပြုပြီး လှေကားဆီသို့ လျှောက်သွားလေသည်။

* * *

ရဲသင်တန်းကျောင်းတွင်ရှိစဉ်က ဆာပီကိုသည် တကယ်တမ်း အလုပ်လုပ်ရသောအခါ မည်သည့်ရပ်ကွက် ရဲစခန်းတွင် တာဝန်ကျမည်နည်းဟု ကြိုတင်စဉ်းစားလေ့ရှိခဲ့သည်။

သူ့အနေဖြင့် ရဲတပ်ဖွဲ့တွင် အမှုထမ်းရလျှင် စွန့်စားလှုပ်ရှားမှုများများကြုံရမည့် တာဝန်ကို ထမ်းချင်သည့် ဆန္ဒရှိရာ ဘာမှမလုပ်ဘဲ ပျင်းစရာကောင်းသည့် စခန်းများတွင် တာဝန်ချထားခံရမည်ကို စိုးရိမ်မိခဲ့သည်။

သို့ရာတွင်–

ယခု လက်တွေ့လာရောက် သတင်းပို့လိုက်သောအခါ ဘရွတ်ကလင်း ရပ်ကွက် အမှတ် ၈၁ စခန်းသို့ တာဝန်ချလိုက်သဖြင့် အလွန်ကျေနပ် သဘောကျသွားမိတော့သည်။

အမှတ် (၈၁) စခန်းအပိုင်း ရပ်ကွက်သည်ကား ရဲအရာရှိတွေ အလုပ်များနေအောင် အမြဲတမ်း လုပ်စရာရှိသည့် နေရာဟု နာမည်ကြီးနေသည်။ ဆင်းရဲသား ကျူးကျော်ရပ်ကွက်၊ အီတလီလူမျိုး အနွယ်များနေသည့် ရပ်ကွက်များလည်းရှိသည်။ လုယက်မှု၊ ဖောက်ထွင်းမှု၊ မုဒိမ်းမှု၊ လူသတ်မှုများ မကြာခဏ ဖြစ်ပွားတတ်သော ရပ်ကွက်လည်းဖြစ်သည်။

ထို့ကြောင့် အမှတ် (၈၁) စခန်းသို့ တာဝန်ချလိုက်ခြင်းကို ကျေနပ်သဘောကျမိခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုပင် ဆာပီကိုအား ပတ္တရောင် ကင်းလှည့်အဖွဲ့တစ်ဖွဲ့တွင် တာဝန်ချထားလိုက်လေသည်။

ပတ္တရောင် ကင်းအဖွဲ့ဝင်ရဲများသည် ရက်သတ္တတစ်ပတ်လျှင် နေ့တာဝန် (ဂျူတီ) ကျပြီး နောက်တစ်ပတ်တွင် ညဘက်တာဝန်ကျကြသည်။ နေ့တာဝန်မှာ နံနက် ရှစ်နာရီမှ ညနေ လေးနာရီအထိဖြစ်ပြီး ည (ဂျူတီ)ဆိုလျှင်မူ ညသန်းခေါင်ယံအချိန်မှ နံနက် ရှစ်နာရီအထိ ဖြစ်လေသည်။

တာဝန်ချိန် တစ်ချိန်နှင့် တစ်ချိန်ကြားတွင် ရဲတပ်ဖွဲ့ဝင်များ နားနေနိုင်ရန်အတွက် စခန်း၌ သီးသန့်အခန်းတစ်ခန်း ပေးထားလေသည်။

အခန်းတွင်း၌ စားပွဲရှည်ကြီးနှစ်လုံး၊ သစ်သားကုလားထိုင် ၁၂ လုံးနှင့် ခုံရှည်တစ်ခုသာရှိသည်။ အခန်း၏ နံရံတွင်မူ ရဲတပ်ဖွဲ့က အလိုရှိသော ဝရမ်းပြေး ရာဇဝတ်ကောင်များ၏ ဓာတ်ပုံနှင့် ကြော်ငြာစာရွက်ကြီးများ ကပ်ထားလေသည်။

ထို့ပြင် ရဲတပ်ဖွဲ့ဝင်များ ယူနီဖောင်းဝတ်စုံလဲပြီးလျှင် မိမိတို့၏ အရပ်ဝတ်အရပ်စားများ သိမ်းဆည်းထားရန်အတွက် ဗီရိုငယ်များလည်း ရှိလေသည်။

တာဝန်ကျ ရဲများ၏ စာရင်းကိုခေါ်၍ စစ်ဆေးမည့် အရာရှိ ဝင်လာသည်နှင့် ရဲတပ်ဖွဲ့ဝင်အားလုံး တန်းစီကြရလေသည်။ ထိုအရာရှိက လူများကို စစ်ဆေးပြီးနောက် ခြေလျင်ပတ္တရောင် ကင်းအဖွဲ့များ လှည့်လည်ရမည့် နေရာ (ရပ်ကွက်)ကို သတ်မှတ်ပေးသည့်အပြင် ရဲဝိုင်ယာလက်ကားဖြင့် လှည့်ရမည့်သူများအတွက်လည်း မည်သည့်ရပ်ကွက်မှ မည်သည့်နေရာအတွင်း ကင်းလှည့်ရမည်ဟု သတ်မှတ်ပေးလေသည်။

ဆာပီကိုသည် လူသစ်တစ်ဦးဖြစ်နေ၍ ရဲစခန်းအပိုင်ဖြစ်သော မြို့၏ ရပ်ကွက်များ အသေးစိတ် ဖော်ပြထားသည့် မြေပုံတစ်ခု ရရှိလေသည်။

ရဲစခန်းများ၏ အစဉ်အလာတစ်ခုမှာ ရဲလူသစ်တစ်ဦး ရောက်လာလျှင် စခန်းရှိ လူဟောင်းကြီးများက လိုအပ်သော အကြံဉာဏ်များပေးခြင်း၊ ရပ်ကွက်၏ အခြေအနေကို ကြိုတင်သိရှိအောင် ပြောပြခြင်းတို့ပင် ဖြစ်သည်။

ပထမဆုံး တာဝန်ကျသည့်နေ့တွင် ဆာပီကိုအား ဝါရင့် ရဲကြီးတစ်ဦးက အကြံဉာဏ်ပေးရင်း ရပ်ကွက် အခြေအနေကိုပါ ပြောပြလေသည်။

"ကိုယ့်လူ တာဝန်ကျတဲ့ရပ်ကွက်က ကောင်းတယ်၊ အစားအသောက်လည်း ဝဝစားရတယ်၊ ဒဲလ်ဆိုင်ကိုသာ ဝင်စား၊ လူတွေက နားလည်မှုရှိတယ်"



"ဘယ်လိုလဲခင်ဗျ၊ အဲဒီဆိုင် ဝင်စားသောက်ပြီး ကျသင့်ငွေကို ပေးဖို့ ..လို့ဘူးလား၊ ဒီလိုလား"

ဆာပီကိုက မရှင်း၍ ထပ်မေးသောအခါ ဝါရင့် ရဲကြီးက–

"ဒီလိုလေကွာ၊ မင်း ပေးချင်ရင်တော့ စားပွဲထိုးကို ဆုချသလို ပိုက်ဆံ ..မတ်လောက် ပေးခဲ့ရင် ပြီးတာပဲ"

ဟု ပြန်ပြောလေသည်။

ဤတွင် ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် စားသောက်ဆိုင်များ ..ဝင်၍ တဝတပြဲ စားသောက်ပြီး ဆိုင်ရှင်က နားလည်မှုရှိသည်ဆိုကာ ငွေ ..ပေးဘဲ နေလေ့ရှိကြကြောင်း သိရသဖြင့် အံ့ဩသွားမိလေသည်။

နောက်ပိုင်း သူကိုယ်တိုင် ကွင်းဆင်းလေ့လာကြည့်သောအခါ ထိုရပ်ကွက် .. ရဲတပ်ဖွဲ့ဝင်များ အလကားလိုလို ဝင်စားလေ့ရှိသော စားသောက်ဆိုင် ..ခြောက်ဆိုင်တိတိရှိကြောင်း သိရလေသည်။

ဆိုင်ရှင်များက ရဲများကို အခမဲ့ စားသောက်ခွင့်ပေးထားခြင်းသည် အကြောင်းရှိရပေမည်။ ထိုအကြောင်းကိုလည်း မကြာမီ သူ သိရှိရလေသည်။ ..ဆိုင်များအနေဖြင့် ရဲက အရေးယူစရာအကြောင်း တစ်စုံတစ်ရာ ဖြစ်ပေါ်လာ ..သော် ရဲများက ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြန်လည်နားလည်မှုရှိစွာ ..က်သက်ညှာညှာ ကြည့်လုပ်ပေးတတ်ကြခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်များအား ..ပ်ပေါင်းထားခြင်းသာ ဖြစ်လေသည်။

ထိုကိစ္စကို လေးလေးနက်နက် အချိန်ယူ စဉ်းစားကြည့်ပြီးနောက် ဆာပီကိုသည် စားသောက်ဆိုင်များ၌ အခမဲ့ မစားရန် ဆုံးဖြတ်လိုက်လေသည်။

တစ်နေ့ သူသည် ဆိုင်တစ်ဆိုင်သို့ ဝင်စားပြီးနောက် စားပွဲထိုး ..မိန်းကလေးအား ခေါ်၍ ကျသင့်ငွေ ဘယ်လောက်လဲဟု မေးလေသည်။

မိန်းကလေးသည် အံ့အားသင့်စွာဖြင့်–

"ကိစ္စမရှိပါဘူးရှင်၊ ငွေပေးစရာ မလိုပါဘူး၊ အိုကေပါ"

ဟု ပြန်ပြောသည်။

ဆာပီကိုသည် ဘာမှမပြောတော့ဘဲ 'မီနူး'ခေါ် စားသောက်ဖွယ် ..ရင်းကတ်ပြားကို ကောက်ယူပြီး သူမှာစားသည့် စားဖွယ်များ၏ ကျသင့် ..ငွေကို တွက်ချက်ကာ ကျသလောက်ငွေကို စားပွဲပေါ်တင်ထားခဲ့ပြီး ထွက်သွား ..လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် လမ်းမသို့ရောက်လျှင် ဆိုင်ရှင်ကိုယ်တိုင် သုတ်သီးသုတ်ပျာနှင့် ပြေးလိုက်လာလေသည်။

"ဒီမယ်ခင်ဗျ၊ ကျုပ်တို့ဆိုင်က ရဲတပ်ဖွဲ့ဝင်တွေဆိုရင် ငွေမယူပါဘူး၊ ခင်ဗျားပေးခဲ့တဲ့ငွေ ပြန်ယူသွားပါ၊ ရော့ပါ"

ဆိုင်ရှင်က ပြောရင်း ငွေကို ပြန်ပေးရာ ဆာပီကိုက လှမ်းမယူဘဲ ပြန်လည်မေးခွန်းထုတ်လေသည်။

"နေပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ ရဲတွေဆီက ကျသင့်ငွေ မယူရတာလဲ"

"ဟာဗျာ ခင်ဗျားကလည်း သိရက်သားနဲ့၊ ကျုပ်က ရဲတပ်ဖွဲ့ဝင်တွေကို ကူညီတာပါ၊ သူတို့အားလုံး ကျုပ်ဆိုင်မှာ စားကြတယ်"

"ဘာဖြစ်လို့ ခင်ဗျားက ကူညီရတာလဲ၊ ခင်ဗျားက အလကားကျွေးတဲ့ စားစရာတွေကို အခမဲ့ရလို့လား၊ ငွေပေးပြီး ဝယ်ရတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်က ငွေပေးဝယ်ရပါတယ်"

"ဒီမယ် ဆိုင်ရှင်ကြီး၊ ကျုပ်က ရဲတပ်ဖွဲ့ဝင်အဖြစ် လစာငွေရတယ်၊ အဲဒီငွေနဲ့ ကျုပ်စားချင်တဲ့ဆိုင်မှာ ဝယ်စားနိုင်တယ်၊ ခင်ဗျားက ကယ်ဆယ်ရေးစခန်းက ဒုက္ခသည်တွေ ထောက်ပံ့သလို ထောက်ပံ့တာကို မလိုချင်ဘူး"

ဆာပီကိုက ဘုကျကျ ပြောသော်လည်း ဆိုင်ရှင်သည် အလျှော့မပေးလိုသေးချေ။

"ဒီလိုလုပ်ပါလားခင်ဗျာ၊ ခင်ဗျား ကျုပ်ဆိုင်မှာပဲလာပြီး စားချင်တာမှာစားပါ၊ ခင်ဗျားကျေနပ်အောင် အဲဒီစားစရာတွေအပေါ် ကျုပ် ပေးခဲ့ရတဲ့ နှုန်းအတိုင်း ခင်ဗျားဆီက လက်ခံယူပါ့မယ်၊ ကျုပ်အနေနဲ့ အမြတ်တော့ မယူချင်လို့ပါ"

ဆိုင်ရှင်က ဇွတ်အတင်းပြောသဖြင့် ဆာပီကိုလည်း ထိုအစီအစဉ်ကို ယာယီအားဖြင့် လက်ခံသဘောတူလိုက်လေသည်။

နောက်ပိုင်း ထိုဆိုင်သို့ သူသွားစားတိုင်း ဆိုင်ရှင်နှင့်တကွ စားပွဲထိုးများက အထူးဂရုစိုက်ကြကြောင်း သတိပြုမိလေသည်။

ထိုကိစ္စသည် အသေးအဖွဲ့တစ်ခုမျှသာ ဖြစ်လင့်ကစား ဆာပီကိုအနေဖြင့် သူ အထင်ကြီးလှသော ရဲတပ်ဖွဲ့နှင့် ပြည်သူတို့ ဆက်ဆံရေးနှင့်ပတ်သက်ပြီး စိတ်မကောင်း ဖြစ်မိလေသည်။ အထူးသဖြင့် ရဲများအနေဖြင့် မိမိတို့ရာထူး



...ာဝန်ကို အခြေပြုပြီး ပြည်သူများအပေါ် အခွင့်အရေးယူခြင်း၊ အမြတ်ထုတ်...င်းများ ပြုလုပ်နေကြသည်ကို ဘဝင်မကျနိုင်အောင် ဖြစ်မိလေသည်။

နောက်တစ်ချက် သူ စိတ်ပျက်မိသည်မှာသည် မာရှယ်ခေါ် မြို့ပြအရာ...များက ရဲတပ်သားများကို အသုံးချပုံနှင့် ပတ်သက်လေသည်။

အဆိုပါ မာရှယ်များသည် တရားမဝင် နေထိုင်သူတို့အား အိမ်ခန်းမှ ...ယ်ရှားနှင်ပစ်ရသည့် တာဝန်ကို ထမ်းဆောင်ရလေရာ ၎င်းတို့က အိမ်ခန်း...ခန်း ဖယ်ရှားရန် အမိန့်ထွက်လာတိုင်း ရဲသားတစ်ဦးကို ခေါ်သွားလေ့ရှိ...သည်။ ထိုနောက် ရဲသားအား ဆုငွေအဖြစ် ဒေါ်လာငွေ ငါးဒေါ်လာပေးကာ ...ခန်းကို အခမ့ ဖယ်ရှားခိုင်းတတ်လေသည်။

အမှန်က အဆိုပါ မာရှယ်ခေါ် အရာရှိများက ရဲတပ်ဖွဲ့ဝင်များအား ...သူလူထုနှင့် ရန်တိုက်ပေးသည့်သဘောမျိုး ဖြစ်လေသည်။

ယင်းအဖြစ်မျိုး ဆာပီကို ကိုယ်တိုင် လက်တွေ့ကြုံခဲ့ဖူးသည်။

တစ်နေ့တွင် သူ့အား မာရှယ်တစ်ဦးက အိမ်ခန်းတစ်ခန်း အခမ့ဖယ်ရှား... ခေါ်သွားပြီး ထုံးစံအတိုင်း ငွေငါးဒေါ်လာပေးသည်။ ဆာပီကိုက ငွေကို ...နှင့် ငြင်းဆန်လိုက်သည်။

သူတို့သွားသည့် အိမ်ခန်းသို့ ရောက်သောအခါ အိမ်ခန်းတံခါးသော့...တ်ထားသဖြင့် မာရှယ်က ဆာပီကိုအား ပုဆိန်တစ်လက်ပေးပြီး–

"အိုကေ၊ ဒီတံခါးကို ရိုက်ချိုးလိုက်ပေတော့"

ဟု ပြောလေသည်။

သို့ရာတွင် ဆာပီကိုက ခပ်တည်တည်နှင့်–

"ခင်ဗျားကိုယ်တိုင် ရိုက်ချိုးပါလား၊ ဒါဟာ ခင်ဗျားရဲ့ အလုပ်တာဝန်ပဲ ...ဘ်လား"

ဟု ပြန်ပြောခဲ့လေသည်။

ယင်းသို့ အိမ်ခန်းများ အခမ့နှင်ပစ်သည့်အခါ ရပ်ကွက်တွင်းရှိ လူများ...းအုံကြည့်တတ်ပြီး ရဲတပ်ဖွဲ့ဝင်က အကြမ်းဖက်၍ တံခါးရိုက်ချိုးမှုနှင့်နေ...သည်ကိုမြင်လျှင် ပြည်သူများအနေဖြင့် ရဲများအပေါ် မည်သို့ထင်မြင်လာကြ...သည်ကို ဆာပီကိုက တွေးမိပြီး စိတ်ပျက်မိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့ဝင် ဖြစ်လာပြီးမှ ဆာပီကိုသည် အံ့ဩစွာ သိရှိရသော အချက်တစ်ချက် ရှိသေးသည်။

ယင်းကား–

ရဲတပ်ဖွဲ့ဝင်များ တာဝန်ကျနေချိန်အတွင်း အချိန်ပြည့် ကင်းလှည့်ခြင်း မပြုဘဲ တစ်နေရာရာတွင် အသာဝင်အိပ်လေ့ရှိခြင်းပင် ဖြစ်သည်။

ကင်းလှည့်တာဝန်ကျချိန်တွင် ရဲတပ်ဖွဲ့ဝင်များသည် တစ်နာရီလျှင် တစ်ကြိမ်မှန်မှန် မိမိ၏ ရဲစခန်းသို့ တယ်လီဖုန်းဆက် သတင်းပို့ရသည်။

ထိုအခါ ရဲစခန်းရှိ တာဝန်မှူးက ရဲတပ်ဖွဲ့ဝင်များ၏ သတင်းပို့ချက်ကို မှတ်တမ်းစာအုပ်ထဲ ရေးမှတ်ရသည်။ သို့သော် နံနက် သုံးနာရီခန့်တွင်တာဝန်မှူး၏ နေရာသို့ သာမန်ရဲတပ်ဖွဲ့ဝင်တစ်ဦးက လူစားဝင်ရလေသည်။ ယင်းအချိန်တွင် ကင်းလှည့်တာဝန်ကျရဲများသည် အဆိုပါ စခန်းတာဝန်မှူးရုံးမှ ရဲများနှင့် အားလည်းမှုယူကာ ကင်းမလှည့်တော့ဘဲ နေရာရှာကာ ဝင်အိပ်လေ့ရှိကြသည်။

ယင်းအဖြစ်ကိုလည်း ဆာပီကိုက ကိုယ်တွေ့ကြုံပြီးမှ ကောင်းစွာ သိခဲ့ရသည်။

တစ်ညတွင် ရာသီဥတုက အလွန်အေးသည့်ကြားမှ ဆာပီကိုသည် ပတ္တရောင်ကင်းတာဝန် ထမ်းဆောင်နေရာ သူတို့အား စစ်ဆေးရသည့် ရဲကြပ်ကြီးက ကားဖြင့်ရောက်လာသည်။

“ဟော့… မင်းက ခုချိန်ထိ ရှိနေတုန်းပဲလား”

ရဲကြပ်ကြီးက အံ့ဩစွာဖြင့် မေးသဖြင့် ဆာပီကိုလည်း

“ဟုတ်ကဲ့ခင်ဗျ”

ရိုသေစွာ ပြန်ပြောလိုက်သည်။

“ဒါလောက် အေးနေတဲ့ရာသီမှာ မင်း အလွန်မချမ်းဘူးလားကွ”

“ဟုတ်ကဲ့ တော်တော်အေးတယ်ခင်ဗျ”

“ဒါဖြင့် မင်း ဝင်အိပ်တော့၊ ဂျူတီနေရာမှာရှိကြောင်း ငါသတင်းပို့လိုက်မယ်”

“ဘယ်မှာအိပ်ရမှာလဲ”

“ဟောဟိုရှေ့နားက စာသင်ကျောင်းထဲမှာလေ၊ အေးအေးသွားအိပ်ပါ”

ရဲကြပ်ကြီးကပြောလျှင် ဆာပီကိုလည်း အကြောင်းသိလိုသဖြင့် ညွှန်ပြသည့် စာသင်ကျောင်းသို့ သွားကြည့်လေသည်။



ကျောင်းဝင်းဝသို့ အရောက်တွင် အခြားကင်းလှည့် ရဲသားတစ်ဦးနှင့် တွေ့ပြီး ထိုရဲသားက–

“ခင်ဗျားလည်း အထဲဝင်မလို့လား၊ လာလေဗျာ”

ဟုပြောကာ ကျောင်းထဲသို့ ခေါ်သွားလေသည်။

ကျောင်း၏ အခန်းကြီးတစ်ခန်းတွင်ကား ရဲတပ်ဖွဲ့ဝင်တွေ အတော်များများ တွေ့ရသဖြင့် ဆာပီကိုမှာ အံ့ဩနေမိတော့သည်။

အချို့က ခုံတန်းရှည်များအပေါ်တွင် အိပ်နေကြသလို အချို့က ရရာ ...ပျစ်များတွင် တုံးလုံးပက်လက် အိပ်နေကြလေသည်။

ရဲတစ်ဦးက အိပ်မပျော်သေးဘဲ ရာသီဥတု အေးလှကြောင်း ပြောနေရာ အနှောင့်အယှက်ပေးသလို ဖြစ်နေသဖြင့် တစ်ယောက်က–

“ဟေ့လူ၊ နောက်တစ်ခါဆိုရင် စောစောဝင်ခဲ့ပါ”

ဟု လှမ်းပြောလေသည်။

ဤသို့လျှင် ဆာပီကိုသည် ညဘက် ပတ္တရောင်ကင်းလှည့် တာဝန်ကျ ...များ တာဝန်ချိန်အတွင်းမှာပင် လစ်လျှင်လစ်သလို ဝင်အိပ်လေ့ရှိကြကြောင်း သိခဲ့ရလေသည်။

ယင်းဖြစ်ရပ်မျိုးသည် သူ တာဝန်ကျသော ရဲစခန်းအပိုင်တွင်သာ ...တ်ဘဲ ရဲစခန်းအသီးသီးပိုင် ရပ်ကွက်များတွင်လည်း အလားတူရဲများ အလစ်ဝင်အိပ်ရန် နေရာများရှိကြောင်း သိရပါသေးသည်။

ဆာပီကိုကိုယ်တိုင် ညဘက် တာဝန်ကျချိန်အတွင်း တစ်ကြိမ်နှစ်ကြိမ် ...အိပ်ခဲ့ဖူးလေသည်။ သို့ရာတွင် နောက်ပိုင်းတွင်မူ ဝင်အိပ်ခြင်းအလေ့ကို ...ရှောင်ကြဉ်လွှတ်ခဲ့သည်။ ညဘက် ရာသီဥတု အေးလွန်းသည့်ဒဏ်ကို ခံနိုင်ရန် ...ဘက် အတွင်းခံအနွေးထည် ကောင်းကောင်းဝတ်ပြီး လက်နှစ်ဖက်တွင်လည်း ...က်အိတ်များစွပ်ကာ ‘ဂျူတီ’ကို အချိန်ပြည့် ထမ်းဆောင်လေ့ရှိလေသည်။

ယခုလို မိမိ တာဝန်ကျသည့်ညတွင် လူသတ်မှု ဖောက်ထွင်းမှုများ ဖြစ်ပွားခဲ့သော် တရားခံကို ဖမ်းမိနိုင်သဖြင့် နာမည်ကောင်းရရှိရန် အလားအလာ ...သည်ဟုလည်း သူ့ကိုယ်သူ အားပေးလေ့ရှိပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ အမှတ် (၈၁) ရဲစခန်းအပိုင်တွင် တာဝန်ကျခြင်းကို ဆာပီကို သဘောကျမိလေသည်။

အဘယ်ကြောင့်ဆိုသော် ယင်းရဲစခန်းအပိုင် ရပ်ကွက်သည် နာမည်ကြီးသည့်အတိုင်း 'လူပ်ရှားမှု'သို့မဟုတ် မှုခင်းတွေ မကြာခဏ ဖြစ်ပွားတတ်သောကြောင့်ပင်တည်း။

ယင်းအချက်ကို သူသည် ကိုယ်တွေ့ကြုံခဲ့ရလေသည်။

တာဝန်ကျသည့် ညတစ်ည၌ နံနက် နှစ်နာရီခွဲခန့်တွင် ဆာပီကိုသည် 'ပုသိမ်တန်'လမ်းအတိုင်း ကင်းလှည့်လျှောက်လာလေသည်။

ထိုလမ်းမှာ ဈေးဆိုင်များရှိသောလမ်းဖြစ်၍ ဆာပီကိုသည် အထူးသတိထား၍ကြည့်ရင်း လျှောက်လာစဉ် ချွမ်းကနဲ မှန်များကွဲရှသည့်အသံက ည၏ တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းထွက်ပေါ်လာလေသည်။

အသံကြားလိုက်ရသည့်နေရာက မဝေးလှသဖြင့် ဆာပီကို ချက်ချင်း ခြေလှမ်းအမြန်ကာ သတိထားနေလိုက်သည်။

ဧကန္တ ဖောက်ထွင်းမှုတစ်ခု ဖြစ်နေပြီဟုလည်း တစ်ထစ်ချ ယူဆလျက် မှန်ကို ရိုက်ခွဲသံကြားရခြင်းအားဖြင့် ဖောက်ထွင်းသမားသည် ဆိုင်အတွင်းမှာပင် ရှိနေဦးမည်ဟုလည်း ခန့်မှန်းမိလေသည်။

သူ၏ ကုတ်အင်္ကျီမှ ကြေးကြယ်သီးများသည် ညဘက် အရောင်ထွက်တတ်သဖြင့် ရှေးဦးစွာ ကုတ်အင်္ကျီကို အသာချွတ်လိုက်သည်။ ထို့နောက် သူ၏ ခြောက်လုံးပြူးသေနတ်ကို အသင့်ဆွဲထုတ်၍ မှန်ကွဲသံကြားရာဘက်သို့ ဘစ်လှမ်းချင်း လျှောက်သွားလေသည်။

ထိုအခိုက်မှာပင် လျှပ်စစ်ပစ္စည်းများရောင်းသည့် ဆိုင်တစ်ဆိုင်အတွင်းမှ လူတစ်ယောက် ထွက်လာသည်ကို မြင်ရလေတော့သည်။ ထိုလူ၏ လက်တွင်လည်း ရုပ်မြင်သံကြား (တယ်လီဗီရှင်း) စက်တစ်လုံး ကိုင်ထားလေသည်။

လူချင်း ပက်ပင်းတိုးနေသဖြင့် နှစ်ယောက်စလုံး စက္ကန့်ပိုင်းမျှ ငေးကြည့်နေမိကြသည်။

ထိုအချိန်အတွင်း ဆာပီကိုက တစ်ဖက်လူ၏ မျက်နှာကို နီးကပ်စွာ ကြည့်လိုက်မိရာ သူ၏မျက်နှာတွင် ပါးစပ်မှ နားရွက်တိုင်အောင် ဓားဒဏ်ရာ အမာရွတ်ကြီးတစ်ခုရှိကြောင်း သတိပြုမိလေသည်။

နှစ်ယောက်သား ရုတ်တရက် ပက်ပင်းတိုး၍ ငေးကြည့်နေကြသော်လည်း



ဆာပီကို ရှေးဦးစွာ သတိရပြီး–

"ဟေ့... ငြိမ်ငြိမ်နေစမ်း၊ မင်း လက်ထဲက တယ်လီဗီးရှင်းစက်ကို လွှတ်မချလိုက်နဲ့၊ ပြေးမယ်လည်းမကြံနဲ့၊ အသာကလေး ငြိမ်ငြိမ်နေ"

ဟု အမိန့်ပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် သူသည် နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်လိုက်သည်။

ဤကား ထိုလူက မိမိအား တယ်လီဗီးရှင်းစက်ဖြင့် လှမ်းပေါက်ရန် ကြံကူးပါက မပေါက်နိုင်အောင် လူချင်းခွာလိုက်ခြင်းပင် ဖြစ်သည်။

ထို့နောက် တယ်လီဗီရှင်းစက်ကို မြေပြင်သို့ အသာချနိုင်းလိုက်သည်။

"ကိုင်း... မင်း နောက်ဆုတ်ပြီး အုတ်နံရံနားမှာ ကပ်ရပ်လိုက်စမ်း"

အမာရွတ်နှင့်လူသည် အုတ်နံရံသို့ ကပ်သွားပြီး လက်နှစ်ဖက်ကိုပါ နံရံနားတွင် အသာကပ်ထားလိုက်သည်။

ထိုအချက်ကို ဆာပီကိုက ချက်ချင်းသတိပြုမိလိုက်သည်။

ရဲအတတ်သင် (အကယ်ဒမီ) ကျောင်းတက်ရစဉ်က သင်တန်းဆရာများက မသင်္ကာဖွယ် တရားခံများ ဖမ်းဆီးသည့်အခါ ရုတ်တရက် ထွက်ပြေးရန် ကြံစည်တတ်ကြောင်း ပြောပြရင်း တရားခံများသည် ထွက်ပြေးခါနီး အုတ်နံရံကို လက်ဖြင့်ကပ်ကာ အားယူတွန်းပြီးမှ ထွက်ပြေးလေ့ရှိကြောင်းကို သင်ကြားခဲ့ဖူးသည်။

ယခု အမာရွတ်နှင့်လူသည်လည်း ထိုအတိုင်း ပြုမူနေသည်ကို မြင်ရသဖြင့် ဆာပီကိုက–

"ဟေ့ကောင်၊ နံရံကို ကောင်းကောင်းမှီထားစမ်းလို့ ပြောတာ မကြားဘူးလား"

ဟု ခပ်ထန်ထန် ပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် ထိုလူ၏ ခြေချင်းဝတ်နေရာကို သူ၏ ခြေတစ်ဖက်ဖြင့် လိမ်၍ ခပ်ဆတ်ဆတ် ပြန်ဆွဲလိုက်ရာ ထိုလူမှာ လဲကျသွားမလို ဖြစ်သွားလေသည်။

"အရမ်းမလုပ်ပါနဲ့ဗျ၊ ကျုပ် လဲကျသွားပါဦးမယ်"

ထိုလူက ကန့်ကွက်သလို ပြောလိုက်ရာ ဆာပီကိုက သရော်သလို ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ မင်းက အခုမှ သဘောပေါက်သွားပြီလား၊ ဒီမယ်၊ ငါ့လက်ထဲကသေနတ်က ကျည်ဆန်အပြည့် ထိုးထားတယ်ဆိုတာလဲ သိထားပါ"

ပြောရင်း ဆာပီကိုသည် ထိုလူ၏ကိုယ်တွင် ရှာဖွေကြည့်ရာ အင်္ကျီအိတ်ထဲမှ အသွားခြောက်လက်မရှိ ဓားမြှောင်တစ်လက်ကို တွေ့ရသဖြင့် ဆွဲထုတ်ယူလိုက်သည်။

"ဘာလဲ၊ မင်းက ဒီဓားနဲ့ လူတွေကို ရန်ပြုမလို့မဟုတ်လား"

ဆာပီကို၏ မေးခွန်းကို ထိုလူက မည်သို့မှ ပြန်မဖြေဘဲ ဆိတ်ဆိတ်နေလေသည်။

ဤတွင် ဆာပီကိုလည်း ထိုလူကိုပါ သေနတ်ဖြင့်ချိန်ခေါ်၍ အနီးဆုံး တယ်လီဖုန်းမှ ရဲဝိုင်ယာလက် ကားတစ်စီး အမြန်လွှတ်ပေးရန် လှမ်းပြောလိုက်သည်။

ထိုအခိုက်၌ မှန်ကွဲနေသော ဆိုင်အတွင်းမှ အဘိုးကြီးတစ်ဦး ထွက်လာပြီး သူသည် ဆိုင်ရှင်ဖြစ်ကြောင်း ပြောပြရာ ဆာပီကိုက ထိုလူကြီး၏ နာမည်၊ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ကို ရေးမှတ်ထားလိုက်သည်။

* * *

မကြာမီ ရဲစခန်းသို့ ရောက်သွားပြီးနောက် ဆာပီကိုလည်း တရားခံဖမ်းဆီးလျှင် ဖြည့်စွက်ရသည့် မှတ်တမ်းကတ်ပြားတွင် ရေးသားဖြည့်သွင်းလေသည်။

ယင်းကတ်ပြားတွင်ကား တရားခံ၏ နာမည် အပြည့်အစုံ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် မွေးဖွားရာအရပ်အပြင် ဖမ်းဆီးရသော မှုခင်းစွဲချက် (ဖောက်ထွင်းမှု) အသက်အန္တရာယ်ပြုနိုင်သည့် ဓား၊ လက်နက် ကိုင်ဆောင်မှုစသည့် အချက်များ စုံလင်စွာ ရေးသားဖြည့်သွင်းရလေသည်။

ထို့နောက် တာဝန်ကျ ရဲကြပ်ကြီးထံ သွားရောက်သတင်းပို့သောအခါ အဖမ်းအဆီး မှတ်တမ်းစာအုပ်တွင် ရေးမှတ်လိုက်လေသည်။

အမှတ် ၈၁ ရဲစခန်းတွင် တရားခံများအား ညသိပ်ချုပ်ထားရန် နေရာမရှိသဖြင့် အနီးဆုံး ၈၃ စခန်းသို့ အချုပ်ကားတစ်စီးဖြင့် ပို့လိုက်သည်။

အချုပ်ကား ရောက်မလာမီ ဆာပီကိုက တရားခံအား လက်ဗွေပုံစံ



ဌာနသို့ ခေါ်သွား၍ သူ၏ လက်ဗွေပုံစံများ ယူစေလေသည်။ ဤသို့လုပ်ရခြင်းမှာ တရားခံသည် ယခင်က ပြစ်မှုကျူးလွန်ဖူးခြင်း ရှိမရှိ လက်ဗွေပုံစံ မှတ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ရန်ပင်ဖြစ်သည်။

အစဉ်အလာအရ မိမိ ဖမ်းဆီးမိသော တရားခံအား နောက်တစ်နေ့ နံနက် တရားရုံးသို့ ပို့သောအခါ ဖမ်းဆီးသူရဲကိုယ်တိုင် လိုက်ပါမည်ဖြစ်သောကြောင့် ဆာပီကိုအား နံနက် ငါးနာရီအချိန်တွင် တာဝန်မှ ခွင့်ပေးပြီး ပြန်လွှတ်လိုက်လေသည်။

နံနက် ရှစ်နာရီသာသာတွင် ဆာပီကိုသည် တရားခံအား ရုံးထုတ်ရန် အထက် ရဲစခန်းသို့ ရောက်ရှိလာပြီး အခြားရဲအရာရှိများ၊ ၎င်းတို့၏ တရားခံများနှင့်အတူ အချုပ်ကားကြီးဖြင့် လိုက်ပါသွားလေသည်။

လမ်းတွင် ရဲတပ်ဖွဲ့ ဓာတ်ပုံဌာနသို့ဝင်၍ တရားခံများအား မှတ်တမ်းဓာတ်ပုံ ရိုက်ယူရသေးသည်။

ဓာတ်ပုံဌာနသို့ရောက်လျှင် တာဝန်ကျရဲက ဆာပီကိုအား မှတ်တမ်းပုံစံတစ်ခု ပေးလေသည်။ ယင်းပုံစံမှာ လက်ဗွေပုံစံဌာနမှတဆင့် ပို့လိုက်ခြင်းဖြစ်ပြီး တရားခံ၏ ယခင်ပြစ်မှုများ ရှိလျှင်ရှိကြောင်း ဖော်ပြထားသည့် မှတ်တမ်းပင်ဖြစ်သည်။

တာဝန်ကျရဲက မှတ်တမ်းပုံစံပေးရင်း—

"ကိုယ့်လူ ဖမ်းမိတဲ့လူက ရာဇဝင်ရှိခဲ့တဲ့အတွက် ခင်ဗျားအနေနဲ့ တရားခံကောင်း မိတယ်လို့ ဆိုရမယ်ဗျ"

ဟု ပြောလေသည်။

ဆာပီကိုလည်း မှတ်တမ်းပုံစံကို ဖတ်ကြည့်လိုက်မှ ထိုစကား၏ အဓိပ္ပာယ်ကို သဘောပေါက်သွားမိလေသည်။

သူဖမ်းဆီးခဲ့သော မျက်နှာတွင် ဓားဒဏ်ရာ အမာရွတ်နှင့်လူသည် ယခင်နှစ်က ဓာတ်ဆီဆိုင်တစ်ဆိုင်ကို ဝင်အနုကြမ်းစီးမှုဖြင့် ထောင်ငါးနှစ်ကျခဲ့ဖူးသည်။ ထို့ပြင် ဓားမြှောင်လက်နက် ကိုင်ဆောင်၍ တိုက်ခိုက်လုယက်မှုဖြင့် ထောင်နှစ်နှစ် ကျခဲ့ဖူးသည်။

တဖန်—

တတိယအကြိမ် ဓားမြှောင်ဖြင့် တိုက်ခိုက်မှုတစ်ခုကြောင့် ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခံခဲ့ရဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအမှုမှာ သူ၏ စတုတ္ထမြောက်အမှုဖြစ်၍ ထပ်တလဲလဲ ကျူးလွန်သူအဖြစ် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်အနှစ် ၂၀ အထိ အပြစ်ရရှိနိုင်ပေသည်။

ထိုမှတ်တမ်းကို ဖတ်ကြည့်ပြီးနောက် ဆာပီကိုက တရားခံအား မေးကြည့်လေသည်။

"မင်းက ဒါပါနဲ့ လေးကြိမ်ရှိပြီဆိုတော့ မင်းဟာ အရည်အသွေးညံ့လာပြီနဲ့တူတယ်၊ အခုတစ်ခါ တယ်လီဗီးရှင်းစက် ဝင်ခိုးတာဟာ မင်းအနေနဲ့ အဆင့်အတန်း မနိမ့်ဘူးလား"

"ဒါတော့ ကျုပ်လည်း စားစရာမရှိတော့ တစ်ခုခုလုပ်ရတာပေါ့"

တရားခံက ဤသို့ ခပ်တည်တည် ပြန်ပြောလေသည်။

ဆာပီကိုလည်း ဘာမှဆက်မပြောတော့။ တရားခံအား တရားရုံးသို့ ခေါ်သွားလေသည်။

တရားရုံးတွင် အမှုတွေများနေသဖြင့် အတော်ကြာကြာ စောင့်ဆိုင်းနေရသေးသည်။

အချိန်တန်သော် တရားသူကြီးက တရားခံ၏အမှုကို ကြားနာပြီး အာမခံငွေ တင်နိုင်ပါက အာမခံပေးမည်ဟုပြောရာ တရားခံအနေဖြင့် အာမခံမည့်လူ မတင်ပြနိုင်သောကြောင့် အမှုစတင် မစစ်ဆေးမီကာလတွင် ဆက်ချုပ်ထားစေဟု အမိန့်ချလိုက်သည်။

ကိစ္စအားလုံးပြီး၍ ဆာပီကိုသည် တရားရုံးမှ ပြန်ထွက်လာသောအခါ အချိန်မှာ မွန်းလွဲသုံးနာရီထိုးနေပြီ ဖြစ်သည်။

နောက်ရက်သတ္တ သုံးပတ်ကြာသောအခါ ထိုအမှု ရုံးချိန်းနေ့စေ့သဖြင့် ဆာပီကိုလည်း တရားရုံးသို့ သွားရပြန်သည်။ ထိုအချိန်၌ တရားခံက သူ့အတွက် ရှေ့နေတစ်ဦး ငှားထားပြီးဖြစ်နေသည်။

ရှေ့နေကလည်း အစိုးရရှေ့နေနှင့် တရားသူကြီးတို့အား အတော်ရင်းနှီးစွာ ဆက်ဆံပြောဆိုနိုင်ပုံ ရလေသည်။

ဆာပီကိုသည် အမှုကြားနာ စစ်ဆေးပုံကိုကြည့်ပြီး အလွန်အံ့သြသွားမိလေသည်။ နှစ်ဖက်ရှေ့နေများ၊ တရားသူကြီးတို့ မည်သို့နားလည်မှု ရသွားသည်မသိ။ တရားခံအပေါ် စွဲချက်တင်သည့်အခါ ရိုးရိုးတရားမဝင် ပိုင်နက်ကျူးကျော်မှုအဖြစ်သာ စွဲချက်တင်လိုက်လေရာ ယုံနိုင်စရာပင် မရှိတော့ချေ။



တရားခံကလည်း ခပ်တည်တည်နှင့် အပြစ်ရှိကြောင်း ဝန်ခံလိုက်သည်နှင့် တရားသူကြီးက ထောင်ဒဏ်သုံးလ အပြစ်ပေးလိုက်သည်။

ဆာပီကိုလည်း မခံမရပ်နိုင်ဖြစ်လျက် အစိုးရရှေ့နေထံသို့ ကိုယ်တိုင်သွားရောက် ကန့်ကွက်ပြောဆိုလေသည်။

"ခင်ဗျားတို့ အမှုစစ်တာကလည်း ဘယ်လိုလဲဗျ၊ ထောင်သုံးကာလနဲ့ ပြီးရောလား၊ ဒီကောင်က တကယ့်လူဆိုးဗျ၊ အမှုကြီးသုံးခုကို ကျူးလွန်ခဲ့တဲ့ ရာဇဝင်လည်း ရှိသားနဲ့"

"ဒီလိုရှိတယ်လေ၊ တယ်လီဗီးရှင်းစက်တစ်လုံး ခိုးဖို့ကြံတာနဲ့ ထောင်ဒဏ်နှစ်သက်တကျွန်း အပြစ်ပေးလို့ ဘယ်ဖြစ်မလဲဗျ"

အစိုးရရှေ့နေက ဤသို့ပြောလျှင် ဆာပီကိုသည် ပို၍ပင် မကျေမချမ်းဖြစ်လာမိသည်။

"ဒီမယ်ခင်ဗျ၊ တရားခံလက်မှာ တွေ့ရတဲ့ ဓားမြှောင်ကို ခင်ဗျားတို့ကိုယ်တိုင် မြင်ခဲ့ပြီမဟုတ်လား၊ သူ ပစ္စည်းခိုးတဲ့ဆိုင်မှာက ဆိုင်ရှင်အဘိုးကြီးနဲ့မယား နေကြတယ်၊ တကယ်လို့ ဒီကောင်က အဘိုးကြီးအမယ်ကြီးကို အနှောင့်အယှက်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဓားမြှောင်တွေ့တာတော့ မှန်တယ်၊ ဒါပေမဲ့ တရားခံက ဆိုင်ရှင်အဘိုးကြီးကို ဘာမှမလုပ်ခဲ့ဘူး မဟုတ်လား"

အစိုးရရှေ့နေက ခပ်အေးအေး ပြန်ပြောခဲ့သဖြင့် ဆာပီကိုမှာ စိတ်ပျက်ခဲ့ရလေသည်။

ဒုစရိုက်မှု ကျူးလွန်သူများကို ရဲအနေဖြင့် ကြိုးစားပမ်းစား ဖမ်းဆီးသော်လည်း အချိန်တန်၍ အမှုကိုရှေ့နေများနှင့် တရားရုံးသို့ တင်ပို့သောအခါ ပေါ့ပေါ့တန်တန် စီရင်စစ်ဆေးခြင်းဖြင့် တရားခံများသည် မှတ်လောက်သားလောက်အောင် အပြစ်ဒဏ်မရဘဲ ပြီးသွားရသည်ဖြစ်နေခြင်းမှာ စိတ်ပျက်အားလျော့ဖွယ် ကောင်းလှပေသည်။

ထိုအမှုနှင့် စပ်လျဉ်း၍ စိတ်ပျက်ခဲ့ရသော ဆာပီကိုသည် နောက်ရက်အနည်းငယ်ကြာသောအခါ၌မူ ရဲတပ်ဖွဲ့ဝင် ဖြစ်ရခြင်းအတွက် ကျေနပ်ဝမ်းမြောက်မိသည့် ဖြစ်ရပ်တစ်ခု ကြုံရလေသည်။

ထိုနေ့က ဆာပီကိုသည် တာဝန်အရ စာသင်ကျောင်းတစ်ကျောင်းရှေ့၌ ယာဉ်အသွားအလာကို ကြည့်ရှုရှင်းလင်းပေးပြီးနောက် ပြန်ထွက်ခါနီး

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပလီ (နီဂရိုး)လူငယ်တစ်ဦးသည် မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် သူ့ထံပြေးလာလေသည်။

"ဒီမယ် ရဲကြီးခင်ဗျာ၊ ကျွန်တော်နဲ့ အမြန်လိုက်ခဲ့စမ်းပါ"

"ဘာဖြစ်လို့လဲကွ၊ ဘာအခက်အခဲများ ရှိနေသလဲ"

ဆာပီကိုက ပြန်မေးလျှင် ထိုလူငယ်မှာ စိတ်မရှည်ဟန်ဖြင့်

"ကျေးဇူးပြုပြီး အခု လိုက်ခဲ့စမ်းပါ ခင်ဗျာ၊ ကျွန်တော့်ရဲ့ဇနီးက မီးဖွားမဲ့ဆဲဆဲ ဖြစ်နေလို့ပါ"

ဟု ပြောလေသည်။

ဒီတော့မှ-

ဆာပီကိုလည်း ထိုလူငယ်ခေါ်ရာသို့ အမြန်လိုက်သွားရာ အခန်းနှစ်ခန်းသာရှိသော တိုက်ခန်းတစ်ခန်းသို့ ရောက်သွားလေသည်။

"အခုဟာက ကျွန်တော့်ရဲ့ ပထမဆုံး သားဦးဖြစ်ပါတယ်၊ ကျွန်တော်လည်း အတွေ့အကြုံမရှိတော့ ဘာလုပ်ရမှန်းမသိဘူးခင်ဗျ"

ကပ္ပလီလူငယ်က ရိုးသားစွာပင် ပြန်ပြောပြနေစဉ် ဆာပီကိုသည် အိပ်ခန်းထဲသို့ လှမ်းကြည့်လိုက်လေသည်။

အသက် ၂၀ ရွယ်ခန့် မိန်းကလေးတစ်ဦးသည် ခုတင်ပေါ် စောင်ခြုံ၍ ပက်လက်အိပ်ရင်း ပြင်းစွာ နာကျင်ဟန်ဖြင့် ဟစ်အော်ညည်းညူလျက် ရှိလေသည်။

သူမ၏ မျက်လုံးများကလည်း အလွန်ထိတ်လန့် တုန်လှုပ်သည့်အသွင်မျိုး ဖြစ်နေသည်။ ခန္ဓာကိုယ် လူးလွန့်လှုပ်ရှားနေပုံကို ကြည့်ရခြင်းအားဖြင့် မိန်းကလေးမှာ မွေးခါနီးလုပြီဖြစ်ကြောင်း သိသာထင်ရှားနေသည်။

ဆာပီကိုသည် ကုတ်အင်္ကျီကိုချွတ်ပြီးနောက် ရေချိုးခန်းထဲဝင်၍ သူ၏ လက်များကို ကောင်းစွာစင်ကြယ်အောင် ဆေးကြောလိုက်သည်။

"ဒီမှာ တယ်လီဖုန်း ရှိသလား"

ဆာပီကိုက မေးလျှင် ကပ္ပလီလူငယ်က ခေါင်းခါပြလေသည်။

"မရှိဘူးခင်ဗျ"

"ဒါဖြင့်လည်း နီးရာတယ်လီဖုန်းကိုသွားပြီး သူနာပြုကားတစ်စီး ဒီကို အမြန်လွှတ်ပေးပါလို့ ဖုန်းဆက်လိုက်ပါ"

ဤသို့ပြောပြီးနောက် ကိုယ်ဝန်ဆောင် အမျိုးသမီးရှိရာ အိပ်ခန်းထဲသို့



ပြန်ဝင်သွားလေသည်။

"ဒီမယ် မိန်းကလေး၊ ဘာမှမကြောက်နဲ့နော်၊ အိုကေမှာပါကွယ် ခေါင်းကို အေးအေးထားပြီးနေပါ"

ဤသို့ အားပေးစကားပြော၍ နှစ်သိမ့်ပါသော်လည်း မိန်းကလေးမှာ နာကျင်ခြင်းဝေဒနာကြောင့် ဟစ်အော်ညည်းညူနေဆဲပင် ရှိလေသည်။ ထို့ပြင် အံကြိတ်နေရာမှ သူ၏ လက်သီးဆုပ်ကို ပါးစပ်ဖြင့် ကိုက်ထားလေသည်။

ဆာပီကိုသည် ခြုံထားသောစောင်ကို အသာခွာ၍ အခြေအနေကို ကြည့်လိုက်ရာ မိန်းကလေးမှာ တကယ်ပင် မွေးဖွားလုဆဲဆဲ ဖြစ်နေကြောင်း တွေ့ရသဖြင့် မျက်လုံးပြူးသွားမိသည်။

သို့သော် ချက်ချင်းပင် သူတို့ ရဲအတတ်သင် (အကယ်ဒမီ) ကျောင်းမှာ ...ဦး သင်ကြားပို့ချချက်တစ်ခုကို ပြေးသတိရမိလေသည်။

ရဲတပ်ဖွဲ့ဝင်များ တာဝန်ကျနေချိန်တွင် ယခုလို မွေးဖွားလုဆဲ အမျိုးသမီးများတွေ့ရပြီး ဆေးရုံသို့ပို့ရန်လည်း အချိန်မရပါက အရေးပေါ် မွေးဖွားပေးနိုင်ရန်အတွက် ရဲသင်တန်းသားများအား သားဖွားခြင်းကိစ္စကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပို့ချပေးခဲ့ဖူးသည်။

ဆာပီကိုသည် ထိုသင်ကြားပို့ချချက်ကို လက်တွေ့အသုံးချကြည့်ရတော့မည်ဖြစ်သည်။

ထိုအချိန်၌ သူ၏စိတ်များ စိုးရိမ်တုန်လှုပ်ခြင်း၊ ပူပန်ကြောင့်ကြခြင်း ရှိသည်ကို သူကိုယ်သူပင် အံ့အားသင့်မိလေသည်။

သို့နှင့်ပင် ရဲတပ်ဖွဲ့ဝင် ဆာပီကိုသည် အရေးပေါ် ဝမ်းဆွဲဆရာတစ်ဦးအဖြစ် အမျိုးသမီးအား တတ်သမျှ မှတ်သမျှနည်းဖြင့် မွေးဖွားပေးလိုက်ရာ ကံအားလျော်စွာ အခက်အခဲမရှိဘဲ အောင်မြင်ချောမောစွာ မွေးဖွားသွားလေသည်။

မွေးလိုက်သော ကလေးက ယောကျ်ားလေးဖြစ်ရာ ဆာပီကိုသည် ဝမ်းသာသွားမိလေသည်။ ရဲတပ်ဖွဲ့ဝင်အဖြစ် ကပ္ပလီလူငယ်က အားကိုးတကြီး ... အကူအညီတောင်းသည်ကို မိမိက ကူညီနိုင်ခဲ့သည့်အတွက်လည်း နှစ်သိမ့်... ဖြစ်နေမိလေသည်။

ဆာပီကိုသည် ကလေးငယ်ကို ကိုင်ထားလျက်နှင့်ပင် ဖခင်လုပ်သူအား ...းကောင်း လှမ်းပြောလိုက်စဉ် ကပ္ပလီလူငယ်မှာ အိပ်ခန်းဝတွင်ပင် အံ့

www.burmeseclassic.com

www.burmeseclassic.com



အားသင့်စွာဖြင့် ရပ်ငေးကြည့်နေသည်ကို မြင်ရလေသည်။

“ဘာလဲ မောင်ရင်က တစ်ချိန်လုံး ဒီမှာပဲ ရပ်ကြည့်နေတယ်လား”

“ဟုတ်ကဲ့”

“သူနာပြုကားကို ဖုန်းဆက်မခေါ်ဘူးလား”

“မခေါ်ရသေးဘူးခင်ဗျ၊ စောစောကပြောသလို ကျွန်တော့်စိတ်တွေ လှုပ်ရှားပြီး ဘာလုပ်ရမှန်းမသိဘဲ ကြောင်နေမိပါတယ်၊ အခုတော့ ကိစ္စပြီးသွားပြီမဟုတ်လား၊ ဒီအတိုင်းဆိုရင် ကျွန်တော့်အနေနဲ့ ဆရာဝန်ခေါ်ရတဲ့ အခကြေးငွေတောင် ပေးစရာမလိုတော့ဘူး”

ကပ္ပလီလူငယ်က ကျေနပ်ဟန်ဖြင့် ပြောလေသည်။

ဆာပီကိုလည်း ထိုလူငယ်အား ရေနွေးတစ်အိုး အမြန်တည်ခိုင်းပြီးနောက် ကလေးငယ်အား ချက်ကြိုးဖြတ် ချည်နှောင်ရသည့် တာဝန်ကို ဆက်လုပ်ရလေသည်။

ဤနည်းအားဖြင့် ဆာပီကိုသည် ရဲတပ်ဖွဲ့ထဲ ဝင်လုပ်ရင်းက ဝမ်းဆွဲအလုပ်ကိုပါ လက်တွေ့လုပ်ခဲ့ရလေသည်။

သူသည် ပတ္တရောင်ကင်းလှည့်တာဝန် ထမ်းဆောင်သည့် ကာလအတွင်း နောက်ထပ် အလားတူ အရေးပေါ် သားဖွားပေးခြင်းမျိုး လေးကြိမ်မျှ လုပ်ပေးခဲ့ရသေးသည်။

သို့သော်

သူ့အနေဖြင့် ပထမဆုံးအကြိမ် သားဖွားပေးခဲ့ရခြင်းကို မမေ့နိုင်တော့ချေ။

သားဖွားပေးခဲ့ပြီး ရက်သတ္တတစ်ပတ်တွင် ဆာပီကိုသည် ကင်းလှည့်နေစဉ် ကလေးအဖေ ကပ္ပလီလူငယ် ပေါက်လာပြန်လေသည်။

“ရဲကြီးခင်ဗျား၊ ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာ ကြာပြီ”

“အလို... ဘာပြဿနာပေါ်ပြန်လို့လဲ”

ဆာပီကိုက အံ့အားသင့်စွာ ပြန်မေးလျှင် ကပ္ပလီလူငယ်က ပြုံးပြီး ပြန်ပြောလေသည်။

“ဘာပြဿနာမှ မပေါ်ပါဘူး၊ ကလေးကလည်း ကောင်းကောင်းကျန်းမာပါတယ်၊ ကျွန်တော်က ခင်ဗျားရဲ့နာမည်ကို သိချင်လို့ပါ”

“ငါ့နာမည် ဆာပီကိုလို့ခေါ်တယ်”



“မဟုတ်ဘူးလေ၊ နာမည်အပြည့်အစုံ သိချင်ပါတယ်”

“ဪ... ဒီလိုလား၊ ငါ့နာမည် အပြည့်အစုံကတော့ ဖရင့်ဆာပီကို ဖြစ်တယ်”

“ကျေးဇူးပါပဲခင်ဗျ၊ ကျွန်တော်တို့ ဇနီးမောင်နှံက ကလေးကို နာမည်ပေးဖို့ စဉ်းစားကြတော့ လူကြီးမင်း ကူညီမေးဖွားပေးခဲ့တာမို့ လူကြီးမင်းကို ကျေးဇူးပြုတဲ့အနေနဲ့ နာမည်ဆင်တူပေးဖို့ ဆုံးဖြတ်ကြပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ သားကလေးရဲ့ရှေ့က နာမည်ကို ဖရင့်လို့ပဲ ပေးလိုက်ပါတော့မယ်”

* * *

ဆောင်းရာသီ ညဘက် အလွန်အေးသော အခါများမှလွဲလျှင် ဆာပီကိုသည် ခြေလျှင်ကင်းလှည့်ရသည့် အလုပ်တာဝန်ကို သဘောကျမိလေသည်။

မိမိတစ်ဦးတည်း လွတ်လပ်စွာ လမ်းလျှောက်ရင်း ကင်းလှည့်ရသည်ကို ပျော်ရွှင်ကျေနပ်ဖွယ်ကောင်းသည်ဟု ယူဆမိသည်။

ကင်းလှည့်နေရင်း လမ်းသွားလမ်းလာများအား ပြုံး၍နှုတ်ဆက်ခြင်း၊ ဆိုင်ရှင်များနှင့် ရပ်ပြီး စကားစမြည်ပြောခြင်းတို့ကိုလည်း ဆာပီကိုက ပြုလုပ်လေ့ရှိသည်။

သို့ရာတွင်

သူ၏ အဓိကတာဝန်မှာ ရာဇဝတ်မှုခင်းများ မဖြစ်ပွားရန်၊ ကြိုတင်ကာကွယ်တားဆီးရန် သဘောသာဖြစ်နေပြီး တကယ့်မှုခင်း ဖြစ်ပွားပြီးနောက် ထောက်လှမ်းခြင်း အလုပ်ကိုမူ ရဲတပ်ဖွဲ့ စုံထောက်များကသာ တာဝန်ယူကြသည်။

အဆိုပါ စုံထောက်များကို ဆာပီကိုသည် အလွန်အားကျမိပြီး သူလည်း တစ်နေ့ စုံထောက်ဖြစ်လာနိုင်သည်ဟု ကျိတ်၍ မျှော်လင့်နေမိသည်။

သူ့အနေဖြင့် လောလောဆယ် ထောက်လှမ်းရေးအလုပ်ဆို၍ ခိုးယူခံရပျောက်ဆုံးနေသည့် မော်တော်ယာဉ်များ လိုက်ရှာခြင်းကိုသာ လုပ်နိုင်ခဲ့လေသည်။

သူ၏ ကြိုးစားမှုကြောင့်လည်း ခိုးယူခံရသော မော်တော်ကား အတော်များများ ပြန်လည်ရရှိခဲ့ရာ ဆာပီကိုသည် ယင်းအမှုများ၌ တော်သည်ဟုပင်

www.burmeseclassic.com

www.burmeseclassic.com



နာမည်ရလာလေသည်။

သူ၏ ထောက်လှမ်းနည်းကား မျက်စိလျင်စွာဖြင့် မသင်္ကာဖွယ် မော်တော်ကားနံပါတ်ပြားများကို ဂရုစိုက်ကြည့်ခြင်းပင် ဖြစ်သည်။ ကားနံပါတ်ပြား အနေအထားနှင့် ဝက်အူစုပ်ထားပုံ၊ နံပါတ်ပြား၌ ညစ်ပတ်ပေရေနေခြင်း၊ သို့မဟုတ် လက်ရာခြေရာ ပျက်နေခြင်းတို့ကအစ အသေးစိတ်ကြည့်ရှုလေ့လာခြင်းအားဖြင့် မသင်္ကာဖွယ်ရာများ တွေ့ရှိပါက ချက်ချင်းပင် ထိုကားမောင်းလာသူအား မေးမြန်းစစ်ဆေးကြည့်လေ့ရှိသည်။ ပိုင်ရှင်အစစ် မဟုတ်ဘဲ ခိုးယူလာသူဖြစ်နေလျှင် မေးခွန်းထုတ် စစ်ဆေးရုံနှင့် အဖြစ်မှန် ပေါ်ပေါက်လာတတ်သဖြင့် ဆာပီကိုသည် ပျောက်ဆုံးနေသော မော်တော်ယာဉ် အတော်များများကို ပြန်လည်ရရှိအောင် ကြိုးစားနိုင်ခဲ့လေသည်။

* * *

သူ တာဝန်ကျသော အမှတ် ၈၁ ရဲစခန်း အပိုင်ဒေသတွင် ရာဇဝတ်မှုခင်းများ မကြာခဏ ဖြစ်ပွားလေ့ရှိသည့်အနက် မုဒိမ်းမှုများသည် အတော်များများ ဖြစ်ပွားတတ်သည်။

ဆာပီကိုသည် ယင်းအမှုမျိုးကို အလွန်စက်ဆုပ်သဖြင့် ကျူးလွန်သူများအား ခပ်ကြမ်းကြမ်း ဖမ်းဆီးအရေးယူချင်စိတ် ဖြစ်ပေါ်မိလေသည်။

သို့ရာတွင်

ဝါရင့်ရဲကြီးတစ်ဦးက သူ့အား သတိပေးသလို အကြံဉာဏ်ပေးခြင်းကိုလည်း လျစ်လျူရှု၍ မဖြစ်ကြောင်း လက်တွေ့သိရှိခဲ့ရလေသည်။

မကြာခဏ အမျိုးသမီးများကိုယ်တိုင်က အပြစ်မကင်းသည့် အဖြစ်မျိုးရှိတတ်သဖြင့် ရဲအနေဖြင့် ရှေ့လောမကြီးရန် ဝါရင့်ရဲကြီးက သတိပေးပြောဆိုခဲ့သည်။

တစ်နေ့ ဆာပီကိုသည် ပတ္တရောင်လှည့်သွားရင်း လူပြတ်သော ဂိုဒေါင်တစ်ခုအတွင်းမှ မိန်းကလေးတစ်ယောက် ~~သည်း~~ညည်းညူဟစ်အော်သံကို ကြားမိသဖြင့် အမြန်ပြေးဝင်ကြည့်ရာ ကပ္ပလီ လူမည်းစုံတွဲတစ်တွဲကို တွေ့ရလေသည်။ မိန်းကလေးက ရုန်းကန်နေသဖြင့် အဓမ္မမှုဖြစ်ရမည်ဟု တွက်လျက် ချဉ်းကပ်သွားရာ ကပ္ပလီယောကျ်ားသည် ကပျာကယာ ထွက်ပြေးလေသည်။



ဆာပီကိုသည် သေနတ်ဖြင့် လှမ်းပစ်ဖမ်းနိုင်သော်လည်း ဝါရင့် ရဲထောက် ပြောဖူးသော စကားကြောင့် မပစ်ဘဲနေလိုက်သည်။

စိတ်ပျက်ဖွယ် ကောင်းသည်ကား ကာယကံရှင် မိန်းကလေးကိုယ်တိုင်က မိန်းမကောင်းဖြစ်ဟန်မတူဘဲ အရက်တွေ အလွန်အကျွံ သောက်ထားသည့်အပြင် ဆာပီကိုက တိုင်ချက်ဖွင့်ရန် ပြောသောအခါ အမှုမလုပ်လိုကြောင်း ငြင်းဆန်ခြင်းပင် ဖြစ်လေသည်။

"ကိုင်း... ဘယ့်နှယ်ရှိစ၊ တရားလို မိန်းကလေးကိုယ့်တိုင်က အမှုမလုပ်ချင်ဘူး ဆိုနေမှတော့ မောင်ရင့်အနေနဲ့ ဘယ်လိုလုပ်ပြီး တရားစွဲဆို ရုံးတင်နိုင်တော့မှာလဲ၊ ဟို ထွက်ပြေးတဲ့ကောင်ကို မင်းက သေနတ်နဲ့ လှမ်းမပစ်မိတာ တော်သေးတာပေါ့၊ ပစ်မိရင်တော့ မင်းသာ အချောင်တရားခံဘဝ ရောက်သွားမှာ၊ နောက်ပြီး သေနတ်ပစ်လိုက်လို့ မတော်တဆ အေးလူတစ်ယောက်ယောက်ကို သွားမှန်ရင်လည်း မောင်ရင့်အတွက် ပိုတောင်အမှုကြီးလေဦးမယ်၊ အဲဒါကြောင့် ဒါမျိုးကျရင် ဘယ်တော့မှ ရှေ့လောမကြီးလေနဲ့"

နောက်များမကြာမီ ဆာပီကိုသည် အတွေ့အကြုံတစ်မျိုး တွေ့ရပြန်လေသည်။

ရဲပိုင်ယာလက်ကားတစ်စီးမှ အဖွဲ့ဝင်တစ်ဦး နေထိုင်မကောင်း၍ ခွင့်ယူသွားခိုက် ဆာပီကိုက ထိုလူ၏နေရာတွင် လူစားဝင်ပေးရန် တာဝန်ကျစဉ်က ဖြစ်သည်။

ထိုညက ရဲပိုင်ယာလက်ကားဖြင့် ကင်းလှည့်နေကြစဉ် ရဲစခန်းမှ အရေးပေါ် သတင်းပို့ချက်တစ်ရပ် ရောက်လာလေသည်။

သူတို့တာဝန်ယူ ကင်းလှည့်နေသည့် ရပ်ကွက်အစွန်နားရှိ လမ်းတစ်လမ်းတွင် အမျိုးသမီးတစ်ဦး ဟစ်အော်အကူအညီတောင်းနေကြောင်း သတင်းရသဖြင့် သွားရောက်စုံစမ်းရန် စခန်းက တာဝန်ပေးလိုက်ခြင်း ဖြစ်လေသည်။

ဆာပီကိုနှင့် သူ၏အဖော်တို့သည် ထိုနေရာသို့ အမြန်မောင်းသွားစဉ် လမ်းရဲကားတစ်စီးနှင့် ဆုံမိရာ ဒုတိယကားမှ ရဲတစ်ဦးက စောစောက သတင်းသည် မဟုတ်မှန်သဖြင့် ဆက်သွားရန် မလိုဟု ပြောလေသည်။

ထိုအချိန်က ဆာပီကိုကိုယ်တိုင် ရဲကားကို မောင်းနေသည်ဖြစ်ရာ အပြစ်ဖြစ် သေချာအောင် သွားကြည့်လိုက်တာ ကောင်းတယ်ဟု ဆုံးဖြတ်ချက် မူလသတင်းရထားသော နေရာသို့ ဆက်မောင်းသွားလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာ စာသင်ကျောင်းတစ်ကျောင်း၏ ဝင်းဖြစ်ပြီး ညဘက်တွင် လူအလွန်ပြတ်သော နေရာမျိုးဖြစ်သည်။

ဆာပီကိုသည် ကားကိုရပ်၍ ရှေ့မီးလုံးကြီးများ ဖွင့်ထွန်းကြည့်ရာ မြေကွက်လပ်တစ်နေရာ၌ လူငယ်လေးယောက် မြေကြီးပေါ်ရှိ တစ်စုံတစ်ယောက်အား ဝိုင်းထားကြသည်ကို မြင်ရလေသည်။

မီးရောင်ထိုးလိုက်သည်နှင့် လူငယ်များသည် ထွက်ပြေးကြရာ ဆာပီကိုနှင့် သူ၏ အဖော်တို့က ချဉ်းကပ်သွားကြည့်တော့မှ မြေပြင်ပေါ်၌ ကပ္ပလီ (ခိုရိုး) လူမည်း မိန်းကလေးတစ်ဦး အဝတ်အစားများ စုတ်ပြဲလျက် လဲကျနေသည်ကို မြင်ရလေသည်။

ချက်ချင်းပင် ဆာပီကိုတို့သည် ထွက်ပြေးသော လူငယ်များနောက်သို့ ခြေဦးလှည့်ကြရာ သုံးယောက်က လွတ်မြောက်သွားသော်လည်း တစ်ယောက်ကိုမူ ခြံစည်းရိုးပေါ် ကျော်တက်နေစဉ် ဆာပီကိုက ခြေထောက်ဖမ်းဆွဲထားလိုက်သဖြင့် ဖမ်းဆီးရမိလေသည်။

ထို့နောက်

ကပ္ပလီ မိန်းကလေးအား ဝိုင်ယာလက်ကားပေါ်သို့ ခေါ်တင်၍ အသင့်ပါသော ဆောင်တစ်ထည်ဖြင့် သူမ၏ကိုယ်ကို ရစ်ပတ်ခြုံပေးထားလိုက်ရသည်။

သူမ၏ ထွက်ချက်အရ ယောက်ျားကလေး အဖော်တစ်ဦးနှင့် မော်တော်ကားဖြင့် လည်ပတ်ကြရင်း တစ်နေရာတွင် ကောင်လေးက ပစ္စည်းတစ်ခုကို အိမ်တစ်အိမ်သို့ ဝင်ပေးနေစဉ် လူငယ်လေးဦး ရောက်လာပြီး သူမအား ကားထဲမှ အတင်းဆွဲထုတ် ခေါ်ယူသွားလျက် ကျောင်းဝင်းထဲတွင် စော်ကားကြသည်ဟု ဆိုလေသည်။

ဆာပီကိုက ဖမ်းဆီးထားသော လူငယ်အား ခေါ်ပြကြည့်ရာ မိန်းကလေးက–

"ဟုတ်တယ်ရှင့်၊ သူလည်း တစ်ယောက်အပါအဝင်ပဲ"

ဟု တိကျခိုင်မာစွာ ပြောလေတော့သည်။

ဤအတိုင်းဆိုလျှင် မိမိတို့ ဖမ်းမိသောအမှုက နိုင်လုံပြီဟု စိတ်ချလျက် ဆာပီကိုသည် မိန်းကလေးအား ဆေးစစ်ရန် ဆေးရုံသို့ ပို့လိုက်ပြီးနောက် တရားခံလူငယ်ကို ရဲစခန်းသို့ ခေါ်သွားလေသည်။

ရဲစခန်း၌ ဝါရင့် ရဲစုံထောက်တစ်ဦးက ထိုလူငယ်အား စစ်ဆေးလေသည်။



"ဟေ့ မင်းရဲ့ အဖော်သုံးယောက်က ဘယ်သူတွေလဲ၊ ပြောစမ်း"

ဤသို့ မေးသည်ကို လူငယ်က လုံးဝပြန်မဖြေဘဲ ပေနေသဖြင့် ရဲစုံထောက်က ခပ်ကြမ်းကြမ်းရိုက်ပြီး စစ်ဆေးပြန်လေသည်။ ဤတွင်လည်း တရားခံလူငယ်သည် အဖော်များ၏ အမည်ကို ဖော်ထုတ်ရန် ငြင်းဆန်နေသဖြင့် ...ချုပ်လိုက်ရသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် ဆာပီကိုသည် ပရိယာယ်တစ်မျိုး ...ကြည့်လေသည်။

တရားခံလူငယ်အား တရားရုံးသို့ ခေါ်အသွားတွင် လမ်း၌ စားသောက် ...စ်ဆိုင်သို့ဝင်၍ စားသောက်ဖွယ်များ မှာကျွေးရင်း ဖျောင်းဖျပြောကြည့် ...သည်။

"မင်း သေသေချာချာ စဉ်းစားစမ်းပါ၊ အပြစ်ရှိတာက လေးယောက်၊ ...င်ယောက်တည်း ခံရမယ်ဆိုတော့ တရားသလား"

လူငယ်က ဘာမှမပြောဘဲ နေသဖြင့် ဆာပီကိုက ဆက်ပြောကြည့်ပြန် ...သည်။

"ဒီမယ်၊ မင်းရဲ့ကွယ်ရာမှာ ဟိုကောင်သုံးကောင်က မင်းကိုလှောင်ပြီး ...နေကြလိမ့်မယ်၊ အပြစ်လုပ်တော့ လေးယောက်အတူတူ၊ မင်းတစ်ယောက် ...ခံရတော့ သူတို့အဖို့ ပျော်စရာကြီးပဲပေါ့၊ ဒီပြစ်မှုနဲ့ဆိုရင် အပြစ်ဒဏ် ...ဘက်ထိ ရနိုင်တယ်ဆိုတာကိုတော့ မင်းသိရဲ့လား၊ တရားသဖြင့်ဖြစ် ...င် အမှန်ကို ပြောလိုက်စမ်းပါ"

ဤသို့ ဆက်ပြောလိုက်တော့မှ တရားခံလူငယ်သည် စိတ်ပိုင်းဖြတ်လိုက် ...ပြီး သူ၏ အဖော်သုံးဦး၏ နာမည်များကို ဖော်ပြောလေတော့သည်။

"အေး၊ ဒီလိုမှပေါ့ကွ၊ ရုံးကျတော့ မင်းအတွက် သက်သာအောင် ...ဲ့ကို ကူညီပါတယ်လို့ အစိုးရရှေ့နေကို ငါကိုယ်တိုင် ပြောပေးမယ်"

ဤသို့ အားပေးစကား ပြောလိုက်ပြီးနောက် ဆာပီကိုသည် ထိုနေ့ ...တွင် အခင်းဖြစ်ပွားရာကျောင်းသို့ သွားလေသည်။

...ညနေ ကျောင်းဆင်းချိန်တွင် လူငယ်များ အားကစားလေ့ကျင့်သည့် ...ေး၌ တစ်ခုရှိရာ ကြီးကြပ်အုပ်ချုပ်သူ သင်တန်းဆရာထံသွား၍ ... လူငယ် ဖော်ပြောလိုက်သော လူငယ်သုံးဦး၏ အမည်စာရင်းပြ၍ ...ကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆရာက ထိုလူငယ်သုံးဦးကို သိကြောင်း၊ ညနေတိုင်းလို လာလေ့ရှိကြောင်း ပြောပြသဖြင့် ဆာပီကိုလည်း အားတက်သွားမိလေသည်။

ထို့နောက် သူ၏ ရဲစခန်းသို့ ဖုန်းဆက်၍ ရဲစုံထောက်ဌာနမှ တစ်ယောက် ယောက်နှင့် ဆက်သွယ်လိုကြောင်း ပြောလေသည်။

"ဒီမယ်၊ ကျုပ်ဆီကို တစ်ယောက်ယောက် လွှတ်ပေးစမ်းပါ၊ မနေ့ညက ဖြစ်တဲ့အမှုနဲ့ ပတ်သက်လို့ ကျန်တဲ့တရားခံ သုံးယောက်ပါ မိနိုင်ဖို့ အခြေအနေ ရှိနေတယ်"

ဆာပီကိုက ပြောလျှင် တစ်ဖက်မှ ပြန်ဖြေသူက-

"အဲဒီအမှုကိုင်တဲ့ စုံထောက်က ခွင့်သွားနေတယ်ဗျ"

ဟု ပြန်ဖြေလေသည်။

"ဒါဖြင့် တခြားတစ်ယောက်ယောက် လွှတ်ပေးလိုက်ပေါ့"

"ဟာ လောလောဆယ် လွှတ်စရာလူလည်း မရှိဘူး၊ အမှုကိုင်တဲ့လူ လာမှဖြစ်မှာ"

ဤတွင် ဆာပီကိုသည် စိတ်ပျက်သွားမိလေသည်။ မှုခင်းတစ်ခု ဖြေ ပြတ်အောင် မိမိက ကြိုးစားနေသလောက် ရဲစခန်းမှ လူများက အားပေးခြင်း မရှိပါတကားဟု တွေးမိရာမှ သူ့ဟာသူ ဆက်လက်တာဝန်ယူသွားရန် ဆုံးဖြတ် လိုက်လေသည်။

ရှေးဦးစွာ စာသင်ကျောင်းနှင့် အနီးဆုံး ကင်းလှည့်တာဝန်ကျနေသော ရဲအရာရှိထံသို့သွား၍ သူသည် တရားခံများ ဖမ်းဆီးရန် ရှိသဖြင့် လိုအပ်လျှင် အကူအညီပေးရန် ပြောထားလိုက်သည်။

ထို့နောက်

တရားခံများ ပေါ်လာသည့်တိုင်အောင် စိတ်ရှည်လက်ရှည် စောင့်နေလိုက် သည်။

မကြာမီ အချုပ်တရားခံ လူငယ် စာရင်းပေးထားသော လူငယ်နှစ်ဦး အားကစားရုံသို့ ရောက်လာရာ ဆာပီကိုသည် ဘာမှမလုပ်သေးဘဲ အဘ? အကဲခတ်ကြည့်နေလေသည်။

တစ်ယောက်က ဘောလုံးကစားနေသည့်ပွဲကို ထိုင်ကြည့်ပြီး ကျန် တစ် ဦးက ဘားကျွမ်းလေ့ကျင့်သည့်ရုံသို့ ဝင်သွားသည်။



ဆာပီကို ပထမလူငယ် ထိုင်နေသည့် ခုံရှည်နောက်နားသို့သွားပြီး-

"ဟေ့ကောင် မင်း မလှုပ်နဲ့၊ ငြိမ်ငြိမ်နေစမ်း၊ လှုပ်မယ်ကြံရင်တော့ မင်းကို သတ်ပစ်မယ်"

ဟု ခြိမ်းခြောက်လိုက်ရာ လူငယ်လည်း ထိတ်လန့်တုန်လှုပ်သွားလျက် ငြိမ်နေသည်။

ထိုအချိန်၌ စောစောက ဆာပီကို အကူအညီတောင်းထားသော ရဲတပ်ဖွဲ့ ဝင်လည်း ရောက်လာရာ ထိုလူကိုပါခေါ်၍ လူငယ်အား ဖမ်းလိုက်သည်။

တရားခံအား စောင့်ထိန်းထားရန် သူ၏အဖော် ရဲအား တာဝန်ပေးပြီး နောက် ဘားကျွမ်းလေ့ကျင့်ရုံထဲသို့ လိုက်ဝင်သွားလေသည်။

သူလိုချင်သည့် လူငယ်ကို အခန်းတစ်နေရာတွင် မိန်းကလေးအချို့ နှင့်အတူ တွေ့ရသဖြင့် ဆာပီကိုက တည့်တိုးပင်ပြောပြီး ရင်ဆိုင်လိုက်သည်။

"ဟေ့ ခဏလိုက်ခဲ့စမ်း၊ မင်းကို မေးစရာရှိတယ်"

"ကျွန်တော် ဘာမှလုပ်တာ မဟုတ်ဘူးခင်ဗျ၊ ဘာကြောင့် ကျွန်တော့် ကို မေးရမှာလဲ"

"ဒါတော့ မင်းဟာမင်း စဉ်းစားကြည့်ပေါ့"

ပြောပြောဆိုဆို ဆာပီကိုသည် ထိုလူငယ်၏လက်ကို ဖမ်းဆွဲပြီး ခေါ် ထုတ်သွားလေသည်။

ထို့နောက် စာသင်ကျောင်းရုံးခန်းမှ ယမန်နေ့က စော်ကားခံရသူ တရားလို အမျိုးသမီးထံ ဖုန်းဆက်၍ ရဲစခန်းသို့ လာခဲ့ရန် အကြောင်းကြား လိုက်သည်။

ဆာပီကိုသည် လူငယ်နှစ်ဦးကို စခန်းသို့ ခေါ်သွားပြီး အခန်းတစ်ခန်းတွင် ထည့်ထားလိုက်သည်။

ထိုအခန်း၌ ရောက်နေသူ တရားလို အမျိုးသမီးအား တစ်ဖက်ခန်း ...က်မှနေ၍ ဖမ်းလာသော လူငယ်အား ကြည့်ခိုင်းရာ မိန်းကလေးက ... စော်ကားခဲ့သူများ အမှန်ဖြစ်ကြောင်း တထစ်ချ ပြောလေသည်။

ကျူးလွန်သူ တရားခံသုံးဦး မိသော်လည်း တစ်ဦးကျန်နေသဖြင့် ...က ယင်းလူငယ်အမည်နှင့် နေရပ်လိပ်စာကို ရဲစုံထောက်နှစ်ဦးလက်သို့ ... ဖမ်းဆီးခိုင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ဆာပီကိုသည် တရားလို အမျိုးသမီးအား ရဲစခန်း ခေါ်၍ လိုအပ်ချက်များ ထပ်မံမေးမြန်းပြီးနောက် မှတ်တမ်းပုံစံများ ဖြည့်စွက်ရေးသားလိုက်သည်။

အမျိုးသမီး ပြန်သွားပြီးနောက် စားသောက်ဆိုင်၌ ကော်ဖီတစ်ခွ မှာသောက်ရင်း ဆက်စောင့်နေလေသည်။

တစ်နာရီနီးပါး ကြာတော့မှ ရဲစုံထောက်ဌာနသို့ ပြန်သွားပြီး စုံ ကြည့်ရာ မိမိ ဖမ်းခိုင်းလိုက်သော စတုတ္ထတရားခံ လူငယ်ကို သူ၏အိမ် စာတွင် သွားရှာရာ မတွေ့ခဲ့ကြောင်း စုံထောက်တစ်ဦးက ပြောလေသည်

ဤတွင် အခြေအနေမှန်ကို ရိပ်မိလာတော့သည်။

ရဲစုံထောက်ဌာနမှ လူများက မိမိအား အကူအညီမပေးချင်ကြောင် သိသာထင်ရှားနေပေပြီ။ မိမိက မှုခင်းတစ်ခု ပေါ်ပေါက်အောင် ကြိုးစားဆော ရွက်သည်ကို မနာလို၍ နှောင့်ယှက်သလို လုပ်နေကြသည်မှာ အမှန်ဖြစ်သည်

ဆာပီကိုသည် စိတ်တိုတိုနှင့် တာဝန်ကျ ရဲစုံထောက်နှင့် အချေအတ စကားများပြီးနောက်–

“ခင်ဗျားတို့ မကူညီချင်နေ၊ ဒီအမှုကို ကျုပ်ကိုယ်တိုင် တာဝန်ယူ ရုံးတင်မယ်”

ဟု ပြောရာ ရဲစုံထောက်က

“ဒါတော့ ဒီအတိုင်းမရဘူး၊ ကျုပ်တို့ အထက်အရာရှိ ရဲမှူး (လက်ဖတ နင်)က ခွင့်ပြုမှဖြစ်မယ်”

ဟု ခပ်တည်တည် ပြန်ပြောလေသည်။

* * *

ထိုစုံထောက်က ရဲမှူးအား မည်သို့ကြိုတင် ပြောထားသည်မ လက်ဖတင်နင်ဆိုသူ ရောက်လာသောအခါ ဆာပီကိုအား ခပ်တင်းတ ဆက်ဆံလေသည်။

သူ၏ ရုံးခန်းထဲသို့ ခေါ်သွားပြီး သူသည် ဆာပီကိုအပေါ် ဌာန ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဟုပြောကာ စာရွက်တစ်ရွက်တွင် ရေးမှတ်



ပ်ကို၏ အမည်၊ ရာထူးအဆင့်၊ ကိုယ်ပိုင်အမှတ် စသည်တို့ကို မေးမြန်း သည်။

ထို့နောက် ဆာပီကို၏ ဒိုင်ယာရီ မှတ်တမ်းစာအုပ်ကိုတောင် ကြည့်လေ ည်။

မှတ်တမ်းစာအုပ်ဆိုသည်မှာ ရဲတပ်ဖွဲ့ဝင်များ မိမိ တာဝန်ကျစဉ် ာင်း လုပ်ဆောင်ချက်များကို အပြည့်အစုံ မှတ်တမ်းတင် ရေးသွင်းရသော အုပ်ပင်ဖြစ်သည်။

ဆာပီကိုမှာ အလုပ်များသလောက် စိတ်ရှုပ်နေသဖြင့် မှတ်တမ်းစာအုပ် ၌ ပြည့်ပြည့်စုံစုံ ရေးသားမသွင်းရသေးရာ ယင်းအချက်ကို ရဲမှူးက ဆောက်ပြပြောဆိုလေသည်။

“ဟော... မင်းက မှတ်တမ်းစာအုပ်ထဲ မနေ့က အမှုအကြောင်းလည်း း မှတ်မထားဘူး”

ဤသို့ပြောပြီးနောက် ဆာပီကိုအား ထုချေလွှာ တောင်းသလို မေးမြန် ည်။

ဆာပီကိုသည် မိမိ တာဝန်ကျရာ နေရာမှ ထွက်ခွာ၍ မှုခင်းဖြစ်ပွားရာ သင်ကျောင်းသို့ သက်ဆိုင်ရာမှ ခွင့်ပြုချက်မရဘဲ ဘာကြောင့်သွားခဲ့ရသနည်း ု ခမ်းလေသည်။

ရဲတပ်ဖွဲ့၏ စည်းကမ်းဥပဒေ လုပ်ထုံးလုပ်နည်းအရ တိကျစွာ ဆိုရ ာင်းကား ရဲတစ်ဦးသည် မှုခင်းဖြစ်ပွားနေသည် ထင်ရသော နေရာသို့ ွားမိ အထက်လူကြီးထံမှ ခွင့်တောင်းရလေသည်။

ယခု လက်ဖတင်နင်ရဲမှူးက ယင်းအချက်ကို ကိုင်ပြောနေခြင်းမှာ မ်အား တမင်သက်သက် အပြစ်ရှာနေခြင်းဖြစ်ကြောင်း ထင်ရှားနေသည်။

ဤတွင် ဆာပီကိုသည် စိတ်တိုလာမိလေသည်။

“လက်ဖတင်နင် ခင်ဗျား ရှင်းရှင်းပြောစမ်းပါ၊ ကျွန်တော် အခု ဖမ်းမိ ်အမှုကို ခင်ဗျားက နာမည်ကောင်းယူပြီး လွှဲပြောင်းယူချင်လို့လား”

ဆာပီကိုက တိုက်ရိုက်မေးသောအခါ လက်ဖတင်နင်သည် တိကယ် ခြေဘဲ ရဲတပ်ဖွဲ့ စည်းကမ်းများ ချိုးဖောက်လျှင် မည်သို့ အပြစ်ရှိ သာ က်ပြောနေသည်။

ဆာပီကိုလည်း စိတ်မရှည်နိုင်တော့ဘဲ–

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကောင်းပါပြီး ဒီအမှုကို ကျွန်တော် မကိုင်တော့ပါဘူး ခင်ဗျား တို့ပဲ တာဝန်ယူပြီး ဆက်လုပ်ကြပါတော့"

ဟု ပြောကာ ပြန်ထွက်လာခဲ့သည်။

* * *

သူ စိတ်ဆိုးမှန်း သိသွားသောအခါ ရဲစုံထောက်ဌာနမှ လူများက နောက်တစ်နေ့တွင် ဆာပီကိုကို ချော့မော့နှစ်သိမ့်ကြပြန်သည်။

နောင်ဆိုလျှင် ဆာပီကို မှုခင်းထောက်လှမ်း ဖော်ထုတ်ရေးတွင် နာမည်ရအောင် ကူညီဆောင်ရွက်ပေးပါမည်ဟု ပြောရင်း ယခုလည်း မိမိ၏ ကြိုးစားမှုကို အသိအမှတ်ပြုသည့်အနေဖြင့် 'နာမည်ကောင်းလက်မှတ်' ရရှိအောင် အဆက်သို့ ထောက်ခံတင်ပြပေးမည့်အကြောင်း ပြောကြလေသည်။

နောက်ပိုင်းတွင် တကယ်ပင် သူ့နာမည်ကို ထောက်ခံတင်ပြသည့် စာရင်းတွင် တွေ့ရသဖြင့် အံ့အားသင့်မိလေသည်။

သို့သော်

ထောက်ခံတင်ပြချက် အစီရင်ခံစာ ရေးထားပုံမှာ ဆာပီကို၏ စုံစမ်းထောက်လှမ်းမှုအစွမ်းကြောင့် မုဒိန်းမှုတရားခံများ ဖမ်းမိခြင်းကို မဖော်ပြဘဲ ဆာပီကိုနှင့် ဝိုင်ယာလက်ကားမှ သူ၏ အဖော်တို့သည် သတ္တိရှိစွာဖြင့် စွန့်စား၍ တရားလို မိန်းကလေးအား ကယ်တင်နိုင်ခဲ့သည်ဟုသာ ဖော်ပြပါရှိလေသည်။

မည်သို့ပင်ဖြစ်စေ သက်ဆိုင်ရာ ဘုတ်အဖွဲ့က ဆာပီကိုအား တာဝန်ဝတ္တရား ကျေပွန်စွာ ဆောင်ရွက်ခဲ့သည့်အတွက်ဟုဆိုကာ နာမည်ကောင်းလက်မှတ်တစ်ခု ချီးမြှင့်ခဲ့လေသည်။

* * *

အမှတ် (၈၁) ရဲစခန်းတွင် တာဝန်ကျခဲ့ခြင်းအားဖြင့် ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်များအတွင်း အဂတိလိုက်စားမှု ရှိနေခြင်းကိုလည်း ပထမဆုံးအကြိမ် လက်တွေ့စတင် သိရှိခဲ့ရပေသည်။



တစ်နေ့တွင် ကင်းလှည့်ရေဒီယို ဝိုင်ယာလက်ကားမှ အဖွဲ့ဝင်တစ်ဦး နေမကောင်းသဖြင့် ထိုလူ၏နေရာတွင် ဆာပီကို လူစားဝင်၍ တာဝန်ယူရလေသည်။

ဝိုင်ယာလက်ကားမှ ရဲများကလည်း မိမိတို့အတွက် လူစားလိုလျှင် ဆာပီကိုကိုသာ ရွေး၍ ခေါ်ယူကြခြင်းမှာ အလုပ်တာဝန် ဆောင်ရွက်ရာတွင် အားကိုးရရုံမက မော်တော်ကားမောင်းရာ၌လည်း အထူးကျွမ်းကျင်သောကြောင့် ဖြစ်လေသည်။

ဆာပီကို ကိုယ်တိုင်ကလည်း ကားမောင်းဝါသနာပါသဖြင့် ရဲဝိုင်ယာလက်ကားဖြင့် တာဝန်ကျသည့်အခါ သူကိုယ်တိုင် မောင်းလေ့ရှိသည်။

ထိုနေ့ကလည်း ဆာပီကိုသည် ဝိုင်ယာလက်ကားကို မောင်းသွားရင်း လမ်းဒါလျင်စွာဖြင့် ပတ်ဝန်းကျင်ကို ကြည့်သွားရာ မီးပွိုင့်တစ်ခု၌ ရှေ့မှကားတစ်စီးသည် မီးနီပြနေပါလျက် ဖွတ်ဖြတ်မောင်းသွားသည်ကို မြင်လိုက်မိလေသည်။

ဆာပီကိုလည်း ချက်ချင်းပင် ထိုကားကို မီအောင်လိုက်မောင်းပြီး ကားချင်းယှဉ်မိမှ လမ်းဘေးသို့ ရပ်နိုင်းလိုက်သည်။

ဝိုင်ယာလက်ကားထဲမှ သူ၏အဖော်က စိတ်ပါဝင်စားခြင်း မရှိဟန်ဖြင့် ငြိမ်သာထိုင်နေသော်လည်း ဆာပီကိုသည် မီးနီဖြတ်မောင်းသူ၏ ယာဉ်မောင်းလိုင်စင်ကို တောင်းယူကြည့်လေသည်။

ထိုလူသည် ယာဉ်စည်းကမ်းဖောက်ဖျက်မှု အကြိမ်ကြိမ် ကျူးလွန်ခဲ့ခြင်းကြောင့် လိုင်စင်စာအုပ်တွင် ပြစ်ချက်များ ရေးမှတ်ထားသည်ကို တွေ့ရလေသည်။

ယခုတစ်ကြိမ်တွင်မူ သူသည် မီးနီနေသည်ကို မမြင်၍ ဖြတ်မောင်းမိသည်ဟု ဆိုပြန်သည်။ တဆက်တည်းမှာပင် သူသည် ကုမ္ပဏီတစ်ခုမှ အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်၍ မော်တော်ကားကို အမြဲသန့်နေရကြောင်း၊ နောက်ဖန် ယာဉ်စည်းကမ်း ဖောက်ဖျက်မှုဖြင့် နောက်ထပ် တရားရုံးသို့ ရောက်ပါက သူ၏ ယာဉ်မောင်းလိုင်စင် ရာသက်ပန် ပိတ်ပင်ခြင်းခံရမည် ဖြစ်ကြောင်းကိုပြောရင်း သူ့အား အရေးမယူဘဲ လွှတ်ပေးရန် တောင်းပန်လေသည်။

ဆာပီကိုသည် ထိုလူ ကားမောင်းသွားပုံက မတရား အမြန်မောင်းခြင်း မဟုတ်သည်တကြောင်း၊ ထိုလူ၏ ယာဉ်မောင်းလိုင်စင် ပိတ်ပင်ခံရမည်ကို စာနာ၍ သနား၍တကြောင်း သတိပေးရုံပေး၍ လွှတ်လိုက်တော့မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးမိစဉ်မှာပင် ထိုလူက–

"ဒီမယ်၊ ခင်ဗျား ကျွန်တော့်ကို အရေးမယူဘဲ လွှတ်လိုက်ရင် ငွေသုံးဆယ်ငါးဒေါ်လာ ပေးပါ့မယ်"

ဟု ပြောလေသည်။

ဤတွင် ဆာပီကို စောစောက စေတနာ ပျက်သွားကာ စိတ်ထဲ ထောင်းကနဲ ဖြစ်သွားမိလေသည်။

"ဘာလဲ၊ ခင်ဗျားက အခုကိစ္စကို ဖမ်းပြီး ရုံးမတင်ဘူးဆိုရင် ငွေသုံးဆယ့်ငါးဒေါ်လာ ပေးမယ်လို့ ပြောတာလား"

ခပ်တည်တည် ပြန်မေးသော ဆာပီကို၏ စကားအဓိပ္ပာယ်ကို ထိုလူက သဘောပေါက်ပုံမရချေ။

"ခလောလောဆယ် ကျုပ်အိတ်ထဲမှာ အဲဒီလောက်ပဲပါလို့ပါဗျ"

ဤသို့ ထပ်ပြောလျှင် ဆာပီကိုသည် ပို၍ပင် စိတ်တိုလာပြီး ထိုလူအား ခေတ္တစောင့်နေခိုင်းပြီး ဝိုင်ယာလက်ကားထဲရှိ သူ၏ အဖော်ထံသို့ သွားလေသည်။

"ခင်ဗျားပါ ခဏလိုက်ခဲ့စမ်းပါ၊ ဒါမှ သက်သေရှိမယ်၊ ဟိုလူက ကျုပ်က လာဘ်ပေးမှုနဲ့ ဖမ်းချုပ်လိုက်မယ်"

"အလို... ဘာတွေဖြစ်လို့လဲဗျ"

"သူက မီးနီဖြတ်မောင်းတာကို အရေးမယူရင် ငွေသုံးဆယ့်ငါးဒေါ်လာ ပေးမယ်လို့ ပြောနေတယ်"

"ဟုတ်လား၊ ဒါဖြင့် ခင်ဗျားကားထဲမှာ အသာနေရစ်၊ ကျုပ် ဒီကိစ္စကို ကြည့်လုပ်ပါ့မယ်"

သူက ဤသို့ပြောလျှင် ဆာပီကိုမှာ ထိုလူက မိမိထက် ဝါစဉ်ရင့်သည် ဖြစ်၍ မတတ်သာဘဲ ကားထဲတွင် စောင့်လိုက်ရသည်။

သူ၏အဖော်သည် ယာဉ်စည်းကမ်း ချိုးဖောက်သူရှိရာသို့ လျှောက်သွားပြီး နှစ်ယောက်သား ဘာတွေပြောသည်မသိ။ ခဏမျှအကြာတွင် ထိုလူက ကားမောင်းထွက်သွားသည်ကိုသာ မြင်လိုက်ရသည်။

အဖော်ဖြစ်သူက ဝိုင်ယာလက်ကားဆီသို့ ပြန်လာသောအခါ ဆာပီကိုက–

"ဘယ်လိုလဲဗျ၊ ဘာဖြစ်ကုန်တာလဲ"

ဟု မေးလိုက်သည်။



ဤတွင် ထိုလူက သူ၏လက်မှ ငွေစက္ကူ ဆယ်ဒေါ်လာတန် သုံးရွက် ...ါးဒေါ်လာတန်တစ်ရွက်ကို ထုတ်ပြသည်။

"သူငယ်ချင်းမှာ ပြန်အမ်းဖို့ အကြွေမပါဘူးလား၊ ဒီငွေကို ကျုပ်တို့ ...ောက် တစ်ဝက်စီယူကြရအောင်"

ထိုလူက ခပ်အေးအေးပြောလိုက်လျှင် ဆာပီကိုမှာ အလွန်အံ့အားသင့် ...လေသည်။ မိမိက လာဘ်ပေးမှု ဖမ်းသည့်ဆဲဆဲအချိန်တွင် မိမိအဖော်က ...ငွေကို လက်ခံယူလိုက်ခြင်းကိုလည်း စိတ်ပျက်သွားမိလေသည်။

"မလိုပါဘူးဗျာ၊ ကျုပ်မှာ ငွေကြေး မကျပ်တည်းပါဘူး၊ ဒီငွေရဲ့ ...က်ကိုလည်း မလိုချင်ဘူး"

စိတ်ပျက်ပျက်နှင့်ပြောရင်း ကားကို စက်နှိုးပြီး မောင်းထွက်သွားလေ ...။

"တကယ်လားဗျ၊ ကျုပ်တို့ရဲ့ထုံးစံက အခုလို နှစ်ယောက်တာဝန်ကျ ...ငွေရရင် တစ်ယောက်တစ်ဝက်စီ ယူနေကြပဲဗျ"

အဖော်ဖြစ်သူက ထပ်ပြောသော်လည်း ဆာပီကိုက ခေါင်းခါပြလိုက် ...။

"တကယ်ပြောတာပါ၊ ဟိုလူကို ခင်ဗျားက မဖမ်းဘဲ လွှတ်လိုက်တယ် ...လား၊ ဒါကြောင့် ရတဲ့ငွေကို ခင်ဗျားပဲယူလိုက်ပေါ့"

"ဒီလိုဆိုရင် ကျေးဇူးပါပဲ သူငယ်ချင်း၊ ဒီငွေနဲ့ဆိုရင် ကျုပ်အိမ်က ...အတွက် နွားနို့ဖိုး အတော်ပဲ ဟဲဟဲဟဲ"

ဤသို့လျှင် ဆာပီကို ရဲဝိုင်ယာလက်ကားမှ အမှုထမ်းများ အခြေအနေ ...ှင် လာဘ်စားလေ့ရှိကြောင်း ဝမ်းနည်းဖွယ်ရာ သိခဲ့ရလေသည်။

ယင်းဖြစ်ရပ်အကြောင်းကို အခြား ဝိုင်ယာလက်ကားများကလည်း ...ကြပြီးနောက် ကျန်ရဲများသည် လူစားလိုလျှင် ဆာပီကိုအား မရ,ရ ... ခေါ်ယူတတ်ကြပေသည်။ ဆာပီကိုအနေဖြင့် လာဘ်ငွေကိုမယူသဖြင့် ...က်ခွဲဝေယူရမည့်ငွေအစား တစ်ယောက်တည်းက ရသည်ကို ကျန်ရဲ ... သဘောကျပြီး ခေါ်ချင်ကြခြင်းပင်ဖြစ်သည်။

ဆာပီကိုသည် ထိုကိစ္စနှင့်ပတ်သက်၍ ရက်အတော်ကြာသည်အထိ ... ဘဝင်မကျ ဖြစ်နေခဲ့မိလေသည်။

သို့သော်–

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းကျတော့ ခေါင်းအေးအေးဖြင့် တစ်မျိုးစဉ်းစား သုံးသပ်ကြည့်မိပြန်သည်။

သူကိုယ်တိုင် ငယ်စဉ်ကလေးဘဝက ယူနီဖောင်းဝတ်ရဲများ ဈေးထဲ လျှောက်ရင်း ဈေးဆိုင်များမှ သစ်သီးစသော စားကုန်သောက်ကုန်များ ငွေမပေးဘဲ ယူသွားကြသည်ကို မြင်ခဲ့ဖူးသည် မဟုတ်ပါလော။

ယခု သူကိုယ်တိုင် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်လာချိန်၌ ဘဝတူရဲများက ပြည်သူလူထုမှ လာဘ်ငွေစားခြင်းသည် တစ်ချိန်က ဈေးဆိုင်များမှ သစ်သီးတွေ အလကားယူခြင်းမျိုးပင် ဖြစ်လေသလောဟုလည်း တွေးမိလေသည်။

တဖန် မိမိနှင့်အတူ တာဝန်ထမ်းဆောင်သူ ဝိုင်ယာလက်ကားမှ ရဲက ယာဉ်စည်းကမ်း ဖောက်ဖျက်သူထံမှ လာဘ်ငွေလက်ခံခဲ့ကြောင်းကို ရဲစခန်းသို့ သွားပြီး တိုင်ကြားရန် စိတ်ကူးရမိပြန်သည်။

သို့သော်–

သေချာစွာ ပြန်စဉ်းစားလိုက်သောအခါ ရဲစခန်းမှ လူများကိုယ်တိုင်က ထိုအကြောင်းသိရုံမက သူတို့ပါ လာဘ်စားနေကျဖြစ်လျှင် မိမိတို့ကြားခြင်းသည် အကြောင်းထူးမည် မဟုတ်ဟု တွေးမိလေသည်။

ထို့ကြောင့် သက်ဆိုင်ရာသို့ တိုင်ကြားခြင်းမပြုရန် ဆုံးဖြတ်လိုက်လေသည်။

သို့ဖြစ်လင့်ကစား သူ၏စိတ်ထဲ ဘဝင်မကျ ဖြစ်နေခြင်းကို ရင်ဖွင့်သည့် အနေဖြင့် လာဘ်စားမှုအကြောင်းကို လူတစ်ယောက်ကိုတော့ ဖွင့်ပြောခဲ့လေသည်။

ထိုလူဆိုသည်မှာ သူနှင့်တွဲပြီး သွားလာနေကျ ကော်ဖြောကုမ္ပဏီတစ်ခုမှ မိန်းကလေးတစ်ဦးပင်ဖြစ်သည်။

ဆာပီကိုသည် ထိုမိန်းကလေးနှင့် ရဲအတတ်သင်ကျောင်း မတက်မီက ပင်သိကျွမ်းရာမှ ခင်မင်ရင်းနှီးခဲ့သည်။ မိန်းကလေးက ဂုဏ်ပကာသနကို မက်မောသူဖြစ်သည်။ သို့သော် ဆာပီကိုသည် သူမ၏အလှကို မက်မောမိ၍ မခွဲခွာနိုင်ဖြစ်ပြီး ဆက်လက်တွဲနေခဲ့ခြင်းဖြစ်သည်။

ဝိုင်ယာလက်ကားမှ သူ၏အဖော် ရဲတစ်ဦးက လာဘ်စားခဲ့ကြောင်းကို ဆာပီကိုက ဖွင့်ပြောလိုက်သောအခါ မိန်းကလေးက ထိုကိစ္စကို မည်သို့မျှ အရေးတကြီး သဘောမထားရုံမက–



"ရှင်ကကော ဘာဖြစ်လို့ ငွေကိုမယူလိုက်တာလဲ၊ အခုအခါမှာ ရဲတိုင်း ငွေ ယူကြတာချည်းပဲရှင့်"

ဟု ပြောခဲ့လေသည်။

ဤတွင်လည်း ဆာပီကိုသည် စိတ်ပျက်ခဲ့ရပြန်လေသည်။

ရဲတပ်ဖွဲ့ဝင်များသည် ရိုးသားဖြောင့်မတ်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ အရေးကြုံလာလျှင် တစ်ယောက်နှင့်တစ်ယောက် ရိုင်းပင်းကူညီလေ့ ရှိကြောင်းကိုကား ဆာပီကိုအနေဖြင့် လက်တွေ့ကြုံခဲ့ရလေသည်။

သူ မမေ့နိုင်သော ဖြစ်ရပ်တစ်ခု နွေရာသီ၏ ညတစ်ည၌ ဖြစ်ပျက်ခဲ့ လေသည်။

ထိုညက သူသည် အမှတ် (၈၁) ရဲစခန်း အပိုင်ရပ်ကွက်တစ်ခုတွင် ကင်းလှည့်တာဝန်ကျသဖြင့် လှည့်ပတ်လျှောက်ကြည့်နေရာ သန်းခေါင်ကျော် တစ်ချက်တီးသာသာ၌ မော်တော်ကားတိုက်သံလိုလို မသင်္ကာဖွယ် အသံတစ်ခု ကြားလိုက်ရလေသည်။

ချက်ချင်းပင် ဂရုစိုက်၍ အသံကြားရာဘက်သို့ ချဉ်းကပ်သွားစဉ် လမ်းမှ လူတစ်စုက "ဟော့၊ ကားဖြစ်လို့ ရပ်လိုက်ရတာလဲ"ဟု ဝိုင်းအော်သံ ကြားရလေသည်။

ဤတွင် ဆာပီကိုလည်း ပို၍ မသင်္ကာဖြစ်သွားလျက် လက်တစ်ဖက်က ခါးကြားလုံးပြူးသေနတ်ကို အသင့်ကိုင်ထားပြီးမှ သတိနှင့် ချဉ်းကပ်သွား သည်။

မဝင်ရဟု သတ်မှတ်ထားသော လမ်းတစ်လမ်းထဲသို့ မောင်းဝင်နေသည် ကို တွေ့ရလေသည်။

ဆာပီကိုသည် သူ၏ လက်နှိပ်ဓာတ်မီးဖြင့် ထိုကားကို ထိုးကြည့်သော အခါ ကား၏ရှေ့ဘက် မားဂတ် (ရွှံ့ကာ) တစ်ခု ပိန်နေသည်ကို သတိပြုမိ သဖြင့်–

"ဟေ့ ကားရပ်လိုက်စမ်း"

ဟု လှမ်းအော်လိုက်သည်။

မော်တော်ကားလည်း ထိုးရပ်သွားလေသည်။

ကားအတွင်း၌ကား အရက်အလွန်အကျွံမူးနေသော လူငါးယောက် ရှိနေလေသည်။ ၎င်းတို့ထဲမှ တစ်ယောက်က ပြင်ဘက်ထွက်ရန် မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကို လှမ်းဖွင့်နေရာ ဆာပီကိုက–

“ဟော့၊ ဘယ်သူမှ ကားပေါ်ကမဆင်းနဲ့၊ ငါ ရဲတပ်ဖွဲ့ကကွ”

ဟု ခပ်တည်တည် အော်ပြောလိုက်လေသည်။

ထို့နောက် ဆာပီကိုသည် ယာဉ်မောင်းလာသူအား လိုင်စင်ထုတ်ပြရန် တောင်းဆိုရာ ထိုလူက ချက်ချင်းထုတ်မပေးဘဲ အင်တင်တင် လုပ်နေလေသည်။

“ဘာလုပ်ဖို့ လိုင်စင်တောင်းရတာလဲဗျ၊ ကျုပ်က ဘာမှအပြစ်လုပ်ခဲ့တာမှ မဟုတ်ဘဲ”

ထိုလူပြောလိုက်သည့်အသံက အရက်မူးပြီး အာလေးလျှာလေးဖြစ်နေသဖြင့် ဆာပီကိုက လေသံတင်းတင်းနှင့်–

“လိုင်စင်သာ ထုတ်ပြစမ်းပါ၊ မင်းကားရဲ့ရှေ့က ရွှံ့ကာ (မားဂတ်)မှာ ဘာဖြစ်လာတယ်ဆိုတာ ငါ မြင်ရတယ်ကွ”

ဟု ပြောလိုက်သည်။

သည်တော့မှ ထိုလူသည် သူ့ ပိုက်ဆံထည့်သော သားရေအိတ်ကို ထုတ်ပြီး ယာဉ်မောင်းလိုင်စင်ကို နှိုက်ရှာလေသည်။

ထိုအချိန်၌ ရဲဝိုင်ယာလက်ကားတစ်စီးမှ ဥသြဆွဲသံ ခပ်လှမ်းလှမ်းမှ ကြားရလေသည်။

ဥသြသံက တဖြည်းဖြည်း ပို၍ကျယ်လောင်လာကာ မကြာမီ ရဲဝိုင်ယာလက်ကားနှစ်စီး တပြိုင်နက် ထိုးဆိုက်လာပြီး ဆာပီကိုရှိရာသို့ ယူနီဖောင်းဝတ်ရဲများ သေနတ်ကိုယ်စီကိုင်လျက် ချဉ်းကပ်လာကြလေသည်။

ဆာပီကိုမှာ ရုတ်တရက် အံ့အားသင့်နေမိစဉ် ချဉ်းကပ်လာသော ရဲများထံမှ ရဲကြပ်ကြီးတစ်ဦးက–

“ဟဲလို... ရဲဘော်ကြီး၊ ဘာများ အခက်အခဲရှိနေသလဲ၊ အန္တရာယ် ရှိရင်လည်းပြော၊ ကျုပ်တို့ မောင်ရင့်ကို ကူညီဖို့ လာခဲ့ကြတယ်”

ဟု ပြောလေသည်။

ဖြစ်ရပုံအမှန်ကတော့ ဆာပီကိုက အရက်မူးသမားတွေပါသော ‘ကက်ဒီလက်’ကားကို ရပ်တန့်စစ်ဆေးနေစဉ် တာဝန်သိ ပြည်သူတစ်ဦးက ရဲတစ်ယောက်တည်း လူဆိုးတစ်စုနှင့် ရင်ဆိုင်နေရပြီဟု ထင်မှတ်လျက် ရဲဌာနချုပ်သို့ ဖုန်းဆက်အကြောင်းကြားလိုက်သည်။

ထိုအခါ ဌာနချုပ်က ဝိုင်ယာလက်ကားအားလုံး ဆာပီကိုရှိရာသို့



အမြန်သွားပြီး လိုအပ်သော အကူအညီပေးရန် ညွှန်ကြားလိုက်သည်တွင် ရဲဝိုင်ယာလက်ကားများက မိမိတို့ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဘေးအန္တရာယ် ရင်ဆိုင်နေရပြီဟု ယူဆကာ အမြန်ဆုံး လာရောက်ကြခြင်းဖြစ်ကြောင်းကို နောက်မှသိရလေသည်။

ဆာပီကိုလည်း အကြောင်းသိရသောအခါ သူ့ကြောင့် အခြား ဝိုင်ယာလက်ကားများ အကြောင်းမဲ့ အလုပ်များသွားရသည်ကို အထူးအားနာမိပြီး တောင်းပန်လေသည်။

“ကိစ္စမရှိပါဘူးခင်ဗျ၊ ဘာမှ အန္တရာယ်မရှိပါဘူး၊ ကျွန်တော့်အတွက် ခင်ဗျားတို့ အလကားအလုပ်ပိုသွားရတာကို တောင်းပန်ပါတယ်”

“တောင်းပန်ဖို့ မလိုပါဘူး ငါ့ညီရာ၊ အခုလို ကိစ္စမျိုးက မပြောနိုင်ဘူးကွ၊ တစ်ခါတလေ ရဲက တစ်ယောက်တည်းနဲ့ လူရမ်းကားအုပ်စုများရင် ကြောက်ရတယ်၊ ဘာမှ အားနာစရာမရှိဘူး”

ရဲကြီးက နှစ်သိမ့်အားပေးစကား ပြောပြီးနောက် ဝိုင်ယာလက်ကားများ ပြန်မောင်းထွက်သွားကြလေသည်။

မည်သို့ပင်ဖြစ်စေ ရဲတပ်ဖွဲ့ဝင်များသည် အရေးအကြောင်းရှိလျှင် အချင်းချင်း ရိုင်းပင်းကူညီလေ့ရှိပါကလားဟု တွေးပြီး ကျေနပ်ကြည်နူးမှု ဖြစ်မိလေသည်။

* * *

ဆာပီကိုနေဖြင့် ပထမဆုံးအကြိမ်အဖြစ် သူ၏သေနတ်ကို အသုံးပြုခဲ့ရသည်မှာ အမှတ် ၈၁ ရဲစခန်းတွင် တာဝန်ကျစဉ်ကပင် ဖြစ်လေသည်။

သူ၏ ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူ၍ လူတစ်ယောက်အား ချိန်ရွယ်ပစ်ခတ်ခဲ့ရသည့်အဖြစ်။ ပထမဆုံးအကြိမ် ကြုံခဲ့ရသည်မှာ တစ်ညနေ ခြေလျင်ကင်းလှည့် တာဝန်ကျစဉ်ကဖြစ်သည်။

ဆာပီကိုသည် သူ တာဝန်ကျရာ ရပ်ကွက်တွင် ကင်းလှည့်နေစဉ် အခြား ရဲတစ်ဦးနှင့် ဆုံမိသဖြင့် နှစ်ယောက်သား စကားတပြောပြောနှင့် ဆက်လျှောက်သွားကြရာ လူတစ်ယောက် သုတ်သီးသုတ်ပျာနှင့် ပြေးလာပြီး မလှမ်းမကမ်းရှိ အိမ်တစ်အိမ်၌ လုယက်ဖောက်ထွင်းမှု ဖြစ်နေကြောင်း သတင်း

www.burmeseclassic.com

www.burmeseclassic.com



ပို့လေသည်။

ဆာပီကိုလည်း သူ့အဖော်ရဲကိုပါခေါ်၍-

"ကိုင်း... လာ သွားကြစို့"

ဟု ပြောရာ ထိုလူက ချက်ချင်းမလိုက်ဘဲ-

"ဟေ့ နေဦးဗျ၊ အဲဒီအိမ်က ကျုပ်တို့တာဝန်ကျတဲ့အပိုင်း မဟုတ်ဘူးဗျ"

ဟု ပြန်ပြောလေသည်။

ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်များ၏ အတွေးအခေါ် ဗျူရိုကရက်ဆန်လှသည်ဟု စိတ်ပျက်လာသဖြင့်-

"အရေးထဲ ခင်ဗျားက ကြိုးနီစနစ်ကို ကိုင်ပြောနေပြန်တယ်၊ ခင်ဗျားတို့ ကျုပ်တို့က နယူးယောက်မြို့တော် တစ်ခုလုံးနဲ့ဆိုင်တဲ့ ရဲတပ်ဖွဲ့ဝင်တွေ မဟုတ်လား၊ အမှတ် ၈၁ ရဲစခန်းတစ်ခုတည်း ဆိုင်တယ်လို့ ဘယ်သူကပြောသလဲ"

ဟု စိတ်တိုတိုနှင့် ပြောလိုက်သည်။

သည်တော့မှ ထိုလူလည်း စိတ်မပါတပါဖြင့် လိုက်လာတော့သည်။

လာရောက်သတင်းပေးသော လူကိုပါခေါ်၍ ဖောက်ထွင်းလုယက်မှု ဖြစ်နေသည်ဆိုသော အိမ်သို့ သွားကြရာ အိမ်က မှောင်နေသော်လည်း အခန်းတစ်ခန်းတွင် မီးလင်နေပြီး ဝင်ပေါက်တံခါးတစ်ခုလည်း ပွင့်နေသည့်ကို တွေ့ရလေသည်။

အိမ်ခန်းအတွင်း၌ လူတစ်ယောက်သည် ဗီရိုအံဆွဲများကို မွှေနှောက်ရှာဖွေနေလေသည်။

ဆာပီကိုသည် လာရောက်အကြောင်းကြားသူအား-

"ဒီအိမ်မှာ ဘယ်သူနေသလဲ"

ဟု မေးလိုက်သည်။

"ကျွန်တော်က အိမ်နီးချင်းပါ၊ ဒီအိမ်ကလူတွေက ခရီးသွားနေတာ ကျွန်တော် သိထားပါတယ်၊ ဒီအိမ်မှာ လူမရှိဘဲနဲ့ အခန်းတစ်ခန်းလုံး မီးလင်နေတာမြင်ကနဲ့ သင်္ကာမကင်းဖြစ်မိတာပါ"

ထိုလူက ပြန်ဖြေသောအခါ ဆာပီကိုက-

"ကောင်းပြီ၊ ခင်ဗျား တာဝန်ကျေပါတယ်၊ အခုအချိန်ကစပြီး ကျုပ်တို့ လုပ်စရာရှိတာ ဆက်လုပ်သွားမယ်၊ ခင်ဗျား အသာနေလိုက်ပေတော့"



ဟုပြောရင်း အဖော်ပါသောရဲအား အိမ်ရှေ့ဘက်တွင် စောင့်နေခိုင်းပြီး ပွင့်နေသော တံခါးပေါက်ဆီသို့ လျှောက်သွားလေသည်။

ဆာပီကိုသည် ခြေသံမကြားအောင် သတိထားဝင်သွားသော်လည်း ထိုင်ခုံတစ်ခုနှင့် တိုက်မိပြီး အသံအနည်းငယ် မြည်သွားရာ ချက်ချင်းပင် လင်းနေသောမီး ပိတ်သွားလေသည်။

မှောင်မိုက်သွားချိန်တွင် ဆာပီကို၏ စိတ်ထဲမှ ဘေးအန္တရာယ် တစ်စုံတစ်ခု လာချေတော့မည်ဟု ထင်လိုက်မိသဖြင့် လက်ဝဲဘက်သို့ အသာရှောင်လိုက်စဉ်မှာပင် သံတုတ်ကြီးတစ်ချောင်းသည် သူ၏ ပခုံးပေါ်သို့ အရှိန်ပြင်းစွာဖြင့် ထိမှန်လေသည်။

အကယ်၍သာ သူ လက်ဝဲဘက်သို့ မရှောင်လိုက်မိပါက ဦးခေါင်း တည့်တည့်သို့ သံတုတ် တည့်မတ်စွာကျရောက်ပြီး နေရာတွင်ပင် ပွဲချင်းပြီး …နှံ့ချောသွားမည် ဖြစ်ပေသည်။

ဆာပီကိုလည်း မှောင်ထဲတွင်ပင် သူ့အား သံတုတ်နှင့်ရိုက်သူအား ဖမ်းဆွဲရန် ကြိုးစားသော်လည်း ထိုလူက ရုန်းထွက်ပြေးလေသည်။

ဆာပီကိုသည် ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်၍ ထိုလူနောက်သို့ အပြင်းပြေးလိုက်လေသည်။

ထိုလူသည် အိမ်ပြင်ဘက်သို့ ရောက်သွားပြီး ခြံစည်းရိုးကို ကျော်တက်နေ၍ လမ်းမတ်မီးအလင်းရောင်တွင် မြင်ရသဖြင့်-

"ဟေ့ ရပ်လိုက်၊ မရပ်ရင် ပစ်လိုက်မယ်"

ဟု လှမ်းအော်သတိပေးလိုက်သည်။

ထိုလူက မရပ်ဘဲ ခြံစည်းရိုးကို ဆက်ကျော်ပြေးရာ ဆာပီကိုက ခြောက်လုံးပြူးသေနတ်နှင့် တစ်ချက်လှမ်းပစ်လိုက်လေသည်။

ထိုအချိန်၌ သေနတ်ထိမှန်၍ ညည်းညူသံလိုလို ကြားလိုက်ရသော်လည်း ထိုလူကို မျက်ခြည်ပြတ်သွားလေသည်။

ဆာပီကိုသည် ဝင်းခြံပြင်ဘက်သို့ ပြေးလိုက်ရာ အိမ်ရှေ့ဘက်၌ စောင့်နေသောရဲနှင့် ဆုံမိသဖြင့် ထိုလူက-

"ဘာတွေဖြစ်ကုန်တာလဲဗျ"

ဟု လှမ်းမေးလေသည်။

"ဟေ့လူ မြန်မြန်လိုက်ခဲ့စမ်းပါ၊ ကျုပ်တို့ တရားခံကို မမိနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဆာပီကိုက ဆက်ပြောလိုက်ရာ သူ၏အဖော်ရဲသည်လည်း သေနတ်ကို ထုတ်ကိုင်၍ လိုက်လာလေသည်။

ခြံစည်းရိုး အပြင်ဘက်တွင် မည်သူ့ကိုမှ မတွေ့ရသော်လည်း လက်နှိပ်ဓာတ်မီးဖြင့် မြေပြင်ကို ထိုးကြည့်ရာ သွေးစက်များ မြင်ရလေသည်။

"ခင်ဗျားပစ်လိုက်တာ ထိသွားတယ်နဲ့တူတယ်ဗျ"

ဒုတိယရဲက ပြောလျှင် ဆာပီကိုက–

"ထိသွားပုံတော့ရတယ်၊ ဒါပေမဲ့ ဒီလူက လွတ်ပြေးသွားတာ ခက်တယ်"

ဟု ပြောလေသည်။

ရဲတပ်ဖွဲ့ စည်းကမ်းဥပဒေအရ သေနတ်အသုံးပြုပြီး ပစ်ခတ်ရလျှင် သက်ဆိုင်ရာသို့ သတင်းပို့ရလေသည်။ ထို့ပြင် ရဲတပ်ဖွဲ့ ဓာတ်ပုံဌာနခွဲမှ လူများ လာသည်အထိ စောင့်ရသေးသည်။ အိမ်တစ်အိမ်တွင် ဖောက်ထွင်းမှု တကယ်ဖြစ်ကြောင်း သိသာရန် အိမ်အခြေအနေကို ဓာတ်ပုံရိုက်ယူရလေသည်။

ဆာပီကိုက အိမ်ဖောက်ထွင်းသူ လူဆိုးအား သေနတ်နှင့် ပစ်လိုက်ပြီး လူဆိုးက လွတ်မြောက်ထွက်ပြေးသွားသည့် သတင်းက စခန်းသို့ ကြိုတင်ရောက်နေလေရာ သူရောက်သွားချိန်တွင် ရဲတစ်ဦးက–

"ဘယ်လိုလဲ ဆာပီကို၊ ခင်ဗျားက သေနတ်ပစ် အလွန်လက်ဖြောင့်တယ်လို့ ကျော်ကြားတဲ့လူ မဟုတ်လား၊ အခုတော့ ဘယ်လိုဖြစ်သွားတာလဲ"

ဟု သရော်ပြောလေသည်။

သူ့အဖို့ နောက်ထပ် စိတ်ဓာတ်ကျစရာတစ်မျိုး ကြုံခဲ့ရပါသေးသည်။

စခန်း၌ တာဝန်ကျ ရဲကြပ်ကြီးက ဆာပီကိုအား ခေါ်ပြီး အပြစ်တင်စကား ပြောလေသည်။

"ဟေ့ ဆာပီကို၊ မင်းကို ငါတို့ အရေးယူဖို့တောင် ကောင်းတယ်၊ မင်းဟာ ကိုယ်တာဝန်ကျ ပိုင်နက်မဟုတ်တဲ့ နေရာကို သွားပြီး သူရဲကောင်းဆန်ဆန် လုပ်နေခဲ့တယ်၊ အဲဒီအချိန်မှာ မင်း တာဝန်ကျတဲ့ ရပ်ကွက်မှာ လူတစ်ယောက် လုယက်ခံရပြီး အပြင်းအထန် ဒဏ်ရာရခဲ့တယ်"

"ဟင်... ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ"

ဆာပီကိုက အံ့အားသင့်စွာဖြင့် ပြန်မေးကြည့်မိသည်။

"ဘယ်လိုဖြစ်သလဲဆိုတာ မင်းကိုယ်တိုင် သွားကြည့်စမ်းပါလား၊ ဒဏ်ရာရတဲ့လူဟာ သူနာပြုကားအလာကို စောင့်နေရလို့ အပေါ်ထပ်မှာရှိတယ်"



ရဲကြပ်ကြီးက ပြောသဖြင့် ဆာပီကိုလည်း အကျိုးအကြောင်း သိလိုသဖြင့် အပေါ်ထပ်သို့ ပြေးတက်ကြည့်လေသည်။

အပေါ်ထပ် ရုံးခန်းထဲတွင် လူတစ်ယောက်သည် ကုလားထိုင်တွင် ထိုင်ကာ သူ၏ ခါးအောက်ပိုင်းကို လက်ဖြင့်နှိပ်ရင်း ဟစ်အော်ညည်းညူသည်။ သူ၏ ဘောင်းဘီတွင်လည်း သွေးများစွန်းနေသည်။

ထိုလူကို ဆာပီကိုက ချက်ချင်းမှတ်မိလေသည်။

"ဒီလူ လုယက်ခံရတယ်ဆိုတာ အလကားပြောတာ၊ ဟိုအိမ်ဖောက်ထွင်း ...ာန်း ကျုပ်ကရောက်သွားလို့ ထွက်အပြေးမှာ ကျုပ် သေနတ်နဲ့လှမ်းပစ် ...က်တာ ဒီလူပဲဗျ၊ ဒီလူက တရားခံဖြစ်တယ်"

ဆာပီကိုက ပြောလျှင် အနီးရှိ စုံထောက်တစ်ဦးက–

"ဟုတ်ကဲ့လားဗျ၊ သေချာရဲ့လား"

ဟု ပြန်မေးလေသည်။

"ဟုတ်ပါတယ်၊ ကျုပ် ဒီလူကို ကောင်းကောင်းမှတ်မိတယ်၊ သေချာ ...တယ်"

သည်တော့မှ ရဲစုံထောက်သည် ဒဏ်ရာနှင့်လူဘက်သို့ မျက်နှာထား ...င်းဘင်းနှင့် လှည့်လိုက်သည်။

"အိုကေ၊ မောင်ရင် အမှန်အတိုင်းပြောရအောင် ကျုပ်တို့က ရတဲ့နည်းနဲ့ ...မေးရလိမ့်မယ်"

ဆာပီကိုသည် ဆက်ပြီး မနေချင်တော့သဖြင့် အောက်ထပ်သို့ ပြန်ဆင်း ...ပြီး အဝတ်အစားလဲခန်းတွင် သွားထိုင်နေလိုက်သည်။

သူ၏ တစ်ကိုယ်လုံးမှာလည်း စိတ်မောလွန်း၍ ချွေးများပြန်နေသည်။

မိနစ် ၂၀ ခန့်ကြာသောအခါ ရဲစုံထောက်တစ်ဦး သူ့အား လာအကြောင်း ...သေသည်။

"ကိုင်း၊ ခင်ဗျားစိတ်ချလက်ချ အိမ်ပြန်နားနိုင်ပြီ၊ ဖမ်းမိထားတဲ့ ...ာနဲ့လူအကြောင်း သိချင်လို့ အမှတ် ၇၉ ရဲစခန်းကို လှမ်းမေးကြည့်တော့ ...ာ သူတို့အလိုရှိနေတဲ့ တရားခံပြေးတစ်ဦး ဖြစ်နေတယ်"

"ဟုတ်လား၊ ဘာမှုနဲ့ အလိုရှိနေတာလဲ"

ဆာပီကိုလည်း အားတက်ဟန်ဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူ့ကို သေနတ်နဲ့ပစ်လိုက်တာဟာ တကယ့် ချက်ကောင်း နေရာကို မှန်သွားတယ် ဆိုရမယ်ဗျ၊ ဒီလူကို ဟိုဘက်ရဲစခန်းက မှုဒိမ်းမှု အလိုရှိနေသတဲ့"

ရဲစုံထောက်က ပြန်ပြောလိုက်တော့မှ ဆာပီကိုလည်း သူ၏ စွန့်စား ကြိုးပမ်းချက်သည် အချည်းနှီး မဟုတ်ပါတကားဟု ကျေနပ်သွားမိတော့သည်။

❒

## အခန်း (၅)

ဘက်က ဖြစ်ရပ်များကို ပြန်လည်သတိရနေမိချိန်တွင် ဆာပီကိုမှာ သေနတ် ခံရသည့် ဒဏ်ရာဖြင့် ဆေးရုံတွင် ကုသနေရဆဲ ဖြစ်လေသည်။

ဒဏ်ရာက အလွန်ပြင်းထန်သဖြင့် နာကျင်ခြင်းဝေဒနာကိုလည်း ခံရ နေဆဲဖြစ်သည်။

၁၉၇၁ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် သူ့ထံသို့ သရော်သလိုနှင့် ခြောက်သည့် စာတစ်စောင် ရောက်လာပြန်သည်။

စာကို လက်ရေးဖြင့်ရေးထားပြီး ရေးသူ လက်မှတ်ထိုးမထားထဲ က်ပါအတိုင်း ပါရှိလေသည်။

"မင်းကို အသေသတ်လိုက်တာ မသေတာ
ဝမ်းနည်းစရာပဲ၊ ဒီဒဏ်ရာနဲ့ပဲ မြန်မြန် သေပါစေ"

အထက်ပါစာအရ မိမိအား အမှန်တကယ် အသေသတ်လိုသူတွေ ကြောင်း သိသာထင်ရှားနေပေပြီ။

မိမိက ရဲတပ်ဖွဲ့ဝင်များ အဂတိ လိုက်စားမှု ပပျောက်အောင် ကြိုးပမ်း ခြင်းကို မလိုလားသူတွေ ရှိနေကြောင်းကိုလည်း သေချာတိကျစွာ သဘော က်မိလေသည်။

ဆာပီကို၏ နားတစ်ဖက်မှ ဒဏ်ရာက မသက်သာသေးသည့်ပြင် နား၏ လက်ဝဲဘက်တစ်ခြမ်းကလည်း လေဖြတ်ထားသလို ဖြစ်နေလေ ည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်ကြီးများက သူ၏ဦးခေါင်းတစ်နေရာကို အထူးဂရုစိုက်၍ ခွဲစိတ်ကုသခဲ့ရသေးသည်။

ရံဖန်ရံခါ မခံမရပ်နိုင်လောက်အောင် ပြင်းစွာ ခေါင်းကိုက်ခြင်းဝေဒနာကိုလည်း ခံစားနေရလေသည်။

သို့သော်–

ပါးစပ်၍ လက်ယာဘက် အစွန်ကိုတော့ ဖွင့်နိုင်သဖြင့် စကားကို ကြိုးစားပြောလျှင် ပြောနိုင်သည့် အခြေအနေမျိုး ဖြစ်လာလေသည်။

တစ်နေ့တွင် ဆာပီကိုသည် သူနာပြုဆရာမထံမှ မှန်တစ်ချပ်တောင်းယူ၍ သူ၏ မျက်နှာအခြေအနေကို ကြည့်မိလေသည်။

နှာခေါင်း၏ လက်ဝဲဘက် သေနတ်ကျည်ဆန် ဝင်သွားသောနေရာတွင် အပေါက်ပိတ်နေပြီဖြစ်သော်လည်း မျက်နှာတစ်ခုလုံးက အလွန်ကြည့်ရဆိုးကာ လက်ဆေ့ပွဲ၌ မရှုမလှ ထိုးကြိတ်ခံခဲ့ရသည့် လက်ဝှေ့သမားတစ်ဦး၏ ပုံမျိုး ဖြစ်နေလေသည်။

သူ၏ မုတ်ဆိတ်ရှည်ကြီးကလည်း ပို၍ အရုပ်ဆိုးသလို ဖြစ်နေရာ သူနာပြုဆရာမတစ်ဦးက မုတ်ဆိတ်ရိတ်ပစ်ရန်ပင် ပြောလေသည်။ သို့သော် ဆာပီကိုက မရိတ်လို ဇွတ်ငြင်းဆန်လိုက်သည်။

သူ၏ ပင်ကိုဝါသနာအရ ရှေးခေတ် ပင်လယ်ဓားပြဗိုလ်ကြီးများလို မုတ်ဆိတ် ရှည်ရှည်ထားခြင်းကို ငယ်စဉ်ကစ၍ သဘောကျခဲ့သောကြောင့်ပင် ဖြစ်သည်။

သူ့အား သရော်ခြိမ်းခြောက်စာရသည့်နေ့ ညနေဘက်တွင် ဆာပီကိုအား လက်တွန်းလှည်း ထမ်းစင်ဖြင့်တင်၍ ဓာတ်မှန်ရိုက်သောဌာနသို့ ခေါ်သွားကြပြန်သည်။

ထိုအခန်းတွင် သူ၏ဦးခေါင်း နေရာအနှံ့အပြားကို အသေးစိတ်တစ်ကွက်ချင်း ဓာတ်မှန်ရိုက်ယူလေသည်။

ထိမှန်သွားသော ကျည်ဆန်၏ အစိတ်အပိုင်းများ ဦးခေါင်း၏ မည်သည့်နေရာတွင် ရှိနေကြောင်းကို ဆရာဝန်များက သိလို၍ ဓာတ်မှန်ရိုက်ကြည့်ကြခြင်းပင်ဖြစ်သည်။

ဆာပီကိုအား တာဝန်ယူ ကုသပေးနေသည့် ဦးနှောက်အထူးကု ဆရာဝန်ကြီးမှာ ဒေါက်တာ ဘားမင်းဆိုသူဖြစ်ပြီး သူ၏လက်ထောက်က



တူရကီ အမျိုးသား ဒေါက်တာ အူဂါ ဖြစ်လေသည်။

ဒေါက်တာအူဂါသည် ယခင်က တူရကီ ရေတပ်တွင် ဆေးမှူးအဖြစ် အမှုထမ်းခဲ့ပြီး တပ်မှ အနားယူချိန်တွင် အမေရိကန်ပြည်သို့ လာရောက်အခြေစိုက်နေသူဖြစ်သည်။

သူသည် ယခင်က အမေရိကန် 'ရဲ'အရာရှိများနှင့် တွေ့ဆုံဖူးခြင်း မရှိခဲ့ရာ ယခု ဆာပီကိုအား တွေ့ရချိန်၌ အထူးစိတ်ဝင်စားမိလေသည်။

ဒေါက်တာ အူဂါသည် ဆာပီကို၏ စိတ်ဓာတ်နှင့် စွန့်စားမှုအကြောင်းများ ကြားသိရပြီး အလွန်လေးစား သဘောကျမိသဖြင့် ဆေးဝါးကုသရာ၌ အထူး ဂရုစိုက်ရုံမက ညနေတိုင်းလိုလို အားလပ်ချိန်တွင် ဆာပီကိုထံသို့လာ၍ စကားစမြည်ပြောခြင်း၊ အားပေးနှစ်သိမ့်ခြင်းများ ပြုလေ့ရှိသည်။

ဓာတ်မှန်ရိုက်ကူးကြည့်ပြီးနောက် အခြေအနေက အလွန်အားတက်ဖွယ် ကောင်းကြောင်းကိုလည်း ဒေါက်တာအူဂါကပင် ပြောပြလေသည်။

ဆာပီကိုအနေဖြင့် သူ့အနီးသို့တစ်စုံတစ်ယောက် လာစကားပြောလျှင် လက်ယာဘက်သို့ လှည့်စောင်းလိုက်မှ ကြားရသဖြင့် သူ၏ လက်ဝဲဘက်နားက ကောင်းစွာ မကြားရကြောင်း သတိပြုမိလေသည်။

ထို့ကြောင့် သူ၏ နားတစ်ဖက် မကြားဘဲ ဖြစ်နေခြင်းက မည်သည့်အချိန်တွင် ပြန်ကောင်းလာမည်နည်းဟု မေးကြည့်လေသည်။

ဒေါက်တာ အူဂါသည် ဆာပီကိုအား ကိုယ်တိုင်ကုသပေးနေရသူဖြစ်၍ အခြေအနေအမှန်ကို အသိဆုံးဖြစ်လေသည်။ နားတစ်ဖက် မကြားခြင်းမှာ ဆာပီကို၏ ဦးနှောက်ထဲ ဝင်သွားသည့် သေနတ်ကျည်ဆန် တစ်စိတ်တဒေသသည် နားရွက်အတွင်းဘက်ရှိအရိုးကို ထိမှန်သွားခြင်းကြောင့် နားရိုး ချွတ်ယွင်းပျက်စီးသွားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ယင်းနားတစ်ဖက်သည် လူကောင်းတစ်ယောက်လို ပြန်ကြားနိုင်ရန် မျှော်လင့်ချက်မရှိသလောက် ဖြစ်ကြောင်းကိုပါ သိထားပြီး ဖြစ်လေသည်။

သို့ရာတွင်–

ယခုအချိန်တွင် ဆာပီကိုအား အမှန်အတိုင်း ဖွင့်ပြော၍ ဘာမျှ အကျိုးမရှိနိုင်ဟု ဆုံးဖြတ်ပြီး တဖြည်းဖြည်းတော့ ကောင်းလာပါလိမ့်မယ်ဟုသာ ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုအနေဖြင့် ဘဝင်မကျနိုင်သော အချက်တစ်ခုမှာ မိမိက ရဲတပ်ဖွဲ့ကြီးပေါ် စေတနာကောင်းစွာဖြင့် ရဲများ လာဘ်စားခြင်း၊ အဂတိလိုက်စားခြင်း ပပျောက်အောင် ကြိုးပမ်းခြင်းကို ဘဝတူရဲများက ဘာကြောင့် သဘောမကျဘဲ မိမိအပေါ် မျက်မုန်းကျိုးနေရသနည်းဟူသော အချက်ပင်ဖြစ်သည်။

အထူးသဖြင့် ရဲအချို့က ဆာပီကိုအား ရှုတ်ချပြစ်တင်ကာ 'သစ္စာဖောက်၊ အတို့အထောင်လုပ်တဲ့ အချောင်သမား' စသည်ဖြင့် ကွယ်ရာတွင် ဝေဖန်ပြောဆိုကြခြင်းကို မကျေနပ်ဆုံး ဖြစ်လေသည်။

'မာဖီယား' ဒုစရိုက်ဂိုဏ်းသားတစ်ဦးက မိမိ ဂိုဏ်းအကြောင်း ရဲတပ်ဖွဲ့သို့ သွားသတင်းပေးလျှင် 'သစ္စာဖောက်သူ'ဟု စွပ်စွဲဆုံးဖြတ်သလို မိမိအား ဘဝတူရဲများက သဘောထားကြခြင်းဖြစ်၍ အလွန်ပင် နာကျည်းမိလေသည်။

ဆာစောပိုင်းကဆိုလျှင် သူ အလွန် သံယောဇဉ်ကြီးသော ရဲတပ်ဖွဲ့ကြီး နာမည်မပျက်ရခြင်းမှာ လူတွေ မကောင်း၍မဟုတ်၊ စနစ်က မကောင်းခြင်းကြောင့် ဖြစ်သည်ဟု ထင်ခဲ့မိသည်။ ယခုတော့မူ စနစ်က ဘာမှပြောစရာမရှိ၊ ရဲတပ်ဖွဲ့ဝင်တွေ ကိုယ်တိုင်က ဖောက်ပြန်ခြင်းကြောင့်သာ ယခုလို အဂတိလိုက်စားမှုတွေ များနေကြောင်း သိမြင်လာလေသည်။

ယခု သူ သေနတ်ပစ်ခံရ၍ ဆေးရုံတွင် မရှုမလှ ခံစားနေရချိန်၌ 'မြန်မြန်သေပါစေ'ဟု အစီပွာယ်ရသော ခြိမ်းခြောက်ကျိန်ဆဲသည့်စာတွေ ပို့သူများသည်လည်း ရဲတပ်ဖွဲ့ဝင်တွေ ဖြစ်ရမည်ဟု တထစ်ချ တွက်မိလေသည်။

တစ်ခါတရံတော့လည်း ဆာပီကိုသည် သူ့ကိုယ်သူ ပြန်ဝေဖန်မိလေသည်။

ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု ပပျောက်အောင် ကြိုးပမ်းနေခြင်းသည် လုံးဝမဖြစ်နိုင်တာကို ကြံစည်နေမိလေရော့သလားဟု ယူဆဖွယ်ရာ ဖြစ်လေသည်။

ဤသို့လည်း တထစ်ချ ယူဆ၍ မဖြစ်သေးကြောင်း တွေးမိပြန်လေသည်။

မည်သို့ပင်ဖြစ်စေ ဆာပီကိုသည် မိမိ၏ ယုံကြည်ချက်ကိုတော့ မည်သို့မျှ မစွန့်လွှတ်ဟု ဆုံးဖြတ်လိုက်မိသည်။

ရက်အနည်းငယ်ကြာသောအခါ ဆာပီကို၏ ဆေးရုံခန်းထဲသို့ သူနာပြု ဆရာမတစ်ဦး ရုတ်တရက် ဝင်လာပြီးမှ တံခါးဝတွင် ခေတ္တရပ်ကာ ပြင်ဘက်မှ



ဆင်ခုံတစ်ယောက်အား စကားလှမ်းပြောနေသည်ကို သတိပြုမိလေသည်။

ဆရာမကလေး ဝင်လာသောအခါ ဆာပီကိုက–

"ဘယ်သူနဲ့ ဘာတွေပြောနေတာလဲ ဆရာမ"

ဟု မေးကြည့်လေသည်။

ဆရာမက ပြင်ဘက်၌ စကားလှမ်းပြောနေသူမှာ ဆာပီကို၏ အခန်းဝတွင် သက်ဆိုင်ရာက လုံခြုံရေးတာဝန် ချထားသော ရဲတစ်ဦးဖြစ်ကြောင်း၊ ထိုရဲက ဆရာမအား ဆာပီကို ဆိုသူကို မမြင်ဘူး၍ ဘယ်လိုအင်္ဂါရုပ်မျိုးလဲဟု မေးကြောင်း၊ ဆရာမက ကိုယ်တိုင်ဝင်ကြည့်ပါလားဟု ပြောသောအခါ ထိုရဲက သူ့အနေဖြင့် ဝင်မကြည့်ဝံ့ကြောင်း၊ သက်ဆိုင်ရာက သူ့အား ဆာပီကို၏ အခန်းထဲ ဝင်မကြည့်ရဟု ညွှန်ကြားထားသည်ဟု ပြန်ပြောကြောင်း ဆရာမကလေးက ရှင်းပြလေသည်။

မိမိအခန်းဝတွင် လုံခြုံရေးအစောင့်ကျသောရဲအား မိမိအား ဝင်မကြည့်ရဟု သက်ဆိုင်ရာက တားမြစ်ထားပါသည်ဆိုခြင်းကို ဆာပီကိုသည် နားမလည်နိုင်သဖြင့် သေချာစွာ စဉ်းစားကြည့်ရာ အဖြေတစ်မျိုး ပေါ်လာလေသည်။

ယခု သူရောက်ရှိနေသော ဆေးရုံသည် အမှတ် ၈၁ ရဲစခန်းအပိုင် နယ်ကွက်ဖြစ်၍ လုံခြုံရေးတာဝန်ကျသော ရဲသည်လည်း ထိုစခန်းမှပင်ဖြစ်ရသည်။ ယင်း အမှတ် ၈၁ ရဲစခန်းမှ ရဲနှစ်ဦးသည် တစ်ချိန်က ဆာပီကို၏ ဆိုင်ကိုပိုင်သော ကုန်စုံဆိုင်သို့ဝင် ငွေညှစ်၍ မိမိက ဝင်ရောက်ကူညီခြင်းကြောင့် ရဲနှစ်ဦးအား ဆိုင်ရာမှ အရေးယူခဲ့ဖူးသည်။ ယင်းကိစ္စကြောင့် အမှတ် ၈၁ စခန်းမှ ရဲအများစုက မိမိအား မျက်မုန်းကျိုးနေခြင်း ဖြစ်ရမည်ဟု တွေးမိလေသည်။

သို့ဖြစ်လင့်ကစား ရက်အနည်းငယ်ကြာသောအခါ ရဲအရာရှိ လူငယ်အချို့က ဆာပီကို၏ ဆေးရုံခန်းသို့ လာရောက်စကားပြောကြလေသည်။

ဘာကြောင့် အခြေအနေ ပြောင်းလဲလာပါလိမ့်ဟု သိလိုသဖြင့် ပထမဆုံး လာကြည့်သော ရဲအရာရှိငယ်အား ဆာပီကိုက

"မောင်ရင် ဘာကြောင့် ကျုပ်အခန်းထဲ ဝင်လာကြည့်တာလဲ၊ သက်ဆိုင်ရာက ညွှန်ကြားထားတာ မသိဘူးလား"

ဟု မေးကြည့်ရာ ထိုအရာရှိကလည်း ပွင့်လင်းစွာပင် ပြန်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိသားပဲ၊ ဒါပေမဲ့ ကျွန်တော်က ဒါတွေကို ဂရုမစိုက်ပါဘူး၊ ကျွန်တော် ကိုယ်တိုင်ကလည်း ခွစာတစ်ယောက်လို့ သူတို့က သတ်မှတ်ထားပြီးသားပဲ"

ဤသို့ အစချီကာ လူငယ်ရဲအရာရှိက သူသည် အခြားရဲများနည်းတူ 'မိုးခါးရေသောက်ရန်' ငြင်းဆန်ခဲ့ဖူးသဖြင့် သက်သက်သာသာ နေရသော စခန်းမှ ယခု အမှတ် ၈၁ စခန်းသို့ ပြောင်းရွှေ့ပို့ခံရခြင်းဖြစ်ကြောင်း ပြောပြလေသည်။

ဆာပီကိုလည်း ထိုလူငယ်၏ စိတ်ဓာတ်ကို သဘောကျမိသဖြင့် စကားတွေ အဆက်မပြတ်ပြောရင်း ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှုအကြောင်း စကားစပ်ပြောနေစဉ် သူနာပြုဆရာမတစ်ဦး အခန်းတွင်းသို့ ဝင်လာရာ ရဲအရာရှိက ဆက်မပြောရန် မျက်ရိပ်ပြပါသော်လည်း ဆာပီကိုက ဂရုမစိုက်ဘဲ ရဲများ လာဘ်စားပုံအကြောင်းကိုသာ ဆက်ပြောနေလေသည်။

ဤတွင် လူငယ်ရဲအရာရှိသည် အခန်းထဲမှ ထထွက်သွားပြီး သူနာပြုဆရာမ ပြန်ထွက်သွားတော့မှ နောက်တစ်ခေါက် ပြန်ဝင်လာလေသည်။

"မစ္စတာ ဆာပီကိုကလည်း သတိထားဦးမှပေါ့ဗျာ၊ တခြားလူတွေရှေ့မှာ ဒီစကားမျိုး မပြောသင့်ဘူး၊ တော်တော်ကြာ ဒီစကားက ပြန့်သွားတတ်တယ်"

ဤသို့ ဝေဖန်ပြောဆိုသည်ကို ဆာပီကိုက လက်မခံချေ။

"မောင်ရင်က ဘာစိုးရိမ်နေတာလဲ၊ ကျုပ်တို့ ရဲတပ်ဖွဲ့ဝင်တွေ မရိုးသားတာ၊ လာဘ်စားတာ၊ အဂတိလိုက်စားတာတွေကို လူတွေက မသိဘူးထင်လို့လား၊ ဒီမယ်ကိုယ့်လူ သိတာမှ သိပ်သိနေကြတယ်၊ မောင်ရင်တို့ လူငယ်တွေမှာ ခက်နေတာက စခန်းက စားဖားကြီးတွေ ပြောတာကိုပဲ နားဝင်တတ်တယ်၊ တကယ်ဖြစ်သင့်တာက အမှန်ကို ဝန်ခံရမယ်၊ လက်ခံရင်ဆိုင်ရမယ်၊ ပြီးတော့ ပြုပြင်ဖို့ ကြိုးစားသင့်တယ်၊ ဒါမှ အများပြည်သူတွေက ကျုပ်တို့ ရဲတွေအပေါ် ယုံကြည်စိတ်ချမှု ရှိလာမယ်"

ဆာပီကို၏ စကားကို ရဲအရာရှိငယ်က သဘောကျပုံမရချေ။

"ဒါတော့ ကျွန်တော် မပြောတတ်ဘူးဗျ၊ ကျုပ်တို့ ရဲတပ်ဖွဲ့ဝင်တွေ မကောင်းတာကို ပရိသတ် ဗိုလ်ပုံအလယ်မှာ ကိုယ့်အထုပ်ကိုယ်ပြန်ဖြေပြဖို့ မကောင်းဘူးထင်တယ်"



ဤသို့လျှင် ရဲတပ်ဖွဲ့ဝင်များ လာဘ်စားခြင်းကို မလိုလားသူ လူငယ် အရာရှိတစ်ဦး ကိုယ်တိုင်က ရဲအများစုအား အတိုက်အခံပြုရန် ဝန်လေးနေကြောင်းကို သိရသောအခါ ဆာပီကိုမှာ တမျိုးအားလျော့သွားမိပြန်လေသည်။

တနည်းအားဖြင့် ရိုးသားတည်ကြည်ပြီး စိတ်ကောင်းရှိသော ရဲများ ကိုယ်တိုင် ပြည်သူလူထုကို အားမကိုးဘဲ အခြားရဲအများစုကို ကြောက်နေရခြင်းဖြစ်၍ ယင်းအခြေအနေမျိုးသည် လုံးဝမလိုလားအပ်ဟု ယူဆမိလေသည်။

မည်သို့ပင်ဖြစ်စေ ဆာပီကိုအနေဖြင့် ကိုယ်ကျင့်တရား ပျက်နေသော ရဲတပ်ဖွဲ့ဝင်များအား ပြုပြင်ပေးရန် အလွန်အရေးကြီးသည်ဟု စွဲမြဲစွာ ယုံကြည်ခြင်းကိုမူ လုံးဝမစွန့်လွှတ်ချင်ပေ။

ခက်နေသည်ကား ရဲတပ်ဖွဲ့ဝင် အများစုသည် ရိုးသားဖြောင့်မတ်ခြင်း ဦးစားပေးရမည့်အစား မိမိတို့ စိတ်အလိုလိုက်ပြီး လုပ်ချင်တာတွေ လုပ်နေကြခြင်းပင်ဖြစ်သည်။

ယင်းအပြုအမူကို မနှစ်ခြိုက်မိ၍လည်း ဆာပီကိုသည် အခြားရဲအများ မရောနှောဘဲ ကင်းကွာသည့်အခြေအနေကို ရောက်ခဲ့ရပေသည်။

ဤနည်းအားဖြင့် ဆာပီကိုသည် တာဝန်ဝတ္တရား ထမ်းဆောင်သည့် တစ်ယောက်တည်း တစ်ကိုယ်တော် စခန်းသွားခဲ့ရသည်က များခဲ့ပေ၏။

* * *

အမှတ် ၈၁ ရဲစခန်းတွင် တာဝန်ထမ်းဆောင်ရပြီးနောက် နှစ်နှစ်ပြည့်သောအခါ ဆာပီကိုသည် အခြားဌာနတစ်ခုသို့ ပြောင်းရွှေ့ရလေသည်။

ထိုဌာနမှ ဘီ–စီ–အိုင်ဟုခေါ်ပြီး ရာဇဝတ်မှု ကျူးလွန်လေ့ရှိသူများ၏ မှတ်တမ်းများ ထားရှိပြီး တရားခံတစ်ဦး ဖမ်းမိလျှင် ၎င်းတရားခံသည် ယခင်က ပြစ်မှုကျူးလွန်ခဲ့ခြင်း ရှိမရှိ မှတ်တမ်းများမှ ရှာဖွေဖော်ထုတ်ပေးရသော ဌာနပင်ဖြစ်သည်။

ယင်းဌာနတွင် တာဝန်ကျသည့် ရဲများသည် လက်ဗွေပုံစံယူခြင်း၊ စစ်ဆေးကြည့်ရှုခြင်း ပညာကိုလည်း တတ်ရလေသည်။ ဆာပီကိုအနေဖြင့် ယင်းပညာ သီးခြားသင်တန်းတက်ပြီး အောင်မြင်ခဲ့၍လည်း ပြောင်းရွှေ့ခံရခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

စင်စစ်အားဖြင့် ဘီ-စီ-အိုင်သည် ရဲတပ်ဖွဲ့ စုံထောက်ဌာန၏ ဌာန တစ်ခုပင် ဖြစ်လေသည်။

ဆာပီကို၏ ရည်မှန်းချက်တစ်ခုမှာ ရဲစုံထောက်အဆင့်သို့ တိုးမြှင့် ရောက်ရှိရန် ဖြစ်သောကြောင့် ဘီ-စီ-အိုင်ဌာနသို့ ပြောင်းရွှေ့ရခြင်းသည် စုံထောက်ဖြစ်လာရန် နီးစပ်လာပြီဟု ယူဆလျက် သဘောကျမိလေသည်။

သို့ရာတွင်

ထိုဌာနသို့ ရောက်ပြီးနောက် တကယ် အရေးပါသော အလုပ်များ မလုပ်ရသဖြင့် အားငယ်ခြင်း ဖြစ်ရပြန်လေသည်။

လက်ဗွေပုံစံများကိုကြည့်ပြီး တရားခံ မည်သူမည်ဝါဖြစ်ကြောင်း စုံစမ်း ဖော်ထုတ်ခြင်းအလုပ်ကို ဝါရင့်စုံထောက်များက တာဝန်ယူလုပ်ကိုင်ရ သည်။

ဆာပီကိုအနေဖြင့် ပုံစံများ ကူးရခြင်း၊ မိတ္တူများကို အက်ဖ်-ဘီ-အိုင် ဗဟိုထောက်လှမ်းရေးအဖွဲ့သို့ပို့ရန် စီစဉ်ရခြင်းစသော သာမန် ရုံးအလုပ်ကို လုပ်ရသဖြင့် ငြီးငွေ့လာမိလေသည်။

ဖှင်းရှိ ငြီးငွေ့၍လည်း ဆာပီကိုသည် ညနေဘက် အားလပ်ချိန်များတွ ရပ်ကွက်ထဲရှိ စားသောက်ဆိုင်များ၊ ဘားအရက်ဆိုင်များ၌ အချိန်ဖြုန်း ရှိပေသည်။ ထိုအတောအတွင်း စားသောက်ဆိုင်များမှ စားပွဲထိုး မိန်းက များနှင့် အသိဖြစ်ကာ ခင်မင်ရင်းနှီးပြီး အတူတွဲသွားလာခြင်းဖြင့် အပျင်း အောင် ကြံဖန်ကြိုးစားခဲ့လေသည်။

ထို့ပြင် ငယ်စဉ်ကပင် ဝါသနာပါခဲ့သော အော်ပရာခေါ် ကပွဲများ သွားရောက်ကြည့်ရှုလေ့ရှိသည်။ အော်ပရာ ကပွဲမှ ကချေသည် မိန်းက များ၏ ခန္ဓာကိုယ်အလှနှင့် ဘားကျွမ်းပညာဆန်ဆန် လှုပ်ရှားကပြမှုကို ဆာ ကိုသည် အထူးသဘောကျမိလေသည်။

ဆာပီကိုသည် သူ၏ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းရေးအတွက်ကို အထူး သတိထားလေ့ရှိသည်။ အချိန်ရတိုင်း မြင်းစီးခြင်း၊ ကာယ လေ့ကျင့်ခန်းပြုလုပ်ခြင်းများ မပြတ်လုပ်လေ့ရှိသည်။

စစ်အတွင်းက ကိုရီးယားနိုင်ငံတွင် သင်ကြားတတ်မြောက်ခဲ့ ကာရာတေး သိုင်းပညာများကိုလည်း အစဉ်သဖြင့် ကျွမ်းကျင်နေအော



ကြိုးစား လေ့ကျင့်ခဲ့လေသည်။

ထိုအချိန်အထိ ဆာပီကိုသည် သူ၏ မိဘများနှင့်ပင် အတူနေခဲ့ရာ နေတော့ ဂရင်းဝစ်ကျေးရွာ ရပ်ကွက်တွင် သီးခြားအိမ်ခန်းတစ်ခန်းငှားပြီး စ်ယောက်တည်း ပြောင်းရွှေ့နေထိုင်လေသည်။ ယင်းသို့ တစ်ယောက်တည်း နေသည့်အချိန်မှစ၍ သူ၏ မုတ်ဆိတ်မွေး အရှည်ထားခဲ့လေသည်။

ဘီ-စီ-အိုင်ဌာနခွဲမှ ရဲများသည် ယူနီဖောင်းဝတ်စုံ မဝတ်ဘဲ ရိုးရိုး ပဝတ်နှင့် နေလေ့ရှိကြသဖြင့် ဆာပီကိုလည်း အရပ်ဝတ်အရပ်စားနှင့် လပ်စွာ ဝတ်ဆင်နေထိုင်ခဲ့လေသည်။

ဆာပီကို၏ ပင်ကိုအရည်အချင်းတစ်ခုမှာ မိန်းကလေးများက သူ့အား မင်ရင်းနှီးလွယ်ခြင်းပင် ဖြစ်သည်။ တစ်ခါတရံ သူ၏အဆက် မိန်းကလေး ယ်တိုင် ရဲစခန်းသို့ မော်တော်ကားဖြင့် လာခေါ်လေ့ရှိသည်။ တစ်ခါတော် န်လှပကျော့ရှင်းသော လေယာဉ်မယ်တစ်ဦးက ဆာပီကိုအား ရုံးဆင်းချိန် င် လာခေါ်လေရာ ကျန်ရဲစုံထောက်များကပင် အားကျသလို၊ မနာလိုဝန်တို ို ဖြစ်ခဲ့ကြပါသေးသည်။

ဆာပီကိုက အခြားရဲများနှင့်မတူဘဲ မုတ်ဆိတ်မွေး ရှည်ရှည်ထားခြင်း လည်း သဘောမကျသူများလည်း ရှိလေသည်။ ယင်းတို့အနက် အင်စပက် ာ် (ရဲမှူး)တစ်ဦးက တစ်နေ့ သူ့အား ပြောင်ဖွင့်ပြောခဲ့လေသည်။

မုတ်ဆိတ်ရှည် ထားခြင်းသည် ယခုခေတ် ဟစ်ပီခေါ် လူငယ်လမ်းသရဲ ် တူသည်ဟုလည်း ဝေဖန်ပြောဆိုလေရာ ဆာပီကိုသည် သူ့အား ခြားဌာနတစ်ခုသို့ ပြောင်းရွှေ့ပေးလိမ့်မည်ဟု ထင်မိခဲ့လေသည်။

ထင်သည့်အတိုင်းပင် နောက် ရက်သတ္တပတ် အနည်းငယ်ကြာသော သူ့အား ယူနီဖောင်းဝတ် ရဲအဖြစ်သို့ ပြန်လည်ပြောင်းပို့ခြင်း ခံခဲ့ရလေ ည်။

* * *

သေနတ်ဒဏ်ရာဖြင့် ဆေးရုံတက်ရပြီး ရက်သတ္တသုံးပတ်ခန့်အကြာ ော်ဝါရီလ ၂၄ ရက်နေ့တွင် ဆာပီကို၏ နားတစ်ဖက်မှ ပြည်များယိုစီးခြင်း ည် သက်သာလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မတိုင်မီ ရက်အနည်းငယ်အတွင်းက သူ၏ လက်ဝဲဘက် ရင်ဘတ်အတွင်းမှ နာကျင်သဖြင့် ဆရာဝန်များကို ပြောပြရာ ဒေါက်တာများက ချက်ချင်း ဓာတ်မှန်ရိုက်ကြည့်လေသည်။ ဓာတ်မှန်ရိုက်ချက်အရ သေနတ်ပစ်ခံရသည့်ညက အဆုတ်အအေးမိသွားခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရလေသည်။

ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်ကြီးများ၏ စစ်ဆေးကြည့်ချက်အရ ဆာပီကို၏ ဦးနှောက်သည် ထိခိုက်ချွတ်ယွင်းခြင်း မရှိကြောင်း သိရခြင်းကတော့ အားတက်ဖွယ်ကောင်းပေသည်။

တဖြည်းဖြည်းနှင့် သူ၏ အခြေအနေက တိုးတက်ကောင်းမွန်လာလေရာ နောက်ပိုင်းတွင် လက်ဝဲဘက် ပါးပြင်၌ အနည်းငယ် နာကျင်ခြင်းသာလျှင် ကျန်တော့လေသည်။ ထိုအတောအတွင်း မျက်နှာတစ်ခြမ်း လေဖြတ်သလို သေနေခြင်းကလည်း သက်သာပျောက်ကင်းလာလေသည်။

ဤသို့လျှင် တဖြည်းဖြည်း သက်သာလာသည်ကို ဝမ်းအသာဆုံးကား ဒေါက်တာ အူဂါပင် ဖြစ်လေသည်။

ဆေးရုံခန်း၌ နေရစဉ် အပျင်းပြေစေရန် တယ်လီဗီးရှင်း ရုပ်မြင်သံကြားစက်တစ်ခု သူ၏အခန်းတွင် လာထားပေးသော်လည်း ဆာပီကိုက ကြည့်ရကားငြီးငွေ့လှသည်ဟုဆိုကာ တစ်ခါတရံမှသာ ဖွင့်ကြည့်လေသည်။

ကျန်းမာရေး အခြေအနေ ကောင်းမွန်လာသဖြင့် ဆရာဝန်များက ဧည့်သည်များ လာရောက်ကြည့်ရှုခွင့်ပြုလေရာ သူ၏ မိတ်ဆွေများ လာရောက်ကြည့်ရှုစ ပြုလာလေသည်။

လာရောက် သတင်းပေးသူများတွင် ကျောင်းနေဘက် သူငယ်ချင်းများရှိသလို ရဲတပ်ဖွဲ့မှ သူ၏ မိတ်ဆွေဟောင်း အိုကော်နာ၊ ရဲမှူးကြီး ကူပါနှင့် ဒီလစ္စ ဆိုသူတို့လည်း ပါဝင်လေသည်။

ဆာပီကိုနှင့် ရင်းနှီးပြီး တွဲခဲ့သူ လေယာဉ်မယ် စသော မိန်းကလေးများကလည်း လာကြည့်ကြသည်။

သူ၏ မိခင်ကြီးသည်လည်း ညနေတိုင်းလိုလို ဆာပီကိုအား လာကြည့်ပြီး အားပေးစကား ပြောလေ့ရှိပေသည်။

ဖေဖော်ဝါရီလ ကုန်သွားပြီးနောက် ဆာပီကိုအဖို့ စိတ်ဓာတ်ကျဖွယ်ရာသတင်းတစ်ရပ် ကြားရလေသည်။

သူနာပြုဆရာမတစ်ဦးက တစ်နေ့တွင် သူ၏အခန်းသို့ လာအလုပ်လုပ်



ရင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး လုပ်ကြံသတ်ဖြတ်ခံရကြောင်း၊ ဖြစ်ပုံကလည်း ဆာပီကို ဖြစ်ပုံနှင့်တူကြောင်း ပြောပြလေသည်။

ထိုအကြောင်းကို သတင်းစာထဲ ပါသည်ဆိုသဖြင့် ဆာပီကိုက သတင်းစာကို တောင်းကြည့်ရာ ဆရာမက နောက်တစ်နေ့တွင် ယူလာပေးသည်။

သတင်းစာ ဖတ်ကြည့်လိုက်မှ အကြောင်းစုံကို သိရတော့သည်။

အသတ်ခံရသူ ရဲမှာ ကပ္ပလီ နီဂရိုး လူမည်းအမျိုးသား ခြေလျင်ကင်းလှည့် ရဲအဖွဲ့ဝင်တစ်ဦး ဖြစ်လေသည်။ ယင်းအဖွဲ့၏ တာဝန်မှာ ဟာလင်ရပ်ကွက် ဒုစရိုက် နှိမ်နင်းကာကွယ်ရေးကို ဆောင်ရွက်ရန်ပင်ဖြစ်သည်။

ထိုရပ်ကွက်မှာ မှောင်ခိုလောင်းကစားဂိုဏ်းမယား၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် ပြည့်တန်ဆာလုပ်ငန်း အထူးများသော ရပ်ကွက်ဖြစ်သည်။ တစ်ခါတရံ ဒုစရိုက်သမားများက ရဲများအား လက်နက်ဖြင့် ခုခံတိုက်ခိုက်လေ့ရှိသည်။

ယခု ကပ္ပလီလူငယ် ရဲအဖွဲ့ဝင်သည် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ဂိုဏ်းအား ဝင်ဖမ်းရန် ကြိုးစားနေခိုက် ဒုစရိုက်သမားများက အဖမ်းမခံဘဲ သေနတ်နှင့် ပြန်ပစ်တိုက်ခိုက်ခြင်းကြောင့် သေနတ်ထိမှန် သေဆုံးသွားရခြင်း ဖြစ်သည်။

ဆာပီကိုအနေဖြင့် စိတ်ဓာတ်ကျခြင်းမှာ အသတ်ခံရသူ ကပ္ပလီလူငယ်ရဲတပ်ဖွဲ့ဝင်အား သူကိုယ်တိုင် သိကျွမ်းခဲ့သောကြောင့်ပင် ဖြစ်လေသည်။

ထိုလူငယ်၏ အမည်က လော့ဒ်ဆိုသူ ဖြစ်လေသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က ဆာပီကိုကိုယ်တိုင် ဟာလင်ရပ်ကွက်တွင် တာဝန်ကျနေစဉ် လော့ဒ်နှင့် သိကျွမ်းခင်မင်ခဲ့လေသည်။

တစ်ကြိမ်တွင် လော့ဒ်က ဆာပီကိုအား ဤသို့ ပြောခဲ့ဖူးသည်။

"မစ္စတာဆာပီကို ကိုတော့ ကျွန်တော်တို့ နီဂရိုးလူမျိုးတွေက အတော်လေးစားကြတယ်ခင်ဗျ၊ ခင်ဗျားက တာဝန်ဝတ္တရား ဆောင်ရွက်ရာမှာ လူဖြူလူမည်းရယ်လို့ ခွဲခြားပြီး မဆက်ဆံဘူး၊ တရားမျှတစွာ လုပ်လေ့ရှိတယ်ဆိုတာ အားလုံးက သိတဲ့အတွက် လေးစားကြခြင်း ဖြစ်ပါတယ်"

ဤသို့ ပြောပြီးနောက် လော့ဒ်က သူနှင့်အတူ တွဲလုပ်နေရသူ ရဲတပ်ဖွဲ့ဝင်များအကြောင်းလည်း ပြောပြခဲ့သေးသည်။ ဒုစရိုက် နှိမ်နင်းရေးအဖွဲ့တွင် ... ဆယ်ကျော် ရှိသည့်အနက် သုံးယောက်ကသာ တကယ်ရိုးသားသန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျန်လူအားလုံးလိုလို အဂတိလိုက်စားမှု မကင်းကြောင်း၊ ဒုစရိုက်ဂိုဏ်းများထံမှ လာဘ်စားလေ့ရှိကြောင်း ပြောပြလေရာ ဆာပီကိုမှာ အံ့အားသင့်မိသည်နှင့်အမျှ စိတ်ပျက်ခဲ့ရလေသည်။

ယခုတော့ တကယ်ရိုးသားသော လော့ဒ်ခမျာ သေနတ်ပစ်ခံရ၍ သေသွားရှာပြီဖြစ်သည်။

တကယ်တမ်း ရိုးသားသန့်ရှင်းသော ရဲတပ်ဖွဲ့ဝင်များ သက်ဆိုးမရှည်ပါတကားဟုတွေးရင်း စိတ်ဓာတ်ကျမိခြင်း ဖြစ်လေသည်။

* * *

မကြာမီ ရဲမှူးကြီးကူပါက ဆေးရုံသို့ လာကြည့်ရာ ဆာပီကို စိတ်ဓာတ်ကျနေပုံကို သတိပြုမိသဖြင့် အားပေးစကား ပြောကြားလေသည်။

သို့သော်

ဆာပီကိုက လက်မခံဘဲ ဘုစကား ပြန်ပြောလေသည်။

"အလကားပါဗျာ၊ ကျုပ်ကို ဘယ်သူကမှ ဂရုမစိုက်ဘူး၊ ကျုပ် ဆေးရုံမှာရှိတုန်း လာကြည့်တဲ့ရဲဆိုလို့ သုံးယောက်ပဲရှိတယ်"

ထိုအခါ ရဲမှူးကြီး ကူပါက မခံချင်ဖြစ်ဟာဟန်ဖြင့်–

"ဟေ့ ဆာပီကို မင်း မသိတာ ပြောရဦးမယ်၊ မင်း သေနတ်ပစ်ခံရတဲ့ညက ရဲတပ်ဖွဲ့ဝင်ထဲက သုံးဆယ့်ငါးယောက်က မင်းအတွက် လိုအပ်တဲ့သွေးလှူပါရစေလို့ လာပြောတယ်၊ ဒါ မင်းကို ဂရုမစိုက်လို့လား"

ဟု ပြောလေသည်။

တဆက်တည်းမှာပင် ကူပါက အားတက်စရာ သတင်းတစ်ခုလည်း ပြောပါသေးသည်။

"ဒီမယ် ဆာပီကို၊ မင်းကသာ မသိတယ်၊ မင်းရဲ့ စွန့်စားကြိုးပမ်းမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ သူရသတ္တိဘွဲ့နဲ့ ရွှေတံဆိပ်ဆုရဖို့ အထက်ကိုတင်ပြထားတာ အခုတော့ သဘောတူ ခွင့်ပြုချက်အမိန့်တောင် ကျလာပြီကွဲ့"

❐



## အခန်း (၆)

၁၉၆၅ ခု နှစ်ဦးပိုင်းတွင် ဆာပီကိုသည် ဘီစီအိုင် စုံထောက်ဌာနခွဲမှ ပြောင်းရွှေ့ပြီး အမှတ် ၇၀ ရဲစခန်း ခြေလျင်ကင်းလှည့်အဖွဲ့သို့ ပို့ခြင်းခံခဲ့ရလေသည်။

ထိုစခန်းမှာ ဘရွတ်ကလင်းအလယ်တွင် တည်ရှိပြီး မူလ အလုပ်လုပ်ခဲ့ဖူးသော အမှတ် ၈၁ ရဲစခန်းပိုင်ရပ်ကွက်နှင့် ကွာခြားလေသည်။

ထိုရပ်ကွက်အတွင်း နေထိုင်ကြသူများမှာ မျက်နှာဖြူ အမေရိကန်များအပြင် ဂျူးလူမျိုးများလည်း ရှိလေသည်။ ယေဘုယျအားဖြင့် ရှုပ်ရှုပ်ထွေးထွေးမရှိဘဲ အေးချမ်းသော ရပ်ကွက်တစ်ခုပင်ဖြစ်သည်။

ထိုရပ်ကွက်မှာ ဆာပီကိုနေထိုင်သော ဂရင်းဝစ်ကျေးရွာနှင့် အတော်ကလေး အလှမ်းဝေးပြီး အလုပ်သွားအလုပ်ပြန် အချိန်ကုန်လှသောကြောင့် ထိုရပ်ကွက်တွင်ပင် အိမ်ခန်းတစ်ခန်း ငှားရမ်းလိုက်လေသည်။

ပထမဆုံးအကြိမ် ဆာပီကိုက အလုပ်ဝင်ရန် သတင်းသွားပို့သည့်နေ့က ရဲစခန်းမှ တာဝန်မှူး ရဲအရာရှိသည် သူ၏ အသွင်အပြင်ကိုကြည့်ပြီး သဘောမကျဟန်ဖြင့် ခပ်ထန်ထန် ပြောလေသည်။

"ပထမဆုံးလုပ်ဖို့ မင်းတာဝန်က မင်းရဲ့ မုတ်ဆိတ်မွေးကို ရိတ်ပစ်ဖို့ပဲ၊ ပြီးတော့ မင်း ခေါင်းက ဆံပင်ရှည်ကြီးကိုလည်း ညှပ်ပစ်လိုက်"

သို့သော် တာဝန်အရှိဆုံးဖြစ်သူ စခန်းမှူးက ဆာပီကိုအား ခေါ်တွေ့သောအခါ၌မူ ဆံပင်ရှည်နှင့် မုတ်ဆိတ်ကို ဖယ်ရှားပစ်ရန် မလိုကြောင်း၊ ဤလိုလုပ်ရိုးနှင့်မှ သင့်လျော်မည့် အလုပ်တာဝန်တွေ ခိုင်းစရာရှိကြောင်း ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးအမည်က ကက်ပတိန်ဖင့်ဖြစ်ပြီး ဟစ်ပီကဲ့သို့ ခေတ်လူငယ်များ ကြီးကြပ်ကွပ်ကဲရာ၌ လိမ်မာကျွမ်းကျင်မှုရှိသည်ဟု နာမည်ရခဲ့သူ ပုဂ္ဂိုလ်လည်းဖြစ်လေသည်။

နောက်ပိုင်းတွင် စခန်းမှူး ကက်ပတိန်ဖင့်ကိုယ်တိုင်က ဆာပီကိုအား အရပ်ဝတ်အရပ်စားနှင့် ရပ်ကွက်ထဲလွှတ်ပြီး သတင်းထောက်လှမ်းရေး လုပ်ငန်းများ လုပ်ခိုင်းခဲ့သည်။ အထူးသဖြင့် မူးယစ်ဆေးဝါး သုံးစွဲသူများအား စုံစမ်းထောက်လှမ်းရေးတွင် တာဝန်ပေးခိုင်းလေ့ရှိသည်။

ဆာပီကို ကိုယ်တိုင်ကလည်း ကြိုးစားခဲ့ခြင်းကြောင့် မူးယစ်ဆေးဝါးအမှုများ ဖော်ထုတ်ဖမ်းဆီးနိုင်လေသည်။

ထို့ပြင် ရပ်ကွက်အတွင်း ဖောက်ထွင်းခိုးယူမှု၊ လုယက်မှုများ အနည်းငယ်များလာချိန်တွင် စခန်းမှူးက ဆာပီကိုအား တာဝန်ပေးခဲ့သေးသည်။

ဖောက်ထွင်းသမားတစ်ဦးအား ဖမ်းမိသည့် ညတစ်ညကဆိုလျှင် ဆာပီကိုသည် ကံကောင်း၍သာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

တစ်နေ့ ညနေ ငါးနာရီအချိန်တွင် ဆာပီကိုသည် မြေအောက်မီးရထားဘူတာရုံအဝင်ဝတွင်ရပ်ပြီး အခြေအနေကို စောင့်ကြည့်နေလေသည်။

သူ သတိပြုကြည့်နေသော နေရာကား လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်းက အိမ်တစ်အိမ် ဖောက်ထွင်းခံရသည့် ရပ်ကွက်ပင်ဖြစ်သည်။

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေရင်း မျက်နှာချင်းဆိုင် လမ်းထောင့်တွင် လူတစ်ယောက်သည် အထုပ်တစ်ထုပ်ပိုက်လျက် ရပ်နေသည်ကို သတိပြုမိလေသည်။

ထိုလူ၏ မျက်လုံးများက ဂနာမငြိမ်ဘဲ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်နေပုံက မသင်္ကာဖွယ်ရာ ဖြစ်နေလေသည်။

ထို့ကြောင့် အထုပ်နှင့်လူက နောက်တစ်ကြိမ် ဝဲယာသို့ လှည့်ပတ်ကြည့်ပြီး လျှောက်ထွက်သွားသောအခါ ဆာပီကိုက မလှမ်းကမ်းမှ နောက်ယောင်ခံလိုက်သွားလေသည်။

မိနစ်အနည်းငယ်မျှအကြာတွင် မှန်များ ရိုက်ခွဲသံ ကြားလိုက်ရလေရာ ထိုနေရာ၌ စိန်ရွှေရတနာများရောင်းသည့် ဆိုင်များရှိကြောင်း ချက်ချင်းမှတ်မိသဖြင့် ဆာပီကိုသည် ခြောက်လုံးပြူးသေနတ်ကို အသင့်ထုတ်ကိုင်လျက် ပြေးသွားလေသည်။



မကြာမီ သူ ခြေရာခံလိုက်သောလူသည် စက္ကူအိတ်တစ်အိတ်ကိုကိုင်ဘက် လမ်းဘေးတွင် ရပ်နေသည်ကို မြင်ရလေသည်။

တစ်ချိန်တည်းမှာပင် ကျိုကနဲ မော်တော်ကားတစ်စီး ဘရိတ်အုပ်သံကို ကြားလိုက်ရလေသည်။ ယင်းကား စခန်းမှူး၏ တာဝန်ချထားချက်အရ ရပ်ကွက်၌ ကင်းလှည့်နေသော ရဲဝိုင်ယာလက်ကားတစ်စီးက မှန်ရိုက်ခွဲသံ ကြားရသဖြင့် အမြန်မောင်းလာခြင်း ဖြစ်လေသည်။

ဝိုင်ယာလက်ကားပေါ်မှ ရဲနှစ်ဦး ကားပေါ်မှ ဆင်းလိုက်ချိန်တွင် စက္ကူအိတ်ကိုင်ထားသူသည် ဆာပီကိုရှိရာဘက်သို့ ဦးတည်ပြေးလာလေသည်။

ရဲနှစ်ဦးက 'ဟေ့လူ ရပ်လိုက်'ဟု အမိန့်ပေးသော်လည်း ထိုလူက ရပ်ဘဲ ဆက်ပြေးလေရာ ရဲတစ်ဦးက သေနတ်တစ်ချက် လှမ်းပစ်လိုက်သည်။

ထိုအချိန်၌ ထွက်ပြေးသူသည် ဆာပီကိုအနီးသို့ ရောက်နေလေရာ သေနတ်ကျည်ဆန်က သူ၏ ခေါင်းနားမှ ဝီကနဲ ဖြတ်သွား၍သာ မတော်တဆ မှန်သေဆုံးခြင်းမှ သီသီကလေး လွတ်သွားလေသည်။

စက္ကူအိတ်နှင့်လူလည်း ထိုအချိန်မှာပင် မှောက်ထိုးလဲကျသွားရာ ဆာပီကိုက ထိုလူအား အတင်းဖမ်းချုပ် ဖိထားပြီးမှ ဝိုင်ယာလက်ကားမှ ရဲနှစ်ဦးအား–

"ဟေ့လူတွေ ဆက်ပစ်မနေနဲ့၊ ကျုပ် ဆာပီကိုပါဗျ

ဟု လှမ်းအော်ပြောလိုက်သည်။

ရဲနှစ်ဦးလည်း အနီးသို့ရောက်လာပြီး ဆာပီကိုကိုမြင်ကာ–

"ဟာ… ကံကောင်းလို့ဗျို့၊ ကျုပ်တို့က တရားခံပြေးကိုသာ မဲလိုက်တော့ ခင်ဗျားကို မမြင်မိဘူး"

ဟု ပြောလေသည်။

ဒုတိယရဲကမူ

"ကျွန်တော်က သေနတ်နဲ့ လှမ်းပစ်ခဲ့တဲ့အတွက် အထက်ကို အစီရင်ခံဦးမယ် မဟုတ်လား၊ ဒါကြောင့် ဒီတရားခံကို ဖမ်းမိတာနဲ့ပတ်သက်ပြီး ကျွန်တော်က ဖမ်းတာပါဆိုပြီး အစီရင်ခံချင်ပါတယ်၊ အဲဒါကို မှတာ ဆာပီကို သဘောတူစေချင်ပါတယ်"

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် တရားခံအား ကိုယ်ထိလက်ရောက် ဖမ်းချုပ်ထားသူကာ ဆာပီကို ဖြစ်သည်။

သို့သော်

တစ်ဖက်သားက နာမည်ကောင်းလို၍ ပြောနေသည်ကို မငြင်းဆန်ချင်သဖြင့် သဘောတူ လျှော့ပေးလိုက်လေသည်။

သို့သော် အမှန်ကိုတော့ ဆာပီကိုက စခန်းမှူး ကက်ပတိန်ဖင့်အား နှစ်ယောက်ချင်းတွေ့ပြီး အစီရင်ခံလိုက်ရာ ခစစခန်းမှူးက ဆာပီကို သဘောထားကြီးပုံကို ဖွင့်ဟချီးကျူးခဲ့လေသည်။

ဆာပီကိုသည် စုံထောက်ဌာန 'ဘီစီအိုင်'မှ ပြောင်းရွှေ့လာရသည်ကို ဝမ်းမနည်းမိချေ။ ယခု ခြေလျင်ကင်းလှည့် တာဝန်ကျခြင်းကမှ အများပြည်သူတို့နှင့် မကင်းကွာဘဲ ထိတွေ့မှုရှိနေခြင်းကို သဘောကျမိလေသည်။

တာဝန်ကျရင်း ရပ်ကွက်ရှိ ပြည်သူလူထုများနှင့် နှုတ်ဆက်ပြီး စကားစမြည် ပြောရခြင်းသည်လည်း သူ့အဖို့ တမျိုးကျေနပ်မှု ရရှိခဲ့လေသည်။

ထို့ပြင် ပြည်သူအကြား ဝင်ထွက်သွားလာ၍ တာဝန်ထမ်းဆောင်ရခြင်းကြောင့် လူတို့၏ သဘာဝစရိုက်နှင့် စိတ်နေသဘောထား အကြောင်းများကိုလည်း ပိုမိုနားလည် သိရှိခဲ့ရပေသည်။

တစ်ညတွင် အိမ်တစ်အိမ်၌ လူတစ်ယောက် သူ့ကိုယ်သူ သေကြောင်းကြံစည်ကြောင်း သတင်းရသဖြင့် ဆာပီကိုလည်း ထိုအိမ်သို့ အမြန်ဆုံးလိုက်သွားလေသည်။

အိမ်သို့ရောက်သောအခါ ကာယကံရှင်၏ ဖခင်လုပ်သူက ဆီးကြိုပြီး အိမ်ပေါ်ထပ်သို့ ညွှန်ပြသဖြင့် ဆာပီကိုလည်း တက်သွားကြည့်လေသည်။

မိခင်နှင့်တူသူ အမျိုးသမီးကြီးတစ်ဦးကတော့ တစ်နေရာတွင် ထိုင်ပြီး ငိုကြွေးနေရှာသည်။

အပေါ်ထပ် အိပ်ခန်းတစ်ခန်းတွင်ကား အသက် ၂၂ နှစ်ရွယ်ခန့် လူငယ်တစ်ဦး ခုတင်ပေါ် မလှုပ်မယှက် ငြိမ်သက်နေသည်ကို တွေ့ရသည်။ လူငယ်၏ ဦးခေါင်းတစ်ခုလုံးလိုလို သေနတ်ဒဏ်ရာဖြင့် ကြေမွကာ သေဆုံးနေခြင်း ဖြစ်လေသည်။

ခုတင်ပေါ်တွင် ရိုင်ဖယ်သေနတ်တစ်လက်နှင့် စာရွက်တစ်ရွက်ကိုလည်း တွေ့ရသဖြင့် ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။



- ဒက်ဒီနဲ့ မာမီ

ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်အနေနဲ့ တခြားနည်းလမ်း မရှိတော့လို့ အခုလို လုပ်လိုက်ရတာ ဖြစ်ပါတယ်၊ ကျွန်တော့်အတွက် ဆုတောင်းပေးကြပါ။

ဆာပီကိုသည် ထိုလူငယ် ယခုကဲ့သို့ သူ့ကိုယ်သူ သေကြောင်းကြံစည် ...ာက်အောင် မည်သို့အကြောင်းရှိလေသနည်းဟု စဉ်းစား၍မရချေ။

တာဝန်ဝတ္တရားအတိုင်း သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ရဲဘက် ...ာဝန်ထံ ဖုန်းဆက်လိုက်ပြီးမှ လူငယ်၏ ဖခင်ကြီးအား စစ်ဆေးမေးမြန်း ...ည့်ရလေသည်။

သိရသည်ကား သတ်သေသွားသူ လူငယ်သည် မိန်းကလေးတစ်ဦးနှင့် ...ကြိုက်နေရာ မိန်းကလေးက မော်တော်ကားတစ်စီး ဝယ်စေချင်သဖြင့် ...ာင်လေးသည် ရှိသမျှငွေလေးနှင့် တစ်ပတ်ရစ် ကားတစ်စီး ဝယ်ခဲ့သည်ဟု ...သည်။

သို့သော်

ကား၏ အခြေအနေက သိပ်မကောင်းသဖြင့် အမြဲလိုလို 'ဝပ်ရှော့'သို့ ... ပြင်ဆင်နေရသည်ကို မိန်းကလေးက သဘောမကျသဖြင့် နောက်ဆုံး ...ာင်ခလေးနှင့် အဆက်ဖြတ်ပစ်လိုက်ခဲ့လေသည်။

ယင်းသို့ ချစ်သူမိန်းကလေးက အဆက်ဖြတ် စွန့်ခွာသွားခြင်းကြောင့် ...င်မျှိခမျာ စိတ်အကြီးအကျယ်ညစ်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ ...ည်ဟု ဆိုသည်။

ဤသို့လျှင် ဆာပီကိုသည် လူတို့၏ စိတ်လှုပ်ရှားမှုကြောင့် ပြုမူတတ် ...အကြောင်း သိရှိခဲ့ရသည်။

...တစ်ခါတရံတွင်မူ သူ၏ဘဝကို ကျေနပ်မိသည့်အဖြစ်မျိုးလည်း ကြုံရ ...ပေးသေးသည်။

...တစ်ညနေတွင် ဆာပီကိုသည် ရဲစခန်းသို့ အလုပ်ဝင် သတင်းပို့ရန် ...ာင်းသွားရင်း တစ်နေရာတွင် ခေတ္တရပ်နေခိုက် မနီးမဝေးရှိ အိမ်ခန်း ...မှ မီးခိုးများထွက်နေသည်ကို သတိပြုမိလေသည်။

...မီးလောင်နေပြီဟု စိုးရိမ်မိသဖြင့် ထိုအိမ်သို့ အမြန်ပြေးသွားကြည့်ရာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်၏အပေါ်ထပ် မီးဖိုခန်း၌ တကယ်ပင် မီးစွဲလောင်နေသည်ကို တွေ့ရလေသည်။

အိမ်ခန်း၏ အပြင်ဘက် စင်္ကြံတွင် ပုခက်တစ်လုံးဖြင့် ကလေးငယ်တစ်ဦး တွေ့ရလေရာ ဆာပီကိုက ချက်ချင်းပင် ကလေးငယ်ကို ပွေ့ချီယူလိုက်လေသည်။

ထိုနေရာနှင့်ကပ်လျက် အခန်းတစ်ခန်းတွင်လည်း လူတစ်ယောက် အိပ်ပျော်နေလေရာ ဆာပီကိုကပင် ထိုလူအားနှိုးပြီး အိမ် မီးလောင်နေကြောင်း ပြောရလေသည်။

သည်တော့မှ ထိုလူက အိပ်မှုန်စုံမွှားနှင့်ထပြီး ထိတ်လန့်တကြား ဖြစ်လာကာ ကလေးငယ်သည် သူ့ထံသို့ ခေတ္တအလည်လာသော သူ့နှမ၏ ကလေးဖြစ်ကြောင်း ပြောပြလေသည်။

ထိုအခိုက်မှာပင် ခွေးဟောင်သံများ ကြားရလေရာ ထိုလူက–

"ဟော... ကျုပ်ရဲ့ခွေးတွေ မြေအောက်အခန်းထဲမှာ ရှိနေတယ်၊ သွားခေါ်ထုတ်မှဖြစ်မယ်၊ ခင်ဗျားရဲ့ လက်နှိပ်ဓာတ်မီး ပေးစမ်းပါ"

ဟု ပြောပြန်သည်။

အချိန်မှာ မှောင်စပြုနေပြီဖြစ်၍ ဆာပီကိုလည်း သူ၏ လက်နှိပ်ဓာတ်မီးကို ပေးလိုက်ပြီးနောက် ကလေးငယ်ကို အပြင်ဘက်သို့ ပွေ့ချီထုတ်သွားကာ စုရုံးရောက်ရှိနေသော လူများအနက် တစ်ယောက်အား ကလေးကြည့်ထားရန် ပေးအပ်လိုက်သည်။

ထို့နောက် ချက်ချင်း ပြန်ပြေးလာပြီး မီးလောင်နေသော အိမ်အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

ထိုအချိန်၌ အိမ်ပေါ်ထပ်တွင် မီးခိုးလုံးကြီးများ အလွန်များနေပြီဖြစ်၍ သူကိုယ်တိုင် အသက်ရှူရ ကျပ်လာလေသည်။ တစ်ချိန်တည်းမှာပင် အိမ်ခန်းအတွင်းမှ မီးတောက်မီးလျှံကြီးများ ထွက်လာပြီး ဆာပီကိုမှာ ရှေ့သို့မတိုးနိုင်အောင် ဖြစ်နေတော့သည်။

သို့သော် နောက်ပိုင်းမှ သိရသည်ကား မီးအကြီးအကျယ် လောင်ကျွမ်းနေသော အခန်းတွင်း၌ လူတစ်ဦးတစ်ယောက်မှ မရှိ၍ တော်သေးကြောင်း သိရလေသည်။

ဆာပီကိုသည် မီးအပူဒဏ်ကို မခံနိုင်၍ အပြင်ဘက်သို့ ပြန်ထွက်လာပြီး ပရိသတ်အချို့က အဆောက်အအုံ တတိယထပ်ဆီသို့ ညွှန်ပြသဖြင့် မော်ကြည့်လိုက်သောအခါ ပြတင်းပေါက်တစ်ခုအနီးတွင် အမျိုးသမီးတစ်ဦး ကလေးငယ်နှစ်ယောက်နှင့်အတူ ပြေးပေါက်မရှိဘဲ ပိတ်မိနေကြောင်း တွေ့ရလေသည်။



ဆာပီကိုသည် ထိုအမျိုးသမီးအား ကူညီကယ်ဆယ်မှ ဖြစ်မည်ဟု ဆုံးဖြတ်လျက် ရေပိုက်တစ်ခုမှတဆင့် အပေါ်သို့ တွယ်တက်ရန် ကြိုးစားလေသည်။

ဒုတိယအထပ်မှ တတိယအထပ်သို့ ကူးတက်ရန် အနည်းငယ် အလှမ်းဝေးနေသဖြင့် ခက်နေစဉ် လူတစ်ယောက် တက်လာပြီး ဆာပီကိုအား ပခုံးဖြင့် ထမ်းထားပေးလေသည်။

သည်တော့မှ ဆာပီကိုလည်း တတိယထပ်သို့ ရောက်အောင်တက်ပြီး အမျိုးသမီးလက်မှ ကလေးနှစ်ယောက်ကို လှမ်းယူ၍ အောက်သို့ လက်ဆင့်ကမ်းပေးလိုက်ရလေသည်။

အမျိုးသမီးမှာ အလွန်ဝသူဖြစ်ပြီး အလွန်ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် ပြတင်းပေါက်မှ ခုန်ချမည်ပြုနေသောကြောင့် ဆာပီကိုက လှမ်း၍–

"ဒီမယ်၊ ခင်ဗျား အောက်ကို ခုန်မချပါနဲ့"

ဟု ဟစ်အော်ပြောလိုက်ရသည်။

ထိုအတောအတွင်း မီးသတ်စက် မော်တော်ယာဉ်များ လာနေသံကို ကြားနေရပြီဖြစ်သည်။

"ကျွန်မ ဆက်မနေဝံ့တော့ဘူးရှင့်"

အမျိုးသမီး ဝဝက ပြန်ပြောပြန်သဖြင့် ဆာပီကိုက–

"မခုန်ချပါနဲ့၊ ခဏလေးစောင့်ပါ၊ မီးသတ်မော်တော်ယာဉ်တွေ လာနေပြီ"

ဟု ပြန်အော်ပြောပါသော်လည်း အမျိုးသမီးကြီးသည် ကြောက်အားလန့်အားနှင့် တကယ်ခုန်ချတော့မလို လုပ်နေလေသည်။

ဤတွင် ဆာပီကိုလည်း မတတ်သာတော့ဘဲ သူ၏အနီးတွင်ရှိသော လူတစ်ယောက်နှင့် လက်ချင်းယှဉ်တွဲကာ ပုခက်သဖွယ်လုပ်၍ အမျိုးသမီး ခုန်ချမည့်နေရာကို မှန်းလျက် ဖမ်းရန် စောင့်နေလိုက်သည်။

အမျိုးသမီးဝဝသည် တကယ်ပင် ခုန်ချလိုက်ရာ ခန္ဓာကိုယ် အလေးချိန်များလှသဖြင့် ဆာပီကိုတို့ နှစ်ယောက်လက်တွင် မမိဘဲ အောက်သို့ ကျသွားသည်။ ကံအားလျော်စွာ ထိုအချိန်၌ မီးသတ်တပ်ဖွဲ့ဝင်များက

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် အဆင်သင့် ရောက်နေသဖြင့် အမျိုးသမီးအား ဆက်ဖမ်းလိုက်နိုင်သောကြောင့် သက်သာရာရသွားတော့သည်။

ယင်းသို့ အိမ်တစ်အိမ် မီးလောင်နေစဉ် မိမိက ဝင်ရောက်ကူညီနိုင်ခဲ့သည့်အတွက် ဆာပီကိုသည် စိတ်ထဲ ကျေနပ်ကြည်နူးမှု ဖြစ်ခဲ့ရလေသည်။

ထို့ပြင် သက်ဆိုင်ရာမှ ဆာပီကိုအား မီးလောင်နေစဉ် ဝင်ကူညီခဲ့ရ၍ မီးခိုးတွေ အဆုတ်ထဲဝင်ခဲ့သောကြောင့် ရက်သတ္တနှစ်ပတ်တိတိ ခွင့်ခံစားခွင့် ရရှိခဲ့လေသည်။

*   *   *

ရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံမှာ စစ်တပ်များကဲ့သို့ပင်ဖြစ်ရာ လက်အောက်ငယ်သားများနှင့် အထက်အရာရှိများသည် အလွန်အလှမ်းကွာလေသည်။ ရာထူးအဆင့် အနိမ့်အမြင့်ကိုလည်း အလွန်ဂရုစိုက် အလေးအနက် ထားရလေသည်။

ယင်းအခြေအနေကို ဆာပီကိုက ကောင်းစွာ နားလည်သဘောပေါက်ရုံမက လက်ခံထားပြီးဖြစ်သည်။

ရိုးရိုးရဲသားများ ရာထူးအဆင့် တိုးမြှင့်ရရှိရေးအတွက် အထက်အရာရှိများအား ကပ်ခြင်းကိုတော့ ဆာပီကိုက လုံးဝ မကြိုးစားဘဲ နေခဲ့လေသည်။

သို့ရာတွင် စခန်းမှူးဖြစ်သူ ကက်ပတိန်ဖင့်က ဆာပီကို၏ ကြိုးစားမှုအရည်အချင်းနှင့်တကွ စိတ်သဘောထား ပြည့်ဝမှုကို ကောင်းစွာသိရှိနေသဖြင့် သူ၏ နောင်ရေး တိုးတက်မှုအတွက် လူကြီးများကိုယ်တိုင်က စဉ်းစားခဲ့ရလေသည်။

ဆာပီကို ကိုယ်တိုင်ကမူ စခန်းမှူးကြီးအား သူသည် ရဲစုံထောက်တစ်ဦးဖြစ်ရန် အထူးလိုလား တောင့်တမိကြောင်း ဖွင့်ပြောခဲ့လေသည်။ ကက်ပတိန်ဖင့်ကလည်း ဆာပီကိုသည် စုံထောက်ကောင်းတစ်ဦး ဖြစ်လာနိုင်သည့် အလားအလာရှိသည်ဟု ယုံကြည်မိလေသည်။

သို့ရာတွင်–

ရဲတပ်ဖွဲ့၏ စည်းမျဉ်းဥပဒေတစ်ရပ်က ရဲတပ်ဝင်တစ်ဦးသည် သာမန်ကင်းလှည့်တာဝန်အဖြစ် အနည်းဆုံး လေးနှစ်အမှုထမ်းပြီးမှသာ စုံထောက်ဌာနသို့ ပြောင်းရွှေ့ဝင်ရောက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားလေသည်။ ကင်းလှည့်



တာဝန်ဆိုသည်မှာ ယူနီဖောင်းဝတ်အဖြစ် မဟုတ်ဘဲ အရပ်ဝတ် အရပ်စားနှင့် လေးနှစ် တာဝန်ထမ်းဆောင်ရမည်ဟု ဆိုလေသည်။

ထိုကြောင့် ကက်ပတိန်ဖင့်က ဆာပီကိုအား ပထမအဆင့်အနေဖြင့် အရပ်ဝတ် အဝတ်စား ရဲအဖွဲ့တွင် အမှုထမ်းခွင့်ရရန် ထောက်ခံပေးမည်ဟု ဆိုလေသည်။

ယင်းသို့ အားပေးစကားပြောကြားချိန်တွင် ဆာပီကိုသည် ဝမ်းသာအားရ ဖြစ်ပုံမရသဖြင့် ကက်ပတိန်ဖင့်က ဘာဖြစ်လို့လဲဟု မေးလေသည်။

ဆာပီကိုကမူ ရဲမှူးကြီးအား မည်သို့ပြောရမည်ကို စဉ်းစားရခက်နေပြန်လေသည်။

ပြောရခက်ခြင်းမှာ အရပ်ဝတ်အရပ်စား ရဲအဖွဲ့ဝင်အများစုက အာဂတိလိုက်စားမှု၊ လာဘ်စားမှုတွေ လုပ်နေကြကြောင်းကို ဆာပီကိုက ကောင်းစွာ သိရှိထား၍ပင် ဖြစ်လေသည်။

အချို့ အရပ်ဝတ်ရဲများ လာဘ်စားနေကြခြင်းကို ရဲစခန်းမှ တာဝန်ကျ ...ာရေးကြီးများကပင် သိနေကြသဖြင့် အရပ်ဝတ်ရဲများ စခန်းသို့ ရုံးကိစ္စရှိ၍ ...ဘလျှင် တစ်ယောက်လျှင် ငွေငါးဒေါ်လာစီ ခေါင်းပုံဖြတ်ငွေအဖြစ် တောင်း...ရှိကြကြောင်းကိုလည်း ဆာပီကိုက သိလေသည်။

ထိုကြောင့် စခန်းမှူးကြီး ကက်ပတိန်ဖင့်အား ဆာပီကိုက

"ဆရာလည်း သိမှာပါပဲ၊ အရပ်ဝတ် အရပ်စား ရဲအဖွဲ့ဝင်တွေက အလွန် နာမည်ပျက်နေပါတယ်"

ဟု ပြောလိုက်သည်။

သို့ရာတွင် စခန်းမှူးကြီးက ဆာပီကိုအား အရပ်ဝတ် ရဲအဖွဲ့သို့ပြောင်းရွှေ့အမှုထမ်းရန်ပင် ထပ်မံတိုက်တွန်းပြန်သည်။

"ဒီကိစ္စအတွက် မင်း ဘာမှစိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ကွာ၊ အရပ်ဝတ် ရဲအဖွဲ့ကိုသာ ပြောင်းလုပ်စမ်းပါ၊ မင်းအလွန်ဖြစ်ချင်တဲ့ ရဲစုံထောက်အဆင့်ရောက်ဖို့ ဒီနည်းတစ်နည်းပဲရှိတယ်"

ယင်းသို့ တိုက်တွန်းရုံမက အရပ်ဝတ် ရဲအဖွဲ့သို့ ဆာပီကိုအား ပြောင်းရွှေ့ပို့သင့်ကြောင်း ထောက်ခံ၍ အထက်အာဏာပိုင်များထံ ...ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ ဆာပီကိုအား ရဲတပ်ဖွဲ့ဌာနချုပ်မှ လူရွေးသည့် ဘုတ်အဖွဲ့က ခေါ်ယူပြီး လူတွေ့စစ်ဆေးခြင်း ပြုလုပ်လေသည်။

သို့ရာတွင် ဘုတ်အဖွဲ့ဝင် လူကြီးတွေက မေးသော မေးခွန်းများကို ကြားရသောအခါ ဆာပီကိုသည် စိတ်ပျက်မိပြန်လေသည်။

မေးခွန်းများက ရဲလုပ်ငန်းနှင့် လုံးဝမပတ်သက်ဘဲ မိမိကိုယ်ရေးကိုယ်တာ ကိစ္စများကိုသာ စုံစမ်းစစ်ဆေးသည့် မေးခွန်းများဖြစ်နေသည်။

"မင်းမှာ ကိုယ်ပိုင်ငွေကြေး အခြေအနေ ဘယ်လိုရှိသလဲ၊ ဘဏ်မှာ စုဆောင်းထားငွေ ဘယ်လောက်ရှိသလဲ၊ မင်းစီးနေတဲ့ မော်တော်ကားကို ဘယ်ဆိုင်နဲ့ အကြွေးဝယ်ခဲ့တာလား၊ မင်း ငွေချေးဖူးသလား၊ ပေးဆပ်စရာ အကြွေး ဘယ်လောက်ရှိသလဲ၊ တာဝန်ကျနေချိန်တွင် မည်သည့်စားသောက်ဆိုင်မှာ စားသောက်လေ့ရှိသလဲ"

အထက်ပါ မေးခွန်းများကို ဆာပီကိုသည် လုပ်ငန်းနှင့် မဆိုင်မှန်းသိလျက်နှင့်ပင် ဖြေကြားလိုက်သည်။

သူ့တွင် အကြွေးတင်ခြင်းမရှိကြောင်း၊ ငွေစုဘဏ်တွင် စုထားကြောင်းနှင့် တကွ သူ စားသောက်လေ့ရှိသော ဆိုင်များအမည်ကိုပါ ပြောပြလိုက်သည်။

၁၉၆၆ ခု၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဆာပီကိုအား အရပ်ဝတ်ရဲ အဖွဲ့၌ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မွမ်းမံသင်တန်းတစ်ခု တက်ခိုင်းလေသည်။

သင်တန်းကာလက ၂၈ရက်မျှသာ ကြာသော်လည်း စုံထောက်ပညာနှင့် ပတ်သက်၍ သင်ကြားပို့ချသော ဘာသာရပ်များကို ဆာပီကို အထူးစိတ်ဝင်စားမိသဖြင့် ကြိုးစားလေ့လာခဲ့လေသည်။ သင်တန်းဆရာများကလည်း မှောင်ခိုလောင်းကစား ဒိုင်များ လုပ်လေ့လုပ်ထရှိသော ကလိမ်ကျနည်းများအကြောင်း၊ အချင်းချင်း လျှို့ဝှက်ဆက်သွယ်သည့် စကားများအကြောင်း၊ တရားဝင်လောင်းကစားဒိုင်များက တယ်လီဖုန်း နှစ်လုံးသုံးလုံး တပ်ဆင်ကာ တယ်လီဖုန်းဖြင့် လောင်းကြေးများ လက်ခံတတ်ပုံအကြောင်း စသည်ဖြင့် အသေးစိတ် သင်ကြားပေးခဲ့လေသည်။

အရပ်ဝတ်ရဲများ၏ အဓိကတာဝန်တစ်ခုမှာ တရားမဝင်လောင်းကစား ဒိုင်များအား ထောက်လှမ်းနှိမ်နင်းရန်ပင်ဖြစ်ရာ သင်တန်း၌ ယင်းကိစ္စကို အထူး ဘာသာရပ်အဖြစ် ပြည့်ပြည့်စုံစုံ သင်ကြားပို့ချပေးလေသည်။



နောက်ဘာသာရပ်တစ်ခုကား မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းကို နှိမ်နင်းရေးပင်ဖြစ်သည်။ မူးယစ်ဆေး သုံးစွဲသူများနှင့် ရောင်းဝယ်သူများအား ထောက်လှမ်းရှာဖွေနည်း၊ အကဲခတ် လေ့လာနည်းများကို သင်ကြားပေးခဲ့သည်။ အထူးသဖြင့် ထိုအချိန်က ခေတ်စားနေသော မာရီဂျဝါနားခေါ် ဆေးခြောက်သုံးစွဲမှုနှင့် ရောင်းဝယ်မှု နှိမ်နင်းရေးကို အဓိကထား သင်ကြားပေးရာတွင် ဆေးခြောက်အနံ့က မည်သို့ရှိ၍ သိသာနိုင်ကြောင်းကိုပါ သင်တန်းဆရာက သင်ကြားပေးခဲ့သည်။

အရပ်ဝတ် ရဲအဖွဲ့ဝင်များသည် မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား ဆုံးဖြတ်ပြီး လိုအပ်သလို အရေးယူတတ်ရန်လည်း အရေးကြီးကြောင်းကို သိရလေသည်။

ထို့ပြင် အရပ်ဝတ် ရဲအဖွဲ့ဝင်များအနေဖြင့် တရားခံ ဖမ်းဆီးမိသည့်အခါ လိုက်နာရမည့် စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း လေ့လာသင်ကြားပေးပါသေးသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ပုံစံစာရွက်များ ဖြည့်သွင်းရေးသားခြင်း စသော ရုံးလုပ်ငန်း ဘာသာရပ်ကိုပါ အသေးစိတ် သင်ကြားရလေသည်။

မည်သို့ပင်ဖြစ်စေ ဆာပီကိုအဖို့ ယင်းသင်တန်းမှ ပညာအတော်များများ ရခဲ့ပေသည်။

* * *

သင်တန်းဆင်းပြီးသောအခါ ဆာပီကိုသည် အမှတ် (၉၀) ရဲစခန်း၏ အရပ်ဝတ်အရပ်စား ရဲအဖွဲ့သို့ တာဝန်ထမ်းဆောင်ရန် ပို့ခြင်းခံခဲ့ရလေသည်။

ယင်းဌာနသို့ရောက်ပြီး မကြာမီမှာပင် သူ့ အလွန်ဝါသနာပါသော စွန့်စားလှုပ်ရှားမှု အတွေ့အကြုံတစ်ရပ်ကို ကြုံခဲ့ရလေသည်။

သူ့တွင် 'ဟွန်ဒါ' မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ထားရာ တစ်နေ့တွင် ယင်းမော်တော်ဆိုင်ကယ်ဖြင့် အမျိုးသမီးတစ်ဦးအား တင်၍ နှစ်ယောက်သား ရုပ်ရှင်သွားကြည့်ကြလေသည်။

ရုပ်ရှင်ပြီး၍ ပြန်အလာတွင် လမ်းဆုံမီးပွိုင့်တစ်ခု၌ မီးနီနေသဖြင့် ရပ်စောင့်နေစဉ် သေနတ်သံလိုလို ကြားလိုက်မိသဖြင့် လှမ်းကြည့်လိုက်ရာ လမ်းမကမ်းရှိ အရက်ဆိုင်တစ်ဆိုင် ရှေ့နားတွင် လူသုံးယောက် ခြောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးသေနတ်ကိုယ်စီနှင့် တွေ့ရပြီး လမ်းဘေး မြေပြင်ပေါ်တွင် လူတစ်ယောက် ပုံလဲနေသည်ကိုလည်း မြင်ရလေသည်။

ဆာပီကိုလည်း အဖော်အမျိုးသမီးအား ခေတ္တဆင်း၍ စောင့်နေခိုင်းပြီးနောက် မော်တော်ဆိုင်ကယ်နှင့်ပင် အရက်ဆိုင်ရှေ့သို့ အမြန်စီးသွားလေသည်။

သေနတ်နှင့် လူသုံးယောက်သည် စက်နိုးထားသော သူတို့၏ မော်တော်ကားဆီသို့ တဖြည်းဖြည်း နောက်ဆုတ်သွားစဉ် ဘေးမှရပ်ကြည့်နေသူ ပရိသတ်သည်း ရှိနေလေသည်။ သို့သော် အားလုံးက အံ့အားသင့်ပြီး 'ကြောင်'ကြည့်နေကြသဖြင့် ဘာမှ လှုပ်ရှားခြင်းမပြုချေ။

ဆာပီကို ရောက်သွားချိန်တွင်မူ လူနှစ်ယောက်က မော်တော်ကားဆီသို့သွားဘော့ဘဲ အခြားဘက်သို့ပြေးရန် ဟန်ပြင်ကြလေသည်။

ထိုနေ့က ဆာပီကိုမှာ တာဝန်မကျဘဲ အားလပ်သည့်နေ့ ဖြစ်သော်လည်း သူ့တွင် ကိုင်ဆောင်နေကျ ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ် ပါခဲ့လေသည်။ သို့သော် လူသူများသော လမ်းပေါ်၌ လှမ်းပစ်လိုက်ပါက ဘေးလူများ မတော်တဆ ထိမှန်မည်စိုးရိမ်ရသဖြင့် သေနတ်ကို ဆွဲမထုတ်ဘဲ နေလိုက်၏။

နှစ်ယောက်က အခြားတစ်ဘက်သို့ ထွက်ပြေးစဉ် တတိယလူက ကားပေါ်တက်ပြီး အမြန်မောင်းထွက်ပြေးလေရာ ဆာပီကိုလည်း သူ၏ မော်တော်ဆိုင်ကယ်ဖြင့် ထိုကားနောက်သို့ အပြင်းလိုက်လေတော့သည်။

မော်တော်ကားသည် လမ်းထိပ်ရောက်သောအခါ အရှိန်မလျှော့ဘဲ အပြင်းကွေ့မောင်းပြီးနောက် လမ်းတွင်ရှိသမျှ မီးနီများကိုပါ ဖြတ်ဖြတ်မောင်းသွားလေသည်။

ဆာပီကိုလည်း မျက်ခြည်ပြတ်မခံဘဲ တောက်လျှောက် ဆိုင်ကယ်ဖြင့် လိုက်လေသည်။

ရှေ့ကားမှ လူသည် ဆာပီကို လိုက်မှန်းသိ၍ လမ်းသုံးလေးလမ်းကို ချိုးဝင်လိုက်၊ ပြန်ထွက်လိုက်နှင့် ကွေ့ကောက်မောင်းပါသော်လည်း ဆာပီကိုကလည်း သူ၏ဆိုင်ကယ်ဖြင့် ဆက်လိုက်လေသည်။

သို့သော် ရှေ့ကားကို မီအောင်မလိုက်ဘဲ ခပ်လှမ်းလှမ်းကသာ လိုက်နေခြင်းမှာ ထိုလူသွားမည့် လမ်းဆုံးနေရာကို သိလို၍ဖြစ်လေသည်။

ရှေ့မှကား တစ်နေရာတွင် ရပ်တော့မှပဲ အကူအညီတောင်းရန် ဆုံး



ဖြတ်ထားသည်။

ဆာပီကိုက ဆက်လိုက်နေမှန်း ရိပ်မိလျှင် ရှေ့ကားမှလူသည် မူလပထမ သေနတ်သံများ ကြားခဲ့ရသည့် 'ဘား'အရက်ဆိုင်ရှိရာလမ်းသို့ တစ်ပတ်ပြန်လည့် မောင်းပြန်လေသည်။

ထိုနေရာသို့ရောက်လျှင် မော်တော်ကားသည် အရှိန်အနည်းငယ် လျှော့လိုက်သည်။ ဤတွင် စောစောက ခြေလျင်ထွက်ပြေးသူ နှစ်ဦးက မှောင်ရိပ်တစ်ခုမှ ထွက်လာပြီး ကားပေါ်ပြေးတက်ကြလေသည်။

သည်တော့မှ ကားမောင်းသူက အရှိန်ပြင်းစွာ မောင်းထွက်ပြန်လေသည်။

ဆာပီကိုလည်း မော်တော်ဆိုင်ကယ်ဖြင့် အတင်းဆက်လိုက်သွားလေသည်။

ရှေ့မှကားသည် ယခင်ကထက်ပင် ပို၍ အရှိန်ပြင်းစွာ မောင်းကာ လမ်းကြိုလမ်းကြား ကွေ့ပတ်မောင်းနေသော်လည်း ဆာပီကို၏ ဆိုင်ကယ်ကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်လာလေသည်။

မိမိ လိုက်နေသည်ကို ရှေ့ကားမှလူများ သိသွားပြီဟု တထင်ခဲ့ ယူဆလိုက်မိချိန်တွင် ဆာပီကိုသည် သူ၏ မော်တော်ဆိုင်ကယ်မှ ရှေ့မီးလုံးကြီးကို ပိတ်လိုက်သည်။

ဤကား အလွန်အန္တရာယ်များစေသော အပြုအမူပင်ဖြစ်၏။

တစ်နေရာတွင် ဘေးလမ်းကြားတစ်ခုမှ မော်တော်ကားတစ်စီး ထွက်လာရာ မီးပိတ်ထားသော ဆာပီကို၏ ဆိုင်ကယ်ကိုမမြင်ဘဲ တိုက်မိတော့မလို ဖြစ်ပြီးမှ သီသီကလေး လွတ်သွားသည်။

လမ်းသွားလမ်းလာများကိုလည်း ရှေ့မီးထွန်းမထားဘဲ မောင်းနေရသော ဆိုင်ကယ်ဖြင့် အထူးသတိထား ရှောင်တိမ်းနေရလေသည်။

တာဝန်ကျေအောင် ဆက်လိုက်နေရပြီးနောက် မော်တော်ကားများ ရပ်နားရန် သတ်မှတ်ထားသည့် ကွက်လပ်တစ်ခုသို့ အရောက်တွင် ရှေ့မှ ကားသည် ရုတ်တရက် ရပ်သွားသည်။

ဆာပီကိုလည်း သူ၏ မော်တော်ဆိုင်ကယ်ကို ချက်ချင်း စက်ရပ်လိုက်ပြီးနောက် ခြေသံမကြားအောင် သတိထားလျက် လူဆိုးများ၏ ကားနားသို့ ချဉ်းကပ်သွားလေသည်။

ဆယ်ကိုက်မျှသာ ကွာဝေးသောနေရာသို့ရောက်လျှင် ရပ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ကားနှစ်စီးကို အကာအကွယ်ယူလျက် အကဲခတ်ကြည့်နေလိုက်သည်။

ဆာပီကိုက သူ့အား မမြင်စေရန် အသာဝပ်တွား၍ ကြည့်နေစဉ် ရှေ့ကားသည် စက်မရပ်ဘဲ နှိုးထားကြောင်း သတိပြုမိသည်။

ထိုအခိုက် ကားတံခါးတစ်ဖက် ပွင့်လာပြီး လူတစ်ယောက် ထွက်လာလေသည်။ သူ၏ လက်တွင်ကား ပစ္စတို သေနတ်နှစ်လက်ကို ကိုင်ထားလျက် ကွက်လပ်တစ်နေရာဆီသို့ လျှောက်သွားလေသည်။

"ဟေ့... မြန်မြန်လည်းလုပ်ကွ"

ကားထဲမှ တစ်စုံတစ်ယောက်က စပိန်ဘာသာဖြင့် ထိုလူအား လှမ်းပြောလိုက်သည်ကိုလည်း ဆာပီကိုက ကြားလိုက်ရသည်။

ဆာပီကိုလည်း သူ၏ ခြောက်လုံးပြူးကို အသင့်ဆွဲထုတ်ကိုင်ထားပြီး နောက် ရပ်ထားသော ကားတစ်စီး၏ နောက်နားတွင် အသာကွယ်၍ ကြည့်နေလိုက်သည်။

ပစ္စတို သေနတ်နှစ်လက်နှင့် ကားပေါ်မှ ဆင်းလာသူသည် သေနတ်များကို ချောင်ကျကျ တစ်နေရာတွင် သွား၍ ပစ်ထားလိမ့်မည်ဟုလည်း တွက်မိသည်။

အချိန်မှာ ညသန်းခေါင်ယံ ဖြစ်နေပြီး လူသွားလူလာ မရှိသလောက် ဖြစ်နေပေပြီ။

ကားပေါ်မှဆင်းလာသူသည် ဆာပီကို ပုန်းနေသောနေရာနှင့် ၁၂ ပေ ခန့်ကွာသော နေရာသို့ရောက်နေပြီဖြစ်၍ လှမ်းပစ်လိုက်ပါက လွဲချော်စရာ လုံးဝမရှိပေ။ သို့သော် ကားထဲတွင် လူနှစ်ယောက်ရှိနေသည့်အပြင် သူတို့ ထံ၌ သေနတ်ဘယ်နှစ်လက်ရှိသေးကြောင်း မသိရသဖြင့် ရုတ်တရက် မပစ်သေးဘဲ စဉ်းစားချိန်ဆနေရလေသည်။

တစ်ဖန် သူ၏ ကိုယ်ပိုင်ခြောက်လုံးပြူ သေနတ်ကျည်ဆန် ငါးတောင့်သာပါပြီး နောက်ထပ် ကျည်ဆန်အပိုလည်း မရှိချေ။

ထို့ကြောင့် သေနတ်မသုံးဘဲ ဖမ်းဆီးရန် ဆုံးဖြတ်လိုက်ပြီးနောက် ထိုလူနားလည်စေရန် စပိန်ဘာသာဖြင့်–

"ဟေ့... ငါ ရဲတပ်ဖွဲ့ကဖြစ်တတ်၊ မင်းလက်က သေနတ်တွေကို လွှတ်ချလိုက်စမ်း"

ဟု ပြောလိုက်သည်။



ဟိုလူသည် ချာကနဲပြန်လှည့်ပြီး သူ့လက်မှ ပစ္စတိုသေနတ် နှစ်လက်ကို မြှောက်ချိန်ရာ ဆာပီကိုကလည်း ပြန်ပစ်ရန် အသင့်ပြင်ထားလိုက်သည်။

သို့သော် ထိုလူသည် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေ၍ ဆာပီကိုရှိသည့်နေရာကို သေချာစွာ မသိဟန်ဖြင့် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်နေပြန်သည်။

ထို့နောက် သူ့ကိုယ်သူ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် 'ရဲတွေလာပြီ'ဟု စပိန်ဘာသာဖြင့် ဟစ်အော်ရန် မော်တော်ကားဆီသို့ ပြန်ပြေးလေသည်။

ဆာပီကိုလည်း ထိုလူအား သတိပေးသည့်အနေဖြင့် သေနတ်တစ်ချက် အပေါ်ထောင်၍ ပစ်လိုက်သည်။

သေနတ်သံကြားသည်နှင့် မော်တော်ကားသည် သူတို့၏ အဖော်ကိုပင် စောင့်တော့ဘဲ ချက်ချင်း မောင်းထွက်ပြေးတော့သည်။

သေနတ်နှစ်လက်နှင့်လူသည် ဆက်လက်ပြီးပြေးရာ ဆာပီကိုကလည်း နောက်မှ ပြေးလိုက်သွားသည်။ ထိုသူ၏လက်မှ သေနတ်တစ်လက် မြေကြီးပေါ်သို့ ပြုတ်ကျသွားသည်ကိုလည်း မြင်လိုက်ရသည်။

ဆာပီကိုက ပိုပြီး အပြေးသန်သဖြင့် ထိုလူအား တဖြည်းဖြည်း မီလာသရာ လမ်းထောင့်တစ်ခုသို့အရောက်တွင် ထိုလူသည် ခြေချော်လဲကျသွားချိန်၌ ဆာပီကိုသည် အနီးသို့ ရောက်နေပြီဖြစ်သည်။

ဤတွင် ထိုလူက ကပျာကယာပြန်ထပြီး ပစ္စတိုသေနတ်ဖြင့် ချိန်၍ ပစ်ရန်ချင်းဆိုင်လေရာ ဆာပီကိုက လျှပ်တပြက် လျှင်မြန်စွာသောအဟုန်ဖြင့် ခုန်ချင်းပစ်ထိုးပြီး အတင်းဖမ်းချုပ် လှဲချပစ်လိုက်သည်။ တစ်ချိန်တည်းမှာပင် လက်တစ်ဖက်ကို ဂျူဒိုပန်သိုင်းပညာနည်းဖြင့် ဖမ်းထိန်းထားလိုက်သောအခါ ထိုလူသည် နာကျင်လွန်းသဖြင့် လုံးဝ မလှုပ်ရှားနိုင်တော့ဘဲ ငြိမ်ကျသွားသည်။

ဆာပီကိုတွင် တရားခံဖမ်းရန် လက်ထိတ်အဆင်သင့် မပါသဖြင့် ဂျူဒိုနည်းဖြင့်ပင် ဆက်ဖမ်းချုပ်ထားပြီး သူ၏ကိုယ်ကို ထပ်မံရှာဖွေရာ ကုတ်အင်္ကျီအိတ်အတွင်းမှ ကျည်ဆန်အပြည့် ထိုးထားသော ပစ္စတိုသေနတ် နောက်တစ်လက် ထပ်မံတွေ့ရပြန်လေသည်။

သေနတ်ကို သိမ်းယူပြီးမှ ထိုလူအား လွှတ်၍ ထခိုင်းရင်း သေနတ်ဖြင့် ချိန်ထားလိုက်ရသည်။

ထိုအခိုက် အမျိုးသမီးတစ်ဦး လမ်းလျှောက်လာခိုက်နှင့် ကြုံသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းသို့ တယ်လီဖုန်းဆက် အကြောင်းကြားပေးရန် အကူအညီ တောင်းလိုက်ရသည်။

မိနစ်အနည်းငယ်အတွင်းမှာပင် ရဲဝိုင်ယာလက်ကားနှစ်စီး ရောက်လာလေသည်။

ဆာပီကိုနှင့် တရားခံကိုပါ မူလ သေနတ်ပစ်မှု ဖြစ်ပွားရာနေရာသို့ ရဲကားဖြင့် ပြန်ခေါ်သွားရာ ထိုနေရာတွင်လည်း အခြားဝိုင်ယာလက်ကားများ ရောက်ရှိနေကြလေသည်။

ထိုနေရာ၌ ရဲကြပ်ကြီးတစ်ဦး ခေါင်းဆောင်လျက် တာဝန်ယူနေသည် ဖြင့်ရာ ဆာပီကိုက ကျန်တရားခံနှစ်ဦး ထွက်ပြေးသော မော်တော်ကားအမျိုး အစားနှင့် ကားနံပါတ်ကိုပါ ပေးလိုက်သည်။

ဘို့နောက် ဆာပီကိုက သူ၏အဖော် မိန်းကလေးအား ပြန်ပို့ချင်ကြောင်း ခွင့်ဆောင်းရာ ရဲကြပ်ကြီးက ခွင့်ပြုလိုက်သည်။

သို့သော်–

အမှတ် ၉၀ စခန်းကို ကွပ်ကဲသော ရဲတပ်ဖွဲ့ တိုင်းအမှတ် ၁၄ ဌာန ချုပ်သို့ နောက်ပိုင်း သတင်းပို့ရန် ညွှန်ကြားလိုက်သည်။

ထို့ပြင် တာဝန်ခံရဲကြပ်ကြီးက

"မင်း အခုဖမ်းမိတဲ့ တရားခံကို အထက်လူကြီးတွေက စိတ်ဝင်စားလိမ့် မယ် ထင်တယ်ကွဲ့"

ဟုလည်း ပြောလိုက်သေးသည်။

ဆာပီကိုသည် စောစောက မော်တော်ဆိုင်ကယ်နှင့် တင်လာသော မိန်းကလေးကို လိုက်ရှာရာ အခြား ယောကျ်ားတစ်ဦးနှင့် စကားလက်ဆုံကျ နေသည်ကို တွေ့ရလေသည်။

"ဘယ်လိုလဲကွ၊ ငါက ခဏလေးပစ်ထားခဲ့တာနဲ့ မင်းက နောက်တစ် ယောက်နဲ့ စကားလက်ဆုံကျနေတာပဲလား"

ဆာပီကိုက ရယ်စရာမောစရာလို ပြောလိုက်သည်။

"အံမယ်၊ ရှင်ကပဲ ပြောရသေးတယ်၊ ကျွန်မကို အိမ်ရောက်အောင် ပြန်မပို့ဘဲ လမ်းမှာ ပစ်ထားခဲ့ပြီးတော့ လူဆိုးလိုက်ဖမ်းနေတာက မလွန်ဘူး ဘူးလား၊ ပြီးတော့ ဒီနေ့ဟာ ရှင်တာဝန်ကျတဲ့နေ့လည်း မဟုတ်ဘူး၊ ရက်အား မဟုတ်လား"



မိန်းကလေးက ဤသို့ ပြန်လည်ချေပလိုက်သောအခါ ဆာပီကိုလည်း ...ပြန်မပြောတော့ဘဲ သူမအား အိမ်သို့ ပြန်ပို့လိုက်ရတော့သည်။

ထိုအချိန်၌ ဆာပီကိုသည် အတော်ပင် စိတ်မောလူမော ဖြစ်နေလေပြီ။

ရဲကြပ်ကြီး ညွှန်ကြားသည့်အတိုင်း ရဲတပ်ဖွဲ့ တိုင်းအမှတ် ၁၄ ဌာန ချုပ်သို့ သွားရောက်သတင်းပို့သောအခါ သူ ဖမ်းမိခဲ့သော တရားခံသည် ...ပါသော လူတစ်ယောက်ဖြစ်ကြောင်း သိရလေသည်။

ထိုတရားခံသည် ယခင်က လုယက်မှု လေးကြိမ်တိုင်တိုင် ကျူးလွန်ခဲ့ ...၊ နှစ်ကြိမ်တွင် သေနတ်ဖြင့် တိုက်ခိုက်မှုဖြစ်ခဲ့ဖူးသည်။ ထိုညက ...တ်ပစ်ခံရသူမှာ 'ဘား'အရက်ဆိုင်ပိုင်ရှင် ဖြစ်ကြောင်းလည်းသိရသဖြင့် ...ရားခံနှင့် အဖော်များက အရက်ဆိုင်သို့ဝင်ပြီး အဓမ္မ ခြိမ်းခြောက်ငွေညှစ် ...ဖြစ်ကြောင်း ထင်ရှားပေသည်။

တနည်းအားဖြင့် ဆာပီကိုသည် တာဝန်မကျဘဲ အားလပ်ခွင့်ရသည့် ...ကြောင့် လျင်မြန်ဖျတ်လတ်စွာ ကြိုးစားစွန့်စားမှုကြောင့် အရေးကြီးသော ...ရားခံတစ်ဦးကို ဖမ်းဆီးမိခဲ့ခြင်း ဖြစ်လေသည်။

သို့ရာတွင် တိုင်းအမှတ် ၁၄ ဌာနချုပ်၏ ရုံးခန်းသို့ခေါ်ပြီး တာဝန်ခံ ...(အင်စပက်တော်)က တွေ့ဆုံစစ်ဆေးသောအခါ ဆာပီကိုမှ နားမလည် ...အောင် အံ့အားသင့်မိပြန်လေသည်။

"တရားခံ ဖမ်းမိတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ မင်းကို စစ်မေးစရာ ...တယ်၊ မင်းဟာ တာဝန်မကျဘဲ အလုပ်အားတဲ့နေ့မှာ အမှုဖြစ်ပွားတဲ့ ...က်ကို ဘာသွားလုပ်တာလဲဆိုတာ သိချင်တယ်"

အင်စပက်တော်က ခပ်တည်တည် မေးလေရာ ဆာပီကိုကလည်း ...သည် အသိ မိန်းကလေးတစ်ဦးနှင့်အတူ ရုပ်ရှင်ကြည့်ပြီးနောက် မိန်းကလေး ...အိမ်သို့ ပြန်ပို့ရာတွင် မှုခင်းဖြစ်ပွားရာ ရပ်ကွက်ကို ဖြတ်သွားပါက အနီး ...ဖြစ်၍ မော်တော်ဆိုင်ကယ်ဖြင့် ဖြတ်မောင်းသွားစဉ် သေနတ်ပစ်မှု ...ချော်လင့်ဘဲ ကြုံခဲ့ရကြောင်း အစီရင်ခံလိုက်လေသည်။

ထိုအချိန်၌ သူ၏ စိတ်ထဲတွင်ကား ရဲအတတ်သင်ကျောင်းတုန်းက ...ငှ် ရဲကြီးတစ်ဦးက–

"ဟေ့... မင်းကို အကြံပေးချင်တယ်၊ တာဝန်မကျတဲ့အချိန်မှာ ...နဲ့မှ ဝင်ပြီး မပတ်သက်လေနဲ့၊ တော်တော်ကြာတော့ ...ကျူးခံရဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာဝန်မဟုတ်တဲ့ ရပ်ကွက်ထဲ ဘာသွားလုပ်နေတာလဲလို့ ထုချေလွှာ တောင်းခံရတတ်တယ်"

ဟု အကြံပေးခဲ့ရခြင်းကို ပြန်လည်စဉ်းစားမိနေသည်။

ဤသို့ စဉ်းစားရင်း ခေတ္တမျှ ငေးငိုင်နေမိရာ အင်စပက်တော်က–

"ဟော့… မင်း ဘာဖြစ်နေတာလဲ"

ဟု ခပ်ထန်ထန် မေးပြန်သည်။

"ဘာမှမဖြစ်ပါဘူးခင်ဗျ၊ ကျွန်တော်က အတိတ်က အကြောင်းတစ်ခု ကို စဉ်းစားနေမိလို့ပါ"

ဤသို့ ဖြေလိုက်ပြီးနောက် အင်စပက်တော်က ဆာပီကိုနှင့်အတူ ရုပ်ရှင်သွားကြည့်ခဲ့သော မိန်းကလေး၏အမည်နှင့် လိပ်စာကို မေးပြန်သည်။

ဆာပီကိုက ပြောလိုက်သောအခါ အင်စပက်တော်က မျက်နှာထား တင်းတင်းနှင့် ဆက်မေးခွန်းထုတ်ပြန်သည်။

"ဒါထက် မင်းမှာ အိမ်ထောင်ရှိသလား"

"မရှိပါဘူးခင်ဗျ"

"မင်းနဲ့ ရုပ်ရှင်လိုက်ကြည့်တဲ့ မိန်းကလေးကကော အိမ်ထောင်နဲ့လား"

"သူလည်း အိမ်ထောင်မရှိပါဘူး"

ဆာပီကိုက စိတ်မရှည်တော့ဟန်ဖြင့် ခပ်တည်တည် ပြောလိုက်သည်။

အင်စပက်တော်သည် ဆာပီကိုတွင် မည်သို့မျှ အပြစ်မရှိကြောင်း သေချာသွားပြီဖြစ်၍ ထိုင်ရာမှထပြီး လက်ဆွဲနှုတ်ဆက်လေသည်။

"ကိုင်း… မင်းကို ငါတို့ ချီးကျူးပါတယ်၊ အခု မင်းရဲ့ ကြိုးစားမှုနဲ့ ဖမ်းမိတဲ့ တရားခံဟာ အရေးကြီးတဲ့ တရားခံတစ်ဦးဖြစ်တယ်၊ ကွန်ဂရက်ကျ လေးရှင်း"

ဤသို့ပြောရုံမက တိုင်းအမှတ် ၁၄ မှ ရဲမှူး (အင်စပက်တော်)သည် ဆာပီကို၏ လျင်မြန်ဖျတ်လတ်မှုနှင့် စွန့်စားမှုဖြင့် အရေးကြီးသော တရားခံ ဖမ်းမိခြင်းအတွက် ဆုတံဆိပ် ချီးမြှင့်သင့်ကြောင်း ထောက်ခံ၍ အထက်အာဏာ ပိုင်များထံ တင်ပြလိုက်လေသည်။

ထိုအကြောင်းကို သိရသောအခါ ဆာပီကိုသည် ရဲတပ်ဖွဲ့တွင် ဝင်အမှု ထမ်းရတာ မဆိုးပါလားဟု ဝမ်းမြောက်ကျေနပ်မိပြန်လေသည်။



အထူးသဖြင့် သူ၏ ကြိုးပမ်းစွန့်စားမှုကို အသိအမှတ်ပြုခံရခြင်း အတွက် အထူး ပီတိဖြစ်မိလေသည်။

အရပ်ဝတ် ရဲအဖွဲ့သို့ ရောက်ခါစ ပွဲဦးထွက် နိမိတ်ကောင်းသော ဖြင့်ရပ်တစ်ခုဟုလည်း ယူဆမိလေသည်။

သို့ရာတွင် ဆာပီကို၏ ဝမ်းသာပီတိဖြစ်မှုသည် မကြာရှည်လှပါချေ။

❐

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

မြို့တော်အတွင်း ဒုစရိုက် နှိမ်နင်းရေးအတွက် အထူးတာဝန်ရှိသော အရပ်ဝတ် အရပ်စား ရဲတပ်ဖွဲ့တွင် အဖွဲ့ဝင်အင်အား ၄၅၀ ရှိချေသည်။

ယင်းအဖွဲ့ကို အဆင့်သုံးဆင့်ခွဲ၍ ထပ်မံဖွဲ့စည်းထားသည်။

ထိပ်ဆုံးတွင် ဒုတိယရဲမှူးကြီးတစ်ဦးက အဖွဲ့ဝင် ၂၀ ကို တိုက်ရိုက် ကွပ်ကဲထားသည်။ နောက်အဆင့်တွင် လူ ၁၆ ယောက်ပါ အုပ်စုများခွဲထား သည်။ အောက်ဆုံးတွင်ကား ရဲကြပ်ကြီးများ ဦးစီးကွပ်ကဲသော အရပ်ဝတ် အရပ်စား ရဲတပ်ဖွဲ့ဝင်များ ရှိကြသည်။

အမှတ် (၉) စခန်းနယ်မြေတွင်ကား အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် ရဲကြပ်ကြီးတစ်ဦးတို့အား တာဝန်ချထားလေသည်။

ရပ်ကွက်အခြေအနေမှာ လူဆင်းရဲများပြီး လူလတ်တန်းစား အသင့်အတင့် ရှိကြလေသည်။ ထို့ပြင် 'ဂျူး'လူမျိုးများအုပ်စု တစ်ခုသည်လည်း ထိုရပ်ကွက် တွင် နေထိုင်လျက်ရှိကြသည်။

လူမျိုးခြားအနွယ်ထဲကဆိုလျှင်ကား အီတလီလူမျိုးနှင့် 'ပိုတိုရီကို' ကျွန်းသားများ ရှိကြသည်။

ဆာပီကိုသည် တာဝန်ဝတ္တရား ဆောင်ရွက်ရန် သွားရောက်သတင်းပို့ သောအခါ ကြီးကြပ်ကွက်ကဲသူ ရဲကြပ်ကြီးက အဖွဲ့ဝင်များအနေဖြင့် ဖမ်းမိ အောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောပြလေသည်။ 'ခွဲတမ်း'သဖွယ်



င်လျှင် တရားခံဘယ်နှစ်ယောက် ဖမ်းမိရမည်ဟု သတ်မှတ်ပေးသည့် သောမျိုးပင်ဖြစ်သည်။

သင်တန်းတက်စဉ်က ယင်းကိစ္စကို မသိခဲ့ရသဖြင့် ဆာပီကိုလည်း ံ့သြနေမိရာ ရဲကြပ်ကြီးက လောလောဆယ် မည်သို့မှ စိတ်အနှောင့်အယှက် မဖြစ်ရန်နှင့် ရပ်ကွက်အတွင်း ကျွမ်းကျင်အောင်သာ လေ့လာရန်နှင့် တစ်လ ပြည့်တန်ဆာ နှစ်မှုခန့် ဖမ်းမိလျှင် လုံလောက်ကြောင်း ပြောပြလေသည်။

ယေဘုယျအားဖြင့် အရပ်ဝတ် ရဲအဖွဲ့ဝင်များသည် နံနက် ကိုးနာရီမှ နေ ငါးနာရီအထိ တာဝန်ထမ်းဆောင်ကြရလေသည်။ ထိုအချိန်မှာ တရား င် လောင်းကစားဒိုင်များ၊ ယစ်မျိုးဥပဒေ ချိုးဖောက်သူများ အများဆုံး ပ်ရှားလေ့ရှိသော အချိန်ပင်ဖြစ်သည်။

အရပ်ဝတ်ရဲများသည် ရိုးရိုး ယူနီဖောင်းဝတ် ရဲများနှင့်စာသော် တ်လပ်မှုရှိပေသည်။ နေ့စဉ် တန်းစီသတင်းပို့ခြင်း၊ အချိန်အတိအကျရောက် ခြင်း စသည်တို့လည်း မရှိချေ။ အလုပ်တာဝန် ထမ်းဆောင်နေသော အချိန် အတွင်း ဆေးလိပ်သောက်ခြင်း၊ 'ဘား'အရက်ဆိုင်ဝင်သောက်ခြင်းများလည်း ပြုလုပ်ခွင့်ရှိသည်။

အမိဖွာယ်ကတော့ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း မသိသာစေရန် သာမန် ူထုကြားထဲ ဝင်ရောက်ရောနှောရင်း သတင်းထောက်လှမ်းစေချင်သည့် သဘော င်ဘည်း။

သို့ရာတွင် မိမိ၏အဖော် ရဲတပ်ဖွဲ့ဝင်များ အရပ်ဝတ် အရပ်စား ဝတ် ားပုံက သာမန်အရပ်သားများနှင့်မတူဘဲ 'ရဲ'များဖြစ်ကြောင်း သိသာလွန်း ည်ဟု ထင်မိသဖြင့် ဆာပီကိုသည် တစ်မျိုးထွင်၍ တကယ့်အရပ်သားများလို ်ားဆင်ယင်လေသည်။

ဤနေရာတွင် သူ၏ ဆံပင်ရှည်၊ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးတို့က ာ အထောက်အကူပြုစေလေသည်။ စစ်တပ်သုံး ကာကီအကျီဟောင်း င်သည်ဝတ်၍ ဖိနပ်ကိုလည်း ခြေညှပ်ဖိနပ်တစ်ရံ စီးလိုက်ခြင်းအားဖြင့် က်ထဲမှ လူလေလူလွင့်တစ်ယောက် အသွင်မျိုးဖြစ်အောင် ဖန်တီးခဲ့လေ ည်။

သူ၏ အင်္ကျီရပ်နှင့် ဝတ်စားပုံတို့က ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် လုံးဝမတူ ာသဖြင့် ဆာပီကိုသည် လွတ်လပ်စွာ လှုပ်ရှားသွားလာရင်း စုံစမ်းထောက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းနိုင်ခဲ့ပေသည်။

စားသောက်ဆိုင်၊ အရက်ဆိုင်များသို့ သူဝင်သွားလျှင် မည်သူမှ ဂရုစိုက်မကြည့်ကြခြင်းပင်လျှင် သူ၏ ရည်ရွယ်ချက် အောင်မြင်ပြီဟု ကျေနပ်မိလေသည်။

များသောအားဖြင့် အရပ်ဝတ် ရဲအဖွဲ့ဝင်များသည် နှစ်ယောက်တစ်တွဲ လှုပ်ရှားသွားလာလေ့ ရှိသော်လည်း ဆာပီကိုက တစ်ယောက်တည်း သွားလာလှုပ်ရှားခြင်းကို ပို၍ သဘောကျမိလေသည်။

နောက်တစ်ချက်ကလည်း အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်အချင်းချင်း ဆုံမိလျှင် တိုးတိုးစကား ပြောလေ့ရှိခြင်းကိုလည်း ဆာပီကိုက သဘောမကျမိချေ။ ယင်းသို့ တိုးတိုးပြောခြင်းသည် အေးလူများအမြင်တွင် မယုံသင်္ကာဖြစ်စရာ အပြုအမူဟူ၍ ယူမိလေသည်။

ဆာပီကိုသည် တာဝန်ထမ်းဆောင်ရန် သတင်းပို့ပြီးခါစအချိန်တွင် ရဲစခန်းသို့ ရောက်ရှိသော 'ပစ်စာ' (တိုင်စာ) များအကြောင်းကိုလည်း သိခဲ့ရလေသည်။ စာများမှာ ဒုစရိုက်မှု သတင်းပေးခြင်းများ ရှိသလို ရဲတပ်ဖွဲ့ဝင်များ ငွေညှစ်လာဘ်စားခြင်းအကြောင်း တိုင်ကြားသည့် စာမျိုးလည်း ပါဝင်ပေသည်။

'ပစ်စာ'များတွင်ကား ပေးပို့သူ၏ လိပ်စာ၊ သို့မဟုတ် လက်မှတ်ရေးထိုးခြင်း လုံးဝမရှိချေ။

ထိုစာများနှင့် ပတ်သက်၍ ရဲစခန်းရှိ တာဝန်ရှိသူများက အလေးအနက်ထားခြင်း၊ ဂရုတစိုက် အရေးယူဆောင်ရွက်ခြင်းများ ပြောပလောက်အောင်မရှိကြောင်းကိုလည်း ဆာပီကိုက သိရှိရလေသည်။

သို့သော် ရိုးသားမှန်ကန်စွာ လက်မှတ်ရေးထိုး၍ ပို့လိုက်သော တိုင်ကြားစာများကိုမူ အရေးယူလေ့ ရှိပေသည်။

ယင်းစာမျိုးတစ်စောင်ကြောင့် ဆာပီကို ကိုယ်တိုင် အမှုတစ်ခု ဖမ်းမိခဲ့ဖူးသည်။

တစ်နေ့ အမျိုးသမီးတစ်ဦးက မိမိ၏ နာမည်လိပ်စာ အပြည့်အစုံ ဖော်ပြလျက် ရဲမင်းကြီးထံ သတင်းပေး တိုင်စာတစ်စောင် ပို့ခဲ့လေသည်။ တိုင်စာတွင်ကား သူမ၏ အိမ်အပေါ်ထပ် အခန်းတစ်ခန်းတွင် ညအချိန်မတော် မှောင်ခိုအရက်ရောင်းဝယ်ခြင်း လုပ်နေကြောင်း ဖော်ပြပါရှိလေသည်။



အမျိုးသမီး၏ တိုင်စာအတိုင်း ဟုတ်၊မဟုတ် ရှေးဦးစွာ စုံစမ်းရန်လိုသည်ဖြင့် တိုင်စာပါအိမ်ခန်းကို အရပ်ဝတ်ရဲများက ရက်အတန်ကြာအောင် အကဲခတ်စောင့်ကြည့်ပြီး သေချာသလောက်ရှိတော့မှ တကယ်တမ်း အရေးယူရန် ဆုံးဖြတ်လိုက်ကြသည်။

ယင်းကိစ္စအတွက် ဆာပီကိုကိုယ်တိုင် တာဝန်ယူခဲ့လေသည်။

တစ်ညတွင် ဆာပီကိုသည် တိုင်စာတွင်ပါသည့် အမျိုးသမီး၏အိမ်သို့ တစ်ယောက်တည်းသွား၍ တံခါးခေါက်ကြည့်လေသည်။

စင်စစ်အားဖြင့် သူသွားသည့်အချိန်က အနည်းငယ် စောနေပေသည်။ သို့သော် ဆာပီကိုသည် ညဘက် သင်တန်းတစ်ခု တက်စရာရှိ၍ စောစောသွားခြင်းဖြစ်သည်။

တံခါးခေါက်လိုက်သောအခါ အသက် ၁၄ နှစ်ရွယ် ကလေးမလေးတစ်ဦးက လာဖွင့်ပေးရာ ဆာပီကိုက ကလေးမ၏မိခင်နှင့် တွေ့လိုကြောင်း ပြောလိုက်သည်။

ဤတွင် ကလေးမက မီးဖိုခန်းထဲ ခေါ်သွားရာ ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ဦးသည် စားပွဲတစ်လုံးတွင်ထိုင်၍ စာရွက်များ၌ ရေးမှတ်နေသည်ကို တွေ့ရလေသည်။

ဆာပီကိုသည် မိန်းမကြီး ဘာတွေလုပ်နေကြောင်း ရိပ်မိလိုက်သည်။ တရားမဝင် လောင်းကစားဒိုင်ဖွင့်၍ လောင်းကစားသူ အမည်များနှင့် လောင်းကြေးများ ရေးမှတ်နေခြင်းပင်ဖြစ်သည်။

အမျိုးသမီးကြီးသည် ဆာပီကိုအားမြင်လျှင် ဒေါသထွက်ဟန်ဖြင့်–

"ရှင်က ဒီမှာ ဘာလာနှောင့်ယှက်တာလဲ၊ အပေါ်ထပ်ကအခန်းကို သွားပါလား"

ဟု ပြောလေသည်။

ဆာပီကိုက လေသံခပ်အေးအေးဖြင့်–

"ဟုတ်ကဲ့၊ အပေါ်ထပ်က အခန်းကိုလည်း အရေးယူမှာပါပဲ၊ ဒါပေမဲ့ ဘလောဆယ် ခင်ဗျားကို တရားမဝင် လောင်းကစားဒိုင်ဖွင့်မှုနဲ့ ကျွန်တော် ဖမ်းရပါမယ်"

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုအနေဖြင့် တကယ် မှောင်ခိုလောင်းကစားဒိုင်ဖွင့်သူတစ်ဦးကို ယင်းသို့ ဖမ်းမိခဲ့ပါသော်လည်း နောက်ပိုင်းကျတော့ သူ၏ ဖမ်းဆီးမှုက အရာမရောက် ဖြစ်ခဲ့ရပြန်လေသည်။

တရားခံအမျိုးသမီးကြီးမှာ ရပ်ကွက်တွင်း အပေါင်းအသင်းဆံ့ပြီး ရပ်ရေးရွာရေး၌ ပါဝင်ကူညီ ဆောင်ရွက်လေ့ရှိသဖြင့် သူမဘက်မှ ထောက်ခံသူ သက်သေအတော်များများ ရှိလေရာ တရားရုံးသို့ ရောက်သောအခါ သူမကပင် အရေးသာနေလေသည်။

နောက်ဆုံး၌ တရားသူကြီးက ဆာပီကိုသည် အမျိုးသမီးကြီး၏ အိမ်ခန်းသို့ လိမ်လှည့်လှည့်ဖြား၍ ဝင်ရောက်ခဲ့သည်ဟု ဆုံးဖြတ်ကာ အမှုကိုလည်း မခိုင်လုံဟုဆိုပြီး တရားသေ လွှတ်ပစ်လိုက်လေသည်။

ယင်းသို့ ဖြစ်သွားသော်လည်း ဆာပီကိုသည် စိတ်ပျက်အားလျော့ခြင်း မဖြစ်ခဲ့ဘဲ အလားတူ တိုင်စာများနှင့် အထူးသဖြင့် ရဲများ အဂတိလိုက်စားခြင်း၊ လာဘ်ငွေတောင်းယူခြင်းတို့နှင့် ပတ်သက်သော တိုင်စာများဆိုလျှင် အထူးစိတ်ပါဝင်စားစွာ ဆက်လက်စုံစမ်းလေ့ရှိသည်။

ယင်းအပြုအမူကို အခြားအရပ်ဝတ်ရဲများက သဘောမကျကြချေ။

တစ်ကြိမ်တွင် တာဝန်ခံရဲကြပ်ကြီးက--

"ဟေ့ ဆာပီကို၊ မင်းက ဒီလို အရေးမကြီးတဲ့ ကိစ္စတွေနဲ့ ဘာဖြစ်လို့ အချိန်ကုန်ခံ ပင်ပန်းခံနေရတာလဲ"

ဟု ပြောဖူးသည်။

သို့သော် ဆာပီကိုက--

"ဒါမျိုးတွေလည်း အရေးကြီးလို့ စုံစမ်းရတာပေါ့ခင်ဗျ"

ဟု ပြန်ပြောခဲ့လေသည်။

နောက်ပိုင်းတွင် ဘဝတူ အရပ်ဝတ်ရဲများသည် ဆာပီကိုအား သဘောမကျသလို ခပ်တန်းတန်း နေလာကြကြောင်း သိသာလာသည်။

သို့ရာတွင် ဆာပီကိုက ဂရုမစိုက်ဘဲ ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု ပပျောက်အောင် ဆက်လက်ကြိုးစား တိုက်ဖျက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်နေလေပြီ။

နောက် ရက်သတ္တပတ်ခန့်ကြာသောအခါ ဆာပီကိုသည် ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာစားနေခိုက် သူနှင့်အတူ ညသင်တန်းတက်ဖူးသူ ရဲကြပ်ကြီး



ဘစ်ဦးနှင့် ဆုံမိလေသည်။

နှစ်ယောက်သား အလ္လာပ သလ္လာပ စကားပြောကြရင်း ရဲကြပ်ကြီးက--

"ဒါထက် ဆာပီကို၊ မောင်ရင်က တခြား ရဲတပ်ဖွဲ့ဝင်တွေနဲ့ သိပ်မရောဘဲ တစ်ယောက်တည်း ဘာသိဘာသာနေတာများတယ်၊ ဘာဖြစ်လို့လဲကွယ့်"

ဟု မေးလေသည်။

ဆာပီကိုက ရုတ်တရက် ဘာမှပြန်မပြောဘဲ နေသောအခါ ရဲကြပ်ကြီး (အရပ်ဝတ်အဖွဲ့ဝင်) ကပင် ဆက်ပြောပြန်သည်။

"ကျုပ်ကတော့ မောင်ရင်နဲ့ အရင်တည်းက သိကျွမ်းခဲ့တဲ့အကြောင်း၊ မောင်ရင်ဟာ သူများတွေနဲ့ မရောတာဟာ အေးအေးနေချင်လို့သာ ဖြစ်တဲ့အကြောင်း ကျန်တဲ့အဖွဲ့ဝင်တွေကို ပြောပြထားပါတယ်၊ မောင်ရင့်အနေနဲ့ ဘာပြဿနာမှလည်း လုပ်မှာမဟုတ်ဘူးလို့တောင် ပြောလိုက်သေးတယ်"

ဤတွင် ဆာပီကိုသည် မည်သို့မျှ ပြန်မပြောဘဲ သူ၏ ရှေ့ရှိ လက်ဖက်ရည်ခွက်ကို ယူသောက်နေလိုက်ရာ ရဲကြပ်ကြီးမှာ အားမလိုအားမရ ဖြစ်သွားသည်။

"ဒီမယ် ဆာပီကို၊ မင်းအနေနဲ့ အရပ်ဝတ်အရပ်စား ရဲအဖွဲ့နဲ့ပတ်သက်လို့ ဘဝင်မကျတာ၊ သိချင်တာရှိရင် ကျုပ်ကို ဖွင့်မေးပါလား၊ ကျုပ်က ဖြေနိုင်သလောက် ဖြေမှာပေါ့"

ရဲကြပ်ကြီးက ထပ်ပြောတော့မှ ဆာပီကိုက--

"ကိစ္စမရှိပါဘူး၊ ကျွန်တော့်အနေနဲ့ မေးစရာ ဘာတစ်ခွန်းမှလည်း မရှိပါဘူး၊ ကျွန်တော်က တစ်ယောက်တည်း အေးအေးနေချင်တာပါပဲ"

ဟု ပြန်ပြောလိုက်သည်။

"ဟုတ်မှာပါပဲ၊ ကျုပ်လည်း ဒီအတိုင်းပဲ တခြားလူတွေကို ပြောထားတယ်၊ ဘာပဲဖြစ်ဖြစ်လေ မေးစရာရှိရင်တော့ ကျုပ်ကိုသာ အချိန်မရွေး မေးပါ ဟုတ်လား"

ယင်းသို့ ရဲကြပ်ကြီးနှင့် အချေအတင် စကားပြောခဲ့သည်မှာ ၁၉၆၆ ခုနှစ် ဇူလိုင်လအတွင်းက ဖြစ်လေသည်။

ဇူလိုင်လသည် နွေရာသီဖြစ်၍ ပူပြင်းသလောက် မှုခင်းများလည်း ဖြစ်ပွားတတ်သော အချိန်ကာလဖြစ်သည်။

သို့သော် ဇူလိုင်လ ကုန်သောအခါ အရပ်ဝတ် ရဲအဖွဲ့ဝင်များအား

www.burmeseclassic.com

www.burmeseclassic.com



ယာယီ အမိကရုဏ်းနှင့် နှိမ်နင်းရေးအတွက် ယူနီဖောင်းဝတ် ရဲအဖွဲ့သို့ ပြန်လည် ပြောင်းရွှေ့ခေါ်ယူလိုက်လေသည်။

ဆာပီကို အပါအဝင် အရပ်ဝတ်ရဲအဖွဲ့ဝင် အတော်များများသည် ဆူပူမှုများ ဖြစ်ပွားနေသော တိုင်းအမှတ် ၁၃ သို့ သွားရောက်သတင်းပို့ရန် ညွှန်ကြားခြင်း ခံရလေသည်။

သတင်းပို့ချိန်တွင် တာဝန်ခံအရာရှိက–

"အိုကေ၊ မင်းတို့အားလုံးဟာ အတွေ့အကြုံရှိပြီးသားပဲ၊ အထူးပြောနေဖို့ မလိုဘူး၊ အခုလို ဆူပူမှုတွေ ဖြစ်နေချိန်မှာ စည်းကမ်းလိုက်နာဖို့ပဲ အရေးကြီးတယ်၊ ကိုယ်နဲ့မဆိုင်ဘဲနဲ့ ဘာကိစ္စမှ ဝင်မပါလေနဲ့၊ ပြီးတော့ ငါတို့ခေါ်ချင်တဲ့အချိန်မှာ အဆင်သင့်ရှိနေရမယ်၊ ပြင်ဘက်ထွက်ရင်လည်း ဘယ်သွားမယ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် ပြောပြီးမှ သွားရမယ်"

ဟု ညွှန်ကြားလေသည်။

ရက် အနည်းငယ်အကြာတွင် ဆာပီကိုသည် အဖော် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့်အတူ ဆိုင်တစ်ဆိုင်၌ အဖျော်ယမကာ သောက်နေကြစဉ် ဆိုင်ရှေ့မှ ရဲတပ်ဖွဲ့မှူးကြီး (ကပ္ပတိန်)တစ်ဦး ဖြတ်လျှောက်သွားသည်ကို မြင်မိလေသည်။

ဤတွင် ဆာပီကိုက သူ၏ အဖော်ဖြစ်သူအား–

"ဟော့ ဟိုမယ် ကပ္ပတိန်ကြီးက ကျုပ်တို့ကို လိုက်ရှာနေတာများလားမသိဘူး၊ လာပါကွာ သွားတွေ့လိုက်ကြရင်ကောင်းမယ်"

ဟုပြောပြီး ခေါ်သဖြင့် နှစ်ယောက်စလုံး ရဲကပ္ပတိန်ကြီးထံ သွားရောက်သတင်းပို့လေသည်။

သို့သော် ကပ္ပတိန်ကြီးက ဘာမှမပြောဘဲ သူတို့၏ မှတ်တမ်းစာအုပ်တွင် တာဝန်ဝတ္တရားကောင်းစွာ ဆောင်ရွက်နေကြောင်း ထောက်ခံချက်ပေးလိုက်လေသည်။

နောက်တစ်နေ့ ဩဂုတ်လ ၁၀ ရက်နေ့တွင်လည်း ဆာပီကိုသည် အဆိုပါ ကပ္ပတိန်နှင့်ပင် ဆုံမိပြန်ရာ ယမန်နေ့ကအတိုင်းပင် မှတ်တမ်းစာအုပ်၌ ထောက်ခံချက် ရေးပေးလိုက်ပြန်သည်။

ထိုအချိန်မှာ သတ်မှတ်ထားသော စားသောက်ချိန်မတိုင်မီ ငါးမိနစ်မျှလိုသေးသည်။ စည်းကမ်းဥပဒေအရ ရဲတပ်ဖွဲ့ဝင်များသည် ဆိုင်ရာက သတ်မှတ်



ထားသော အချိန်မဟုတ်ဘဲ စားသောက်ဆိုင်များသို့ ဝင်ရောက်စားသောက်ခွင့်မရှိချေ။

နှစ်ရက်တိုင်တိုင် တပ်ဖွဲ့မှူးကြီး (ကပ္ပတိန်)နှင့် ဆုံမိခြင်းသည် သာမန်တိုက်ဆိုင်မှုမဟုတ်ဘဲ မိမိအား စည်းကမ်းဥပဒေ ချိုးဖောက်ခြင်း ရှိမရှိ ရှောင်တခင် စစ်ဆေးနေခြင်းပေလောဟု ဆာပီကို၏စိတ်ထဲ သံသယဖြစ်လာ မိလေသည်။

တစ်ဖန် ငါ့စိတ်ထင်လို့ နေမှာပါလေဟု သူ့ကိုယ်သူ ပြန်နှစ်သိမ့်အားပေးလိုက်လေသည်။

သို့သော် တိုင်းအမှတ် (၁၃) ဌာနချုပ်မှ စာရေးတစ်ဦး ပြောပြချက်ကို ကြားရသောအခါ ဆာပီကိုမှာ အကြီးအကျယ် အံ့အားသင့်မိလေသည်။

စာရေးကြီးက ရဲတပ်ဖွဲ့မှူးကြီး (ကပ္ပတိန်) ကဆာပီကိုသည် ဩဂုတ်လ ၉ ရက်နေ့က သတ်မှတ်ချိန်မဟုတ်ဘဲ စားသောက်ဆိုင်ထဲ ဝင်စားသောက်နေသည်ဟု အရေးယူ တိုင်ချက်ဖွင့်ထားကြောင်း ပြောပြလေသည်။

ပို၍ အံ့သြဖွယ်ကောင်းသည်ကား ကပ္ပတိန်၏ တိုင်ချက်တွင် အဖော်ပါသူရဲတပ်ဖွဲ့ဝင်၏အမည် လုံးဝမပါဘဲ ဆာပီကို တစ်ဦးတည်းကိုသာ အရေးယူသင့်ကြောင်း ဖော်ပြပါရှိခြင်းပင်တည်း။

"ဒါက တမင်သက်သက် ကျုပ်ကို အပြစ်ရှာတာပဲ"

ဆာပီကိုက စိတ်တိုတိုနှင့် ပြောလိုက်ရာ ရဲစာရေးကြီးက ကက်ပတိန်၏တိုင်ချက်တွင် ဆာပီကိုအား တာဝန်ကျရာ ရပ်ကွက်၌ တစ်နာရီကျော် ရှာမတွေ့၍ နောက်မှသာ ရှာတွေ့ကြောင်း ထည့်သွင်းရေးသားထားသည်ဟုလည်း ပြောပြလေသည်။

ဆာပီကိုသည် အံ့အားသင့်သလောက် ဒေါသလည်း ထွက်မိလေသည်။

အထူးသဖြင့် ရဲတပ်ဖွဲ့မှူးကြီး (ကပ္ပတိန်)က တိုင်ကြား၍ အထက်အာဏာပိုင်တို့က အရေးယူမည်ဆိုလျှင် အရပ်ဝတ်ရဲတပ်ဖွဲ့မှ ပြောင်းရွှေ့ရသည်အထိ အပြစ်ပေးခံရနိုင်ပေသည်။

ယင်းသို့ဖြစ်ပါမူ သူ အလွန်ဖြစ်ချင်သော ရဲစုံထောက်တစ်ဦး ဖြစ်လာရန်သည်း မျှော်လင့်ချက်ရှိမည် မဟုတ်တော့ချေ။

ဆာပီကိုသည် စိတ်ထဲ မခံမရပ်နိုင်အောင် ဖြစ်လာမိသဖြင့် အနှင့်ရင်းနှီးသော တိုင်းတပ်ဖွဲ့မှ ရဲမှူး (အင်စပက်တော်)တစ်ဦးထံ တွေ့ဆုံ၍ အကြောင်းကြားကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်ကလည်း ကပ္ပတိန်က တိုင်ကြားချက် ရေးသားတင်သွင်းသည်မှာ မှန်ကြောင်းအတည်ပြုပြောဆိုသည့်ပြင် ဆာပီကိုအတွက် ပန်းရောင် အမိန့်စာရွက် တစ်ရွက်ပင် ရောက်နေကြောင်းပါ ပြောပြလေသည်။

"အဲဒီအမိန့်စာက ဘာအတွက်လဲ"

ဆာပီကိုက အဓိပ္ပာယ် နားမလည်သဖြင့် ပြန်မေးလိုက်သည်။

"အဲဒါ မင်းကို အရပ်ဝတ်ရဲတပ်ဖွဲ့က ပြောင်းရွှေ့တဲ့ အမိန့်စာပဲ၊ မင်းအနေနဲ့ ဘာပြောစရာရှိသေးသလဲ"

"ပြောစရာတော့ အများကြီးရှိတာပေါ့ဗျ"

ဆာပီကိုက စိတ်တိုတိုနှင့် ပြန်ပြောမိလေသည်။

"ဒါဖြင့် ပြောစမ်းပါဦး"

"အခု ကျွန်တော် မပြောချင်သေးဘူး၊ တရားဝင်စစ်ဆေးတဲ့အခါကျမှ ဖွင့်ပြောမယ်၊ အခုဟာက ကျွန်တော့်အပေါ် မတရားသက်သက် 'နှိမ်'နေတာပဲ၊ ဘာကြောင့် 'နှိမ်'ချင်တယ်ဆိုတာလည်း ကျွန်တော် သိပါတယ်"

"မင်းက ဘာကိုဆိုလိုတာလဲ"

"ကျွန်တော် အခုတော့ မပြောပါရစေနဲ့ ခင်ဗျာ၊ တရားဝင် စစ်ဆေးတဲ့ အခါကျမှ အားလုံးကို ဖွင့်ပြောပါ့မယ်"

ဆာပီကို၏ စကားကြောင့် တစ်ဖက်မှ အင်စပက်တော်သည်အနည်းငယ် စိုးရိမ်သွားပုံရသည်။

"ဟော့... ဆာပီကို၊ မင်းအနေနဲ့ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွ၊ အခုကိစ္စအတွက်လည်း သိပ်ပြီး စိုးရိမ်မနေပါနဲ့၊ ငါတို့ကြည့်ပြီး ဆွေးနွေးပါဦးမယ်"

ဤသို့ နှစ်သိမ့်စကားပြောပြီး စကားပြတ်သွားလေသည်။

* * *

နောက်တစ်နေ့မှာ ဆာပီကို တာဝန်မကျသော ရက်အားဖြစ်လေသည်။

သူသည် သေနတ်ပစ် အလွန်လက်ဖြောင့်သူ ဖြစ်သော်လည်း အချိန်အားလပ်တိုင်း ရဲတပ်ဖွဲ့ သေနတ်ပစ်ကွင်းသို့သွား၍ သေနတ်ပစ် လေ့ကျင့်လေ့ရှိသည်။



သေနတ်ပစ်ကွင်းမှ အရာရှိတစ်ဦးနှင့်လည်း ခင်မင်ရင်းနှီးနေ၍ သူလိုအပ်သော ကျည်ဆန်များကို အထူးနှုန်းဖြင့် ရရှိလေသည်။

ထိုနေ့က ဆာပီကို စိတ်ပြေလက်ပျောက် သေနတ်ပစ်လေ့ကျင့်ရန် သွားရင်း ခင်မင်သော အရာရှိအား အင်စပက်တော်နှင့် အပြန်အလှန် ပြောဆိုခဲ့ပုံအကြောင်းကို ဖွင့်ပြောလိုက်လေသည်။

ထိုအရာရှိက ဆာပီကို၏ ပြောပြချက်ကို နားထောင်ပြီးနောက်

"တစ်ခုတော့ရှိတယ်ကွ၊ ရဲတပ်ဖွဲ့ အရာရှိတွေက မင်းကို အချိုးတစ်မျိုးပြုပြင်စေချင်တယ်နဲ့တူတယ်၊ မင်းက တခြားလူတွေနဲ့မှ မတူဘဲကိုး၊ မဟုတ်ဘူးလား"

ဟု မှတ်ချက်ချလေသည်။

"အင်း... ဒီလိုလည်း ဟုတ်နိုင်တာလဲ"

ဆာပီကိုက ဝန်ခံလိုက်ရလေသည်။

နောက်တစ်နေ့ တိုင်းအမှတ် ၁၃ ဌာနချုပ်သို့ သွားရောက်သတင်းပို့သောအခါ အင်စပက်တော်က အခြေအနေကောင်းသွားပြီဖြစ်ကြောင်း၊ မူလအိုင်ချက်ကိုလည်း ကြည့်လုပ်လိုက်၍ အဆင်ပြေသွားပြီဖြစ်၍ ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ပြောပြလေသည်။

တဆက်တည်းမှာပင် အင်စပက်တော်က သူ့အား ကျေးဇူးတုံ့ပြန်လိုက နေ့စွဲမှတ်ပွဲတော်ကျလျှင် ကျေးဇူးဆပ်နိုင်ကြောင်းကိုပါ ထည့်ပြောလိုက်လေသည်။ နောက် ရက်အနည်းငယ်ကြာသောအခါ ဆာပီကိုသည် လုံးဝမမျှော်လင့်သော ဖြစ်ရပ်တစ်ခုနှင့် ကြုံရသဖြင့် အထူးပင် အံ့အားသင့်မိလေသည်။

ထိုနေ့က တာဝန်ဝတ္တရားပြီးဆုံး၍ အဝတ်အစားလဲခန်းသို့ အသွားတွင် ဘုလီ (နီဂရိုး) လူမည်းရဲသားတစ်ဦး ဆာပီကို၏ အနီးသို့ ချဉ်းကပ်လာလေသည်။

"ဆာပီကိုဆိုတာ ခင်ဗျားလား"

"ဟုတ်တယ်၊ ကျုပ် ဆာပီကိုပဲ ဘာဖြစ်လို့လဲ"

"ဟောဒါ ခင်ဗျားအတွက်ပဲဗျ၊ ဂျူးဝစ်မက်စ်ဆိုတဲ့လူက ခင်ဗျားကို ပေးခိုင်းပါတယ်"

ပြောပြောဆိုဆို စာအိတ်တစ်အိတ် လှမ်းပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူးဝစ်မက်စ်ဆိုသူကား သူတို့ တာဝန်ကျရာ ရပ်ကွက်မှ နာမည်ကြီး *ကြေးစားလောင်းကစားသမားတစ်ဦး ဖြစ်ကြောင်း ဆာပီကိုက သတိထားမိ*ဖြစ်လေသည်။

"ဒါက ဘာလုပ်ဖို့လဲကွ"

ဆာပီကိုက စာအိတ်ကိုကိုင်ရင်း မေးရာ ကပ္ပလီရဲသားက–

"ဒါတော့ ခင်ဗျားလုပ်ချင်တာ လုပ်ပေါ့ဗျာ"

ဟုပြောပြီး ပြန်ထွက်သွားလေသည်။

ဆာပီကိုလည်း သူ၏ မော်တော်ကားရှိရာသို့ လျှောက်သွားပြီး တက်ထိုင်၍ စာအိတ်ကို ဖွင့်ကြည့်ရာ ငွေစက္ကူဒေါ်လာ ၂၀ တန် နှင့် ဆယ်တန်ရောပေါင်း ဒေါ်လာ ၃၀၀ တိတိ ပါရှိကြောင်း တွေ့ရသဖြင့် အထူးပင် အံ့အားသင့်နေမိတော့သည်။

သူ့အား နာမည်ကြီး လောင်းကစားသမား ဂျူးဝစ်မက်စ်ဆိုသူကနီဂရိုးရဲသားမှတဆင့် ဒေါ်လာငွေ ၃၀၀ လာဘ်ပေးခြင်းဖြစ်ကြောင်း ထင်ရှားနေပေပြီ။

ဆာပီကိုသည် ဇောချွေးများပင်ပြန်ကာ စိတ်မလုံသလိုဖြစ်လာပြီး ဘေးပတ်ဝန်းကျင်သို့ပင် လှည့်ပတ်ကြည့်မိလေသည်။

ထိုအချိန်၌ အခြားရဲတပ်ဖွဲ့ဝင် သုံးလေးဦးသည်လည်း တာဝန်ပြီးဆုံး၍ ပြန်ထွက်လာကြရာ မည်သူကမှ သူ့အား ဂရုစိုက်မကြည့်ကြချေ။

ဆာပီကိုသည် ငွေစက္ကူတွေပါသော စာအိတ်ကိုကိုင်ရင်း မော်တော်ကားထဲမှာပင် အတန်ကြာအောင် ထိုင်နေမိလေသည်။

ယခု ဒေါ်လာငွေ ၃၀၀က မိမိအတွက်လား၊ သို့တည်းမဟုတ် ရဲစခန်းရှိ အဖွဲ့ဝင်များအတွက်လောဟူ၍လည်း သေချာတိကျစွာ မသိရချေ။

သို့မဟုတ် မိမိအား လာဘ်ငွေပေးခြင်းကို လက်ခံမခံ စမ်းသပ်ကြည့်ခြင်းများပေလော။

နောက်ဆုံး၌ ဆာပီကိုသည်အမှတ် ၉၀ ရဲစခန်းသို့ ကားမောင်းသွားပြီး မိမိတို့ ရဲတပ်ဖွဲ့ဝင်များအတွက် သီးသန့်ပေးထားသော ဗီရိုထဲတွင် ငွေ ၃၀၀ ပါသည့် စာအိတ်ကိုထည့်၍ သော့ခတ်ပိတ်ထားလိုက်သည်။

* * *



အထက်ပါကိစ္စနှင့် ပတ်သက်၍ ဆာပီကိုသည် ရုတ်တရက် ဘာလုပ်ပင်မှန်းမသိသကဲ့သို့ မည်သူနှင့် တိုင်ပင်အကြံဉာဏ်တောင်းရမည်ကိုလည်း စဉ်းစား၍မရချေ။

ယခုလောလောဆယ် မိမိအား ကြေးစားလောင်းကစားသမားတစ်ဦးက ပြောင်ကျကျ လာဘ်ငွေပေးလိုက်ပြီဖြစ်ရာ တစ်ခုခုလုပ်မှ ဖြစ်ပေတော့မည်။

နောက်ပိုင်းကျမှ အကြံတစ်ခု ရလာမိလေသည်။

ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု ပပျောက်ရေးအတွက် တိုက်ရိုက်တာဝန်ရှိသော ပုဂ္ဂိုလ်မှာ ဒုတိယရဲမင်းကြီး ဂျွန်ဝေါ့ရှ်ဆိုသူ ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်ထံ ချဉ်းကပ်တင်ပြရလျှင် မကောင်းပါလော။

သို့သော် ဒု-ရဲမင်းကြီး အဆင့်ရှိသော ထိုအရာရှိအား မိမိအနေဖြင့် မည်သို့မည်ပုံ ဆက်သွယ်ချဉ်းကပ်ရပါမည်နည်း။

ရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံက စစ်တပ်ပုံစံအတိုင်းဖြစ်၍ ရာထူးအဆင့်ကွာခြားသော အထက်အရာရှိကြီးများအား တိုက်ရိုက်ဆက်သွယ်ခွင့်မရှိဘဲ ကြိုးနီစနစ် ပုံစံအတိုင်း အဆင့်ဆင့် သွားမှရမည် ဖြစ်ပေသည်။

တဖန် အဆင့်ဆင့်သွားရမည့် အရာရှိများကိုလည်း ဆာပီကိုအနေဖြင့် ယုံကြည်စိတ်ချရပါမည်လောဟု သံသယဖြစ်မိလေသည်။

ဒုတိယ ရဲမင်းကြီးထံ မသွားဘဲ အခြားသွားစရာဌာန နှစ်ခုတော့ရှိသေးသည်။

ယင်းတို့မှာ ရဲမင်းကြီး၏ အထူးစုံစမ်း စစ်ဆေးရေးအဖွဲ့နှင့် ရဲမှူးချုပ်၏ ထောက်လှမ်းရေးအဖွဲ့တို့ပင်ဖြစ်သည်။

ထို့ပြင် ဆစ်ဒနီကူးပါးဆိုသူ ဦးစီးကွပ်ကဲသော ကင်းလှည့်အဖွဲ့ချုပ်ထောက်လှမ်းရေးအဖွဲ့လည်း ရှိသေးသည်။

ယင်းအဖွဲ့များသို့ ချဉ်းကပ်ရန်ကလည်း လွယ်ကူလှသည် မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေကာမူ တစ်ယောက်ယောက်နှင့် ရင်ဖွင့်တိုင်ပင်မှဖြစ်ချေတော့မည်ဟု ဆာပီကိုက ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူနှင့်အတူ ထောက်လှမ်းရေးသင်တန်း တက်ခဲ့ဖူးသော ဒေးဗစ်ဒတ် ဆိုသူ အရပ်ဝတ် ရဲအဖွဲ့ဝင်တစ်ဦးအား ဖွင့်ပြော၍ အကြံဉာဏ်တောင်းလျှင် အကောင်းဆုံးဖြစ်မည်ဟု စိတ်ကူးရမိလေသည်။

ဒေးဗစ်ဒတ်သည် အသက် သုံးဆယ်ရွယ်ခန့်။ ဆာပီကိုနှင့် ရွယ်တူဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အရပ် ခြောက်ပေမြင့်သော ထောင်ထောင်မောင်းမောင်း လူငယ်တစ်ယောက်ဖြစ် သည်။ သူသည်ဆရာဝန်တစ်ဦး၏ သားဖြစ်ပြီး တက္ကသိုလ်ဘွဲ့ရသူတစ်ဦး ဖြစ်သည်။ နိုင်ငံရေး သိပ္ပံဘာသာ အဓိကသင်ကြား အောင်မြင်ခဲ့သည်။ ပထမ တွင် ရှေ့နေလုပ်ရန် စိတ်ကူးပြီး ဥပဒေသင်တန်းပင် တက်ခဲ့သော်လည်း နောက်ပိုင်းကျတော့ ရှေ့နေဘဝကို သဘောမကျ ဖြစ်ပြန်ကာ ရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သူ ဖြစ်လေသည်။

ဆာပီကိုသည် အရပ်ဝတ် ရဲအဖွဲ့သို့ဝင်ရန် သင်တန်းတက်စဉ်က ဒေးဗစ်ဒတ်နှင့် စတင်သိကျွမ်းခဲ့ရာမှ ချက်ချင်းလိုပင် လူချင်း ခင်မင်ရင်းနှီး ခဲ့လေသည်။

ဒေးဗစ်ဒတ်တွင် အိမ်ထောင်ရှိသဖြင့် ရံဖန်ရံခါ သူတို့အိမ်သို့လိုက်၍ ဒေးဗစ်ဒတ် ဇနီးနှင့်အတူ ညစာလိုက်စားလေ့ရှိသည်။

သူငယ်ချင်း နှစ်ယောက်စလုံးက ရဲတပ်ဖွဲ့တွင်အဂတိ လိုက်စားမှု ပပျောက်ရေးကို လိုလားသူများလည်း ဖြစ်ကြသည်။

ထိုကြောင့် နှစ်ယောက်သား စကားလက်ဆုံကျတိုင်း ရဲတပ်ဖွဲ့ဝင်များ ရိုးဖြောင့်သန့်ရှင်းရေးကိစ္စကို ဆွေးနွေးပြောဆိုလေ့ ရှိကြပေသည်။

နောက်တစ်ချက်ကား ဒေးဗစ်ဒတ်က သူ၏ မြို့တော်ဝန် မစ္စတာ လင်းဆေး၏ရုံးမှ အရေးပါသူများနှင့် အဆက်အသွယ်ရှိကြောင်း ပြောခဲ့ဖူးရာ ယင်းအချက်ကြောင့်ပင်လျှင် ဆာပီကိုက သူ့အား လာဘ်ငွေ ဒေါ်လာသုံးရာ ပေးခြင်း ခံရသည့်ကိစ္စ တိုင်ပင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

ဒေးဗစ်ဒတ်သည် မြို့တော်ဝန် လင်းဆေး၏ရုံးမှ အကြံပေးပုဂ္ဂိုလ် ကရီဂယ်လ်ဆိုသူနှင့် တကယ်ပင် ခင်မင်ရင်းနှီးပေသည်။ တက္ကသိုလ်ကျောင်း နေစဉ်က တစ်ကျောင်းတည်း အတူနေခဲ့စဉ်က စတင် သိကျွမ်းရင်း ရင်းနှီး ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း ကရီဂယ်လ်က မြို့တော်အတွင်းဝန်ရုံးတွင် အမှု ထမ်းနေစဉ် ရဲတပ်ဖွဲ့အကြောင်း စုံစမ်းရေးကိစ္စများ ဆောင်ရွက်ရသောအခါ ဒေးဗစ်ဒတ်က ထိရောက်စွာ အကူအညီပေးခဲ့လေသည်။

တစ်ဖန် ကရီဂယ်လ်မှတဆင့် ဒေးဗစ်ဒတ်သည် ဒုတိယ မြို့တော်ဝန် ရောဘတ်ပရိုက်စ် ဆိုသူနှင့်လည်း ဆက်သွယ်သိကျွမ်းခဲ့ရသည်။ ရောဘတ်ပရိုက်စ် သည် မြို့တော်ဝန်ပြီးလျှင် နယူးယောက်မြို့၌ ဒုတိယအာဏာအရှိဆုံး ပုဂ္ဂိုလ် ပင်ဖြစ်သည်။



ထို့ပြင် မြို့တော်ဝန်၏ ရုံးခန်းနှင့် အထူးစုံစမ်းထောက်လှမ်းရေးအဖွဲ့ ...ရှိလေရာ ယင်းအဖွဲ့၏ အကြီးအကဲ ဖရိုင်မန်ဆိုသူနှင့်လည်း ဒေးဗစ်ဒတ် ...က်အသွယ် ရရှိခဲ့လေသည်။

အဆိုပါ ထောက်လှမ်းရေးအဖွဲ့ကို ဦးစီးကွပ်ကဲသူကား ကက်ပတိန် ...မ်ဆိုသူ ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်အား ခန့်ထားစဉ်က ဒေးဗစ်ဒတ် ကိုယ်တိုင်က ဒုတိယမြို့တော် ...ည် ထောက်ခံခဲ့ခြင်းကြောင့် ခန့်ထားခဲ့ခြင်း ဖြစ်လေသည်။

ဤသို့လျှင် ဆာပီကို၏မိတ်ဆွေ ဒေးဗစ်ဒတ်သည် နယူးယောက်မြို့ ...၏ရုံးမှ ထိပ်တန်းအရေးပါသူများနှင့် ကောင်းစွာအဆက်အသွယ် ရရှိခဲ့ ... ဖြစ်လေသည်။

* * *

ဆာပီကိုသည် ဒေးဗစ်ဒတ်အား တယ်လီဖုန်းဆက်၍ တွေ့လိုကြောင်း ...ပြီး နောက်တစ်နေ့တွင် နှစ်ယောက်သား ဆုံကြရာ ကြေးစားလောင်းကစား ...ဆံမှ လာဘ်ငွေ ဒေါ်လာသုံးရာ ရရှိပုံကို ဆာပီကိုက ပြောပြလိုက်လေ ...။

ဒေးဗစ်ဒတ်သည် ချက်ချင်းစိတ်ဝင်စားကာ သူလိုလားသော အဂတိ ...စားမှု ပပျောက်ရေးအတွက် လက်တွေ့စလုပ်ရန် လမ်းစပေါ်ပြီဟု ...သည်။ တဆက်တည်းမှာပင် ယင်းကိစ္စနှင့်ပတ်သက်၍ မြို့တော်ဝန်၏ ...က်လှမ်းရေးအဖွဲ့ အကြီးအကဲ ကက်ပတိန် ဖိုရမ်အား တိုက်ရိုက်ချဉ်းကပ် ...သင့်ကြောင်း အကြံပေးလေသည်။

ကက်ပတိန်ဖိုရမ်ဆိုလျှင် အတွေ့အကြုံဝါရင့်သူဖြစ်၍ ... ...က်ဆောင်ရွက်သင့်ကြောင်း ချက်ချင်းပြောနိုင်လိမ့်မည်ဟုလည်း ...။

သို့ရာတွင် ဆာပီကိုက ကက်ပတိန်ဖိုရမ်ကို လူချင်းမသိသော်လည်း ... အရပ်ဝတ် ရဲတပ်ဖွဲ့တွင် အမှုထမ်းခဲ့ဖူးသဖြင့် မိမိအပေါ် ... ...ဘဲဟု သံသယဖြစ်မိလေသည်။

ဒေးဗစ်ဒတ်ကမူ ဘာမျှ စိုးရိမ်စရာမရှိကြောင်း၊ ကက်ပတိန်ဖိုရမ်သည် ...သုပ်မည့်သူ မဟုတ်ကြောင်း အတင်းပြောသဖြင့် နောက်ဆုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုက လက်ခံသဘောတူလိုက်ရလေသည်။

ထို့ကြောင့် ဆာပီကိုသည် ရဲစခန်း ဗီရိုထဲတွင် သော့ခတ်သိမ်းထားခဲ့သော ဒေါ်လာငွေ သုံးရာပါ စာအိတ်ကို ထုတ်ယူပြီး ဒေးဗစ်ဒတ်နှင့်အတူ ကပ္ပတိန်ဖိုရမ်၏ ရုံးသို့ သွားကြလေသည်။

ထိုရုံးသို့ရောက်၍ ကပ္ပတိန်ဖိုရမ်အား မြင်မြင်ချင်း ဆာပီကိုသည် အထူးပင် အံ့အားသင့်သွားမိတော့သည်။

အကြောင်းမူကား ထိုကပ္ပတိန်မှာ ဆာပီကို အထူးကြည်ညို လေးစားသော သမ္မတ ကနေဒီနှင့် အလွန်ရုပ်ချင်းတူနေသောကြောင့်ပင်တည်း။

နေရာတကျ ထိုင်ကြပြီးနောက် ဒေးဗစ်ဒတ်က စတင်၍ ဆာပီကိုအနေဖြင့် ဘာကြောင့် လာရောက်တွေ့ဆုံရကြောင်းကို ပြောပြလေသည်။

ထို့နောက် ဆာပီကိုကိုယ်တိုင် သူပြောချင်သော ကိစ္စကို ပွင့်လင်းစွာ ပြောပြတော့သည်။

အရှေ့ဘက် ရဲတပ်ဖွဲ့ဝင်များတွင် အဂတိ လိုက်စားမှု များပြားနေသည်ကို ကြားသိထားခဲ့ပြီးနောက် သူကိုယ်တိုင် လက်တွေ့ဝင်ရောက် ကြည့်သောအခါ တကယ်ပင် ဟုတ်မှန်နေကြောင်းကို အသေးစိတ် ပြောပြလိုက်သည်။

ကပ္ပတိန်ဖိုရမ်သည် အလွန် အံ့အားသင့်သွားပုံ ရလေသည်။ တစ်ချိန်က အရပ်ဝတ် ရဲအဖွဲ့ဝင်များ လာဘ်စားမှု ရှိခဲ့ကြောင်း သိခဲ့ရသော်လည်း ယခုအထိ အခြေအနေ ဆိုးနေကြောင်းကို သူ လုံးဝမသိရပါဟုလည်း ပြောလေသည်။

ထို့နောက် ဆာပီကိုက သူ့အပေါ် ရဲတပ်ဖွဲ့မှူး တစ်ဦးက မတရားတိုင်ကြားခဲ့ပုံမှ စတင်ကာ နောက်ပိုင်း 'အင်စပက်တော်' တစ်ဦးက 'ကြည့်လုပ်' ပြီးနောက် ခရစ္စမတ်ပွဲတော်ကျလျှင် ကျေးဇူးဆပ်ရန် ပြောခဲ့ပုံများကိုပါ ဖွင့်ပြောလိုက်သည်။

ကြေးစား လောင်းကစားသမား ဂျူးဝစ်မက်စ် ဆိုသူက လာဘ်ငွေ ဒေါ်လာသုံးရာ ပေးခဲ့ပုံကိုပြောရင်း ငွေစက္ကူပါသော စာအိတ်ကို ဒေးဗစ်ဒတ်မှတဆင့် ကပ္ပတိန်ဖိုရမ်လက်သို့ ပေးလိုက်သည်။

ကပ္ပတိန်သည် စာအိတ်ကိုယူ၍ ဖွင့်ကြည့်ပြီးနောက် ပြန်ပေးလေသည်။

တဆက်တည်းမှာပင် ဆာပီကိုအနေဖြင့် မိမိနှင့် မသိသောသူတစ်ဦး



ထံမှ စာအိတ်တစ်အိတ် လက်ခံယူခဲ့ခြင်းသည် မှားကြောင်း၊ ညံ့ရာကျကြောင်း ပြောရာ ဆာပီကိုလည်း စိတ်မကောင်းဖြစ်သွားမိလေသည်။

ကပ်ပတိန်ဖိုရမ်အား ပြန်၍ မေးချင်စိတ်လည်း ဖြစ်မိသည်။ စာအိတ်ကို လက်ခံမယူဘဲနေပါက စာအိတ်ထဲ ဘာပါရှိသည်ကို မည်သို့သိနိုင်ပါမည်နည်း။

သို့သော် သူပြန်မေးရန် အခွင့်အရေး မရပါချေ။

ကပ္ပတိန်ကြီးကသာ ဆက်တိုက် စကားပြောနေလေသည်။

ဆာပီကိုအနေဖြင့် ဤကိစ္စနှင့်ပတ်သက်ပြီး လုပ်စရာနည်းလမ်းနှစ်ခု ရှိသည်ဟု ပြောလေသည်။

ပထမနည်းက လာဘ်ငွေဒေါ်လာ သုံးရာပေးခြင်းကို ဆက်လက်အရေးယူလိုပါက ရဲမင်းကြီးထံထိအောင်တက်၍ တင်ပြရမည်။ ထိုအခါ ရဲမင်းကြီးက ဆာပီကိုအား ဂျူရီလူကြီးများ ပါဝင်သည့် ခုံရုံးရှေ့မှောက်သို့ ခေါ်ယူစစ်ဆေးမည်။ ယင်းကြောင့် ထိုကိစ္စသတင်းသည် မုချ ပေါက်ကြားသွားမည်ဖြစ်သည်။

"အဲဒီအဆင့် ရောက်သွားရင်တော့ အများဆုံးဖြစ်နိုင်တာက မင်းဟာ သေပ်ကြံသတ်ဖြတ်ခံရပြီး အလောင်းကို မြစ်ထဲပစ်ချခံရမှာ သေချာသလောက်ပဲ"

ဤသို့ ကပ္ပတိန်ဖိုရမ်က စကားကို အဆုံးသတ်လိုက်သည်။

နောက် နည်းလမ်းတစ်ခုကတော့ ယခု လာဘ်ငွေ ဒေါ်လာသုံးရာ ပေးခဲ့ခြင်းကို မည်သူ့ကိုမှ ထုတ်ဖော်မပြောဘဲ လုံးဝမေ့ဖျောက်ထားလိုက်ရန်ပင် ဖြစ်သည်ဟု ဆိုပြန်သည်။

ထိုစကားကို ကြားရသောအခါ ဆာပီကိုမှာ အကြီးအကျယ် အံ့အားသင့်နေလေသည်။

သူ၏မိတ်ဆွေ ဒေးဗစ်ဒတ်၏ ပြောပြချက်အရ အလွန်ရိုးဖြောင့်ပြီး စိတ်ချရပါသည်ဆိုသော ကပ္ပတိန် ဖိုရမ်လိုလူက ယခုကဲ့သို့စကားမျိုး ပြောလိုက်ခြင်းမှာ ယုံနိုင်စရာမရှိအောင်ပင် အံ့သြဖွယ် ကောင်းလှပေသည်။

ယခုတော့ မယုံကြည်၍လည်းမဖြစ်။ ကပ္ပတိန်ကြီးက လာဘ်ငွေပေးခဲ့ခြင်းကို မေ့ပစ်လိုက်ပါ။ သို့မဟုတ် မိမိ အသတ်ခံရမည်ဟု အတည်အလင်းပြောလိုက်လေပြီ။

စိတ်ပျက်လွန်းအားကြီးသဖြင့် ရုံးခန်းမှ ချက်ချင်းထထွက်ပြေးချင်စိတ်ဖြစ်ခဲ့ရာ ဆာပီကိုက–

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကောင်းပါပြီ၊ ဒီကိစ္စကို ကျွန်တော် မေ့ပစ်လိုက်ပါမယ် ဒါပေမဲ့ ဒီစာအုပ်နဲ့ငွေကို ကျွန်တော် ဘာလုပ်ရမလဲခင်ဗျ၊ ဒီငွေကို ကျွန်တော်က လက်ခံထားတယ်လို့ တခြားလူတွေထင်တာကို မလိုလားပါဘူး"

ဟု ပြောလေသည်။

ကပ္ပတိန်ဖိုရမ်က ဘာမှပြန်မပြောဘဲနေရာ ဆာပီကိုသည် ပို၍ဝင် နေရခက်လာရာမှ နောက်ဆုံးကြံရာမရသဖြင့်–

"ကျွန်တော်တို့အဖွဲ့က ရဲကြပ်ကြီးကိုပဲ ပေးလိုက်ရင် ကောင်းမယ်ထင် ပါတယ်"

ဟုပြောလိုက်သည်။

သည်တော့မှ ကပ္ပတိန် ဖိုရမ်ကလည်း–

"အေး ကောင်းသားပဲ၊ ရဲကြပ်ကြီးကိုသာ ပေးလိုက်ပေတော့၊ ဒါမှ မောင်ရင့်စိတ်ထဲလည်း ရှင်းသွားရောမဟုတ်လား"

ဟုပြောလေသည်။

□

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

…ယောက်မြို့၏ ရဲတပ်ဖွဲ့ကို စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်မှာ ၁၈၄၄ …က ဖြစ်လေရာ အမေရိကန် နိုင်ငံတစ်ခုလုံးတွင် ရှေးအကျဆုံး သမ္မာအရင့် … ရဲတပ်ဖွဲ့ပင် ဖြစ်လေသည်။ ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားခြင်း၊ …ဘ်စားခြင်းတို့သည်လည်း မူလကပင် ရှိခဲ့ပေသည်။ ဒုစရိုက်သမားတွေက …ဖွဲ့ဝင်များအား ဆက်ကြေးပေး၍ နားလည်မှုရယူခဲ့ခြင်းများသည်လည်း …ပြီဖြစ်၍ သတင်းစာများကပင် အရေးတယူ ရေးသားဖော်ပြခြင်း မပြုကြ …ချေ။

သို့ဖြစ်လင့်ကစား ရံဖန်ရံခါ လျစ်လျူရှု၍ မရနိုင်လောက်အောင် …ဆိုး အကျည်းတန်သည့် အဖြစ်မျိုးတွေ ရဲတပ်ဖွဲ့နှင့် ပတ်သက်၍ ဖြစ်ခဲ့ …သည်။ ပထမဆုံး ဖြစ်ရပ်တစ်ခုဆိုလျှင် ၁၈၉၀ ခုနှစ်ခန့်က ဖြစ်ခဲ့လေ … နယူးယောက်မြို့ရှိ နာမည်ကြီး ပြည့်တန်ဆာအိမ်များက ရဲများအား …ကြေးပေး၍ ပြောင်ကျကျ သောင်းကျန်းနေခဲ့ခြင်းသည် တရားလွန်လာ … ပြည်သူလူထုက မခံမရပ်နိုင်ဖြစ်ပြီး အုံကြွအရေးဆိုလာခြင်းကြောင့် …ဖွဲ့ဥက္ကဌ အကြီးအကဲကိုယ်တိုင် နုတ်ထွက်ရခြင်း၊ ရဲတပ်ဖွဲ့တစ်ခုလုံး… …ဖွဲ့စည်းရခြင်းနှင့် ရဲမင်းကြီးအဖြစ် မစ္စတာသီယိုဒိုရုစဘဲ (နောက်… …ကန်သမ္မတ ဖြစ်လာသူ)အား ခန့်ထားခဲ့ရခြင်း စသည်ဖြင့် အကြီးအကျယ် …ပြောင်းလဲမှုများ ဖြစ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သီယိုဒိုရစဘဲ' ဆိုသူကား နောက်ပိုင်းတွင် သမိုင်းတွင်ရစ်လော... အောင် ရဲတပ်ဖွဲ့ကို ပြုပြင်ရန် ကြိုးစားခဲ့ပေသည်။

'နယူးယောက်မြို့ရှိ အစိုးရဌာန အားလုံးအနက် အဂတိလိုက်စား... အများဆုံးသည်ကား ရဲတပ်ဖွဲ့ပင်ဖြစ်သည်။ သို့သော် ခက်ခဲလှသည့် အလု... တစ်ခုအဖြစ် ကျွန်ုပ် ကြိုးစားပြုပြင်သွားမည်'

ဟုလည်း ရဲမင်းကြီး တာဝန်ယူခါစက မှတ်တမ်းရေးသားဖူးသည်။

သို့ရာတွင် လက်တွေ့ဆောင်ရွက်ကြည့်သောအခါမူ မစ္စတာရစဘဲသည်... သု မျှော်လင့်သလောက် အောင်မြင်မှု မရရှိခဲ့ပေ။ နောက်များမကြာမီ နိုင်... ရေးနှင့် စစ်ရေးအခြေအနေအရ အမေရိကန် ရေတပ်ဆိုင်ရာ ဝန်ကြီးအဖြစ်... ပြောင်းရွှေ့သွားခဲ့ရလေသည်။

၁၉၃၀ ပြည့် နှစ်ဆန်းစ အချိန်လောက်တွင် အရက်သေစာ ပိတ်ပင်... ထားမြစ်ခြင်းဥပဒေ ပြန်ရုပ်သိမ်းခါစ အချိန်ဖြစ်သည့်အလျောက် နယူးယော... မြို့ အစိုးရဝန်ထမ်းများ အဂတိလိုက်စားမှု စုံစမ်းရေးကော်မရှင်တစ်ရပ်... ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ အစုလိုက်အပြုံလိုက် ဆက်ကြေးမှန်မှန်... ယူနေကြရုံမက ဆက်ကြေးပေးသူကလည်း နာမည်ကြီး မာဖီယား ဒုစရိုက်ဂိုဏ်း... ခေါင်းဆောင် 'လုစီယာနို' လိုလူတွေပါ ပါဝင်နေကြောင်းကိုပါ ဖော်ထုတ်နိုင်... ခဲ့ပေသည်။

ယင်း စုံစမ်းရေးကို ကြီးကြပ်ကွပ်ကဲသူကား (နောက်ပိုင်း နယူးယော... ပြည်နယ် ဘုရင်ခံဖြစ်လာသူ) အစိုးရရှေ့နေ သောမတ်စ်ဒီဝေဆိုသူ ဖြစ်လေ... သည်။

ဤတွင်လည်း နယူးယောက်မြို့ ရဲတပ်ဖွဲ့အနေဖြင့် နာမည်ပျက်ခဲ့ရလေ... သည်။

တစ်ဖန် ၁၉၅၀ ပြည့်နှစ်တွင် နယူးယောက်မြို့ ရဲတပ်ဖွဲ့အဖို့ အလွန်... အရုပ်ဆိုးသော ကိစ္စတစ်ခု ပေါ်ပေါက်ခဲ့ပြန်သည်။

ဟဲရီဂရော့စ်ဆိုသူ လောင်းကစားဒိုင်များ အကြီးအကျယ်ဖွင့်လှစ် စီးပွား... ရှာသူသည် တစ်နှစ်လျှင် ဝင်ငွေ၊ သို့မဟုတ် လည်ပတ်ငွေက ဒေါ်လာ ရွှေ... သန်းနှစ်ဆယ်ခန့်ရှိလေရာ သူ၏ လောင်းကစားဒိုင်များကို အရေးမယူရလေ... အောင် ရဲတပ်ဖွဲ့ဝင်များအား တစ်နှစ်လျှင် ဆက်ကြေး ဒေါ်လာ ဆယ်သိန်းခန့်... ပေးခဲ့ရာမှ ကြာသော် လူသိများပြီး အများပြည်သူတို့၏ ဆူပူကန့်ကွက်မှုများ...

...ပေါ်ခဲ့လေသည်။

ယင်းပြဿနာ၏ ဂယက်ရိုက်မှုကြောင့် ရဲတပ်ဖွဲ့ အကြီးအကဲ (ရဲမင်း... ကြီး)က ရာထူးမှ နုတ်ထွက်ရသလို ရဲအရာရှိ တစ်ရာကျော် (ကပ္ပတိန်နှင့် ...င်ဒပက်တော်များအပါအဝင်) ရာထူးမှ ထုတ်ပစ်ခံခဲ့ရရုံမက ရဲအရာရှိ ...ဦးက မိမိကိုယ်ကို သတ်သေသွားခဲ့ကြလေသည်။

နယူးယောက်မြို့ ရဲတပ်ဖွဲ့အနေဖြင့် အခြား နာမည်ပျက်မှုများလည်း ...ပါသေးသည်။

ဥပမာ ၁၉၅၉ ခုနှစ်က ရဲကြပ်ကြီးတစ်ဦး ကားမောင်းသွားရင်း ယာဉ် ...တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ သက်ဆိုင်ရာ ယာဉ်ထိန်းရဲများ ရောက်လာသော ...အခါ ရဲကြပ်ကြီး၏ကားအတွင်းမှ ငွေသား ဒေါ်လာနှစ်သောင်းနီးပါး တွေ့ရ ...သည့်ပြင် သူ ဆက်ကြေးယူနေသော မှောင်ခိုလောင်းကစားဒိုင်များ၏ စာရင်းကိုပါ ...တွေ့ရှိရသဖြင့် ယင်းကိစ္စ ဟိုးလေးတကျော် ဖြစ်သွားခဲ့ဖူးသည်။

ထို့ပြင် ၁၉၆၄ ခုနှစ်ကလည်း ရဲတပ်ဖွဲ့ဝင်များ လောင်းကစားဒိုင်များမှ ...ဆက်ကြေးယူပြီး မသိချင်ဟန်ဆောင်ကာ အရေးမယူဘဲနေခဲ့သည့် အမှုတစ်ခု ...ပေါ်ပေါက်ခဲ့ဖူးသည်။

တစ်ခုတော့ရှိသည်။ ရဲတပ်ဖွဲ့ဝင်များ ဒုစရိုက်သမားများထံမှ လာဘ် ...ယူခြင်းသည် နယူးယောက်မြို့တစ်မြို့တွင်သာ မဟုတ်။ ဆန်ဖရန်စစ္စကို၊ ...ဒယ်လ်ဖီယား၊ အက်တလန္တာ စသော အခြားမြို့ကြီးများတွင်လည်း ...သင့်သလောက် ရှိခဲ့ပေသည်။

၁၉၆၆ ခုနှစ်က ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု အကြောင်းကို ...ရှင်တန်၊ ချီကာဂိုနှင့် ဘော်စတန်မြို့များတွင် သက်ဆိုင်ရာက စုံစမ်းခဲ့ရာ ...ရဲတပ်ဖွဲ့ဝင်ငါးဦးလျှင် အနည်းဆုံး တစ်ဦးက လာဘ်စားကြကြောင်း တွေ့ရှိ ...သည်ဟု အစီရင်ခံစာတွင် ဖော်ပြခဲ့လေသည်။

အမေရိကန်ပြည် တောင်ပိုင်း နယူးအော်လီယင်မြို့မှ ရဲတပ်ဖွဲ့ဝင် ...းဆယ်တို့အား လာဘ်စားမှုဖြင့် အရေးယူခဲ့သည့် အဖြစ်တစ်ခုသည်လည်း ...၅၀ ပြည့်နှစ်က ဖြစ်ပွားခဲ့ဖူးလေသည်။

ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု အများဆုံးဟု နာမည်ကြီးသော... ...ရာကား ချီကာဂိုမြို့ပင် ဖြစ်သည်။ အထူးသဖြင့် မာဖီးယား ဒုစရိုက်ဂိုဏ်း ...များနှင့် နားလည်မှုယူကာ လာဘ်စားခြင်းအလွန်များခဲ့ပေသည်။ ၁၉၆၀ ပြည့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကဆိုလျှင် မာဖီးယား ဂိုဏ်းခေါင်းဆောင်တစ်ဦး ဥရောပတိုက်သို့ အပျော်ခရီးထွက်ရာတွင် ချီကာဂို ရဲအဖွဲ့မှ ရဲမှူး (လက်ဖတင်နင်) တစ်ဦး လိုက်ပါကြောင်းကို သတင်းစာများကပင် ထုတ်ဖော်ရေးသားခဲ့လေသည်။

နောက်ဆုံး ဖမ်းမိသော ခိုးမှုတရားခံတစ်ဦးက ဖော်ကောင်လုပ်၍ အစစ်ခံချက်အရ ချီကာဂိုမြို့ ဖောက်ထွင်းမှုဂိုဏ်းကြီး တစ်ဂိုဏ်းတွင် ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်နေကြောင်း ထင်ရှားစွာ သိရှိရလေရာ ချီကာဂိုမြို့တော်ဝန် ရစ်ချတ်ဒေလီက ရဲတပ်ဖွဲ့တစ်ခုလုံး ပြန်လည်ဖွဲ့စည်းပြီး ရဲမင်းကြီးအသစ်တစ်ဦး ပြောင်းလဲခန့်ထားခဲ့ရသည်။

ဤသည်တို့ကား ရဲတပ်ဖွဲ့ဝင် အများစုအနေဖြင့် ကျင့်သုံးနေကြသော အပြုအမူပင်ဖြစ်သည်ဟု ဆိုရလောက်အောင်ပင် ရိုးနေသည့် ကိစ္စတစ်ခု ဖြစ်နေတော့သည်။

တနည်းအားဖြင့် ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားခြင်းသည် မထူးဆန်း။ အများစုက လာဘ်ငွေလက်ခံယူခြင်းကို လုပ်ရိုးလုပ်စဉ်တစ်ခုအဖြစ် သဘောထားကြသည်။

ယင်းအများစုတွင် ဆာပီကိုတစ်ယောက် မပါဝင်ချေ။

* * *

ကက်ပတိန်ဖိုရမ်နှင့် တွေ့ဆုံပြီးနောက် ဆာပီကိုသည်အမှတ် ၉၀ ရဲစခန်းမှ ရဲကြပ်ကြီးထံ ချဉ်းကပ်၍ နှစ်ယောက်ချင်း စကားပြောလိုကြောင်း ခွင့်တောင်းလေသည်။

အခန်းတစ်ခန်းတွင် နှစ်ယောက်သား ဆုံမိသောအခါ ဆာပီကိုက ဒေါ်လာငွေ ၃၀၀ ပါသော စာအိတ်ကိုပေးရင်း ရဲသားတစ်ဦးက မိမိအား ထိုစာအိတ်ပေးခဲ့ကြောင်း၊ ဘာလုပ်ရမည်ဟုလည်း အတိအကျမပြောသဖြင့် ရဲကြပ်ကြီးအား အပ်လိုကြောင်းပြောကာ-

"ကျွန်တော့်အနေနဲ့ ငွေလည်းမလိုလို့ပါ"

ဟု အဆုံးသတ်လိုက်သည်။

ရဲကြပ်ကြီးက စာအိတ်ကိုလှမ်းယူ၍ ငွေစက္ကူများကို ထုယ်ယူကာ သူ၏ အင်္ကျီအိတ်ထဲ ထည့်လိုက်ရင်း-



"အိုကေပါ၊ အခြေအနေကို ငါ နားလည်မှုရှိပါတယ်"

ဟု ပြောလိုက်သည်။

ရဲကြပ်ကြီးက ထိုကိစ္စနှင့်ပတ်သက်၍ အံ့သြပုံလည်းမရသည့်ပြင် ဆာပီကိုအား မည်သို့မျှ ရှည်ရှည်ဝေးဝေး မေးခွန်းတွေမထုတ်ချေ။

ပထမတွင် မိမိက ဒေါ်လာငွေ ၃၀၀ စတင်လက်ခံယူခဲ့ခြင်းကိစ္စကြောင့် နောက်ပိုင်း ပြဿနာ အရှုပ်အထွေး ပေါ်လာလေဦးမည်လောဟု စိုးရိမ်နေမိသေးသည်။ သို့သော် ရက်သတ္တပတ်ကြာသည်အထိ ဘာမှမဖြစ်လာသောအခါ အနည်းငယ် စိတ်အေးသွားမိလေသည်။

သူ၏မိတ်ဆွေ ဒေးဗစ်ဒတ်ကမူ ကပ္ပတိန်ဖိုရမ်သည် သတ္တိမရှိ၍ ခေါင်းရှောင်နေကြောင်း ဝေဖန်ပြောဆိုလေသည်။ သို့သော် ဆာပီကိုက ထိုကိစ္စကို မေ့ပျောက်ပစ်လိုက်ခြင်းသည် အကောင်းဆုံးဟု ပြန်ပြောလိုက်လေသည်။

အထက်ပါ ဖြစ်ရပ်မျိုးတွေကို စိတ်ပျက်ပြီး ရဲတပ်ဖွဲ့မှ နုတ်ထွက်လိုက်ချင်တော့ ဖြစ်နိုင်သည်။ သို့သော် ဆာပီကိုအနေဖြင့် အလွန်မြတ်နိုး သံယောဇဉ်ကြီးမားလှသော ရဲတပ်ဖွဲ့ကြီးမှ ထွက်သွားရန် ဝန်လေးနေမိသည်။

မည်သို့ပင်ဖြစ်စေ ဒေါ်လာငွေ ၃၀၀ ကို ရဲကြပ်ကြီးလက်သို့ အပ်လိုက်ပြီးနောက် ထူးခြားချက်တစ်ခု ဖြစ်လာသည်။ အခြား အရပ်ဝတ်ရဲအဖွဲ့ဝင်များက သူ့အပေါ် ကောင်းမွန်စွာ ဆက်ဆံလာကြခြင်းဖြစ်သည်။

အစိပ္ပာယ်က သူသည် ရဲတပ်ဖွဲ့ဝင်များ ဆက်ကြေးသဘော ငွေရနေခြင်းကို မည်သို့မျှ ငြူစူခြင်း၊ အထက်သို့ တိုင်ကြားခြင်းများ မပြုလုပ်ဘဲ အေးအေးနေခြင်းကို အခြားရဲများက သဘောကျကာ သူ့အပေါ် ယုံကြည်စိတ်ချလာသည့်သဘောပင် ဖြစ်ရမည်ဟု ယူဆမိသည်။

ဆာပီကိုသည် အရေးပေါ် အင်္ဂါရပ်များ နှိမ်နင်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံးသွားသောအခါ ခေါင်းသို့ပြန်သွားပြီး ယူနီဖောင်းရောင်ကင်းလှည့်ခြင်းတာဝန်ကို ပြန်လုပ်ရလေသည်။

တစ်ခုသိသည်ကား အခြားသော အရပ်ဝတ်ရဲအဖွဲ့ဝင်များသည် သူတို့၏ အဆက်များထံမှ လာဘ်ငွေ လက်ခံယူချိန်တွင် ဆာပီကိုရှိနေခြင်းကို မသိသားခြင်းပင်ဖြစ်သည်။

ဆာပီကိုလည်း အလိုက်သိစွာဖြင့် ခပ်ရှောင်ရှောင် နေခဲ့လေသည်။

www.burmeseclassic.com



ယင်းသို့ အခြေအနေ အေးဆေးနေခြင်းသည် မကြာလှပါချေ။

နောက်ပိုင်းတွင် ဆာပီကိုသည် အခြားရဲအဖွဲ့ဝင်များအား တိုင်ပင် အသိပေးခြင်းမပြုဘဲ မှောင်ခိုလောင်းကစားဒိုင်များကို ဆက်တိုက်ဝင်ဖမ်းလေသည်။

ယင်းသို့ ဖမ်းရာတွင် သူတစ်ယောက်တည်း ကိုယ်တိုင်စုံစမ်းထောက်လှမ်းပြီးမှ ဖမ်းလေ့ရှိသည်။ 'ဘား'အရက်ဆိုင် တစ်ဆိုင်သည် အရက်ရောင်းရုံသာမက မှောင်ခိုလောင်းကစားဒိုင် ဖွင့်နေသည်ဟု သက်သေမကင်းဖြစ်မိရာ နေ့စဉ်ရက်ဆက် အခဲခတ်လေ့လာကြည့်ပြီးနောက် သူကိုယ်တိုင် ဆိုင်တွင်းသို့ ထိုင်၍ ဘီယာတစ်လုံး မှာသောက်ရင်း ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်နေ[illegible]သည်။

အရက်ရောင်းသော 'ဘား'ကောင်တာ တစ်ဖက်အစွန်းတွင် လူတစ်ယောက်သည် ခဲတံနှင့် စာရွက်ငယ်များ ရေးမှတ်နေသည်ကို သေချာစွာကြည့်လိုက်သောအခါ လောင်းကစားကြေး စာရွက်ပြေစာများ ရေးမှတ်နေကြောင်း တွေ့ရလေသည်။

တရားမဝင် လောင်းကစားခြင်း လုပ်နေကြောင်း သေချာပြီဖြစ်၍ ဆာပီကိုသည် ရုတ်တရက် ရှေ့တိုးသွားပြီး လက်မှတ်များ ရေးနေသူ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်ထားလိုက်သည်။

သူ၏ လှုပ်ရှားမှု လျင်မြန်လှသည့်အပြင် သန်မာသော လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်ကိုင်ထားလိုက်ခြင်းကြောင့် ထိုလူမှာ အံ့အားသင့်ပြီး လုံးဝမလှုပ်ရှားဘဲ ငေးကြောင်ကြည့်နေမိသည်။

လောင်းကစား လက်မှတ်များသည်လည်း ဘားကောင်တာပေါ်တွင် ထင်ရှားစွာရှိနေ၍ သက်သေခံပစ္စည်းများ ဖြစ်နေလေသည်။

ဆာပီကိုသည် အရက်ရောင်းနေသူအား ဆိုင်တံခါးပိတ်ရန် အမိန့်ပေးလိုက်ပြီးမှ ရဲစခန်းသို့ ဖုန်းဆက်၍ ဝိုင်ယာလက်ကားတစ်စီး အမြန်လွှတ်ပေးရန် မှာလိုက်လေသည်။

ဤသို့လျှင် ဆာပီကိုသည် လျှပ်တပြက် လျင်မြန်စွာ အဟုန်ဖြင့် လောင်းကစားဒိုင်များကို ဆက်တိုက်ဖမ်းဆီးခဲ့လေသည်။

အမှန်တော့ ယင်းလောင်းကစား ဒိုင်များသည် သူတို့နှင့် နားလည်မှုရှိထားပြီးသူ ရဲတပ်ဖွဲ့ဝင်များအား ဆက်ကြေးပေးထားကြောင်း သူသိပြီးဖြစ်



သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အခြားရဲတပ်ဖွဲ့ဝင် အရပ်ဝတ်အဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ရမည်ဟုလည်း ကြိုတင်တွက်မိလေသည်။

အခြားရဲအဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့၍ ပြဿနာဖြစ်ပါက မိမိသာလျှင် အခြားစခန်းသို့ ပြောင်းရွှေ့ခြင်းခံရမည်ကိုလည်း မျှော်လင့်ထားသည်။

သို့သော် ဆာပီကိုသည် ကြောက်လည်းမကြောက်၊ နောက်ဆုတ်ရန်လည်း စိတ်မကူးချေ။

* * *

ထိုအတောအတွင်း မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့က သင့်လျော်မည့် လူသစ်များ ရှာဖွေခေါ်ယူနေကြောင်း သတင်းကြားရလေရာ ဆာပီကိုသည် စိတ်ဝင်စားမိပြန်လေသည်။

မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့ဝင်များသည် စုံစမ်းထောက်လှမ်းရာတွင် ရုပ်ဖျက်၍ လူထုကြားထဲ ဝင်ရောက်ရောနှောပြီး ထောက်လှမ်းရသဖြင့် ဆာပီကိုလည်း သူ၏ မုတ်ဆိတ်ကို ခါတိုင်းထက် ပိုရှည်အောင် ထားလိုက်သည်။ အဝတ်အစားကိုလည်း တကယ့်မူးယစ်ဆေး သုံးစွဲသူများလို ခပ်နွမ်းနွမ်းနှင့်စုတ်စုတ် အဝတ်အစားများဝတ်၍ မင်ဟက်တန် ရပ်ကွက်ရှိ မူးယစ်ဆေးဝါး ဌာနချုပ်သို့ သွားလေသည်။

သူ၏အကြံကား ဌာနအကြီးအကဲများအား သူသည် မူးယစ်ဆေးဝါး လောကတွင်းသို့ ရုပ်ဖျက်ဝင်ရောက် ထောက်လှမ်းရန် အသင့်လျော်ကြောင်းပြောခဲ့၍ပင် ဖြစ်သည်။

သူ့အား လက်ခံတွေ့ဆုံသော အင်စပက်တော်သည် ဆာပီကို၏ အင်္ဂါရုပ်နှင့် အသွင်အပြင်ကိုကြည့်ပြီး–

"အေး၊ မင်းလိုလူမျိုးဆိုရင် ငါတို့ အသုံးချလို့ဖြစ်မယ်"

ဟု ပြောလေသည်။

သို့သော် ဆာပီကိုက သူသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောလိုက်သောအခါ အင်စပက်တော်ကြီးမှာ အံ့အားသင့်သွားလေသည်။

"လောလောဆယ် မင်းက ရဲတပ်ဖွဲ့ ဘယ်ဌာနမှာ တာဝန်ထမ်းဆောင်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရပ်ဝတ် ရဲအဖွဲ့မှာပါ"

"ဟော... ဟုတ်လား"

အင်စပက်တော်က လျှောက်လွှာပုံစံတွင် ရေးဖြည့်နေရင်းက ခေတ္တဆိုင်းထားပြီး–

"မင်းက အရပ်ဝတ်အဖွဲ့ကဆိုတော့ ငါတို့က မင်းကို ခေါ်ယူအသုံးချလို့ ရပါ့မလား မပြောတတ်ဘူး"

ဟု ပြောလေသည်။

အင်စပက်တော်ကြီး ပြောပုံလေသံအရ အရပ်ဝတ် ရဲအဖွဲ့ဝင်များအပေါ် အထင်သေးသည့်ဟန်မျိုး ဖြစ်နေသဖြင့် ဆာပီကိုမှာ စိတ်ပျက်မိလေသည်။

အရပ်ဝတ် ရဲအဖွဲ့ဝင်အများစုသည် ဒုစရိုက်သမားများထံမှ ဆက်ကြေး မှန်မှန်စားနေကြသည်ကို အင်စပက်တော်က သိနေကြောင်း အလွန်ထင်ရှား နေပေသည်။

အင်စပက်တော်သည် ပုံစံစာရွက်တွင် ဆာပီကို၏အမည်၊ နေရပ် စသည်တို့ကို ဖြည့်ရေးပြီးနောက် ရက်သတ္တတစ်ပတ်ကြာမှ စုံစမ်းရန် ပြောလွှတ် လိုက်လေသည်။

တစ်ပတ်ပြည့်၍ ဆာပီကိုက ဖုန်းလှမ်းဆက်ကြည့်သောအခါ အင်စပက် တော်ကြီးက–

"ဆောရီးပဲကွာ၊ မောင်ရင့်ကို ကျုပ်တို့ ခေါ်သုံးလို့မဖြစ်ဘူး"

ဟု ခပ်ပြတ်ပြတ်ပင် ပြောလေသည်။

ရှေ့အဖို့ မည်သို့ ခြေလှမ်းလှမ်းရပါမည်နည်းဟု စဉ်းစားနေစဉ်မှာပင် ၁၉၆၆ ခု၊ နိုဝင်ဘာလတွင် ဆာပီကို၏ ကံကြမ္မာက တစ်မျိုးဖြစ်လာပြန်လေ သည်။

သူ့အား တိုင်းအမှတ် ၇ နယ်မြေရှိ အရပ်ဝတ် ရဲအဖွဲ့ နောက်တစ်ဖွဲ့ သို့ ပြောင်းရွှေ့ပို့လိုက်သည့် အမိန့်စာ ထွက်လာလေသည်။

မမျှော်လင့်ဘဲ အခြားရဲအဖွဲ့ဝင်များက မလိုလား၍ အမှတ် ၉၀ စခန်း မှ ထွက်သွားအောင် ပ,ထုတ်လိုက်ခြင်းပေလောဟုလည်း စဉ်းစားမိလေသည်။

တဖန် အော်ဒါထွက်ပြီး နောက်တစ်နေ့တွင် ရဲတပ်ဖွဲ့ဌာနချုပ် ဆက် သွယ်ရေးဌာနမှ အရာရှိက တယ်လီဖုန်းဆက်၍ အခြားအလုပ်တစ်ခု လုပ်လို ပါသလားဟု မေးမြန်းသည်။



ဆာပီကိုသည် စပိန်ဘာသာစကားကို ကောင်းစွာ ကျွမ်းကျင်တတ် မြောက်သူဖြစ်ရာ နယူးယောက် ရဲတပ်ဖွဲ့အနေဖြင့် စပိန်ဘာသာစကားပြောသူ ပြည်သူများ၏ အရေးကိစ္စ ဆောင်ရွက်ရန် ဌာနခွဲသစ်တစ်ခု ဖွင့်လှစ်ထား ကြောင်း၊ ယင်းဌာနသစ်တွင် ဆာပီကိုအနေဖြင့် စိတ်ဝင်စားပါက ဝင်လုပ်လျှင် ရနိုင်မည်ဖြစ်ကြောင်း ထိုအရာရှိက ပြောလေသည်။

"ကျွန်တော်တော့ မပြောတတ်ဘူးခင်ဗျ၊ လောလောဆယ် ကျွန်တော်က အရပ်ဝတ် ရဲအဖွဲ့မှာ တာဝန်ကျနေတယ်၊ ဒီအဖွဲ့ကလူတွေ တခြားဌာနကို ပြောင်းဖို့မလွယ်ဘူးလို့ ပြောတာပဲ"

ဆာပီကိုက ဤသို့ပြောသောအခါ တစ်ဖက်မှအရာရှိက–

"ဒါအတွက်တော့ မစိုးရိမ်ပါနဲ့ မောင်ရင်၊ ဌာနသစ်မှာ ပြောင်းလုပ် ချင်တယ်ဆိုရင် ဖြစ်စေရမယ်"

ဟု အာမခံချက် ပေးလေသည်။

"ဟုတ်ကဲ့၊ ကျွန်တော် နက်ဖြန်မှပဲ အကြောင်းပြန်ပါရစေ"

ထိုမျှနှင့်ပင် ဆာပီကိုက စကားဖြတ်လိုက်သည်။

စင်စစ်အားဖြင့် ယခု သူ့အား ကမ်းလှမ်းသော ဌာနသစ်မှ အလုပ်သည် ဆာပီကိုအနေဖြင့် စိတ်ပါဝင်စားသော အလုပ်မျိုး မဟုတ်ချေ။

သို့သော် အမှတ် ၉၀ ရဲစခန်းတွင် ဆက်မနေလိုတော့သည်တစ်ကြောင်း၊ [illegible] အမှတ် ၇ နယ်မြေသို့ သွားလျှင်လည်း အရပ်ဝတ် ရဲအဖြစ်ပင် နေရမည် [illegible]သည်တကြောင်း စိတ်မဝင်စားသည့် အလုပ်ကိုပင် လက်ခံရမလို ဖြစ်နေလေ [illegible]။

နှစ်သိမ့်ဖွယ်ရာ တစ်ချက်ကား မိမိအနေဖြင့် ပထမဆုံးအကြိမ် အလုပ် [illegible]အနက် ကြိုက်နှစ်သက်ရာ ရွေးနိုင်မည့် အခွင့်အရေး ရရှိလာခြင်းပင် [illegible]သည်။

ယင်းကိစ္စကို သူကိုယ်တိုင် မဆုံးဖြတ်ဘဲ ဝါရင့်အရာရှိတစ်ဦးထံ [illegible]အညီတောင်း၍ အကြံဉာဏ်ရယူရန် စိတ်ကူးရမိလေသည်။

ထိုပုဂ္ဂိုလ်ကား ကပ္ပတိန်ဘီဟာန်ဆိုသူ ရဲတပ်ဖွဲ့မှူးကြီးတစ်ဦးပင်ဖြစ် [illegible]။ တစ်ချိန်က သူသည် ခါးပိုက်နှိုက်များနှင့် ငွေလျှောက်လိမ်သူများအား [illegible]နှိမ်နင်းသည့်ဌာနကို ကွပ်ကဲခဲ့ဖူးသူဖြစ်သည်။

ဘီဟာန်သည် သူ၏ လုပ်ငန်းအချို့၌ စပိန်ဘာသာစကားတတ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုအား တစ်ခါတရံ ခေတ္တခေါ်ယူ အသုံးချခဲ့ဖူးလေသည်။

ထိုအချိန်မှစ၍ ဆာပီကိုနှင့် သိကျွမ်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကပ္ပတိန် ဘီဟန်သည် ဘာသာတရား ကိုင်းရှိုင်းပြီး ဘုရားရှိခိုးကျောင်း မှန်မှန်တက်ဆွေ ရှိသူ လူရိုးလူဖြောင့်တစ်ယောက်ပင်ဖြစ်သည်။

ထိုကြောင့် ဆာပီကိုက သူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စတွင် ကပ္ပတိန် ထံ ချဉ်းကပ်အကြံဉာဏ်တောင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ပထမခြေလှမ်းအနေဖြင့် ဆာပီကိုသည် ကပ္ပတိန် ဘီဟန်၏ နေအိမ်သို့ တယ်လီဖုန်းဆက်၍ စကားပြောကြည့်လေသည်။ အသေးစိတ် မပြောသော် လည်း လောလောဆယ် သူ တာဝန်ကျနေသော နေရာ၌ မပျော်ပိုက်ကြောင်း ပြောလိုက်ပြီးနောက် တိုင်းအမှတ် ၇ တွင် အလုပ်လုပ်ရလျှင် မည်သို့နေမည် ကို သိလိုကြောင်း၊ အကယ်၍ လက်ရှိလုပ်နေသောနေရာ မထူးပါက ဌာနချုပ် အသစ်ဖွင့်မည့် စပိန်ဘာသာစကား တတ်သူများဌာနသို့ ပြောင်းလုပ်ရန် ရည် ရွယ်ကြောင်း ပြောလိုက်သည်။

ကပ္ပတိန် ဘီဟန်ကလည်း ဆာပီကို ဖုန်းဆက်အကြံဉာဏ်တောင်းခြင်း မှာ မှန်ကန်ကြောင်း၊ တိုင်းအမှတ် ၇ မှ အရာရှိတစ်ဦး ရှယ်ရီဒန်ဆိုသူသည် မိမိ၏ အိမ်နီးချင်းဖြစ်၍ ဆက်သွယ်စုံစမ်း မေးမြန်းပြီး ညဘက်မှ အကြောင်း ပြန်မည်ဟု ပြောပြောလေသည်။

ဆာပီကိုက ထိုနေ့ညဘက် နောက်တစ်ကြိမ် တယ်လီဖုန်းဆက်ကြည့် သောအခါ ကပ္ပတိန်ဘီဟန်သည် အဆင်သင့် အဖြေပေးနိုင်လေသည်။

သူ၏ ပြောပြချက်က ဤသို့ဖြစ်လေသည်။

ကပ္ပတိန် ဘီဟန်က ရှယ်ရီဒန်အား တိုင်းအမှတ် ၇ တွင် စပိန်ဘာသာ စကား တတ်ကျွမ်းပြီး ထောက်လှမ်းရေးတာဝန်နှင့် အထူးသင့်လျော်သူ တစ်ဦး သုံးနိုင်ပါမည်လောဟု မေးခဲ့သည်။ ထိုပုဂ္ဂိုလ်သည် စပိန်ဘာသာစကား ကျွမ်းကျင်ရုံမက နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထားသဖြင့် အရပ်ဝတ် ထောက် လှမ်းရေးတာဝန်ပေးလျှင် အထူးသင့်လျော်မည်ဖြစ်ကြောင်းကိုလည်း ပြော သည်။

ရှယ်ရီဒန်ကလည်း အဆိုပါ အရည်အချင်း ရှိသူမျိုးဆိုလျှင် သုံးနိုင် မည်ဖြစ်ကြောင်း ပြန်ပြောသည်ဟုဆိုသည်။

ထိုအခါ ကပ္ပတိန်ဘီဟန်က သူ ထောက်ခံပြောဆိုနေသော ပုဂ္ဂိုလ်သည်



တိုင်းအမှတ် ၇ သို့ ပြောင်းရွှေ့ရမည့်ဆဲဆဲ ဖြစ်နေကြောင်း၊ သို့သော် သူသည် ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု များနေခြင်းကို စိတ်ပျက်နေကြောင်း ထောက်ပြောလိုက်ပြန်သည်။

ဤတွင် ရှယ်ရီဒန်က ထိုကိစ္စနှင့်ပတ်သက်၍ စိုးရိမ်စရာ မလိုကြောင်း၊ တိုင်းအမှတ် (၇) မှ ရဲတပ်ဖွဲ့ဝင်များသည် အလွန်သန့်ရှင်းရိုးဖြောင့်သူများ ဖြစ်ကြောင်း အာမခံချက်ပေးလိုက်သည်ဟု ဆိုလေသည်။

ယင်းသို့ ကပ္ပတိန်ဘီဟန်ထံမှ အကျိုးအကြောင်း သိရပြီးနောက် ဆာပီကိုသည် ရဲတပ်ဖွဲ့ဌာနချုပ်၌ အသစ်ဖွင့်သည့်ဌာနသို့ ဝင်လုပ်ရန် ကမ်း လှမ်းချက်ကို ငြင်းပယ်လိုက်လေသည်။

ထိုအချိန်၌ သူ့အနေဖြင့် ‘လုပ်သက်ခွင့်’ တစ်လရခွင့် ရှိနေလေရာ နယူးယောက်မြို့မှ ခပ်ဝေးဝေး တစ်နေရာသို့ သွားရောက်၍ စိတ်ပြေလက် ပျောက် အပန်းဖြေရန် ဆုံးဖြတ်လိုက်သည်။

တစ်ချိန်က ဆာပီကိုသည် ‘ဘဲလေး’ အကသင်တန်း တက်နေသော ‘ဖင်လန်’လူမျိုး မိန်းကလေးတစ်ဦးနှင့် ကျွမ်းဝင်ရည်ငံခဲ့ဖူးရာ ထိုမိန်းကလေး ပြန်သွားစဉ်က ဆာပီကိုအား မိမိတို့ ဖင်လန်နိုင်ငံသို့ အလည်အပတ် လာခဲ့ ပါလည်း ဖိတ်ခေါ်သွားလေသည်။

ထိုအကြောင်း ပြန်လည်သတိရသည်တွင် ဆာပီကိုသည် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့တော်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ဖင်လန်နိုင်ငံသို့ ရောက်သွားသောအခါ ဆာပီကိုသည် အထူးပျော်ရွှင် ခဲ့သည်မိသလောက် စိတ်လည်း ကြည်လင်လန်းဆန်းလာလေသည်။ သူ၏ ယခင်ဟောင်း ‘ဘဲလေး’အက သင်တန်းသူ မိန်းကလေးကလည်း ဝမ်းသာ အားရှိစွာ ကြိုဆိုပြီး ဧည့်ခံပြုစုခဲ့လေသည်။

ကမ္ဘာလှည့်ခရီးသွား ဧည့်သည်တစ်ဦးအဖြစ် ရုရှနိုင်ငံ နယ်စပ်ထိအောင် ရောက်လည်ပတ်ခြင်းကိုလည်း ဆာပီကိုသည် အလွန်ကျေနပ် သဘောကျ ခဲ့သည်။

တစ်ညတွင် သူ၏အဖော် မိန်းကလေးက ညကလပ်တစ်ခုသို့ ခေါ်သွား ပြီး အမေရိကန် ကျေလက်ရှိ ပါးသီချင်းများ သိဆိုသူတစ်ဦးနှင့် မိတ်ဆက်ပေး ရာ ဆာပီကို ကိုယ်တိုင် ထိုအဆိုတော်နှင့်အတူတွဲ၍ ရိုးရာသီချင်းအချို့ကို ဆိုသည်မှာ အလွန်ပျော်စရာ ကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖင်လန်နိုင်ငံမှ အပြန်တွင် ဆာပီကိုသည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ ခေတ္တဝင်လည်ခဲ့သေးသည်။

ထိုမြို့တွင် အလွန်လှပကျော့ရှင်းသော မိန်းကလေးတစ်ဦးနှင့် တွေ့ဆုံ သိကျွမ်းရာမှ ခင်မင်ရင်းနှီးသွားကာ ထိုမိန်းကလေးကပင် အိမ်ရှင်အဖြစ် ဆာပီကိုအား တာဝန်ယူပြီး လည်ပတ်ကြည့်ရှုစရာ နေရာအားလုံးသို့ လိုက်ပို့ခဲ့သည်။

မိန်းကလေးက အင်္ဂလိပ်စကား ကောင်းစွာတတ်ကျွမ်း၍လည်း ပိုမို အဆင်ပြေကာ ဆာပီကိုသည် ဆွီဒင်နိုင်ငံတွင် ခေတ္တဝင်နားရသည်ကို အလွန် ဆင့်ချင် ကျေနပ်ခဲ့လေသည်။

ဤသို့လျှင် တစ်လကြာမျှ ဥရောပသို့ ခရီးထွက်၍ အပန်းဖြေလည် ပတ်ခဲ့ပြီးနောက် ဆာပီကိုသည် ဒီဇင်ဘာလလယ်လောက်တွင် နယူးယောက် မြို့သို့ ပြန်လာခဲ့လေသည်။

ထိုအခါန်တွင် စိတ်ရောကိုယ်ပါ လန်းဆန်းနေကာ ရဲတပ်ဖွဲ့တိုင်းအမှတ် ၇ သို့ အလုပ်ဝင်ရန် အသင့်ဖြစ်နေပေပြီ။

❒



# အခန်း (၉)

တိုင်းအမှတ် ၇ မှ အရပ်ဝတ် ရဲအဖွဲ့ဝင်များ လိုက်နာရန် ပြဋ္ဌာန်းထားသည့် နည်းကမ်း ညွှန်ကြားချက်များအနက် အချက်တစ်ချက်မှာ ‘ရဲထပ်ဖွဲ့ဝင်များသည် ကိုယ်ကျင့်တရား မပျက်ပြားရန်နှင့် အများက ဝေဖန်ရှုတ်ချခြင်းခံရမည့် အပြု အမူများကို အထူးသတိထားရှောင်ရမည်’ဟူသော အချက်တစ်ချက်ပင် ဖြစ်သည်။

တိုင်းအမှတ် ၇ အနေဖြင့် ရဲစခန်း ၄ စခန်းပိုင် နယ်မြေကို တာဝန်ယူ ကွပ်ကဲရလေရာ ယင်းနယ်မြေ ဧရိယာအတွင်း လူဦးရေက ငါးသိန်းကျော် ရှိလေသည်။ အားကစားလောကတွင် ကမ္ဘာကျော်အောင် နာမည်ကြီးသော ယန်ကီး အားကစားရုံကြီးသည်လည်း ယင်းနယ်မြေအတွင်း တည်ရှိလေသည်။

နေထိုင်သူ လူဦးရေအများစုမှာ အီတလီ လူမျိုးအနွယ်များနှင့် ဂျူးလူမျိုး တို့ဖြစ်ပြီး စပိန်ဘာသာ စကားပြောသူ ပိုတိုရီကိုနယ်သားများနှင့် ကပ္ပလီ လူမည်း (နီဂရိုး)အုပ်စု အနည်းငယ်လည်း ရှိပေသည်။

လူမျိုးအုပ်စုအားဖြင့် များသလောက် တရားဥပဒေစိုးမိုးရေး အခြေအနေက ကောင်းလှချေ။

တိုင်းအမှတ် ၇ လက်အောက်ရှိ ယူနီဖောင်းဝတ် ရဲများနှင့် အရပ်ဝတ် အဖွဲ့ဝင်အားလုံးကို တာဝန်ယူ ကွပ်ကဲရသူကား ဒုတိယရဲမှူးချုပ် (အင်စပက် တော်)တစ်ဦး ဖြစ်လေသည်။

ထိုလူ၏ လက်အောက်အရာရှိကား ဆာပီကိုအား ထောက်ခံပြောဆို ပေးခဲ့သူ ကပ္ပတိန်ဗီဟန်၏ အိမ်နီးချင်းမိတ်ဆွေ ရှယ်ရီဒန်ပင်ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ရာထူးအဆင့်တူသော ဒုတိယရဲမှူးကြီး နောက်တစ်ဦးလည်း ရှိသေးသည်။

အရပ်ဝတ် ရဲအဖွဲ့ဝင်အင်အားမှာ ၁၆ ဦးရှိရာ ၎င်းတို့အား တိုက်ရိုက်ကွပ်ကဲရသူ လက်ဖတင်နင်နှစ်ဦး ရှိလေသည်။

အရပ်ဝတ်ရဲအဖွဲ့ဝင်များ၏ ရုံးခန်းအဖြစ် အမှတ် ၄၈ စခန်းရုံး ဒုတိယထပ်ရှိ အခန်းတစ်ခန်း သီးသန့်ပေးထားလေသည်။ ပရိဘောဂအားဖြင့် စားပွဲဟောင်းများသာ ရှိသည်။

ရုံးခန်း၏ နံရံတွင်ကား ကျောက်သင်ပုန်းကြီးတစ်ချပ်ရှိပြီး အဖွဲ့ဝင်များ၏ နာမည်များနှင့်တကွ အမည်နှင့်ယှဉ်လျက် လာစဉ်ဖမ်းဆီးရမိသည့် အမှုများကို မြေဖြူဖြင့် ရေးသားထားလေသည်။

ယင်းရုံးခန်း၏ ဝဲဘက်ရှိ တံခါးမှထွက်လျှင် တိုင်းတပ်ဖွဲ့မှူးကြီး၏ ရုံးခန်းနှင့် ဒုရဲမှူးကြီးနှစ်ဦး၏ ရုံးခန်းများသို့ သွားနိုင်ပေသည်။

တိုင်းအမှတ် ၇ သို့ ဆာပီကို သွားရောက် သတင်းပို့သောအချိန်မှာ ခရစ္စမတ်ပွဲတော်ရာသီဖြစ်နေ၍ ရုံးတွင် အရပ်ဝတ်ရဲအဖွဲ့ဝင်အချို့သာလျှင် ရှိနေလေသည်။

သတင်းပို့သည့်နေ့က သူ့အား လက်ခံတွေ့ဆုံသော တာဝန်ကျအရာရှိ (လက်ဖတင်နင်)က ဆာပီကိုသည် အဖော်တစ်ဦးနှင့်တွဲ၍ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သို့သော် လစဉ် ခွဲတမ်းသဘောမျိုးဖြင့် အဖွဲ့ဝင်တစ်ဦးလျှင် အနည်းဆုံး အမှုနှစ်ခု၊ သို့မဟုတ် နှစ်ယောက်တွဲတစ်ဖွဲ့အနေဖြင့် အမှုလေးမှု ဖမ်းဆီးနိုင်ရမည်ဖြစ်ကြောင်း ပြောပြလေသည်။

တာဝန်ထမ်းဆောင်နေစဉ် သွားလာသည့် မိမိတို့ မော်တော်ကားရှေ့မှန်တွင် ကပ်ထားရန် 'တိုင်းအမှတ် ၇ တာဝန်'ဟု ရေးထားသည့် ကတ်ပြား တစ်ခုကိုလည်း ထုတ်ပေးသည်။

ရုံးတွင် ရဲအဖွဲ့ဝင်များအတွက် ကော်ဖီဆိုင်တစ်ဆိုင် ဖွင့်ထားပြီး တစ်လလျှင် ဒေါ်လာငွေ သုံးဒေါ်လာ ပေးရမည်ဟုလည်း သိရသည်။ ဆာပီကိုက သူသည် ကော်ဖီမသောက်တတ်၊ လက်ဖက်ရည်သာ သောက်လေ့ရှိကြောင်း ပြောပြရာ လူတစ်ယောက်က နောက်သလို ပြောင်သလိုနှင့်-

"လက်ဖက်ရည်မှ သောက်တတ်တဲ့ ရဲဆိုရင် စိတ်မချရဘူး"

ဟု မကြားတကြား ပြောလေသည်။

သို့သော် ဆာပီကိုက ဂရုမစိုက်ချေ။



အလုပ်ဝင်ရန် သတင်းပို့ပြီး နောက်တစ်နေ့မှာပင် ဆာပီကိုသည် အသိမိတ်ဆွေဟောင်းတစ်ဦးနှင့် ဌာနချုပ်ရုံးတွင် ဆုံမိလေသည်။ ထိုလူမှာ ယခင် အမှတ် ၇၀ ရဲစခန်းမှ အရပ်ဝတ်ရဲအဖွဲ့ဝင်ဟောင်း ရောဘတ်ဆိုသူပင် ဖြစ်သည်။

ရောဘတ်သည် အသက် ၂၉ နှစ်ရွယ် ဗလကောင်းကောင်း လူတစ်ယောက်ဖြစ်ပြီး ကျွဲကော်ကိုင်း မျက်မှန်တပ်ထားသူ ဖြစ်သည်။ ရဲအဖွဲ့သို့ ဝင်ရောက်အမှုမထမ်းမီက စိန်ဂျွန်းတက္ကသိုလ်မှ ဘွဲ့ရထားပြီးသူလည်းဖြစ်သည်။

ရောဘတ်သည် ဆာပီကိုအား တွေ့တွေ့ချင်း ပခုံးကိုပုတ်၍ ဝမ်းသာအားရ နှုတ်ဆက်လေသည်။

ဆာပီကိုကလည်း ယခင် အမှတ် ၈၀ ရဲစခန်းမှာ ရှိစဉ်ကပင် ရင်းနှီးခဲ့သဖြင့် ရောဘတ်အား ကောင်းစွာမှတ်မိလေသည်။

၁၉၆၇ ခု နှစ်ဆန်းတစ်ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်၍ နောက်တစ်နေ့ (ဘနလ်ာနေ့)ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်လေရာ ဆာပီကိုမှာ လူသစ်တစ်ဦးအဖြစ် ထိုနေ့တွင် တာဝန်ကျလေသည်။

တာဝန်ထမ်းဆောင်ရန်အတွက် နံနက်စောစော ရုံးသို့သွားသောအခါ သူ၏ မိတ်ဆွေဟောင်း ရောဘတ် စောင့်နေသည်ကို တွေ့ရသဖြင့် အံ့ဩမိလေသည်။

ရောဘတ်သည် ဆာပီကိုအား ဝမ်းသာအားရစွာဖြင့်ပင် ဆီးကြိုနှုတ်ဆက်ပြီးနောက် ဤဌာနသို့ ဆာပီကို ပြောင်းရွှေ့လာရသည့်အတွက် အထူးဝမ်းမြောက်ကြောင်း၊ တိုင်းအမှတ် (၇) တွင် အလုပ်လုပ်ရသည်မှာ သဘောကျစရာ ကောင်းကြောင်း၊ မည်သူကမျှ အနှောင့်အယှက်ပေးလေ့မရှိကြောင်း စသည်ဖြင့် အားပေးစကား ပြောလေသည်။

ထိုနောက် ရောဘတ်က သူသည် တိုင်ချက်တစ်ခုနှင့် ပတ်သက်၍ သွားရောက်စုံစမ်းရန် ရှိသဖြင့် ဆာပီကိုလည်း အတူလိုက်ခဲ့စေလိုကြောင်း၊ အကယ်၍ အမှုမှန်ပြီး ဖမ်းဆီးရပါက ယင်းဖမ်းဆီးမှုကို ဆာပီကိုဖမ်းသည်ဟု နာမည်ကောင်းရအောင် ဖန်တီးပေးမည်ဟု ပြောလေသည်။

ဆာပီကိုလည်း သဘောတူလိုက်သဖြင့် ရောဘတ်သည် သူ၏ မော်တော်ကားဖြင့်ခေါ်၍ နာမည်ကျော် 'ယန်ကီး' အားကစားရုံ၏ မြောက်ဘက်တစ်နေရာသို့ မောင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၏ တစ်ဖက်တွင် စားသောက်ဆိုင်တစ်ဆိုင်ရှိပြီး အခြားတစ်ဖက်တွင်မှ 'ဘား'အရက်ဆိုင် ရှိလေသည်။

သူတို့ ရောက်သွားချိန်မှာ နံနက် ၁၁ နာရီခွဲခန့်ဖြစ်ရာ အလွန်စောလှသေးသော်လည်း ဘားအရက်ဆိုင်တွင် လူအတော်များများ ရောက်နေပြီဖြစ်သည်။

တယ်လီဗီးရှင်း (ရုပ်မြင်သံကြား) စက်တစ်ခု ဖွင့်ထားသည်ကိုလည်း တွေ့ရသည်။

အရက်ရောင်းသော ဘားကောင်တာ၏ တစ်ဖက်အစွန်နားတွင် အညိုရောင်ဝတ်စုံ ခပ်ပွပွဝတ်ထားသူ ထိပ်ပြောင်ပြောင်နှင့် လူခပ်ဝဝတစ်ယောက်သည် ခုံခြေတစ်လုံးပေါ်ထိုင်လျက် သူ၏ရှေ့၌ ကော်ဖီတစ်ခွက် ချထားလေသည်၊

ထိုလူသည် အီတလီလူမျိုး အနွယ်ဖြစ်ပြီး နာမည်က 'ထရိုဗို'ဖြစ်ကြောင်း ဆာပီကိုက နောက်မှသိရလေသည်။

ထရိုဗိုဆိုသူ ထိုင်နေရာ၏ ဘေးဘက်နားတွင် တယ်လီဖုန်းရှိရာ တယ်လီဖုန်း မကြာခဏလာတိုင်း သူကိုယ်တိုင်ထ၍ စကားပြောလေ့ရှိသည်။

ဆာပီကိုနှင့် ရောဘတ်တို့သည် ဘားကောင်တာအနီးသို့သွား၍ အကဲခတ်ကြည့်နေစဉ် မကြာခဏဆိုသလို ပြင်ဘက်မှလူများ တစ်ယောက်ပြီးတစ်ယောက်လာပြီး ထရိုဗိုရှိရာသို့ တိုက်ရိုက်လျှောက်သွားကြသည်။ ခေတ္တမျှ တီးတိုးစကားပြောပြီးလျှင် ထရိုဗိုက စာရွက်တစ်ရွက်၌ တစ်စုံတစ်ခု ရေးပေးလိုက်သောအခါ ထိုလူက စာရွက်ကိုယူပြီး ပြန်ထွက်သွားလေသည်။

ထိုအခြင်းအရာကို မြင်ရုံနှင့် ဆာပီကိုက အဓိပ္ပာယ်ကို သိလိုက်ပြီဖြစ်သည်။

ထရိုဗိုဆိုသူသည် ထိုရက်အတွင်းက နာမည်ကြီး ဘောလုံးပွဲများနှင့် ပတ်သက်၍ လောင်းကစားခြင်းများ လက်ခံပြုလုပ်နေကြောင်း ထင်ရှားနေရာ ဥပဒေအရ ပိတ်ပင်တားမြစ်ထားပါလျက် အဘယ်ကြောင့် ယခု ပြောင်ကျကျ အရက်ဆိုင်အတွင်း လောင်းကစားမှုများ လက်ခံလုပ်နေနိုင်ပါသနည်းဟု ဆာပီကိုက အံ့သြနေမိလေသည်။

ဆာပီကိုတို့သည် ဘီယာတစ်လုံးစီ မှာသောက်နေရင်း သူ၏အဖော်



ရောဘတ်သည် ထရိုဗိုဆိုသူ လုပ်နေပုံကိုကြည့်ပြီး ဒေါသထွက်နေဟန် တူလေသည်။

ခဏမျှကြာသော် ရောဘတ်သည် ထိုင်ရာမှထလျက် ထရိုဗိုရှိရာသို့ ခပ်သွက်သွက် လျှောက်သွားရာ ဆာပီကိုလည်း နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။

ရောဘတ်သည် ထရိုဗို၏ လက်မောင်းတစ်ဖက်ကို ခပ်ကြမ်းကြမ်း ဖမ်းဆုပ်ကိုင်လိုက်သည်။

“ဟေ့လူ၊ ခင်ဗျားကို ကျုပ်တို့ သတိပေးထားတယ် မဟုတ်လား၊ ဒီနေရာမှာ ပြောင်မလုပ်ပါနဲ့လို့၊ အခုတော့ မတတ်နိုင်ဘူး၊ စခန်းကို သတင်းပေးတိုင်တဲ့လူလည်း ရှိနေတော့ ခင်ဗျားကို ကျုပ်တို့ ဖမ်းရမှာပဲ”

“ဟာ… ဟုတ်လား၊ ကျုပ်ဖြင့် ဘာမှမသိပါလား၊ ဘယ်သူကမှလည်း ကျုပ်ကို မပြောဘူး”

ထရိုဗိုက အံ့အားသင့်စွာဖြင့် ပြောသော်လည်းရောဘတ်က လက်မခံချေ၊

“ဒါမျိုးလာပြောလို့ မရဘူးဗျ၊ ရဲစခန်းကိုသာ လိုက်ခဲ့ပေတော့”

ဤတွင် ထရိုဗိုသည် ဆာပီကိုဘက်သို့ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ရောဘတ်နားသို့ကပ်၍–

“ဒီမယ် မောင်ရင်တို့ နှစ်ယောက်ကို ကျုပ်က ဒေါ်လာငွေ တစ်ရာတန် [illegible]ငှက်စီ ပေးပါ့မယ်”

ဟု ပြောလေသည်။

“မလိုချင်ဘူး၊ လာ သွားကြမယ်”

ရောဘတ်က ခပ်ထန်ထန်ပြောသောအခါ ထရိုဗိုသည် ထပ်မံ၍ ဈေးဆစ်ပြန်လေသည်။

“ဒီမယ်၊ ကျုပ် ဒေါ်လာလေးရာပေးပါ့မယ်၊ အဲဒါ ကျုပ်မှာပါတဲ့ငွေ [illegible]းပါပဲ”

ထိုအခါ ရောဘတ်က ထရိုဗို၏ လက်မောင်းကို ဖမ်းဆုပ်ထားရာမှ လွှတ်လိုက်သည်။

“ကျုပ်ပြောပြီးပြီ မဟုတ်လား၊ ဒီကိစ္စကို သတင်းပေးတိုင်ချက်ရှိ[illegible] ခင်ဗျားကို ဖမ်းရမှာပဲ၊ ရဲစခန်းကိုတော့ လိုက်ခဲ့ရမယ်၊ [illegible] သက်[illegible] ကျုပ်တို့ ကြည့်လုပ်ပေးမယ်၊ အဲဒါပဲ တတ်နိုင်မယ်”

www.burmeseclassic.com

www.burmeseclassic.com



‘သက်သာအောင် ကြည့်လုပ်ပေးမယ်’ဆိုသော စကား၏ အဓိပ္ပာယ်ကို ဆာပီကိုက ကောင်းစွာနားလည်နေပြီဖြစ်သည်။ တရားခံတစ်ဦးအား ဖမ်းဆီးသည့် ရဲအရာရှိက စွဲချက်ရေးတင်ရာတွင် ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များ ရှိနေအောင် ကြံဖန်ရေးတင်ခြင်းအားဖြင့် တရားရုံး၌ တရားခံ၏ရှေ့နေက အလွယ်တကူ လျှောက်လဲပြီး ချက်ချင်း တရားခံကို လွှတ်ပစ်အောင် လုပ်နည်း ပင်ဖြစ်သည်။

ဤနည်းအားဖြင့် ရဲအရာရှိများသည် နာမည်ကောင်းရရန် အမှုတစ်မှု အဖမ်းပြပြီးမှ လာဘ်ငွေလည်း တစ်ဖက်စားကာ တရားခံအား သက်သာအောင် ကြည့်လုပ်ပေးလေ့ ရှိကြသည်။

ဆာပီကိုသည် သူ၏ မျက်စိရှေ့မှောက်တွင် လောင်းကစားဒိုင် ထရိဇို နှင့် သူ၏အဖော် ရောဘတ်တို့ အပြန်အလှန် ပြောနေသံကြားနေရသောအခါ စိတ်ပျက်ပျက် နောက်ပြန်ဆုတ်ပြီး ,ခပ်ခွာခွာ နေလိုက်သည်။

ထရိဇိုသည် ဆက်လက်၍ ဈေးဆစ်ဟန်ဖြင့် ကပ်ပြောနေခိုက် ရောဘတ် က ခေါင်းကိုသာ တွင်တွင်ခါနေလေသည်။

နောက်ဆုံးတွင် ရောဘတ်သည် ထရိဇိုအား တံခါးဝဆီသို့ ခေါ်သွား ရင်း၀

“ခင်ဗျားကိုက လွန်တယ်၊ ကြိုတင်သတိပေးထားရက်နဲ့ အတင့်ရဲလွန်း တာကိုး”

ဟု ပြောလေသည်။

ထရိဇိုကမူ အလျှော့မပေးလိုသေးချေ။

“ဒီမယ် မောင်ရင်၊ ကျုပ်အိမ်က မိန်းမနဲ့ ကလေးတွေက ညစာအတူ စားဖို့ စောင့်နေကြလိမ့်မယ်၊ အိမ်ပြန်ချင်တယ်ဗျ”

“ဒါတော့ ခင်ဗျား ရဲစခန်းရောက်မှ အိမ်ကို ဖုန်းဆက်ပြီး အပြန်နောက် ကျမယ်လို့ ပြောလိုက်ပေါ့၊ အဆင်သင့်ရင်ဒီနေ့ ညနေဘက်ပဲ ရုံးတင်ပြီး ခင်ဗျား အိမ်ပြန်ခွင့်ရနိုင်ပါတယ်”

ဤသို့ပြောပြီး ရောဘတ်သည် ထရိဇိုကိုပါ ကားပေါ်တင်၍ ရဲစခန်းသို့ မောင်းသွားလေသည်။

ဆာပီကိုသည် အခြေအနေကို စိတ်ပျက်မိသဖြင့် ရဲစခန်းသို့ ရောက်အောင်



ခါတွင်လည်း ထရိဇို၏အမှုတွင် လုံးဝဝင်မပါတော့ဘဲ ရောဘတ်ကိုသာ က်လက်ကိုင်တွယ်စေပြီး ထွက်လာခဲ့လေသည်။

သူယခု ရောက်လာသော ရပ်ကွက်မှာ အသစ်ဖြစ်၍ ကျွမ်းကျင်သိရှိ းအောင် လှည့်ပတ်လေ့လာ ကြည့်နေလိုက်သည်။ သူ့မိတ်ဆွေ ရောဘတ် လောင်းကစားသမား ထရိဇိုတို့ကိစ္စကို မေ့ပျောက်စေရန်လည်း ရည်ရွယ် ဖြင့် ပြင်ဘက်သို့ ထွက်ခဲ့ခြင်းဖြစ်သည်။

နောက်တစ်နေ့နံနက် သူ ရုံးတက်လာသောအခါ ယမန်နေ့က ဖြစ်ရပ် သို့ အဆုံးသတ်သွားသည်ကို သိရလေတော့သည်။

ရောဘတ်က ရောက်နှင့်နေပြီး ဆာပီကိုကို မြင်မြင်ချင်း လူရှင်းသော နေရာသို့ ခေါ်သွားပြီး သေသပ်စွာ ခေါက်ထားသော ဒေါ်လာတစ်ရာသန် ဘူတစ်ရွက်ကို အသာလက်ထဲ ထည့်ပေးလိုက်လေသည်။

“ဟိုသတ္တဝါကြီးက သူ့ကို အဖမ်းပြလို့ဆိုပြီး ဒေါ်လာ နှစ်ရာတည်း ယ်ဗျ”

သို့သော် ဆာပီကိုက ထိုငွေကို လက်မခံချေ။

“တရားခံကို ဖမ်းတာက သူငယ်ချင်းဖမ်းတာ မဟုတ်လား၊ ဒါကြောင့် ားပဲ ယူလိုက်ပါ၊ ကျုပ်က ငွေမလိုချင်ဘူး”

“ဟော့... သေချာရဲ့လား သူငယ်ချင်း၊ မောင်ရင် ဒီငွေကို မလိုချင်ဘူး ”

“သေချာပါတယ်၊ ကျုပ်က တကယ် မယူချင်တာပါ”

ဆာပီကိုက ထပ်မံ၍ ပြောလိုက်သောအခါ ရောဘတ်သည် ခေတ္တမျှ းနေပြီးနောက်–

“ကိုင်း... ခဏလိုက်ခဲ့စမ်းပါ၊ စကားပြောကြရအောင်”

ဟု ခေါ်လေသည်။

ဆာပီကိုလည်း လိုက်သွားရာ ရောဘတ်က မော်တော်ကား မောင်း င်း ဆွယ်တရား ဟောပြန်သည်။

“ဟော့ ဆာပီကို၊ မောင်ရင်ကို တစ်ခုပြောချင်တယ်၊ အခု အမှုထမ်းတာ ောက်ကြာပြီလဲ”

“ခုနစ်နှစ်လောက် ရှိပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ အခုလို အရပ်ဝတ်ရဲအဖွဲ့မှာ တာဝန်ကျတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲဆိုတာ သိရဲ့လား"

"နည်းနည်းပါးပါးတော့ ရိပ်မိပါတယ်"

"ဒီမယ်၊ ကျုပ် ပြောချင်တာက ဒီအဖွဲ့မှာ တာဝန်ကျနေတုန်း မောင်ရင် ငွေကို လွယ်လွယ်နဲ့ များများရနိုင်တယ်ဗျ"

"ဘာကို ဆိုလိုတာလဲ"

ဆာပီကိုက နားမလည်ဟန်ဖြင့် ထပ်မေးရာ ရောဘတ်ကလည်း ရှင်းပြလေသည်။

"ကျုပ် ဆိုလိုတာက မောင်ရင့်အနေနဲ့ တစ်လကို ဒေါ်လာငွေ ရှစ်ရာလောက် အနည်းဆုံး လွယ်လွယ်လေးနဲ့ ရနိုင်တယ်လို့ ဆိုလိုတာပဲ"

"ဒါလောက်ပဲ လွယ်သလား"

"အေးဗျ၊ လွယ်တယ်၊ ဒီမယ် ကျုပ် ရှင်းရှင်းပြောပြမယ်"

ဤသို့ စကားစပြီးခါမှ ရောဘတ်သည် သူဆက်ပြောမည့်စကားကို မပြောသေးဘဲ စဉ်းစားလိုက်ဟန်ဖြင့် စကားဖြတ်ပြီး ကားကို ဆက်မောင်းနေပြန်သည်။

ခေတ္တမျှကြာတော့မှ ဆက်ပြောလေသည်။

"ဒီလိုပါ သူငယ်ချင်း၊ ကျုပ်တို့ အရပ်ဝတ်ရဲတပ်ဖွဲ့ထဲ မောင်ရင်ပြောင်းလာမယ်ဆိုတော့ မောင်ရင်နဲ့ပတ်သက်လို့ တစ်ယောက်ယောက်က ကြိုတင် သတိပေးခဲ့တယ်၊ ဘယ်သူရယ်လို့တော့ ကျုပ်လည်း မသိဘူး၊ ဆိုလိုရင်းကတော့ ဆာပီကိုဆိုတဲ့လူဟာ စိတ်မချရဘူးတဲ့"

ဤတွင် ဆာပီကိုက ရယ်မောလိုက်သည်။

"နေပါဦးဗျ၊ ကျုပ်က စိတ်မချရဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ၊ ကျုပ်ဟာ အများနည်းတူ လာဘ်ငွေယူလို့ မလိုလားဘူးဆိုတဲ့ သဘောလား"

"အေး၊ အဲဒီသဘောမျိုးပဲ ဆိုပါတော့၊ ဒါက အရေးမကြီးပါဘူး၊ ကျုပ်က ကျန်တဲ့လူတွေကို ကြည့်ပြောလိုက်ပါတယ်၊ မောင်ရင့်ကို ကျုပ်သိတာကြာပြီမို့ ဘာမှစိုးရိမ်ကြောင့်ကျနေစရာ မလိုဘူးလို့ ပြောလိုက်တယ်၊ ခက်တာက မောင်ရင်က တခြားရဲအဖွဲ့ဝင်များနဲ့ လုံးဝမရောဘဲ ဘာသိဘာသာ နေလေ့ရှိတယ်၊ ဒါပေမဲ့လည်း ကျုပ်က မောင်ရင်ဟာ 'အိုကေ'ပါလို့ ကျန်တဲ့လူတွေကို ထပ်ပြောလိုက်တယ်၊ ပြီးတော့ မောင်ရင့်အနေနဲ့ ဘဝတူ ရဲအဖွဲ့ဝင်



ချင်းချင်း ဒုက္ခရောက်အောင် ချောက်တွန်းမှ မဟုတ်ဘူးလို့လည်း ပြောလိုက်တယ်"

ထိုစကားကို ဆာပီကိုက မည်သို့မျှ ပြန်မပြောဘဲနေရာ ရောဘတ်ကပင် ဆက်ပြောပြန်သည်။

"ဟုတ်တယ်မဟုတ်လားဗျ၊ သူငယ်ချင်းအနေနဲ့ တခြားရဲတစ်ဦးကို ထိခိုက်အောင် မလုပ်ဘူးမဟုတ်လား"

"ထိခိုက်အောင် လုပ်တယ်ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ"

"ဒီလိုလေဗျ၊ ကျုပ်တို့နဲ့ ဘဝတူရဲတစ်ယောက် ဒုက္ခရောက်အောင် မောင်ရင်က ဘာမှမလုပ်ဘူး မဟုတ်လားလို့"

"ဒါတော့ အဲဒီရဲက ဘာလုပ်သလဲဆိုတာအပေါ် မူတည်မှာပေါ့ဗျ"

ဆာပီကို၏အဖြေကို ရောဘတ်သည် သဘောကျဟန် မတူချေ။

"ဟာ... သူငယ်ချင်းကလည်း ဒီအရပ်ဝတ် ရဲအဖွဲ့ဝင်တွေက ဘာမှ မလုပ်ပါဘူးဗျ၊ အလွန်ဆုံး လောင်းကစားဒိုင်တွေဆီက ငွေနည်းနည်းပါးပါး ကောက်ခံယူတာမျိုးလောက်ပဲရှိမယ်၊ ဒါဟာလည်း မောင်ရင်သိတဲ့အတိုင်း တရားဝင် လောင်းကစားမှုတွေက ရှိနေမှာပဲ၊ အဲဒီလောင်းကစားဒိုင်တွေက သူတို့ကို နှောင့်ယှက်အောင်ဆိုပြီး ကျုပ်တို့ငွေကို ငွေပေးလေ့ရှိတယ်"

ဤသို့ပြောပြီး ရောဘတ်သည် မော်တော်ကားကို ဆက်မောင်းနေပြန်သည်။

ဆာပီကိုကတော့ ဘာစကားမှမပြောဘဲ ငြိမ်ချက်သားကောင်းနေရာ အတန်ကြာသော် ရောဘတ်က အာဝဇ္ဇန်းရွှင်စွာဖြင့် ဆက်ပြောပြန်သည်။

"ဒီမယ် ဆာပီကို၊ မောင်ရင့်ကို တစ်ခုသိစေချင်တာက မောင်ရင့်အနေနဲ့ ဘာပြဿနာမှ မဖြစ်နိုင်ဘူးဆိုတဲ့ အချက်ပဲ၊ ကျုပ်တို့ကလည်း နောက်ပိုင်း ဒုက္ခဖြစ်မဲ့ဟာမျိုးကို ဘယ်တော့မှ မလုပ်ဘူး၊ နောက်ပြီး အလွန်အတဲ့ နက်တဲ့ ကပ္ပလီ (နီဂရိုး) အုပ်စုဆိုရင် ကျုပ်တို့က လုံးဝအဆက်အသွယ် မလုပ်ဘူး၊ သူတို့နဲ့တာ အတာနဲ့ ကျုပ်တို့ပါ ဒုက္ခရောက်သွားနိုင်တယ် မဟုတ်လား၊ အီတလီလူမျိုး အုပ်စုကတော့ တစ်မျိုးဖြစ်တယ်၊ သူတို့က ကောင်းကောင်း စိတ်ချရတဲ့အပြင် ပိရိသေသပ်တယ်၊ ဒါကြောင့် သူတို့လုပ်ချင်တာ လုပ်နိုင်တယ်၊ တခြား အုပ်စုတွေကိုတော့ ကျုပ်တို့က ချမ်းသာမပေးဘဲ အခွင့်သင့်တိုင်း ဖမ်းမှာပဲ၊ နောက်တစ်ခု ရှိသေးတယ်၊ ကျုပ်တို့က နားလည်မှုယူတဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သေသေချာချာ ရွေးထားတယ်၊ နေရာတကာကို ဝင်မှာမဟုတ်ဘူး ဖမ်းသင့်တဲ့အမှုဆိုရင်တော့ ကျုပ်တို့က ဖမ်းမှာပဲ၊ ဒါကြောင့် ဘယ်လိုမှ အန္တရာယ် မရှိနိုင်ဘူး၊ သဘောပေါက်ရဲ့ မဟုတ်လား"

ရောဘတ်က အားရပါးရ ပြောနေသလောက် ဆာပီကိုသည် အင်း လိုက်ရုံလိုက်ကာ လေးနက်စွာ စဉ်းစားနေမိလေသည်။ သူနှင့်ရင်းနှီးပြီး အထင်ကြီးခဲ့မိသော ရောဘတ်လိုလူက ဤစကားမျိုးတွေ ပြောပြနေခြင်းကို မယုံကြည်နိုင်လောက်အောင် အံ့သြနေမိလေသည်။

သို့ရာတွင် ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားခြင်း၊ ဆက်ကြေးငွေယူခြင်းတို့သည် အလွန်ရိုးနေပြီဖြစ်၍ အများနည်းတူ မိုးခါးရေသောက်နေရသူတွေ များနေခြင်း ဖြစ်ရမည်ဟုလည်း တွေးမိပြန်သည်။

ဤအတိုင်းဆိုလျှင် ရဲတပ်ဖွဲ့ဝင်များသည် တစ်ယောက်က ဘာလုပ်လုပ် အခြားတစ်ယောက်က တိုင်ကြားခြင်း၊ အတို့အထောင်လုပ်ခြင်းမျိုးကို မည်သည့် နည်းနှင့်မှ လုပ်မည်မဟုတ်ဟု တထစ်ချ ယုံကြည်နေပုံရသည်။

ယခု သူ့အဖို့ ပြဿနာကား အများနည်းတူ ဝင်ပြီးရောပါက သင့် မသင့်ဟူသော ပြဿနာပင်ဖြစ်သည်။

ရောဘတ်သည် မော်တော်ကားမောင်းရင်းက ဆက်ပြောပြန်လေသည်။

"ဒီမယ် ဆာပီကို၊ မောင်ရင့်အနေနဲ့ ဒီဌာနမှာ ဆက်မလုပ်ချင်ဘူး ဆိုရင်လည်း ပြောပါ၊ တခြားကို ပြောင်းရအောင်လုပ်ဖို့ ကျုပ်တို့မှာ အဆက် အသွယ်ရှိပါတယ်၊ သူငယ်ချင်း သဘောပဲ၊ ဒီမှာပဲ ဆက်လုပ်ချင်သလား"

"ဟာ... ကျုပ်က ဒီမှာပဲ လုပ်ချင်တာပေါ့၊ ဘာဖြစ်လို့ မလုပ်ချင် ရမှာလဲ"

ဆာပီကိုက ဤသို့ ပြောလိုက်သောအခါ ရောဘတ်သည် ကျေနပ် သဘောကျသွားဟန်ဖြင့် အားတက်သရော ဆက်ပြောပြန်လေသည်။

အထူးသဖြင့် အရပ်ဝတ်ရဲအဖွဲ့တွင် အမှုထမ်းရင်း ငွေလွယ်လွယ် ရနိုင်ပုံ အမျိုးမျိုးရှိကြောင်း ပြောပြလေသည်။

"ကျုပ်ပြောသလိုပေါ့ဗျာ၊ တစ်လကို ဒေါ်လာငွေ ၈၀၀ လောက်ဆိုတာ အနည်းဆုံးကိုပြောတာပါ၊ ဘာမှလည်း ပြဿနာမရှိဘူး၊ နောက်ပြီး မောင်ရင်က ဒီကနေပြီး အခြားဌာနကို ပြောင်းရွှေ့သွားရရင်တောင်မှ နောက်ထပ် တစ်လခွဲ လောက်အထိ မောင်ရင့်အတွက် ဝေစုကို ဆက်ရနိုင်သေးတယ်၊ ကိုင်း၊ ဒီတော့



မောင်ရင့်သဘောက ဘယ်လိုလဲ၊ ကျုပ်တို့အထဲမှာ ဝင်ပါမှာလား၊ မပါဘဲနေ မှာလား"

ဤတွင် ဆာပီကိုသည် ရုတ်တရက် အဖြေမပေးသေးဘဲ စဉ်းစားနေရ လေသည်။

ရှေးဦးစွာ အထင်ကြီးစွာဖြင့် သွားတွေ့ခဲ့သော ကပ္ပတိန်ဖိုရမ်၏ အပြုအမူကြောင့် စိတ်ပျက်ခဲ့ရသည်။ ယခုတဖန် သူ၏ မိတ်ဆွေဟောင်း ရောဘတ်က ဆွယ်နေပုံသည်လည်း စိတ်ပျက်စရာ ဖြစ်နေပြန်သည်။

သူ့အနေဖြင့် အထူးအံ့သြမိသည်ကား ရဲတပ်ဖွဲ့ဝင် အများစုက အဂတိ လိုက်စားမှုကို ထမင်းစားရေသောက်သလို ဘာမျှအပြစ်မရှိသော သာမန် ရိုးရိုးလုပ်စဉ် အပြုအမူကဲ့သို့ ပေါ့ပေါ့ဆဆ သဘောထားနေကြခြင်းပင်ဖြစ် သည်။

သို့ဖြစ်စေကာမူ မိတ်ဆွေဖြစ်သူ ရောဘတ်ကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေလိုသဖြင့် ဆာပီကိုက

"ကဲဗျာ၊ ခင်ဗျားတို့လူတွေ ဘာလုပ်လုပ် ကျုပ်က ဂရုမစိုက်ပါဘူး၊ ကျုပ်အဖို့ ဘာပြဿနာမှမဖြစ်ရင် ပြီးတာပဲ"

ဟု ပြောလိုက်လေသည်။

သူ၏အဖြေကို ရောဘတ်က သဘောကျသွားဟန် တူလေသည်။

"အေး ဒီလိုမှပေါ့ သူငယ်ချင်းရဲ့၊ ကျုပ်ဖြင့် မောင်ရင့်ကို အလွန် သဘောကျမိပါတယ်၊ ကိုင်း... ကျုပ်တို့ ဒါလောက်စကားတွေ များများပြော ကြတာ မောလှတယ်၊ အဖျော်ယမကာလေးဘာလေး တစ်ခွက်စီ သောက်ကြ ရအောင်"

ပြောပြောဆိုဆို ရောဘတ်သည် 'ဘား'အရက်ဆိုင်တစ်ဆိုင်သို့ကားကို မောင်းသွားလေသည်။

ဆိုင်တွင်းသို့ ရောက်သောအခါ ရောဘတ်က သူ့အတွက် ဝီစကီ တစ်ခွက် မှာလိုက်ပြီး ဆာပီကိုအား သောက်ချင်တာ မှာပါဟု ပြောလေသည်။

ဆာပီကိုကလည်း

"ကျုပ်အတွက် ဘီယာတစ်လုံးဆိုရင် တော်ပါပြီ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဖန်ခွက်ကိုယ်စီနှင့် သောက်နေရင်း ရောဘတ်သည် သူ၏ ဖန်ခွက်ကို စားပွဲပေါ် ပြန်ချရင်း–

"သူငယ်ချင်း ခဏလေး နေဦးနော်"

ဟုပြောပြီး ဆိုင်၏ အတွင်းဘက်သို့ လျှောက်သွားကာ အခန်းတစ်ခန်းထဲသို့ ဝင်သွားလေသည်။

ရောဘတ်သည် ထိုဆိုင်နှင့် နဂိုက ရင်းနှီးသိကျွမ်းနေပုံရသည်။

ချက်ချင်းလိုပင် ရောဘတ်က ပြန်ထွက်လာပြီး ဆာပီကိုအား ခဏ လိုက်ခဲ့ပါဟုဆိုကာ စောစောက ဝင်သွားသည့်ဆိုင်၏ နောက်ဘက် အတွင်းခန်းသို့ ခေါ်သွားလေသည်။

ထိုအခန်းတွင်း၌ကား အသက် သုံးဆယ်ကျော်အရွယ်ခန့် သပ်ရပ်စွာ ဝတ်စားထားသူတစ်ယောက်သည် စားပွဲတစ်လုံးနှင့် ထိုင်နေလေသည်။ သူဝတ်ထားသည့် ဝတ်စုံကလည်း အဖိုးတန် ဝတ်စုံတစ်မျိုးဖြစ်သည်။

သူ၏နာမည်ကား နီနီဖြစ်လေသည်။

ထိုအချိန်က သူ့အား ဆာပီကိုက မသိသော်လည်း နောက်ပိုင်းတွင် တိုင်းအမှတ် ၇ နာမည်ကြီး လောင်းကစားဒိုင်များ အမည်စာရင်းဖိုင်တွင် တွေ့ရမည်ဖြစ်သည်။

အခန်းတွင်းသို့ ရောက်ရောက်ချင်း ရောဘတ်က မိတ်ဆက်ပေးလေသည်။

"ဒီမယ် နီနီ၊ ဟောဒီက ကျုပ်မိတ်ဆွေ ဆာပီကိုနဲ့ မိတ်ဆက်ပေးပါရစေ၊ သူက ကျုပ်တို့ ရဲ့အဖွဲ့သားတစ်ဦးပါပဲ"

နီနီဆိုသူသည် ဆာပီကိုအား သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ အထူးသဖြင့် ဆာပီကို၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ဆံပင်ရှည်နှင့် ဆေးတံသောက်နေပုံကို သေချာစွာကြည့်နေပြီးမှ စကားပြောလေသည်။

"အင်း၊ အပြင်ဘက်မှာသာ တွေ့ရရင် ကျုပ်က ခင်ဗျားကို ဘယ်လိုမှ ရဲ့အဖွဲ့ဝင်ရယ်လို့ သိမှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်ဗျာ၊ အခုလို တွေ့ဆုံသိကျွမ်းရတာ ဝမ်းသာပါတယ်"

ပြောပြောဆိုဆို နီနီသည် ထိုင်ရာမှထပြီး ဆာပီကိုအား လက်ဆွဲနှုတ်ဆက်လေသည်။



ထိုနောက် ရောဘတ်ဘက်သို့လှည့်၍ နယ်မြေအခြေအနေ မည်သို့ရှိပါသနည်းဟု မေးလေသည်။

"အခြေအနေကတော့ အိုကေပဲပေါ့ဗျ"

ရောဘတ်က ဖြေလိုက်လျှင် နီနီကလည်း ကျေနပ်အားရဟန်ဖြင့်–

"ဒီလိုဆိုရင် ကောင်းတာပေါ့ဗျာ၊ ဒီလိုပဲ ဖြစ်သင့်တာပဲ မဟုတ်လား"

ဟု ပြန်ပြောလိုက်သည်။

ထိုနောက် နီနီသည် သူ၏ အင်္ကျီအိတ်ထဲသို့ လက်ဖြင့်နှိုက်၍ ငွေစက္ကူအထပ်လိုက် ဆွဲထုတ်ယူလိုက်သည်။

ယင်းငွေစက္ကူ အထပ်ထဲမှ ဆယ်ဒေါ်လာတန် နှစ်ရွက်ကို ထုတ်ယူ၍ ရောဘတ်အား ပေးလိုက်သည်။ တဖန် နောက်ထပ် ဆယ်ဒေါ်လာတန် ငွေစက္ကူ နှစ်ရွက်ကိုယူပြီး ဆာပီကိုအား လှမ်းပေးရင်း–

"ရော့ အဲဒါနဲ့ မောင်ရင် ဦးထုပ်အသစ်တစ်လုံး ဝယ်ဆောင်းပါ"

ဟု ပြောလေသည်။

သို့သော် ဆာပီကိုက ငွေကို လှမ်းမယူဘဲ–

"ကျွန်တော် ဦးထုပ်အသစ်ဝယ်ဖို့ မလိုပါဘူး"

ဟု ပြောလိုက်ရာ နီနီသည် ရုတ်တရက် အံ့အားသင့်သလို ဖြစ်သွားသည်။

"ဦးထုပ်မလိုရင်လည်း တခြားခင်ဗျားလိုတာကို ဝယ်ချင်တာဝယ်ပေါ့ဗျာ၊ ရော့"

နီနီက ထပ်ပြောသောအခါ ဆာပီကိုသည် သူ့မိတ်ဆွေရောဘတ်အား ညွှန်ပြလျက်–

"သူ့ကိုသာ ပေးလိုက်ပါ"

ဟုပြောပြီး အခန်းထဲမှ ချက်ချင်းပြန်ထွက်ခဲ့လေသည်။

ပြင်ဘက် 'ဘား'အရက်ခန်းတွင်လည်း မဆောင့်တော့ဘဲ ဆိုင်ပြင်သို့ ဆက်၍ မော်တော်ကားဆီသို့ တိုက်ရိုက်လျှောက်ထွက်သွားသည်။

မိနစ်အနည်းငယ်ကြာသောအခါ ရောဘတ်သည် လိုက်ထွက်လာသည်။ သူ၏ မျက်နှာကလည်း ရှက်သယောင် နီမြန်းလျက်ရှိသည်။ ကားပေါ်ရောက်သည့်အခါ ဦးနောက် အပြစ်တင်သံဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ဆာပီကို၊ ဘယ်လိုလုပ်လိုက်တာလဲ သူငယ်ချင်း၊ ကျုပ်မှာဖြင့် အကြီးအကျယ် ရှက်သွားမိတယ်"

အမှန်အားဖြင့် ဆာပီကိုသည် စောစောပိုင်းက ရောဘတ်၏ ပြောစကားချက်များကို နားထောင်ရစဉ်က အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားပုံကို ပိုမိုပြည့်စုံစွာ သိရှိလိုသဖြင့် ဘာမှမလုပ်သေးဘဲ စောင့်ကြည့်အကဲခတ်နေရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ယခုတော့ ရောဘတ်က နီနိုကဲ့သို့ နာမည်ကြီး ဒုစရိုက်သမားနှင့် ရင်းနှီးစွာ ဆက်ဆံပုံ၊ နီနိုကလည်း ရောဘတ်အား ငွေပေးငှားထားသော အခိုင်းအစေ တပည့်တစ်ယောက်လို ဆက်ဆံပုံများကို မျက်မြင်ကိုယ်တွေ့ ကြုံရသောအခါ အကြီးအကျယ် စိတ်ပျက်မိရုံမက ဒေါသလည်း ထွက်လာမိသည်။

"ဘာလဲ၊ ကျုပ်ကြောင့် ခင်ဗျားက ရှက်ရသေးသလား၊ ဒီလိုနေရာကို ကျုပ်ကိုခေါ်လာတာ ဘယ်သူက ဖခေါ်ခိုင်းလို့လဲ၊ ဒါမျိုးကိစ္စမှာ ကျုပ်ထလုံးလုံးမပါချင်ဘူး၊ ခင်ဗျားကသာ ရှက်တယ်ပြောတယ်၊ ကျုပ်အနေနဲ့ စိတ်ထဲဘယ်လိုနေမယ်ဆိုတာလဲ ထည့်စဉ်းစားဦးမှပေါ့ဗျ"

ဤသို့ ဆာပီကိုက ခပ်ပြတ်ပြတ်ပြောလိုက်တော့မှ ရောဘတ်လည်း အလျှော့ပေးကာ စကားကို တမျိုးလှည့်ပြောလေသည်။

"ကိုင်း… ထားပါတော့လေ၊ မောင်ရင်က ဒီနယ်မြေမှာ လူသစ်ဖြစ်တော့ ကျုပ်တာဝန်က သိသင့်သိထိုက်တဲ့ နေရာတွေကို လျှောက်ပြဖို့ရှိတယ် မဟုတ်လား၊ ဒါကြောင့် ကျုပ်က မိတ်ဆက်ပေးတဲ့ သဘောပါပဲ"

"ဒီမယ် ရောဘတ်၊ ခင်ဗျား ဘာလုပ်လုပ် ကျုပ်က ဂရုမစိုက်ဘူး ခင်ဗျား လုပ်ချင်တာ လုပ်နိုင်တယ်၊ ကျုပ် လုံးဝစိတ်မဝင်စားဘူး၊ ကျုပ်မှာ တခြား စဉ်းစားစရာတွေ ရှိနေတယ်"

"အိုကေ… အိုကေ၊ သူငယ်ချင်းကလည်း သိပ်ပြီး စိတ်လှုပ်ရှားမနေစမ်းပါနဲ့၊ ခပ်အေးအေးသာနေပါ"

ဤသို့ပြောပြီး ရောဘတ်သည် ၁၆၁ လမ်းထဲသို့ ချိုးဝင်မောင်းသွားရာမှ 'ဘရောင်း'ရာဇဝတ်တရားရုံး အဆောက်အအုံအနီးသို့ရောက်လျှင် ကားကို အရှိန်လျှော့လိုက်လေသည်။

တရားရုံးရှေ့တွင် ရဲအရာရှိတစ်စု ရှိနေရာ ရောဘတ်သည် ထိုလူများအား ရင်းနှီးစွာ လက်ပြနှုတ်ဆက်ရင်း–



"မောင်ရင်နဲ့တွဲပြီး တာဝန်ထမ်းဆောင်ရမဲ့လူက ဟောဟိုလူပဲ၊ သူ့နေ့ ဘာဝန်မကျ၊ နားရက်ဖြစ်နေတယ်"

ဟု လူတစ်ယောက်အား ညွှန်ပြလိုက်သည်။

ရောဘတ်သည် မော်တော်ကားကိုရပ်ပြီးမှ ထိုလူနှင့် ဆာပီကိုအား မိတ်ဆက်ပေးလေသည်။

ထိုလူ၏အမည်က 'ရူမာတို'ဖြစ်လေသည်။

သုံးယောက်သား စကားပြောကြရင်း ရောဘတ်က ရူမာတိုအား–

"ဒီမယ်၊ ဆာပီကိုက လူသစ်ဖြစ်လို့ မောင်ရင်က သူနဲ့တွဲပြီး မလုပ်နိုင်ဘူးဆိုရင် ကျုပ်က သူနဲ့ တွဲလုပ်မယ်လေ"

ဟု ပြောရာ ရူမာတိုက လက်မခံချေ။

"မလိုပါဘူးဗျ၊ သူ့ကို ကျုပ်နဲ့တွဲပြီးလုပ်ဖို့ အထက်က တာဝန်ခွဲထားတော့ ကျုပ်နဲ့ပဲ တွဲလုပ်ရမှာပဲ၊ နောက်ပိုင်းကျရင် တဖြည်းဖြည်းနဲ့ အိုကေသွားမှာပါဗျ"

ဒီတော့မှ ရောဘတ်သည် လက်ပတ်နာရီကိုကြည့်ပြီး–

"ဟေ့ အချိန်တောင် အတော်နှောင်းသွားပြီ၊ ကျုပ်တို့ တစ်ခုခုသွားစားကြရအောင်၊ ကျုပ်တော့ ဆာလှပြီ"

ဟု ပြောလေသည်။

သို့ရာတွင် ဆာပီကိုက သူသည် သွားစိုက်ဆရာဝန်နှင့် ချိန်းထားပါသည်ဟု အကြောင်းပြကာ ထွက်လာခဲ့လေသည်။

ခပ်လှမ်းလှမ်းရောက်၍ နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ရောဘတ်နှင့် ရူမာတို ဆိုသူတို့သည် စိတ်အားထက်သန်စွာဖြင့် တီးတိုးစကား ပြောနေကြသည်ကို မြင်ရလေသည်။

* * *

ထိုနေ့ညဘက်တွင် ဆာပီကိုသည် 'ဂရင်းစစ်' အရပ်၌ သူငှားထားသော အခန်းသို့ ပြန်သွားလေသည်။

ငှားပြီးခါစ အခန်းသစ်ဖြစ်၍ ပရိဘောဂကလည်း ခုတင်တစ်လုံး၊ ကုလားထိုင်နှစ်လုံးမျှသာ ရှိသေးရာ ဆာပီကိုသည် ရောဘတ်နှင့်ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကျနေခြင်းကို ရုတ်တရက် မဖျောက်မရနိုင်ဘဲ အိမ်ခန်းတွင်လည်း မနေချင် ဖြစ်လာပြန်သည်။

ထို့ကြောင့် အိမ်ခန်းမှ ပြန်ထွက်ပြီး 'ဟတ်ဆင်' မြစ်ကမ်းပါးဆီသို့ စိတ်ပြေလက်ပျောက် လျှောက်ထွက်လာခဲ့လေသည်။

မြစ်ကမ်းနံဘေးသို့ ရောက်သောအခါ ရေပြင်ပေါ်ဖြတ်၍ တိုက်ခတ်လာသောလေက အလွန်အေးနေလေသည်။

ထို့ကြောင့် ခေတ္တမျှသာနေပြီး မြစ်ကမ်းအနီးရှိ 'ဘား' အရက်ဆိုင်တစ်ဆိုင်ဆီသို့ ဝင်လိုက်လေသည်။ ဆိုင်တွင်း၌ကား သဘော်သားနှင့်တူသော လူငယ်နှစ်ဦး သုံးဦးခန့်သာ ရှိနေသည်။

ဆာပီကိုသည် ခါတိုင်းဆိုလျှင် အရက်ကို များများသောက်လေ့မရှိဘဲ အနည်းအကျဉ်းသာ သောက်တတ်သူဖြစ်သော်လည်း ထိုညကမူ ဝီစကီအရက် သုံးဆေး 'ပက်'မှာပြီး သောက်လိုက်သည်။ အမှန်တော့ စိတ်ပြေပျောက်စေရန် မူးချင်၍ သောက်ခြင်းဖြစ်သော်လည်း မမူးဘဲဖြစ်နေရာ 'ငါ့စိတ်တွေ ဘယ်လိုဖြစ်နေပါလိမ့်၊ ဝီစကီသောက်တာတောင် မမူးပါလား'ဟု သူ့ကိုယ်သူ မချင့်မရဲ ဖြစ်မိလေသည်။

ထိုနောက် သူ၏ အိမ်ခန်းသို့ ပြန်လာပြီး မအိပ်ချင်သေးသဖြင့် အခန်းထဲမှာပင် စကြံလျှောက်နေပြန်လေသည်။

သူ၏ ဦးနှောက်ကတော့ အဆက်မပြတ် စဉ်းစားနေရာ သူအလွန်နှစ်သက်မြတ်နိုးသော 'ရဲတပ်ဖွဲ့'မှ ထွက်မှဖြစ်ချေတော့မည်လောဟု ပထမဆုံးအကြိမ် တွေးမိလေတော့သည်။

ဆာပီကိုအနေဖြင့် ရဲအရာရှိ ဖြစ်လိုခြင်းမှာ ရဲမည်သည် အများပြည်သူအား ကူညီစောင့်ရှောက်ရမည့် လူတော်လူကောင်းဟုသာ ယူဆမိ၍ဖြစ်သည်။

ယခုတော့ ရဲတပ်ဖွဲ့ဝင်အများစုက အဂတိလိုက်စားခြင်း၊ လာဘ်စားခြင်းများ ပြုလုပ်နေကြကြောင်း၊ လက်တွေ့သိလာရသည်။ သူကိုယ်တိုင်ကမူ ရဲအများစုကဲ့သို့ လာဘ်စားခြင်းကိစ္စထဲ လုံးဝဝင်မပါလိုချေ။

တဖန် ဘဝတူရဲတပ်ဖွဲ့ဝင်များ ကိုယ်တိုင်က မိမိအား အများနည်းတူ လာဘ်ငွေလက်ခံယူရန် ဆွယ်လာကြသည်။ သူတို့ကလည်း အများစုဖြစ်နေသည်။



ရဲတပ်ဖွဲ့မှ မိမိ ရုတ်တရက် ထွက်သွားလျှင် အရှုံးပေးရာရောက်မည်လောဟုလည်း ဆက်လက်တွေးမိပြန်သည်။

ဤသို့ဖြစ်ပါမူ မိမိအဖို့ တစ်သက်လုံး သိက္ခာကျစရာ ဖြစ်ပေတော့မည်။ နုတ်ထွက်ရသည့်တိုင်အောင် မိမိ၏ သဘောထားကို အများသိအောင် ကြေညာ၍ 'တိုက်ပြီး'မှ ထွက်မှ မိမိ၏သိက္ခာကို ထိန်းသိမ်းရာကျပေမည်။

ဆာပီကိုသည် အပြန်ပြန်အလှန်လှန် စဉ်းစားပြီးမှ နောက်ဆုံးတွင် သူနှင့် တစ်ကြိမ် ဆက်သွယ်ဖူးသော ရဲတပ်ဖွဲ့မှူးကြီး (ကပ္ပတိန်) ဘီဟန်၏ အိမ်သို့ တယ်လီဖုန်းလှမ်းဆက်လိုက်လေသည်။

ထိုပုဂ္ဂိုလ်သည် ဆာပီကို တိုင်းအမှတ် ၇ နယ်မြေအခြေအနေ မေးမြန်းစုံစမ်းသောသူလည်း ဖြစ်သည်။

"ဟဲလို... ဟဲလို"

တစ်ဖက်မှ ကပ္ပတိန်ဘီဟန်၏ အဖြေသံကို ကြားသည်နှင့် ဆာပီကိုက သူပြောချင်သမျှကို တိုက်ရိုက်ပင် ပြောချလိုက်လေတော့သည်။

"ကျွန်တော် ဆာပီကိုပါ ကပ္ပတိန်ကြီးခင်ဗျာ၊ ကပ္ပတိန်ကြီးကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ကျွန်တော် စောစောက စုံစမ်းမေးမြန်းတော့ အင်မတန် သန့်ရှင်းပါတယ်ဆိုတဲ့ တိုင်းအမှတ် ၇က တခြား ရဲစခန်းအပိုင်နယ်မြေတွေထက်တောင် ဆိုးနေတယ်၊ တစ်ခုပဲ ကွာခြားတာဆိုလို့ ငွေယူတဲ့နှုန်း အနည်းအများပဲရှိတယ်"

"ဘာပြောတယ်ကွ မင်းပြောတာ ငါ ကောင်းကောင်းမရှင်းဘူး"

"ရှင်းရှင်းလေးပါ ဆရာရယ်၊ ဒီကရဲအရာရှိတွေက ကျွန်တော့်ကို ပြောတယ်၊ အဖွဲ့ဝင်တစ်ယောက်ကို တစ်လ ဒေါ်လာငွေအနည်းဆုံး ၈၀၀ လောက် လွယ်လွယ်ကလေး ရနိုင်သတဲ့"

သည်တော့မှ ကပ္ပတိန်ဘီဟန်သည် အံ့အားသင့်သွားဟန် တူလေသည်။

"ဟေ... ဟုတ်လား၊ တယ်လည်းဆိုးတဲ့ ကောင်တွေပါပဲလား"

"ဒါက အရေးမကြီးဘူးဆရာ၊ ကျွန်တော် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေပါတယ်၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်၊ ကျွန်တော့်အနေနဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့တော့ မဖြစ်ဘူးခင်ဗျ"

"ဒါတော့ ဟုတ်တာပေါ့ ဆာပီကို၊ နောက်တစ်ခုက မင်း သိထားတဲ့ အချက်အလက်တွေ အကုန်မှန်ရဲ့လား၊ သေချာရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... မသေချာဘဲ ပြောပါ့မလား ဆရာရဲ့၊ ကျွန်တော့်ကို လာ ငွေယူဖို့ တိုက်ရိုက်ဆွယ်ရုံမကဘူး ငွေကိုပါ ကိုယ်ထိလက်ရောက် လာ တယ်၊ ရှင်းပြီလား"

"ဟုတ်လား၊ ဒီအတိုင်းဆိုရင်တော့ ဒီကောင်တွေက တကယ်လွန်တာ

"ဒါဖြင့် ကျွန်တော် ဘာလုပ်ရမှာလဲ ကပ္ပတိန်ကြီးခင်ဗျာ"

"ခုချက်ချင်းတော့ မပြောနိုင်သေးဘူးကွ၊ ငါလည်းစဉ်းစားရဦးမ

ကပ္ပတိန်ဘီဟန်က ဤသို့ပြောသည်ကို ဆာပီကိုက မကျေနပ်သ အဖြေတစ်ခု ပေးပါဟု ဖွတ်ပြောပြန်လေသည်။

သည်တော့မှ ကပ္ပတိန်ကြီးက ဆာပီကိုနှင့် နှစ်ယောက်ချင်း တွေ့ ဆွေးနွေးကြမည်ဟု ပြောလေသည်။ ထိုအတောအတွင်း ဒုရဲမင်းကြီး ဂျွန် ဆိုသူထံ ချဉ်းကပ်၍ သဘောထား တီးခေါက်ကြည့်မေးပါမည်ဟု ဆက် သဖြင့် ဆာပီကိုလည်း ကျေနပ်သွားတော့သည်။

ဒုရဲမင်းကြီးသည် နယူးယောက်မြို့ ရဲတပ်ဖွဲ့တစ်ခုလုံးတွင် ဒုတိယ အာဏာရှိဆုံး ပုဂ္ဂိုလ်ပင်ဖြစ်၍ သူနှင့် အဆက်အသွယ်ရပါက တနည်းနည်းတော့ ထူးခြားလာစရာ ရှိနိုင်သည်ဟုဆာပီကိုက တွက်မိလေသည်။

နောက် ရက်အနည်းငယ်ကြာသောအခါ ဆာပီကိုသည် ကပ္ပတိန်ဘီဟန် နှင့် ဆုံမိလေသည်။ ဆာပီကိုက သူ၏ကားဖြင့် ကပ္ပတိန်ဘီဟန်၏အိမ်သို့ မောင်းပို့ရင်း နှစ်ယောက်သား ပြောကြရန် စီစဉ်ကြလေသည်။

အေးအေးဆေးဆေး စကားပြောနိုင်ရန် ရည်ရွယ်လျက် ဆာပီကိုသည် ကားမောင်းသွားရင်း လမ်းကြားတစ်ခုထဲသို့ မောင်းဝင်၍ လမ်းဘေးတွင် ထိုး ရပ်လိုက်သည်။

ကပ္ပတိန် ဘီဟန်က ရဲအဖွဲ့ဝင်များ လာဘ်စားခြင်းနှင့်ပတ်သက်သည့် အချက်အလက် ခိုင်လုံပါ၏လောဟု မေးရာ ဆာပီကို ဘားအရက်ဆိုင်၌ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ထပ်မံ၍ ပြောပြလိုက်သည်။ သို့သော် သူ၏မိတ်ဆွေ ရောဘတ် နာမည်ကိုမူ ထုတ်ဖော်မပြောချေ။ ဖွင့်ပြောလိုက်ပါက ရောဘတ် အရေးယူခံရမည်မှာ သေချာသလောက်ဖြစ်၍ နာမည်ကို မပြောဘဲ နေလိုက်ခြင်းဖြစ်သည်။

ဆာပီကို၏ စိတ်ထဲတွင်ကား ရဲတပ်ဖွဲ့ဝင်များ လာဘ်စားခြင်းကိစ္စသည် အထက်အရာရှိများ အဆင့်အထိ ရောက်သလောဟု သိလို၍ ယခုကဲ့သို့



တိန်ဘီဟန်အား စတင်ဆက်သွယ်ကာ စုံစမ်းနေခြင်း ဖြစ်လေသည်။

"လက်ရှိ ရဲတပ်ဖွဲ့ကြီးကို ဖွဲ့စည်းထားပုံစနစ်ကိုက မကောင်းလို့ ပြဿနာဖြစ်ခဲ့နေတယ် ထင်တာပဲ၊ ရဲအဖွဲ့ဝင်တွေ ကောင်းစေချင်ရင် စနစ်ကိုပါ င်ဖို့ကောင်းတယ် ဆရာရဲ့"

ဆာပီကိုက ဤသို့ပြောသည်ကို ကပ္ပတိန်ဘီဟန်ကလည်း သဘောတူ ခံချင်ပုံ ရလေသည်။ မည်သို့မှ ပြန်မပြောဘဲ ဆာပီကိုအား ဒု-ရဲမင်းကြီး ရှိထံ ဆက်သွားလိုသေးသလောဟုသာ မေးလေသည်။

ဆာပီကိုက သွားချင်ကြောင်း ပြောသောအခါ ကပ္ပတိန်ဘီဟန်က သူကိုယ်တိုင် ရဲမင်းကြီးနှင့် တွေ့စရာရှိသည်ဟု ပြောပြလေသည်။

ဆာပီကိုအား ဖွင့်မပြောသော်လည်း ထိုညက ကပ္ပတိန်ဘီဟန်သည် င်းကြီးရုံးသို့သွား၍ တာဝန်ကျ ရဲအရာရှိ (လက်ဖတင်နင်) တစ်ဦးအား တ် ၇ မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက အရပ်ဝတ်ရဲများ လာဘ်ယူနေသည်ကို ာက်အထားရရှိကြောင်း၊ ထိုလူက အခြေအနေကို စိတ်ပျက်ပြီး တခြား သို့ ပြောင်းရွှေ့လိုကြောင်း၊ ပြောင်းရွှေ့ခြင်းကိစ္စဆိုလျှင် ဒု-ရဲမင်းကြီးထံ င်ပြပေးပါမည်ဟု ပြောခဲ့သည်။ စင်စစ်အားဖြင့် ကပ္ပတိန်ဘီဟန်၏ စိတ်ထဲ ဆာပီကိုသည် တကယ်ဟုတ်သည်ထက် ပိုမိုချဲ့ထွင် ပြောဆိုနေသည်ဟု င်မိခဲ့ရာ နောက်ပိုင်းကျမှ ယင်းအချက်ကို သူကိုယ်တိုင် ဖွင့်ဟဝန်ခံလေသည်။)

ဆာပီကိုသည် မော်တော်ကားကို ဆက်မောင်း၍ ကပ္ပတိန်ဘီဟန်၏ မ်ရှေ့သို့ ရောက်သောအခါ ကပ္ပတိန်က ဆာပီကိုအား စိတ်အား မငယ်ရန်နှင့် ကိုယ်တိုင် ထပ်မံဆက်သွယ် အကြောင်းကြားပါမည်ဟု ကတိပေးလေသည်။

ဆာပီကိုကလည်း ကပ္ပတိန်ကြီးအား ကျေးဇူးတင်ကြောင်း ပြန်ပြော က်သည်။

* * *

ဆာပီကိုသည် သူနှင့်တွဲ၍ အလုပ်လုပ်ရန် တာဝန်ကျသူ ဇူမာတိုဆိုသ ဆမဆုံး စတင်တွဲရသည့်နေ့က ဇူမာတိုအား အနီးကပ် လေ့လာအကဲခတ်ခွင့် လသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇူမာတိုကလည်း ဆာပီကို၏ သဘောထားကို ပြောင်ဖွင့်မေးလေသည်။

"ငွေလက်ခံယူတဲ့ကိစ္စအပေါ် ခင်ဗျား ဘယ်လိုသဘောရသလဲ"

"ခင်ဗျားတို့ ဘာလုပ်လုပ် ကျုပ် ဘာမှမပြောလိုဘူး၊ ခင်ဗျားတို့ ပြဿနာထဲ ကျုပ်မပါရင်ပြီးတာပဲ၊ ကျုပ်က ဘာကိစ္စနဲ့မှ ပြဿနာမဖြစ်ချင်ဘူးဗျ"

ဆာပီကိုက ဤသို့ပြောသည်ကို ဇူမာတိုက ကျေနပ်သွားပုံရလေသည်။

"ဒီလိုဆိုရင် ကိုယ့်လူ ဘာမှ စိတ်အနှောင့်အယှက် ဖြစ်မနေနဲ့၊ အေး အေးသာနေပါ၊ အိုဗျာ ကျုပ် ဒီလိုလုပ်မယ်၊ ကိုယ့်လူရမဲ့ ဝေစုရှယ်ယာငွေကို ကျုပ်က လက်ခံယူထားပြီး သိမ်းထားလိုက်မယ်၊ မောင်ရင် လိုချင်တဲ့အခါ ကျတော့ အချိန်မရွေး ရနိုင်အောင် စီစဉ်ထားမယ်"

ဤသို့လျှင် ဆာပီကိုနှင့်တွဲ၍ တာဝန်ကျသူ ဇူမာတိုက ပြောခဲ့လေသည်။

ရဲတပ်ဖွဲ့တိုင်းအမှတ် ၇ လက်အောက်ရှိ အရပ်ဝတ် ရဲအဖွဲ့ဝင်များ အလုပ်လုပ်ရာ၌ အထူးလွတ်လပ်ကြလေသည်။

အဖွဲ့ဝင်များ လုပ်ရိုးလုပ်စဉ်မှာ လာရောက်သတင်းပို့ယင်း လက်မှတ် ရေးထိုးပြီးနောက် မိမိတို့အတွက် အထူးတာဝန်ပေးထားလျက် ရှိ၊မရှိ စုံစမ်းပြီး ရှိလျှင် ယင်းတာဝန်ကို ဆက်လက်ဆောင်ရွက်ရသည်။ မရှိပါက တိုင်းရုံးရှိ ကော်ဖီဆိုင်တွင် ထိုင်အချိန်ဖြုန်းနေကြတတ်သည်။ သို့တည်းမဟုတ် ညနေပိုင်း ရုပ်ရှင်ဝင်ကြည့်လေ့ ရှိကြသည်။

အချို့ကမူ အလုပ်မရှိလျှင် နီးစပ်ရာ အဖွဲ့ဝင်တစ်ဦးဦး၏ နေအိမ်သို့ သွား၍ (အထူးသဖြင့် ပူအိုက်သော နွေရာသီဆိုလျှင်) ရေကူးခြင်း၊ စုက ဖဲကစားခြင်းဖြင့် အချိန်ဖြုန်းလေ့ ရှိကြသည်။

စည်းကမ်းဥပဒေအရ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များသည် တိုင်းရုံးသို့ အချိန်မှန် ဖုန်းဆက်သတင်းပို့ရလေရာ စုပြီး ရေကူး၊ ဖဲကစားနေကြသူများ သည် တစ်ယောက်ယောက်အား အခြားသူများကိုယ်စား ရုံးသို့ ဖုန်းဆက်သတင်း ပို့နိုင်းလေ့ရှိသည်။

ဆာပီကိုအနေဖြင့် လေ့လာအကဲခတ်ကြည့်ရသလောက် အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များသည် သူတို့အား ဆက်ကြေး မှန်မှန်ပေးသူ ဖောက်သည်များနှင့် နားလည်မှုယူပြီး ကာကွယ်ပေးသလို တစ်ဖက်ကလည်း မိမိတို့အကြောင်းကို



ဆက်အာဏာပိုင်များသိပြီး အရေးယူခြင်း မခံရလေအောင် အထူးကြိုးစား ကာကွယ်နေကြကြောင်း တွေ့ရှိရလေသည်။

ယင်းသို့ မိမိတို့အနေဖြင့် အထက်မှ သံသယကင်းအောင် ရံဖန်ရံခါ အရေးမကြီးသော အမှုများရှာပြီး အဖမ်းပြလေ့ရှိကြသည်။

တစ်နေ့တွင် ဇူမာတိုက ဆာပီကိုအား–

"ကိုင်း... ကိုယ့်လူ၊ တိုင်ချက်တစ်ခုနဲ့ပတ်သက်လို့ ကျုပ်တို့ သွားစစ် ကြည့်ကြဖို့လိုတယ်၊ ဖမ်းရတဲ့အမှုလည်း ဖြစ်ချင်ဖြစ်မယ်၊ လာ သွားကြရအောင်"

ဟု ခေါ်သွားလေသည်။

ဇူမာတိုပြောသော တိုင်ချက်ဆိုသည်မှာ ဤသို့ဖြစ်သည်။

ဆင်းရဲသားရပ်ကွက်တစ်ခုမှ အမျိုးသမီးကြီးတစ်ဦးက သူတို့၏ ရပ်ကွက် ၌ လောင်းကစားမှုတွေ အကြီးအကျယ် ပြောင်ကျကျ လုပ်နေကြောင်း သတင်းပေး တိုင်ကြားခဲ့သည်။ အထူးသဖြင့် အမျိုးသမီးကြီးက သူမ၏ ဆယ်ကျော်သက်အရွယ် သားငယ်အား လောင်းကစားသမားကြီးများက ငွေပေးပြီး ဘောက်တိုမယ်ရ ခိုင်းခြင်း၊ လောင်းကစားကြေး ပြေစာများ ပို့နိုင်းခြင်း၊ အခါတရံ လောင်းကစားသူများထံမှ ငွေကောက်ခံနိုင်းခြင်းများ ပြုလုပ်နေ သဖြင့် သားဖြစ်သူအတွက် အလွန်စိုးရိမ်ပါသည်ဟုလည်း ဆိုလေသည်။

အမေရိကန်တွင် နံပါတ်များ လောင်းကစားခြင်းသည် ဒုစရိုက်ဂိုဏ်း ကြီးများက ကြိုးကိုင်ပြီး လောင်းကစားကြေးငွေ ပမာဏအားဖြင့်လည်း ဒေါ်လာငွေ သန်းချီရှိသဖြင့် အလွန်ကြီးကျယ်သော အမှုမျိုးဖြစ်ပေသည်။

ဆာပီကိုနှင့် ဇူမာတိုတို့သည် အမျိုးသမီးကြီး၏ တိုင်စာတွင်ပါသော လိပ်စာသို့ စုံစမ်းရန် သွားကြလေသည်။

ရောက်သွားပြီး ခေတ္တမျှ အကဲခတ်ကြည့်လိုက်လျှင်ပင် လောင်းကြေး ငွေ လိုက်ကောက်ခံသူကို သတိပြုမိကြလေသည်။

ထိုလူသည် လမ်းကြိုလမ်းကြားဝင်၍ ဟိုအိမ်ဝင် သည်အိမ်ထွက်နှင့် ဆိုင်များသို့ဝင်ပြီး ခဏချင်း ပြန်ထွက်လာလိုက် လုပ်နေပုံကပင် သံသယ ဖြစ်ဖွယ်ရာ ဖြစ်နေရာ ခေတ္တမျှ စောင့်ကြည့်ပြီးနောက် ဇူမာတိုက ဆာပီကိုအား [illegible]

"ကဲ ကိုယ့်လူ ကျုပ်တို့ အဲဒီလူကို ဆွဲကြမယ်"

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် နောက်တစ်ကြိမ် ထိုလူက ဆိုင်တစ်ဆိုင်မှ ထွက်အလာတွင် ရဲနှစ်ဦးက ဖမ်းဆီးလိုက်ပြီးနောက် သူ၏ကိုယ်တွင် ရှာဖွေကြည့်ရာ လောင်းကစားကြေးငွေများအပြင် လောင်းကစားသည့် ပြေစာစာရွက်များပါ တွေ့ရလေသည်။

သက်သေခံအထောက်အထား ခိုင်လုံစွာဖြင့်ရုံးတင်နိုင်မည့် အမှုတစ်ခု အခိုင်ရခြင်းပင်ဖြစ်သည်။

သို့ရာတွင် အဖမ်းခံရသူ လောင်းကစားကြေး ကောက်ခံသူက အလွန်အံ့အားသင့်စွာဖြင့် ဇူမာတိုနှင့် ဆာပီကိုတို့အား စောဒကတက်လေသည်။

"ဘယ်လိုဖြစ်တာလဲဗျ၊ ခင်ဗျားတို့က တိုင်းအမှတ် ၇ က မဟုတ်လား ကျုပ်တို့က တိုင်းအဖွဲ့နဲ့ နားလည်မှုယူထားပြီးသားပဲ၊ ကျုပ်တို့ဘက်က ဘယ်တုန်းကမှ မပျက်ကွက်ခဲ့ဘူးလေဗျာ၊ အိုကေပါ"

ဤသို့ပြောရင်းနှင့် ထိုလူက သူအလုပ်လုပ်သော လောင်းကစားဒိုင်ချုပ် အမည်ကိုပါ ထုတ်ဖော်ပြောလေသည်။

ဤတွင် ဇူမာတိုက–

"ဒါဖြင့် ဟုတ်မဟုတ် ကျုပ်တို့ ပြန်စစ်ကြည့်လိုက်ရင် လွယ်ပါတယ်။ အခုဟာက ရပ်ကွက်ထဲက သတင်းပေးတဲ့ တိုင်စာရလို့ ကျုပ်တို့က အရေးယူတဲ့အနေနဲ့ တစ်ခုခုလုပ်မှဖြစ်မယ်"

ဟု ပြောလိုက်သည်။

ဤသို့ပြောခြင်းကိုလည်း လောင်းကစားငွေ လိုက်ကောက်သူက ကျေနပ်ပုံမရချေ။

"ဒီမယ်၊ ခင်ဗျားတို့နဲ့ အခုလို ရပ်စကားပြောနေရတာကိုက ကျုပ်အဖို့ ဝင်ငွေအများကြီး ထိခိုက်တယ်၊ အခုအချိန်က ငွေတွေ လျှောက်ကောက်ခံရမဲ့ အချိန်ဖြစ်တယ်၊ ကျုပ်အနေနဲ့ ခင်ဗျားတို့ ခေါ်ရာကိုလည်း မလိုက်နိုင်ဘူး ဒီလိုလုပ်ပါလားဗျ၊ ညနေ လေးနာရီခွဲလောက်ကျမှ စခန်းရုံးအရှေ့နားမှာ ခင်ဗျားတို့ကို ကျုပ် လာတွေ့မယ်၊ ဘယ့်နှယ်လဲ"

ဇူမာတိုက ဘာမှပြန်မပြောဘဲ ပြုံးနေလိုက်သောအခါ ထိုလူက

"စိတ်ချပါဗျာ၊ ကျုပ်က လာမယ်ဆိုရင် တကယ်လာမှာပါ၊ ပြီးတော့လည်း တစ်ခုခု ယူလာခဲ့မယ်၊ ဘာမှမစိုးရိမ်ပါနဲ့"

"အိုကေ၊ ဒါဖြင့် လေးနာရီခွဲတိတိသာ မမေ့နဲ့၊ ဒါပဲ"



ဇူမာတိုက ပြောလိုက်ပြီးနောက် ဆာပီကိုအား ခေါ်၍ လျှောက်ထွက်ခဲ့လေသည်။

ခပ်လှမ်းလှမ်းသို့ရောက်မှ ဇူမာတိုသည် ဆာပီကိုအား ရှင်းပြလေသည်။

"ဒီကိစ္စမှာ ကျုပ်တို့ဖမ်းလို့လည်း မထူးပါဘူး၊ နောက်တစ်ခုက ဒီလူ အလုပ်လုပ်တဲ့အဖွဲ့က လူကောင်းတွေဖြစ်တယ်၊ ပြီးတော့ ဒီလူကိုယ်တိုင်က ... ယ်တော့မှ ဂတိမဖျက်ဘူး၊ ချိန်းရင် ချိန်းတဲ့အတိုင်း တိတိကျကျ လာတတ်တယ်"

အထက်ပါကိစ္စ ဖြစ်ခဲ့သည်မှာ တိုင်းအမှတ် (၇) အပိုင်၊ အမှတ် (၄၂) ... နယ်မြေတွင်ဖြစ်သည်။ ထိုနေရာမှတဆင့် ဇူမာတိုသည် ဆာပီကိုအား ... နှင့် မဝေးလှသော 'ပီကာဒီလီ'အမည်ရှိ 'ဘား' အရက်ဆိုင်တစ်ဆိုင်သို့ ... သွားပြန်သည်။

ဆိုင်တွင်းသို့ ရောက်သောအခါ ဇူမာတိုက ဆာပီကိုအနေဖြင့် အမှုတစ်ခု ... သည့် နာမည်ကောင်း လိုချင်ပါသလားဟု မေးလေသည်။

ဆာပီကိုက ထိုအမှုကိုတော့ မဖမ်းချင်ကြောင်း ပြန်ပြောလိုက်သော ... ဇူမာတိုသည် ဆိုင်အတွင်း အခြားရဲများကို လိုက်ရှာကြည့်ရာ အဆင်သင့် ... အရပ်ဝတ် ရဲအဖွဲ့ဝင်တစ်ဦး တွေ့သဖြင့် လောင်းကစားမှုတစ်မှု ဖမ်းချင် ... သလား မေးပြန်သည်။ ထိုရဲက ဝမ်းသာအားရစွာဖြင့် ဖမ်းချင်ကြောင်း ပြန် ... လေသည်။

ထိုနောက် သုံးယောက်စလုံး ရဲစခန်းရုံးရှေ့သို့ သွားစောင့်နေကြရာ ... နာရီခွဲတိတိတွင် စောစောက ဆာပီကိုတို့နှင့် တွေ့ခဲ့သူ လောင်းကစားကြေး ... ကောက်ခံသူ (သူ၏အမည်က 'ဆင်း'ဖြစ်သည်) အချိန်မှန် ရောက်လာလေသည်။

သူ၏ လက်တွင်လည်း သက်သေခံအထောက်အထား ဖြစ်နိုင်မည့် ... လောင်းကစားကြေး လက်ခံသည့် ဖြတ်ပိုင်းအချို့ ပါလာသည်။

ဇူမာတို ခေါ်လာသော တတိယ အရပ်ဝတ်ရဲက ဆင်းဆိုသူအား ... ချင်း ဖမ်းဆီးလိုက်သည်။

သို့သော် နောက်တစ်နေ့ ရုံးတင်သောအခါ တရားသူကြီးက အထောက် ... အထား မခိုင်လုံဟုဆိုကာ လွှတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စကို ဆာပီကိုက နားလည်သဘောပေါက်မိသည်မှာ ပြည်သူ တစ်ဦး၏တိုင်ကြားချက်ကို ရဲက အရေးယူဖမ်းဆီးပါသည်ဟု ဆိုနိုင်လောက် အောင် ဇူမာတိုက ကျွမ်းကျင်လိမ္မာပါးနပ်စွာ 'ကြည့်လုပ်'လိုက်ခြင်းပေတကား ဟူ၍ပင် ဖြစ်သည်။

သူတို့နှင့် 'နားလည်မှု' ယူထားသော တကယ့် လောင်းကစား ဒိုင်ကြီး အဖို့ ဘာမှ ကြီးကြီးကျယ်ကျယ် မထိခိုက်သလို ရဲအဖွဲ့အနေဖြင့်လည်း ပြည်သူ၏ တိုင်ကြားချက်ကို အရေးယူပါသည်ဟူသော နာမည်ကောင်းဆ ယူလိုက်ခြင်းဖြစ်သည်။

ဘုရားမဝင် လောင်းကစားဒိုင်ဖွင့်နေပြီး အရပ်ဝတ် ရဲအဖွဲ့အား 'ဆက်ကြေး'မပေးဘဲ နေသူများကိုကား တစ်မျိုးတဖုံ ဆက်ဆံကြောင်းကိုလည်း ဆာပီကိုက သိရှိရပြန်သည်။

တစ်နေ့သ၌ ဆာပီကိုသည် သူနှင့် တွဲဖက် အဖော်ဖြစ်သူ ဇူမာတိုနှင့်အ မော်တော်ကားမောင်း၍ ကင်းလှည့်နေရာ လမ်းတစ်လမ်းသို့အရောက်တွင် ဇူမာတိုက

"ကားကို ခဏရပ်ပေးစမ်းပါ၊ ဟိုလူနဲ့ ကျုပ် စကားနည်းနည်းပြော ချင်တယ်"

ဟု ဆိုသဖြင့် ဆာပီကိုလည်း ကားကို ရပ်ပေးလိုက်သည်။

ဇူမာတိုသည် ချက်ချင်း ကားပေါ်မှဆင်း၍ ထောင်ထောင်မောင်းမောင်း ကပ္ပလီအမျိုးသားကြီးတစ်ဦး လမ်းလျှောက်သွားနေရာသို့ လိုက်ရာ ဆာပီကို လည်း အကြောင်းသိလို၍ နောက်မှလိုက်သွားလေသည်။

ကပ္ပလီအမျိုးသား လူထွားကြီး၏ အမည်က ဟာဆယ်လ်ဖြစ်ကြောင်း ဆာပီကိုက နောက်မှသိရသည်။

ဇူမာတိုအား မြင်သောအခါ ဟာဆယ်လ်ဆိုသူသည် ရှက်သလို ကြောက် သလို ဟန်မျိုးဖြင့် ခပ်ပြုံးပြုံးလုပ်၍ လုပ်နေရာ–

"ဟေ့လူ၊ ပြောထားတာ ရပြီလား"

ဟု ဇူမာတိုက ခပ်မာမာလေသံဖြင့် မေးလိုက်သည်။

"မရသေးဘူးဗျ၊ ဆောရီးပဲ၊ ကျုပ်မှာ အလွန်ကျပ်နေလို့ပါ၊ ဒီနေ့ညတော့ မရရအောင် လုပ်ပါ့မယ်"



ဟာဆယ်လ်က တောင်းပန်ပြောဆိုသည်တွင် ဇူမာတိုလည်း ဘာမှ ဆက်မပြောတော့ဘဲ ဆာပီကိုနှင့်အတူ ပြန်လှည့်ထွက်လာသည်။

ဤကား 'ဆက်ကြေး'ပေးရန် ပျက်ကွက်သူတစ်ဦးအား ဇူမာတိုက ငွေတောင်းခြင်းဖြစ်ကြောင်း ထင်ရှားသော ဖြစ်ရပ်ဟု ဆာပီကိုက နားလည် သဘောပေါက်မိပြန်သည်။

နောက်တစ်နေ့တွင် ဇူမာတိုက ဆာပီကိုအား ခပ်ဘွင်းဘွင်းပင်ပြော ပြန်သည်။

"မနေ့ညက ဟိုကောင်ကြီး လာမယ်ဆိုပြီး ပေါ်မလာဘူးဗျ၊ ဒီတော့ ကျုပ်တို့ သူ့ကို လိုက်ရှာကြမယ်"

ပြောပြောဆိုဆို ဇူမာတိုသည် ဆာပီကိုကိုပါခေါ်၍ ရဲကားတစ်စီးဖြင့် လှည့်ပတ်မောင်းရင်း ဟာဆယ်လ်ဆိုသူအား လိုက်ရှာလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်ရှိ လမ်းများသို့ ဖြတ်မောင်းရင်း ဘားအရက် ဆိုင်များနှင့် အခြားနေရာအချို့တွင် ကားကိုရပ်လိုက်၊ ဆင်းရှာလိုက်၊ အချို့ သူများထံ စုံစမ်းမေးမြန်းလိုက်နှင့် အပူတပြင်း လိုက်လံရှာနေပုံက အလွန်အရေး ကြီးသော ရာဇဝတ်မှုခင်းတစ်ခု ပေါ်ပေါက်ရန် လိုက်ထောက်လှမ်းနေလေ သလားဟု ထင်ရလောက်အောင် ဇူမာတိုသည် ပင်ပန်းခံလှချည်လားဟု ဆာပီကိုက တွေးမိလေသည်။

ထိုကိစ္စကို ဘဝင်မကျနိုင်သဖြင့် ဇူမာတိုအား ဖွင့်မေးကြည့်လေသည်။

"နေပါဦးဗျ၊ ဒီလူကြီးက လောင်းကစားကြေး လိုက်ကောက်ခံတဲ့ ကောက်အောက်ခံ အလုပ်သမားပဲ မဟုတ်လား၊ သူ့အထက်က တကယ့်လောင်း ကစားဒိုင်ချုပ်ကသာ တာဝန်ယူရမယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ငွေ လိုက်ကောက်ခံတဲ့လူပဲ၊ ဒါပေမဲ့ ဒီကောင်ကြီးဟာ တစ်ချိန်က အကြီးဆုံး လောင်းကစားဒိုင် ဖွင့်ခဲ့တယ်၊ နောက်ကျတော့ ဘာ ကြောင့်မှန်းမသိ ခွက်ခွက်လန်အောင်ရှုံးပြီး ပြုတ်သွားတယ်၊ အခုလောလော ဆယ်မှာ ဒီကောင်က ပြန်ထောင်ဖို့ကြိုးစားရင်းနောက်လူတစ်ယောက်အတွက် ငွေလုပ်နေတယ်၊ အဲဒီ နောက်လူက သူ့အတွက် ငွေစိုက်မပေးတော့ ဒီကောင် ကိုယ်တိုင် ပေးရမှာပဲ"

ဇူမာတိုက ခပ်အေးအေးပင် ပြန်ပြောသဖြင့် ဆာပီကိုမှာ အံ့သြမိလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဆက်လက်ရှာဖွေကြရင်း နောက်ဆုံးတွင် ဟာဆယ်လ်ဆိုသူအား တစ်နေရာ၌ သွားတွေ့သည်။

ဇူမာတိုသည် လျှင်မြန်ဖျတ်လတ်စွာ ကားပေါ်မှခုန်ဆင်းပြီးဟာဆယ်လ်အား ဖမ်းဆွဲ၍ သူ၏ကိုယ်တွင် ရှာဖွေကြည့်ရာ လောင်းကစားကြေးဖြတ်ပိုင်းများ တွေ့ရလေသည်။

"ကဲ ဘာပြောချင်သေးသလဲ ဒီတစ်ခါတော့ အချုပ်ထဲဝင်ပေတော့"

ဇူမာတိုက လေသံတင်းတင်းဖြင့် ပြောလိုက်သောအခါ ဟာဆယ်လ်သည် တောင်းပန်ပြန်လေသည်။

"နေပါဦးလားဗျာ၊ ကျုပ်ကို အချိန်နည်းနည်းတော့ ပေးပါဦး"

"ဘာအချိန်ပေးရမှာလဲ၊ ခင်ဗျားကို အခွင့်အရေးပေးခဲ့တာ ဘယ်နှစ်ကြိမ်ရှိပြီလဲ၊ ငွေယူပြီး လာခဲ့ပါ့မယ်လို့ အကြိမ်ကြိမ် ကတိပေးပြီး ဘယ်တော့မှ ကတိမတည်ခဲ့ဘူး"

ထိုအချိန်၌ အသက်ကြီးကြီး ကပ္ပလိ အမျိုးသမီးကြီးတစ်ဦးသည် ဟာဆယ်လ်၏ နောက်နားရှိ အခန်းတစ်ခန်းမှ တံခါးအသာဖွင့်ကြည့်ပြီး ချက်ချင်း ပြန်ပိတ်လိုက်သည်ကို ဆာပီကို မြင်လိုက်မိသည်။

ဟာဆယ်လ်ကမူ ဆက်လက် တောင်းပန်နေပြန်သည်။

"ကျုပ်ကလည်း ငွေလိုက်ရှာတာ ဖတ်ဖတ်ကို မောနေတာပဲ၊ ဒါပေမဲ့ ဒီနေ့ ညတော့ ဆက်ဆက်ရပါ့မယ်၊ ဒီတစ်ကြိမ်တော့ မပျက်ကွက်စေရပါဘူး"

သည်တော့မှ ဇူမာတိုလည်းလျှော့ပေးရန် ဆုံးဖြတ်လိုက်ဟန်တူသည်။

"ကောင်းပြီ၊ ဒီတစ်ခါ နောက်ဆုံးအကြိမ်ပဲ၊ ဒီတစ်ကြိမ်မှ ပျက်ကွက်ရင်အချုပ်ခန်းထဲ ဝင်ရပြီသာ မှတ်ထားပေတော့"

* * *

နောက်တစ်နေ့နံနက်တွင် ဇူမာတိုက ဆာပီကိုအား ပြုံးရွှင်စွာဖြင့် ဆီးကြိုနှုတ်ဆက်လေသည်။

"ဟိုကောင်ကြီး ဒီတစ်ခါတော့ ကတိအတိုင်း ပေါက်လာတယ်ဗျ၊ ဒီကောင်မျိုးတွေကို နည်းနည်းကလေး လျှော့ပေးရင် ကဲလာတတ်တယ်၊ ဒါကြောင့် ကျုပ်ကလည်း ခပ်ကြမ်းကြမ်း အကျပ်ကိုင်ရတယ်"



ဤသို့လျှင် အရပ်ဝတ်ရဲအဖွဲ့ဝင်များသည် မှောင်ခိုလောင်းကစား ဒိုင်များနှင့် 'နားလည်မှု' ယူကာ နည်းအမျိုးမျိုးဖြင့် ဆက်ကြေးငွေ ယူနေကြပုံကို ဆာပီကိုသည် တအံ့တသြ သိရှိခဲ့ရလေသည်။

ထိုအထဲတွင် သူ၏မိတ်ဆွေ ရောဘတ်လည်း ပါဝင်နေလေသည်။

တစ်နေ့တွင် ရောဘတ်သည် ဆာပီကိုနှင့်အတူ 'ပိုတိုရီကို' လူမျိုးများ နေထိုင်ရာ ရပ်ကွက်သို့ ကားဖြင့်မောင်းသွားပြီး တစ်နေရာ၌ ကားရပ်ပြီး အမျိုးသမီးတစ်ဦးအား လက်ပြ အချက်ပေးလိုက်သည်။ 'ပိုတိုရီကို'အမျိုးသားတစ်ဦး မော်တော်ကားဆီသို့ လျှောက်လာရာ ရောဘတ်က ဆာပီကိုနှင့် မိတ်ဆက်ပေးလေသည်။

"ဟောဒါက မစ္စတာ ဆာပီကိုပဲ၊ သူက 'အိုကေ'ပါ၊ ကျုပ်တို့ အဖွဲ့သားတစ်ဦးဖြစ်တယ်"

ဤတွင် ထိုလူက ဆာပီကိုအား လက်ဆွဲနှုတ်ဆက်လေသည်။

ပြီးတော့ ရောဘတ်က ထိုလူအား စကားပြောလေသည်။

"ကျုပ်တို့ အခုလာတာဟာ ခင်ဗျားကို လာသတိပေးတာပဲ၊ ရဲစခန်းကအကောင်းရလို့ ခင်ဗျားတို့ဆီ ကုန်စုံဆိုင်နဲ့ အပ်ချုပ်ဆိုင်တစ်ဆိုင် ဝင်ဖမ်းလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ လောင်းကစားဒိုင်တွေကို ရပ်ထားပြီး ခင်ဗျားပြောတဲ့ ဆိုင်နှစ်ဆိုင်လည်း ခဏပိတ်ထားလိုက်ပါ့မယ်"

ဤသို့ပြောပြီး ထိုလူသည် အိမ်ထဲပြန်ဝင်သွားလေသည်။

ရောဘတ်သည် ကားမောင်း၍ ပြန်ထွက်လာသောအခါ ဒေါသထွက်နေလေသည်။

"ဒီကောင်ကြီးက အလကားလူပဲ ကျေးဇူးမသိတတ်ဘူး၊ ဒေါ်လာငါးဆယ်လောက်ဖြစ်ဖြစ် ပေးရင်တော်သေးတယ်"

* * *

နောက် ရက်အနည်းငယ် ကြာသောအခါ ဆာပီကိုသည် ဇူမာတိုနှင့်အတူ အရပ်ဝတ် ရဲအဖွဲ့ဝင်များ ဝင်ထွက်သွားလာလေ့ရှိသော စားသောက်ဆိုင်တစ်ဆိုင်သို့ နံနက်စာစားရန် သွားရောက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အတွင်း တစ်နေရာတွင်ကား အရပ်ဝတ် ရဲအဖွဲ့ဝင်နှစ်ဦးထိုင်နေကြပြီး သူတို့ရှေ့ရှိ စားပွဲပေါ်တွင် ပို့ငွေ ၂၅ အမျိုးအစား ခြောက်လုံး ပြုံးကျည်ဆန် အတော်များများ ပြောင်တင်ထားသည်ကိုလည်း ဆာပီကိုအသတိပြုမိသည်။

ခဏမျှအကြာတွင် ခပ်ဝဝ လူကြီးတစ်ယောက် ထိုစားပွဲသို့လာပြီး ကျည်ဆန်များကို ကောက်ယူလိုက်သည်။ ထို့ပြင် ယင်းကျည်ဆန်များဖြင့် သုံးရမည့် သေနတ်ကိုပါ ခပ်တည်တည် ထုတ်ပြလိုက်သည်။

စားသောက်ပြီး၍ ဆိုင်မှပြန်ထွက်လာချိန်တွင် ဆာပီကိုက ရှုမာတိုအားမေးကြည့်လေသည်။

"ဆိုင်ထဲတုန်းက ကျည်ဆန်တွေယူသွားတဲ့ လူဝဝက ဘယ်သူလဲဗျ"

"သြော်... အဲဒါ 'ဂူတီရက်'ဆိုတဲ့လူပဲ၊ သူက ကျုပ်တို့ကို မှန်မှန်သတင်းပေးနေတဲ့သူဖြစ်တယ်"

စင်စစ်အားဖြင့် ဂူတီရက်ဆိုသူ ကိုယ်တိုင်က ဒုစရိုက်သမားတစ်ဦးဖြစ်သည်။ သို့သော် တိုင်းအမှတ် (၇) နယ်မြေအတွင်း လောင်းကစားဒိုင်အသစ်များ စတင်ဖွင့်လှစ်သည့်အခါ ရဲတပ်ဖွဲ့အား သတင်းပေးလေ့ရှိသည်။

တကယ်လောင်းကစားဒိုင်က ကြီးကြီးကျယ်ကျယ် လုပ်နေလျှင် ရဲတပ်ဖွဲ့က မဖမ်းမဖြစ်သောကြောင့် ဖမ်းဆီးရပါက သတင်းပေးသူ ဂူတီရက်အဆုကြေးငွေ ရလေ့ရှိသည်။

အရည်အချင်းလည်းရှိပြီး ရဲအရာရှိကောင်းများ ဖြစ်နိုင်သူ ရှုမာတိုနှင့် ရောဘတ်တို့ကိုယ်တိုင်က အဂတိလိုက်စားမှုများတွင် ပါဝင်နေကြောင်း သိရသဖြင့် ဆာပီကိုအနေဖြင့် အထူးပင် စိတ်မကောင်းဖြစ်ရလေသည်။

သူတို့သာ ရိုးဖြောင့်စွာ တကယ်ကြိုးစားပါက လောင်းကစားမှုကဲ့သို့ ဒုစရိုက်မှုတွေ လုံးဝပပျောက်သွားအောင် ပြုလုပ်နိုင်စွမ်းလည်း ရှိကြပေသည်။

သို့ရာတွင် ဒုစရိုက်သမားထံမှ မက်လောက်သော ဆက်ကြေးငွေပေးခြင်းကို သူတို့က မတွန်းလှန်နိုင်ခြင်းကြောင့် ခက်နေပေသည်။

ရှုမာတိုနှင့် ရောဘတ်တို့ နှစ်ဦးစလုံးသည် ရဲအရာရှိဟောင်းများဖြစ်ကြောင်း ယုံမှားဖွယ်မရှိပေ။ မှောင်ခို လောင်းကစားဝိုင်းတွေ မည်မျှပင် လျှို့ဝှက်ပိရိစွာ လုပ်ထားစေကာမူ သူတို့က စုံစမ်းထောက်လှမ်းနိုင်စွမ်း ရှိကြသည်။ သို့သော် သူတို့ လိုက်ထောက်လှမ်း ဖော်ထုတ်ခြင်း၏ အဓိကရည်ရွယ်ချက်က ဒုစရိုက်သမားများထံမှ ဆက်ကြေးငွေ ညှစ်ရန်သာ ဖြစ်နေလေသည်။



တစ်ခါက ဟာလင်ရပ်ကွက် အရှေ့ပိုင်းမှ လောင်းကစားဒိုင်လုပ်ငန်းအကြီးအကျယ် လုပ်သူတစ်ဦးသည် သူတို့ရပ်ကွက်သို့ ပြောင်းရွှေ့လာပြီးသူ၏လုပ်ငန်း စတင်လုပ်ခဲ့ဖူးသည်။ သို့သော် ထိုလူက အရပ်ဝတ် ရဲတပ်ဖွဲ့နှင့်အား ဆက်သွယ်နားလည်မှုမယူဘဲ ခပ်တည်တည် လုပ်နေသည်။

ပိရိလျှို့ဝှက်စွာ လုပ်နေသော်လည်း အကင်းပါးလှသော ရှုမာတိုသည်အခြား အရပ်ဝတ် ရဲအဖွဲ့ဝင်နှစ်ဦး၏ အကူအညီဖြင့် အဆိုပါ လောင်းကစားဒိုင်ကြီး၏ လျှို့ဝှက်လောင်းကြေး လက်ခံရာဌာနတစ်ခုသို့ ထောက်လှမ်းသိရှိခဲ့လေသည်။

ရှုမာတိုတို့ အဖွဲ့လည်း ထိုနေရာသို့ အလစ်ဝင်ဖမ်းလေရာ လောင်းကစားနေကြခြင်းကို လက်ပူးလက်ကြပ် မိလေတော့သည်။ လောင်းကြေးပြေစာဖြတ်ပိုင်းများအပြင် ငွေသားချည်း ဒေါ်လာ လေးထောင်ခန့် တွေ့ရှိရလေသည်။

မဖမ်းစေချင်လျှင် ဒေါ်လာလေးထောင်အပြင် နောက်ထပ် ငွေပေးရမည်ဟု ရဲအရပ်ဝတ်ရဲအဖွဲ့က တောင်းဆိုလေရာ ကစားဝိုင်းမှ လူတစ်ယောက်သည်သူတို့၏ အကြီးအကဲ ဒိုင်ချုပ်အား လှမ်းဖုန်းဆက်လိုက်သည်။

ဒိုင်ချုပ်လုပ်သူလည်း ချက်ချင်းလိုက်လာပြီး ဒေါ်လာငွေတစ်ထောင်ထပ်ပေးလေသည်။ သို့သော် ထိုငွေနှင့်လည်း မကျေနပ်သဖြင့် နောက်ဆုံးအဘိုး ကိုယ်တိုင် ဟာလင်ရပ်ကွက်သို့ လိုက်သွားပြီး ဒေါ်လာငွေ နှစ်ထောင်နောက်ထပ် ယူခဲ့လေသည်။

ယင်းသို့ ငွေခပ်များများ ရရှိသည့် အခါမျိုးတွင် ရဲတပ်ဖွဲ့ဝင်များကိုယ်တိုင် ယူထားပြီး မိမိတို့အုပ်စုအတွင်း ဝေခွဲယူလေ့ရှိကြသည်။

တစ်ခါက ရောဘတ်ကိုယ်တိုင်ပင်လျှင် အလားတူ ခပ်ကြီးကြီး အမှုတစ်ခု ဝင်ဖမ်းရာမှ ဒေါ်လာငွေခြောက်သောင်း ရရှိခဲ့ကြောင်း ဆာပီကိုအားပြောပြဖူးလေသည်။

အထက်ပါ ဖြစ်ရပ်မျိုးတွေကို ဆာပီကိုသည် စိတ်မချမ်းမြေ့စွာနှင့်ကြုံခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များအကြောင်း ပြောပြပုံကတော့ မိမိတို့သည် လစာငွေ အလွန်နည်းလှရုံမက ရဲအလုပ်ကို မည်သူကမှ တန်ဖိုးထားခြင်း မရှိခြင်းကြောင့် စိတ်ပျက်ဖွယ်ရာ ဘဝမျိုးတွင် နေရသဖြင့် ဖမ်းဆီးရမိသော ငွေများကို သက်ဆိုင်ရာသို့ မအပ်ဘဲ ချက်ချင်းဝေစုခွဲယူခြင်းက တရားသည်။ ယူထိုက်သည်ဟု ဆိုကြလေသည်။

သက်ဆိုင်ရာသို့ အပ်လိုက်ပါက အထက်အရာရှိများ ကိုယ်တိုင်ကလည်း ဝေစုခွဲယူကြမည်မှာ အသေအချာဖြစ်သဖြင့် တရားဝင် အပ်နှံခြင်းသည် အကြောင်းမထူးလှဟုလည်း ဆိုပေသည်။

ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု ပပျောက်အောင် ကြိုးစားရန် ရင်းဖြစ်ရပ်များကို မျက်မြင်ကိုယ်တွေ့ သိရှိသောအခါ အလွန်စိတ်ပျက်မိလေသည်။

အရေးထဲ ရောဘတ်က လောင်းကစားဝိုင်းများမှ ဖမ်းဆီးရမိသော ငွေကိုယူခြင်းသည် မတရားရာမကျ၊ ယူသင့်ယူထိုက်သည်ဟုဆိုသည်။ ယင်းယူဆချက် မှန်ကန်သည်ဟု လက်ခံသူတွေကလည်း အတော်များများ ရှိနေပေသည်။

သူတို့လူစုက မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူ ဒုစရိုက်ဂိုဏ်းများထံမှ လာဘ်ငွေယူခြင်းကိုတော့ မလုပ်သင့် မလုပ်ထိုက်ဟု ဝိုင်း၍ ရှုတ်ချပြစ်တင်ကြလေသည်။

ဆာပီကိုအနေဖြင့်ကား ရဲအဖွဲ့ဝင်များက ကျိတ်စားနေသော လာဘ်ငွေများအနက် မည်သည့်ငွေက သန့်ရှင်းပြီး မည်သည့်လာဘ်ငွေက မသန့်ရှင်းဟု ခွဲခြားသတ်မှတ်ရန်မှာ မိမိတို့လိုရာကို ဆွဲပြောနေကြခြင်းသာဖြစ်ကြောင်း သုံးသပ်မိလေသည်။

မည်သို့ပင်ဖြစ်စေ အဂတိလိုက်စားမှု၊ လာဘ်စားမှုတို့ကြောင့် ရဲတပ်ဖွဲ့ကြီး၏ လုပ်ငန်းတစ်ခုလုံး ထိခိုက်စေခြင်းကား ယုံမှားဖွယ် မရှိချေ။

ရဲတပ်ဖွဲ့အပေါ် ပြည်သူလူထုက လေးစားကြည်ညိုမှု လျော့နည်းလာသည်နှင့်အမျှ အားကိုးအားထားပြုသူ အလွန်နည်းလာသည်။ ရဲတပ်ဖွဲ့ဝင်များကိုလည်း အထင်မကြီးကြတော့ပေ။

အဆိုးဆုံးကား ဒုစရိုက်မှုများရှိရာ ရပ်ကွက်များမှ ကလေးသူငယ်များက အစ ရဲတွေရောက်လာပါက ငွေပေးလွှတ်လိုက်လျှင် ပြီးတာပဲဟု သိနေကြခြင်းသည် အလွန်သိက္ခာကျဖွယ် ဖြစ်နေတော့သည်။



ထိုအတောအတွင်း နိုင်ငံရေးသမားများက တရားဥပဒေ စိုးမိုးရေး အခြေအနေမှာ အလွန်ဆိုးရွား ပျက်ပြားနေပြီဟု ကြွေးကြော်အရေးဆိုချက်များကို သတင်းစာများက အကျယ်တဝင့် ရေးသားဖော်ပြလာကြလေသည်။

ဆာပီကိုမှာ အကြီးအကျယ် စိတ်ပျက်မိလင့်ကစား ဖြစ်နေသော အခြေအနေကို ပြုပြင်ပြောင်းလဲရန် သူလည်း မည်သို့မှမတတ်နိုင်ဘဲ ဖြစ်နေရသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

လူချင်းတွေ့ဆုံဆွေးနွေးပြီး ရက်သတ္တ သုံးပတ်ခန့်ကြာသောအခါ ကပ္ပတိန်ဘီဟန်က ဆာပီကိုအား သတင်းထောက်တစ်ရပ် ပေးလိုပါဟုဆိုကာ ဆက်သွယ်လေသည်။

ကပ္ပတိန်ဘီဟန်သည် ဒုရဲမင်းကြီးနှင့် တွေ့ဆုံခွင့်ရသဖြင့် တိုင်းအမှတ် ၇ နယ်မြေအတွင်း ဆာပီကို စုံစမ်းသိရှိရချက်များကို တဆင့်တင်ပြလိုက်သောအခါ ဒုရဲမင်းကြီး ဝေါ့ရှ်ကိုယ်တိုင် အထူးသဘောကျသွားသည်ဟု ဆိုသည်။

ဆာပီကိုကဲ့သို့ ရိုးသားဖြောင့်မတ်ပြီး ရဲတပ်ဖွဲ့အပေါ် စေတနာကောင်းရှိသူတစ်ဦး ပေါ်ပေါက်လာ၍ ဝမ်းမြောက်ဝမ်းသာရုံမက နောင်တွင် ဤလူမျိုးကို အားကိုးရလိမ့်မည်ဟုလည်း ဒုရဲမင်းကြီးက မှတ်ချက်ချလိုက်ကြောင်း သိရသည်။

ကပ္ပတိန်ဘီဟန်က ဆက်လက်၍ ဆာပီကိုအား အဂတိလိုက်စားမှု ပပျောက်ရေးဌာနသို့ လျှို့ဝှက်စွာ ပြောင်းရွှေ့ပို့ပေးရေး ကိစ္စကိုလည်း ရဲမင်းကြီးနှင့် ဆွေးနွေးခဲ့ကြောင်း ပြောပြလေသည်။ ထိုဌာနသို့ရောက်လျှင် ဆာပီကို အနေဖြင့် သူ စုံစမ်းသိရှိရသော အချက်များကို ဆက်လက်ထောက်လှမ်း အရေးယူနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကပ္ပတိန်ဘီဟန်က တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ သို့သော် ရဲမင်းကြီးက လောလောဆယ် သဘောမတူသေး။ ဆာပီကိုသည် လက်ရှိနေရာတွင်ပင် ဆက်လက်၍ နောက်ထပ်အလားအလာ သတင်းအချက်အလက်များ ရဲမင်းကြီးရုံးသို့ ပို့ပေးရန် လိုလားကြောင်း ပြော လိုက်သည်ဟုဆိုသည်။



ယင်းအစီအစဉ်ကို ဆာပီကိုသည် သဘောမကျမိချေ။

ရဲမင်းကြီးနှင့် တိုက်ရိုက်အဆက်အသွယ်မရှိဘဲ အဂတိလိုက်စားမှုကို ထိုက်ထောက်လှမ်း သတင်းပေးခြင်းသည် မိမိအနေဖြင့် တရားဝင်တာဝန် မရှိသလို ဖြစ်နေသည်။

တစ်ဖက်တွင်လည်း ကျန်အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များက မိမိအား သတင်းပေးသူလျှိုဟု အချိန်မရွေး သံသယရှိနိုင်သဖြင့် မည်သို့ဖြစ်လာဖွယ်ရာရှိကြောင်း ကိုလည်း တွေးမိလေသည်။

ထိုအတောအတွင်း ကပ္ပတိန်ဘီဟန်က ဒုရဲမင်းကြီး ဝေါ့ရှ်ကိုယ်တိုင် ဆာပီကိုနှင့် ထပ်မံတွေ့ဆုံလိုကြောင်း ပြောလာပြန်သည်။ လူချင်းတွေ့ပြီး တိုင်းအမှတ် ၇ အတွင်းမှ အခြေအနေများကို ဆွေးနွေးလိုသည်ဟုဆိုသည်။

ဆာပီကိုက သူအားမည့်ရက်ကို ဖုန်းဆက်အကြောင်းကြားပါမည်ဟု ပြောလိုက်သည်။ သို့သော် နောက်ပိုင်း လုံးဝ တယ်လီဖုန်းမဆက်ဘဲ နေလိုက် သည်။

မိမိအား အဂတိလိုက်စားမှု နှိမ်နင်းရေးဌာနသို့ အမြန်ပြောင်းရွှေ့မပေး သဖြင့် ဆာပီကိုက မကျေနပ်နိုင်သဖြင့် ရဲမင်းကြီးနှင့် နောက်ထပ် မတွေ့လို ခြင်းပင် ဖြစ်လေသည်။

* * *

တစ်ချိန်က ရဲတပ်ဖွဲ့မှူး ကပ္ပတိန်ဖိုရမ်က ရဲတပ်ဖွဲ့ လာဘ်စားမှုကိစ္စကို ဆက်လက်လိုက်နေပါက တစ်နေ့ လုပ်ကြံသတ်ဖြတ်ပြီး အလောင်းကို မြစ်ထဲ မျှောပစ်လိမ့်မည်ဟု သတိပေးခဲ့ပြီးနောက် ဆာပီကိုသည် ဒေးဗစ်ဒတ်နှင့် နောက်ထပ် မတွေ့အောင် ရှောင်နေခဲ့လေသည်။

ဒေးဗဒ်ဒတ်သည် ကပ္ပတိန်ဖိုရမ်၏ လက်အောက်ရှိ စုံစမ်းစစ်ဆေးရေး ဌာနတွင်ပင် အမှုထမ်းလျက်ရှိပြီး ဆာပီကိုထံသို့ ဖုန်းဆက်လေ့ရှိသည်။ ကိုယ်တိုင်က ကပ္ပတိန်ဖိုရမ်၏ အပြုအမူကို သဘောမကျမိပါဟုဆိုကာ ဆာပီကိုနှင့် ပူးပေါင်း၍ ရဲတပ်ဖွဲ့ကြီး ပြုပြင်ရေး ဆောင်ရွက်လိုပါသည်ဟုလည်း ပြောသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ဆာပီကိုက ဒေးဗစ်ဒတ်နှင့် တွေ့ဆုံရန် သဘောတူလိုက်သည်။

နှစ်ယောက်သား တွေ့ဆုံကြသောအခါ ဆာပီကိုက သူသည် ကပ္ပတိန်ဘီဟန်မှတဆင့် ရဲမင်းကြီး ဝေါ့ရှ်ထံသို့ အခြေအနေ တင်ပြခဲ့ကြောင်းကို ဒေးဗစ်ဒတ်အား ပြောလိုက်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဆာပီကိုက ကျေနပ်မှုမရှိကြောင်း ပြောသော်လည်း ဒေးဗစ်ဒတ်ကမူ အတော်ပင် အထင်ကြီးသွားပုံ ရလေသည်။

၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင် ကပ္ပတိန်ဘီဟန်က ဆာပီကိုနှင့် တွေ့ဆုံလိုကြောင်း တယ်လီဖုန်းဆက်ပြန်ရာ ဖေဖော်ဝါရီလ ၁၉ ရက်၊ ဘနင်္ဂနွေနေ့ ညနေဘက် တွေ့ဆုံကြရန် သဘောတူလိုက်လေသည်။

တွေ့ဆုံရန် ချိန်းလိုက်သည့်နေရာကား နယူးယောက်မြို့ပြင်ဘက် ကနေဒီလေဆိပ်သို့ သွားရာလမ်းရှိ လူရှင်းသော တစ်နေရာဖြစ်လေသည်။

ယင်းသို့ ကပ္ပတိန်ဘီဟန်နှင့် တွေ့ဆုံရန် ချိန်းလိုက်ကြောင်းကို ဆာပီကိုက ဒေးဗစ်ဒတ်အား ပြောပြရာ ဒေးဗစ်ဒတ်က သူကိုယ်တိုင် လိုက်ပါလိုကြောင်း၊ အကယ်၍ ပြဿနာ တစ်စုံတစ်ရာ ဖြစ်လာပါက သူက သက်သေအဖြစ် ရှိနေမည်ဖြစ်ကြောင်း ပြန်ပြောသဖြင့် ဆာပီကိုလည်း လိုက်ပါခွင့်ပြုရန် သဘောတူလိုက်သည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ညနေပိုင်းတွင် ရာသီဥတု မသာယာဘဲ မိုးတဖွဲဖွဲ ရွာနေလေသည်။

ဆာပီကိုသည် ဒေးဗစ်ဒတ်ကိုပါခေါ်၍ ချိန်းဆိုထားသော နေရာသို့ သွားသောအခါ ကပ္ပတိန်ဘီဟန်က ရောက်နှင့်နေပြီး သူ၏ကားကို လမ်းဘေးတွင်ရပ်ထားကာ ထိုင်စောင့်နေလေသည်။

ဒေးဗစ်ဒတ်ကို ခေတ္တစောင့်နေခိုင်းပြီး ဆာပီကိုတစ်ယောက်တည်း ကပ္ပတိန်ဘီဟန် ကားဆီသို့ လျှောက်သွားပြီး တက်ထိုင်လိုက်သည်။

ကပ္ပတိန်ဘီဟန်သည် ဆာပီကို၏ ကားထဲရှိ ဒေးဗစ်ဒတ်ကို လှမ်းမြင်လိုက်ပြီဖြစ်သည်။

"ဟေ့... ဆာပီကို၊ မောင်ရင်နဲ့လိုက်လာတာ ဘယ်သူလဲ"

"ကျွန်တော့် မိတ်ဆွေတစ်ယောက်ပါ၊ သူလည်း ရဲအရာရှိတစ်ယောက်ပါပဲ၊ စကားပြောတဲ့အခါ သူ့ကိုပါ ခေါ်ထားရင် မကောင်းဘူးလား"



ဆာပီကိုက ဤသို့ပြောသည်ကို ကပ္ပတိန်ဘီဟန်သည် လက်ခံချင်ပုံမရချေ။

"ဟာ... ဘယ်ဖြစ်မလဲကွ၊ ကျုပ်တို့ အခု ဆွေးနွေးကြရမှာက အထူးလျှို့ဝှက်ထားရမဲ့ကိစ္စဖြစ်တယ်၊ မောင်ရင်လည်း အသိသားနဲ့"

ဤတွင် ဆာပီကိုက စိတ်တိုလာသည်။

"အိုဗျာ... ကျုပ်ကလည်း ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ယောက်နဲ့ ဘိုင်ပင်ရသေးတာပေါ့၊ ကျုပ်ရဲ့ အခြေအနေကိုလည်း ပြန်စဉ်းစားကြည့်ပါဦး"

ဆာပီကို ခပ်ထန်ထန် ပြန်ပြောလိုက်သောအခါ ကပ္ပတိန်ဘီဟန်သည် ထိုကိစ္စကို ဆက်မပြောတော့ဘဲ မူလ ဆွေးနွေးရန် ချိန်းထားသည့်ကိစ္စကိုသာ ပြောလေသည်။

"ကျုပ် မောင်ရင့်ကို အသိပေးထားသလိုပဲ ရဲမင်းကြီး ဝေါ့ရှ်ကိုတော့ မောင်ရင် ပြောပြသမျှ အချက်အလက် အပြည့်အစုံကို အစီရင်ခံပြီးနေပြီ၊ သူ့ဆန္ဒက မောင်ရင် ဒီအတိုင်းပဲ ဆက်နေပြီး စုံစမ်းတွေ့ရှိသမျှကို သူ့ဆီသတင်းပို့ အစီအရင်ခံဖို့ပဲ၊ အဲဒါကို မောင်ရင် ဘယ်လိုသဘောရလဲ"

ဆာပီကိုသည် ချက်ချင်း ပြန်အဖြေမပေးဘဲ ခေတ္တစဉ်းစားနေလိုက်သည်။ သူ၏စိတ်ထဲတွင်ကား တိကျပြတ်သားသော တောင့်တချက်ဆန္ဒရှိနေပြီဖြစ်သည်။ သို့သော် ပြောင်ထုတ်ပြောရန် ခက်နေသည်။

ရဲမင်းကြီး ဝှုန်ဝေါ့ရှ်သည် နယူးယောက်မြို့ ရဲတပ်ဖွဲ့တစ်ခုလုံးတွင် အကြောက်ရဆုံး လူတစ်ယောက်ဟူ၍ ကျော်ကြားသူဖြစ်သည်။

မျက်နှာထားကလည်း အမြဲလိုလို တင်းမာနေတတ်သဖြင့် သူနှင့်အမြဲဆက်ဆံနေရသူများပင်လျှင် သူ့ရှေ့ရောက်သည့်အခါ မနေတတ်မထိုင်တတ်ဖြစ်တတ်သည်။

ဝှုန်ဝေါ့ရှ်သည် ၁၉၅၀ ခုနှစ် နောက်ပိုင်းမှစ၍ ကံဇာတာ တက်လာခဲ့သူဟု ဆိုရပေမည်။ ထိုအချိန်က မှောင်ခိုလောင်းကစား ဒိုင်ကြီးအဆုံးဘယ်ရီဂရော့စ်ဆိုသူသည် ရဲအရာရှိအားလုံးနီးပါးကို ငွေဖြင့်ပေါက်၍ အိတ်ထောင်ထဲထည့်ထားနိုင်ခြင်းနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့တစ်ခုလုံး အကြီးအကျယ်နာမည်ပျက်ခဲ့ဖူးသည်။ ယင်းအခြေအနေတွင် ဝှုန်ဝေါ့ရှ်သည် အလွန်တင်းကျပ်ပြတ်သားစွာဖြင့် ရဲအဖွဲ့ဝင်များ လာဘ်စားမှုကို မနားမနေ ကြိုးစားထောက်လှမ်း ဖော်ထုတ်၍ အရေးယူနိုင်ခဲ့သဖြင့် နာမည်ကြီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့ဝင်များကိုလည်း ဂျွန်ဝေါ့ရှ်က–

"ခင်ဗျားတို့အားလုံး သတိထားဖို့က ကျုပ်က ဘယ်သူ့မျက်နှာကိုမှ မထောက်ဘူး၊ ရဲတပ်ဖွဲ့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်စေမဲ့ အပြုအမူတစ်ခုခု ခင်ဗျားတို့ လုပ်တာနဲ့ ကျုပ်ကတော့ ဖမ်းမှာပဲ"

ဟု ပြောလေ့ရှိသည်။

တစ်ချိန်တည်းမှာပင် ဂျွန်ဝေါ့ရှ်သည် ရဲတပ်ဖွဲ့ဝင်များ၏ ကိုယ်ကျင့်တရားကို စုံစမ်းထောက်လှမ်းပြီး အစီရင်ခံရသည့် ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဤနည်းအားဖြင့် သူသည် နာမည်ရကာ ရာထူးအဆင့်ဆင့်တိုးလျက် ရဲတပ်ဖွဲ့တွင် အကြောက်ရဆုံး ဒုရဲမင်းကြီး ရာထူးကို ရခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်လင့်ကစား ယခုလက်ငင်း အခြေအနေတွင် ဂျွန်ဝေါ့ရှ်သည် နယူးယောက်မြို့ ရဲတပ်ဖွဲ့ကြီးတစ်ခုလုံးကို ကြိုးကိုင်ထားနိုင်သူဖြစ်နေ၍ ဆာပီကိုသည် ထိုပုဂ္ဂိုလ်အား မိမိက အားကိုး၍ ဖြစ်ပါမည်လော၊ မိမိလိုချင်သလို လိုက်လောပါမည်လောဟု သံသယဖြစ်မိလေသည်။ တစ်ချိန်က ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှုကို ပြတ်ပြတ်သားသား နှိမ်နင်းခဲ့သလောက် ယခု သူ၏ အတွင်းသဘောထားက မည်သို့ရှိနေမည်နည်း။

စိတ်များပြောင်းသွားလေပြီလား၊ အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များအား ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း အာဏာကိုပါ သူ၏ လက်ဝယ် အပိုင်ရရှိထားသူအနေဖြင့် မိမိသည် တကယ်တမ်း အားကိုးရပါမည်လော။ ဤသို့လျှင် ဆာပီကိုသည် တမျှော်တခေါ်ကြီး တွေးနေမိလေသည်။

နောက်ဆုံးတွင် စိတ်ကို ဆုံးဖြတ်လိုက်ပြီး ကပ္ပတိန်ဘီဟန်က–

"ကောင်းပါပြီ၊ ရဲမင်းကြီး ဝေါ့ရှ်အနေနဲ့ သင့်တော်တယ်၊ ကောင်းတယ်ထင်တာဆိုရင် ကျွန်တော် ဘာမဆိုလုပ်ပါ့မယ်"

ဟု ပြောလိုက်သည်။

ဤတွင် ကပ္ပတိန်ဘီဟန်ကလည်း ကျေနပ်သွားပုံ ရလေသည်။

"အေး ကောင်းတယ်၊ ဒီလိုမှပေါ့၊ သူ့ဆန္ဒက မောင်ရင် လက်ရှိဌာနမှာ ဆက်နေစေချင်တာပဲ"

ထိုနောက် ဆာပီကိုက တိုင်းအမှတ် (၇) တွင် သူနေရသည့် အခြေအနေတို့နှင့် မည်သို့ အန္တရာယ်များနိုင်ကြောင်းများကိုပါ ရှင်းပြသည်။



မိမိအနေဖြင့် ဘာလုပ်ရပါမည်နည်းဟု မေးသောအခါ ကပ္ပတိန်ဘီဟန်က–

"ကိုယ့်လူက အခုလိုမေးတာ ကျုပ် သဘောကျတယ်၊ ရဲမင်းကြီးက မောင်ရင် သူနဲ့တွေ့ချင်ရင် နေ့ညအချိန်မရွေး နေရာမရွေး လက်ခံတွေ့ဖို့ အဆင်သင့်ရှိတယ်လို့ ပြောတယ်၊ မောင်ရင်နဲ့ သူနဲ့ အဆက်အသွယ်ရှိတာကို လူမသိအောင် မြေအောက်မီးရထား ဘူတာရုံတစ်ခုမှာ တွေ့ပါဆိုရင်တောင် လာတွေ့ပါ့မယ်တဲ့၊ အဲဒီလောက်အထိ သူက ကိုယ့်လူကို အကာအကွယ်ပေးဖို့ ဆုံးဖြတ်ထားတယ်"

ဟု ပြန်ပြောသဖြင့် ဆာပီကိုလည်း ကျေနပ်သွားမိသည်။

"အိုကေ၊ ဒီလိုဆိုရင်တော့ ကောင်းပါတယ်"

ထိုနောက် ကပ္ပတိန်ဘီဟန်က ဆက်လက်၍ ရဲမင်းကြီးအနေဖြင့် တိုင်းအမှတ် (၇) နယ်မြေရှိ ရဲအဖွဲ့ဝင်များ အဂတိလိုက်စားနေကြပုံအကြောင်းကို အသေးစိတ်သိလိုကြောင်း ပြောပြရာ ဆာပီကိုကလည်း နာမည်များကို ထုတ်ဖော်ပြောပြလိုက်သည်။

လောင်းကစားဒိုင်များနှင့် 'နားလည်မှု'ယူကာ ငွေစားနေခြင်းကို အုပ်စုဖွဲ့၍ ပြုလုပ်နေကြရာတွင် ရော်ဘတ်က ခေါင်းဆောင်ပြီး ဇူမာတိုက သူ၏ ညာလက်ရုံးသဖွယ် လုပ်နေဟန်တူကြောင်းကိုပါ ပြောပြလိုက်သည်။

"အခု မောင်ရင်လုပ်ဖို့က ကိုယ့်နေရာကိုပြန်သွားပြီး သတိနဲ့ မျက်လုံးဖွင့် စောင့်ကြည့်နေဖို့ပဲ၊ ရဲမင်းကြီးကတော့ မောင်ရင်နဲ့ အဆက်အသွယ်လုပ်ပါလိမ့်မယ်"

ဤသို့ ကပ္ပတိန်ဘီဟန်က စကားအဆုံးသတ်လိုက်သည်။

* * *

ဆာပီကိုသည် မလှမ်းမကမ်းတွင် ရပ်ထားသော သူ၏ မော်တော်ကားဆီသို့ ပြန်လျှောက်သွားသောအခါ ထိုင်စောင့်နေသူ ဒေးဗစ်ဒတ်က–

"ဘယ်လိုလဲဗျ"

ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူကပြောတော့ ကျုပ်ဟာ ရဲမင်းကြီးဝေါ့ရှ်နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး အလုပ်လုပ်သွားရမယ်တဲ့၊ ဒါပေမဲ့ ဒီအစီအစဉ်ကို ဘယ်သူမှမသိအောင် လျှို့ဝှက်ထားမယ်လို့လည်း ပြောတယ်"

ဟု ပြန်ပြောလိုက်ရာ ဒေးဗစ်ဒတ်လည်း မျှော်လင့်ချက် အလားအလာ ကောင်းလာပြီဟု ယူဆလိုက်သည်။

သို့ရာတွင် ဆာပီကို ကိုယ်တိုင်ကမူ စိတ်ထဲတွင် ဒွိဟသံသယ လုံး မကင်းနိုင်သေးချေ။

သူ၏ လက်ရှိအခြေအနေမှာ အန္တရာယ်များသလောက် ပြဿနာအခက် အခဲတွေလည်း ရှိနေပေသည်။

မိမိအနေဖြင့် ရဲမင်းကြီး ဝေါ့ရှ်အား မည်သို့ တိုက်ရိုက်ဆက်သွယ်ရပါမည်နည်း။

ရဲမင်းကြီးကိုယ်တိုင်က မိမိအား မည်သို့ လျှို့ဝှက်စွာ ဆက်သွယ်မည်နည်း။

ရဲအဖွဲ့ဝင်များ အဂတိလိုက်စားမှုကို စုံစမ်းထောက်လှမ်းရာတွင် မည်သို့သော နည်းစနစ်ဖြင့် ရဲမင်းကြီးက ထောက်လှမ်းနိုင်းမည်နည်း။

မိမိအနေဖြင့် တိုင်းအမှတ် ၇ မှ လာဘ်စားနေသော အဖွဲ့အတွင်းသို့ သူလျှိုသဘော ပါဝင်ပြီး စုံစမ်းထောက်လှမ်းရမည်လော။

အထက်ပါ မေးခွန်းများကို ဆာပီကိုသည် ကပ္ပတိန်ဘီဟာန်အား မမေးခဲ့ခြင်းမှာ ပြန်လည်အဖြေပေးနိုင်မည်မဟုတ်သောကြောင့်ပင် ဖြစ်သည်။

ထို့ပြင် ကပ္ပတိန်ဘီဟာန်အနေဖြင့် အသေးစိတ် စီမံချက်အကြောင်းကို ရဲမင်းကြီးအား မေးဝံ့မည်ဟု မထင်မိချေ။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဆာပီကိုသည် ကပ္ပတိန်ဘီဟာန်နှင့် တယ်လီဖုန်းဖြင့် စကားပြောရပြန်သည်။

ကပ္ပတိန်ဘီဟာန်က သူသည် ရဲမင်းကြီး 'ဝေါ့ရှ်'နှင့် တွေ့ဆုံပြီး၍ မိမိတို့ ပြောဆိုဆွေးနွေးချက်များကို တင်ပြအစီရင်ခံလိုက်ပြီဖြစ်ကြောင်း ပြောရင်း ဆာပီကိုနှင့် မတ်လ ၂ ရက်နေ့တွင် ထပ်မံတွေ့ဆုံရန် ချိန်းဆိုပြန်လေသည်။

သို့ရာတွင် ယင်းသို့ တွေ့ဆုံရန် အစီအစဉ်သည် မဖြစ်မြောက်ခဲ့ချေ။

မတ်လ ၃ ရက်နေ့တွင် ကပ္ပတိန်ဘီဟာန်သည် ခြေထောက်အနာဖြစ်၍ တစ်လနီးပါး ဆေးရုံတက်နေခဲ့ရသဖြင့် ချိန်းဆိုရာသို့ မလာနိုင်ခြင်းဖြစ်သည်။



ဆာပီကိုကမူ ကပ္ပတိန်ဘီဟာန်ထံမှ နောက်ထပ် အဆက်အသွယ်မရ ...ည်ကို မည်သို့မျှ စိတ်အနှောင့်အယှက် မဖြစ်မိချေ။ သူတကယ်တမ်း မျှော်...င့်တောင့်တနေမိသည်ကား ရဲမင်းကြီး ဝေါ့ရှ်ထံမှ တိုက်ရိုက်ဆက်သွယ်မှုပင် ...ဖြစ်လေသည်။

* * *

တိုင်းအမှတ် ၇ မှ အုပ်စုဖွဲ့၍ လာဘ်စားနေသူများ၏ အသိုက်အဝန်း ...ောက်ပြီး အတွင်းလူလုပ်ရန် နည်းလမ်းများကို ဆာပီကို စဉ်းစားရပြန်သည်။

သို့သော် ဗူမာတို ကိုယ်တိုင်က ဆာပီကို၏ ရသင့်ရထိုက်သော ...ကို သိမ်းပေးပါမည်ဟု ကတိပေးထားခြင်းကြောင့် စဉ်းစားရန် အချိန်ရခဲ့ ...သည်။

ဗူမာတိုက ယင်းသို့ တာဝန်ယူနိုင်ခြင်းမှာ တိုင်းအမှတ် ၇ အတွင်း ...အားလုံးကိုယ်စား ငွေကို စုပေါင်းလက်ခံရသူ သုံးဦးအနက် သူသည်လည်း ...ဦးဖြစ်နေသောကြောင့်ပင်တည်း။

များသောအားဖြင့် လက်ရှိ ရရှိသောငွေများကို တစ်လလျှင် နှစ်ကြိမ် ...ခွဲ၍ အားလုံးသို့ ဝေပေးလေ့ရှိပေသည်။

နောက်ပိုင်း လူချင်း ပိုမိုရင်းနှီးလာသောအခါ ငွေလိုက်ကောက်ခံရာ ...များသို့ ဗူမာတိုက သူနှင့်အတူ ဆာပီကိုအား ခေါ်သွားလေ့ရှိသည်။

တစ်ကြိမ်တွင်မူ ဗူမာတိုက–

"ဟေ့ ဆာပီကို၊ မောင်ရင်က ကျုပ် မျက်နှာပူအောင် မလုပ်ဘူးလို့ ...င်လင့်တယ်၊ ကျုပ်က တခြားလူတွေကို မောင်ရင်က 'အိုကေ'ပါလို့ ပြော...ဘယ်ဗျ"

ဟု ပြောလေသည်။

သူ၏နာမည်ကိုပါ အဂတိလိုက်စားနေသူအဖြစ် အထက်သို့ လျှို့ဝှက် ...င်ခံထားပြီးဖြစ်ကြောင်း ဗူမာတိုသည် ရိပ်မိသလောဟူ၍ကား ဆာပီကို ...မှန်းနိုင်ပေ။

ဆာပီကိုအတွက် သိမ်းဖယ်ထားသော ဝေစုငွေကို မည်သည့်အခါမှ ...င်းလိမ့်မည် မဟုတ်ဟုလည်း ဗူမာတိုက တွက်မိသလောဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ချေ။

ဆာပီကိုအနေဖြင့် စိုးရိမ်မိသည်ကား ဗူမာတိုသည် ဆာပီကို၏ ဝေစု ပါဆိုလျှင် နှစ်ယောက်အတွက် ဝေစုရယူနေကြောင်း အခြားအဖွဲ့ဝင်များ ရိပ်မိသိရှိသွားမည်လောဟူသော အချက်ပင်ဖြစ်သည်။

တကယ်တော့လည်း နောက်ပိုင်းကျတော့ ဆာပီကိုက သူ့ ဝေစုရှယ်ယာ လုံးဝမယူသဖြင့် ဗူမာတိုကပင် ရသွားခဲ့သည်။

ဗူမာတိုသည် 'ဘရောင့်' ရပ်ကွက်တွင် သီးသန့် တိုက်ခန်းတစ်ခန်း ငှားထားလေသည်။ သူ၏အဆိုက ရံဖန်ရံခါ အပေါင်းအသင်းများနှင့် လွတ် လပ်စွာ 'ဆိုရှယ်'လုပ်ရန်ဟု ပြောလေသည်။ တစ်ခါတရံ ဆာပီကိုအား ထိုသီးသန့်တိုက်ခန်းသို့ ခေါ်သွား၍ နားနားနေနေ နေထိုင်ခိုင်းပြီး တစ်နေ့ အတွက် လက်ခံရရှိသော ငွေများကို ရေတွက်လေ့ရှိသည်။

ယင်းတိုက်ခန်း၏ နံရံတစ်ဖက်တွင် သစ်သားဗီရို ခပ်မြင့်မြင့်တစ်လုံး ရှိရာ ဗီရိုပေါ်တွင်ကား စာအိတ်များ စီထားလေသည်။

တစ်နေ့တွင် ဗူမာတိုက ဆာပီကိုအား ဗီရိုပေါ်မှ စာအိတ်ကြီးတစ်အိတ် ကို ညွှန်ပြရင်း–

"အဲဒါ မောင်ရင့်ဝေစုရှယ်ယာပဲ၊ အချိန်မရွေး လိုချင်ရင် ယူနိုင်တယ် ကျုပ်က အတိအကျ သိမ်းထားတယ်၊ တစ်ခုတော့ရှိတယ်၊ ထိန်းသိမ်းခအဖြစ် ကျုပ်က ဆယ်ဒေါ်လာတော့ နုတ်ယူမယ်"

ဟု ပြောလေသည်။

ဆာပီကိုသည် မိမိတို့လို တစ်ဖွဲ့သားတည်းဖြစ်ကြောင်း ထင်ရှားစေ ဟန်ဖြင့် ဗူမာတိုက သူတို့ 'အုပ်စု'ဝင်များ ကျိတ်တွေ့ဆုံသည့် အစည်းအဝေး သို့ပင် ဆာပီကိုအား ခေါ်သွားလေသည်။

အစည်းအဝေးဆိုသည်မှာလည်း စိတ်တူသဘောတူ လာဘ်စားနေသော ရဲဘော်တပ်ဖွဲ့ဝင်များ စုဝေးတိုင်ပင်ခြင်းပင် ဖြစ်သည်။

ယင်းအစည်းအဝေးများကို လူသူပရိသတ်ရှင်းသော ဟိုတယ်ငယ်များ တွင် ပြုလုပ်လေ့ရှိသည်။

တစ်ခါသော် ဗူမာတိုက အစည်းအဝေးတစ်ခုရှိသည်ဆိုပြီး သူတို့နှင့် နားလည်မှုရှိသော ဘားအရက်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားလေသည်။

ဆိုင်၏နောက်ဘက် အတွင်းခန်းတစ်ခန်းတွင် အစည်းအဝေးပြုလုပ်



ရာ ဆာပီကိုက ရှေ့ခန်းရှိ ဘားကောင်တာတွင် ထိုင်စောင့်နေရသည်။ သို့သော် အစည်းအဝေးခန်းအတွင်းမှ ရှုခင်းကို ကြည့်လိုသဖြင့် ဗူမာတိုအား မိမိ တခြားသွားစရာရှိကြောင်း ဝင်ပြောရန်ဆိုပြီး အတွင်းခန်းသို့ ခေတ္တဝင်ကြည့် လာသည်။

အစည်းအဝေးခန်းအတွင်း၌ကား ရောဘတ် အပါအဝင် အရပ်ဝတ်ရဲတပ် ဖွဲ့ဝင်တစ်စုသည် အရက်သောက်ရင်း ဝက်ပေါင်ခြောက်အသားနှင့် မြည်းကာ စကားပြောနေကြလေသည်။

ရောဘတ်က ခေါင်းဆောင်အဖြစ် မြို့တွင်းရှိ လောင်းကစားဒိုင်ကြီး ကြီး လုပ်နေသူတစ်ဦးနှင့် ပတ်သက်၍–

"ဒီကောင်ကြီးက သိပ်နာမည်ကြီးနေတော့ ပြဿနာ ပေါ်လာနိုင်စရာ အခြေအနေရှိနေတယ်၊ ဒါကြောင့် လောလောဆယ်တော့ ကျုပ်တို့က သူ့ကို အလွှတ်ထားလိုက်ပြီး စောင့်ကြည့်ရင်ကောင်းမယ်"

ဟု ခပ်တည်တည် ပြောနေလေသည်။

အဂတိလိုက်စားမှု၊ လာဘ်စားမှုအတွက် သည်လူတွေ ဤမျှစိတ်ဝါ ထက်ကြွစွာ လုပ်သလို တရားဥပဒေ စိုးမိုးရေးအတွက်သာ ကြိုးစားကြပါက နယူးယောက်မြို့ကြီး၏ အခြေအနေသည် မျက်လှည့်ပြသလို နေ့ချင်းညချင်း ကောင်းလာနိုင်မည်မှာ သေချာသည်။ ဆာပီကိုက စိတ်ထဲမှ တွေးမိလိုက်သည်။

ဧပြီလလယ်သို့ ရောက်သောအခါ တိုင်းအမှတ် ၇ နယ်မြေအတွင်း ဆာပီကို၏အခြေအနေသည် အထူးစိုးရိမ်ဖွယ် ကောင်းလာလေသည်။

တစ်နေ့တွင် ဗူမာတိုက နှစ်ယောက်ချင်းတွေ့၍–

"ဟေ့ ဆာပီကို ကျုပ်တော့ ဒီနေရာက ပြောင်းရွှေ့ဖို့ အမိန့်ကျတော့ မယ်ထင်တယ်ဗျ"

ဟု ပြောလေသည်။

* * *

ဗူမာတို ပြောင်းရွှေ့ရတော့မည်ဟု သတင်းကြားလိုက်ရရုံနှင့် ဆာပီကိုက စိုးရိမ်ပူပန်မိခြင်းမှာ အကြောင်းရှိပေသည်။

ရဲမင်းကြီး ဂျွန်ဝေါ့ရှ်က မိမိအား တိုက်ရိုက် ကျောထောက်ထားသည်ဆို

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ယခုထိ တစ်ကြိမ်တစ်ခါမှ အဆက်အသွယ်မလုပ်သေးခြင်းမှာ သံသယရှိဖွယ် ဖြစ်နေသည်။

ယခု ရှုမာတို ပြောင်းရွှေ့သွားရတော့မည်ဖြစ်ရာ မိမိ ဆာပီကိုသည်လည်း အများနည်းတူ ဝေစုရယ်ယာ ယူနေပါသည်ဟူသော လှည့်စားထားချက်သည် ပေါ်ပေါက်လာချေတော့မည်။

မည်သို့ ကြံရမှန်းမသိဘဲ ဖြစ်နေရာမှ နောက်ဆုံးတွင် ကပ္ပတိန်ဘီဟာန်ထံသို့ အမြန်ဆုံးတွေ့လိုကြောင်း တယ်လီဖုန်းဆက်လိုက်လေသည်။

သူသည် ရဲမင်းကြီး ဝေါ့ရှ်ထံ ဆာပီကို၏ လိုလားချက်ဆန္ဒအားလုံး တင်ပြပြီးဖြစ်၍ သူ့တာဝန် ကုန်ပြီဖြစ်ကြောင်းကိုလည်း ပြောလေသည်။

ကပ္ပတိန်ဘီဟာန်က ဤသို့ ခေါင်းရှောင်သွားခြင်းကို ဆာပီကိုမှာ အလွန်အံ့အားသင့်တော့သည်။ သူကိုယ်တိုင် ရဲမင်းကြီးနှင့် မတွေ့ဆုံရလင့်ကစား ကပ္ပတိန်ဘီဟာန်က ရဲမင်းကြီး၏ ကိုယ်စားလှယ်အဖြစ် ဆက်သွယ်နေခြင်းဖြစ်သည်ဟု ယုံကြည်မိခဲ့သည်။ ယခုတော့ ထိုသို့မဟုတ်ဘဲ သူထားရှိခဲ့သော မျှော်လင့်ချက်များကား ပြိုကွဲပျက်စီးသွားလေပြီ။

ဤတွင် ဆာပီကိုသည် အလွန်မကျေမချမ်းဖြစ်ရာမှ ဒေါသထွက်လာမိလေတော့သည်။

သူ၏မိတ်ဆွေ ဒေးဗစ်ဒတ်နှင့်ကား တစ်ပတ်တစ်ကြိမ်လောက် မှန်မှန်တွေ့ဆုံလေ့ရှိသည်။ မကြာခဏဆိုသလို ဆာပီကိုအား ဒေးဗစ်ဒတ်က သူ့အိမ်သို့ ဖိတ်ခေါ်၍ စားရင်းသောက်ရင်းနှင့် စကားပြောလေ့ရှိသည်။ ဆာပီကိုနှင့် အတူတွဲ၍ အလုပ်လုပ်ရလျှင် ကောင်းမည်ဟုလည်း ပြောလေ့ရှိသည်။

ဆာပီကိုက နောက်ဆုံးအခြေအနေနှင့် ပတ်သက်၍ ရဲမင်းကြီးဝေါ့ရှ်ထံမှ မည်သို့မှ အဆက်အသွယ်မရ၍ အလွန်စိတ်ပျက်မိကြောင်း ပြောလိုက်သော် ဒေးဗစ်ဒတ်က စိတ်မပျက်သင့်ကြောင်း အားပေးစကားပြောသဖြင့် ဆာပီကိုပင်လျှင် အံ့သြမိလေတော့သည်။

"အခြေအနေက တစ်မျိုးကောင်းလာမှာပေါ့ဗျ၊ အပြောင်းအလဲတွေလည်း ဖြစ်လာပါလိမ့်မယ်"

ဟု ဒေးဗစ်ဒတ်က ပြောပြလေသည်။

ဤသို့ ပြောလိုက်ခြင်းမှာလည်း အကြောင်းရှိပေသည်။

ဒေးဗစ်ဒတ်သည် မြို့တော်ဝန်ရုံးမှ သူ၏ မိတ်ဆွေထံ သွားတွေ့ဆုံ ပြီး



ဆာပီကို၏ တွေ့ရှိချက်များကို တဆင့်ပြောပြီးဖြစ်သည်။ ထိုမိတ်ဆွေ ကရီဂယ်လ်သည်သူကလည်း ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု ပပျောက်ရေးကို လိုလားသူမှာက ယင်းပြဿနာကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းပေးနိုင်သည့် အခြေအနေ ရှိပေသည်။

သူကိုယ်တိုင်က ရဲတပ်ဖွဲ့ဝင်များ လာဘ်စားမှု၊ အဂတိလိုက်စားမှု ပျောက်ရေးကို အလွန်လိုလားသူလည်းဖြစ်သည်။

ဒေးဗစ်ဒတ်က ဆာပီကိုအား မည်သို့မှ စိတ်မပျက်ရန် အားပေးရင်း သူ၏မိတ်ဆွေ ကရီဂယ်လ်မှတဆင့် မြို့တော်ဝန် လင်းလေးနှင့် တိုက်ရိုက်တွေ့ဆုံခွင့်ရပြီး စီမံကိန်းချကာ ရဲတပ်ဖွဲ့ကြီးအား ပြုပြင်နိုင်လိမ့်မည်ဟု ပြောလေသည်။

ထို့ကြောင့် ပထမအဆင့်အနေဖြင့် ဆာပီကိုသည် ကရီဂယ်လ်နှင့် တွေ့ဆုံပြီး အကြောင်းစုံကို ရင်ဖွင့်ပြောဆိုသင့်ကြောင်း တိုက်တွန်းလေသည်။ အထူးသဖြင့် တိုင်းအမှတ် (၇) မှ ရဲတပ်ဖွဲ့ဝင်များ ပြုမူနေကြပုံကို အပြည့်အစုံ ဖွင့်ပြောသင့်သည်ဟုလည်း ဒေးဗစ်ဒတ်က ပြောပြလေသည်။

ထိုအစီအစဉ်ကို ဆာပီကိုသည် သဘောကျမိလေသည်။

သူ့ကိုယ်တိုင် လေ့လာကြည့်ချက်အရ ရဲတပ်ဖွဲ့ကြီး ကောင်းမွန်လာအောင် ပြုပြင်ရန်မှာ ရဲတပ်ဖွဲ့အတွင်းမှ လုပ်၍မရ။ ပြင်ပမှ အာဏာရှိသော ဌာနတစ်ခုက ကြီးကြပ်ကွပ်ကဲ၍ ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်မိလာသည်။

ဥပမာ အမှုထမ်းနှစ်ပေါင်း ၂၀ ခန့်ရှိသူ ရဲအရာရှိကြီးများပင်လျှင် အဂတိလိုက်စားမှု၊ လာဘ်စားမှုတွေ ရှိနေမှန်းသိလျက်နှင့် မည်သို့မှ ပြုပြင်ရန် ကြိုးစားအားထုတ်ခြင်း မလုပ်ခဲ့ကြခြင်းကိုလည်း ဆာပီကိုက သတိပြုမိခဲ့ပြီ မဟုတ်လား။

ထို့ကြောင့် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲမှု အမှန်တကယ် ဖြစ်မြောက်အောင်မြင်စေရန်အတွက် ပြင်ပ အဖွဲ့အစည်းတစ်ခုခုကလုပ်မှ ဖြစ်ပေတော့မည်။

ဤသို့တွေးတော ဆင်ခြင်မိသဖြင့် ဆာပီကိုသည် သူ၏ မိတ်ဆွေ ဒေးဗစ်ဒတ်၏ အကြံပေး တိုက်တွန်းချက်ကို သဘောကျမိခြင်း ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကရီဂယ်လ် ဆိုသူမှာ အသက် ၂၇ နှစ်သာရှိသေးသည့် လူငယ်တစ်ဦး ဖြစ်သည်။

သို့သော် ဉာဏ်ပညာ ထက်မြက်ပြီး နာမည်ကျော် ဟားဗက်တက္ကသိုလ်မှ ဥပဒေပညာဘွဲ့ရသူဖြစ်သည်။ ရိုးသားဖြောင့်မတ်ပြီး အလုပ်လုပ်ရာတွင် အလွန်ကြိုးစားသူလည်းဖြစ်၍ နယူးယောက်မြို့တော်ဝန် ဂျွန်လင်းဆေးက မျက်စိကျကာ ကရီဂယ်လ်အား သူ၏ရုံးအဖွဲ့ဝင် လူယုံတော်အဖြစ် ခေါ်ယူခန့်ထားခဲ့ခြင်းဖြစ်သည်။

သူသည် တစ်နေ့လျှင် အလုပ်ချိန် နာရီပေါင်း ၁၂ နာရီမှ ၁၅ နာရီကြာအောင် မညည်းမညူဘဲ လုပ်လေ့ရှိပြီး မြို့တော်ဝန် လင်းဆေးအနေဖြင့် အသုံးအားကိုးရသော ရုံးအဖွဲ့ဝင်တစ်ဦး ဖြစ်လေသည်။

ဉာဏ်ပညာထက်မြက်ပြီး မှတ်ဉာဏ်အထူးကောင်းသလောက် ဖြစ်ပေါ်လာသည့် ပြဿနာဟူသရွေ့ကို လျင်မြန်သွက်လက်စွာ သုံးသပ်အဖြေရှာကာ အဆုံးအဖြတ် ပေးနိုင်သူလည်း ဖြစ်ပေသည်။

ဧပြီလကုန်ခါနီး တနင်္ဂနွေနေ့ ညနေဘက်တွင် ဆာပီကိုသည် ကရီဂယ်လ်နှင့် ပထမဆုံး တွေ့ဆုံခွင့်ရခဲ့လေသည်။

လိုက်ပို့ပေးသူ ဒေးဗစ်ဒတ်နှင့်အတူ ကရီဂယ်လ်၏ ရုံးခန်းတွင်းသို့ ဝင်လိုက်မိသည်နှင့် ဆာပီကိုသည် အံ့သြသွားမိလေသည်။

ကရီဂယ်လ်သည် တက္ကသိုလ်ကျောင်းသားအရွယ် လူငယ်တစ်ယောက်ဖြစ်ပါလျက် ဤမျှ တာဝန်ကြီးမားလှသော ရာထူးနေရာ ရနေခြင်းကို အံ့သြမိခြင်းပင်ဖြစ်သည်။

မိတ်ဆက်ပေးပြီးနောက် ဒေးဗစ်ဒတ်က ပြောစရာရှိတာတွေ အကုန်သာ ဖွင့်ပြောလိုက်ဟု တိုက်တွန်းသဖြင့် ဆာပီကိုသည် မိမိကိုယ်တိုင် လာဘ်ငွေ ဒေါ်လာ ၃၀၀ ပေးခြင်း ခံရပုံမှစ၍ အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားနေကြပုံအကြောင်းများကို နှစ်နာရီနီးပါးကြာအောင် အသေးစိတ် ပြောပြလိုက်လေတော့သည်။

ကရီဂယ်လ်သည် စိတ်ပါဝင်စားစွာဖြင့် နားထောင်နေရင်းက ရံဖန်ရံခါ သူ၏ရှေ့ရှိ စာရွက်ပေါ်တွင် အချက်အလက်အချို့ကို ရေးမှတ်၍နေသည်။

ဆာပီကိုက အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များ အုပ်စုဖွဲ့၍ လာဘ်စားနေကြကြောင်း ကြားရချိန်တွင်ဆိုလျှင် ကရီဂယ်လ်က–



“အခြေအနေက ယုံနိုင်စရာမရှိအောင်ပဲ ဆိုးနေတာကို”

ဟု မှတ်ချက်ချလေသည်။

တိုင်းအမှတ် ၇ မှ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များအကြောင်း ဆာပီကိုက ပြောနေစဉ် ကရီဂယ်လ်က ပြန်လည်မေးခွန်းများ ထုတ်လေသည်။

ရဲတပ်ဖွဲ့ဝင်များ အုပ်စုဖွဲ့၍ လောင်းကစားဒိုင်များထံမှ လက်ခံယူသည့် လာဘ်ငွေပမာဏက မည်မျှရှိသနည်း။ ယင်းတစ်လုံးတခဲတည်း စုလက်ခံသော လာဘ်ငွေကို နောက်ပိုင်း ဝေစုခွဲလိုက်သောအခါ တစ်ဦးစီ၏ ရှယ်ယာက မည်မျှရှိတတ်သနည်း။

လာဘ်စားသည့် အုပ်စုအသီးသီး ပါဝင်သူများက မည်သူတွေဖြစ်သနည်း။

ဤသို့ မေးခွန်းများ ကြားဖြတ်မေးရင်း ကရီဂယ်လ်က သူသည် အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားနေကြကြောင်း ကြားနေရသော်လည်း ယခု ဆာပီကို လာရောက်တင်ပြသလို အသေးစိတ် အချက်အလက်များ တစ်ကြိမ်တစ်ခါမျှ မသိခဲ့ရကြောင်း ဖွင့်ပြောလေသည်။

ဆာပီကိုက သူ စုံစမ်းသိရှိရသလောက် တိုင်းအမှတ် ၇ မှ အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်အားလုံးပင် ပတ်သက်နေကြောင်းနှင့် ရဲမှူး (လက်ဖတင်နင်) အဆင့်ရှိသူနှစ်ဦးပင် ပါရှိနေကြောင်းကိုပါ ပြောပြလိုက်သည်။ ထို့ပြင် တိုင်းဌာနချုပ် ရုံးအဖွဲ့ဝင်များ အချို့သည်လည်း ရုံးတွင်နေရင်း နားလည်မှုဖြင့် အခွင့်အရေး ယူနေကြောင်းကိုလည်း ပြောပြလိုက်သည်။

အထက်ပါ အကြောင်းများကြောင့် ဆာပီကိုက သူတစ်ဦးတည်းအနေဖြင့် မည်သို့မှ မတတ်နိုင်၊ ပြင်ပအာဏာပိုင်များက အသေးစိတ် စုံစမ်းရေးကော်မရှင် ဖွဲ့၍ ပြတ်ပြတ်သားသား စုံစမ်းအရေးယူမှသာ ဖြစ်နိုင်မည်ဟု ဆက်ပြောလိုက်လေသည်။

တဖန် ကပ္ပတိန်ဘီဟန်မှတဆင့် ဒုရဲမင်းကြီး ဝေါ့ရှ်ထံ ဆက်သွယ် နည်းကပ်ကြည့်ပါသော်လည်း မည်သို့မှ အကြောင်းမထူးဘဲ စိတ်ပျက်ခဲ့ရပုံကိုပါ ဖွင့်ပြောလိုက်လေသည်။

ဘေးမှ ထိုင်နားထောင်နေသူ ဒေးဗစ်ဒတ်က လက်ရှိအခြေအနေအရ ဆာပီကိုသည် တိုင်းအမှတ် ၇ တွင် ဆက်လက်နေရပါက အန္တရာယ်ရှိနိုင်ကြောင်း၊ ဖြစ်နိုင်ပါက ဆာပီကိုအား အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးလိုက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကရိဂယ်လ်ကလည်း ယင်းအချက်ကို သူကိုယ်တိုင် သဘောပေါက်ပြီး ဖြစ်၍ တစ်ခုခု ကြည့်လုပ်ပေးမည်ဟု ဆိုလေသည်။

သို့သော် မည်သို့မည်ပုံလုပ်ရန် ရည်ရွယ်ထားကြောင်းကိုမူ ဖွင့်မပြောချေ။

မြို့တော်ဝန်ထံ တင်ပြဆွေးနွေးပါမည်ဟုသာ ပြောပြီး ဆာပီကိုအား အထူးကျေးဇူးတင်ကြောင်း ပြောဆို၍ စကားဖြတ်လိုက်လေသည်။

* * *

ရက်အနည်းငယ် ကြာသောအခါ ဒေးဗစ်ဒတ်က ဆာပီကို၏အခန်းသို့ ရောက်လာလေသည်။

"ခင်ဗျားရဲ့မိတ်ဆွေ ကရိဂယ်လ်က ဘယ်လိုလဲဗျ"

ဆာပီကိုက အရက်တစ်ခွက် ငှဲ့ပေးရင်း မေးကြည့်လေသည်။

ဤတွင် ဒေးဗစ်ဒတ်သည် ဒေါသထွက်သည့် မျက်နှာထားမျိုး ဖြစ်သွားလေသည်။

"အလကားလူပါဗျ၊ လုံးဝမစွံဘူး၊ ဟိုနေ့က ကြီးကြီးကျယ်ကျယ်ပြော ပြီးတော့ အခု ဘာမှဖြစ်မြောက်လာမှာမဟုတ်ဘူး"

ဤသို့ အစချီကာ ဒေးဗစ်ဒတ်က သူသည် ကရိဂယ်လ်နှင့် တွေ့ဆုံ၍ မေးမြန်းကြည့်ပြီးဖြစ်ကြောင်း၊ ကရိဂယ်လ်က မြို့တော်ဝန် လင်းဆေးနှင့် ဆွေးနွေးကြည့်ရာ မြို့တော်ဝန်က ယခုလောလောဆယ် နွေဦးရာသီတွင် အလုပ်တွေများနေခိုက် ရဲတပ်ဖွဲ့ကြီးတစ်ခုလုံး စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်းများ ဖြစ်စေမည့် စုံစမ်းရေးအလုပ်ကို မလုပ်နိုင်သေးဟု ပြန်ပြောသည်ဆို၏။

ဆာပီကိုအဖို့ နောက်ထပ်တစ်ကြိမ် စိတ်ပျက်ဖွယ်ရာ အဖြစ်မျိုးနှင့် ကြုံရခြင်းသာ အဖတ်တင်လေတော့သည်။

❐



# အခန်း (၁၁)

ဧလ ၂၅ ရက်နေ့တွင် ဆာပီကိုနှင့်တွဲ၍ တာဝန်ကျသူ ရူမာတိုသည် ပြောင်းရွှေ့သွားရသဖြင့် တိုင်းအမှတ် ၇ မှ အခြားဝါရင့် ရဲတစ်ဦးအား ဆာပီကိုနှင့်တွဲအလုပ်လုပ်ရန် ဆိုင်ရာမှ တာဝန်ချထားလိုက်သည်။

ရူမာတို ပြောင်းရွှေ့သွားသော နေ့မှာပင် ရဲမှူးချုပ်ရုံးမှ ပါရက်တီအမည်ရှိ လူသစ်တစ်ဦး တိုင်းအမှတ် ၇ သို့ ရောက်ရှိလာလေသည်။ ရုပ်ရည်ခန့်ညားချောမွေ့သော အရပ်ဝတ် ရဲတစ်ဦးပင်ဖြစ်သည်။

ဆာပီကိုသည် ထိုလူသစ်အား အကဲခတ်ကြည့်ရင်း ရဲမင်းကြီးဝေါ့ရှ်က တိုင်းအမှတ် ၇ သို့ အခြေအနေ လျှို့ဝှက်ထောက်လှမ်းရန် အတွင်းလူ (သူလျှို) သဘော ပို့လွှတ်လိုက်ခြင်းပေလောဟုလည်း တွေးမိလေသည်။

အထူးသဖြင့် တိုင်းအမှတ် ၇ ရှိ လူဟောင်းများက လူသစ် ပါရက်တီနှင့် တွေ့သက်၍ "ဟော... ဒီလူကိုတော့ သတိထားကြ"ဟု ချက်ချင်း သတိပေး ပြောဆိုသံများ ကြားရသဖြင့် ဆာပီကိုက ထိုလူသည် ရဲမင်းကြီး၏ လျှို့ဝှက် သူယုံပေလောဟု တွေးမိခြင်းဖြစ်သည်။

ထိုအတောအတွင်း ဒေးဗစ်ဒတ်သည် ဆာပီကို၏ အိမ်ခန်းသို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိသည်။ နှစ်ယောက်သား စားရင်းသောက်ရင်းနှင့် ဒေးဗစ်ဒတ်က မြို့တော်ဝန်ရုံးမှ ကရိဂယ်လ်ဆိုသူသည် အားကိုးရလောက်အောင် အသုံးမကျပုံများကို အခဲမကျေနိုင်သလို ထပ်တလဲလဲ ပြောလေ့ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ဆာပီကိုက စိတ်ပျက်လာပြီး–

"ဒီအကြောင်းတွေ နောက်ထပ်မပြောပါနဲ့တော့ဗျာ"

ဟု ပိတ်ပစ်လိုက်သည်။

သူ့အနေဖြင့် မအောင်မြင်၍ စိတ်ပျက်စရာအကြောင်းကို ထပ်တလဲလဲ ပြန်မကြားချင်တော့ပေ။

ဆာပီကိုက စိတ်မရှည်၍ ဆက်နားမထောင်ချင်သလို ဒေးဗစ်ဒတ်ကလည်း စိတ်တိုလာကာ သူငယ်ချင်းနှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများသည်အထိ ဖြစ်သွားလေသည်။

ကပ္ပတိန်ဖိုရမ်နှင့် မြို့တော်ဝန်ရုံးမှ ကရိုဂယ်လ်တို့နှင့် ဆက်သွယ်ကြိုးစားကြည့်ရာ၌ မည်သို့မှ အကြောင်းမထူးသည်မှာ မိမိအပြစ်လောဟု ဒေးဗစ်ဒတ်က မေးလေသည်။

ဆာပီကိုကလည်း သူ့စိတ်ထဲဖြစ်ပေါ်ခံစားချက်အတိုင်း ပြန်ဖြေလိုက်သည်။

"ကျုပ်ကလည်း ခင်ဗျားရဲ့အပြစ်လို့ မဆိုပါဘူး၊ ဒါပေမဲ့ ခင်ဗျားက ဒီအရာရှိကြီးတွေအကြောင်း စပြောလို့ ကျုပ်ကလည်း မျှော်လင့်ချက်ကြီးကြီး ကျယ်ကျယ် ထားခဲ့ပြီးမှ ဘာမှအကျိုးမထူးတော့တာကို စိတ်ပျက်လို့ ပြောတာပါ"

"ဘာလဲ မောင်ရင်က ကျုပ်ကို စိတ်ချမှုမရှိဘူးလား၊ မရှိရင်လည်း ပြောင်ပြောပါ၊ ကျုပ် အခုချက်ချင်း ဒီအိမ်ပေါ်က ထွက်သွားပါ့မယ်"

ဒေးဗစ်ဒတ်က ဒေါသသံနှင့် ပြောသောအခါ၌မူ ဆာပီကိုသည်ပြန်၍ ဖျောင်းဖျနှစ်သိမ့်လေသည်။

"ဒီမယ် သူငယ်ချင်း ဒေးဗစ်ဒတ်၊ စိတ်အေးအေးထားစမ်းပါ၊ ရော့ နောက်ထပ် ဝမ်းပက်လောက် သောက်ပါဦး"

ပြောရင်း ဆာပီကိုက အရက်တစ်ခွက် ငှဲ့ပေးလိုက်ခြင်းဖြင့် သူငယ်ချင်းနှစ်ယောက် ပြန်၍ ပြေလည်သွားကြလေသည်။

* * *



ဗမာကို ပြောင်းရွှေ့သွားရသည့် ညဘက်တွင် ဒေးဗစ်ဒတ်က ဆာပီကို ထံသို့ တယ်လီဖုန်းဆက်လေသည်။

သူ၏အသံမှာလည်း ဝမ်းသာတက်ကြွပြီး စိတ်လှုပ်ရှားနေပုံရကာ ဆာပီကိုအား ရှေ့လျှောက် ဘာမျှ စိုးရိမ်ကြောင့်ကြစရာ မလိုတော့ကြောင်း၊ ပြဿနာ၏ အဖြေကို ရှာတွေ့ပြီဖြစ်ကြောင်း၊ မေလ ၃၀ ရက်နေ့တွင် သူနှင့် ဆာပီကို နှစ်ယောက်စလုံးသည် မြို့တော်ဝန် လင်းဆေး၏ စုံစမ်းထောက်လှမ်းမှုအဖွဲ့ မင်းကြီး ဖရိုင်မန်ဆိုသူနှင့် တွေ့ဆုံကြရမည်ဖြစ်ကြောင်း အားပါးတရ ပြောပြလေသည်။

ဆာပီကိုက ပြန်၍ ထိုပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်းဖြင့် မည်သို့အကျိုးထူးမည်နည်းဟု မေးလိုက်လေသည်။

သူ တွေ့ဆုံခဲ့ပြီးကာမှ အကျိုးမရှိခဲ့သည့် ကပ္ပတိန်ဖိုရမ်ဆိုသူသည်လည်း မင်းကြီး ဖရိုင်မန်၏ လက်အောက်ခံအရာရှိ မဟုတ်ပါလောဟုလည်း ဆာပီကိုက ထောက်ပြလိုက်သည်။

ဒေးဗစ်ဒတ်က ပြန်ဖြေရာတွင် ယခု မင်းကြီး ဖရိုင်မန်နှင့် တိုက်ရိုက်ဆက်သွယ်မိခြင်းသည် ထူးခြားကြောင်း၊ ကပ္ပတိန်ဖိုရမ်၏ အဆင့်ကိုကျော်၍ ဘာကယ့်အာဏာရှိသူနှင့် ဆက်မိခြင်းဖြစ်ကြောင်း၊ ဒေးဗစ်ဒတ် ကိုယ်တိုင်က စုံစမ်းထောက်လှမ်းရေးအဖွဲ့ မင်းကြီး ဖရိုင်မန်နှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဖရိုင်မန်ကိုယ်တိုင်က ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှုကို စုံစမ်းထောက်လှမ်း၍ ဖော်ထုတ်ရန် စိတ်အထူးဝင်စားနေကြောင်း ပြောလေသည်။

"မောင်ရင်ကို ဒီပုဂ္ဂိုလ်က ကူညီနိုင်မှာ သေချာလို့ ကျုပ်ကလည်း မောင်ရင်နဲ့ တွေ့စေချင်တာပေါ့ဗျ"

ဒေးဗတ်က စကားကို အဆုံးသတ်လိုက်ရာ ဆာပီကိုက–

"ကောင်းသားပဲ"

ဟု စိတ်မပါ့တပါ ပြန်ပြောလိုက်သည်။

သူ၏ ပြန်ပြောပုံလေသံကို ဒေးဗစ်ဒတ်က ကျေနပ်ပုံမရချေ။

"ဒီမယ် ဆာပီကို၊ ကျုပ်က တကယ်ပြောတာပါဗျ၊ မင်းကြီး ဖရိုင်မန်က ရဲတပ်ဖွဲ့ ပြုပြင်ရေးလုပ်ဖို့ သိပ်စိတ်ဝင်စားနေတယ်၊ မောင်ရင် ဝမ်းနည်းရသလို ဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် ဆာပီကိုလည်း အရှုံးတော့ မရှိတန်ရာဟု ဆုံးဖြတ်လျက် မင်းကြီး ဖရိုင်မန်နှင့် တွေ့ဆုံရန် သဘောတူညီလိုက်လေသည်။

* * *

မေလ ၃၀ ရက်နေ့ ညနေဘက်တွင် နှစ်ယောက်သား ဖရိုင်မန်၏ နေအိမ်သို့ သွားကြစဉ် ဒေးဗစ်ဒတ်က မြို့တော်ဝန်ရုံးမှ ကရီဂယ်လ်နှင့် တွေ့ဆုံခဲ့ခြင်းအကြောင်းကို မပြောရန်နှင့် ပြော၍လည်း အကျိုးထူးမည်မဟုတ်ကြောင်း ပြောပြလေသည်။

ဆာပီကိုသည် ဖရိုင်မန်ဆိုသူ စုံစမ်းထောက်လှမ်းရေးအဖွဲ့ မင်းကြီးနှင့် တွေ့ရလျှင် အကြောင်းထူးတန်ကောင်းရဲ့ဟု မျှော်လင့်လိုက်မိသော်လည်း အကယ်တမ်း တွေ့ဆုံရသောအခါ၌မူ သူမျှော်လင့်သလို ဖြစ်မလာသည့် အဖြစ်မျိုးနှင့် ကြုံရပြန်သည်။

မင်းကြီး ဖရိုင်မန်ဆိုသူကား မေးရိုးကားကားနှင့် ကိုယ်လုံးကိုယ်ဟန် တောင့်တင်းပြီး အားကစားသမား တစ်ယောက်နှင့် တူလေသည်။ ဆံပင်အနည်းငယ်ဖြူပြီး သူ၏ မျက်လုံးများက အထူးတောက်ပြောင် စူးရှလေသည်။ အင်္ဂါရုပ်အားဖြင့် စိတ်ဓာတ်တင်းမာသူတစ်ဦး၏ အသွင်ဆောင်သူလည်းဖြစ်သည်။

ယင်းအချက်ကို ဆာပီကိုက လူချင်း စတင်တွေ့ဆုံ နှုတ်ဆက်ကြချိန်တွင်ပင် ချက်ချင်း အကဲခတ်မိလေသည်။

ဒေးဗစ်ဒတ်ကတော့ ထုံးစံအတိုင်း ရည်မွန်စွာ မိတ်ဆက်ပေးလေသည်။

"မင်းကြီးခင်ဗျား၊ ကျွန်တော် မကြာခဏ ပြောပြောနေတဲ့ ဆာပီကို ဆိုတာ သူပါပဲခင်ဗျ၊ သူတင်ပြချင်တာတွေကို မင်းကြီးကိုယ်တိုင် တိုက်ရိုက် နားထောင်ရအောင် ခေါ်လာခဲ့ပါတယ်"

ဤတွင် ဖရိုင်မန်က လက်ဆွဲနှုတ်ဆက်ရင်း-

"အေး တွေ့ရတာ ဝမ်းသာပါတယ်"

ဟု ပြောလိုက်ပုံမှာ ဟက်ဟက်ပက်ပက် မရှိလှဟု ဆာပီကိုက ထင်မိလေသည်။

ထို့နောက် သုံးယောက်သား စားပွဲတစ်လုံးတွင် ဝိုင်းထိုင်ကြရာ ဖရိုင်မန်က ဝီစကီအရက်ဖြင့် ဧည့်ခံလေသည်။ သို့သော် ဆာပီကိုက ဝီစကီမသောက်



ဘဲ ရိုးရိုး 'ဆော်ဒါ'တစ်ခွက်သာ တောင်းယူသောက်လေသည်။

ဒေးဗစ်ဒတ်က ဆာပီကိုသည် ရဲတပ်ဖွဲ့ကြီးအပေါ် သံယောဇဉ်ကြီးမားပုံ၊ ရဲတပ်ဖွဲ့ ပြုပြင်ရေးကို စိတ်အားထက်သန်ပုံများကို စတင်ပြောပြီးနောက် ဆာပီကိုသည် ရဲတပ်ဖွဲ့ကြီးနှင့် ပတ်သက်၍ သူ၏ စိတ်ခံစားချက်ဟူသမျှကို တစ်ကြိမ် ရင်ဖွင့်ပြောရပြန်လေသည်။

ဖရိုင်မန်၏ မျက်နှာထားတည်တည်နှင့် စိတ်ဓာတ်တင်းမာမှုကို ပျော့ပြောင်းလာစေရန်လည်း ဆာပီကိုက စကားကို ရိုသေစွာ ကြိုးစားပြောလေသည်။

ထိုအချိန်က ဆာပီကိုအနေဖြင့် စိတ်အားလျော့မိသည့်အချက်မှာ မင်းကြီးဖရိုင်မန်က လုံးဝ ပြန်လည်မေးခွန်းမထုတ်ဘဲ ဆိတ်ဆိတ်နေ၍သာ နားထောင်နေပြီဖြစ်သည်။

တနည်းအားဖြင့် ဆာပီကို မျှော်လင့်အားကိုးသလောက် စိတ်ဝင်စားပုံရသည့် အသွင်မျိုး ဖြစ်လေသည်။

ပြောစရာရှိသမျှ ပြော၍ဆုံးသွားသောအခါ ဖရိုင်မန်က-

"ကောင်းပြီ၊ မင်းက ကျုပ်ကို ဘာလုပ်စေချင်သလဲ"

ဟု မေးလေသည်။

နဂိုကပင် ဟန်မှဟန်ပါ့မလားဟူသော သံသယစိတ်ဖြင့် သူငယ်ချင်း ဒေးဗစ်ဒတ်၏ တိုက်တွန်းချက်အရ သွားရောက်တွေ့ဆုံခဲ့သူ ဆာပီကိုသည် မင်းကြီး ဖရိုင်မန်၏ မေးခွန်းကို ကြားလိုက်ရသည်တွင် စိတ်ပျက်သွားမိရုံမက ရုတ်တရက် ဒေါသထွက်လာမိခြင်းကိုပင် မနည်းကြိုးစား ချုပ်ထိန်းရလေသည်။

ရုတ်တရက် စိတ်လိုက်မာန်ပါ ပြောလိုက်ချင်သော စကားက-

"ခင်ဗျားလို မင်းကြီးတစ်ယောက်က ကျုပ်လို သာမန်အညတရ တစ်ယောက်ကို ဘာလုပ်စေချင်သလဲလို့ မေးနေရသေးသလား၊ ပြီးတော့ ခင်ဗျားဟာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ရဲ့အကြီးအကဲ မင်းကြီးလုပ်နေပြီး ဘာလုပ်ရမလဲလို့ ပြန်မေးတာဟာ အံ့သြစရာပဲ"

ဟူ၍ ဖြစ်လေသည်။

သို့သော် ထိုသို့မပြောဖြစ်အောင် စိတ်ချုပ်ထိန်းကာ-

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်း ခင်ဗျာ၊ လူကြီးမင်းက ကော်မရှင်မင်းကြီးအဆင့်ရှိသူ အနေနဲ့ လုပ်နိုင်တာတွေ အများကြီးရှိပါတယ်၊ အခြေအနေ အားလုံးကိုလည်း ကျွန်တော် တင်ပြပြီးဖြစ်ပါတယ်၊ မင်းကြီးတို့ လုပ်စရာတွေ ရှိပါတယ်၊ ဥပမာ တိုင်းအမှတ် ၇ ဌာနချုပ်ရုံးက တယ်လီဖုန်းကို လျှို့ဝှက်နည်းနဲ့ ကြားဖြတ်နားထောင်ကြည့်ဖို့ စီစဉ်တာမျိုးပေါ့"

ဆာပီကိုက ဤသို့ပြောလိုက်သော်လည်း မင်းကြီးဖရိုင်မန်က ခေါင်းခါပြလေသည်။

သူတစ်ပါး၏ တယ်လီဖုန်းကို လျှို့ဝှက်နည်းဖြင့် ကြားဖြတ်နားထောင်ခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်သဖြင့် တရားရုံးတစ်ရုံးမှ ခွင့်ပြုချက်အမိန့်ရမှသာ ဖြစ်နိုင်ကြောင်း၊ ယင်းကိစ္စကို မိမိအနေဖြင့် မပိုင်ကြောင်း ပြောပြီးနောက် ဆာပီကိုအား သူများတွေ စကားပြောစဉ် လျှို့ဝှက်စွာ အသံဖမ်းယူနိုင်သည့် ရီကော်ဒါစက်ငယ်ကို ခန္ဓာကိုယ်အတွင်းဝှက်၍ ဆောင်ထားမည်လောဟု မင်းကြီးဖရိုင်မန်က ဆက်မေးလေသည်။

ဆာပီကိုကမူ ယင်းအစီအစဉ်ကို သဘောမကျချေ။

လျှို့ဝှက်အသံဖမ်းစက်ငယ် ဆောင်ထားခြင်းဖြင့် အကျိုးမထူးနိုင်ကြောင်း၊ မိမိနှင့် အဆင့်ချင်းတူသည့် ရဲများအချင်းချင်းပြောသော စကားလောက်သာ သိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ယခု ရူမာတို ပြောင်းရွှေ့သွားရသဖြင့် မိမိ ဆာပီကိုက အများကဲ့သို့ လာဘ်ငွေဝေစု မယူခဲ့ကြောင်း အားလုံးသိကုန်ကာ ရှေ့လျှောက် မိမိရှေ့တွင်ဆိုလျှင် အခြားရဲတပ်ဖွဲ့ဝင်များက လာဘ်ငွေယူခြင်း အကြောင်းကို လုံးဝပြောတော့မည်မဟုတ်ကြောင်း ပြန်ပြောလိုက်သည်။

တဆက်တည်းမှာပင် ဆာပီကိုက အဂတိလိုက်စားသူ ရဲများ လာဘ်စားခြင်းကိစ္စ ပြောဆိုဆွေးနွေးပုံကို လျှို့ဝှက်အသံဖမ်းယူနိုင်သည့် နည်းတစ်ခုကို မင်းကြီးအား တင်ပြလိုက်သည်။

တိုင်းအမှတ် ၇ ရဲတပ်ဖွဲ့ဝင်များသည် ရံဖန်ရံခါ လျှို့ဝှက်စွာ ကင်းလှည့်သည့် ကုန်တင်ကားကြီးတစ်စီးရှိသည်။ ထိုကားကြီးကို ဘေးနှစ်ဖက်မှ အလုံပိတ်ကာထားသော်လည်း အတွင်းမှ ချောင်းကြည့်နိုင်သည့် အပေါက်များ ရှိသည်။ ယင်း ကင်းလှည့်ကားတွင် တာဝန်ကျသူ အရပ်ဝတ်ရဲများသည် ကားထဲနေရခြင်းကြောင့် ငြီးငွေ့စရာကောင်းသဖြင့် အချင်းချင်း လွတ်လပ်စွာ စကားပြောလေ့ရှိကြသည်။ သူတို့ပြောသော စကားတွင် လာဘ်ပေးလာဘ်ယူ



ကိစ္စလည်း ပါဝင်နေမည်မှာ သေချာသည်။ ထို့ကြောင့် ဆာပီကိုနှင့် ဒေးဗစ်ဒတ်တို့က အဆိုပါ ကင်းလှည့်ကားကြီးအတွင်း လျှို့ဝှက်အသံဖမ်းစက်ငယ်တစ်ခု မည်သူမှမသိအောင် သွားရောက်တပ်ဆင်ထားလျှင် ဖြစ်နိုင်ကြောင်း အကြံပေးလိုက်သည်။

ယင်းအစီအစဉ်ကိုလည်း မင်းကြီး ဖရိုင်မန်က သဘောမတူချင်သလိုဖြစ်နေရာ ဒေးဗစ်ဒတ်က ဝင်၍ ထိုအကြံ သင့်လျော်ကြောင်း ဝင်တိုက်တွန်းပြောဆိုလိုက်သည်။

နောက်ဆုံးတွင် မင်းကြီး ဖရိုင်မန်က သဘောတူညီချက် ပေးလိုက်လေသည်။

သို့ရာတွင် ပြန်ခါနီး တံခါးဝ၌ နှုတ်ဆက်ကြစဉ် မင်းကြီးဖရိုင်မန်က–

"ကောင်းပြီလေ၊ အိုကေ"

ဟု ပြောလိုက်ပုံက မိမိအပေါ် သံသယရှိနေသည့်ဟန်မျိုး ဖြစ်နေကြောင်း ဆာပီကိုက သတိပြုမိလိုက်သည်။

သူ၏မိတ်ဆွေ ဒေးဗစ်ဒတ်ကမူ အိမ်ပြင်ရောက်သည်နှင့် အလွန်အားရကျေနပ်ဟန်ဖြင့် အားပေးစကား ပြောလေသည်။

"ဟေ့... ဆာပီကို၊ အခု အိုကေသွားပြီလေဗျာ၊ ကျုပ်တို့ လိုချင်သလိုဖြစ်လာမှာ သေချာပါတယ်"

* * *

နှစ်ရက်မျှအကြာတွင် ဒေးဗစ်ဒတ်သည် ညဘက် ဆာပီကို၏အိမ်သို့ ရောက်လာပြီး သူ၏ မော်တော်ကားဆီသို့ ခေါ်သွားလိုက်ခဲ့ရန်ခေါ်သဖြင့် ဆာပီကိုသည်း လိုက်သွားလေသည်။

ကားထဲရောက်သောအခါ ဒေးဗစ်ဒတ်က ပစ္စည်းကိရိယာ ခပ်သေးသေးတစ်ခုကိုယူပြီး သူ၏ လက်ဝါးပေါ်တင်ပြလေသည်။

"အဲဒါ ကျုပ်တို့ အသုံးပြုရမဲ့ ပစ္စည်းပဲဗျ"

ဟုပြောပြီး ဒေးဗစ်ဒတ်က ကရိယာငယ်ကို ပြန်သိမ်းလိုက်သည်၊

ဆာပီကိုလည်း ရုတ်တရက် ဝမ်းမြောက်အားတက်သွားမိလေသည်၊ သူ တောက်လျှောက် ကြိုးစား၍ တင်ပြနေခဲ့သော ရဲတပ်ဖွဲ့ဝင်များ ဆောက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



သမျှအကြောင်းကို တာဝန်ရှိသည့် ထောက်လှမ်းရေးအဖွဲ့က သိရှိတော့မည် ဖြစ်သည်။

ထိုကိရိယာငယ်ကား ကင်းလှည့်မော်တော်ကားကြီးအတွင်း တပ်ဆင်ရမည့် လျှို့ဝှက်အသံဖမ်းစက်ကလေးပင်ဖြစ်သည်။

ယင်းအစီအစဉ်နှင့် ပတ်သက်၍ ဆာပီကိုတွင် အကြံနောက်တစ်မျိုး ရှိနေပြန်သည်။

ကင်းလှည့် မော်တော်ယဉ်ကို နောက်နှစ်ရက်ကြာလျှင် အနည်းငယ် ပြုပြင်ရန်အတွက် စက်ပြင်ရုံ (ဝပ်ရှော့)သို့ ပို့ရမည်ဖြစ်ရာ မူလအစီအစဉ်က ဝပ်ရှော့တွင်ရှိစဉ် တိတ်တဆိတ် သွားရောက်တပ်ဆင်ရန်ဖြစ်သည်။

ထိုသို့ သွားရောက်တပ်ဆင်ပါက လူသိသွားနိုင်သဖြင့် ဆာပီကိုက ကင်းလှည့်ကားကြီးကို သူကိုယ်တိုင်မောင်းပို့ရင်း အသံဖမ်းစက်ငယ်ကို ဒေးဗစ်ဒတ်နှင့် နှစ်ယောက်သား တပ်ဆင်ရန် အကြံရမိလေသည်။

ထိုအချိန်အထိ သူသည် အခြေအနေကို ကျေနပ်အားရမိသလောက် သူငယ်ချင်း ဒေးဗစ်ဒတ်အား မင်းကြီးဖရိုင်မန်နှင့်တွေ့၍ မထူးဟု ဖွင့်ပြောခဲ့မိခြင်းကိုပါ ပြန်လည်အားနာမိလေသည်။

ဒေးဗစ်ဒတ်ကလည်း ဆာပီကို၏ အကြံကို သဘောတူကာ ကင်းလှည့် မော်တော်ကားကြီးတွင် အသံဖမ်းစက် တပ်ဆင်ရေးအတွက် နောက်တစ်နေ့တွင် ဆက်သွယ်အကြောင်းကြားမည်ဟု ဆိုလေသည်။

သို့သော် နောက်တစ်နေ့ ဖုန်းဆက်သောအခါတွင် ဒေးဗစ်ဒတ်သည် အလွန်စိတ်ပျက်သော လေသံဖြင့် ညည်းညူပြောဆိုလေသည်။ သူ့ထံပေးထားသော လျှို့ဝှက်အသံဖမ်းစက်ငယ်ကို သက်ဆိုင်ရာက ပြန်လည်သိမ်းယူသွားပြန်သည်ဟုဆိုသည်။ အကြောင်းက မြူနီစီပယ် အဆောက်အအုံဌာနမှ လာဘ်စားမှုတစ်ခုတွင် ထိုပစ္စည်းကိုသုံးရန် အရေးကြီးနေသဖြင့် ပြန်သိမ်းခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။

ဆာပီကိုသည် မိမိအစီအစဉ် ရုတ်တရက် မဖြစ်မြောက်သဖြင့် အနည်းငယ် စိတ်ပျက်မိလင့်ကစား အကြီးအကျယ် အားငယ်ခြင်းမဖြစ်မိချေ။ အခိုက်အတန့် နှောင့်နှေးခြင်းသာ ဖြစ်ပေလိမ့်မည်။

ထိုကြောင့် ဒေးဗစ်ဒတ်အား အသံဖမ်းစက်ငယ် ဘယ်တော့ရမှာလဲဟု ပြန်မေးကြည့်လေသည်။



သည်တော့မှ ဒေးဗစ်ဒတ်သည် အမှန်ကို ဖွင့်ပြောရလေတော့သည်။

လျှို့ဝှက်အသံဖမ်းစက် ကိရိယာကို လုံးဝရတော့မည်မဟုတ်ကြောင်း၊ မင်းကြီး ဖရိုင်မန်က ဆာပီကိုသည် စိတ်မာတ်မမှန်ဘဲ ကြောင်နေသော 'ဆိုက်ကို' သို့မဟုတ် ခပ်ရူးရူး လူတစ်ယောက်ဖြစ်သည်ဟု ဆုံးဖြတ်လိုက်ကြောင်း ပြောပြလေသည်။

* * *

ဇွန်လ၏ ပထမရက်သတ္တပတ်မှာ တိုင်းအမှတ် (၇)မှ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များ အုပ်စုလိုက် ဆက်ကြေးငွေ လက်ခံယူသော အချိန်ကာလပင် ဖြစ်သည်။

ဆာပီကို အတူတွဲ တာဝန်ကျသူ လူသစ်သည် ရဲကားဖြင့် လှည့်မောင်း ရင်း သူရပ်နားပြီး ငွေကောက်ခံရမည့် နေရာများကို စာရင်းမှတ်နေလေသည်။

စာရင်းဆိုသော်လည်း အခြားလူများအတွက် အလွယ်တကူ မမှတ်မိ စေရန် ဆက်ကြေးပေးသူများကို လျှို့ဝှက်သင်္ကေတ နံပါတ်များဖြင့် ရေးမှတ် ထားသော စာရင်းသာဖြစ်ကြောင်း ဆာပီကိုက သိထားပြီးဖြစ်သည်။

"ကျုပ်က လူသစ်ဆိုတော့ ဒီစာရင်းမှာပါတဲ့ နေရာတစ်ဝက်လောက်ပဲ သိတယ်"

ရဲလူသစ်က ညည်းညူသလို ပြောလိုက်ပုံမှာ ဆာပီကိုက လူဟောင်း ဖြစ်၍ ကျန်နေရာများကို ညွှန်ပြလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပြောခြင်းမျိုး ဖြစ်နေသည်။

သို့သော် ဆာပီကိုက–

"ကျုပ်ကလည်း ဘယ်တုန်းကမှ အဲဒီနေရာတွေကို သတိထားပြီး မှတ်ခဲ့မိဘူးဗျာ"

ဟုသာ ပြန်ပြောလိုက်သည်။

"အင်း... ဒီလိုဆိုရင်တော့ ဒီကိစ္စပဲ တစ်နေကုန်သွားဖို့ သေချာနေပြီပေါ့" ရဲလူသစ်က ဆက်လက်ပြီး ညည်းပြလိုက်ပြန်သည်။

တကယ်တော့လည်း သူ့အဖို့ အတော်ပင် အချိန်ကုန်စေသည့်ကိစ္စ ဖြစ် ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြေးငွေ ကောက်ရမည့်နေရာ အတိအကျ မသိသေးသော ရပ်ကွက်တစ်ခုသို့ရောက်လျှင် ရဲလှူသစ်သည် ရပ်ကွက်ထဲ လျှောက်သွား မေးစမ်းရင်း လမ်းအလိုက် ငွေကောက်ခံရန် တာဝန်ပေးထားသူတစ်ယောက် ယောက်နှင့်တွေ့မှ ထိုလူကို တဆင့်မေးပြီး စာရင်းထဲပါသည့် နေရာသို့ သွားရလေသည်။

ရဲလှူသစ်သည် လူခပ်ပိန်ပိန်၊ ခါးအနည်းငယ်ကိုင်းပြီး မျက်မှန်တပ်သူ ဖြစ်သည်။ ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်များ လာဘ်စားခြင်းကို မနှစ်မြို့က်သော် လည်း မိမိနှင့် တာဝန်ကျသူ ထိုလူသစ်အား ပုဂ္ဂိုလ်ရေးအရတော့ သဘောကျသလို ဖြင်မိသည်။ အထူးသဖြင့် ညင်သာသိမ်မွေ့သော စရိုက်ရှိသူဖြစ်၍ ဆာပီကို ခင်မင်သည့်စိတ် ဖြစ်ပေါ်မိခြင်းဖြစ်သည်။

ဆာပီကို၏ စိတ်ထဲ၌ ထိုလူသည် စရိုက်ကြမ်းကြမ်း၊ အဂတိလိုက်စား သူ ရဲတစ်ဦးနှင့်မတူ။ လမ်းထောင့် ကုန်စုံဆိုင်မှ လူရိုးလူအေး အရောင်းစာရေး တစ်ဦးနှင့် တူသည်ဟု ထင်မိလေသည်။

ထိုမျှမကသေး၊ နှစ်ယောက်တွဲ သွားလာရင်း စကားပြောကြရာ ထိုလူပြောသော စကားများကလည်း တမျိုးထူးခြားနေပေသည်။

တစ်နေ့တွင် နှစ်ယောက်သား ကင်းလှည့်သွားရင်း ထိုလူက ဒဿနိ ဗေဒဆန်ဆန် စကား ပြောလေသည်။

"အမှန်ပြောရရင် ကျုပ်ဟာ ဘာကြောင့် ဒီလိုကိစ္စမျိုးတွေ ဝင်လုပ်နေ မှန်း ကိုယ့်ဟာကိုယ်တောင် မသိဘူးဗျ"

"ဒါဖြင့် တစ်နေ့ ပြဿနာပေါ်နိုင်မဲ့အလုပ်ကို ဘာဖြစ်လို့ ဝင်လုပ်နေ သေးသလဲ"

ဆာပီကိုက ပြန်မေးလိုက်သောအခါ၌မူ ထိုလူက ဘာမှမတတ်နိုင်သလို ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးမှ ဆက်ပြောလေသည်။

"ဒီမယ် ဆာပီကို၊ ခင်ဗျားကိုယ်တိုင်လည်း သိသားနဲ့၊ ဒါမျိုး လူတိုင်း လုပ်နေကြတာပဲ မဟုတ်လား"

ဤသို့ပြောပြီးနောက် ထိုလူကပင် ဆက်လက်၍ အုပ်စုဖွဲ့၍ ဆက်ကြေး ယူပြီး ဝေစုခွဲယူခြင်းသည် အရပ်ဝတ်ရဲတပ်ဖွဲ့ဝင် ဖြစ်ရခြင်း၏ အခွင့်အရေး တစ်ခုဖြစ်ကြောင်း၊ သို့သော် အလွန်အမင်း လောဘမကြီးရန် အရေးကြီးကြောင်း လောဘကြီးလွန်းလျှင် နောက်ပိုင်း ပြဿနာပေါ်နိုင်စရာရှိကြောင်း ဆက်ပြော



ပြန်သည်။

ဆာပီကိုက မည်သို့မှ ပြန်မပြောဘဲ နေသောအခါ ထိုလူသည် စိတ် ဓာတ်ကျသွားဟန် တူလေသည်။ တစ်နေ့ကျလျှင် သူသည် အရပ်ဝတ်ရဲအဖွဲ့ မှ ပြောင်းရွှေ့၍ ယူနီဖောင်းဝတ် ရဲတပ်ဖွဲ့သို့ ပြန်သွားမည်ဟုလည်း ဆက်ပြော သေးသည်။

ဆာပီကိုကမူ ထိုစကားကို တထစ်ချ မယုံကြည်ချေ။

အရပ်ဝတ်ရဲတပ်ဖွဲ့၏ လာဘ်စားနည်းစနစ်းကို လူတွေမပါဘဲ မနေနိုင် အောင် ဖန်တီးထားသလို ဖြစ်နေပေသည်။ ရဲတပ်ဖွဲ့ဝင်တိုင်း မရိုးသားသည် မဟုတ်၊ ရိုးဖြောင့်သော ရဲတွေ အတော်များများ ရှိသည်မှာ အမှန်ဖြစ်သည်။ သို့သော် ဖွဲ့စည်းလည်ပတ်နေသော စနစ်က ထိုလူများအား ရိုးသားဖြောင့်မတ် စွာနေ၍မရအောင် လုပ်ထားပေသည်။ ရိုးသားစွာ လာဘ်မစားဘဲ နေသူများက အချန် လာဘ်စားသူများ (အများစု)အား ကြောက်ရအောင် ဖန်တီးထားသည့် စနစ်ပေတည်း။

စင်စစ်အားဖြင့် ငွေစားသူများကသာ ကြောက်နေရမည် မဟုတ်ပါလော။ ယခုတော့ ပြောင်းပြန်ဖြစ်နေပေသည်။

* * *

ဆာပီကိုနှင့် သူ၏အဖော် ရဲလှူသစ်သည် ဆက်ကြေးကောက်ခံရမည့် နေရာများသို့ လှည့်လည်သွားကြရင်း တစ်နေရာရောက်၍ ထိုလူဆင်းသွားပြီး ကားပေါ်ပြန်တက်လာတိုင်း ငွေစက္ကူတွေ အထပ်လိုက်ပါလာလေရာ တဖြည်း ဖြည်းနှင့် ငွေစက္ကူအထပ်သည် များသည်ထက် များလာလေသည်။

တဖြည်းဖြည်း ငွေတွေ အလွန်များလာသောအခါ ရဲလှူသစ်သည် ငွေစက္ကူထုပ်ကြီးကို သူ့ကိုယ်တွင်ပင် မထားဝံ့တော့ဘဲ မော်တော်ကား၏ ရှေ့အံဖုံးတွင်းသို့ ထည့်ထားလိုက်လေသည်။

တစ်နေရာသို့ အရောက်တွင် ကားကိုရပ်ပြီး ထိုလူက နောက်ထပ် ကောက်စရာ ရှိသေးသည်ဆိုကာ ဆာပီကိုအား ကားထဲမှစောင့်ရန် ပြောသွား သည်။

ဤတွင် ဆာပီကိုက–

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ကျုပ်တစ်ယောက်တည်း ဒီငွေစက္ကူထုပ်ကြီးနဲ့ မထားခဲ့ပါနဲ့၊ မတော်တဆ ကျုပ်ကို ဒါကြီးနဲ့များ မိသွားရင် မခက်ပါလား"

ဟု ကန့်ကွက်လေသည်။

"မစိုးရိမ်ပါနဲ့ဗျာ၊ ဒီရပ်ကွက်မှာ ခင်ဗျားကို ဘယ်သူကမှလည်း လာမဖမ်းပါဘူး၊ ကျုပ်က ဟိုဘက်လမ်းကို သွားစရာရှိလို့ပါ၊ ခင်ဗျားစိတ်ထဲက မလုံသလိုမရှိရအောင် ငွေစက္ကူထုပ်ကို ဟောဒီမှာ ဝှက်ထားလိုက်မယ်"

ပြောပြောဆိုဆို ထိုလူသည် ငွေစက္ကူများကို ထိုင်ခုံအောက်တွင် ထိုးထည့်ဝှက်လိုက်ပြီးမှ ထွက်သွားလေသည်။

ဆာပီကိုမှာ "အခုနေ ငါ့ကို ဒီကားထဲ ငွေစက္ကူထုပ်နဲ့ ဖမ်းမိသွားရင်တော့ ဒုက္ခပါပဲ"ဟု တွေးတောစိုးရိမ်စွာနှင့်ပင် ဆယ်မိနစ်ခန့် ထိုင်စောင့်နေခဲ့ရလေသည်။

ညနေစောင်း၍ ပြန်ကြသောအခါ ဆာပီကိုက မော်တော်ကားမောင်းပြီး သူ၏အဖော်က ငွေစက္ကူများကို ရေတွက်၍ အထပ်နှစ်ထပ် ခွဲလိုက်သည်။

ထိုသို့ ပြုလုပ်နေရင်း ဒေါ်လာ တစ်ရာဝန် ငွေစက္ကူအချို့ ထုတ်ယူ၍

"ရော့ဗျာ ခင်ဗျားအတွက် အခုတည်းက ပေးလိုက်တာပဲ ကောင်းပါတယ်"

ဟု ပြောရင်း ဆာပီကိုအား လှမ်းပေးလေသည်။

မိမိသည် အုပ်စုဖွဲ့၍ လာဘ်စားနေကြသူများအဖွဲ့တွင် လုံးဝမပါဝင် နေခဲ့ကြောင်း ဘယ်လိုအချိန်အခါမျိုးကျ ကျန်လူများက သိကြလိမ့်မည်နည်း စဉ်းစားမိခဲ့ဖူးသည်။

ယခု တွဲဖက်လူသစ်လည်း သိပုံမရကြောင်း ထင်ရှားနေပေပြီ။

ရုတ်တရက် မည်သို့ပြန်ပြောရမည်မှန်း မသိသလို ဖြစ်နေပြီးမှ တည်တည်နှင့်ပင် မသိဟန်ဆောင်က-

"ဒါက ဘာလုပ်တာလဲဗျ"

ဟု ပြန်မေးလိုက်သည်။

"ခင်ဗျားအတွက် ဝေစုလေဗျာ"

"ဘာဝေစုလဲဗျ၊ ဘာကို ဆိုလိုတာလဲ"

"ဟာဗျာ၊ ဆာပီကိုကလည်း အရေးထဲ နောက်နေပြန်ပါပြီ၊ ဘာ ဆိုလိုတာလဲလို့ ပြန်မေးနေရတယ်လို့၊ ဒီမယ်၊ အဲဒါ ခင်ဗျားအတွက် ဒီလ



ခွဲတမ်း ဝေစုခင်ဗျာ"

ဤသို့ ပြောပြီးသော်လည်း ထိုလူသည် ဆာပီကိုအား လူထူးလူဆန်းတစ်ယောက်လို ကြည့်နေဆဲဖြစ်သည်။

သည်တော့မှ ဆာပီကိုက ထိုသူ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ငေါ်တည်တည် ဖွင့်ပြောရလေတော့သည်။

"ကျုပ်က ဘယ်တုန်းကမှ ဝေစုရှယ်ယာငွေကို ယူခဲ့တာ မဟုတ်ဘူးဗျ"

ဤတွင် ထိုလူသည် သိသိသာသာ မျက်နှာပျက်သွားသည်။

"ဒီမယ် ဆာပီကို၊ ခင်ဗျားက ကျုပ်တို့တွေကို ဘာလုပ်ဖို့ ကြံနေတာလဲဗျ"

"ကျုပ်က ဘာမှမလုပ်ပါဘူး"

"ဒါဖြင့် ခင်ဗျား ရှမာတိုနဲ့ တွဲတုန်းက ဘယ်လိုလုပ်ခဲ့သလဲ"

"သူ့ကို သွားမေးကြည့်ရင် ကောင်းမယ်"

"မဟုတ်ဘူးလေ၊ ခင်ဗျားအတွက် ခွဲတမ်းဝေစုကို ပြောနေတာ၊ အဲဒါ ဘယ်ရောက်သွားသလဲ"

"ရှမာတိုကို မေးကြည့်ပါလို့ ပြောခဲ့ပြီပကော၊ သူကပြောတော့ ကျုပ်အတွက်ဝေစုကို သူက ဖယ်ပြီးသိမ်းထားတယ် ဆိုတာပဲ"

ဆာပီကိုက ဤသို့ပြောပြီး စကားပြတ်သွားတော့သည်။

သူ၏ တွဲဖက်ရဲမှာ တိုင်းတပ်ဖွဲ့ရုံးသို့ အပြန်တစ်လမ်းလုံး မျက်စိမျက်နှာ ပျက်နေလေသည်။

စိတ်ထိခိုက်ပြီး နှလုံးရောဂါဖြင့် မူးမေ့လဲကျသွားတော့မည့်ဟန်မျိုး ဖြစ်နေလေသည်။

ဤသို့လျှင် ဆာပီကိုသည် အများကထင်သလို လစဉ်ခွဲတမ်းဝေစု ကိုမယူဘဲ နေခဲ့ခြင်းသတင်းသည် ကျန် အရှပ်ဝတ်ရဲတပ်ဖွဲ့ဝင်များထံသို့ လျင်မြန်စွာ ပျံ့နှံ့ရောက်ရှိသွားလေသည်။

နောက်တစ်နေ့တွင် အုပ်စုခေါင်းဆောင် ရောဘတ်က အဖွဲ့ဝင်များအား စုသါ အစည်းအဝေး ခေါ်ယူရင်း ဆာပီကိုအားလည်း-

"ကိုယ့်လူလည်း အစည်းအဝေး တက်ဖြစ်အောင် တက်ပါ"

ဟု ပြောလေသည်။

အရေးပေါ် အစည်းအဝေးပြုလုပ်ရန် ရောဘတ်က ရွေးချယ်ထားသော

www.burmeseclassic.com



နေရာကို ဆာပီကိုသည် အထူးပင် အံ့ဩနေမိလေသည်။

သိုသိုသိပ်သိပ်နှင့် လျှို့ဝှက်စွာ ပြုလုပ်ရသည့် အစည်းအဝေး ခါတိုင်းလို လူရှင်းသော 'ဘား' အရက်ဆိုင်၊ သို့မဟုတ် ဟိုတယ်တစ်ခုခု၏ သီးသန့်အခန်းတွင် မပြုလုပ်ဘဲ မြို့နယ် ရာဇဝတ်တရားရုံးနှင့် မျက်စောင်း ထိုးရှိ သစ်ပင်များ အုပ်ဆိုင်းနေသည့် ဥယျာဉ်ယင်တွင် ပြုလုပ်ရန် ရောဘတ်က ရွေးချယ်ထားပေသည်။

ထိုနေရာကား နေ့လယ်ဘက်ဆိုလျှင် လူသူများပြား စည်ကားသော နေရာဖြစ်၍ ရောဘတ်၏ အပြုအမူမှာ ရဲတပ်ဖွဲ့ဝင်အဖြစ် အတင့်ရဲလွန်းလှ သည်ဟု ဆိုရပေမည်။

သို့သော် ရောဘတ်နှင့်တကွ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များသည် ထိုနေရာ တွင် ခပ်ပြောင်ပြောင်ပင် အစည်းအဝေး လုပ်ကြလေသည်။ သူတို့ကအုပ်စု ဖွဲ့၍ လာဘ်ငွေယူကြောင်း ပြောဆိုဆွေးနွေး နေကြချိန်၌ တရားရုံးသို့ ဝင်ထွက် သွားလာနေကြသူ တရားသူကြီးများ၊ ရှေ့နေများ၊ ရဲအရာရှိများက မလှမ်းမကမ်းမှ ဖြတ်သန်းသွားနေကြပုံမှာ အလွန်အသည်းသားဖွယ်ရာ ကောင်းလှ ပေသည်။

အစည်းအဝေး ကျင်းပပုံက ဆာပီကိုအနေဖြင့် ပို၍ပင် အံ့အားသင့်စရာ ဖြစ်နေလေသည်။

မိမိအား ဌာနချုပ် ထောက်လှမ်းရေးမှ လျှို့ဝှက်တာဝန်ဖြင့် စေလွှတ် ထားသည့် စပိုင် (သူလျှို)ဟု ဝိုင်းစွပ်စွဲ အပြစ်တင်ကြမည်ဟု ဆာပီကိုက ထင်မိခဲ့သော်လည်း တကယ့် အစည်းအဝေးက ထိုသို့မဟုတ်ဘဲ ဖြစ်နေလေ သည်။

အုပ်စုဝင် ရဲအများစုက ပြောင်းရွှေ့သွားသူ ဇူမာတိုကိုသာလျှင် ဝိုင်း အပြစ်ပြောနေလေသည်။ ဒေါသလည်း ထွက်နေကြသည်။ ဇူမာတိုသည် မည်သူမှမသိအောင် နှစ်ယောက်တွက် ဝေစုကို ကျိတ်ယူနေခဲ့သည်ဟု မကျေ မချမ်းနိုင် ဖြစ်နေကြသည်။

အရပ်ဝတ် ရဲတစ်ဦးကဆိုလျှင်–

"ဒီ ဇူမာတိုဆိုတဲ့ ခွေးသားက တကယ်ဆိုးတယ်၊ ကျုပ်တော့ ဒီလူကို သတ်ပစ်ချင်တယ်"

ဟု ဒေါသနှင့် ပြောလိုက်သေးသည်။



ခေါင်းဆောင်လုပ်သူ ရောဘတ်ကမူ အားလုံးအား ရှေ့လောမကြီးရန်၊ ဒေါသကို ချုပ်ထိန်းရန် ကြိုးစား၍ ဖျောင်းဖျထိန်းပေးနေလေသည်။

"ဇူမာတိုအတွက် ဘာမှမပူကြပါနဲ့၊ ကျုပ်ကိုယ်တိုင် သူပိုယူထားတဲ့ ငွေကို ပြန်ရအောင် လုပ်ပါ့မယ်"

ဤသို့ စကားခံပြီးနောက် ရောဘတ်က ဆက်လက်၍ အစည်းအဝေး ခေါ်ယူရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ မိမိတို့ အုပ်စုအတွင်း ယခင်ကထက် ပိုမိုစည်းကမ်းရှိရေးနှင့် ဇူမာတို လုပ်သွားပုံမျိုး နောက်ထပ် မပေါ်ပေါက်စေရန် တားဆီးရေးပင်ဖြစ်ကြောင်း၊ ဆက်ကြေးငွေ ကောက်ခံခြင်းကိုလည်း ယခင် ကလို သုံးဦးသာ တာဝန်ပေးမထားတော့ဘဲ အဖွဲ့ဝင်အားလုံးကိုယ်တိုင် ငွေ ကောက်ခံရမည်ဖြစ်ကြောင်း ပြောလေသည်။

"တိုတိုကတော့ လူတိုင်းက ကိုယ်တိုင်ငွေကောက်ခံရမယ်၊ မကောက် ခံတဲ့လူဆိုရင် ဝေစုမရဘူး၊ ဒါပဲ"

ဤသို့ ရောဘတ်က စကားကို အဆုံးသတ်လိုက်သည်။

အဖွဲ့ဝင်အချို့က အပြန်အလှန် ဆွေးနွေးကြပြီးနောက် အများစုက ရောဘတ် တင်ပြသော အစီအစဉ်ကို သဘောတူ လက်ခံရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုအချိန်တွင် ရောဘတ်က ဆာပီကိုဘက်သို့လှည့်၍–

"ကိုယ့်လူအနေနဲ့ကော ဘယ်လိုသဘောရသလဲ"

ဟု လှမ်းမေးလေသည်။

ဆာပီကိုမှာ ဆက်ကြေးကောက်စားနေသည့် အုပ်စုထဲ ဝင်မပါရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

တစ်ချိန်တည်းမှာပင် မိမိ၏ လုပ်ဖော်ကိုင်ဖက် ရဲတပ်ဖွဲ့ဝင်များ ငြိုငြင်မှု၊ လူချင်းကင်းကွာမှုကို မလိုလားမိချေ။

ထိုကြောင့် စကားကို သတိထားပြောရန် စိတ်ကူးလျက်

"ကျုပ်က အရင်ထဲက ဝေစုငွေကိုမယူဘဲ နေလာခဲ့ပြီးမှ ခုမှပြီး ယူဖို့သင့်တော်မယ် မထင်ပါဘူး"

ဟု ပြန်ပြောလိုက်သည်။

"ရောဘတ်ကမူ ဆာပီကိုအား ထပ်မံ၍ ဆွယ်ကြည့်ပြန်သည်။

"အရင် ဘာမှမယူခဲ့ပေမဲ့ အခု စယူလို့ ကိုယ့်လူမှာ အကျိုးမဟုတ်စေ

www.burmeseclassic.com

www.burmeseclassic.com



ရပါဘူး၊ ရှမာတိုက အချောင်ဝင်ယူသွားတဲ့ ကိုယ့်လူရဲ့ဝေစုငွေကိုလည်း ရအောင် ကျုပ်တို့ လုပ်ပေးပါ့မယ်၊ ခင်ဗျား ရှေ့ရေးအတွက် ဆက်အလုပ်လုပ်သွားဖို့ အချိန်တွေလည်း အများကြီးရှိပါသေးတယ်"

"မယူချင်ပါဘူးဗျာ၊ လက်ရှိပုံစံအတိုင်းပဲ ကျုပ်တော့ ဆက်နေသွားချင်တယ်"

"ဒါဖြင့် ဒီလိုလုပ်ပါလား၊ ကျုပ်တို့ အုပ်စုအနေနဲ့ ခင်ဗျားသုံးစွဲဖို့ စရိတ်သဘော တစ်လ ဒေါ်လာတစ်ရာပေးမယ်၊ ဘယ့်နှယ်လဲ"

"ကျုပ်က ဘာဖြစ်လို့ ဒေါ်လာတစ်ရာ ယူရမှာလဲ၊ ငွေတစ်ရာယူမှတော့ ငွေအားလုံးယူတာနဲ့ ဘာထူးသေးသလဲ"

"ဒီလိုရှိသေးတယ်လေ ဆာပီကို၊ ဒေါ်လာငွေ တစ်ရာရှိတာ အသေးသုံးစရိတ်သဘော သက်သက်ပါ၊ အဲဒီလို အသေးသုံးစရိတ်ငွေဆိုတာဟာ အထက်အရာရှိတွေလည်း ပေးနေတာပဲ မဟုတ်လား"

ရောဘတ်က ဤသို့ပြောရာတွင် ဌာနချုပ်ရုံးသို့ ဝန်ထမ်းများအား မိမိတို့ အရပ်ဝတ်ရဲအဖွဲ့ဝင်များ ဖမ်းဆီးရမိသည့် 'အမှု'ရသည့်အခါ ရုံးလုပ်ငန်းများ လျင်မြန်အဆင်ပြေစေရန် လက်ဖက်ရည်ဖိုးသဘော ငွေပေးရခြင်းမျိုးကို ဆိုလိုပေသည်။

ထိုစကားကိုလည်း ဆာပီကိုက လက်မခံချေ။

"ဘာပဲပြောပြော အသေးသုံးစရိတ် ဆိုတာကလည်း အခုလို ခင်ဗျားတို့ လိုက်ကောက်ယူတဲ့ 'ဆက်ကြေး'ငွေထဲကပဲ မဟုတ်လား"

"ဒီမယ် ဆာပီကို၊ မောင်ရင် ဘာလုပ်ချင်တာလဲ၊ ဘယ်လိုဆန္ဒရှိတယ် ဆိုတာ ပြောစမ်းပါ"

"ကျုပ် ပြောခဲ့ပြီးပါပကော၊ ကျုပ်ဟာကျုပ် မူလကလိုပဲ အေးအေးနေချင်ပါတယ်လို့"

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း မောင်ရင့်သဘောပါပဲ"

ဤသို့ပြောပြီး ရောဘတ်သည် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ကျန်လူများဘက်လှည့်၍ သူ၏ သဘောထားကို ပြောလေသည်။

"အားလုံး ဒီလိုလုပ်ကြပါ၊ ဆာပီကိုနဲ့တွဲပြီး တာဝန်ကျတဲ့ လူတိုင်း သူစားသောက်တဲ့ စရိတ်နဲ့ အသေးသုံးစရိတ်တွေကို ကျခံပါ၊ ညနေဘက်ရောက်တော့သာ ဘယ်လောက်ကုန်ကျသွားတယ်ဆိုတာ စာရင်းတင်ပြရင် ပြီးတာပဲ"



ယင်းအစီအစဉ်ကို ဆာပီကိုက မကန့်ကွက်ဘဲ တိတ်တိတ်နေလိုက်သည်။ သူ့အနေဖြင့် ကျန်ရဲတပ်ဖွဲ့ဝင်များက မိမိအပေါ် သံသယရှိခြင်း၊ မုန်းတီးခြင်းများ ဖြစ်ပေါ်လာခြင်းကို မလိုလားသည့်အတွက် အသာငြိမ်နေလိုက်ခြင်းပင် ဖြစ်သည်။

ရောဘတ်က မိမိအား လိမ္မာပါးနပ်စွာ တစ်ဖက်လှည့်၍ 'စည်းရုံးသိမ်းသွင်း'ခြင်းဖြစ်သည်ကိုလည်း သိပေသည်။ နေ့လယ်စာ ထမင်းဖိုးစသည်ဖြင့် အသေးသုံးစရိတ်ပေးခြင်း လက်ခံလိုက်သည်နှင့် မိမိသည်လည်း အခြားအရပ်ဝတ် ရဲအဖွဲ့ဝင်များလို 'ဝေစု'လက်ခံသည့်သဘော သက်ရောက်သွားမည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ပြင် သူ၏စိတ်ထဲတွင် အကြံတစ်ခု ရှိနေပြီဖြစ်သည်။

အရပ်ဝတ် ရဲအဖွဲ့ဝင်များ ငွေနှင့်ပတ်သက်လျှင် မည်သို့သဘောထားပုံ၊ သဘာဝရှိကြပုံကို သူ သိပြီးဖြစ်သည်။ မိမိနှင့်တာဝန်ကျသူတစ်ဦးက နေ့လယ်စာ စားချိန်တွင် ငွေထုတ်ပေးရန် ပြောသည့်အခါ မိမိကပင် ကိုယ့်ဟာကိုယ်ပဲ ဆေးလိုက်ပါတော့မည်ဟု ပြောကြည့်ပါက ထိုလူသည် မည်သည့်နည်းနှင့်မျှ ငြင်းဆန်မည်မဟုတ်ဟု တွက်မိသဖြင့် ရောဘတ်၏ အဆိုပြုချက်ကို ဆန့်ကျင်ကန့်ကွက်ခြင်းမပြုဘဲ နေလိုက်ခြင်းဖြစ်သည်။

သို့နှင့်ပင် အစည်းအဝေး ပြီးသွားလေရာ အပြန်တွင် အရပ်ဝတ်ရဲအဖွဲ့ဝင်တစ်ဦးက ဆာပီကိုအား ဘားဆိုင်တစ်ဆိုင်သို့ ခေါ်၍ဝင် ဘီယာသောက်ရန် အတင်းခေါ်လေသည်။

ဆာပီကိုလည်း မငြင်းသာသဖြင့် လိုက်သွားရလေရာ ဆိုင်ထဲဝင်ပြီး သောက် ဘီယာမှာသောက်ရင်း ထိုလူက–

"ဆာပီကိုကလည်းဗျာ ခင်ဗျားရဲ့ သဘောထားကို ကျွန်တော် လုံးလုံးနားလည်နိုင်ဘူး"

ဟု ပြောလေသည်။

"ဘာကို ဆိုလိုတာလဲ"

ဆာပီကိုက အဓိပ္ပာယ် နားမလည်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ငွေကို မယူချင်ရတာလဲ"

"ကျုပ်က ငွေမှမလိုပဲဗျ၊ ဒီငွေလက်ခံယူပြီး ဘာလုပ်မှာလဲ"

ဆာပီကိုက ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ထိုလူက ရုတ်တရက် စဉ်းစားရခက်သလို ဖြစ်သွားပြီးမှ တမျိုးအကြံပေးပြန်သည်။

"ဒါဖြင့် ဒီလိုလုပ်ပါလားဗျ၊ ခင်ဗျားရဲ့ဝေစုငွေကို လက်ခံယူပြီး ကိုယ်မသုံးချင်လည်း တစ်နေရာရာကို လှူလိုက်ပေါ့"

"ဘာဗျ... လှူလိုက်ရမယ်လား"

"ဟုတ်တယ်လေ၊ လိုအပ်နေတဲ့ အဖွဲ့အစည်းတွေ၊ ဌာနတွေကို လှူလိုက်ဖို့ပြောတာပါ၊ အဲဒါ အလွန်အကျိုးရှိပါတယ်"

"ဒီမယ် ကိုယ့်လူ၊ ငွေကို ကျုပ်က လှူလိုက်တာပဲဖြစ်ဖြစ်၊ ဘယ်လိုနည်းနဲ့ သုံးစွဲတာပဲဖြစ်ဖြစ်၊ ကျုပ်ဟာ ဝေစုရှယ်ယာကို လက်ခံယူတယ်လို့ အကျုံးဝင်သွားမှာပဲ"

"ကျုန်တဲ့ ကျွန်တော်တို့လို လူတွေအနေနဲ့ စိတ်ထဲ ဘဝင်ကျပြီး နေသာထိုင်သာ ရှိသွားအောင် အကြံပေးရတာပါဗျာ"

ထိုစကားကို ဆာပီကိုသည် သဘောမကျမိရုံမက စိတ်တိုလာမိလေသည်။

"မောင်ရင် ဘာလဲ၊ ကျုပ်က ဝေစုကိုယူပြီး လှူလိုက်ဖို့တော့ ပြောတယ်၊ မောင်ရင်တို့ ယူတာကကော ဘာအတွက်ယူတာလဲ"

ထိုအခါ အရပ်ဝတ် ရဲအဖွဲ့ဝင်သည် ရုတ်တရက် ရှက်သလို မျက်နှာနီသွားပြီးမှ သူ၏ ကိုယ်ရေးကိုယ်တာ ဘဝအခြေအနေ၊ သူသည် ငယ်စဉ်ကစပြီး အလွန်ဆင်းရဲခဲ့ပုံများကို ပြောပြလေသည်။

"ကျွန်တော့်အဖို့က တစ်သက်လုံး ဘယ်တုန်းကမှ ငွေပိုငွေလျှံဆိုလို့ မရခဲ့ဖူးတဲ့အတွက် အခု အခွင့်အရေးရတုန်း ယူတာပဲ၊ အဲဒါ ရှင်းရှင်းပြောတာ မစ္စတာဆာပီကို၊ အခုနေအချိန်မှာ ဘယ်သူကဖြစ်ဖြစ် ငွေလာပေးရင် တစ်ဆယ်ဖြစ်ဖြစ်၊ တစ်ရာဖြစ်ဖြစ် တစ်ထောင်ဖြစ်ဖြစ် ကျွန်တော်က ယူမှာပဲ"

"ဒါထက် မောင်ရင်က ပညာအရည်အချင်း ဘယ်လောက်အထိ သင်ခဲ့သလဲ"

"အထက်တန်းကျောင်း အဆင့်လောက်ပါပဲ"

"အခု မင်းရနေတဲ့ လစာငွေက တစ်နှစ်ကို ဘယ်လောက်ရသလဲ"

"ခင်ဗျားနဲ့ အတူတူလောက်ပါပဲ၊ တစ်နှစ်ကို ဒေါ်လာ သောင်းနှစ်ထောင်ဆိုပါတော့"

"ကောင်းပြီ၊ ငါပြောမယ်၊ မင်းရဲ့ ပညာအရည်အချင်း အဆင့်အတန်းနဲ့



တစ်နှစ်ကို ဒေါ်လာငွေ သောင်းနှစ်ထောင်ရနိုင်ဖို့ အခြား ဘာအလုပ်များ ရှိသေးသလဲ၊ ပြီးတော့ အခုလက်ရှိ တစ်လကို ဒေါ်လာတစ်ထောင်နှုန်းရနေတဲ့အပြင် နှစ်တိုးလစာတိုး အငြိမ်းစားယူရင် ပင်စင်လစာတို့လည်း ရဦးမယ်၊ ဒါ့နဲ့များ မင်းက ကြားပေါက် လာဘ်ငွေယူချင်သေးတယ်၊ မင်းဟာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်တယ်ဆိုတာလည်း မမေ့ပါနဲ့၊ မင်းဟာမင်း သေသေချာချာ စဉ်းစားကြည့်စမ်း၊ ဒါဟာ မှန်ရဲ့လားလို့၊ မင်းကိုယ်တိုင် တစ်ခါမှ လေးလေးနက်နက် မစဉ်းစားကြည့်ဘူးလား"

ထိုအခါ အရပ်ဝတ် ရဲလူငယ်သည် ဆာပီကိုအား မျက်နှာချင်းမဆိုင်ရဲသလို တစ်ဖက်သို့လှည့်ပြီးမှ အဖြေပေးလေသည်။

"ကျွန်တော် အမှန်ပြောရရင် မစ္စတာ ဆာပီကိုပြောသလို တစ်ခါမှ လေးလေးနက်နက် စဉ်းစားဝေဖန်မကြည့်ခဲ့ပါဘူး၊ ကျွန်တော်ကိုယ်တိုင်က စဉ်းစားချင်ပါဘူး၊ တကယ်လို့သာ ကျွန်တော်ဟာ အခု ခင်ဗျားပြောသလို လေးလေးနက်နက် စဉ်းစားကြည့်မိရင် ကျွန်တော့်ကိုယ် ကျွန်တော် သေနတ်နဲ့ ပစ်သတ်သေမိမှာပဲ"

* * *

အစည်းအဝေးပြီး၍ ရက်အနည်းငယ်ကြာသောအခါ ရောဘတ်သည် ဆာပီကိုထံသို့လာ၍ ပြောင်းရွှေ့သွားသူ ဇူမာတိုနေရာ လူစားဝင်လာသည့် ဗိုက်တီအမည်ရှိ လူသစ်အကြောင်း ပြောလေသည်။

"ဟေ့ ဆာပီကို၊ အခု ပြောင်းလာတဲ့လူသစ်က ဌာနချုပ်ကဆိုတော့ ကျုပ်တို့တွေကို လာပြီး စုံစမ်းထောက်လှမ်းဖို့ လွှတ်ထားတာဖြစ်တယ်၊ ဒါကြောင့် မောင်ရင်က ဒီလူအကြောင်း စုံစမ်းပြီး အကဲခတ်ကြည့်စေချင်တယ်"

"နေပါဦးဗျ၊ ဒီလူသစ်အကြောင်း စုံစမ်းဖို့ ဘာဖြစ်လို့ ကျုပ်ကိုမှ ရွေးခိုင်းတာလဲ"

"ဒီလိုပါ၊ မောင်ရင်က ကျုပ်တို့အုပ်စုထဲ ဝေစုငွေကို ယူမနေဘူး မဟုတ်လား၊ ဒီတော့ မောင်ရင့်အနေနဲ့ ဘယ်လိုမှ လိပ်ပြာမလုံစရာ မရှိဘဲ ရှင်းရှင်းနဲ့ စုံစမ်းထောက်လှမ်းရင် ကောင်းလိမ့်မယ်"

ဤသို့လျှင် ရောဘတ်က အကြောင်းပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြား အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များသည် လူသစ် ပါရက်တီနှင့် မရေမရာ နေသော ခပ်ခွာခွာနေကြလေရာ ဆာပီကိုသည် မိမိတစ်ယောက်တည်းအနေဖြင့် ထိုလူအား မည်သို့ ချဉ်းကပ်ရမည်နည်းဟု စဉ်းစားရခက်နေလေသည်။ ထိုလူသည် ဌာနချုပ်မှ ထောက်လှမ်းရန် လွှတ်ထားသော စပိုင် (သူလျှို)ဟုတ်မဟုတ် စုံစမ်းရန်ကလည်း အနီးကပ် ပေါင်းသင်းချဉ်းကပ်ကြည့်မှသာ စုံစမ်းသိရှိနိုင်ပေမည်။

အထူးသဖြင့် ဒုရဲမင်းကြီး ဝေါ်ရှိက လျှို့ဝှက်တာဝန်ဖြင့် စေလွှတ်ထားသူ ဟုတ်မဟုတ် စုံစမ်းသိရှိရန်အတွက် လူချင်း ရင်းနှီးအောင် ပေါင်းကြည့်မှသာ သိနိုင်မည်ဖြစ်ပေသည်။

နောက်ဆုံးတွင် မိမိကပင် ပြောင်ဖွင့်ပြော၍ ထိုလူနှင့် နီးစပ်အောင်ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့နံနက် ရုံးသို့ရောက်သောအခါ ဆာပီကိုသည် ဌာနချုပ်မှ လက်ဖ်တင်နင် (ရဲမှူး)တစ်ဦးထံသွားပြီး ထိုနေ့အဖို့ လူသစ် ပါရက်တီနှင့် တွဲ၍ တာဝန်ထမ်းဆောင်လိုကြောင်း ပြောကြည့်လေသည်။

ရဲမှူးကလည်း ချက်ချင်းပင် လိုက်လျောစီစဉ်ပေးလိုက်သဖြင့် ထိုနေ့အဖို့ ဆာပီကိုသည် လူသစ်ပါရက်တီနှင့် တွဲ၍ တာဝန်ကျလေသည်။

ပါရက်တီသည် ဆာပီကိုနှင့်တွဲ၍ တာဝန်ထမ်းဆောင်ရင်း ရင်းနှီးစွာ စကားပြောတတ်သူဖြစ်ကြောင်း တွေ့ရှိရလေသည်။

နေ့လယ်စာ စားချိန်ရောက်သောအခါ နှစ်ယောက်သား ဆိုင်တစ်ဆိုင်သို့ ဝင်စားကြရင်း ပါရက်တီက သူ၏စိတ်ထဲ ထားရှိသည့် ရည်မှန်းချက်ကို ဖွင့်ပြောလေသည်။ အထူးသဖြင့် တိုင်းအတွင်းရှိ အခြေအနေကို ခပ်ကြမ်းကြမ်း ပြုပြင်ပြောင်းလဲပစ်မည်ဖြစ်ကြောင်း ပြောလေသည်။

"အရင်ဆုံး ကျုပ်က ဖမ်းချုပ်မှာကတော့ ရှလီတင်ဆိုတဲ့ ညီအစ်ကိုတွေ၊ သူတို့နှစ်ယောက်ဟာ ဒီနယ်ထဲမှာ မှောင်ခိုလောင်းကစားအလုပ်ကို အကြီးအကျယ် လုပ်နေတဲ့အပြင် နယူးယောက်မြို့က 'မာဖီယား' လူဆိုးဂိုဏ်းကြီး နှစ်ဂိုဏ်းနဲ့လည်း ဆက်ထားတယ်ဆိုတာ သိရတယ်"

ဤသို့ ပါရက်တီက ပြောချိန်တွင် ဆာပီကိုသည် ရှလီတင် ညီအစ်ကိုအား ဖမ်းဆီးရန် မလွယ်ကူကြောင်း စဉ်းစားမိလေသည်။ ထိုညီအစ်ကိုတို့ ဖမ်းဆီးရန် မလွယ်ကူသည့်အကြောင်းများ ရှိနေပေသည်။

ရှလီတင် ညီနောင်သည် တိုင်းအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအား ဆက်ကြေးငွေ အမြောက်အမြားကို မှန်မှန်ပေးနေကြသူများပေတည်း။

သူတို့ပေးသော ငွေပမာဏကလည်း အံ့သြစရာကောင်းလောက်အောင် များလှပေသည်။

ပါရက်တီကမူ သူ၏ ဆုံးဖြတ်ချက်အတိုင်း ဖွတ်လုပ်ရန် ရည်ရွယ်ထားပုံ ရလေသည်။

"ကျုပ်ကတော့ ရှလီတင် ညီအစ်ကိုနှစ်ယောက်ကို ရအောင်ဖမ်းမှာပဲ၊ အကြံခုပဲရှိတယ်၊ သူတို့က အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်တွေနဲ့ နားလည်မှုယူပြီး 'ဆက်ကြေး'ပေးထားရင် ခက်ဖို့ရှိတယ်၊ အဲဒါကို ခင်ဗျား သိသလား"

"ကျုပ်တော့ မသိဘူးဗျ"

ဆာပီကိုက ခပ်တည်တည် ပြောလိုက်သောအခါ ပါရက်တီက သူသိချင်သော မေးခွန်းကို တဲ့တိုးပင် ဖွင့်ပြောလေသည်။

"ခင်ဗျားကို ကျုပ်ဆီလွှတ်တာဟာ ကျန်တဲ့အဖွဲ့ဝင်တွေက ကျုပ်ဟာ ဘယ်လိုကောင်လဲလို့ စုံစမ်းခိုင်းဖို့ လွှတ်တာမဟုတ်လား"

"ဘာကြောင့် ခင်ဗျား ဒီလိုမေးရတာလဲ"

"ကျုပ် ဒီရောက်လာတော့ ကခြားရဲ့အဖွဲ့ဝင်တွေ ကျုပ်ကို ခပ်ရှောင်ရှောင် လုပ်နေကြတယ်၊ ဒါဟာ သူတို့မှာ အုပ်စုဖွဲ့ပြီး ဆက်ကြေးယူနေလို့ ဖြစ်မှာပဲလို့ ကျုပ်က တွက်မိတာပေါ့၊ ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဒီလူတွေ တစ်လကို ငွေဘယ်လောက် ရနေကြသလဲ"

"ဒါတော့ မသိဘူးဗျ၊ ကျုပ်ကတော့ ဘာငွေမှယူတာ မဟုတ်ဘူး"

ဆာပီကိုက ဤသို့ပြောသည်ကို ပါရက်တီသည် ကျေနပ်ဟန်မတူချေ။

"ဒါဖြင့် ခင်ဗျား သတင်းကြားမိတာတော့ ရှိမှာပဲ၊ တစ်ယောက်ကို တစ်လ ဘယ်လောက်ရနေကြသလဲ"

သူ၏ မေးခွန်းကိုကြားလျှင် ဆာပီကို၏ စိတ်ထဲ၌ 'ဒီလူက ဌာနချုပ်က ထောက်လှမ်းဖို့လွှတ်တာ တကယ်ဖြစ်ရင် လူတော်တစ်ယောက်ပဲလို့ ဆိုရမယ်' ဟု တွေးစာမိလေသည်။ မေးခွန်းကိုမူ မဖြေလျှင် မဖြစ်သောကြောင့်–

"တစ်လ ဒေါ်လာရှစ်ရာလောက်စီ ရတယ်လို့ ကြားတာပဲ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဒေါ်လာရှစ်ရာတောင်လား၊ ဒါ လူသစ်တစ်ယောက်အဖို့ ဘယ်တော့စရသတဲ့လဲ"

"ရောက်ပြီး တစ်လခွဲလောက် ဆိုပါတော့"

"ဟာ… တစ်လခွဲဆိုရင် ကြာလွန်းတာပေါ့၊ ကျုပ်ရဲ့ဝေစုကို ချက်ချင်းလိုချင်တယ်"

ဤသို့လျှင် လူသစ် ပါရက်တီက ပြောလိုက်ရာ ဆာပီကိုမှာ အံ့အားသင့်နေမိတော့သည်။

*　*　*

နောက်တစ်နေ့တွင် ရောဘတ်က မေးသဖြင့် ဆာပီကိုသည် ပါရက်တီအကြောင်းကိုပြောပြရင်း သူ၏ ခွဲတမ်းဝေစုကို အမြန်လိုချင်နေကြောင်း ပြောပြလိုက်ရာ ရောဘတ်က ပြုံးလေသည်။

"ဟုတ်ပါတယ်၊ နောက်ဆုံးကျတော့ ကျုပ်ထင်တဲ့အတိုင်းပါပဲ၊ ဒီလူကတော့ ဘာသားနဲ့ထုထားလို့ ကျုပ်တို့နဲ့ မတူရမှာလဲ၊ သူလိုချင်တဲ့ဝေစုလည်း ရပါစေမယ်"

❐



## အခန်း (၁၂)

၁၉၆၇ ခု၊ နွေရာသီတစ်လျှောက်လုံးတွင် ဆာပီကိုသည် လုံးဝ စိတ်မချမ်းသာဖြစ်လျက် အချိန်ကုန်ခဲ့ရလေသည်။

ထို တိုင်းအမှတ် (၇) တွင်း ဖြစ်နေသည့် အခြေအနေ အရပ်ရပ်က သူ့အား စိတ်ဓာတ်ကျဆင်းစေကာ ကြာလျှင် စိတ်နောက်ရူးသွပ်သွားမည်ဆာဟု ထင်ရသလောက်ပင် စိုးရိမ်တုန်လှုပ်မိလေသည်။

အထူးသဖြင့် တစ်ချိန်က သူ အလွန်အထင်ကြီးခဲ့သော ရဲတပ်ဖွဲ့ဝင်များသည် လူအများစုက အဂတိလိုက်စားခြင်းကို ပြုလုပ်နေကြခြင်းကြောင့် သူ့အဖို့ ဘဝ၏ မျှော်လင့်ချက်မှန်သမျှ ပြိုကွဲပျက်စီးသွားသလို ဖြစ်နေလေသည်။

တစ်နေ့တခြား စိတ်ဓာတ်ကျမိသည်နှင့်အမျှ ဆာပီကိုသည် ဘာသန်မကျချိန်တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးလို မနေဘဲ သာမန် အရပ်သားဘင်ယောက်ကဲ့သို့ပင် ဝတ်စားနေထိုင် သွားလာနေတတ်လေသည်၊ သူနေထိုင်သော ရွှေဆင်ကျေးရွာမှ အိမ်နီးချင်းများ၊ အသိအကျွမ်းများကပင်သူ့ ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်ဖြစ်ကြောင်း လုံးဝမသိကြချေ။

သူ့အဖို့ စိတ်ဓာတ်ကျစေသည့် နောက်တစ်ချက် ရှိလေသေးသည်။

အိမ်နီးချင်း မိတ်ဆွေများ၊ အခြားအရပ်သားများနှင့် သိကျွမ်းခင်မင်ပြီးနောက် စကားစမြည် ပြောကြရာတွင် ပြည်သူအများစုက ရဲတပ်ဖွဲ့ဝင်များအပေါ်

www.burmeseclassic.com

www.burmeseclassic.com



လေးစားမှု မရှိရုံမက ရဲဆိုလျှင် ရွံလည်းရွံ၊ ကြောက်လည်းကြောက်ကြကြောင်း ပြည်သူတို့ကိုယ်တိုင်က ပြောဆိုသံကြားရလေရာ ဆာပီကိုမှာ အထူးပင် အံ့ဩဘနန်းဖြစ်မိလေသည်။

လူအများစု၏ ပြောဆိုချက်အရ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူတို့အား ကာကွယ်စောင့်ရှောက်မှု လုံးဝမပေးကြကြောင်း၊ ဖောက်ထွင်းမှု၊ ခိုးမှုဖြစ်ပွား၍ တိုင်ကြားသော်လည်း ဂရုတစိုက် အရေးယူခြင်းမရှိကြောင်း၊ ရံဖန်ရံခါ မတရား ဆော်ကားခြင်းခံရ၍ တိုင်ကြားသူ မိန်းကလေးများအား မကူညီရုံမက လှောင်ပြောင်သရော်ခြင်းပင် ပြုလုပ်တတ်ကြောင်း စသည်ဖြင့် ရဲတပ်ဖွဲ့ဝင်များသည် လုံးဝ လေးစားအားကိုးထိုက်သူများ မဟုတ်ဟု ဆိုလေသည်။

ဆာပီကို ကိုယ်တိုင်ကမူ ရဲတပ်ဖွဲ့ဝင်တို့မည်သည် ပြည်သူတို့၏ အားကိုးရသူ၊ ပြည်သူတို့အား ကာကွယ်စောင့်ရှောက်ပေးသူများသာ ဖြစ်ရမည်ဟု ခိုင်မာစွာ ယုံကြည်ခဲ့လေသည်။

လူတွေက မိမိအား ရဲတစ်ဦးမှန်းသိ၍ ရဲတပ်ဖွဲ့ဝင်များအကြောင်း ဖြစ်တင်ဝေဖန် ပြောဆိုနေကြသည်ကို ဆာပီကိုသည် မည်သို့မှ စိတ်တိုခြင်း၊ မခံမရပ်နိုင်ခြင်းများ မဖြစ်မိချေ။ ရဲတွေအကြောင်း အမှန်အတိုင်း ဝေဖန်ပြောဆိုသူများကို သဘောကျမိလေသည်။

အိမ်နီးချင်းများနှင့် ခင်မင်ရင်းနှီးပြီးနောက် တစ်ခါသော် မိတ်ဆွေတစ်ဦးက ဆာပီကိုအား ဘာအလုပ် လုပ်ပါသနည်းဟု မေးလေသည်။

မိမိသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း မပြောလိုသဖြင့် ဆာပီကိုက သူသည် မိမိ၏ မိသားစုနှင့် အဆင်မပြေ၍ ယခုလို တစ်ယောက်တည်း အိမ်ခန်းငှားနေခြင်းဖြစ်ကြောင်း၊ သူ၏ မိဘများကပင် လစဉ် ငွေကြေးထောက်ပံ့နေကြောင်း၊ မိမိအား အိမ်တွင်မရှိစေလို၍ အဝေးမှာနေစေကာ ငွေထောက်ပံ့ကြောင်း လုပ်ကြံပြောလိုက်သည်။

မိတ်ဆွေများက ထိုစကားကို လက်ခံယုံကြည်ကြသည့်ပြင် ယင်းသို့ အဝေးသို့ပို့ထားပြီး ငွေကြေးထောက်ပံ့နေသူ မိဘများ ရှိခြင်းသည်ပင်လျှင် ဆာပီကိုအဖို့ အလွန်ကံထူးကြောင်း မှတ်ချက်ချကြလေသည်။

သို့သော် တစ်ခါတရံ သူ၏ အိမ်ခန်းသို့ အလည်အပတ် လိုက်လာသူ မိန်းကလေးတစ်ဦးက ဆာပီကို၏ ခြောက်လုံးပြူးသေနတ်ကို အမှတ်မဲ့မြင်သွားပြီး ဘာကြောင့် သေနတ်ကိုင်ရတာလဲဟု မေးတတ်သည်။



ထိုအခါ ဆာပီကိုက သူ့ကိုယ်သူ ကာကွယ်ရေးအတွက် ဆောင်ထားခြင်း ဖြစ်ကြောင်းသာလျှင် ခပ်တိုတို ဖြေလေ့ရှိသည်။

စိတ်ဝင်စားဖွယ် တစ်ချက်ကား ဆာပီကိုသည် မာဖီယား ဒုစရိုက်ဂိုဏ်းဝင်တစ်ဦးဖြစ်ကြောင်း ရပ်ကွက်ထဲ ကောလာဟလ ဖြစ်နေခြင်းပင်တည်း။

ဆာပီကို ကိုယ်တိုင်ကလည်း ယင်းသို့ မိမိအား အမျိုးမျိုး ထင်နေကြသည်ကိုပင် စိတ်ထဲမှ ကျိတ်၍ ကျေနပ်သဘောအကျနေမိလေသည်။

ထိုအချိန်က ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်ဖြစ်ကြောင်းကို သိရှိနေခဲ့သူ တစ်ယောက်သာလျှင် ရှိနေသည်။

ရဲတပ်ဖွဲ့ဝင်ဖြစ်ကြောင်းအပြင် အခြားရဲများ အဂတိလိုက်စားနေခြင်းကို ရွံရှာစက်ဆုပ်နေကြောင်းကို သိသူကား သူနာပြုဆရာမကလေးတစ်ဦးပင်ဖြစ်သည်။

ဆာပီကိုအနေဖြင့် မိန်းကလေး အတော်များများနှင့် အပျော်သဘော တွဲခဲ့သော်လည်း ယင်း သူနာပြုဆရာမကလေးကိုမူ ထိမ်းမြားလက်ထပ်ယူရန်ပင် လေးနက်စွာ စဉ်းစားခဲ့ဖူးပေသည်။

ဆရာမကလေးကို ဆာပီကိုက ပိုတိုရီကိုသို့ ပထမအကြိမ် အလည်အပတ် သွားစဉ်က စတင်တွေ့ဆုံ သိကျွမ်းခဲ့ပြီး နောက်ပိုင်း နယူးယောက်မြို့တွင်လည်း ဆက်လက်၍ တတွဲတွဲ နေခဲ့ရုံမက သူ၏ မိဘများထံသို့ပင် ခေါ်သွားပြီး မိတ်ဆက်ပေးခဲ့ဖူးသည်။

သူနာပြုဆရာမကလေးသည် ဆာပီကိုအား ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ခပ်စောစောကပင် သိနေခဲ့သည်။ ဆာပီကိုက ဖွင့်ပြော၍ မဟုတ်လင့်ကစား သူမက ရိပ်မိသိရှိခဲ့ပြီးနောက် 'ရှင်ဟာ ရဲတစ်ဦးမဟုတ်လား'ဟုပင် မမေးခဲ့ချေ။ သူမသည် ဆာပီကိုအား ရိုးသားစွာခင်မင်ပြီး ဆက်ဆံခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်က သူမသည် ဆာပီကို ရဲအလုပ်လုပ်ခြင်းကို မည်သို့မှ သဘောမထားသော်လည်း နောက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်တို့၏ အန္တရာယ်များလှသော ဘဝကို တွေးကြောက်လာမိသဖြင့် ဆာပီကိုနှင့် ရုတ်တရက် အဆက်အသွယ် ဖြတ်ကာ ဥရောပသို့ ထွက်ခွာသွားခဲ့လေသည်။

ဆရာမလေးအနေဖြင့် အထူးတွေးကြောက်လာမိခြင်းမှာ ဆာပီကို၏ စိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ပပျောက်အောင် တစ်ယောက်တည်း ဖြစ်သည့်နည်းဖြင့် တိုက်မည်ဟူသော ဆာပီကို၏ စိတ်ဓာတ်ပင် ဖြစ်လေသည်။

* * *

တိုင်းအမှတ် ၇ သို့ ပြောင်းရွှေ့လာသူ ပါရက်တီအမည်ရှိ လူသစ်သည် ဌာနချုပ်မှ ထောက်လှမ်းရန် စေလွှတ်လိုက်သူလောဟူ၍ ရောဘတ်က စတင်ပြောစဉ်က ဆာပီကိုသည် ဟုတ်နေပါစေဟု ကျိတ်ပြီး မျှော်လင့်တောင့်တမိခဲ့သည်။

သို့ရာတွင် ယင်းမျှော်လင့်တောင့်တချက်သည် အကောင်အထည် ပေါ်မလာချေ။

နွေရာသီတစ်နေ့သ၌ နာမည်ကြီး လောင်းကစားဒိုင်တစ်ခုသို့ ရဲများ ရှောင်သခင် ဝင်ရောက်ဖမ်းဆီးစဉ်က ယင်းအချက်သည် ထင်ရှားပြတ်သားစွာ ပေါ်လွင်လာခဲ့ပေသည်။

တက်ဖမ်းသူများ အဖွဲ့တွင် ဆာပီကို၊ ရောဘတ်၊ လူသစ် ပါရက်တီနှင့် အရပ်ဝတ်ရဲ နောက်တစ်ယောက်တို့ ပါဝင်ကြလေသည်။

ရောဘတ်သည် မိမိတို့နှင့် နားလည်မှုယူထားသော လောင်းကစားဒိုင်များ နေရာပြောင်းရွှေ့လျှင် ကြိုတင်သိတတ်သော်လည်း ယခုတစ်ကြိမ်တွင်မူ မသိခဲ့ချေ။

ရှောင်တခင် ဝင်ဖမ်းရန် ဝင်လိုက်ကြသောအခါ ဝဝတုတ်တုတ် ကုပ်တိုတိုနှင့် လူတစ်ယောက်က ဒေါသတကြီးနှင့် ရောဘတ်အား မျက်နှာချင်းဆိုင်ကာ စကားများလေသည်။

ထိုလူ၏အမည်မှာ အော်တီဂါဖြစ်ပြီး ရောဘတ်တို့အုပ်စုအား ဆက်ကြေးပေးနေသူဖြစ်သဖြင့် ရောဘတ်ကိုယ်တိုင် အံ့အားသင့်နေမိလေသည်။

"ဟေ့လူ၊ ဒါဘာလုပ်တာလဲ၊ ကျုပ်တို့ လစဉ်ကြေးပေးထားပြီးပြီလေဗျာ"

ရောဘတ်သည် မျက်နှာပူသည့် အမူအရာဖြင့်–

"ဒါ ခင်ဗျားတို့ရဲ့နေရာမှန်း ကျုပ်တို့ မသိဘူးဗျ"

ဟု ပြန်ပြောလိုက်သည်။



ဤတွင် ပါရက်တီက တယ်လီဖုန်းနားတွင် ချထားသော စာရွက်များကို သွန်ပြရင်း–

"အဲဒါ သူတို့ရဲ့ လောင်းကြေးငွေ လိုက်ကောက်ခံသူတွေ စာရင်းနဲ့တူတယ်"

ဟု ပြောပြောဆိုဆို စာရွက်များကို ဆွဲယူပြီး ရောဘတ်အား လာပြလေသည်။

ရောဘတ်သည် စာရွက်များတွင်ပါသည့် စာရင်းကို ကြည့်လိုက်ပြီးနောက် ချက်ချင်း ဟန်အမူအရာ ပြောင်းသွားကာ အော်ဂီဂါဆိုသူအား ခပ်တည်တည် ပြောလေသည်။

"ခင်ဗျားတို့ ငွေပေးနေတာက လူနှစ်ဆယ်အတွက်သာဖြစ်တယ်၊ အခုဒီစာရင်းအရ လူက နှစ်ဆယ့်ခြောက်ယောက်တောင်ဖြစ်နေတယ်၊ ဒါဟာ ခင်ဗျားက ကျုပ်တို့ကို တပတ်ရိုက် ကလိမ်ကျတာ မဟုတ်လား"

အော်တီဂါသည်သူတို့က ဆက်ကြေး မှန်မှန်ပေးနေကြောင်းကိုသာ ဆက်ပြီး အော်ပြောနေရာ ရောဘတ်က–

"ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ ခင်ဗျားတို့လုပ်နေတာကို ဌာနချုပ်အထိ သတင်းရောက်လာလို့ ကျုပ်တို့ လာခဲ့ရခြင်းဖြစ်တယ်၊ ဒါကြောင့် ကျုပ်တို့အနေနဲ့ အမှုရအောင် အဖမ်းပြမှဖြစ်မယ်၊ ခင်ဗျားရဲ့ လူတစ်ယောက်ယောက်ကိုသာ ထုတ်ပေးပေတော့၊ တရားခံတစ်ယောက်ယောက်တော့ လိုတယ်ဗျာ"

ဟု ပြောပြန်သည်။

ဤသည်ကိုလည်း အော်တီဂါက လက်မခံဘဲ ဟစ်အော်ဆူပူပြန်သည်။

"နိုး... နိုး၊ မလိုချင်ဘူး၊ ကျုပ်က ငွေမှန်မှန်ပေးရက်နဲ့ အခုလို လုပ်တာ ဘာကောင်းသလဲ၊ ခင်ဗျားတို့ မျက်နှာရအောင်လည်း တရားခံတစ်ယောက် မပေးနိုင်ဘူး၊ လိုချင်ရင် ကျုပ်ကိုသာ ဖမ်းပေတော့"

အော်တီဂါက ဘုကျကျပြန်ပြောလျှင် ရောဘတ်သည် အနည်းငယ် ဒေါသပျော့သွားလေသည်။

"ဟေ့လူ သိပ်လည်း ဆူပူမနေစမ်းပါနဲ့၊ ကျုပ်တို့က ခင်ဗျားကို ဖမ်းချုပ်ချင်ပါဘူး"

"အိုဗျာ... ကျုပ်က ဂရုမစိုက်ပါဘူး၊ ခင်ဗျားတို့က ပြဿနာလုပ်ချင်ရင်တော့ ကျုပ်ကလည်း ပြဿနာ ဖန်တီးရမှာပါပဲ၊ ကျုပ်ကိုသာ ဖမ်းချုပ်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် လူသစ် ပါရက်တီက ကြားဖြတ်ဝင်၍ ရောဘတ်တို့ လူစုအား–

"ကိုင်း... ခင်ဗျားတို့တတွေ ပြင်ဘက်ခဏသွားနေစမ်းပါ၊ ကျုပ်ကိုယ်တိုင် မစ္စတာအော်တီဂါနဲ့ နှစ်ယောက်ချင်း ဆွေးနွေးချင်တယ်"

ဟု ပြောလေသည်။

ရောဘတ်၊ ဆာပီကိုနှင့် ကျန် အရပ်ဝတ်ရဲတို့လည်း ပြင်ဘက်သို့ ပြန်ထွက်၍ သူတို့ကားပေါ်တွင် ထိုင်စောင့်နေကြရာ ဆယ်မိနစ်ခန့်ကြာသော် ပါရက်တီသည် ပြန်ရောက်လာလေသည်။

သူ၏ လက်တွင်လည်း ငွေစက္ကူတွေ အထပ်လိုက်ပါလာလေသည်။

ပါရက်တီက သူသည် အော်တီဂါအား ဆူဆူပူပူမလုပ်ရန် နှစ်သိမ့်ဖျောင်းဖျပြီးမှ လောင်းကြေးငွေ ကောက်ခံသူဦးရေရှိလျှင် ရှိသလောက် အချိုးကျ ငွေ ခွဲပိုင်းပေးမှဖြစ်မည်။ သို့မှသာ အလုပ်သဘော စည်းကမ်းလိုက်နာရာရောက်မည် ဖြစ်ကြောင်း အကျိုးအကြောင်း ရေလည်စွာ ရှင်းပြလိုက်သဖြင့် အော်တီဂါက သဘောပေါက်သွားကာ ငွေထုတ်ပေးလိုက်ခြင်း ဖြစ်သည်ဟု ပြောပြလေသည်။

ထို့နောက် မော်တော်ကားမောင်း၍ ပြန်ခဲ့ကြလေသည်။

ရဲများ လာဘ်စားခြင်းကို ထောက်လှမ်းဖမ်းဆီးရန် ဌာနချုပ်မှ အထူး တာဝန်ဖြင့် စေလွှတ်လိုက်သူဟု မျှော်လင့်ထားခဲ့သော လူသစ် ပါရက်တီကိုယ်တိုင်က ရှေ့ဆောင်ရှေ့ရွက်ပြုကာ လောင်းကစားဒိုင်ထံမှ ငွေပိုရအောင် ညှစ်ယူခဲ့ခြင်းဖြစ်ရာ ဆာပီကိုအနေဖြင့် အလွန်စိတ်ပျက်သွားမိတော့သည်။

တိုင်းရုံးရှိရာ အမှတ် ၄၈ ရဲစခန်းနယ်မြေသို့ ရောက်သောအခါ ပါရက်တီသည် သူ၏လက်မှ ငွေစက္ကူများကို ဝေစုခွဲလေတော့ရာ ဆာပီကိုက–

"ကျုပ်အတွက်တော့ ခွဲမပေးပါနဲ့၊ ကျုပ် ငွေမလိုချင်ဘူး"

ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

ပါရက်တီက ပြန်မေးသဖြင့် ဆာပီကိုက စိတ်ပျက်စွာနှင့်

"ဟာဗျာ... ကျုပ် မလိုချင်ပါဘူးလို့ပြောနေမှ အရှည်ကြီး ရှင်းပြနေရဦးမှာလား"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ဒါဖြင့်လည်း ကောင်းပြီလေ၊ ဒါပေမဲ့ ကျုပ်တို့သုံးယောက်ရဲ့ ဝေစုထဲက ဆာပီကိုအတွက် အသေးသုံးဖို့ တစ်ယောက်ကို ဆယ်ဒေါ်လာစီ



ပေးကြမယ်"

ပြောပြောဆိုဆို ပါရက်တီသည် ဆယ်ဒေါ်လာတန် ငွေစက္ကူသုံးရွက်ကို ဆာပီကို၏ အင်္ကျီအိတ်ထဲသို့ ဖွတ်အတင်းပင် ထည့်လိုက်သည်။

နောက်တစ်နေ့တွင် ဆာပီကိုသည် ထိုဒေါ်လာငွေ သုံးဆယ်ကို ကျန်လူ သုံးယောက်အား သူတို့မသိအောင် ပြန်ပေးလိုက်သည်။

ပေးပုံကား ထိုလူသုံးယောက်နာမည်ဖြင့် စာများလာလျှင် ထည့်ပေးရသော စာပုံးအသီးသီးအတွင်းသို့ ငွေဆယ်ဒေါ်လာ အသာပြန်ထည့်ထားလိုက်ခြင်းပင်ဖြစ်သည်။

ထိုအချိန်မှစ၍ ဆာပီကိုသည် လူသစ် ပါရက်တီအပေါ် မျှော်လင့်ချက်ထားခြင်းကို လုံးလုံး လက်လျှော့စွန့်လွှတ်လိုက်တော့သည်။

နောက်ပိုင်း တာဝန်ကျချိန်များတွင်လည်း သူသည် အခြား အရပ်ဝတ်ရဲများနှင့် မတွဲတော့ဘဲ သူတစ်ယောက်တည်းသာ ကင်းလှည့်လျှောက်ကြည့်နေခဲ့လေသည်။

ဖမ်းစရာရှိလျှင် မည်သူနှင့်မှ မတိုင်ပင်တော့ဘဲ သူကိုယ်တိုင် ဖမ်းမည်ဟုလည်း စိတ်ပိုင်းဖြတ်လိုက်သည်။

တစ်နေ့သ၌ ဆာပီကိုသည် နီဂရိုးခေါ် ကပ္ပလီလူမည်း အများစု နေထိုင်ရာ ရပ်ကွက်အတွင်း အရပ်ဝတ်နှင့် ကင်းလှည့်လျှောက်သွားစဉ် နောက်ဆုံးလမ်းကြားတစ်ခု၌ လောင်းကစားခြင်း အကြီးအကျယ် လုပ်နေကြောင်း သတိပြုမိလေသည်။

လမ်းကြား၏ ထိပ်ဝတွင် ရဲတွေလာလျှင် ကြိုတင်သတိပေးနိုင်ရန် လောင်းကစားဒိုင်က သူ၏လူတစ်ယောက် ကင်းချထားသည်ကိုလည်း တွေ့ရသည်။

ထိုအချိန်က ဆာပီကိုမှာ ကမ္ဘာလှည့်ခရီးသည်လိုလို၊ ဟစ်ပီခေါ် လူငယ်အုပ်စုဝင် တစ်ယောက်လိုလို အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ဆင်ထားသဖြင့် လောင်းကစားဒိုင်၏ ကင်းသမားက မိမိအား ရဲတစ်ယောက် မှတ်မိ မည်မဟုတ်ဟု တွက်မိလေသည်။

ထို့ကြောင့် သူသည် လမ်းဘေး၌တွေ့ရသော အမှိုက်သရိုက် သံပုံးတစ်လုံးကို ကောက်ယူကာ အမှိုက်လျှောက်သိမ်းသလိုနှင့် ခပ်တည်တည် ဖြစ်လျှောက်ကာ လမ်းကြား၏ အလယ်

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားဒိုင် အလုပ်လုပ်နေသည်ကို ပက်ပင်းတွေ့ရတော့သည်။

လူတစ်ယောက်သည် တယ်လီဖုန်းတစ်လုံးအနီးတွင် ထိုင်ကာ လောင်းကစားကြေးများကို လက်ခံနေသည်။ သူ၏ ဘေးနားတွင်လည်း တယ်လီဖုန်းနံပါတ် စာအုပ်တစ်အုပ်နှင့် လောင်းကြေးစာရွက်များ၊ ငွေစက္ကူများပါ တွေ့ရသည်။ ကိုယ်တိုင်လာရောက် လောင်းနေသူများလည်း ရှိနေသည်။

ဆာပီကို သက်သေအထောက်အထားနှင့်တကွ လက်ပူးလက်ကြပ် ဖမ်းမိတော့မည်ဟု သဘောကျသွားကာ ထိုလူအနီးသို့ ချဉ်းကပ်သွားစဉ် သူ၏ နောက်ဘက်မှ

"ဟေး... မြန်မြန်ထလစ်ပေတော့ ဖမ်းမဲ့လူ လာနေပြီ"

ဟု ကင်းသမား၏ ဟစ်အော်သတိပေးသံကို ကြားလိုက်သည်။

လောင်းကစားဒိုင်လုပ်သူလည်း ချက်ချင်းပင် ထ၍ပြေးတော့ရာ သူ၏ လက်မှ ငွေအချို့နှင့် လောင်းကြေးစာရွက်များ လွင့်စဉ်ကျကျန်ရစ်လေသည်။

ဆာပီကိုသည် ထိုလူ၏နောက်သို့ အတင်းပြေးလိုက်သွားရာ လောင်းကစားသူများလည်း အံ့အားသင့်နေကြမိတော့သည်။

လောင်းကစားဒိုင်သည် လမ်းကြားမှထွက်၍ နောက်လမ်းတစ်လမ်းသို့ ကူးပြေးစဉ် ဆာပီကိုက သူ၏ ခါးကြားလုံးပြူးသေနတ်ကို ဆွဲထုတ်လျက်–

"ဟေ့လူ ရပ်လိုက်စမ်း၊ မရပ်ရင် ပစ်လိုက်မယ်"

ဟု ဟစ်အော်သတိပေးလိုက်သည်။

ထိုအသံကိုကြားတော့မှ လောင်းကစားဒိုင်သည် ရုတ်တရက် ရပ်လိုက်ပြီး ဆာပီကိုရှိရာသို့ ခပ်ဖြည်းဖြည်း ပြန်လှည့်လျှောက်လာသည်။

"ဘာလဲဗျ၊ ခင်ဗျားက တကယ်ဖမ်းမလို့ မဟုတ်ဘူး မဟုတ်လား"

"ဩော် ကျုပ်က တကယ်မဖမ်းဘဲနဲ့ အခုလိုလိုက်ပါ့မလား၊ ဒီသေနတ် ကျည်ဆန်ထည့်မထားဘူး မှတ်သလား"

ဆာပီကိုက သရော်သလို မဲ့ပြုံးပြုံး၍ ပြောလိုက်သည်။

"ခင်ဗျားကလဲဗျာ၊ ဘယ်ကဘယ်လို ပေါက်လာမှန်းမသိဘူး၊ ရုတ်တရက် ဘွားကနဲ ရောက်လာလိုက်တော့ ကျုပ်ဖြင့် လန့်သွားတာပဲ"

ထိုလူက တကယ်ဖမ်းမည် မဟုတ်ဟုထင်ဟန်ဖြင့် ဆက်ပြောသော်လည်း ဆာပီကိုသည် ထိုလူအား လမ်းကြားထဲသို့ ပြန်ဆွဲခေါ်လာပြီး လောင်းကြေးစာရွက်များကို သက်သေအထောက်အထား တင်ပြရန်အတွက် ပြန်သိမ်းယူနေ



ဒုံး ကင်းသမားသည် လောင်းကစားဒိုင်များကို ကြီးကြပ်သူတစ်ဦးနှင့် ရောက်ရှိလာလေသည်။

ထိုလူက ဆာပီကိုအား ခပ်တည်တည်နှင့် အရေးဆိုလေသည်။

"ဘယ်လိုဖြစ်တာလဲဗျ၊ ကျုပ်တို့က လစဉ်မှန်မှန်ပေးပြီး နားလည်မှုယူထားတယ်လေဗျာ"

ဆာပီကိုက ဂရုမစိုက်ဘဲ တရားခံလောင်းကစားဒိုင်ကိုခေါ်၍ လျှောက်ထွက်သွားစဉ် ကြီးကြပ်သူက လိုက်ကန့်ကွက်ပြန်သည်။

"ကျုပ်ပြောတာ တကယ်ပါဗျ၊ မယုံရင် တယ်လီဖုန်းဆက်ကြည့်ပါ၊ ခင်ဗျားက တယ်လီဖုန်းတောင် ဆက်မကြည့်နိုင်ဘူးလား"

"ဟုတ်တယ်၊ ဆက်မကြည့်နိုင်ဘူး"

"ဒါဖြင့် ဒီလိုလုပ်ပါလားဗျာ၊ ဒီလူက ကျုပ်တို့ထဲမှာ အတော်ဆုံး အလုပ်သမားတစ်ဦးဖြစ်တယ်၊ ခင်ဗျား ဒါလောက်တောင် ဖမ်းချင်ရင် ကျုပ်က လူစားနောက်တစ်ယောက် ပေးပါ့မယ်၊ အဲဒီလူကိုဖမ်းပါ"

"ကျုပ်က ဒီလူနောက်ကို အပင်ပန်းခံ ပြေးလိုက်ဖမ်းပြီးမှ ပြန်လွှတ်ရမလားဗျ၊ မလိုချင်ဘူး ဒါပဲ"

ပြောပြောဆိုဆို ဆာပီကိုသည် တရားခံအား စခန်းရုံးသို့ ခေါ်သွားသည်။

ရဲစခန်းသို့ရောက်၍ တရားခံအား တရားဝင် တိုင်ချက်ဖွင့်ကာ ပုံစံများ ရေးသွင်းပြီးသောအခါ ရောဘတ်က ဆာပီကိုထံ လာရောက်ကန့်ကွက်လေတော့သည်။

"ဟေ့ ဆာပီကို၊ ဘယ်လိုလုပ်လိုက်တာလဲဗျ၊ ဒီလူရဲ့အဖွဲ့က ကျုပ်တို့ကို မှန်မှန် ဆက်ကြေးပေးပြီး နားလည်မှုယူထားတယ်၊ ခင်ဗျားက နားမလည်အောင် အမှုဖမ်းချင်ရင် ပြောပါ၊ ကျုပ်တို့က ဖမ်းဖို့ အမှုရှာပေးမှာပေါ့"

ရောဘတ်က ဤသို့ပြောလိုက်လျှင် ဆာပီကိုသည် ပို၍ပင် စိတ်တိုသွားလေသည်။

"ဒီမယ် ရောဘတ်၊ ကျုပ်အနေနဲ့ ဘယ်သူတွေက ခင်ဗျားတို့ကို ငွေပေးထားတယ်၊ မပေးထားဘူးဆိုတာ ကျုပ် မသိဘူး၊ ကျုပ်က ဂရုလည်း မစိုက်ဘူး၊ အခုဖမ်းခဲ့တဲ့ လမ်းကြားရဲ့ ထိပ်နားမှာ မူးယစ်ဆေးဖြူလူမျိုးတစ်ယောက် ဘားနဲ့ထိုင်နေတာတွေ့ခဲ့တယ်၊ ဒီလူတွေက ကျုပ်တို့ အရပ်ဝတ်ရဲတွေ ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



နေသလဲလို့ သာနုံခမ်းတဲ့ ထောက်လှမ်းရေးတွေ ဖြစ်ချင်ဖြစ်မယ်၊ မပြောနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် ကျွပ်ရှင်းရှင်းပြောမယ်၊ ခင်ဗျားတို့အုပ်စုအတွက် ကျုပ်အားအား ခင်အဖြစ်မခံနိုင်ဘူး၊ ခင်ဗျားတို့က လုပ်ချင်တာလုပ်၊ ကျုပ်ကလည်း လုပ်ချင်တာလုပ်မယ် ဒါပဲ"

* * *

ဘိုင်းအမှတ် ၇ အတွင်းရှိ အခြားအရပ်ဝတ် ရဲအဖွဲ့ဝင်များနှင့် ဆာပီကိုတို့၏ ဆက်ဆံမှု အခြေအနေသည် တဖြည်းဖြည်း ဆိုးလာလေသည်။

အချို့ကဆိုလျှင် ဆာပီကိုသည် ဌာနချုပ်မှ ထောက်လှမ်းရေးအတွက် လျှို့ဝှက်တာဝန်ဖြင့် လွှတ်ထားသော စပိုင် (သူလျှို)တစ်ဦး ဖြစ်သည်ဟုပင် စွပ်စွဲပြောဆိုလာကြသည်။

မိမိနှင့် တွဲဖက်တာဝန်ကျခဲ့သူ ဖူမာတို ပြောင်းရွှေ့မသွားမီက အဖြစ်တစ်ရပ်ကိုလည်း ဆာပီကိုက ပြန်လည် သတိရမိလေသည်။

ထိုစဉ်က သူသည် အစိုးရရှေ့နေချုပ်ရုံးသို့သွား၍ ဒုစရိုက်မှုများဆိုင်ရာ ဌာနမှူးထံသို့ ဖူမာတိုနှင့်အတူ တွေ့ဆုံခဲ့ဖူးသည်။

ဖူမာတိုက ပြောစရာရှိသည်တို့ကို ပြောပြီး၍ အပြန်တွင် ဆာပီကိုက နေရစ်ခဲ့ပြီး ဌာနမှူး ရော်ကာဆိုသူနှင့် ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု အကြောင်း ဆွေးနွေးကြည့်ခဲ့သည်။ ရော်ကာက သူတို့ကို ရဲတပ်ဖွဲ့ဝင်များ ဖောက်ပြန်နေသည်ကို သိကြောင်း၊ သို့သော် သက်သေအထောက်အထားဖြင့် အရေးယူနိုင်ရန် အကူအညီပေးမည် ရဲများမရှိ၍ ခက်နေကြောင်း ပြန်ပြောခဲ့သည်။

ထိုအကြောင်းကို ပြန်လည်သတိရသဖြင့် ဆာပီကိုသည် ရှေ့နေချုပ်ရုံးမှ ဌာနမှူး ရော်ကာဘံသို့ တယ်လီဖုန်းဆက်ကြည့်လေသည်။

မိမိက ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားနေပုံကို အတွင်းကျကျ သိသူ ရဲတစ်ဦးအနေဖြင့် ရှေ့နေချုပ်ရုံးတွင် လာရောက်သက်သေခံမည်ဆိုပါက မည်မျှအထိ ကူညီဆောင်ရွက်နိုင်မည်ကို သိလိုကြောင်းမေးရာ ရော်ကာက အခြေအနေအားလုံး ပြန်လည်လေ့လာပြီးမှ ကတိပေးနိုင်မည်ဟု ပြန်ပြောလေသည်။

ဤတွင်လည်း ဆာပီကိုသည် စိတ်ပျက်ရပြန်လေသည်။



စိတ်ပျက်ရာမှ အလိုလိုနေရင်း စိတ်တိုနေတတ်သောကြောင့်လည်း သူ၏အဆက် သူနာပြုဆရာမကလေးသည် ဆာပီကိုအပေါ် စိတ်ကုန်ကာ ဒုရောပတိုက်သို့ ထွက်သွားခဲ့ခြင်းဖြစ်သည်။

ရဲတွေ ဖောက်ပြန်နေသည်ကို မည်သို့ လုပ်ရပါမည်နည်းဟု စဉ်းစား အဖြေရှာ၍ မရသည့်အဆုံး၌ ဆာပီကိုသည် အောက်တိုဘာလ ၁ ရက်နေ့တွင် ကပ္ပတိန်ဘီဟာန်ထံသို့ တယ်လီဖုန်း ဆက်ကြည့်ပြန်လေသည်။

မိမိသည် အခြားအရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားနေခြင်းကို ဘတ်နိုင်သလောက် အသာကြည့်နေခဲ့ကြောင်း၊ ယခုဆိုလျှင် တိုင်းအမှတ် (၇) အတွင်း လာဘ်စားနေသော 'အုပ်စု'ပမာဏသည် အလွန်ကြီးထွားလာပြီဖြစ်ကြောင်း၊ မိမိကိုလည်း သူတို့၏ အရှုပ်ထဲဝင်ပါအောင် အမျိုးမျိုး ကြံနေကြကြောင်း၊ ယခုအချိန်အထိ မိမိထံ တိုက်ရိုက်ဆက်သွယ်ပါမည်ဆိုသူ ရဲမင်းကြီးဆါ့ရှ်ထံမှလည်း ဘာသံမှ မကြားရသေးကြောင်း ဆာပီကိုက ပြောပြလိုက်သည်။

ကပ္ပတိန်ဘီဟာန်သည် တစ်ဖက်မှ နားထောင်နေပြီးနောက်

"အဲဒါကတော့ ကျုပ်လည်းမသိဘူးဗျ"

ဟုသာ ပြန်ပြောလေသည်။

ထိုအခါ ဆာပီကိုက မိမိအနေဖြင့် လာဘ်စားနေသူ ရဲများနှင့်အတူ ခရာနှောနေရခြင်းကြောင့် အန္တရာယ်များလှပုံကို တင်ပြပြန်လေသည်။

လာဘ်ငွေလက်ခံယူနေကြရာသို့ မိမိပါ မကြာခဏ လိုက်သွားရတတ်ရာ အကယ်၍ မတော်တဆ အထက်အာဏာပိုင်တို့က အလစ်ဝင်ဖမ်းလျှင် မိမိက လာဘ်စားသူထဲ မပါကြောင်း ရှင်းပြရန် ခက်လှပုံကို ပြောရင်း–

"ဒီမယ် ကပ္ပတိန်ကြီးခင်ဗျာ၊ ကျုပ်လိုချင်တဲ့ အကူအညီနဲ့ အရေးယူမှုကို မရမှတော့ ကျုပ်ကလည်း တခြားပြင်ပအဖွဲ့အစည်းတွေကို ချဉ်းကပ်ဆက်သွယ်ရမှာပဲ"ဟု ပြောလိုက်သည်။

ဤတွင် တစ်ဖက်မှ ကပ္ပတိန်ဘီဟာန်သည် ခိုးရိုမ်တုန်လှုပ်သွားဟန်ဖြင့်–

"ဟော့ ဆာပီကို၊ နေပါဦးကွဲ့၊ ပြင်ပ အဖွဲ့အစည်းဆိုတော ဘာအဖွဲ့အစည်းတွေကို ဆိုလိုတာလဲ"

ဟု မေးလေသည်။

"ဒါတော့ ခင်ဗျားနဲ့ ဖွင့်ဆွေးနွေးဖို့ မလိုဘူးထင်တယ်"

"ဒီမယ် ဆာပီကို၊ မောင်ရင်က ပြင်ပအဖွဲ့အစည်းတွေကို သွားမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ပြဿနာဖြစ်နိုင်တယ်ကွ၊ စည်းကမ်းနဲ့လည်း ဆန့်ကျင်တယ်၊ တို့ရဲတပ် ဖွဲ့အတွင်းက ပြဿနာတွေကို ရဲတပ်ဖွဲ့အတွင်းမှာပဲ ဖြေရှင်းယူလို့ရတယ်"

"ဟုတ်ပါတယ်၊ တစ်ချိန်က ကျုပ်လည်း ဒီလိုပဲ ယုံကြည်ခဲ့ပါတယ်၊ အခုတော့ မယုံတော့ဘူး၊ ရှေ့လျှောက်ဆိုရင် ကျုပ်က ဘယ်သူ့မျက်နှာမှ မထောက်တော့ဘဲ လုပ်စရာရှိတာ လုပ်သွားရလိမ့်မယ်၊ ဒီလိုလုပ်လို့ ကျုပ်ထိ လာထိခိုက်လာရင်တောင်မှ ဂရုမစိုက်ဘူး"

ထိုအခါ ကပ္ပတိန်ဘီဟာန်သည် ဆာပီကိုအား ဖျောင်းဖျပြောပြန်သည်။ ဆာပီကိုအနေဖြင့် ဘာကိုမျှ အလောတကြီးမလုပ်ရန်နှင့် သူကိုယ်တိုင် အခြေ အနေကို လေ့လာစုံစမ်းကြည့်ပါဦးမည်ဟု ပြောလေသည်။

ထိုသို့ ကပ္ပတိန်ဘီဟာန်အား ဖုန်းဆက်ပြောလိုက်ခြင်းအားဖြင့် ရဲမင်းကြီး ဆီ၌နှင့် တိုက်ရိုက်ဆက်သွယ်မှု ရရှိလာလိမ့်မည်ဟု ဆာပီကိုက မျှော်လင့်မိ လေသည်။

သို့ရာတွင် ကပ္ပတိန်ဘီဟာန် ကိုယ်တိုင်က ရဲမင်းကြီးဝေါ့ရ်အား ဆာပီကို နှင့် ဘာကြောင့် မဆက်သွယ်ပါသနည်းဟု မေးဖူးသည့်သတ္တိ မရှိချေ။

ရဲမင်းကြီးထံ တိုက်ရိုက်မသွားဝံ့သဖြင့် ကပ္ပတိန်ဘီဟာန်သည် သူ၏ အိမ်နီးချင်းဖြစ်သူ တိုင်းအမှတ် ၇ မှ စီမံအုပ်ချုပ်ရေး တာဝန်ခံ ရှယ်ရီဒင် ဆိုသူထံသို့သွားပြီး ဆာပီကိုအကြောင်း ဆွေးနွေးပြောကြည့်လေသည်။

တိုင်းအမှတ် ၇ မှ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များ အကြီးအကျယ် လာဘ် ငွေယူနေကြသည်ကို ဆာပီကို စုံစမ်းသိရှိရကြောင်း၊ ရဲများက စနစ်တကျ အုပ်စုဖွဲ့၍ ဆက်ကြေးယူနေကြကြောင်း၊ ထို့ကြောင့် ဆာပီကိုက ယင်းကိစ္စကို လူကြီးပိုင်းက ဘာမှမလုပ်ပါက လုပ်ပိုင်ခွင့်ရှိသော ပြင်ပ အဖွဲ့အစည်းများသို့ သွားရောက်ချဉ်းကပ်မည်ဟု ပြောနေကြောင်း စသည်ဖြင့် အသေးစိတ် ပြောပြ လိုက်လေသည်။

ကပ္ပတိန်ဘီဟာန်က ဤသို့ပြုလုပ်လိုက်ကြောင်း သိရသောအခါ ဆာပီ ကိုသည် အထူးပင် အံ့ဩတုန်လှုပ်သွားမိတော့သည်။

ဒုတိယရဲမှူးကြီး (အင်စပက်တော်) အဆင့်ရှိသူ ရှယ်ရီဒင်သည် တစ်ချိန်က တိုင်းအမှတ် ၇ ရှိ အရပ်ဝတ်ရဲများ ဖောက်ပြန်မှု၊ လာဘ်စားမှု မရှိ၊ အလွန်သန့်ရှင်းပါသည်ဟု ပြောခဲ့ဖူးသည် မဟုတ်ပါလော။ သူသည် တိုင်းရုံးတွင် စီမံအုပ်ချုပ်ရေးရာ ဌာနမှူးလည်းဖြစ်၍ မိမိလက်အောက်ရှိ



ရဲများ၏ အခြေအနေအမှန်ကို မသိဘဲနေမည် မဟုတ်ချေ။

ထို့ကြောင့် ဆာပီကိုက ယင်းကိစ္စနှင့်ပတ်သက်၍ ကပ္ပတိန်ဘီဟာန်အား ဆယန်ပြောဆိုလေသည်။

"ဒါတော့ ဆာပီကိုရယ်၊ ကျုပ်ကလည်း တစ်ခုခုတော့ လုပ်မှဖြစ်မှာမို့ ဆုပ်လိုက်တာပဲ၊ ပြီးတော့ ရှယ်ရီဒင်ရဲ့ ရိုးသားတည်ကြည်မှုကို ကျုပ်က ခြွင်း ချက်မရှိ ယုံကြည်တယ်"

ကပ္ပတိန် ဘီဟာန်က ပြန်လည်ရှင်းပြရာ ဆာပီကိုကလည်း

"ခင်ဗျားက ဒီလူကြီးရဲ့ ရိုးသားတည်ကြည်တာသာ ပြောတယ်၊ သူက ဘယ်လောက် လူရည်လည်တယ်ဆိုတာတော့ ထည်မပြောဘူး"

ဟု ပြောလိုက်လေသည်။

* * *

စစ်တပ်ဆန်ဆန် ဖွဲ့စည်းတည်ဆောက်ထားသော ရဲထပ်ဖွဲ့ဝင်၏ ဖွဲ့စည်း ပုံအရ လူငယ်နှင့် လူကြီး တိုက်ရိုက်ဆက်သွယ်ရန် မလွယ်ကူသဖြင့် ဆာပီကို သည် ဒု–ရဲမင်းကြီး ရှယ်ရီဒင်နှင့် တစ်ကြိမ်နှစ်ကြိမ်သာလျှင် စကားပြောခဲ့ဖူး သည်။

ထို့ကြောင့် နောက်တစ်နေ့ နံနက်ပိုင်းတွင် ရှယ်ရီဒင်ကိုယ်တိုင် ဆာပီကို ရှိရာသို့ လျှောက်လာသောအခါ အံ့ဩဖွယ်ရာ ဖြစ်နေတော့သည်။

ဒု–ရဲမင်းကြီး ရှယ်ရီဒင်သည် ဆာပီကိုအနီးသို့ကပ်၍ တိုင်းအမှတ် ၇ ၏ တပ်မှူးဖြစ်သူ ဒု–ရဲမှူးချုပ် ကီလိုရင်က ညဘက် တာဝန်ပြီးဆုံးချိန်တွင် တွေ့ဆုံစကားပြောလိုကြောင်း ခပ်တိုးတိုး ပြောလေသည်။

ဆာပီကိုကလည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ဒု–ရဲမှူးချုပ် ကီလိုရင်နှင့် ဆာပီကိုတို့ တွေ့ဆုံဆွေးနွေးချက်ကမူ ထူးထူးခြားခြား မရှိလှဟု ဆိုရပေမည်။

တိုင်းအမှတ် ၇ ၏ တပ်မှူး၊ ဒု–ရဲမှူးချုပ်ကြီး ကီလိုရင်ဆိုသူအား ပိန်ပိန်ပါးပါး၊ အရပ်မြင့်မြင့်နှင့် မျက်နှာထားတည်တည် နေတတ်သူဖြစ်ပြီး စကားပြောရာတွင်လည်း ခပ်ပြတ်ပြတ် ပြောတတ်လေသည်။

လူချင်း စတွေ့မိသည်နှင့် ကီလိုရင်က ဆာပီကိုအား ရဲတပ်ဖွဲ့တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ မင်းတစ်ယောက်တည်းပဲ ရိုးသားဖြောင့်မတ်တယ်လို့ ထင်နေသလားဟု မေးလေသည်။

ဆာပီကိုက မည်သို့မှ ပြန်မဖြေနိုင်သေးမီ သူကပင် ဆက်လက်၍

"မင်းက ငါဟာ ဘာမှမလုပ်ဘဲ ဒီတိုင်းကြည့်နေမယ်များ ထင်သလား ကွ၊ မင်း စုံစမ်းရရှိထားတဲ့ အချက်အလက် သတင်းတွေနဲ့ ဘာဖြစ်လို့ ငါ့ဆီ မလာခဲ့တာလဲ"

ဟု ဆက်မေးပြန်သည်။

ဆာပီကိုကလည်း ခပ်ဘွင်းဘွင်းပင် ပြန်ဖြေလိုက်သည်။

"ရဲမှူးချုပ်ကြီး ခင်ဗျား၊ ကျွန်တော်က လူကြီးမင်းနဲ့ တစ်ကြိမ်တစ်ခါမှ လည်း စကားမပြောဖူးပါဘူး၊ လူကြီးမင်းနဲ့လည်း မသိပါဘူး"

ထိုအခါ ကီလိုရင်က သူသည် တာဝန်ဝတ္တရား ပျက်ကွက်သည်ဆို၍ မည်သည့်အခါမှ မရှိခဲ့ကြောင်း၊ တာဝန်မကျေပွန်သူများကို အရေးယူရန်လည်း လက်မနှေးခဲ့ကြောင်း ပြောကာ ဆာပီကိုသည် ရဲတပ်ဖွဲ့၏ ပြင်ပအခြား မည်သည့်ဌာန၊ သို့မဟုတ် အဖွဲ့အစည်းများဆီသို့ သွားရောက်ချဉ်းကပ်ခဲ့ သနည်းဟု မေးလေသည်။

ဆာပီကိုကလည်း အလွယ်တကူ အလျှော့မပေးဘဲ ခပ်တည်တည်ပင် ပြန်ပြောလေသည်။

"ဒါတော့ ကျွန်တော်က ဖွင့်ပြီးဆွေးနွေးဖို့ မလိုဘူးထင်ပါတယ်"

ဤသို့ သွယ်ဝိုက်ငြင်းဆန်လိုက်သောအခါ ကီလိုရင်သည် တစ်မျိုး လှည့်မေးပြန်သည်။

"ရဲတပ်ဖွဲ့ဝင်တွေ အုပ်စုဖွဲ့ပြီး လာဘ်ငွေယူနေတာနဲ့ ပတ်သက်လို့ မင်းက ဘယ်လောက်များများ သိတာလဲ"

"ဒီတိုင်းအတွင်းမှာရှိတဲ့ တခြားလူတွေ သိသလောက် သိတာပါပဲ"

ဆာပီကိုက ခပ်ဘုကျကျ ပြန်ပြောလိုက်သောအခါ ကီလိုရင်က သူတို့နှင့် ပူးပေါင်းကူညီမည်လော၊ ငြင်းဆန်မည်လောဟု မေးပြန်သည်။ ဆာပီကိုကလည်း သူ ချက်ချင်းအဖြေမပေးနိုင် စဉ်းစားရဦးမည်ဟု ဘုကျကျ ပြန်ပြောလိုက်သည်။ သူသည် အညတရ ရဲသားတစ်ဦးသာ ဖြစ်သည်မှာ မှန်ကြောင်း၊ သို့သော် တိုင်းအနေဖြင့် မည်သို့မည်ပုံ စုံစမ်းစစ်ဆေး၍ ရမည်ကို စဉ်းစား၍မရကြောင်းလည်း ပြောလိုက်သေးသည်။



ဤတွင် ကီလိုရင်သည် ပရိယာယ်တစ်မျိုးဖြင့် လှည့်ပြောပြန်သည်။

အရပ်ဝတ် ရဲတပ်ဖွဲ့များအပေါ် ကြီးကြပ်အုပ်ချုပ်သည့် တာဝန်ရှိသော ရဲမှူး ဆက်ဆင်ဆိုသူရှိကြောင်း၊ ထိုလူသည် မကြာသေးမီက ရဲမင်းကြီး၏ အထူး စုံစမ်းစစ်ဆေးရေး ဌာနတွင် အလုပ်လုပ်ခဲ့ဖူးသဖြင့် ဆာပီကိုအနေဖြင့် ၎င်းပုဂ္ဂိုလ်နှင့် တွေ့ဆုံဆွေးနွေးချင်ပါသလားဟု မေးလေသည်။

ဆာပီကိုက ဆက်ဆင်၏ အမည်သာ ကြားဖူးပြီး လူချင်းမသိကြောင်း သာ ပြန်ဖြေလိုက်သည်။

"အိုကေ၊ ကောင်းပြီ၊ မင်းအခု သွားနိုင်ပြီ"

ကီလိုရင်က ဤသို့စကားဖြတ်လိုက်သဖြင့် ဆာပီကိုလည်း ပြန်ထွက်ရန် ထိုင်ရာမှထလိုက်သည်။

သည်တော့မှ ကီလိုရင်သည် အနည်းငယ် လေသံပျော့သွားလျက်–

"မင်း တစ်ခုတော့ သိထားစေချင်တယ်၊ ငါတို့ ရဲတပ်ဖွဲ့မှာ မင်းလိုပဲ စိတ်ထဲက ခံစားနေရသူတွေ ရှိတယ်ဆိုတဲ့ အချက်ပဲ"

ဟု ပြောလိုက်သည်။

* * *

အောက်တိုဘာလ၏ ပထမ ရက်သတ္တပတ် အတွင်းမှာပင် ဆာပီကို သည် တိုင်းတပ်မှူး ကီလိုရင်နှင့် နောက်ထပ် နှစ်ကြိမ်တွေ့ဆုံခဲ့ရသေးရာ နှစ်ကြိမ်စလုံးတွင် ရှယ်ရီဒင်လည်း သူတို့နှင့်အတူ ရှိနေသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲ၌ ဆာပီကိုက အရပ်ဝတ် ရဲတပ်ဖွဲ့အုပ်စုနှင့် အားလည်းမှုယူထားသော လောင်းကစားဒိုင် လေးခုတို့၏ တည်ရာလိပ်စာများကို ပေးလိုက်သည့်ပြင် အရပ်ဝတ်ရဲများက သေနတ်၊ ကျည်ဆန်တွေ ပေးခဲ့သူ ဂုထီရက်ဆိုသူ၏ အမည်ကိုပါ ဖော်ထုတ်ပြောလိုက်လေသည်။ ၎င်းသူသည် သတင်းပေးသူ တစ်ဦးဖြစ်၍ ရဲများနှင့် လာဘ်ပေးသူ လောင်းကစားဒိုင်များနှင့် ဆက်သွယ်ရာလမ်းကြောင်း၏ အဓိက ကွင်းပင်ဖြစ်ကြောင်းကိုလည်း ပြောလိုက် လေသည်။

သို့ဖြစ်လင့်ကစား ဆာပီကိုသည် ရှယ်ရီဒင် ဆိုသူအား အတင်းကြောင်း ချ။ သူမသိဘဲ အရပ်ဝတ်ရဲများသည် အတင့်ရဲစွာ အုပ်စုဖွဲ့၍ လာဘ်စား

www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်ဟု သူ ယုံကြည်မိလေသည်။

မည်သို့ပင်ဖြစ်စေ ဆာပီကို၏ ဖော်ထုတ်တင်ပြချက်များကို လေ့လာသုံးသပ်ကြည့်ပြီးနောက် အောက်တိုဘာလ ၈ ရက်၊ တနင်္ဂနွေနေ့တွင် ကီလိုရင်သည် ဒု-ရဲမှူးချုပ် ရီနေဂန်ဆိုသူနှင့် တွေ့ဆုံလေသည်။

တွေ့ဆုံသည့်နေရာကား နာမည်ကြီး ယမ်းကီးအားကစားကွင်း ဘောလုံးပွဲတစ်ခု၌ ဖြစ်လေသည်။

ထိုအချိန်က ရီနေဂန်သည် နယူးယောက်မြို့ ဘရင့်ရပ်ကွက် ရဲတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်လျက်ရှိပြီး သူ၏ လက်အောက်မှ ရဲတပ်ဖွဲ့ဝင် (ယူနီဖောင်းဝတ်နှင့် အရပ်ဝတ်အဖွဲ့ဝင်) သုံးထောင့်ငါးရာခန့်ကို ကွပ်ကဲအုပ်ချုပ်နေရသည်။

ကီလိုရင်က တိုင်းအမှတ် (၇) နယ်မြေအတွင်း ဖြစ်နေသည့် အခြေအနေအကြောင်း ပြောပြရင်း ကြာလျှင် ရဲတပ်ဖွဲ့တစ်ခုလုံး သိက္ခာကျဆင်းဖွယ်ရာ ပြဿနာ ဖြစ်လာနိုင်ကြောင်းကို ရီနေဂန်အား တင်ပြလိုက်သည်။

ထို့ပြင် ဆာပီကိုသည် မိမိနှင့်အတူ ပူးပေါင်းလုပ်ကိုင်ရန် ဆန္ဒမရှိကြောင်း၊ ရဲမှူး ဆက်ဆင်နှင့်ဆိုလျှင် ဖြစ်နိုင်စရာရှိကြောင်းကိုပါ ပြောပြလိုက်သည်။

ရီနေဂန်က ဆက်ဆင်အား ကီလိုရင်နှင့်အတူ အလုပ်လုပ်ခွင့်ပြုရန် သဘောတူချက် ပေးသော်လည်း စွပ်စွဲချက်များ ပေါ်လာပါက ဌာနချုပ်သို့သာ တိုက်ရိုက်တင်ပြပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်စေရမည်ဟု တောင်းဆိုလေသည်။

ရီနေဂန်၏ အမူအရာက စိတ်ဝင်စားပုံမရသလို ဖြစ်နေခြင်းသည် ထိုအချိန်က ထူးဆန်းနေသော်လည်း နောက်သုံးနှစ်ကြာသောအခါ အဖြေမှန် ထွက်လာလေသည်။

အကြောင်းမှုကား သုံးနှစ်ခန့်အကြာတွင် ရီနေဂန်ကိုယ်တိုင် လာဘ်ပေးလာဘ်ယူမှုတစ်မှုဖြင့် တရားရုံး၏ စီရင်အပြစ်ပေးခြင်းကို ခံလိုက်ရသောကြောင့်ပင်တည်း။

ထို့ကြောင့် စောစောပိုင်းက ရီနေဂန်သည် ဆာပီကိုလိုလူနှင့် မဆက်ဆံလိုခြင်းအကြောင်းကို နားလည်သိရှိလာလေသည်။

နောက်တစ်နေ့ (အောက်တိုဘာလ ၉ ရက်နေ့) မှာ ဆာပီကိုအား



တာဝန်မကျသော ရက်အားဖြစ်ရာ ဆက်ဆင်က တယ်လီဖုန်းလှမ်းဆက်ပြီး ဆာပီကို၏ အိမ်ခန်းနှင့် မဝေးလှသော တစ်နေရာတွင် အမြန်ဆုံး တွေ့ဆုံလိုကြောင်းပြောလေသည်။

ထိုနေရာကား ၁၉ လမ်းထောင့်ပင်ဖြစ်သည်။

ဆာပီကို၏ စိတ်ဓာတ်နှင့် သဘောထားအကြောင်းကို ကီလိုရင်ထံမှ ကြိုတင်သိရှိထားပြီးဖြစ်၍ ဆက်ဆင်သည် လူချင်းတွေ့တွေ့ချင်း ခင်မင်ရင်းနှီးစွာ ဆက်ဆံစကားပြောလေသည်။

ဆက်ဆင်ဆိုသူကား တုတ်တုတ်ခိုင်ခိုင်နှင့် ဗလကောင်းသူတစ်ဦးဖြစ်လေသည်။

တစ်ချိန်က သူသည် ရဲမင်းကြီး၏ အထူးစုံစမ်းစစ်ဆေးရေးဌာနတွင် အလုပ်လုပ်ခဲ့ရပုံအကြောင်းကို စကားပလ္လင်ခံ ပြောပြီးမှ ဆက်ဆင်က သူသည် ဆာပီကို၏ စိတ်ဓာတ်နှင့် ခံစားချက်များကို နားလည်မှုရှိကြောင်း၊ ရှေ့လျှောက် ဆာပီကိုက စုံစမ်းရရှိသည့် သတင်းများကို သူ့ထံသို့သာ ပေးပါက သူက လိုအပ်သလို ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောလေသည်။

သို့သော် ဆာပီကိုသည် အားတက်သရော မရှိလှချေ။

“ဒါမျိုးကြားနေရတာ ကျုပ်အဖို့ ရိုးနေပြီဗျ၊ ခင်ဗျားက ဘယ်လောက်ထိအောင် အရေးယူမှာလဲ၊ လူကြီးပိုင်းတွေ ပတ်သက်သာလရင်ကော မထောက်ညှာလုပ်မှာလား၊ ဒါမှမဟုတ် မထင်ရှားတဲ့ အညတရ ရဲတွေကိုသာ အရေးယူမှာလား”

ဤတွင် ဆက်ဆင်သည် ဆာပီကိုက မိမိအပေါ် မည်သို့မြင်သည်ကို ချက်ချင်းပင် ရိပ်မိလိုက်လေသည်။

“ဒီမယ် ဆာပီကို၊ အခုအခြေအနေက တမျိုးကွ၊ လုပ်ပိုင်ခွင့်အားလုံး ကျုပ်တို့လက်ထဲမှာ ရှိနေပြီ၊ မင်းလိုချင်ရင် လူတွေ ဖမ်းချုပ်ချင် ချုပ်နိုင်တယ်၊ တစ်ခုတော့ရှိတယ်၊ မောင်ရင်က ကျုပ်ကို ယုံကြည်စိတ်ချဖို့လိုတယ်”

သူတို့ စကားပြောနေသည့် နေရာကား လမ်းထောင့်၌ ရပ်ထားသော ဆက်ဆင်၏ ကားပေါ်တွင်ဖြစ်ရာ ဆာပီကိုသည် ဆက်ဆင်၏ မော်တော်ကား ထိုင်ခုံပေါ် ခေါင်းမှီရင်း ခေတ္တစဉ်းစားနေလေသည်။

ဆက်ဆင်ပြောသည့်အတိုင်း မှန်ပေသည်။ မိမိအနေဖြင့် ရွေးချယ်စရာ

www.burmeseclassic.com

www.burmeseclassic.com



အခြားနည်းလမ်း ဆို၍လည်း မရှိတော့။

ဤသို့ စဉ်းစားဆုံးဖြတ်လိုက်ပြီးနောက် ဆာပီကိုသည် ဂူမာတို ရောဘတ်တို့ အပါအဝင် အုပ်စုဖွဲ့၍ ဆက်ကြေးငွေယူနေကြသူ အရပ် ရဲတပ်ဖွဲ့ဝင်များ၏ စာရင်းကို ဆက်ဆင်အား ပြောပြလိုက်လေသည်။

ဆက်ဆင်က သူ၏ မှတ်စုစာအုပ်တွင် နာမည်စာရင်းကို ရေးမှတ်နေ 'ဘရောင့်'ရပ်ကွက် တောင်ပိုင်းရှိ ဆက်ကြေးပေးနေကြသော နေရာ သုံးဆယ်ခန့်ကိုပါ ဆာပီကိုက ပြောပြလိုက်လေသည်။

ထိုနေ့တွင်ပင် ဆက်ဆင်သည် ကီလိုရင်နှင့် ရှယ်ရီဒင်တို့ပါ အတူလို ပါလျက် ရဲတပ်ဖွဲ့ဌာနချုပ် ထောက်လှမ်းရေးဌာနမှူး မက်ဂိုဗန်ဆီသို့ သွားရောက်တွေ့ဆုံ ဆွေးနွေးလေသည်။

မက်ဂိုဗန်သည် ရဲမင်းကြီး ဝေါ့ရှ်နှင့် အနီးစပ်ဆုံး ပုဂ္ဂိုလ်ဖြစ်၍လည်း သူ့ထံသွားရောက် ဆွေးနွေးကြခြင်းဖြစ်သည်။

မက်ဂိုဗန်သည် ဆက်ဆင်တို့လူစု လာရောက်သည့်အကြောင်းကို သိလျှင်သိချင်း ရဲမင်းကြီး ဝေါ့ရှ်၏ ရုံးခန်းသို့ အားလုံးကို ခေါ်သွားလေသည်။

ရုံးခန်းထဲသို့ရောက်လျှင် ကီလိုရင်က ဦးဆောင်၍ စကားပြောရာ ရဲမင်းကြီး ဝေါ့ရှ်က ဂရုစိုက် နားထောင်လေသည်။ ကီလိုရင်က အစီရင်ခံ တင်ပြရာတွင် ဆာပီ၏ နာမည်ကို မကြာခဏဆိုသလို ထည့်သွင်းပြောသွား လေသည်။

တိုင်းအမှတ် (၇) မှ အရပ်ဝတ် ရဲအဖွဲ့ဝင်များ 'အုပ်စု'ဖွဲ့၍ လာဘ် ငွေယူနေကြပုံကို ဆာပီကိုကပင် စတင်ဖော်ထုတ် သတင်းပေးခဲ့ကြောင်း၊ အုပ်စုထဲတွင် ရပ်ကွက်နှင့် မြို့နယ်အဆင့်ရှိသူများ ပါဝင်နေသဖြင့် တရားဝင် စုံစမ်းစစ်ဆေး အရေးယူလျှင် သင့်လျော်မည်ဖြစ်ကြောင်း ကီလိုရင်က တင်ပြ သွားလေသည်။

သူ၏စကား ဆုံးသွားသောအခါ ရဲမင်းကြီး ဝေါ့ရှ်သည် ရုတ်တရက် ဘာမှ ပြန်မပြောသေးဘဲ ခပ်တည်တည် စဉ်းစားနေပြီးမှ-

"ကောင်းပြီလေ မင်းတို့တင်ပြတဲ့အတိုင်း ဆက်ပြီး စုံစမ်းအရေးယူပေ တော့"

ဟု ပြောလေသည်။

ထိုစကားအရ ခွင့်ပြုမိန့် ပေးလိုက်သော်လည်း ဆက်ဆင်တို့လူစုအပေါ် ာဝန်ပြန်ပုံပေးလိုက်သည့် သဘော ဖြစ်နေလေသည်။

ထို့ကြောင့် ကီလိုရင်က မရဲတရဲနှင့် မေးခွန်းထုတ်ကြည့်လေသည်။

"ဒီလိုကိစ္စမျိုးဆို ဌာနချုပ်အနေနဲ့ တိုက်ရိုက်ကိုင်တွယ်တာက ပိုပြီး ်သင့်လျော်ဘူးလားခင်ဗျ"

"မလိုပါဘူးကွ၊ မင်းတို့ကိုယ်တိုင်ပဲ လုပ်ပါ၊ မင်းတို့က ဝါရင့်ပြီးသား ရဲတွေလည်းဖြစ်တယ်၊ ပြီးတော့ မင်းတို့ကို ကူညီမဲ့ ရဲမှူးတွေ၊ ကပ္ပတိန်တွေ၊ ဆက်ဖတင်နင်တွေကလည်း အင်အားရှိသားပဲ"

ဤသို့လျှင် ရဲမင်းကြီး ဝေါ့ရှ်က စကားကို ပိတ်ပြောလိုက်သည်။

ဆာပီကိုနေဖြင့် အောင့်သက်သက်နှင့် အလွန်အခံရခက်မိသည်ကား မင်းကြီး ဝေါ့ရှ်က သူ့အား လုံးဝမသိသလို၊ သူ့နာမည်ကိုပင် မကြားဖူးသလို ဘောက်လျှောက် ခပ်တည်တည် လုပ်နေခြင်းပင်တည်း။

❒

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

နယူးယောက်မြို့ ရဲတပ်ဖွဲ့ဝင်များသည်ဤ ပြည်သူ့ဝန်ထမ်း ရွေးချယ်ရေးဌာန ဆိုင်ရာ စာမေးပွဲများ အဆင့်ဆင့် ဖြေဆိုပြီး အောင်မြင်ပါက ရဲတပ်ဖွဲ့မှူး (ကပ္ပတိန်) အဆင့်အထိ ရာထူးတိုးမြှင့်ခြင်း ခံရနိုင်သည်။ ထိုမှတဆင့် အင်စပက်တော် (ရဲမှူးကြီး) အဆင့်ဆင့်သို့ ရာထူးတိုးတက်ရန်မှာ မြို့တော်၏ ရဲတပ်ဖွဲ့အကြီးအကဲ (ရဲမင်းကြီး)၏ သဘောအတိုင်း ဖြစ်လာလေသည်။ ကပ္ပတိန်မှ အထက်ရာထူး အဆင့်ဆင့်ကို ရဲမင်းကြီးက မိမိသဘောအတိုင်း တိုးမြှင့်ပေးနိုင်သည့် သဘောပင်တည်း။

တနည်းအားဖြင့် ကပ္ပတိန်ရာထူးမှတဆင့် 'အင်စပက်တော်'ရာထူး အဆင့်သို့ ရောက်ရှိရန်မှာ ရဲမင်းကြီး သဘောထားပေါ် တိုက်ရိုက်တည်နေသဖြင့် အရည်အချင်း၊ သို့မဟုတ် အလုပ်ကြိုးစားမှု တစ်ခုတည်းနှင့်ဖြစ်ရန် မလွယ်ကူချေ။

ယင်းအချက်ကို ဆာပီကိုကိုယ်တိုင် စုံစမ်းစစ်ဆေးရေး လုပ်ငန်းတစ်ခု လုပ်နေစဉ်ကို တွေ့ရှိခဲ့ရလေသည်။

ရဲမင်းကြီး ဝေါ့ရ်နှင့် ဆာပီကို တွေ့ဆုံပြီးနောက် နယူးယောက် အနောက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ အုပ်စုလိုက်ဖွဲ့၍ လာဘ်စားခြင်းကို အင်စပက်တော် ဆက်ဆင်နှင့် ရှယ်ရီဒင်တို့ ဦးစီးကွပ်ကဲလျက် စုံစမ်းခြင်းပြုလုပ်စဉ်ကဖြစ်သည်။



လာဘ်စားသော အရပ်ဝတ်ရဲတပ်ဖွဲ့နှင့် နားလည်မှုယူထားသော လူများ၏ နေရပ်လိပ်စာကို ဆာပီကိုက ပေးထားလေရာ တစ်ကြိမ်တွင် လိပ်စာတစ်ခုကို ဆာပီကိုက မမှတ်မိဘဲ ရပ်ကွက်ကိုသာ ပြောနိုင်သဖြင့် ရဲမှူးကြီး (အင်စပက်တော်) ဆင်ဆင်က စိတ်တိုလာလေသည်။

ဤတွင် ဆာပီကိုကလည်း စိတ်တိုတိုနှင့် ပြန်ပြောမိလေသည်။

"ခင်ဗျားတို့က ဘာလဲဗျ၊ ခင်ဗျားတို့ နာမည်ကောင်းရဖို့ ကျုပ်က အသေအဆုံး အသေးစိတ်ကစပြီး လိုက်လုပ်ပေးရမှာလား၊ ကျုပ်ကလည်း လိပ်စာတွေအားလုံး တစ်ခုမကျန် ဘယ်မှတ်မိနိုင်ပါ့မလဲ၊ စဉ်းစားရသေးတာ ပေါ့၊ တကယ်ဆိုတော့ ကျုပ်က သတင်းပေးတဲ့လူသာဖြစ်တယ်၊ လက်တွေ့ စုံစမ်းထောက်လှမ်းမှုကို လုပ်ဖို့က ခင်ဗျားတို့တာဝန်ပဲ မဟုတ်လား"

ဤတွင် အင်စပက်တော် ဆင်ဆင်သည် အသားများ တဆတ်ဆတ် တုန်အောင် ဒေါသတကြီးနှင့် ပြောလေသည်။

"ဟေ့ ဆာပီကို၊ မင်းက ဘာသိသလဲ၊ ရဲရတွေ အုပ်စုဖွဲ့ပြီး လာဘ်စား နေပါတယ်ဆိုတဲ့ ပြဿနာကို မင်းကယူလာပြီး ငါတို့အပေါ် ပုံချတယ်မဟုတ် လား၊ ဒီအတွက် မင်းအဖို့ ဘာမှထိခိုက်စရာ မရှိပေမဲ့ ငါတို့အနေက စုံစမ်း စစ်ဆေးမှု မအောင်မြင်ရင် အများထိခိုက်သွားနိုင်တယ် ဒီနေ့ အခန့်အခနမှာ ငါတို့က အင်စပက်တော်တွေ ဖြစ်နေပေမဲ့ ရဲမင်းကြီးက သဘောမကျရင် တာနဲ့ ကပ္ပတိန်အဆင့် ပြန်လျှောကျသွားနိုင်တယ်ကွ"

ဤသို့ ဒေါသထွက်ထွက်နှင့် ပြောချက်အရ ရဲအရာရှိများ၏ ကပ္ပတိန် အဆင့်ထက် ရာထူးတိုးမြှင့်ရေး၊ ပြန်ကျရေးတို့သည် ရဲမင်းကြီး၏ စိတ်အထာ တည်နေကြောင်း ထင်ရှားလေသည်။

သို့ရာတွင် နောက်ထပ် တစ်ကြိမ် တွေ့ဆုံဆွေးနွေးကြသောအခါ ဆက်ဆင်သည် ယခင်ကလောက် မကြမ်းတော့ဘဲ ပျော့ပျောင်းစွာ ဆက်ဆံ ပြောဆိုပြန်လေသည်။

တစ်နေ့သ၌ ဆက်ဆင်နှင့် ရှယ်ရီဒင်တို့သည် ဆာပီကိုအား သဘော ဟိုတယ်အခန်းတစ်ခန်း၌ ခေါ်ယူပြီး တွေ့ဆုံဆွေးနွေးကြလေသည်။

ဟိုတယ်ခန်းကိုလည်း ရဲတပ်ဖွဲ့အမည်ဖြင့် မဟုတ်ဘဲ မစ္စတာ[illegible] ဟုသော နာမည်တုနှင့် ငှားရမ်းထားသဖြင့် အရပ်ဝတ် အရပ်စားတွေ၌ သွား ရောက်ပြီး လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆွေးနွေးပွဲ၌ ဆာပီကိုက ရဲအရာရှိ လက်ဖတင်နင်တစ်ဦး သူ့အား ပြောပြပုံကို တင်ပြလိုက်လေသည်။

လက်ဖတင်နင်က ဆာပီကိုက လာဘ်စား၍ရသော ငွေများကို လူ အောင် သိမ်းဆည်းထားရန် အခက်အခဲရှိပါက သူ၏ အိမ်ခန်းထပ်ခိုး လာထားနိုင်သည်ဟု ပြောခဲ့ဖူးကြောင်း ပြောရင်း ဆာပီကိုသည် ထိုအရာရှိအ နှင့်တကွ လာဘ်စားသော ရဲတပ်ဖွဲ့ဝင်အုပ်စု အကြောင်းကို သိသော်လည်း မည်သူ့ကိုမှ မပြောဘဲ ရှောင်နေသူ အခြားအရာရှိ (လက်ဖရင်နင်)တစ်ဦး၏ အမည်ကိုပါ ဖော်ထုတ်တင်ပြလိုက်သည်။

ထိုအခါ ရှယ်ရီဒင်က–

“ပထမဆုံး ခြေလှမ်းအနေနဲ့ ဒီလူနှစ်ယောက်ကို ပြောင်းရွှေ့ပစ်လိုက် မယ်”

ဟု ပြောလေသည်။

ဤကား ရဲအရာရှိများ ပြဿနာတစ်ခုခု ပေါ်လာလျှင် အလွယ်တကူ ဖြေရှင်းလေ့ရှိသည့်နည်းပင်ဖြစ်သည်။ အမှုထမ်းတစ်ဦး ပြဿနာပေါ်လာနိုင် စရာရှိလျှင် ထိုလူအား အခြားတစ်နေရာသို့ ပြောင်းရွှေ့ပစ်လိုက်ခြင်းအားဖြင့် နောက်ပိုင်း ဖြစ်လာမည့် အခြေအနေအရပ်ရပ်ကို သူရောက်သည့် ဌာနမှ အကြီးအကဲများသာ ဦးနှောက်ရှုပ်စေမည့် နည်းလည်းဖြစ်သည်။

ရှယ်ရီဒင်က ဤသို့ ခေါင်းရှောင်သည့်စကား ပြောလိုက်လျှင် ဆာပီ ကိုသည် မကျေနပ်မိရုံမက ဒေါသဖြစ်လာတော့ရာ ဆက်ဆင်က ချက်ချင်းရိပ် မိပြီး အခြေအနေကို ပြန်ထိန်းသည့်အနေဖြင့် တစ်မျိုးပြောလေသည်။

“ဟာ… နေရာပြောင်းပစ်လိုက်ရုံနဲ့ ဘယ်ဖြစ်မလဲဗျ၊ ဒီလူတွေကိုပါ ပိုင်ပိုင်နိုင်နိုင် အရေးယူလို့ရအောင် ကျုပ်တို့ လုပ်မှဖြစ်မယ်”

* * *

ထိုအတောအတွင်း ဆာပီကိုသည် အရပ်ဝတ် ရဲတပ်ဖွဲ့အုပ်စုများအား ဆက်ကြေးအဖြစ် လာဘ်ငွေ မှန်မှန်ပေးနေသော နေရာဌာန သုံးဆယ်ကျော်၏ လိပ်စာများကို သတင်းပေး တင်ပြခဲ့လေသည်။

အင်စပက်တော် ဆက်ဆင်နှင့် ရှယ်ရီဒင်တို့အပြင် ရုံဖန်ရုံခါ ကီလိုရင်



...ည်း ပါဝင်သော အစည်းအဝေးများသို့ ဆာပီကိုသည် မကြာခဏ တက်ရောက် ...နေလေသည်။

များသောအားဖြင့် ယင်းအစည်းအဝေးများ၌ ဆာပီကိုအား မေးခွန်းများ ...င်လေ့ရှိသည်။ သူသတင်းပေးခဲ့သည့် ဆက်ကြေးပေးသော နေရာဌာနများ၏ ...ိုင်ဘ အတိအကျ (လမ်းအမည်၊ အိမ်နံပါတ်၊ အခန်းနံပါတ်) စသည်တို့ကို ...းမြန်းလေ့ရှိသည်။

ဆာပီကိုအနေဖြင့် နေရာဌာနများ၏ တည်နေရာကို ပြောနိုင်ခြင်းမှာ သူသည် ရဲမင်းကြီး ဝေါ့ရှ်ထံမှ တိုက်ရိုက်ဆက်သွယ်မှု ရလိမ့်မည်ဟု မျှော် လင့်လျက် အုပ်စုဖွဲ့ လာဘ်စားနေသော အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များအား ဆက် ကြေးငွေပေးသည့် လူများနှင့် နေရာဌာနများကို သတိထား လေ့လာမှတ်သား ထားခဲ့သောကြောင့်ပင် ဖြစ်လေသည်။

သို့ဖြစ်လင့်ကစား ဆာပီကိုသည် ရဲများအား ငွေပေးသည့် နေရာဌာန အားလုံး၏ လိပ်စာအပြည့်အစုံကို မပေးနိုင်ခြင်းမျိုးလည်း ရှိတတ်သည်။ အချို့ လောင်းကစားဒိုင် နေရာများဆိုလျှင် လျှို့ဝှက်သင်္ကေတဖြင့် မှတ်ထား သောနေရာ၊ သို့မဟုတ် နံပါတ်ကိုသာ ပေးနိုင်လေသည်။

ဆာပီကိုအနေဖြင့် မကျေမနပ် ဖြစ်မိသည်ကား မိမိအား အစစအရာရာ ကို အသေးစိတ် မေးမြန်းခံရသလောက် (ဥပမာ လောင်းကစားဒိုင်တစ်ဦး၏ အမည် စာလုံးပေါင်းကအစ) မိမိက စုံစမ်းထောက်လှမ်း အရေးယူခြင်း မည်သို့ ပြုလုပ်မည်နည်းဟု မေးကြည့်သောအခါ၌–

“ဒါကတော့ မင်းနဲ့မဆိုင်ဘူး၊ မင်းသိဖို့လည်း မလိုဘူး”

ဟု ခပ်ပြတ်ပြတ် ပြန်ပြောခံရခြင်းပင်ဖြစ်သည်။

အခြား အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များ လာဘ်စားခြင်းကိစ္စနှင့် ပတ်သက်၍ ပြောဆိုသည့် စကားများကို အသံဖမ်းယူနိုင်ရန် လျှို့ဝှက်အသံဖမ်း ကိရိယာ ...ယ်တစ်ခုကို ကိုယ်တွင်း ဝှက်ဆောင်ရန် ဆက်ဆင်ပြောသောအခါ ဆာပီကို ငြင်းဆန်လေသည်။

လျှို့ဝှက် အသံဖမ်းယူရုံနှင့် လာဘ်စားမှုသည် ပပျောက်သွား... မဟုတ်ကြောင်း၊ ထို့ပြင် ယခုနောက်ပိုင်းတွင် အုပ်စုဖွဲ့ထားသူ ... အရပ်စား ရဲများသည် မိမိအား မယုံသင်္ကာဖြစ်နေ၍ ရင်းရင်းနှီးနှီး... ...လေ့ပြောထ မရှိတော့ကြောင်း ဆာပီကိုက အကြောင်းပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ရဲများကဆိုလျှင် ရယ်စရာ၊ မောစရာ လုပ်သလိုလိုနှင့် ဆာပီကိုအား ကိုယ်အတွင်းရှိ လျှို့ဝှက် အသံဖမ်းစက် တပ်ဆင်ထားခြင်း ရှိမရှိ၊ ကိုယ်တိုင် လက်ဖြင့် စမ်းသပ်ရှာဖွေခြင်းများပင် ပြုလုပ်တတ်ကြကြောင်းကိုလည်း ပြောပြ လိုက်သည်။

ကီလိုရင်နှင့် ဆာပီကို တွေ့ဆုံရသည့်အခါ ညဘက်ဖြစ်ပြီး ကုန်ပဒေသာ တိုက်ကြီးတစ်ခုအနီး မော်တော်ယာဉ် ရပ်နားရန် သတ်မှတ်ထားသော မြေကွက် လပ်တွင် ဖြစ်လေသည်။

၁၉၆၇ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့ ညဘက်တွင် ဆာပီကိုသည် ကြိုတင်ချိန်းထားသည့်အတိုင်း ကီလိုရင်နှင့် ခါတိုင်း တွေ့နေကျနေရာတွင် တွေ့ဆုံခဲ့ရလေသည်။

ယင်းသို့ တွေ့ဆုံစကားပြောနေကြစဉ် ဆံပင်ဖြူဖြူ လူပိန်ပိန်ပါးပါး တစ်ယောက် ဆင်းရောက်လာလေသည်။ ထိုလူကား ဒု-ရဲချုပ် ဂျိမ်းစ်ဒတ်ဆိုသူ ဖြစ်ပြီး ဘရောင့်အရပ်တွင် ဒုတိယရဲတပ်မှူးကြီးလည်း ဖြစ်သည်။

ထိုအခါ ဆာပီကိုအနေဖြင့် ထပ်ကာလဲလဲ ပြောခဲ့ရသော ရဲတပ်ဖွဲ့ဝင် များ အဂတိလိုက်စားနေကြပုံအကြောင်းကို ထပ်မံ၍ ပြောပြရပြန်သည်။ ဂျိမ်းစ်ဒတ်သည် စကားတစ်လုံးမှ ဝင်မပြောဘဲ ခပ်တည်တည်နှင့်သာ နားထောင် နေခဲ့သည်။

ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု ပပျောက်အောင် နှိမ်နင်းရေးအတွက် အကူအညီ ရမည်လောဟု မျှော်မှန်းခဲ့သလောက် ယခုတဖန် ဆာပီကိုအနေဖြင့် စိတ်ပျက်အားလျှော့ဖွယ်ရာ ဖြစ်ရပြန်လေသည်။

*  *  *

တစ်နေ့ ဆာပီကို အိမ်မှာရှိနေစဉ် ရဲမင်းကြီး ဝေါ့ရ်၏ လက်အောက်တွင် တိုက်ရိုက် အလုပ်လုပ်ရသော လက်ထောက်ရဲမှူးချုပ် မက်ဂိုဗန်က တယ်လီဖုန်း ဆက်လေသည်။

ထိုလူက သူသည် ဆာပီကိုနှင့် တွေ့ဆုံပြီး လိုအပ်သည်တို့ကို ဆွေးနွေးလိုကြောင်း ပြောပြီး မင်ဟက်တန် ရပ်ကွက်တစ်နေရာတွင် လူချင်း ဆုံရန် ချိန်းဆိုလေသည်။



ဆာပီကိုသည် ရဲမင်းကြီးထံသို့ တိုက်ရိုက်ပေါက်ရောက်သူ မက်ဂိုဗန်နှင့် တွေ့ရပါက မိမိ ဖြစ်စေချင်သည့် အစီအစဉ်များ အကောင်အထည်ပေါ်လာနိုင် မည်ဟု မျှော်လင့်လျက် စိတ်အားထက်သန်စွာဖြင့် မက်ဂိုဗန် ချိန်းဆိုရာသို့ သွားရောက် တွေ့ဆုံခဲ့လေသည်။

လူချင်းတွေ့သည်နှင့် ဆာပီကိုက ရဲတပ်ဖွဲ့ကြီး၏ ဖွဲ့စည်းထားရှိပုံ စနစ်က မကောင်း၍ လူတွေ ကိုယ်ကျင့်တရား ပျက်ပြားကာ အဂတိ လိုက် စားမှုတွေ ပျံ့နှံ့နေကြောင်း အားပါးတရ ပြောပြသောအခါ၌ မက်ဂိုဗန်က သက်မခံဘဲ ဆာပီကို ရှေ့လောကြီးမှု၊ ဆန္ဒစောမှုကိုသာ ဝေဖန်ပြောဆိုလေ သည်။

သူက ဆာပီကို ပြောသလိုမဟုတ်ကြောင်း၊ စနစ်မကောင်း၍မဟုတ်၊ စနစ်ကကောင်းပြီး အကျင့်ပျက် လူမသမာအချို့ကြောင့် ရဲတပ်ဖွဲ့ နာမည်ပျက် နေရကြောင်း၊ ထို့ကြောင့် စိတ်ရှည်ရှည်ထား၍ စောင့်ကြည့်ရန်လိုကြောင်း ပြောပြန်လေသည်။

ရဲတပ်ဖွဲ့ဝင်များ လာဘ်စားနေခြင်းကို ပြတ်ပြတ်သားသား အရေးယူ နှိမ်နင်းရန် တင်ပြတိုင်း အားပေးထောက်ခံသူ မရသဖြင့် ဆာပီကိုသည် တစ်နေ့တခြား ပို၍ စိတ်ဓာတ်ကျလာလေတော့သည်။

အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များ လာဘ်စားမှုကို အရေးယူစုံစမ်းနေပြီ ဆိုခြင်းနှင့် ပတ်သက်၍ ဆာပီကိုက တာဝန်ရှိသူ အရာရှိများနှင့် တွေ့ဆုံဘိုင်း မေးကြည့်သောအခါ တိကျသော အဖြေမရဘဲ ဝေ့လည်ကြောင်ပတ် အဖြေ များသာ ရခဲ့ခြင်းကို ဆာပီကိုအနေဖြင့် မချင့်မရဲ ဖြစ်မိလေသည်။

ယင်းသို့ တိကျပြတ်သားသော အဖြေမရသည်မှာလည်း အကြောင်းရှိ သည်။ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီဆိုခြင်းသည် အမှန်တော့ မည်သို့မှထိရောက် စွာ ပြုလုပ်ခြင်းမရှိသေးပေ။

စုံစမ်းစစ်ဆေးရေးကို တာဝန်ယူ ဦးစီးကွပ်ကဲရသူ ကီလိုရင်ကိုယ်တိုင် က တိုင်းအမှတ် ၇ အတွင်း သူ၏ သာမန်အလုပ်ဝတ္တရားများ ဆောင်ရွက်၍ အားလပ်ချိန်ရမှသာ စုံစမ်းစစ်ဆေးရေးကိစ္စကို ဝတ်ကျေဝတ်ရန် လုပ်သည်ဆို ရုံ လုပ်နေသည့်အဆင့်တွင် ရှိနေသည်။

ထိုသို့ လုပ်သည့်အခါတွင်လည်း တကယ်တမ်း စုံစမ်းထောက်လှမ်းမှု၊ လေ့လာမှုများကို ဆက်ဆင်နှင့် ရှယ်ရီဒင်တို့က ဦးစီးကွပ်ကဲရသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံးမှာလည်း မူလ တာဝန်ဝတ္တရားများ ရှိနေ၍ အမိန့်များများ မပေး နိုင်ကြသဖြင့် စုံစမ်းစစ်ဆေးရေးကိစ္စသည် မတွင်ကျယ်နိုင်ခဲ့ချေ။

တကယ် ထောက်လှမ်းစုံစမ်းခြင်းနှင့် ပတ်သက်၍ ရဲမင်းကြီး ဝေါ့ရှ် ပြောခဲ့သလို မက်ဂိုဗန် အကူအညီပေးပုံကလည်း ဆာပီကို သတင်းပေးသော မှောင်ခိုလောင်းကစား ဒိုင်အချို့သို့ ရဲတပ်ဖွဲ့ဝင်အချို့ အရပ်ဝတ်အရပ်စားဖြင့် ကစားသမားဟန်ဆောင်ပြီး သွားရောက် လောင်းကစားကြည့်ခြင်းတစ်ခုသာ လျှင် ပြုလုပ်နိုင်ခဲ့သည်။

ဤသို့ ရဲများကို သူလျှိုလုပ်၍ လောင်းကစားစေပြီးနောက် လက်ခံသူ ဒိုင်အချို့က ဆက်ဆင်နှင့် ရှယ်ရီဒင်တို့က ခေါ်ယူစစ်ဆေးသောအခါ၌မူ ရဲများအား လာဘ်ငွေမပေးပါဟု ငြင်းဆိုကြလေသည်။

တစ်ချိန်က ရောဘတ်နှင့် ပါရက်တီတို့ များယွင်းပြီး ဝင်ဖမ်းခဲ့ဖူးသူ အော်တီဂါအမည်ရှိ ဒိုင်ကိုလည်း ခေါ်ယူစစ်ဆေးကြသေးသည်။ သို့သော် အော်တီဂါက အရပ်ဝတ်ရဲများ အုပ်စုဖွဲ့ပြီး 'ဆက်ကြေးငွေ' ယူနေခြင်းကို လုံးဝ မသိပါဟု ခပ်ပြောင်ပြောင်ပင် ငြင်းလေသည်။

သို့နှင့်ပင် သုံးလခွဲခန့်ကြာသွားပြီး ၁၉၆၈ ခု၊ ဇန်နဝါရီလ ၁၉ ရက် နေ့ကျမှသာ စုံစမ်းထောက်လှမ်းသူတို့အဖို့ သဲလွန်စဟု ခေါ်ဆိုနိုင်မည် အထောက်အထားတစ်ခု ရရှိခဲ့လေသည်။

ရှယ်ရီဒင်သည် ဆာပီကိုက သတင်းပေးသော အိမ်တစ်အိမ်သို့ ဝင်ရှာ ရာ တယ်လီဖုန်းနံပါတ်တစ်ခု တွေ့ရလေသည်။

အဆိုပါ တယ်လီဖုန်းနံပါတ်မှာ ပုံနှိပ်ထုတ်ဝေသော တယ်လီဖုန်းစာအုပ် ထဲ မပါသော ဖုန်းအမျိုးအစား ဖြစ်သည့်ပြင် ယင်းတယ်လီဖုန်းရှိသည့် အိမ် ကလည်း တိုင်းအမှတ် (၇) မှ ဖီးလစ်အမည်ရှိ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ အိမ်ဖြစ်နေသည်။

မှောင်ခို လောင်းကစားဒိုင်နှင့် အရပ်ဝတ် ရဲတစ်ဦး အဆက်အသွယ် ရှိကြောင်း အထောက်အထားတစ်ခုဟု ဆိုနိုင်ပေသည်။

ဌာနချုပ်မှ ပုဂ္ဂိုလ်များ စုံစမ်းထောက်လှမ်းမှု လုပ်နေပြီဖြစ်ကြောင်း သတင်းသည် တိုင်းအမှတ် (၇) ရှိ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များထံသို့ မကြာမီ ရောက်ရှိသွားလေသည်။ သတင်းရောက်သွားသည်မှာလည်း အံ့ဩဖွယ်ရာ မဟုတ်ပေ။ ဆာပီကို၏ သတင်းပေးချက်အရ ဆက်ဆင်နှင့် ရှယ်ရီဒင်တို့က



လှောင်တခင် ဝင်ရောက်ရှာဖွေ စစ်ဆေးခြင်း ပြုလုပ်ခံရသည့် လောင်းကစား ဒိုင်များက သူတို့နှင့်ဆက်ထားသော အရပ်ဝတ်ရဲများထံတဆင့် အကြောင်းကြား လိုက်ခြင်းပင် ဖြစ်ရပေမည်။

ယင်းဖြစ်ရပ်ကြောင့် ဆာပီကိုအဖို့ အထူးပင် အန္တရာယ်ရှိလာတော့သည်။

တစ်ဖက်က ဆက်ဆင်နှင့် ရှယ်ရီဒင်တို့၏ စုံစမ်းထောက်လှမ်းမှု အခြေအနေကိုလည်း မည်သို့ အခြေအနေရှိသည်ကို မသိရသလောက် တစ်ဖက် ဘွင်လည်း အခြား ရဲတပ်ဖွဲ့ဝင်များက သူ့အပေါ် မယုံသင်္ကာဖြစ်မှုကို ခံနေရ လေသည်။

တိုင်းအမှတ် (၇) ရုံးမှ အရပ်ဝတ်ရဲများသည် စုရုံး၍ တီးတိုးစကား ပြောနေချိန်တွင် ဆာပီကို လျှောက်ဝင်လာသည်ကို မြင်သည်နှင့် အားလုံး စကားဆက်မပြောဘဲ ရုတ်တရက် ရပ်ပြီး ဆိတ်ဆိတ်နေကြသည်ကိုလည်း သတိပြုမိလေသည်။

ဆာပီကိုက အလိုက်သိစွာ ပြန်လှည့်ထွက်သွားသည့်အခါ ကျန်လူ များက မိမိအား မသင်္ကာသည့် မျက်လုံးများဖြင့် လှည့်ကြည့်နေတတ်သည် မှာလည်း အတော်ခံရခက်လေသည်။

နောက်ဆုံးတွင် အရပ်ဝတ် ရဲတစ်ဦးက ဆာပီကိုထံ လာ၍ ခပ်တည် တည် စွပ်စွဲပြောဆိုလေသည်။ ဆာပီကိုသည် မိမိတို့ 'အုပ်စု'မှ ပေးသော 'ဝေစု' ရှယ်ယာကို လာဘ်စားမှု နှိမ်နင်းရေးအဖွဲ့သို့ ပေးအပ်ပြီး သက်သေ အထောက်အထားဖြစ်အောင် လုပ်နေသည်ဟု ဆိုလေသည်။

"ကျုပ်တို့ အဲဒီအတိုင်းပဲ သတင်းကြားတယ်ဗျ"

ဟု ထိုလူက အဆုံးသတ်လိုက်သည်တွင် ဆာပီကိုက ခပ်အေးအေးပင် ပြန်လည်ချေပနိုင်ပေသည်။

"ဒီမယ်၊ ကျုပ်က ဝေစုငွေကို လုံးလုံးလက်မခံယူဘဲနဲ့ ဘယ်လိုလုပ်ပြီး လာဘ်စားမှုနှိမ်နင်းရေးအဖွဲ့ကို တဆင့် ပေးနိုင်ပါ့မလဲ၊ နေပါဦး၊ အဲဒီ ကောလဟာလသတင်းတွေကို ဘယ်သူကများ လုပ်ကြံဖြန့်လွှင့်တာလဲ"

ဤသို့ ပြန်ပြောလိုက်ပြီးနောက် ရောဘတ်က ဆာပီကိုအား နှစ်ယောက် ချင်း ခေါ်တွေ့၍ ပြန်ပြောလေသည်။

သူပြောပုံက ခြိမ်းခြောက်သည့်သဘောလည်း ဖြစ်နေသည်။

"ဟေ့… ဆာပီကို၊ တကယ်လို့များ ကျုပ်တို့ကိစ္စ အထက်အာဏာပိုင်

www.burmeseclassic.com

www.burmeseclassic.com



တွေကသိပြီး ပေါ်သွားရင် ကိုယ့်လူလည်း လွတ်မယ်မထင်နဲ့၊ ဝေစုငွေကိုရေ ဘဲ နေရုံနဲ့ လွတ်မယ်များ ထင်သလား၊ ကိုယ့်လူကလည်း ကျုပ်တို့နဲ့အရှ ဘာဝန်ကျတဲ့အတွက် အများနည်းတူ ရောပါမှာ သေချာတယ်"

ထိုစကားကို ဆာပီကိုက လက်မခံချေ။

"ကျုပ်က လုံးလုံးငွေမယူခဲ့ဘဲနဲ့ ဘယ်လိုလုပ်ပြီး တာဝန်ရှိနိုင်မှာထဲ ကျုပ်အနေနဲ့ ဘာမှစိုးရိမ်စရာမရှိဘူး"

"အဲဒီလိုမထင်နဲ့ဗျ၊ အထက်လူကြီးတွေက အရေးယူတော့မယ်ဆိုရ ဘယ်သူပါတယ်၊ ဘယ်သူမပါဘူးဆိုတာ ခွဲခြားမေးနေတော့ မဟုတ်ဘူး၊ အရေ ပုံနောက်ရှိရင် တစ်အုပ်စုလုံးကို သိမ်းကျုံးအရေးယူလေ့ရှိတယ်၊ နားလည်လား"

"သွားစမ်းပါဗျာ၊ ကျုပ်ကတော့ မကြောက်ပါဘူး၊ စိုးရိမ်ကြောင့်ကြပြီ ညည အိပ်မပျော်တာလည်း မရှိဘူး၊ ကျုပ်ဟာ အေးအေး နေသွားနိုင်တယ်"

"ပြန်လည်း စဉ်းစားကြည့်ပါဦးလေ၊ ကိုယ့်လူက အကြီးအကျယ်မှား ဘယ်လို့ ကျုပ်တော့ ထင်မိတယ်"

ဤသို့ပြောပြီး ဇောဘတ်သည် လျှောက်ထွက်သွားလေသည်။

* * *

ဌာနချုပ်မှ ညွှန်ကြားချက်ဖြင့် လုပ်နေပါသည်ဆိုသော စုံစမ်းထောက် လှမ်းရေးလုပ်ငန်းသည် မည်သို့မှ ထိရောက်စွာ မလုပ်နိုင်ဘဲလျက် နောက်ထပ် နှစ်လခန့် ကြာလေသည်။

ထိုအချိန်ကျမှ အလွန်ကံကောင်းသည်ဟုဆိုရမည့် ကိစ္စတစ်ရပ် ဖြစ်လာ လေသည်။

အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များ၏ အုပ်စုအား ဆက်ကြေးပေးနေကြောင်း ဆာပီကိုက သတင်းပေးထားသည့် နေရာတစ်ခုမှာ စားကုန်သောက်ကုန်များ ရောင်းသည့် ကုန်စုံဆိုင်တစ်ဆိုင် ဖြစ်လေသည်။

ဆိုင်ပိုင်ရှင်ကား ဂျွန်ကာရေရပ်စ် ဆိုသူနှင့် သူ၏ဇနီး ဒိုလိုရစ္စတို့ပင် ဖြစ်သည်။

ထိုဆိုင်သည် ဆက်ကြေးကောက်ရာဌာနဖြစ်ကြောင်း ဆာပီကိုအနေဖြင့် ရှမာတို ပြောင်းရွှေ့မသွားမီကပင် သိခဲ့ရခြင်းဖြစ်သည်။ ရှမာတိုကိုယ်တိုင်က



ယင်းကုန်စုံဆိုင်တွင် တိတ်တိတ်ပုန်း လောင်းကစားဒိုင်လုပ်နေကြောင်း သတင်း ပေးဖြင့် သူကိုယ်တိုင် သွားလေ့လာ အကဲခတ်မည်ဟု ပြောခဲ့သည်။ ထိုအချိန်က ရှမာတိုက ယင်းကိစ္စကို မည်သူ့မှမပြောရန်လည်း ဆာပီကိုအား နှုတ်ပိတ်ခဲ့ သည်။

သို့ရာတွင် ဆာပီကိုက ဇောဘတ်အား ထိုအကြောင်းကို ပြောပြလိုက်ရာ ဇောဘတ်သည် သဘောမကျဘဲ

"ဟော့... ဆာပီကို၊ အဲဒီနေရာကို ဘာမှသွားလုပ်မနေနဲ့ သူတို့က ကျုပ်တို့နဲ့ နားလည်မှုယူထားပြီးသား အဖွဲ့ဖြစ်တယ်"

ဟု ပိတ်ပင်တားမြစ်ခဲ့လေသည်။

တိုင်းအမှတ် ၇ ရှိ ရဲများအား သတင်းပေးလေ့ရှိသော ဂူတီရက်ဆိုသူ အမည်ကိုလည်း ဆာပီကိုက စုံစမ်းထောက်လှမ်းရေး ကြီးကြပ်သူဆက်ဆင်နှင့် ရှယ်ရီဒင်တို့အား ကြိုတင်ပေးထားခဲ့ရာ ထိုလူကိုပါ ခေါ်ယူ၍ ဂျွန်ကာရေရပ်စ် ပိုင်သော ကုန်စုံဆိုင်အကြောင်းကို စစ်မေးခဲ့လေသည်။

ပထမတွင် ဂူတီရက်သည် အလွန်ပါးနပ်သူဖြစ်၍ စကားကို ရှောင်လည် ကြောင်ပတ် ပြောနေသော်လည်း ဆက်ဆင်နှင့် ရှယ်ရီဒင်တို့က အကျပ်ကိုင်ပြီး မေးတော့မှ ဂူတီရက်က ဖော်ပြပါ ကုန်စုံဆိုင်သည် အရပ်ဝတ်ရဲအုပ်စုအား ဆက်ကြေးပေးနေကြောင်း ဖွင့်ဟဝန်ခံလေသည်။

ထိုသို့သိရပြီး မကြာမီ ဌာနချုပ်မှ ရဲတစ်ဦးအား လောင်းကစားသမား ဟန်ဆောင်၍ ကုန်စုံဆိုင်သို့ သွားရောက်ပြီး လောင်းကစားစေခဲ့လေသည်။

ထို့ပြင် ထောက်လှမ်းရေးအဖွဲ့ဝင်များက ရပ်ဖျက်၍ ယင်းဆိုင်မလှမ်း ကမ်းမှ အကဲခတ်ကြည့်နေရာ တိုင်း ၇ မှ အရပ်ဝတ်ရဲ အတော်များများသည် ကုန်ပစ္စည်းဝယ်ရန် မဟုတ်ဘဲ ဆိုင်သို့ ဝင်ထွက်သွားလာလေ့ရှိသည်ကို မြင်ရ လေသည်။

၁၉၆၈ ခု မတ်လ (၂၉) ရက်နေ့တွင် ရဲမှူး ရှယ်ရီဒင်သည် ဆိုင်ဝင် ရောက်ရှာဖွေခွင့် ဝရမ်းကို ရယူလိုက်လေသည်။

စုံစမ်းထောက်လှမ်းသူများအဖွဲ့မှ လုံးဝမသိရှိသော အချက်တစ်ခုကား ဆိုင်ရှင်ဂျွန်ကာရေရပ်စ်တို့ ဇနီးမောင်နှံ၏ အတွင်းရေး အခြေအနေပင်ဖြစ်သည်။

ရက်သတ္တနှစ်ပတ်အတွင်း လောင်းကစားဒိုင်အနေဖြင့် ငွေအမြောက် အမြား လျော်ရသည့် ကစားပွဲနှစ်ပွဲ ဖြစ်သွားရာ ဒေါ်လာငွေ နှစ်သောင်းခွဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ခန့် ရှုံးခဲ့လေသည်။

ထို့ကြောင့် ထောက်လှမ်းရေးအဖွဲ့က တက်ဖမ်းဆီးရန် စီစဉ်ပြင်ဆင်နေ ချိန်၌ ဂျွန်ကာရေရပ်စ် ဇနီးမောင်နှံတို့၏ စီးပွားရေးအခြေအနေက အလွန်ဆိုး လျက် ရှိနေပေသည်။

သူတို့က ငွေအမြောက်အမြား ပေးလျော်လိုက်ရသည့် လောင်းကစားပွဲ နှစ်ပွဲ ဖြစ်သွားပုံက တိုက်ဆိုင်မှုပေလော၊ လုပ်ကြံသည့်ပွဲလော်ဟူ၍ မသိရလင့် ကစား ဆိုင်ရှင်ဇနီးမောင်နှံသည် ငွေကြေးအင်အား မရှိသဖြင့် ဆက်လက်အလုပ် မလုပ်နိုင်ဘဲ နယူးဂျာဆီမြို့မှ နာမည်ကြီး မာဖီယား ဒုစရိုက်ဂိုဏ်းနှင့် ဆက် သွယ်အကူအညီတောင်းခဲ့ရသည်။ ထိုအခါ လောင်းကစားမှု ဆက်လက်လုပ် နေသော်လည်း သူတို့ဇနီးမောင်နှံက ဒိုင်မဟုတ်တော့ဘဲ အခကြေးငွေနှင့် ငှားရမ်းထားသည့် အလုပ်သမားအဆင့်သာ ဖြစ်နေလေသည်။ သူတို့အနေဖြင့် မှောင်ခိုလောင်းကစားခြင်းမှရသော အမြတ်ငွေပမာဏ၏ အနည်းငယ်မျှသာ ရာခိုင်နှုန်းအချိုးသာလျှင် ရရှိပေသည်။

သူတို့ ကိုယ်ပိုင်ငွေ အမြောက်အမြား ဆုံးရှုံးခဲ့ရပြီးနောက် ဆိုင်ရှင်၏ ဇနီးဖြစ်သူ ဒီလိုရစ္စသည် အလွန်စိုးရိမ်တုန်လှုပ်သွားခဲ့လေသည်။

သူမသည် အသက် ၃၇ နှစ်ရွယ်ရှိ ကလေးသုံးယောက်မိခင်လည်း ဖြစ်သည်။

သို့သော် သူမ၏ ခင်ပွန်း ဂျွန်ကာရေရပ်စ်ကမူ တုန်လှုပ်ခြောက်ခြား ခြင်းမရှိဘဲ မကြာမီ ငါတို့ပြန်ထောင်လာမှာပါဟုဆိုကာ မာဖီယားဂိုဏ်း၏ အကူအညီဖြင့် လောင်းကစားခြင်းအလုပ်ကို ဇွတ်ပင် လုပ်ခဲ့လေသည်။

ဤကား ထောက်လှမ်းရေးက ကြိုတင်မသိထားသော သူတို့၏ အတွင်းရေး အခြေအနေပင်ဖြစ်သည်။

မတ်လ ၃၀ ရက်နေ့တွင် ဆက်ဆင်နှင့် ရှယ်ရီဒင်တို့ကိုယ်တိုင် ဦးစီး ကွပ်ကဲလျက် ဆိုင်သို့ဝင်ရောက်ဖမ်းဆီးသောအခါ ဆိုင်ရှင်၏ဇနီး ဒိုလိုရစ္စ တစ်ယောက်တည်း ရှိနေလေသည်။

ထိုအချိန်မှာပင် အခြေအနေအမှန်နှင့် ပတ်သက်၍ ဘာမျှမသိသေး ဆာပီကိုအား စုံစမ်းထောက်လှမ်းရေး လုပ်ငန်းတွင် ပါဝင်ရန် ခေါ်ယူခဲ့လေ သည်။

ထိုနေ့က တိုင်းရုံးရှိ အရပ်ဝတ်ရဲများအား ကွပ်ကဲသူ တပ်မှူး ဒု-ရဲမှူး



ဟဲလ်မင်းဆိုသူက ဆာပီကိုအား ရုံးမှာပင်နေရန် အမိန့်ပေးထားလေသည်။

မကြာမီ တယ်လီဖုန်းလာသဖြင့် ဟဲလ်မင်းက နားထောင်ပြီး တယ်လီ ဖုန်း ပြန်ချရင်း ဆာပီကိုအား လှမ်း၍–

"ကိုင်း... ဆာပီကို လိုက်ခဲ့ပေတော့ သွားကြမယ်"

ဟု ခေါ်လေတော့သည်။

သွားရမည့် နေရာကိုပါ ဟဲလ်မင်းက ပြောရာ ထိုနေရာမှာ ဂျွန်ကာ ရေရပ်စ်၏ ကုန်စုံဆိုင်ဖြစ်နေကြောင်း ဆာပီကိုက ချက်ချင်း မှတ်မိလေသည်။

သို့သော် တာဝန်အရ ခေါ်ခြင်းကို မငြင်းသာသဖြင့် ဆာပီကိုသည် သူ၏ကားနှင့်ပင် ဟဲလ်မင်းကိုပါ တင်ခေါ်၍ မောင်းသွားရလေတော့သည်။

ကုန်စုံဆိုင်ရောက်သွားသောအခါ ဆက်ဆင်နှင့် ရှယ်ရီဒင်တို့က မျက်နှာ ထင်းတင်းဖြင့် ဆိုင်ရှင်ဇနီး ဒိုလိုရစ္စအား ဝဲယာညှပ်၍ စောင့်နေသည်ကို တွေ့ရလေသည်။

အမျိုးသမီးမှာ လက်များပင် တုန်နေရှာလေသည်။

ဆက်ဆင်သည် ဆာပီကိုအား လှမ်းခေါ်၍ ဆိုင်အတွင်းရှာဖွေရန် အမိန့်ပေးလေသည်။

ဆာပီကိုသည် အထက်လူကြီးကပေးသော အမိန့်ကို နာခံသည့်အနေဖြင့် အိမ်အတွင်း ရှာဖွေတော့ရာ ရှေးဦးစွာ ရေခဲသေတ္တာ၏ နောက်တွင်ဝှက်ထား သော စက္ကူဘိတ်တစ်အိတ်နှင့်အပြည့် လောင်းကစားပြေစာများ တွေ့ရလေသည်။ ထို့ပြင် စားသောက်ကုန်များ သိုလှောင်ထားသည့် စတိုခန်းထဲတွင်လည်း နောက်ထပ် လောင်းကစားပြေစာ ဖြတ်ပိုင်း ခပ်များများကို တွေ့ရပြန်သည်။

ထိုအခါ ဆက်ဆင်က ဆာပီကိုအား ဆိုင်ရှင် ဂျွန်ကာရေရပ်စ်၏ ဇနီး ဒိုလိုရစ်အား တရားဝင်ဖမ်းပြီး တိုင်ချက်ဖွင့်ရန် အမိန့်ဆက်ပေးလေသည်။

ထို့နောက် ရဲစခန်းသို့ သွားကြ။ ထုံးစံအတိုင်း ဆာပီကိုက တရားခံ ဒိုလိုရစ္စ၏ လက်ဗွေပုံစံများကို နှိပ်ယူနေစဉ် သူမသည် ခပ်တိုးတိုး မေးခွန်း ထုတ်လေသည်။

"ရှင်က ဘာဖြစ်လို့ ငွေမယူတာလဲဟင်"

"ကျုပ်ငွေမယူတာ ခင်ဗျားက ဘယ်လိုလုပ်သိသလဲ"

ဆာပီကိုက အံ့အားသင့်စွာဖြင့် ခပ်တိုးတိုးပင် ပြန်မေးလိုက်ရာ အမျိုး သမီးက–

www.burmeseclassic.com

www.burmeseclassic.com



"ရှင်သာ တကယ်လို့ ငွေလက်ခံယူခဲ့ရင် ရှင်ဟာ အခုလိုလုပ်မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်မက ပြောတာပါ"

ဟု ခပ်အေးအေး ပြန်ပြောလေသည်။

သာမန်အားဖြင့် ဖမ်းဆီးလာသော တရားခံအား မေးမြန်းစစ်ဆေးချက် ယူရန် အရပ်ဝတ်ရဲများ၏ရုံးသို့ ခေါ်သွားရမည်ဖြစ်သော်လည်း ထိုနေ့က အမျိုးသမီး ဒိုလိုရစ္စအား အခြားအခန်းတစ်ခန်းသို့ ခေါ်သွားလေသည်။

ဆက်ဆင်နှင့် ရှယ်ရီဒင်တို့ကိုယ်တိုင် စစ်ဆေးမေးမြန်းရန် ဖြစ်လေသည်။

ကုန်စုံဆိုင်ရှင် ဂျွန်ကာရေရုပ်စ်၏ ဇနီးအား ဖမ်းဆီးလာကြောင်း ဆက်ဆင်၊ ရှယ်ရီဒင်တို့ကိုယ်တိုင် စစ်ချက်ယူနေကြောင်း သတင်းသည် အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များထံသို့ ချက်ချင်း ပျံ့နှံ့ရောက်ရှိသွားလေသည်။

ဆာပီကိုသည် အရပ်ဝတ်ရဲများ၏ ရုံးခန်းအနီးမှ ဖြတ်လျှောက်သွားစဉ် အတွင်းမှ ဆူဆူညံညံနှင့် စကားပြောနေသံကို ကြားမိလေသည်။

သို့သော် နားမထောင်ဘဲ ဆက်လျှောက်သွားစဉ် အရပ်ဝတ် ရဲတစ်ဦးက သူ့နောက်လိုက်လာပြီး–

"ဟေ့လူ၊ ဘယ်လိုဖြစ်ကုန်တာလဲဗျ"

ဟု မေးလေသည်။

"ဒါတော့ ကျုပ်လည်း ဘယ်သိပါ့မလဲ၊ ကျုပ်ကို အထက်လူကြီးတွေက ဝရမ်းထုတ်ပြီး လုပ်ခိုင်းတာကို လုပ်ခဲ့ရတာပဲ"

ဆာပီကိုက အမှန်အတိုင်း ပြန်ပြောလိုက်ရာ အရပ်ဝတ်ရဲက–

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ခင်ဗျားအနေနဲ့ ဘာမှမပြောချင်လို့ မပြောတာပါ"

ဟုပြောပြီး ပြန်ထွက်သွားလေသည်။

ဤတွင် ဆာပီကိုသည် ရဲမှူးဆက်ဆင်အား ဒေါသထွက်မိလေသည်။

စုံစမ်းထောက်လှမ်းရေးတွင် စောစောပိုင်းက မိမိအား လုံးဝအသိမပေးဘဲ ဘေးဖယ်ထားခဲ့ပြီး တကယ်တမ်း တာဝန်ယူ ဖမ်းဆီးရမည့်အချိန်ကျမှ မိမိအား ရှောင်တခင် ခေါ်ယူတာဝန်ပေးလိုက်ခြင်းသည် ရဲအများစု (အထူးသဖြင့်အုပ်စုဖွဲ့ ဆက်ကြေးယူနေကြသူများ)က မိမိအား သစ္စာဖောက်သူဟူ၍ မုန်းတီးစက်ဆုပ်အောင် တမင်သက်သက် အကွက်ဆင်သလို ဖြစ်နေလေသည်။

နောက်တစ်ချက်လည်း ထင်ရှားနေပေသည်။



ကုန်စုံဆိုင်သို့ တက်ဖမ်းရာ၌ ဆာပီကိုအား ရွေးခေါ်ယူပြီး တာဝန်ခံဖမ်းဆီးပေးခြင်းအားဖြင့် ဆာပီကိုက တောက်လျှောက်အရေးဆိုခဲ့သော ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားနေပါသည်ဆိုခြင်းကို အထက်အာဏာပိုင်များက ယုံသို့မှ အရေးမယူပါဟု မပြောနိုင်အောင် ဖမ်းဆီးလိုက်ခြင်းပင် ဖြစ်လေသည်။

* * *

ကုန်စုံဆိုင်ရှင် ဇနီး ဒိုလိုရစ္စသည် ကြာရှည်စစ်မေးမနေရဘဲ ချက်ချင်းပင် ဝန်ခံဖြောင့်ချက် ပေးလေတော့သည်။

သူမ၏ခင်ပွန်း ဂျွန်ကာရေရုပ်စ်သည် အရပ်ဝတ်ရဲများအား ဆက်ကြေးငွေ မှန်မှန်ပေးခဲ့ရကြောင်းလည်း ထွက်ဆိုလေသည်။

သူမ၏ ထွက်ချက်အရ တိုင်းအမှတ် ၇ မှအုပ်စုဖွဲ့၍ ဆက်ကြေးငွေ ယူနေသူ အရပ်ဝတ်ရဲများ၏ အမည်ကိုပါ ပေါ်လာလေရာ ရောဘတ်၊ ရှုမာတို နှင့် ပါရက်တီ စသည့် အုပ်စုခေါင်းဆောင်များ၏ အမည်များလည်း ပါဝင်လာသသည်။

သူမ၏ ထွက်ချက်ပါ အချက်အလက်များ မှန်ကန်ကြောင်းကို ဂုတီရက်အမည်ရှိ ရဲသို့ သတင်းပေးသူကလည်း ထောက်ခံထွက်ဆိုလေသည်။

ထိုအတောအတွင်း ဆိုင်ပိုင်ရှင် ဂျွန်ကာရေရုပ်စ်ကိုလည်း ဖမ်းဆီးထားပြီးဖြစ်ရာ ထိုလူကတော့ ဝါရင့် လောင်းကစားဒိုင်တစ်ဦးပီပီ ခပ်တည်တည်နှင့် ဘူးကွယ်ငြင်းလေသည်။

သို့ရာတွင် ရဲအရာရှိများက သူ၏ဇနီး ထွက်ဆိုချက်နှင့်တကွ ဂုတီရက်၏ ထပ်ဆင့်ထောက်ခံချက် မှတ်တမ်းများကို ယူပြလိုက်သောအခါ၌မှ ဂျွန်ကာရေရုပ်စ်လည်း အမှန်အတိုင်း ဖွင့်ဟအစစ်ခံရန် သဘောတူရလေတော့သည်။

သို့နှင့်ပင် မေလလယ်လောက်တွင် ဆက်ဆင်နှင့် ရှယ်ရီဒင်တို့ ကွပ်ကဲသော စုံစမ်းထောက်လှမ်းရေးအဖွဲ့က ယင်းအမှုအတွက် လိုအပ်သမျှ ဆောင်ရွက်ပြီးပြီဟုဆိုကာ အမှုကို ရုံးတင်တရားစွဲဆိုရန် အစိုးရရှေ့နေရုံးချုပ်သို့ လွှဲပြောင်းပေးလေသည်။

တိုင်းအမှတ် ၇ မှ အရပ်ဝတ် ရဲအဖွဲ့ဝင်များ အဂတိလိုက်စားမှု ပြုနေကြကြောင်း သိရှိရ၍ တာဝန်ရှိသူတို့က အရေးယူ စုံစမ်းထောက်လှမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



အပြည့်အစုံ ဆောင်ရွက်ပြီးစီး၍ တရားဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်ရန် အစိုးရရှေ့နေရုံးချုပ်သို့ လွှဲပြောင်းတင်ပို့ပါသည်ဟု ဆိုလေသည်။

သို့ရာတွင် အစိုးရ ရှေ့နေရုံးချုပ်မှ ပုဂ္ဂိုလ်က အမှုတွဲကို လေ့လာကြည့်သောအခါ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ ပြုလုပ်ခဲ့ပါသည်ဆိုသော စုံစမ်းထောက်မှုမှာ အလွန်ပင် ပေါ့ပေါ့ဆဆ၊ ကပျက်ကချော် ပြုလုပ်ထားကြောင်း တွေ့ရှိရသဖြင့် အထူးပင် အံ့အားသင့်နေမိလေသည်။

စုံစမ်းထောက်လှမ်းရေး စတင်ပြုလုပ်ချိန်ကသာ ရှေ့နေချုပ်နှင့်တိုင်ပင်အကြံဉာဏ် တောင်းယူပါက ယခုလို ဖြစ်စရာအကြောင်း မရှိဟုလည်း သဘောပေါက်မိကြသည်။

ယခုတော့ ရှေ့နေချုပ်ရုံးမှ တရားဥပဒေရှုထောင့်မှ သုံးသပ်ကြည့်လိုက်သောအခါ အမှုတွဲ ပြင်ဆင်တင်ပြထားပုံက လာဘ်စားပါသည်ဆိုသော အရပ်ဝတ်ရဲများအား အရေးယူ အပြစ်ပေးရန် အလွန်ခဲယဉ်းသည့် အခြေအနေမျိုး ဖြစ်နေသေသည်။

အရေးယူ တရားစွဲဆိုရမည့် ရဲတပ်ဖွဲ့ဝင်များသည် ယခင်ကပြစ်ချက်သို့မဟုတ် အမည်းစက် လုံးဝမရှိခဲ့သူများ ဖြစ်နေပြီး သူတို့ အပြစ်ရအောင် တရားလို သက်သေများက တရားရုံးမှ ယုံကြည်စိတ်ချစွာ လက်ခံရန်မလွယ်သော ကုန်စုံဆိုင်ရှင် လောင်းကစားဒိုင် ပွဲနကာရေရပ်စ် ဇနီးမောင်နှံနှင့် ရဲသတင်းပေးသမား ဂုတီရက်တို့ ဖြစ်နေလေရာ မည်သို့လျှင် တရားဥပဒေကျင့်ထုံးအရ အပြစ်ရအောင် လုပ်နိုင်ပါမည်နည်း။

ထို့ကြောင့် တရားရုံးက ယုံကြည်စိတ်ချစွာဖြင့် ကြားနာလက်ခံမည့် တရားလိုပြသက်သေ လိုနေပေသည်။

ဤတွင် ဆာပီကိုသည် အရေးပါသော လူတစ်ယောက် ဖြစ်လာလေသည်။ အကယ်၍ အမှုကို ရှေ့နေရုံးချုပ်က လက်ခံပြီး တရားရုံးသို့ တင်မည်ဆိုပါက ဆာပီကိုအနေဖြင့် ဂျူရီလူကြီးများ ပါဝင်သည့် တရားခွင်ရှေ့မှောက်၌ အစိုးရ သက်သေအဖြစ် ထွက်ဆိုရမည်ဖြစ်သည်။

အစိုးရ ရှေ့နေချုပ်မှာ ဘာတင်ဆိုသူဖြစ်ပြီး အသက်အားဖြင့် ၄၆ နှစ်သာရှိလင့်ကစား ဥပဒေပညာ ထူးချွန်ကျွမ်းကျင်သူဟု နာမည်ရရှိထားသူဖြစ်သည်။ အလွန် စကားပြောကောင်းသူလည်း ဖြစ်လေသည်။



အမှုကို ပြင်ဆင်နေစဉ် ကာလအတွင်း လျှို့ဝှက်စွာ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သဖြင့် ရှေ့နေချုပ်ဘာတင်သည် ဆာပီကိုအား သူ၏ရုံးသို့ ခေါ်ဘဲ ဘရောင့်ရပ်ကွက်ရှိ မထင်ရှားသော ဟိုတယ်တစ်ခု၌ ခေါ်ယူတွေ့ဆုံလေသည်။

ယင်းသို့ တွေ့ဆုံရာ၌ ရှေ့နေရုံးချုပ်မှ ဥပဒေပညာရှင် ဝန်ထမ်းများ အပြင် မက်ကိုဗန်၊ ကီလိုရင်နှင့် ဆက်ဆင်တို့လည်း ရှိနေကြသည်။

ဆာပီကိုသည် စုံစမ်းထောက်လှမ်းရေး ပေါ့ပျက်ပျက် လုပ်ခဲ့ပုံကို ကောင်းစွာသိထားပြီးဖြစ်၍ ရှေ့နေချုပ်က ခေါ်ယူတွေ့ဆုံသောအခါ ဒေါသထွက်နေလေသည်။

ရဲတပ်ဖွဲ့ဝင်အတွင်း အဂတိ လိုက်စားမှု ပပျောက်အောင် အရေးယူနှိမ်နင်းရေးအတွက် ဆာပီကိုက နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ပုံ၊ ရဲမင်းကြီးဆါ့ရ်ုက တိုက်ရိုက်ဆက်သွယ်ပါမည်ဆို၍ တစ်နှစ်နီးပါး စောင့်မျှော်နေခဲ့သော်လည်း မည်သို့မှ အရေးမယူခဲ့၍ အကြီးအကျယ် စိတ်ပျက်နေကြောင်းကို ရှေ့နေချုပ် ဘာတင်သည် လုံးဝမသိသေးချေ။

ဟိုတယ်ခန်း၌ ခေါ်ယူတွေ့ဆုံသော အချိန်တွင် ဆာပီကိုကလည်း ပြီးခဲ့သော ဖြစ်ရပ်များအကြောင်း လုံးဝ ဖော်ထုတ်မပြောဘဲ နေခဲ့သည်။ သို့သော် ဘာတင်သည် ဆာပီကို မျက်နှာအမူအရာကိုကြည့်ပြီး အလွန်စိတ်လှုပ်ရှားနေကြောင်း အကဲခတ်မိလေသည်။

ထို့ကြောင့် ရှေ့နေချုပ်သည် စစချင်း ဆာပီကိုအား ရည်မွန်သိမ်မွေ့စွာ စကားပြောလေသည်။

ဆာပီကိုက ယခုကဲ့သို့ ကူညီထွက်ဆိုပေးရန် လာရောက်ညှိနှိုင်းဆွေးနွေးခြင်းကို ရှေ့နေချုပ်ရုံးအနေဖြင့် အထူးလေးစား ချီးကျူးပါကြောင်း ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုပြီးမှ တိုင်းအမှတ် ၇ အတွင်း ဖြစ်နေသမျှ ဖြစ်နေသမျှ အခြေအနေ အရပ်ရပ်ကို အပြည့်အစုံ ထပ်မံပြောပြနိုင်းလေသည်။

"ကျုပ်အနေနဲ့ ဘာတစ်ခုမှ မသိသေးဘူးလို့ သဘောထားပြီး အပြည့်အစုံကိုသာ ပြောစမ်းပါ"

ဤသို့ တိုက်တွန်းပြောဆိုသဖြင့် ဆာပီကိုလည်း သူကိုယ်တိုင်လေ့လာသိရှိခဲ့သမျှကို ထပ်မံပြောရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကား ဆုံးသွားသောအခါ ရှေ့နေချုပ် ဘာတင်က–

“ကောင်းပြီ၊ ဒီအတိုင်းဆိုရင် ဖောက်ပြန်နေတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ဂျူရီလူကြီးအဖွဲ့ပါတဲ့ အထူးခုံရုံးတင်ပြီး တရားစွဲရမှာပဲ၊ ဒီတော့ ဆာပီကိုဟာ တရားလိုပြ သက်သေအဖြစ် ပါဝင်ထွက်ဆိုရလိမ့်မယ်”

ဟု ပြောလေသည်။

ဆာပီကို ကိုယ်တိုင်ကမူ ထိုစကားကို စိတ်မဝင်စားဘဲ ဘကယ့် တရားခံကြီးများအကြောင်း စဉ်းစားနေမိလေသည်။ တကယ့် ‘တရားခံကြီးများ’ဆိုသည်ကား ရဲတပ်ဖွဲ့အတွင်း လာဘ်စားမှု၊ အဂတိလိုက်စားမှုတွေ ရှိနေမှန်းသိလျက်နှင့် ဘာမှုမလုပ်ဘဲ လက်ပိုက်ကြည့်နေခဲ့သူ (တနည်းအားဖြင့်) ရဲတပ်ဖွဲ့ဝင်တွေ အတင့်ရဲ၍ ငွေစားနေကြခြင်းကို မသိချင်ဟန်ဆောင်ကာ မျက်နှာလွှဲနေခဲ့သူ ဘာဝန်ရှိ ရဲအရာရှိကြီးများပင် ဖြစ်လေသည်။

ယင်းသို့ ဧဉ်းစားရင်းက ‘ဆာပီကို’သည် စိတ်ကို မချုပ်ထိန်းနိုင်လောက်အောင် ဒေါသထွက်လာကာ ရှေ့နေချုပ် ဘာတင်အား ပြန်ပြောလေတော့သည်။

“အခုလောက် အရေးယူတာမျိုးက ဘာအကျိုးထူးမှာလဲ၊ ရဲတွေ လာဘ်စားနေတာလည်း ပပျောက်သွားမှာ မဟုတ်ဘူး၊ ကျုပ်ကသာ လူများ မုန်းတီးခံရမဲ့ သစ္စာဖောက်ယောင်ယောင်၊ တရားခံယောင်ယောင် ဖြစ်ကျန်ရစ်တာပဲ အဖတ်တင်မယ်၊ ကျုပ်အနေနဲ့ အစိုးရသက်သက်အဖြစ် ထွက်ဆိုရမှာကြောက်လို့ ပြောနေတာလည်း မဟုတ်ဘူး၊ ဂရုလည်းမစိုက်ပါဘူး၊ အရပ်ဝတ်ရဲတွေ လာဘ်စားနေတာကို သိလျက်နဲ့ ဘာမှမလုပ်ဘဲနေတဲ့ လူတွေတော့ ကျုပ်ကွယ်ရာမှာ ရယ်မောပြောင်လှောင်နေမှာကိုသာ မြင်ယောင်နေမိတယ်”

ပြောရင်းနှင့် ဆာပီကိုသည် ကီလိုရင်၊ မက်ဂိုဗန်နှင့် ‘ဆက်ဆင်’တို့ သုံးဦးဘက်သို့ ခပ်တည်တည် လှမ်းကြည့်လိုက်ရာ ရှေ့နေချုပ် ‘ဘာတင်’က အခြေအနေ တင်းမာလာပြီဟု ရိပ်မိသဖြင့် အစည်းအဝေးကို အမြန်ရုပ်သိမ်းလိုက်လေသည်။

နောက်ပိုင်းတွင် ရှေ့နေချုပ်ရုံးမှ လက်ထောက်တစ်ဦးက ‘ဘာတင်’ အား ‘ဆာပီကို’သည် အမှုတင်ရာ၌ ပူးပေါင်းကူညီမှု မပြုပါက မည်သို့လုပ်မည်နည်းဟု မေးလေသည်။

သို့သော် ‘ဘာတင်’ က စိုးရိမ်ပူပန်ပုံမရဘဲ



“ဆာပီကိုက တို့ကို ကူညီမယ်လို့ မပြောပေမဲ့ လုံးဝမကူညီဘူးလို့လည်း မပြောဘူးကွ၊ ဒါကြောင့် အမှုကို ရုံးတင်တဲ့ အချိန်ကျတော့ သူက တရားလို သက်သေအဖြစ် လာထွက်ဆိုချင် ထွက်ဆိုမှာပဲ”

ဟု ပြန်ပြောလိုက်သည်။

* * *

ရဲများ လာဘ်စားမှုကို ဂျူရီလူကြီးများ ပါဝင်သော အထူးခုံရုံးဖွဲ့၍ စစ်ဆေးတော့မည်ဆိုသည့် သတင်းသည် တိုင်းအမှတ် ၇ နယ်မြေအတွင်း သျှင်မြန်စွာ ပျံ့နှံ့သွားလေသည်။

ယင်းသတင်းကြောင့် စိုးရိမ်တုန်လှုပ်ဟန်ဟူသော အရပ်ဝတ်ရဲတစ်ဦးသည် ‘ဆာပီကို’ထံသို့လာ၍ အကြံဉာဏ် တောင်းလေသည်။

“မစ္စတာ ဆာပီကိုခင်ဗျား၊ အခုကြားရတဲ့အတိုင်း အထူးခုံရုံးဖွဲ့ပြီး စစ်မယ်ဆိုရင် ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲ”

“ဒါတော့ မောင်ရင့်ဟာမောင်ရင် ဆုံးဖြတ်ပေါ့၊ ကျုပ်က ဘာလုပ်ရင် ကောင်းမယ်လို့ ပြောနိုင်တာမှ မဟုတ်ဘဲ”

ဆာပီကိုက ခတ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

“ဒီလိုရှိတယ်ခင်ဗျ၊ ကျန်တဲ့လူတွေကတော့ ကျွန်တော်တို့အချင်းချင်း စည်းလုံးညီညွတ်နေရင် ဘာမှ မဖြစ်နိုင်ဘူးလို့ ပြောနေကြတယ်၊ ဒီတိုင်းဆိုရင် ကျွန်တော်က ဘာမှမပြောဘဲ ရှေင့်နေလိုက်တာပဲ ကောင်းမယ်ထင်ပါတယ်၊ ခင်ဗျားအနေနဲ့ကကော”

“အခုနေတော့ မပြောနိုင်သေးဘူး၊ ဒါပေမဲ့ ကျုပ်က တခြားလူတွေ အတွက် ခားစာခံတော့ အဖြစ်မခံနိုင်ဘူး”

* * *

ရှေ့ဘတ်ကလည်း ဆာပီကိုအား တရားရုံးက ခေါ်စစ်လျှင် မည်သို့ ထွက်ဆိုမည်နည်းဟု လာမေးသေးသည်။

ထိုအခါ ဆာပီကိုက ခပ်တည်တည်နှင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ မှန်တာကို ပြောရမှာပဲ၊ ကျုပ်က ငွေယူခဲ့တဲ့လူလည်း မဟုတ်ဘူးလ"

"နောက်ကော မောင်ရင်က ဘာတွေပြောဦးမလဲ"

"ဒါတော့ ဘယ်သိမလဲဗျ၊ သူတို့က ဘယ်လိုမေးခွန်း[...] မေးမယ် ဆိုတာမှ မသိဘဲ"

"မောင်ရင် တစ်ခုတော့ သတိပြုစေချင်တယ်၊ မောင်ရင်ရဲ့ ထွက်ဆို ချက်က လူတော်တော်များများအတွက် ထိခိုက်သွားနိုင်တယ်၊ အဲဒီထဲ မောင်ရင်လည်း ပါနိုင်တယ်ဆိုတာ သိထားစေချင်တယ်"

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

"ဒါတော့ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားကြည့်ပေါ့"

* * *

ဆာပီကိုသည်အမှတ် ၄၈ ရဲခန်းရှေ့၌ သူ၏ကားပေါ် ထိုင်နေစဉ် အရပ်ဝတ် ရဲတစ်ဦးက ကားပေါ်တက်လာပြီး စကားပြောပြန်သည်။

"ဘယ်လိုလဲဗျ၊ ဂျူရီလူကြီးတွေပါတဲ့ အထူးခုံရုံးဖွဲ့ စစ်မယ်လို့ ပြော နေကြတာ ဘာသဘောလဲ"

"ဒါတော့ ကျုပ်လည်း ဘယ်သိမလဲ"

ဆာပီကိုက ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

"ကျုပ်ကတော့ အဲဒီခုံရုံးဖွဲ့စစ်မှာကို စိုးရိမ်နေတယ်၊ ကျုပ်အတွက် အများကြီး ထိခိုက်သွားနိုင်တယ်၊ ကျုပ်ကို ရုံးက အပြစ်ဒဏ်ပေးလောက် အောင် တစ်ယောက်ယောက် သက်သေထွက်မယ်ဆိုရင် ကျုပ်ရဲ့မိသားစု နာမည်ပျက်ပြီး အရှက်ရတာမျိုး အဖြစ်မခံနိုင်ဘူး၊ ရှင်းရှင်းပြောရရင် ကျုပ်ကို အပြစ်ရအောင် သက်သေခံမဲ့လူကို 'ကြည့်ရှင်း'လိုက်ဖို့အတွက် ကျုပ်က ဒေါ်လာငွေ နှစ်ထောင်လောက် အကုန်ခံဖို့ အသင့်ရှိတယ်"

"တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ဗျ"

"ဒါတော့ ကိုယ့်လူရဲ့ ပြဿနာပဲ၊ ကိုယ့်ဟာကိုယ် ကြည့်ရှင်းရုံပေါ့"



အထက်ပါစကားအရ ဆာပီကိုသည် အရပ်ဝတ်ရဲများအနေဖြင့် ၎င်းတို့၏ လာဘ်စားမှု ပေါ်ပေါက်အပြစ်ပေးခံရမည်ကို ကြောက်နေကြကြောင်း သိရလေသည်။

တစ်ချိန်တည်းမှာပင် မိမိ၏ အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေ အနေမျိုး ဖြစ်လာပြီဟုလည်း တွေးမိလေသည်။

နောက်တစ်နေ့တွင် ဆာပီကိုသည် 'မင်ဟက်တန်' ရပ်ကွက်ရှိ လက်နက် ခဲယမ်းရောင်းသော ဆိုင်တစ်ဆိုင်သို့သွား၍ သေနတ်တစ်လက် ဝယ်ယူလိုက် သည်။

ရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ပွိုင့် ၃၈ အမျိုးအစား ခြောက်လုံးပြူး သေနတ်တစ်လက် ကိုင်ခွင့်ရသော်လည်း ယင်းသေနတ်မှာ ရဲရုံး အရပ်ဝတ် အရပ်စားဝတ်ပြီး သွားလာသည့်အခါ ကိုင်တွယ်ရန် ကြီးမား လှနေသည်။ ထို့ပြင် တာဝန်မကျချိန်ဆိုလျှင် ဆာပီကိုသည်ကျည်ဆန်ငါး တောင့်သာပါသော ပြောင်းကို ခြောက်လုံးပြူး သေနတ်တစ်လက် ကိုင်လေ့ရှိ သည်။ သို့သော် ယင်းသေနတ်က တကယ့်အရေးကျလျှင် အသုံးပြုရန် ထိရောက်မည်မဟုတ်ချေ။

ထို့ကြောင့် ဆာပီကိုသည် သေနတ်ဆိုင်၌ ဘယ်လ်ဂျီယံနိုင်ငံလုပ် ၉ မီလီမီတာ အမျိုးအစား အော်တိုမက်တစ် မောင်းပြန်ပစ္စတိုသေနတ် ဝယ်ယူ လိုက်လေသည်။ ကျည်ဆန် ၁၄ တောင့် တစ်ပြိုင်နက်ထိုး၍ ရသည့်အပြင် အိတ်တွင် အလွယ်တကူ ထိုးထားနိုင်သော သေနတ်မျိုးဖြစ်သည်။ သေနတ်၏ စွမ်းအားကလည်း အထူးကောင်းလေသည်။

အမှန်အားဖြင့် ယင်းသေနတ် အမျိုးအစားကို ရဲတပ်ဖွဲ့၏ စည်းကမ်း ဥပဒေအရ ကိုင်ဆောင်ခွင့် မရှိချေ။

သို့သော် ဆာပီကိုသည် ယင်းအချက်ကို ဂရုမစိုက်ဘဲ ပစ္စတိုသေနတ်ကို ဝယ်ယူလိုက်လေသည်။

အခြေအနေအရ သူ၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုလာပြီ မဟုတ်ပါလော။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဇွန်လ၏ နောက်ဆုံးရက်သတ္တပတ်တွင်း ရှေ့နေချုပ် ဘာတင်က ဆာပီကိုအား နောက်တစ်ကြိမ် ခေါ်ယူတွေ့ဆုံသောအခါ ဂျူရီလူကြီးများ ပါသော အထူးတရားရုံးသည် ဖွဲ့စည်းရုံးထိုင်နေပြီဖြစ်သည်။

တွေ့ဆုံရသည့် နေရာကား လက်ထောက်ရှေ့နေချုပ်၏ ရုံးခန်းတွင်ဖြစ်သည်။

ရှေ့နေချုပ် ဘာတင်သည် ဆာပီကိုအား ခပ်ပြတ်ပြတ်ပင် စကားပြော လေသည်။

"မောင်ရင်က ရဲတပ်ဖွဲ့ဝင်တွေ အဂတိလိုက်စားတာနဲ့ ပတ်သက်လို့ ဘောက်လျှောက် အာဘောင်အာရင်းသန်သန်နဲ့ စကားတွေပြောခဲ့တယ် မဟုတ်လား၊ အခုတော့ မင်းပြောခဲ့တာတွေကို တရားဝင်ထွက်ဆိုဖို့ အချိန်ရောက်လာပြီ၊ မင်းက ဘယ်လောက်အထိ ထွက်ဆိုဝံ့တယ်ဆိုတာ ကျုပ်တို့ စောင့်ကြည့်ရမယ်"

ထိုအခါ ဆာပီကိုက သူသည် ရဲတပ်ဖွဲ့ဝင်အများစု၏ မုန်းတီးခြင်း ခံရသည့်အဖြစ်သို့ ရောက်နေပြီဖြစ်ကြောင်း၊ ယင်းသို့ ဖြစ်ရခြင်းမှာလည်း အာဏာပိုင်များကြောင့် ဖြစ်ခဲ့ရကြောင်းနှင့် အထူးသဖြင့် ရဲမင်းကြီး ဝေါ့ရှ်၏ ခေါင်းရှောင်ခဲ့ပုံများကိုပါ ထောက်ပြ ပြောဆိုလိုက်လေသည်။

"နေပါဦးကွ၊ မင်းက ရဲမင်းကြီး ဝေါ့ရှ်အပေါ် အပြစ်ပုံချတာ မလွန် လွန်းဘူးလား"

ရှေ့နေချုပ် ဘာတင်က ပြန်မေးသဖြင့် ဆာပီကိုလည်း အတိတ်အ ဖြစ်အပျက် ဇာတ်ကြောင်းကို ပြန်လှန်ပြောပြလိုက်လေသည်။

လွန်ခဲ့သော တစ်နှစ်ခွဲခန့်ကပင် ရဲတပ်ဖွဲ့မှူး ကပ္ပတိန်ဘီဟန်မှတဆင့် တိုင်းအမှတ် (၇)မှ အရပ်ဝတ်ရဲများ အုပ်စုဖွဲ့၍ လာဘ်စားနေကြောင်းကို ရဲမင်းကြီး ဝေါ့ရှ်ထံ အစီရင်ခံ သတင်းပို့ခဲ့ဖူးကြောင်း၊ ရဲမင်းကြီးက ဆာပီကို အား ဆက်လက်စုံစမ်း ထောက်လှမ်းရန်နှင့် ဆာပီကိုအား သူကိုယ်တိုင် တိုက် ရိုက်ဆက်သွယ်ပါမည်ဟု ကတိပေးခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ဆက်သွယ် မှုမရရှိခဲ့ကြောင်းကို ရှေ့နေချုပ်အား ပြောပြလိုက်လေသည်။

ထိုစကားကို ကြားရသောအခါ ရှေ့နေချုပ် ဘာတင်သည် ရုတ်တရက် အံ့အားသင့်သွားပုံရသည်။ သို့သော် ချက်ချင်းပင် အကြံဉာဏ်ရကာ ဆာပီကို အား သတိသမျှ အချက်အလက်အားလုံးကို အထူးခုံရုံး ရှေ့မှောက်၌ အပြည့်အစုံ ထွက်ဆိုပေးရန် တိုက်တွန်းပြောဆိုလေသည်။



ဤသို့ ထွက်ဆိုခြင်းအားဖြင့် ဆာပီကို လိုလားသော ရဲတပ်ဖွဲ့ကြီး အတွင်း သန့်ရှင်းရေး၊ အဂတိလိုက်စားမှု ပပျောက်ရေးများ ဖြစ်လာမည့်ပြင် ဘာဝန်ရှိသူ အရာရှိကြီးများကိုပါ ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ တနည်းအား ဖြင့် အမှန်တရား ပေါ်ပေါက်ရေး၊ တရားဥပဒေ စိုးမိုးရေးအတွက် ဆာပီကိုက များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်းပြောဆို လေသည်။

"မောင်ရင့်တာဝန်က ဂျူရီလူကြီးတွေပါတဲ့ တရားခုံရုံးကို အပြည့်အစုံ ပြောပြလိုက်ရုံပဲ၊ ဒီလူကြီးတွေသိပြီးရင် နောက်ပိုင်းကျတော့ မင်းက သီးခြား သက်သေအဖြစ် ထွက်ဆိုဖို့တောင် လိုချင်မှ လိုမယ်"

ဤသို့ ရှေ့နေချုပ်ဘာတင်က ဖျောင်းဖျပြောဆိုသဖြင့် ဆာပီကိုလည်း

"အိုကေ၊ ကောင်းပါပြီ"

ဟု ကတိပေးလိုက်လေသည်။

နောက်တစ်နေ့ (ဇွန်လ ၂၆ ရက်) မှာပင် ဆာပီကိုသည် ဂျူရီလူကြီး များ ပါဝင်သော အထူးခုံရုံး ရှေ့မှောက်သို့သွား၍ အစစ်ခံရလေသည်။

သို့သော် ခုံရုံးရှေ့သို့ရောက်၍ စတင်မေးမြန်းသော မေးခွန်းများ ကြား ရသည်နှင့် ဆာပီကိုသည် အကြီးအကျယ် စိတ်ပျက်ရပြန်လေသည်။

တကယ်တမ်းကျတော့ စောစောက ရှေ့နေချုပ် ဘာတင်ပြောသလို မဟုတ်ဘဲ စစ်ဆေးမေးမြန်းပုံက တစ်မျိုးဖြစ်နေလေသည်။

ဆာပီကို၏ လိုလားချက်မှာ လာဘ်စားနေသော အရပ်ဝတ် ရဲတပ်ဖွဲ့ဝင် များသာမက သူတို့ လာဘ်စားနေခြင်းကို သိလျက်နှင့် မျက်နှာလွှဲနေသူ အထက်အရာရှိများကိုပါ တရားရုံးက ဖော်ထုတ် အရေးယူစေရန် ဖြစ်သော် လည်း ယခုတော့ ရှေ့နေချုပ် ဘာတင်နှင့်တကွ သူ၏လက်ထောက် ဂရင်းဖီးလ် တို့က ဆာပီကိုအား ခုံရုံးရှေ့မှောက်တွင် မေးမြန်းသော မေးခွန်းများမှာ လူငယ် အရပ်ဝတ် ရဲများအကြောင်းသာဖြစ်ပြီး တာဝန်ရှိသူ အထက်အရာရှိများ အကြောင်းကိုမူ တစ်ခွန်းမှ မေးမြန်းခြင်းမပြုသဖြင့် ဆာပီကိုသည် 'ငါတော့ နောက်ထပ်တချီ လှည့်ဖြားမှုခံရပြန်ပြီ"ဟု တွေးမိကာ စိတ်ပျက်အားလျော့ခြင်း ဖြစ်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဂျူရီလူကြီးများ ပါဝင်သည့် အထူးခုံရုံးထိုင်သော အချိန်ကာလမှာ ၁၉၆၈ ခု နွေရာသီတစ်လျှောက်လုံးသာမက ဆောင်းဦးပေါက် နိုဝင်ဘာလတိုင်အောင် ဖြစ်လေသည်။

ထိုအချိန်ကာလအတွင်း တရားခုံရုံးက ရောဘတ်အား နှစ်ကြိမ်တိတိ ခေါ်ယူစစ်ဆေးခဲ့လေသည်။

ရောဘတ်က သူသည် အုပ်စုဖွဲ့၍ လာဘ်ငွေယူခြင်းတွင် မပါဝင်ခဲ့ကြောင်း၊ တိုင်းအမှတ် ၇ အတွင်း အရပ်ဝတ်ရဲများ အုပ်စုဖွဲ့ထားခြင်းကိုလည်း လုံးဝမသိကြောင်း ခပ်တည်တည်ပင် ငြင်းဆိုလေသည်။

တိုင်းအမှတ် ၇ မှ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်အများစုသည် မိမိအား သိသိသာသာ ရန်သူတစ်ယောက်လို ဆက်ဆံလာကြလေရာ ဆာပီကိုလည်း မည်သူနှင့်မှ စကားအပေါင်းအသင်းမလုပ်တော့ဘဲ တစ်ယောက်တည်းသာ သွားလာ လှုပ်ရှားနေခဲ့လေသည်။

အခြေအနေ အရပ်ရပ်ကိုလည်း အထူးစိတ်ပျက်မိလေသည်။

သို့သော် တာဝန်ဝတ္တရားကိုမူ လေးစားသည့်အနေဖြင့် မူခင်းစုံစမ်းထောက်လှမ်း အရေးယူခြင်းများကို ယခင်အတိုင်း ဆက်လက်လုပ်နေခဲ့သည်။

တစ်ခါက သက်သေအထောက်အထား ရစေရန် သူ့အား လျှို့ဝှက်အသံဖမ်းစက် (ရီကော်ဒါ) ငယ်တစ်ခု ကိုယ်တွင်တပ်ဆင်ထားပြီး အသံဖမ်းယူထားရန် တိုက်တွန်းခဲ့စဉ်က ဆာပီကိုသည် ငြင်းဆန်ခဲ့ဖူးရာ တကယ်တမ်းကယတော့ ယင်းနည်းသည် များစွာထိရောက်နိုင်ကြောင်း ပေါ်လွင်သည့်အဖြစ်တစ်ရပ် ကြုံတွေ့ရလေသည်။

တစ်နေ့တွင် ဆာပီကိုသည် တရားမဝင် လောင်းကစားဒိုင်တစ်ဦးအား ဖမ်းဆီးမိရာ တရားခံ၏ အစ်ကိုတစ်ဦးသည် နယူးယောက်မြို့ရှိ မာဖီယားလူဆိုးဂိုဏ်းဝင်ဖြစ်ကြောင်း အက်ဖ်ဘီအိုင် (ဗဟိုထောက်လှမ်းရေးအဖွဲ့) မှတ်တမ်းဖိုင်များအရ သိရလေသည်။

ထိုကြောင့် ယခု ဖမ်းမိထားသော တရားခံသည် မာဖီယားဂိုဏ်းနှင့် အဆက်အသွယ်ရှိပြီး အရေးပါသော တရားခံဖြစ်နေလေသည်။

သူ၏အမှုကို ရုံးသို့ မတင်ရသေးမီ အချိန်အတွင်း တရားခံ၏ ရှေ့နေက ဆာပီကိုနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း စကားကမ်းလှမ်းလာလေသည်။



တရားရုံးတွင် မိမိထွက်ဆိုမည့် အချက်များနှင့် ပတ်သက်၍ တရားခံရှေ့နေက လာဘ်ငွေပေးရန် ဆွယ်တော့မည်ဟု ရိပ်မိသဖြင့် ဆာပီကိုသည် လူချင်းတွေ့ဆုံချိန်၌ပြောသော စကားကို အထောက်အထား ရရှိရေးအတွက် လျှို့ဝှက်အသံဖမ်းစက်ငယ်တစ်ခု မိမိကိုယ်တွင် တပ်ဆင်သွားရန် စီစဉ်လေသည်။

သို့သော် လူချင်း နောက်တစ်ကြိမ် မတွေ့ရသေးမီ တရားခံရှေ့နေသည် ထိုအမှုတွင် ဆက်မလိုက်တော့ဘဲ နှုတ်ထွက်သွားသဖြင့် အစီအစဉ် ပျက်သွားခဲ့လေသည်။

ထိုကိစ္စနှင့်ပတ်သက်၍ လက်ထောက်အစိုးရ ရှေ့နေတစ်ဦးက ဆာပီကိုအား–

"ဘယ်တတ်နိုင်မလဲဗျာ၊ အမှုက ပျက်သွားတာပဲ"

ဟုသာ ပြောခဲ့လေသည်။

* * *

ဒီဇင်ဘာလဆန်းတွင် ဆာပီကိုသည် မိမိအား တိုင်းအမှတ် ၇ မှ ပြောင်းရွှေ့သည့်အမိန့် ထွက်တော့မည်ဟု သတင်းကြားရလေသည်။

သတင်းကို ပြောပြသူကား လက်ထောက်ရဲမှူးချုပ် မက်ဂိုဗန်ကိုယ်တိုင်ဖြစ်ပြီး ပြောင်းရမည့် နေရာသည် 'ဟာလင်' ရပ်ကွက်အပါအဝင် မင်ဟက်တန်မြောက်ပိုင်းနယ်မြေ ဖြစ်ကြောင်း ပြောပြရာ ဆာပီကိုသည် ဝမ်းမြောက်အားရ ဘက်ခြင်း မဖြစ်မိချေ။

သို့ရာတွင် ရှေ့နေချုပ် အာတင်က ဆာပီကိုသည် နေရာပြောင်းရွှေ့ပြီး မကြာမီ ရဲစုံထောက်အဖြစ်သို့ အဆင့်တိုးမြှင့်ပေးခြင်း ခံရရန် အလားအလာရှိကြောင်း၊ ဆာပီကို၏ သတ္တိရှိမှု၊ အထက်အာဏာပိုင်တို့အား ပူးပေါင်းကူညီခဲ့မှုကို အထက်လူကြီးများက သိရှိသဘောကျနေကြောင်း ပြောပြလေသည်။

ဆာပီကိုအနေဖြင့် အကြီးဆုံးသော ရည်မှန်းချက်မှာ ရဲစုံထောက်တစ်ဦးအဆင့်သို့ ရောက်ရှိရန်ပင်ဖြစ်ရာ စိတ်ထဲမှ ကျိတ်၍ အားတက်သွားမိပြန်သည်။

တိုင်းအမှတ် ၇ နယ်မြေမှ မပြောင်းရွှေ့ရမီ ဆာပီကိုသည် နောက်ဆုံးအကြိမ် အမှုတစ်ခု ဖမ်းဆီးခဲ့လေသည်။ ယင်းအမှုသည်လည်း သူ့မှော်မှန်း

www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်မြောက်ထိရောက်ခြင်း မရှိသဖြင့် စိတ်ပျက်ခဲ့ရပြန်လေသည်။

တရားခံများအား ဖမ်းဆီးနိုင်ရေးအတွက် ကြိုတင်သတင်း ရရှိထားရန် လိုအပ်လေရာ ဆာပီကိုသည် မိမိအား သတင်းပေးသူအချို့ကို ဆက်သွယ်မွေး ထားခဲ့လေသည်။

ယင်းသို့ သူ့အား သတင်းပေးသူများအနက် ကပ္ပလီလူမည်း (နီဂရိုး) လူငယ်တစ်ဦး ရှိလေသည်။ ထိုလူငယ်သည် မှောင်ခိုလောင်းကစားဒိုင်တစ်ဦး ထံတွင် တောက်တိုမယ်ရ အလုပ်လုပ်နေသူဖြစ်ရာ ဆာပီကိုအနေဖြင့် အချိန် မရွေး ဖမ်းလိုက်လျှင် ဖြစ်သော်လည်း သတင်းပေးသူအဖြစ် ထားလို၍ မဖမ်းဘဲ အသာလွှတ်ထားခြင်းဖြစ်သည်။

တစ်နေ့တွင် ထိုကပ္ပလီလူငယ်က ဆာပီကိုထံလာပြီး–

"ဒီမယ်ဆရာ၊ တရားခံက မျက်နှာဖြူလူမျိုး ဖြစ်နေရင်ကော ဖမ်းမှာ လား"

ဟု မေးလေသည်။

"ဟ ဖမ်းမှာပေါ့ကွ၊ တရားခံဆိုရင် လူဖြူဖြစ်ဖြစ်၊ လူမည်းဖြစ်ဖြစ် ငါက ဂရုမစိုက်ဘူး၊ ဖမ်းမှာပဲ"

ဆာပီကိုက ခပ်တည်တည် ပြောလိုက်သည်။

"ဒီလူက အီတလီ အမျိုးသားတစ်ဦးပဲခင်ဗျ၊ သူ့ကိုဖမ်းရင် အမှုက တော်တော်ကြီး ဖြစ်နိုင်တယ်"

"ဟော့ကောင်၊ မင်းကသာ သတင်းအတိအကျ ပေးစမ်းပါ၊ ငါက ဖြစ် အောင် ဖမ်းပြမယ်"

ဤသို့ ဆာပီကိုက ပြောလိုက်လျှင် ကပ္ပလီလူငယ်က အဆိုပါ အီတလီလူမျိုးသည် တရားမဝင် ငွေတိုးကြီး ပေးစားသူဖြစ်သည့်ပြင် လောင်း ကစားဒိုင်အဖြစ်လည်း အကြီးအကျယ် လုပ်နေသူဖြစ်ကြောင်း ပြောပြလေ သည်။

လောင်းကစားကြေးများကို လက်ခံရာဌာနတစ်ခုက လက်ကား အမဲသား နှင့် သားငါးဈေးအနီးတွင်ရှိပြီး အီတလီ အမျိုးသားဒိုင်သည် ရဲတပ်ဖွဲ့အုပ်စုနှင့် နားလည်မှုယူထားသဖြင့် ရဲရဲတင်းတင်းပင် သူကိုယ်တိုင်လာရောက် လက်ခံ လေ့ရှိကြောင်းကို သတင်းပေးသူ ကပ္ပလီလူငယ်က ပြောပြလေသည်။

ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဆာပီကိုသည် ထိုနေရာကို မလှမ်းမကမ်း



အကဲခတ်စောင့်ကြည့်နေရာ နေ့လယ် ၁၂ နာရီခွဲခန့်တွင် မသင်္ကာသူ လူစိမ်း တစ်ယောက်ကို သတိပြုမိလေသည်။

ထိုလူသည် အုတ်နံရံတစ်ခု၏ ဘေးနားသို့သွားပြီး ကြိုတင်ပြင်ဆင် ထားဟန်ရှိသော အုတ်တစ်ချပ်ကို အသာမပြီး စာရွက်တစ်ရွက်ထည့်လိုက် သည်။ ပြီးမှ အုတ်ချပ်ကို မူလအတိုင်း ပြန်ထားပြီး ထွက်သွားလေသည်။

ဆာပီကိုသည် အလုပ်ကြမ်းသမား တစ်ယောက်အသွင် ဝတ်စားရုပ် ဖျက်ထားပြီးဖြစ်၍ ထိုလူစိမ်း ထွက်သွားသည်နှင့် အုတ်ချပ်ရှိရာသို့ လျှောက် သွားလေသည်။

အုတ်ချပ်ကို အသာဆွဲယူ၍ အတွင်း၌တွေ့ရသော လောင်းကစားဖြတ် ပိုင်းစာရွက် တစ်နေရာတွင် သူ၏ လက်မှတ် အတိုကောက် လျင်မြန်စွာထိုး၍ အုတ်ချပ်ကို လက်ရာမပျက် ပြန်ထားပြီးမှ ပြန်လျှောက်လာခဲ့လေသည်။

မိနစ်လေးဆယ်ခန့်ကြာသော် ကက်ဒီလက် အမျိုးအစား အပြာရောင် ဆီဒင်ကားတစ်စီးသည် အုတ်ချပ်ရှိရာ နေရာသို့ ထိုးဆိုက်လာလေသည်။

အဖိုးတန် ဝတ်စုံတစ်စုံ သပ်ရပ်စွာ ဝတ်စားထားသူ လူတစ်ယောက်သည် ကားပေါ်မှဆင်း၍ အုတ်ချပ်ကို မ,လိုက်ပြီး အတွင်းမှ စာရွက်ကို ထုတ်ယူကာ သူ၏ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

ထိုနောက် သူ၏ ကားပေါ်တက်၍ ပြန်မောင်းထွက်သွားမည်ပြုစဉ် ဆာပီကိုက ပြေးလာပြီး မော်တော်ကားတံခါးကို ဆွဲဖွင့်ရင်း–

"ဟော့လူ ငြိမ်ငြိမ်နေစမ်း"

ဟု အမိန့်ပေးလိုက်သည်။

ထိုလူသည် ရုတ်တရက် တုန်လှုပ်ချောက်ချားသွားပြီး သူ၏ လက်ဝဲ လက်ကို လှုပ်ရှားစပြုရာ ဆာပီကိုက သေနတ်ဆွဲထုတ်ရန် ဟန်ပြင်ခြင်းပေ လောဟု တွေးလျက် အထူးသတိထားပြီးမှ မိမိ၏ အင်္ကျီအိတ်ထဲမှ ရဲတပ်ဖွဲ့ ဝင် ကတ်ပြားကို ထုတ်ပြလိုက်သည်။

"ကျုပ်က ရဲအရာရှိတစ်ယောက်ဖြစ်တယ်"

ဤတွင် ထိုလူ၏ အမူအရာသည် သိသိသာသာ ပြောင်းလဲသွားတော့ သည်။

စောစောကလို တုန်လှုပ်ချောက်ချားသည့်ဟန်မျိုး လုံးဝမရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လူကလည်းဗျာ၊ စောစောက ပြောရောပေါ့၊ ကျုပ်က ခင်ဗျား ကြားဖြတ်လုယက်တဲ့ လူဆိုးတစ်ယောက်လားလို့"

ထိုလူက ခပ်အေးအေး ပြောသော်လည်း ဆာပီကိုက–

"နေဦး၊ ကျုပ်ပါ ကားပေါ်တက်လိုက်ခဲ့မယ်"

ဟု ခပ်တည်တည်ပြောလိုက်သည်။

ဤတွင် ထိုလူသည် အံ့အားသင့်သွားပြန်သည်။

"ဘာဖြစ်လို့လဲဗျ၊ ခင်ဗျားကလည်း သိသားနဲ့"

"ဘာမှပြောမနေနဲ့"

ပြောပြောဆိုဆို ဆာပီကိုသည် ကားပေါ်တက်ထိုင်လိုက်ပြီးနောက် ထိုလူ၏ အင်္ကျီအိတ်ထဲမှ စာရွက်ကို နှိုက်ယူလိုက်သည်။

သူ၏ လက်မှတ် အကိုရေးထိုးထားသော စာရွက်ပေါ်တွင် လောင်းကစားပွဲ ၂၀၀ ခန့် စာရင်းပြုလုပ် ရေးထားသည်ကို တွေ့ရလေသည်။

ဆက်လက်၍ ထိုလူ၏ကိုယ်ဖွင့် ရှာဖွေရာ 'ဆန်တိုဘယ်လို' ဟူသော နာမည်နှင့် လိပ်စာပါသော ကတ်ပြားများ တွေ့ရသည့်ပြင် နောက်ထပ် လောင်းကစားပွဲ သုံးရာကျော် လက်ခံကြောင်း ရေးမှတ်ထားသည့် စာရွက်သုံးရွက် နောက်ထပ် တွေ့ရပြန်သည်။

ထိုအတောအတွင်း ဆန်တိုဘယ်လို ဆိုသူသည် သူ၏ အင်္ကျီအိတ်ထဲမှ ဒေါ်လာငွေ တစ်ရာတန် စက္ကူတွေ အထပ်လိုက် ထုတ်ယူထားပြီးဖြစ်နေသည်။

ရာတန်စက္ကူ ခြောက်ရွက်ကို ရေတွက်ထုယ်ယူပြီး ဆာပီကိုအား လှမ်းပေးလေသည်။

"ရော့ပါ၊ ဒါက ခင်ဗျားအတွက်"

မိမိအား ပြောင်ပြောင်တင်းတင်းပင် လာဘ်ငွေပေးနေပြီဖြစ်၍ ဆာပီကိုက–

"ကျုပ်က ငွေလိုချင်တာ မဟုတ်ဘူး၊ ခင်ဗျားဟာ ခင်ဗျားပဲယူထားပါ၊ ခုအချိန်ကစပြီး ခင်ဗျားတော့ ဒုက္ခတွေ့ပြီသာ မှတ်ပေတော့"

ဟု ခပ်တည်တည် ပြောလိုက်လေသည်။

ထိုနောက် ဆန်တိုဘယ်လိုအား တိုင်ချက်ဖွင့်ရန် ရဲစခန်းသို့ ခေါ်သွားလေသည်။



စခန်းရုံးအတွင်း ခေတ္တထားပြီးနောက် ဆာပီကိုသည် နောက်ထပ် ဆက်သေခံပစ္စည်း အထောက်အထား တွေ့လိုတွေ့ငြား ထိုလူ၏ ကားဆီသို့ ပြန်လာပြီး ရှာဖွေကြည့်သေးသည်။

ဘာမျှမတွေ့ရတော့မှ စခန်းရုံးပေါ်သို့ ပြန်တက်သွားသောအခါ ဆန်တို ဘယ်လို ဆိုသူကို မူလထားခဲ့ရာ နေရာတွင် မတွေ့ရသဖြင့် အံ့အားသင့်သွား သည်။

သေချာစွာ လိုက်ရှာတော့မှ ဆန်တိုဘယ်လိုသည် ရဲစုံထောက်များ နားခန်းတွင် ရောက်နေပြီး အရပ်ဝတ်ရဲများ၊ စုံထောက်များနှင့်အတူ ထိုင်ကာ အေးအေးဆေးဆေး စကားပြောရင်း ကော်ဖီသောက်နေသည်ကို တွေ့ရသဖြင့် ၍ပင် အံ့ဩမိလေသည်။

ဆန်တိုဘယ်လိုသည် စခန်းရုံးရှိ အရပ်ဝတ်ရဲများ၊ စုံထောက်များနှင့် သည်မျှ ရင်းနှီးပြီး နားလည်မှုရှိနေကြောင်း ထင်ရှားနေလေပြီ။

သို့သော် ဆာပီကိုက အလျှော့ပေးရန် လုံးဝစိတ်မကူးချေ။

"ဟေ့လူ ဒီလိုလာခဲ့စမ်း"

"ဘာလုပ်ဖို့လဲဗျ"

ဆန်တိုဘယ်လိုက အပြစ်တင်သံမျိုးဖြင့် ပြန်ပြောရာ ဆာပီကိုသည် ၍ပင် စိတ်တိုလာလေသည်။

"ဘာလုပ်ဖို့ရမှာလဲ၊ လာခဲ့ဆိုရင် လာခဲ့ပါတော့လား၊ ပြီးတော့ ခင်ဗျား အင်္ကျီအိတ်တွေထဲက ရှိသမျှပစ္စည်းတွေအားလုံး ထုတ်လိုက်"

"ကျုပ်က ခင်ဗျားပြောသလို လိုက်နာဖို့ မလိုဘူးဗျ၊ မလုပ်နိုင်ဘူး"

"ဒီမယ်ကိုယ့်လူ၊ ခင်ဗျားကို ကျုပ်က အခု ဖမ်းထားတယ်ဆိုတာ နားမလည်ဘူးလား၊ အိတ်ထဲကပစ္စည်းတွေ အကုန်သာထုတ်လိုက်ပါ"

"သြော်... ခင်ဗျားက တမင်သက်သက် ညစ်မယ်ဆိုပါတော့"

ဤသို့ ဆန်တိုဘယ်လိုက သရော်သလို ပြောလိုက်ချိန်တွင် ဆာပီကို အလွန်ဒေါသထွက်နေပြီဖြစ်သည်။

"အေး ကျုပ်က ဘယ်ထိအောင် ညစ်မလဲဆိုတာ သိရစေမယ်"

ပြောပြောဆိုဆို ဆာပီကိုသည် ထိုလူ၏ ရင်ဘတ်ကို ခပ်ကြမ်းကြမ်း တွန်းပြီး အခန်းနံရံတွင် ကပ်နေစေလိုက်သည်။

ဆန်တိုဘယ်လိုလည်း အံ့အားသင့်ပြီး ကြောင်ကြည့်နေစဉ် ဆာပီကိုက

www.burmeseclassic.com

www.burmeseclassic.com



သာမန် ရာဇဝတ်မှုတရားခံများ ရှာဖွေသလို တစ်ကိုယ်လုံးအနှံ့အပြား ရှာဖွေလေသည်။

ထိုအခါ ရဲစုံထောက်တစ်ဦးက လှမ်း၍–

"ဟေ့ ဆာပီကို၊ မလုပ်ပါနဲ့ဗျ၊ ဆန်တိုဘယ်လိုက ကျုပ်တို့အဖွဲ့ဝင်ဆွေရဲ့ မိတ်ဆွေဖြစ်တယ်"

ဟု ပြောလေသည်။

"ဒီကိစ္စမှာ ခင်ဗျားနဲ့မဆိုင်ဘဲ ဝင်မပါစမ်းနဲ့၊ ဒါက ကျုပ်ကိုယ်တိုင် ဖမ်းခဲ့တဲ့ အမှုဖြစ်တယ်ဗျ"

ဆာပီကိုက လေသံပြင်းပြင်းဖြင့် ပြန်အော်ပြောလိုက်ပြီးနောက် ဆန်တိုဘယ်လို၏ ကိုယ်ကို ဆက်လက်ရှာဖွေလေသည်။

သက်သေခံပစ္စည်း ဘာမျှမတွေ့တော့မှ

"ကောင်းပြီ၊ အချုပ်ခန်းထဲနေရတာ ဘယ်လိုနေသလဲလို့ သိရအောင် လက်တွေ့ပြမယ် လာခဲ့"

ဟု ပြောရင်း ဆန်တိုဘယ်လိုအား ရဲစခန်းရှိ အချုပ်ခန်းတစ်ခန်းသို့ ဆွဲခေါ်သွား၍ အတွင်းသို့ တွန်းသွင်းလိုက်သည်။ တံခါးကို ပြန်ပိတ်ပြီး သော့ခတ်လိုက်သည်။

အချုပ်ခန်းမှာ လေးပေပတ်လည်သာရှိသော အခန်းကျဉ်းတစ်ခုဖြစ်ပြီး အတွင်း၌ မူးယစ်ဆေးဝါး သုံးစွဲသူ တရားခံနှစ်ဦး ရှိနေပြီဖြစ်သည်။

မူးယစ်ဆေးဝါးသမား နှစ်ဦးမှာ အလွန်ညစ်ပတ်ပေရေလျက် သူတို့ကိုယ်ကလည်း နံစော်နေသဖြင့် ဆန်တိုဘယ်လိုသည် အကြီးအကျယ် စိတ်ပျက်သော်လည်း ဆာပီကိုအား မည်သို့မျှ ပြန်မပြောဝံ့ဘဲ ကျန်တရားခံနှစ်ဦးနှင့် ဝေးနိုင်သမျှ ဝေးအောင် ခပ်ခွာခွာ နေလိုက်သည်။

ထိုအချုပ်ခန်းတွင် တစ်နာရီကျော်ကျော် ထည့်ထားလိုက်ပြီးမှ ဆာပီကိုသည် ဆန်တိုဘယ်လိုအား ရဲတပ်ဖွဲ့ ဓာတ်ပုံဌာနသို့ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ရန်အတွက် ယာယီ အချုပ်ခန်းတစ်ခုတွင် ထည့်ထားလိုက်လေသည်။

ထို့နောက် လူဆိုးများ၏ နောက်ကြောင်းသမိုင်း မှတ်တမ်းများရှိရာ ဘီစီအိုင်ဌာနသို့ သွားရောက်၍ ဆန်တိုဘယ်လိုသည် အတိတ်က ပြစ်ချက်ရှိမရှိ စုံစမ်းကြည့်ရာ မှတ်တမ်းတစ်ခုကို တွေ့ရသဖြင့် အကြီးအကျယ် ဒေါသထွက်လျက် ပြန်လာခဲ့သည်။



ဆန်တိုဘယ်လိုအား ပြန်တွေ့သောအခါ–

"ကျုပ်က ခင်ဗျားကို အုတ်နံရံနဲ့ခေါင်း ပစ်ဆောင့်ပြီး အသေသတ်ဖို့ တောင်ကောင်းတယ်၊ ခင်ဗျားရဲ့ အတိတ်က မှုခင်းကို မှတ်မိရဲ့မဟုတ်လား"

ဟု ဒေါသတကြီးပြောလိုက်ရာ ဆန်တိုဘယ်လိုသည် သိသိသာသာကြီး မျက်နှာပျက်သွားတော့သည်။

"ဒါက ကျုပ်ငယ်ငယ်က ဖြစ်ခဲ့တာပါဗျ၊ အဲဒါအတွက် အပြစ်ဒဏ်လည်း ခံပြီးခဲ့ပါပြီ"

"ဩော်… ဟုတ်လား"

ဆာပီကိုက သရော်သလို ပြောပြီးနောက် အမှတ် ၄၂ ရဲစခန်းရှိ စုံထောက်ဌာနသို့ တယ်လီဖုန်းဆက်၍ စောစောက ဆန်တိုဘယ်လိုအား ရှာဖွေစဉ်က ကန့်ကွက်ခဲ့သူ စုံထောက်ကို ခေါ်ပြောလေသည်။

"ဒီမယ်၊ ခင်ဗျားတို့နဲ့ နားလည်မှုယူထားတဲ့ မိတ်ဆွေကြီး ဆန်တိုဘယ်လိုရဲ့ နောက်ကြောင်းက ဘာလဲ သိလား၊ ဒီလူက ထောင်ဒဏ် တစ်သက်ဘက္ကျွန်းကျခဲ့ပြီး ၁၅ နှစ်အကြာမှာ ပြန်လွတ်လာတယ်၊ ဘာမှုနဲ့ကျတယ်ဆိုတာကော သိရဲ့လား"

"မသိဘူးဗျ"

"ဒီလူက ရဲအရာရှိတစ်ဦးကို သတ်မှုနဲ့ တစ်သက်တကျွန်း ကျတာဗျ၊ ကဲ… ရှင်းပြီလား"

"ဒါတော့ ကျုပ်တို့လည်း ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲဗျ"

တစ်ဖက်မှ ရဲစုံထောက်က လေသံပျော့ပျော့နှင့် ပြန်ပြောလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

၁၉၆၉ ခု ဇန်နဝါရီလတွင် ဂျူရီလူကြီးများ ပါဝင်သော အထူးခုံရုံး၏ ကြားနာစစ်ဆေးမှုများ လုံးဝအပြီးသတ်သွားပြဖြင့် စုံစမ်းတွေ့ရှိချက်များအကြောင်း အစီရင်ခံစာ တင်သွင်းရန် ပြင်ဆင်နေလေသည်။

ယင်းအစီရင်ခံစာမျိုးသည် လျှို့ဝှက်စွာ ရေးသားပြုစုရသည်ဖြစ်သော်လည်း အတွင်းကျကျ လူများမှတဆင့် မကြာခဏ သတင်းပေါက်ကြားတတ်လေသည်။

ထိုအကြောင်းကို ဆာပီကိုသည် ကိုယ်တွေ့သိရှိရလေသည်။

တစ်နေ့သ၌ ဆာပီကိုသည် (မင်ဟက်တန် ရပ်ကွက်သို့ ပြောင်းရွှေ့ရလုဆဲဆဲ) မိတ်ဆွေဟောင်းဖြစ်သူ အရပ်ဝတ်ရဲတစ်ဦးနှင့် လမ်းတွင် ဆုံမိလေရာ ထိုလူက ဂျူရီလူကြီးများ၏ အစီရင်ခံစာနှင့် ပတ်သက်၍ သတင်းတစ်ခု ပြောပြလေသည်။

"ဟေ့… သူငယ်ချင်း ဆာပီကို၊ မောင်ရင်က နာမည်တော်တော်ကြီးနေပါကလားဗျ၊ ထွက်လာတဲ့ သတင်းအရ မောင်ရင်ဟာ ဘာကိုမှ မထိန်မချန်ဘဲ အကုန်လုံး ဖွင့်ချထွက်ဆိုတယ်လို့ ပြောနေကြတယ်"

"ဒါတော့ဗျာ ကျုပ်လည်း ဘယ်တတ်နိုင်မှာလဲ၊ မရိုးသားပဲ ဖောက်ပြန်နေတဲ့လူတွေအတွက် မားစာခံတော့ အဖြစ်မခံနိုင်ဘူး"

ဆာပီကိုက သူ၏ စိတ်ထဲရှိသည့်အတိုင်း ပြန်ပြောလိုက်သည်။



"တစ်ခုတော့ရှိတယ်ဗျ၊ သူတို့ပြောနေကြတဲ့အတိုင်းဆိုရင် မောင်ရင်ဟာ နားလည်မှုရှိရင် အကျိုးကျေးဇူး ကောင်းကောင်းကြီး ခံစားရမှာတဲ့"

"ဘယ်လို အကျိုးကျေးဇူးလဲ"

"တကယ်လို့ မောင်ရင်က ဂျူရီလူကြီးတွေပါတဲ့ အထူးခုံရုံးမှာ သက်သေမခံဘဲ နှုတ်ပိတ်နေလိုက်ရင် ဒေါ်လာငွေ ငါးသောင်းပေးဖို့ အဆင်သင့်ရှိတယ်တဲ့ ပြောနေကြတယ်၊ အခုတော့ မောင်ရင့်အနားကို ဘယ်သူကမှ ကပ်တော့မှာမဟုတ်ဘူး၊ သူတို့အများစုက ဖွဲ့စည်းထားတဲ့ အုပ်စုစနစ် ပျက်သွားမှာကို မလိုလားကြဘူးခင်ဗျ"

ယင်းစကားအရ မိမိ၏ သက်သေထွက်ချက်ကို အုပ်စုဖွဲ့ လာဘ်စားနေသူ အရပ်ဝတ်ရဲအများစုက မည်မျှအထိ မလိုလားကြပုံ၊ စိုးရိမ်နေကြပုံကို ဆာပီကိုသည် ကောင်းစွာ သိခဲ့ရလေသည်။

* * *

မင်ဟက်တန်ရပ်ကွက် မြောက်ပိုင်းသို့ ပြောင်းရွှေ့ရခြင်းနှင့် ပတ်သက်၍ ဆာပီကို မသိသေးသော အချက်တစ်ခုမှာ သူ ပြောင်းရွှေ့တာဝန်ကျမည့် နယ်မြေကို ဦးစီးကွပ်ကဲရသော တပ်မှူးသည် ရှယ်ရီဒင် ဖြစ်သည်ဟုသော အချက်ပင်ဖြစ်သည်။

ရှယ်ရီဒင်သည် ဒု–ရဲမှူးအဆင့်မှ ရဲမှူးကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခြင်းခံရပြီး အဆိုပါ မင်ဟက်တန် ရပ်ကွက်သို့ တာဝန်ဖြင့် ရောက်လာခြင်းဖြစ်လေသည်။

သို့ရာတွင် ဆာပီကိုအနေဖြင့် ရှယ်ရီဒင်ကို ယခင် ဆက်ဆံခဲ့ဖူးသည့် အတွေ့အကြုံအရ လုံးဝ အထင်မကြီးမိချေ။

မည်သို့ပင်ဖြစ်စေ ပြောင်းရွှေ့ခံရသည့် မင်ဟက်တန် မြောက်ပိုင်းနယ်မြေသို့ တာဝန်ဝတ္တရား စတင်ဆောင်ရွက်ရန် သတင်းပို့သွားသောအခါ သူ၏ မိတ်ဆွေ အရပ်ဝတ်ရဲက ကြိုတင်သတင်းပေးထားသည့်အတိုင်း မှန်ကန်ကြောင်း တွေ့ရလေသည်။

ထိုနယ်မြေရှိ အရပ်ဝတ် ရဲများ၏ရုံးသို့ ဆာပီကို သွားချိန်တွင် အခြားတပ်ဖွဲ့ဝင်များက သူ့အား လုံးဝဂရုလည်းမစိုက်၊ နှုတ်ဆက်စကား ပြောခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပင်မပြဘဲ လျစ်လျူရှုနေကြလေသည်။

တနည်းအားဖြင့် သူ့အား ကျန်လူများက မည်သို့မှ စိတ်မဝင်စားသလို ခပ်တည်တည် နေကြလေသည်။

နောက်များမကြာမီ မိမိအား အခြား ရဲတပ်ဖွဲ့ဝင်များက မည်မျှ မုန်းတီး စက်ဆုပ်နေကြကြောင်းကို လက်တွေ့သိရှိရသော ဖြစ်ရပ်တစ်ခု ရင်ဆိုင် တွေ့ကြုံရလေတော့သည်။

တစ်နေ့တွင် ဆာပီကိုသည် ရုံးခန်းအတွင်း တစ်ယောက်တည်း ရပ်နေ ၍ အိုင်ယာလန်လူမျိုးအနွယ် ဖြစ်ဟန်တူသော အရပ်ဝတ် ရဲတစ်ဦးက မျက်နှာထားတင်းတင်းဖြင့် ချဉ်းကပ်လာလေသည်။

ဆာပီကို ရပ်နေရာမှ သုံးပေခန့်အကွာသို့ရောက်လျှင် ထိုလူသည် ကုတ်အင်္ကျီအိတ်ထဲမှ မောင်းချဓားတစ်လက်ကို ဆွဲထုတ်ယူလိုက်သည်။

ဓားကိုတော့ အသွားဖွင့်မထားဘဲ ပိတ်ထားသည်။

အခြားရဲများကလည်း ပွဲကြီးပွဲကောင်းတစ်ခု ကြည့်ရတော့မည်ဟု စိတ်ဝင်စားဟန်ဖြင့် ကြည့်နေကြသည်။ အိုင်ယာလန်လူမျိုး အရပ်ဝတ်ရဲသည် မောင်းချဓားမှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ငါးလက်မခန့်ရှိ ဓားသွားသည် ဖြတ်ကနဲ ပွင့်ထွက်လာလေသည်။

"ဟေ့ မင်းလိုကောင်မျိုးတွေကို ဘယ်လိုဆုံးမရမယ်ဆိုတာ ငါတို့ နားလည်တယ်ကွ"

ပြောပြောဆိုဆို ထိုလူသည် ဓားမြှောင်အသွားကို ချိန်လိုက် ချဉ်းကပ် လာရာ ဆာပီကိုသည် အန္တရာယ်ကို ရိပ်မိသဖြင့် ချက်ချင်းပင် ပြန်လည်ခုခံ ရန် အဆင်သင့်ပြင်ထားလိုက်သည်။

ကျန် ရဲတပ်ဖွဲ့ဝင်များ ပဲဝကြည့်ပရိသတ်သဖွယ် ဝိုင်းကြည့်နေကြပုံကို မြင်လျှင် ဆာပီကိုမှာ ရဲစခန်းရုံးပေါ်၌ ဤဖြစ်ရပ်မျိုး ကြုံတွေ့ရခြင်းသည် ယုံနိုင်စရာမရှိအောင် အံ့သြဖွယ်ပါတကားဟု အောက်မေ့မိလေသည်။

ထိုထက်ပို၍ ဆာပီကိုသည် စဉ်းစားချိန် အချိန်မရပေ။

ဓားမြှောင်တဝင့်ဝင့်နှင့် ချဉ်းကပ်လာသူအား ခုခံကာကွယ်ရန်က အရေး ကြီးနေသဖြင့် စိတ်ကို စူးစိုက်ကာ အလစ်မပေးမိအောင် သတိထား၍ ကြည့် နေလိုက်သည်။

ထိုအခိုက် ဓားကိုင်သူ ရဲ၏လက်က လှုပ်ရှားစပြုရာ လူချင်းတိုက်ခိုက်



မှု အလေ့အကျင့်နှင့် အတွေ့အကြုံ ဝါရင့်သူ ဆာပီကိုကလည်း စက္ကန့်ပိုင်း အတွင်း လျှင်မြန်ဖျတ်လတ်စွာ လှုပ်ရှားလေတော့သည်။

သူ၏ ဘယ်ဘက်လက်ဝါးစောင်းဖြင့် ကာရာတေး သိုင်းပညာအရ ခုတ်သလို ထိုလူ၏ လက်ကောက်ဝတ်ကို တအားခုတ်လိုက်သည်။

ပြင်းစွာ နာကျင်ခြင်းဒဏ်ကို မခံနိုင်သဖြင့် ထိုလူ၏လက်မှ ဓားသည် သည်း ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားတော့သည်။

တဆက်တည်းမှာပင် ဆာပီကိုသည် ညာဘက်လက်ဝါးဖြင့် ထိုလူ၏ ညာလက်ဝါးကို ဖမ်းဆုပ်ညှစ်ပြီး လိမ်ချိုးလိုက်သည်။ ကိုယ်ခံသိုင်းပညာဖြင့် လိမ်လိုက်ခြင်းဖြစ်ရာ ထိုလူ၏ ခန္ဓာကိုယ်တစ်ခုလုံး ပတ်ချာလည်၍ လိုက်လာ သည်။

ဆာပီကိုက ဖမ်းချုပ်ဆွဲလှည့်ရာသို့ မလိုက်ပါက ထိုလူ၏လက်မှာ အရိုးများ ကျိုးသွားရန် သေချာနေပေသည်။

ဆာပီကိုသည် ထိုလူ၏လက်ကို ဆက်၍ လိမ်ချိုးရင်း ခပ်ကြမ်းကြမ်း တွန်းချလိုက်သည်။

အရပ်ဝတ်ရဲသည် နာကျင်လွန်း၍ ဟစ်အော်ညည်းညူလျက် ကြမ်းပြင် ပေါ်တွင် လေးဘက်ထောက် ကျနေရာ စောစောက လွတ်ကျသွားသော မောင်းချဓားက သူ၏ လက်နားတွင် ရှိနေလေသည်။

ဆာပီကိုလည်း လျှင်မြန်ဖျတ်လတ်စွာ ရှေ့သို့တိုးသွားပြီး အသင့်ပါ သော သူ၏ အော်တိုမက်တစ် (မောင်းပြန်) ပစ္စတိုသေနတ်ကို ထုတ်ယူကာ ထိုလူ၏ ဦးခေါင်းနောက်နားသို့ တေ့ချိန်ထားလိုက်သည်။

"ဟေ့ကောင်၊ မင်း နည်းနည်းလေးလှုပ်ရှားတာနဲ့ သေနတ်မောင်းကို ဖြုတ်လိုက်မယ်"

ဤသို့ လေသံတင်းတင်းဖြင့် ပြောလိုက်သောအခါ ကြမ်းပြင်ပေါ် လေးဘက်ထောက်နေသူ အရပ်ဝတ်ရဲသည် တုတ်တုတ်မျှမလှုပ်ဘဲ လုံးဝငြိမ် သက်နေလေသည်။

နာကျင်ခြင်း၊ အံ့အားသင့်တုန်လှုပ်ခြင်းတို့ကြောင့်လည်း ထိုလူသည် လုံးဝ စကားမပြောနိုင်ဘဲ ဖြစ်နေသည်။

ဆာပီကိုသည် ပစ္စတိုသေနတ်ကို ဆက်ချိန်ထားရင်း အခန်းတွင်း၌ ကျန်လူများဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက လှောင်ပြောင်သရော်ပြီး တဘက်သတ် အနိုင်ရသည့်ကြည့်နေပုံမျိုး အလျှင်းမရှိတော့ဘဲ အားလုံးပင် အံ့အားသင့်ကာ ငေးကြည့်နေကြသည်။

ဆာပီကို ကိုင်ထားသော ပစ္စတိုသေနတ်မှာ ရဲတပ်ဖွဲ့ဝင်များ ကိုင်နေကျ ပွိုင့် ၃၈ ခြောက်လုံးပြူးမျိုး မဟုတ်သဖြင့် ရဲတစ်ဦးက မရဲတရဲနှင့်–

"အဲဒါ ပွိုင့် ၄၅ သေနတ်လား"

ဟု မေးလေသည်။

"မဟုတ်ဘူး၊ ဒါက ၉ မီလီမီတာ သေနတ်"

ဆာပီကိုက ခပ်တည်တည် ပြန်ပြောလိုက်ရာ ထိုလူသည် ပို၍ပင် အံ့အားသင့်သွားသည်။

"ဒါဖြင့် အဲဒါက နောက်ပေါ်တဲ့ ဘရောင်းနင်အော်တိုမက်တစ် ပစ္စတိုပေါ့၊ ကျည်ဆန်ဘယ်နှစ်တောင့်ပါသလဲ"

"ဆယ့်လေးတောင့်"

"ဟင်... ဆယ့်လေးတောင့်တောင်လား၊ ဘာကြောင့် ဆယ့်လေးတောင့်တောင် လိုရသလဲ"

"ဒီအခန်းထဲမှာ လူဘယ်နှစ်ယောက်ရှိသလဲ"

ဆာပီကိုက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သောအခါ ထိုလူသည် သိသိသာသာ မျက်နှာပျက်သွားသည်။

"ဟာဗျာ၊ ကျုပ်တို့က ခင်ဗျားအပေါ် နောက်ပြောင်ကျီစားနေတာပါ"

"သြော်... ဟုတ်လား၊ ကျုပ်ကလည်း အပျော်သဘော ကျီစားတာပါဗျ"

လှောင်ပြောင်သရော်သလို ပြောရင်း ဆာပီကိုသည် နောက်သို့ပြန်လှည့်လိုက်သည်။

စောစောက မောင်းချဓားဖြင့် တိုက်ခိုက်ရန် ကြိုးစားခဲ့သူ အရပ်ဝတ်ရဲသည်မျက်နှာတွင် သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်လျက် ဆာပီကိုအား လှမ်း၍–

"ကျွန်တော်က အလကားသက်သက် နောက်တာပါ"

ဟု တုန်လှုပ်ချောက်ချားသည့် လေသံဖြင့်ပြောပြီး အခန်းတွင်းမှ သုတ်သီးသုတ်ပျာ ထွက်သွားတော့သည်။

တစ်ခန်းလုံး အခြေအနေမှာ တင်းမာလျက်ရှိရာ အရပ်ဝတ်ရဲ နောက်



တစ်ဦးက ဆာပီကိုအား–

"ကိုင်း... ခင်ဗျားက လူသစ်ဆိုတော့ ကော်ဖီသောက်ကြတဲ့အခန်း လိုက်ပြပါ့မယ်"

ဟု ပြောလေသည်။

* * *

တပ်မှူး ရဲမှူးကြီး ရှယ်ရီဒင်သည် ဆာပီကိုအား တာဝန်ချထားရာ ဘွင်အမှတ် ၁၈ စခန်းနှင့် ၅၄ လမ်းအကြား ပြည့်တန်ဆာ နှိမ်နင်းရေးတပ်ဖွဲ့သို့ တာဝန်ချထားလိုက်လေသည်။

ဆာပီကို၏ စိတ်ထဲ၌ 'ငါ့ကို တမင်သက်သက် နှိမ်တာပဲ၊ အောက်တန်းကျလှတဲ့ ပြည့်တန်ဆာနှိမ်နင်းရေးမှာ တာဝန်ချလိုက်တာက နှိမ်ကြောင်းသိသာလွန်းတယ်"ဟု သဘောပေါက်မိလေသည်။

အခြားရဲအများစုကမူ ယင်းအလုပ်တာဝန်ကို သဘောကျကြလေသည်။

ရဲများအနေဖြင့် ဖမ်းဆီးရမည့်အမှု ခွဲတမ်းမှာ အနည်းဆုံး တစ်ညလျှင် ရဲတစ်ဦးက တရားခံတစ်ယောက်တော့ ဖမ်းမိရမည်ဟု ဆိုသည်။

စည်းကမ်းဥပဒေအရ ပြည့်တန်ဆာများအား ဖမ်းဆီးရန်အတွက် ကာယကံရှင် မိန်းကလေးတစ်ဦးသည် လမ်းသွားလမ်းလာ ယောကျာ်းများထံ ချဉ်းကပ်၍ ပျော်ပါးရန် သွေးဆောင်မြှူဆွယ်ရမည်။ အခကြေးငွေလည်း တောင်းရမည်။ ဒါမှသာ ဖမ်းဆီးရမည်ဟု ဆိုသည်။

သို့သော် တာဝန်ကျ အရပ်ဝတ်ရဲအများစုသည် အဆိုပါ ဥပဒေစည်းကမ်းကို လျစ်လျူရှုထားလေ့ရှိကြသည်။

ညဘက် မှောင်ရိပ်ခို လျှောက်လေ့ရှိသော ပြည့်တန်ဆာများကို ရုပ်သွင်ကြည့်၍ သိကြပြီးဖြစ်၍ ပထမဆုံးတွေ့သည့် မိန်းကလေးကိုသာ ဖမ်းဆွဲလေ့ရှိကြသည်။ စခန်းရုံးရောက်၍ တိုက်ချက်ဖွင့်သည့် ပုံစံစာရွက်တွင်ရေးဖြည့်ရတော့မှသာ လိုအပ်ချက်များကို ကြံဖန်ရေးထည့်လေ့ရှိသည်။ ဤနည်းအားဖြင့် တစ်ညတာအဖို့ ဖမ်းဆီးမှုခွဲတမ်း ပြည့်ပြီဖြစ်၍ အလုပ်တာဝန် ပြီးစီးသွားနိုင်ကြသည်။

စင်စစ်အားဖြင့် ယင်းနည်းသည် ဝတ်ကျေဝတ်ကုန် တာဝန်ထမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသာဖြစ်သည်။

ညဘက်တွင် ရဲက ဖမ်းဆွဲခဲ့သော မိန်းကလေး ကိုးဆယ်ရာခိုင်နှုန်း နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် သက်ဆိုင်ရာ သူတို့၏ဆရာ၊ သို့မဟုတ် ခေါင်းက ခပ်တည်တည် စခန်းသို့လာပြီး အာမခံဖြင့် ထုတ်သွားကာ နောက် တစ်နေ့ညဘက်တွင် မူလလုပ်နေကျအတိုင်း အလုပ်ပြန်လုပ်နေကြတော့သည်။

ထိုအခြေအနေကို လေ့လာသိရှိပြီးနောက် ဆာပီကိုသည် ဆုံးဖြတ်ချက် တစ်ခု ချလိုက်လေသည်။

သူ့အနေဖြင့် အခြားရဲများလို ပထမဆုံးတွေ့သည့် မိန်းကလေးကို မဖမ်းဘဲ စည်းကမ်းဥပဒေအရ သတ်မှတ်ထားသော အချက်များနှင့် ကိုက်ညီမှ ဖမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။ ယင်းသို့ လုပ်ခြင်းအားဖြင့် အခြားသူများက တစ်ညတစ်ယောက် ဖမ်းမိချင်မှ ဖမ်းနိုင်မည်။ အချိန် ကြာချင်ကြာမည်။ သို့သော် ကိစ္စမရှိ။ သတ်မှတ်ထားသည့် စည်းကမ်းနှင့် ကိုက်ညီမှသာ ဖမ်း မည်ဟု ရည်ရွယ်ထားသည်။

ထိုအတောအတွင်း ဆာပီကိုသည် ကင်းလှည့်ရာတွင် ရုပ်ဖျက်၍ သွား၊လာရန် စိတ်ကူးရသဖြင့် ရုပ်ဖျက်ရန်အတွက် မိတ်ကပ်အလှပြင်သည့် ပစ္စည်းများ၊ ဦးထုပ်အမျိုးမျိုး၊ တုတ်ကောက်အမျိုးမျိုး၊ မျက်မှန်ကိုင်း အမျိုး မျိုးကိုပါ ရှာဖွေစုဆောင်းထားလိုက်သည်။ သူ၏ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေး ကိုလည်း ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်အောင် မကြာခဏ ကတ်ကြေးဖြင့်ညှပ်၍ ပြောင်းလဲလေ့ရှိသည့်အပြင် ဆံပင်ကိုလည်း အရောင်အမျိုးမျိုး ဖြစ်စေရန် ဆံပင်ဆိုးဆေး အရောင်သုံးလေးမျိုးကိုပါ ဆောင်ထားလေသည်။

ထို့ပြင်မကသေး ကင်းလှည့်ရင်း သောက်ရန် ဆေးတံပုံအမျိုးမျိုးကိုလည်း ဆောင်ထားလိုက်လေသည်။

ဤသို့လျှင် ဆာပီကိုသည် ရုပ်ဖျက်ကာ အသွင်အမျိုးမျိုးဖြင့် ညဘက် တွင် ကင်းလှည့်လေ့ရှိသည်။ သူ့ကိုယ်သူလည်း မည်သူမည်ဝါဟု နာမည်အမျိုး မျိုး သုံးလေ့ရှိသည်။

တစ်ခါတရံ ဂျာမနီပြည်၊ မြူနစ်မြို့ ဘီယာရောင်းသူ နယ်လှည့်ကိုယ် စားလှယ် ပက်စ်ဆိုသူအဖြစ် လည်းကောင်း၊ တစ်ခါတရံ စပိန်ပြည် မာဒရစ် မြို့မှ စက်မှုလုပ်ငန်းရှင်ကြီး ကာလော့စ်ဆိုသူဖြစ်လည်းကောင်း၊ လန်ဒန်မြို့ အင်္ဂလိပ်လူမျိုး ဝက်လုံတော်ရ မစ္စတာ လူဝစ်လင်ဆိုသူအဖြစ်လည်းကောင်း



အမျိုးမျိုး ကြော်ငြာလျက် တာဝန်ကျရာ ရပ်ကွက်တွင် လှည့်လည် ကျက်စား ခဲ့လေသည်။

ယင်းသို့ ရုပ်ဖျက်၍ သွားလာပါသော်လည်း တဖြည်းဖြည်းနှင့် သူ၏ မုတ်ဆိတ်ရှည်ကို သတိပြုမိလာကြပြီး မိန်းကလေးများသည် သူ့အား အဝေးမှ မြင်ရုံနှင့် မှတ်မိပြီး ထွက်ပြေးလေ့ရှိရာ ဆာပီကိုလည်း သူ အလွန်မြတ်နိုး သော မုတ်ဆိတ်ကို ရှည်ရှည်မထားဘဲ ရိတ်ပစ်ရတော့မည်ဟု တွေးမိလေသည်။

ပြည့်တန်ဆာများ နှိမ်နင်းဖမ်းဆီးရေးတာဝန် ထမ်းဆောင်စဉ် သူ၏ အော်တိုမက်တစ် ပစ္စတိုသေနတ်၊ သို့မဟုတ် ရဲတပ်ဖွဲ့၏ ပွိုင့် ၄၅ ခြောက်လုံး ပြူးသေနတ်ကို ကိုင်ဆောင်၍ မဖြစ်နိုင်ချေ။ မိန်းကလေးများကလည်း အလွန် လျင်နပ်ကြသဖြင့် လူတစ်ယောက်အနီးသို့ ချဉ်းကပ်လာသောအခါ ထိုလူသည် ရုပ်ဖျက်ထားသော ရဲဟုတ်မဟုတ် သေချာစေရန် လူချင်းထိအောင် ပူးကပ်လျက် လက်နက်တစ်စုံတစ်ရာ ပါ၊မပါ စုံစမ်းလေ့ရှိကြသည်။

သို့သော် လက်နက်အလျှင်းမပါ၍လည်း မဖြစ်ပေ။

အချို့ ပြည့်တန်ဆာများသည် ဖြားယောင်းမြူဆွယ်ရုံမက ရုံဖန်ရံခါ လမ်းသွားလမ်းလာများအား ဓားထောက်၍ လုယက်လေ့ရှိသောကြောင့်ပင်ဖြစ် သည်။

ထို့ကြောင့် ဆာပီကိုသည် ၆ မီလီမီတာ ပစ္စတိုငယ်တစ်လက်ကို ဝယ်ယူပြီး သူ၏ အတွင်းခံဘောင်းဘီထဲသို့ဝှက်၍ ကိုင်ဆောင်လေသည်။

ဤနည်းအားဖြင့် သူ့ကိုယ်တွင် လက်နက်ပါကြောင်း မည်သူမှ အလွယ်တကူ မရိပ်မိနိုင်တော့ချေ။

ပစ္စတိုသေနတ် ကိုင်ဆောင်ခြင်း အကျိုးကျေးဇူးကို များမကြာမီ ကိုယ်တွေ့ သိရှိရလေသည်။

တစ်ညတွင် မိန်းကလေးနှစ်ယောက်က သူ့အား မြူဆွယ်ဖြားယောင်း ပြီး ခေါ်လေရာ ဆာပီကိုသည် ဖောက်သည်တစ်ဦးဟန်ဆောင်၍ သူတို့ခေါ်ရာ ဟိုတယ်အခန်းတစ်ခန်းသို့ လိုက်သွားလေသည်။

အခန်းတွင်းရောက်၍ တံခါးပိတ်လိုက်ပြီးသည်နှင့် မိန်းကလေးနှစ်ဦး သည် လက်ကိုင်အိတ်ထဲမှ ဓားမြှောင်ကိုယ်စီထုတ်၍ ပါသမျှငွေကို ခြိမ်းခြောက် တောင်းကြလေတော့သည်။

ဆာပီကိုလည်း ဣန္ဒြေမပျက်ပြုံး၍–

www.burmeseclassic.com

www.burmeseclassic.com



"ငွေလိုချင်ရင် ရပါတယ်ကွာ၊ လောလောဆယ်တော့ မပျော်ရဘူးလား"

ဟု ပြောပြောဆိုဆို ဘောင်းဘီချွတ်မယောင်လုပ်ပြီး သူ၏ ပစ္စတိုသေနတ်ကို လျှင်မြန်စွာ ဆွဲထုတ်ကာ ချိန်ရွယ်ထားလိုက်ရသည်။

သေနတ် အရွယ်ပမာဏက ငယ်သဖြင့် မိန်းကလေးတစ်ဦးက–

"အဲဒါဘာလဲ၊ ဆေးလိပ်မီးညှိတဲ့ ဓာတ်မီးခြစ် သေနတ်လား"

ဟု သရော်သလို ပြောသည်တွင် ဆာပီကိုက ခုတင်ပေါ်ရှိ ခေါင်းအုံးထဲသို့ သေနတ်တစ်ချက် ပစ်ပြလိုက်ရသည်။

သည်တော့မှ မိန်းကလေးနှစ်ယောက်လည်း လန့်သွားပြီး အဖမ်းခံလေတော့သည်။

တစ်ခါတရံ မိမိအား ပရိယာယ်ဖြင့် ချဉ်းကပ်စုံစမ်းတတ်သော ပြည့်တန်ဆာမျိုးကိုလည်း တွေ့ရတတ်သည်။

တစ်ခါသော် ဘားအရက်ဆိုင်တစ်ဆိုင်၌ ပြည့်တန်ဆာနှင့်တူသော မိန်းကလေးတစ်ဦး တွေ့ရသဖြင့် ဆာပီကိုသည် နိုင်ငံခြားခရီးသွား ဧည့်သည်တစ်ဦးဟန်ဖြင့် ချဉ်းကပ်သွားလေသည်။

ဆာပီကိုက အင်္ဂလိပ်စကားကို ပြင်သစ်သံဝဲဝဲဖြင့် လုပ်ပြောရာ မိန်းကလေးသည် ချက်ချင်း စိတ်ဝင်စားဟန်ဖြင့် အနားသို့ ကပ်လာလေသည်။

"ဒီမယ်၊ ရှင်က ဘယ်နိုင်ငံက လာတာလဲဟင်"

"ဩော် ကျုပ်က ဘယ်လ်ဂျီယံနိုင်ငံကပါ"

(ဘယ်လ်ဂျီယံနိုင်ငံတွင် ပြင်သစ်ဘာသာစကား အသုံးပြုသဖြင့် ဆာပီကိုက ပြင်သစ်သံဝဲဝဲဖြင့် ပြန်ပြောလိုက်သည်။)

"ရှင် ကျွန်မကို တစ်ခုခုသောက်ဖို့ ဝယ်မတိုက်ဘူးလားဟင်"

မိန်းကလေးက ညုတုတုဖြင့်ပြောရာ ဆာပီကိုကလည်း တကယ့် နိုင်ငံခြားသား ဧည့်သည်တစ်ဦးဟန်ဖြင့်–

"တိုက်ချင်ပါတယ်ဗျာ၊ မှာချင်တာ မှာသောက်ပါ"

ဟု ပြောလိုက်သည်။

မိန်းကလေးသည် ဘရမ်ဒီနှစ်ခွက် မှာသောက်လိုက်ပြီးနောက် ဆာပီကိုနှင့် ဆက်စကားပြောလေသည်။

"ရှင်က ဘယ်လ်ဂျီယံပြည်ကဆိုတော့ ပါလေဗူးဖရန်ဆေး"

နောက်ဆုံးစကားကို မိန်းကလေးက ပြင်သစ်ဘာသာစကားဖြင့် မေးလိုက်ရာ ဆာပီကိုလည်း



"ဝီး၊ ဂျိုပါ လ် ဖရန်ဆေး"ဟု ပြင်သစ်ဘာသာဖြင့်ပင် စကားတတ်ခကြောင်း ပြောလိုက်ပြီးမှ–

"ဒါထက် မင်းက ဘယ်လိုလုပ်ပြီး ပြင်သစ်စကား တတ်နေတာလဲ"

ဟု အံ့ဩဟန်ဖြင့် မေးလိုက်သည်။

"ကျွန်မက ပြင်သစ်စကားပြောတဲ့ ကနေဒါနိုင်ငံ ဇာတိဖြစ်တယ်ရှင့်၊ နေပါဦး ရှင်က ဘယ်လ်ဂျီယံနိုင်ငံသားဆိုတော့ အခုလို ခရီးထွက်တဲ့အခါ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) လည်း ရှိမှာပေါ့"

"ရှိတာပေါ့ကွယ်၊ ဟောဒီမယ်"

ပြောပြောဆိုဆို ဆာပီကိုသည် အသင့်ဆောင်ထားသော ဘယ်လ်ဂျီယံ ပတ်စ်ပို့အတုကို ထုတ်ပြလိုက်သည်။

မိန်းကလေးသည် ပတ်စ်ပို့စာအုပ်ကို သေချာစွာ ဖွင့်ကြည့်နေရာ ဆာပီကိုက သဘောမကျဟန်ဖြင့် မေးခွန်းထုတ်လေသည်။

"ကျုပ်ရဲ့ ပတ်စ်ပို့ကို မဆိုင်သူတွေက တောင်းကြည့်တာကို သဘောမတွေ့ဘူး၊ မင်းက ဘာဖြစ်လို့ ကြည့်ချင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ ရုပ်ဖျက်ထားတဲ့ ရဲအရာရှိ ဟုတ်မဟုတ် သိချင်လို့ပဲ"

"ဩော်... ဒါလား၊ ကျုပ်က ရဲမဟုတ်ပါဘူးကွဲ့"

"ဒါဖြင့်လည်း ကောင်းပါတယ်၊ ရှင် ကျွန်မကို တစ်နေရာရာကို ခေါ် မသွားချင်ဘူးလားဟင်"

မိန်းကလေးက ညုတုတုလေသံဖြင့် မြူဆွယ်လေတော့သည်။

"ခေါ်သွားချင်တာပေါ့ကွယ်"

"ဒါဖြင့် ဒေါ်လာငွေ တစ်ရာကျမယ်"

"ဟ ဒေါ်လာတစ်ရာတောင်မှဆိုတော့ မများလွန်းဘူးလားကွဲ့"

"ဒါတော့ အဖိုးတန်ပစ္စည်းကို ဈေးကြီးကြီး ဝယ်ရတဲ့သဘောပဲရှင့်"

နောက်ဆုံး ဈေးတည့်သွားကြသဖြင့် နှစ်ယောက်သား ဟိုတယ်တစ်ခုသို့ သွားရန် တက္ကစီကားတစ်စီး ငှားစီးကြလေသည်။

ထိုအချိန်အထိ ဆာပီကိုသည် နိုင်ငံခြားသားပီပီ စကားကို ပြင်သစ်သံဝဲဝဲဖြင့် ပြောခဲ့ရာ ယခုလည်း ပြုံး၍–

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း… အခုအချိန်အထိ ဟန်ဆောင်ရတာတော့ ဝမ်းနည်းပါတယ် ငါဟာ မင်းစိုးရိမ်တဲ့အတိုင်း ရဲအရာရှိတစ်ဦးဖြစ်တယ်၊ အခု ငါက မင်းကို ဖမ်းရလိမ့်မယ်"

ပြင်သစ်သံဝဲဝဲနှင့်ပင် ပြောလိုက်သည်။

မိန်းကလေးသည် ရုတ်တရက် အံ့အားသင့်လျက် ကြောင်သွားပြီးမှ သက်ပြင်းချလိုက်သည်။

"ရှင်က တော်တော့်ကို ညစ်ပတ်တာပဲကိုး၊ ဒါပေမဲ့ ရှင်ဟာ တကယ် ငနဲဘယ်လို့ ဆိုရမယ်"

* * *

ရက်သတ္တတစ်ပတ်ခန့် တာဝန်ထမ်းဆောင်ပြီးနောက် ဆာပီကိုက အပန်းဖြေ အနားယူလိုပါသည်ဟု အကြောင်းပြကာ လုပ်သက်ခွင့်ယူလိုက်လေသည်။

ထိုအတောအတွင်း ဂျူရီလူကြီးများက ပါဝင်သော အထူးခုံရုံး၏ စီရင်ချက် ထွက်လာလေသည်။ စီရင်ချက်တွင် အရပ်ဝတ်ရဲ ရှစ်ဦးအား ပြစ်မှုထင်ရှား၍ အပြစ်ပေးထားရာ ယင်းတို့အနက် ရောဘတ်၊ ရူမာတိုနှင့် ပါရက်တီတို့ ပါဝင်လေသည်။

ရိုးသားဖြောင့်မတ်သော ရဲတပ်ဖွဲ့ဝင်အဖြစ် မိမိက ဖော်ကောင်လုပ်လိုက်ခြင်းကြောင့် ရှေ့အဖို့ ကျန်ရဲများ၏ မုန်းတီးမှုခံရရုံမက အသက်အန္တရာယ်ပင် စိုးရိမ်ရတော့မည်ဟု ဆာပီကိုက ချက်ချင်းတွေးမိလိုက်သည်။

လောလောဆယ်အားဖြင့် ခွင့်ရသဖြင့် စိတ်ပြေလက်ပျောက်ရှိရန် ဆာပီကိုသည် ဥရောပတိုက်သို့ ခရီးထွက်ခဲ့လေသည်။

သူသည် ဆွစ်ဇာလန်နှင့် ဩစတြီးယားနိုင်ငံများသို့ ခေတ္တဝင်လည်ပြီးနောက် အီတလီပြည် နေပယ်လ်မြို့အနီးသို့ သူ့မိဘများ၏ ဆွေမျိုးများထံသို့ သွားရောက်လည်ပတ်လေသည်။

အီတလီမှတဆင့် စပိန်ပြည်သို့ ဆက်လက်ထွက်ခွာခဲ့လေသည်။

စပိန်ပြည် မာဒရစ်မြို့ရှိ ဆိုင်တစ်ဆိုင်၌ ခလုတ်နှိပ်လိုက်လျှင် ဓားသွားတိုက်ရိုက်ထွက်လာသော ဓားမြှောင်တစ်လက်ကို သူ၏ ကိုယ်ခံလက်နက်



အဖြစ် ဆောင်ထားရန်အတွက် ဝယ်ယူမည်ဟု စိတ်ကူးမိသော်လည်း နောက်တစ်နေ့နံနက်စောစော လန်ဒန်မြို့သို့ လေယာဉ်စီးရသဖြင့် ဓားမြှောင်ဝယ်ရန် အချိန်မရလိုက်ချေ။

လန်ဒန်မှတဆင့် နယူးယောက်မြို့သို့ တိုက်ရိုက်ပျံသန်းသော ဂျက်လေယာဉ်ဖြင့် လိုက်ပါလာခဲ့လေသည်။

နယူးယောက်မြို့ လေဆိပ်တွင် အကောက်ခွန်အရာရှိများက ဆာပီကို၏ ပစ္စည်းများကို သာမန်ထက်ပို၍ ရှာဖွေနေကြသဖြင့် စိတ်မရှည်နိုင်ဘဲ–

"ကျုပ်က အစိုးရဝန်ထမ်းတစ်ယောက်ပါ"

ဟု ပြောလိုက်ရသည်။

"ဘယ်ဌာနကလဲ"

"နယူးယောက်မြို့ ရဲတပ်ဖွဲ့ကပါ"

ပြောပြောဆိုဆို သူ၏ ရဲတပ်ဖွဲ့မှတ်ပုံတင်ကတ်ပြားကို ထုတ်ပြလိုက်သည်။

သို့ရာတွင် အကောက်ခွန်အရာရှိသည် ကျေနပ်ပုံမရဘဲ

"ခဏနေဦး"

ဟုပြောကာ သူ၏ အထက်အရာရှိတစ်ဦးထံ လျှောက်သွား၍ တီးတိုးဘိုင်ပင်ပြီးနောက် ဆာပီကို၏ သားရေသေတ္တာနှစ်လုံးကို ဖွင့်ခိုင်းလေသည်။

ဆာပီကိုသည် စိတ်ထဲမှ အောင့်သက်သက်ဖြစ်မိသော်လည်း စကားမရှည်သို့၍ သေတ္တာနှစ်လုံးကို အထူးစေ့စပ်သေချာစွာ မွှေနှောက်ရှာဖွေကြတော့သည်။

ကန့်ကွက်ဖွယ်ရာပစ္စည်း တစ်စုံတရာ မတွေ့ရတော့မှ အကောက်ခွန်အရာရှိတစ်ဦးက–

"ခင်ဗျား ဟိုဘက်ခန်းကို ခဏလိုက်ခဲ့ပါ"

ဟုပြောပြီး အခြား အရာရှိနှစ်ဦးရှိနေသော အခန်းတစ်ခန်းသို့ ခေါ်သွားပြန်သည်။

အခန်းတွင်းသို့ရောက်လျှင် ဆာပီကို၏ ခန္ဓာကိုယ်တွင် ရှာဖွေလိုပါသေးသည်ဆိုကာ အဝတ်အစားများကို ချွတ်ခိုင်းလေသည်။

ဆာပီကိုသည် ဒေါသထွက်လာပြီး ဆူပူကန့်ကွက်ရန် စိတ်ကူးမိသော်လည်း ယခု မိမိအား အထူးတလည် ရှာဖွေခြင်းသည် အကြောင်းရှိရမည်ဟု ဆွေးမိပြန်သဖြင့် ဆုံးခန်းတိုင်ရောက်အောင် စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အကောက်ခွန်အရာရှိများ ပြောသလို အဝတ်အစားများချွတ်၍ ရှာဖွေခံလိုက်သည်။

သူ၏စိတ်ထဲတွင်ကား သူ၏ကိုယ်၌ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ တွေ့မည်အထင်ဖြင့် ရှာဖွေနေခြင်းပေလောဟု တွေးမိလိုက်သည်။

လန်ဒန်မြို့မှာရှိစဉ်က သူဝယ်ခဲ့သော တရုတ်လက်ဖက်ခြောက်ထုတ်ငယ် တစ်ထုပ်ကိုတွေ့သော် အကောက်ခွန်အရာရှိသည် ဝမ်းသာအားရဟန်ဖြင့် ဖွင့်ဖောက်ကြည့်ကြလေသည်။

သို့သော် အထုပ်တွင်း၌ "တကယ့် လက်ဖက်ခြောက်အစစ်မှလွဲ၍ ဘာမှမပါကြောင်း တွေ့ရသောအခါ အကောက်ခွန်အရာရှိများသည် မျက်နှာ ပျက်သွားကြပြန်သည်။

နောက်ဆုံး၌ အကောက်ခွန်အရာရှိများက ဘာမှ ကန့်ကွက်စရာမရှိကြောင်းပြောပြီး 'သွားနိုင်ပါပြီ'ဟု ပြန်လွှတ်လိုက်လေသည်။

ဆာပီကိုသည် ဘာကြောင့် သူ့အား ယခုလို တရကြမ်း ရှာဖွေရလေသနည်းဟု သိလိုသဖြင့် ပြန်ထွက်ခါနီးတွင် အပေါက်ဝရှိ အကောက်ခွန် အရာရှိတစ်ဦးအား–

"ဒီမယ်မိတ်ဆွေ၊ ကျုပ်ကို ဘာလို့များ ဒါလောက်တောင် စေ့စေ့စပ်စပ် ရှာဖွေကြတာလဲဗျ"

ဟု မေးကြည့်လေသည်။

အကောက်ခွန်အရာရှိကလည်း ရိုးသားစွာပင် ပြန်ဖြေရှာလေသည်။

"ကျွန်တော်လည်း မသိဘူးခင်ဗျ၊ ဟိုအခန်းထဲက အရာရှိတွေကတော့ ခင်ဗျားဟာ ရဲအရာရှိတစ်ဦးဖြစ်ပြီး ခင်ဗျားအကြောင်းကို သူတို့ ကောင်းကောင်း သိတယ်လို့ပဲ ပြောပါတယ်"

ထိုအခါ ဆာပီကိုက သူသည် စပိန်ပြည် မာဒရစ်မြို့မှာရှိစဉ်က ဓားမြှောင်တစ်လက်ဝယ်ရန် စိတ်ကူးပြီးကာမှ အချိန်မရ၍ မဝယ်ဖြစ်ခဲ့ကြောင်း ပြောပြလိုက်ရာ အကောက်ခွန်အရာရှိက–

"ခင်ဗျား အဲဒီဓားကို မဝယ်ဖြစ်တာ သိပ်ကံကောင်းတယ်လို့သာ မှတ်ပါ၊ ခင်ဗျား သေတ္တာထဲမှာ ဓားမြှောင်ကိုသာ တွေ့သွားရင် ပြဿနာတက်ဖို့ သေချာတယ်ခင်ဗျ"

ဟု ပြန်ပြောလေသည်။



လေဆိပ်မှ ထွက်လာချိန်တွင် ဆာပီကိုသည် အကြောင်းအမှန်ကို ဆွေးမိလေသည်။

တိုင်းအမှတ် (၇) မှ အရပ်ဝတ်ရဲများ လာဘ်စားခြင်းကို ဖော်ကောင်သုပ်ခဲ့သည့်အတွက် မိမိအား ရဲအများစုက နည်းအမျိုးမျိုးဖြင့် တုံ့ပြန့်ကလဲ့စားချေကြရာတွင် ယခု လေဆိပ်၌ တရကြမ်း ရှာဖွေခံရခြင်းသည်လည်း ယင်းကိစ္စ၏ ဂယက်ရိုက်မှုတစ်ခု ဖြစ်ရပေမည်။

* * *

ခွင့်ရက်စေ့၍ အလုပ်ပြန်ဝင်သောအခါ ဆာပီကိုသည် မူလတာဝန်ဖြစ်သောပြည့်တန်ဆာ နှိမ်နင်းရေးအဖွဲ့တွင် ရက်သတ္တတစ်ပတ်ခန့်သာ အမှုထမ်းရပြီးနောက် မင်ဟက်တန် မြောက်ပိုင်းရပ်ကွက်၊ အရပ်ဝတ်ရဲများရုံးသို့ ပြောင်းရွှေ့ရလေသည်။

အရပ်ဝတ်ရဲများအနေဖြင့် သူ့အား သဘောမကျသော်လည်း တစ်ချိန်က မောင်းချခံရဖြင့် ခြိမ်းခြောက်သူ ရဲတစ်ဦးအား ဆာပီကိုက ပိုင်နိုင်စွာ တုံ့ပြန်ဆုံးမခဲ့ခြင်းသတင်းက ပျံ့နှံ့ကျော်ကြားနေပြီဖြစ်၍ ယခုနောက်ပိုင်း မည်သူကမှ သူ့အား ရန်မစခဲ့ကြချေ။

ဆာပီကိုကလည်း မည်သူနှင့်မှ မရောဘဲ ခပ်တည်တည် ခပ်မှန်မှန်ပင် နေလိုက်သည်။

သို့သော် ဆာပီကိုသည် သူ၏ အခြေအနေနှင့် ပတ်သက်၍ စိတ်မာတင်းကျဆင်းလျက် ရှိနေလေသည်။

အထူးသဖြင့် ဂျူးရိုလူကြီးများ ပါဝင်သော အထူးတရားခုံရုံး၏ စစ်ဆေးကြားနာချက်ကိုလည်း မကျေနပ်မိချေ။ အရပ်ဝတ် ရဲရှစ်ဦးကိုသာ အပြစ်ထင်ရှားကြောင်း စီရင်ခဲ့သည်မှာ လုံးဝ ကျေနပ်အားရဖွယ်မရှိ။ လာဘ်စားမှုကို လက်ပိုက်ကြည့်နေသူ အရာရှိကြီးများကို လုံးဝ ဖော်ထုတ်အပြစ်ပေးခြင်း မရှိခြင်းကိုလည်း စိတ်ပျက်မိလေသည်။

ထို့ပြင် မိမိအား ပြည့်တန်ဆာ နှိမ်နင်းရေးအဖွဲ့တွင် တာဝန်ချခြင်းမှာလည်း တမင်သက်သက် နှိမ်ခြင်းဖြစ်ကြောင်း ထင်ရှားလှသည်။

မိမိ သံယောဇဉ်ကြီးလှသော ရဲတပ်ဖွဲ့ကြီး သန့်ရှင်းစေရန်သည့် ဆေးတာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြိုးပမ်းအားထုတ်ခဲ့သမျှ အချည်းနှီးဖြစ်ရုံမက မိမိကသာ အနိမ့်ခံရ တကားဟု စိတ်ဓာတ်ကျမိခြင်း ဖြစ်လေသည်။

နောက်များမကြာမီ ဆာပီကိုသည် ရဲမှူးကြီး ဒီလစ်ဆိုသူနှင့် တွေ့ဆုံ ရလေသည်။

ထိုလူကား ရှယ်ရီဒင်၏ နေရာဖြစ်သော မင်ဟက်တန် မြောက်ပိုင်း ရပ်ကွက်၊ အရပ်ဝတ်ရဲတပ်ဖွဲ့များအား ဦးစီးကွပ်ကဲရသူ တာဝန်မှူးသစ်ပင် ဖြစ်သည်။

ရှယ်ရီဒယ်ကတော့ အလုပ်မှ လုံးဝနုတ်ထွက်သွားပြီးဖြစ်သည်။ နုတ်ထွက် သွားခြင်းကလည်း သူ့ကိုယ်သူ လိပ်ပြာမလုံ၍ ဖြစ်တန်ရာသည်ဟု ဆာပီကိုက ယူဆမိသည်။

တပ်မှူးသစ် ရဲမှူးကြီး ဒီလစ်သည် အရပ်အနည်းငယ်ပုသော်လည်း ဗလကောင်းပြီး တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်ဖြစ်သည်။ စကားပြောလျှင် ညင်သာသလောက် သူ၏ အညိုရောင် မျက်လုံးများက စူးရှတောက်ပြောင် နေကာ စိတ်ဓာတ်ပြင်းထန်ခြင်းသဘောကို ပေါ်လွင်စေပေသည်။

ရဲမှူးကြီး ဒီလစ်သည် ပထမအကြိမ် ဆာပီကိုအား မြင်လိုက်ချိန်တွင် ရဲအဖွဲ့ဝင်တစ်ဦးဟု လုံးဝမထင်မိချေ။

ထိုအချိန်က ဆာပီကိုသည် ဆံပင်ရှည်၊ မုတ်ဆိတ်ရှည်နှင့် ဖြစ်နေသည့် အပြင် ဝတ်စားထားပုံကလည်း စစ်ယူနီဖောင်း ရှပ်အင်္ကျီ ခပ်နွမ်းနွမ်း ဘောင်းဘီရှည် ပွပွကြီးတို့ကို ပုံမကျပန်းမကျ ဝတ်ထားလေရာ ဒီလစ်က ရဲတပ်ဖွဲ့ဝင်များအား သတင်းပေးသူ သာမန်အရပ်သား အောက်တန်းစားတစ်ဦးဟု ထင်မိလေသည်။

ထို့ကြောင့် ဒီလစ်က ရဲတပ်ဖွဲ့ဝင်များအား သတင်းပေးသူ အောက် တန်းစား လူများအား စခန်းရုံးတွင်းသို့ ပြောင်ပြောင်တင်းတင်း ဝင်ထွက်စေခြင်း မပြုရန် သတိပေးရဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့တွင်လည်း ဆာပီကိုအား ယမန်နေ့က ပုံစံအတိုင်း တွေ့ရပြန်သောအခါ ရဲမှူးကြီး ဒီလစ်က ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ခေါ်မေးကြည့် လေသည်။

ထိုအခါ အမေးခံရသူက–

"သြော်... ဒီလူက ဆာပီကို ဖြစ်ပါတယ်၊ သူလည်း အရပ်ဝတ်ရဲ



တပ်ဖွဲ့ဝင် တစ်ယောက်ပါပဲ၊ မကြာသေးခင်က ပြည့်တန်ဆာနှိမ်နင်းရေးအဖွဲ့ မှာ တာဝန်ကျတယ်"

ဟု ပြောလိုက်သည်။

ဤတွင် ဒီလစ်သည် ဆာပီကိုရှိရာသို့ လျှောက်သွားပြီး သူ့ကိုယ်သူ မိတ်ဆက်ပြောပြရင်း သူ၏ ရုံးခန်းတွင်းသို့ ခေတ္တလိုက်ခဲ့ရန် ခေါ်လေသည်။

ရုံးခန်းထဲရောက်သည်နှင့် ဒီလစ်က–

"မင်းနာမည် ဆာပီကိုဆိုတော့ တိုင်းအမှတ် ၇ မှာ လုပ်ခဲ့တဲ့ ဖရင့် ဆာပီကို ဆိုတဲ့လူနဲ့ ဆွေမျိုးတော်သလား"

ဟု မေးလေသည်။

ဆာပီကိုမှာ ထိုမေးခွန်းကြောင့် အံ့သြမိရာမှ မိမိအား နောက်ထပ် နှိမ်လေဦးမည်လောဟု တွေးမိသော်လည်း မျက်နှာထားတည်တည်ဖြင့်–

"တိုင်းအမှတ် ၇ က ဖရင့်ဆာပီကိုဆိုတာ ကျွန်တော်ပါပဲ ခင်ဗျာ"

ဟု ပြောလိုက်သည်။

ရဲမှူးကြီးဒီလစ်သည် ချက်ချင်း ထိုင်ရာမှထကာ ဆာပီကိုရှိရာသို့ လျှောက်လာလေသည်။

"ဒီလိုဆိုရင် မင်းကို လက်ဆွဲနှုတ်ဆက်ပြီး ချီးကျူးချင်တယ်၊ မင်းဟာ ငါတို့ ရဲတပ်ဖွဲ့ကြီး ကောင်းဖို့အတွက် ရှုပ်ရှုပ်ချွံချွံ၊ သတ္တိရှိရှိနဲ့ လုပ်ခဲ့တာကို အထူးပဲ ချီးကျူးရမယ်၊ အခု ငါ ဦးစီးကွပ်ကဲတဲ့ တပ်ဖွဲ့မှာ မင်း ရောက်လာ တာဟာ ငါ့အဖို့ ကံကောင်းတယ်လို့ပဲ ပြောချင်တယ်၊ မင်းလို စိတ်ချအားကိုး ရတဲ့ လူတစ်ယောက် ရှိတာဟာ ငါ့အဖို့ တအားပဲ"

ပြောပြောဆိုဆို ရဲမှူးကြီးဒီလစ်သည် ဆာပီကိုအား လက်ဆွဲနှုတ်ဆက် လေသည်။

ဆာပီကိုသည် ချက်ချင်း ယုံကြည်ခြင်းမရှိဘဲ ဟန်ဆောင်ပြောခြင်း လေလောဟု ရဲမှူးကြီး ဒီလစ်၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

သို့သော် တကယ်ပင် စိတ်ပါလက်ပါ ပြောနေကြောင်း သိသာထင် ရှားနေသဖြင့် ချက်ချင်းပင် ဝမ်းမြောက်အားတက်သွားမိလေသည်။

သူ၏ ရဲတပ်ဖွဲ့အမှုထမ်းသက် တစ်လျှောက်လုံးတွင် မည်သည့်အထက် အရာရှိကမှ သည်လိုစကားမျိုး မပြောဘူးခဲ့ရာ ယခု ပထမဆုံးအကြိမ် ကြား လိုက်ရချိန်၌ အံ့သြမိသလောက် ကြည်နူးပီတိ ဖြစ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကြီး ဒီလစ်ကို သူသည် မူလက မသိခဲ့ရုံမက နာမည်ပင် မကြားဖူးချေ။

သို့သော် နောက်ပိုင်းတွင် ဆာပီကိုအနေဖြင့် ဒီလစ်သည် ရဲအရာရှိများအနက် အလွန်ပွင့်လင်း ရဲတင်းပြီး ဖြောင့်မတ်တည်ကြည်သူလည်း ဖြစ်သည်ဟူ၍ နာမည်ရခဲ့ကြောင်းကို သိရှိရမည် ဖြစ်လေသည်။

ရဲမှူးကြီး ဒီလစ်သည် ဆာပီကိုအား မည်သူမည်ဝါနှင့်တွဲ၍ အလုပ်လုပ်ချင်ပါသနည်းဟု ဆက်လက်မေးပြန်လေသည်။

ဆာပီကိုက ရယ်မောလျက်–

“ရဲမှူးကြီးခင်ဗျာ၊ ကျွန်တော် ဘယ်သူဘယ်ဝါနဲ့ တွဲလုပ်ချင်ပါတယ်လို့ ပြောနိုင်တဲ့ အခြေအနေမျိုး မရှိပါဘူး၊ ကျွန်တော်နဲ့တွဲပြီး ဘယ်သူက အလုပ်လုပ်ချင်သလဲလို့ တခြားလူတွေကိုသာ မေးရမှာဖြစ်ပါတယ်”ဟု ပြောလိုက်လေသည်။

ဤတွင် ဒီလစ်သည် မျက်နှာထားတည်တည်ဖြင့်–

“ဒါဖြင့် ဘာမှမစိုးရိမ်နဲ့၊ မင်းနဲ့တွဲပြီး လုပ်ချင်တဲ့လူမရှိရင် ငါကိုယ်တိုင် မင်းနဲ့အတူ တာဝန်ထမ်းဆောင်မယ်”

ဟု ခပ်ပြတ်ပြတ် ပြောလေသည်။

ယင်းသို့ နှုတ်ဖြင့်ပြောရုံမက ရဲမှူးကြီးဒီလစ်သည် နောက်ပိုင်းတွင် တကယ်ပင် ဆာပီကို ကင်းလှည့်ရာသို့ လိုက်ပါလေ့ရှိသည်။

အသက် ငါးဆယ်ရွယ်ရှိပြီး ရာထူးအဆင့်အားဖြင့်လည်း အလွန်ကွာခြားသူ ရဲမှူးကြီးကိုယ်တိုင် ကင်းလှည့်ရာတွင် လိုက်ပါနေသည်ကို ဆာပီကိုသည် အထူးအားနာမိလေသည်။

သင့်လျော်ပါ၏လောဟု သူ၏စိတ်ထဲ၌ သံသယဖြစ်မိသဖြင့်တစ်ကြိမ်တွင် ဖွင့်ပြောလိုက်ရာ ဒီလစ်က ရယ်ကာမောကာဖြင့်–

“ဟေ့ ဆာပီကို၊ မင်းက ငါ့အတွက် ဘာမှ နောက်ဆံတင်းမနေနဲ့၊ ငါကိုယ်တိုင် အခုလို လှုပ်ရှားရတာ စိတ်ထဲပျော်မိတယ်၊ ငါ ရဲတပ်ဖွဲ့ထဲ ဝင်ခါစက ပတ္တရောင်ကင်းလှည့်ရတာ ပျော်ခဲ့သလို အခုလည်း စိတ်ထဲပျော်ပါတယ်ကွ”

ဟု ပြောခဲ့လေသည်။

သို့နှင့်ပင် ၁၉၆၉ ခုနှစ် နွေဦးရာသီမှ နွေရာသီ ကုန်ဆုံးသည်အထိ



ဆာပီကိုသည် ရဲမှူးကြီး ဒီလစ်နှင့်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ရလေသည်။

အထက်အရာရှိများအနက် သူ့ကိုယ်တိုင် ပထမဆုံးအကြိမ် တကယ်လေးစားမိသူမှာလည်း ဒီလစ်ပင်ဖြစ်လေသည်။

မိမိအနေဖြင့် ရဲတပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းခဲ့သည့် သက်တမ်းတစ်လျှောက် ဒီလစ်နှင့်အတူ အလုပ်လုပ်ခဲ့ရသည့် ကာလသည် စိတ်ချမ်းသာဆုံး အချိန်ကာလဟူ၍လည်း စိတ်ထဲ၌ စွဲမြဲစွာ မှတ်သားထားမိလေသည်။

တစ်ခါတွင် ဒီလစ်နှင့် ဆာပီကိုတို့သည် လက်ရှိ မင်ဟက်တန်မြောက်ပိုင်းနယ်မြေ၌ တိုင်းအမှတ် ၇ တွင်ကဲ့သို့ ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု ရှိနေသလောဟု ဆွေးနွေးတိုင်ပင်ကြလေသည်။

သို့ရာတွင် သူတို့နှစ်ဦးစလုံး၏ ခံယူချက်နှင့် နာမည်သတင်းကကျော်ကြားပျံ့နှံ့နေသောကြောင့် အခြားရဲတပ်ဖွဲ့ဝင်များက ခပ်ဝေးဝေး ရှောင်နေကြလေရာ လာဘ်စားမှု ရှိမရှိစုံစမ်းထောက်လှမ်းရန်ပင် မလွယ်ကူအောင်ဖြစ်နေတော့သည်။

တစ်နေ့သ၌ ဆာပီကိုသည် ရဲမှူးကြီးဒီလစ်အား တိတ်တိတ်ပုန်းလောင်းကစားမှုပြုလုပ်နေသည်ဟု ထင်ရသည့် နေရာတစ်ခု တွေ့မိကြောင်း သတင်းပို့ အစီရင်ခံ ည်။

ထိုနေရာကား စတိုးခေါ် ကုန်စုံဆိုင်တစ်ဆိုင်ဖြစ်ပြီး ပြတင်းပေါက်မှန်အားလုံးကို ဆေးသုတ်ထားပုံက ပြင်ဘက်ကနေ၍ အတွင်းသို့ကြည့်၍ မမြင်နိုင်အောင် လုပ်ထားသလို ဖြစ်နေသည်။

ဆိုင်တည်ရာနေရာက ဟာလင်ရပ်ကွက် ခြောက်ထပ်တိုက်တစ်တိုက်အောက်ထပ်ဖြစ်သည်။

ဆိုင်အတွင်း မသင်္ကာဖွယ်ရာ တစ်စုံတစ်ခု ပြုလုပ်နေကြောင်း ထင်ရှားမှုမှာ လမ်းထိပ်နှစ်ဖက်တွင် ရဲနှင့် စစ်တပ်သုံး ဝေါကီတော်တီခေါ် ဝိုင်ယာလက်ကိုင်ကိုင်၍ စောင့်နေသူ ကင်းသမားနှစ်ဦးရှိနေကြောင်းနှင့် ဆိုင်ရှေ့တည့်တည့်တွင်လည်း အလားတူ ဝေါကီတော်ကီကိုင် ကင်းသမားတစ်ဦး ထားရှိခြင်းကြောင့်ဖြစ်သည်။

ထိုလမ်းတစ်လမ်းလုံးလိုလို ကပ္ပလီလူမည်း (နီဂရိုး)များ နေထိုင်သဖြင့် ရှိရာ ဆာပီကိုအနေဖြင့် မည်သို့ပင် ရုပ်ဖျက်သွားစေကာမူ ဖော်ပြပါ ကင်းသမားများ ကို မသိဘဲ ချဉ်းကပ်သွားရန် ခက်ခဲနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းရှိ အိမ်တစ်အိမ်၏ ခေါင်မိုးပေါ်တက်၍ အကဲခတ်ကြည့်ရာမှ ဆာပီကိုက လျှို့ဝှက်လောင်းကစားခြင်း ပြုနေကြခြင်းဟု တွက်မိခဲ့ခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ သူတို့ဘက်မှ ကင်းသမားသုံးဦး ထားရှိခြင်းကြောင့် ပြောင်ဝင်၍ ဖမ်းဆီးရန် ခက်နေလေရာ ဆာပီကိုက ရဲမှူးကြီး ဒီလစ်အား အကြံတစ်ခု တင်ပြလေသည်။

ယင်းအကြံက အနီးဆုံး တိုက်တစ်တိုက်၏ ခေါင်မိုးပေါ်မှတဆင့် ထိုဆိုင်ရှင်ရှိရာ အဆောက်အအုံပေါ်သို့ ရောက်အောင်သွားပြီးမှ ဆိုင်ရှေ့တံခါး ပေါက်နှင့် ပေနှစ်ဆယ်ခန့်သာ ကွာဝေးသည့် နေရာသို့ ခုန်ဆင်းရန်ဖြစ်သည်။

ဆိုင်ရှေ့တံခါးဝနှင့် အလွန်နီးကပ်နေပြီဖြစ်၍ သူတို့ချထားသော ကင်းသမားတွေ သတိမပြုမိသေးမီ မိမိတို့က ဆိုင်သို့ ရှောင်တခင် ဝင်ဖမ်းရန်ဖြစ်လေသည်။

ရဲမှူးကြီး ဒီလစ်ကလည်း သဘောတူသဖြင့် ယင်းအကြံအတိုင်း လက်တွေ့ အကောင်အထည်ဖော်ကြရန် ဆုံးဖြတ်လိုက်လေသည်။

သို့နှင့်ပင် ဆာပီကိုနှင့် ဒီလစ်တို့သည် မလှမ်းမကမ်းရှိ တိုက်တစ်တိုက်၏ ခေါင်မိုးပေါ်သို့တက်၍ စတိုးဆိုင်ရှိရာ အဆောက်အအုံ ခေါင်မိုးဆီသို့ ခက်ခက်ခဲခဲပင် ဖြည်းဖြည်းချင်း သွားကြလေသည်။

ခေါင်မိုးပေါ်မှ အသာလှမ်းကြည့်လိုက်ရာ လောင်းကစားဒိုင်၏ ကင်းသမားသုံးဦးတို့က သူတို့၏ နေရာတွင်ရှိပြီး ခေါင်မိုးပေါ်သို့ လုံးဝလှမ်းကြည့်ခြင်းမရှိကြောင်း တွေ့ရလေသည်။

အစီအစဉ်က ဆိုင်အတွင်းသို့ ရှောင်တခင်ဝင်ရာတွင် ဆာပီကိုက ရှေ့ဆောင်ပြေးဝင်ပြီး ဒီလစ်က အကာအကွယ်ပေးသည့်အနေဖြင့် နောက်မှ လိုက်ရန်ဖြစ်သည်။

သို့ရာတွင် ဆာပီကိုက ခေါင်မိုးပေါ်က ခုန်ချပြီး ဆိုင်တံခါးဝဆီသို့ ပြေးအဝင်တွင် ဆိုင်ရှေ့တည့်တည့်မှ ကင်းသမားက လှမ်းမြင်သွားလေသည်။ ကင်းသမားသည် ရုတ်တရက် လန့်သွားပြီးမှ ဆာပီကိုအား လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ခန့်က လောင်းကစားမှုတစ်မှု ဖမ်းဆီးခဲ့သူအဖြစ် မှတ်မိသွားလေရာ ထိုလူသည် ဆာပီကို၏ရှေ့မှ အတင်းဖြတ်ကျော်၍ ဆိုင်အတွင်းသို့ ဝင်ရင်း-



"ဟေ့... သိမ်းလိုက်ကြတော့"

ဟု ဟစ်အော်သတိပေးလိုက်သည်။

တံခါးဝနားသို့ ရောက်သွားချိန်တွင် အတွင်းမှ ကန့်လန့်ထိုးပိတ်လိုက်ပြီဖြစ်သည်။

ဒေါသထွက်လာသဖြင့် ဆာပီကိုသည်ဆိုင်၏ မှန်ပြတင်းတစ်ခုကို ရိုက်ခွဲလိုက်ပြီးနောက် ထိုအပေါက်မှ ကျော်ဝင်လိုက်သည်။

ဆိုင်အတွင်း၌ကား လူတစ်စုသည် စာရွက်စာတမ်းများကို ကမန်းကတန်း မီးရှို့ဖျက်ဆီးနေကြပြီဖြစ်သည်။

"ဟေ့... အားလုံး ငြိမ်နေစမ်း၊ မလှုပ်နဲ့၊ ငါ ရဲအရာရှိကွ"

ဆာပီကိုက လှမ်းအော်ပြောရင်း သူ၏ လွယ်အိတ်ထဲမှ ပွိုင့် ၃၈ ခြောက်လုံးပြူးကို အသင့်ကိုင်ထားလိုက်သည်။ သို့သော် သေနတ်ကို ဆွဲထုတ်၍ ချိန်မထားသေးချေ။

လူအတော်များများသည် ကြောက်အားလန့်အားဖြင့် အခန်းနံရံနား ဆီသို့ ပြေးကပ်ပြီး ရပ်နေကြစဉ် ရဲမှူးဒီလစ်လည်း ဆိုင်တွင်းသို့ ရောက်ရှိလာလေသည်။

လောင်းကစားခြင်းကို ဦးဆောင်လုပ်နေသူကား နာမည်ကြီး လောင်းကစားသမားတစ်ဦး ဖြစ်နေသည်။ သူ၏ လက်အောက်သုံးဦးက လောင်းကြေးများကို စာရွက်စာတမ်းဖြင့် ရေးမှတ်နေကြသည်။

ဆာပီကိုက ထိုစာရွက်များကို သက်သေခံပစ္စည်းအဖြစ် သိမ်းယူလိုက်သည်။

နောက်မိနစ်အနည်းငယ် အတွင်းမှာပင် အဆိုပါ လောင်းကစားဒိုင်ကို ကြီးကြပ်သူတစ်ဦး ရောက်ရှိလာပြီး ဆာပီကိုတို့အား အရေးဆိုစကား ပြောလေသည်။

"ဘာတွေဖြစ်နေကြတာလဲ၊ ခင်ဗျားတို့က ဘယ်ကလဲ"

"ရဲစခန်းကပေါ့ဗျ"

"ဟင်... ရဲစခန်းကဆိုရင် ယုံနိုင်စရာမရှိဘူး၊ ကျုပ် ဒီနေ့ပဲ ရဲစခန်း အတွက် ငွေပေးခဲ့ပြီးပြီ"

ထိုလူက အံ့သြဟန်ဖြင့်ပြောရင်း ဆာပီကို၏ ရဲတပ်ဖွဲ့ဝင်ကတ်ပြားကို ထုတ်ပြရန် တောင်းဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုက ထုတ်ပြလိုက်သောအခါ ထိုလူသည် ကြည့်ပြီးပို၍အံ့ဩသွားပုံရသည်။

“ကျုပ်က စခန်းကို ငွေပေးပြီးသားပဲဗျ၊ အခု ဘယ်လိုဖြစ်တာလဲ”

“ခင်ဗျားက ရဲစခန်းအတွက် ငွေပေးတယ်ဆိုတာ ဘယ်သူကတောင်းပေးတာလဲ”

ဆာပီကိုက မေးလိုက်သည်တွင် ကြီးကြပ်ရေးမှူးဆိုသူသည် ပြန်မဖြေမည်ပြုပြီးမှ ရဲမှူး ဒီလစ်၏ မျက်နှာကို လှမ်းကြည့်ရင်း တစ်စုံတစ်ခု တွေးမိဟန်ဖြင့် တမျိုးလှည့်ဖြေလေသည်။

“ဘယ်သူ့ဆီကမှတဆင့် မပေးခဲ့ဘူး၊ ကျုပ် ငွေမပေးခဲ့ပါဘူး”

ဤတွင် ဆာပီကိုက မူလရှိနေသော လောင်းကစားဒိုင်ဘက်သို့လှည့်၍

“ယော့လူ လာခဲ့၊ စခန်းကို သွားကြမယ်”

ဟု ပြောလိုက်ရာ ကြီးကြပ်ရေးမှူးက ကန့်ကွက်ပြန်သည်။

“နေပါဦးဗျ၊ သူက ကျုပ်ရဲ့လူဖြစ်တယ်၊ ခင်ဗျားတို့က တစ်ယောက်ယောက်ကို ဖမ်းမှဖြစ်မယ်ဆိုရင် ကျုပ်ကိုပဲဖမ်းပါလား”

“အိုကေ၊ ခင်ဗျားလည်း လိုက်ချင်ရင် လိုက်ခဲ့ပေါ့၊ ဒါပေမဲ့ ဒီလူကိုတော့ ကျုပ်တို့ ဖမ်းရမှာပဲ”

ထိုအခါ ဒိုင်လုပ်သူက ငြင်းပြန်သည်။

“ကျုပ်က ဘယ်ကိုမှ မလိုက်ချင်ဘူး၊ ကျုပ်ကို ဖမ်းချင်ရင် ဒီလူတွေအားလုံး ကြားထဲက အတင်းဆွဲခေါ်မှဖြစ်မယ်”

ယင်းသို့ ပြောလိုက်ပုံက အသာတကြည်မလိုက်ဘဲ ငြင်းဆန်သည့်ပုံမျိုးဖြစ်နေသောကြောင့် ဆာပီကိုသည် ရဲမှူးဒီလစ်အား ခြောက်လုံးပြူးသေနတ်ဖြင့် လောင်းကစားသမားများအား ခေတ္တချိန်ထားခိုင်းပြီး သူကိုယ်တိုင် ဆိုင်ပြင်ထွက်၍ နီးရာတယ်လီဖုန်းဖြင့် စခန်းသို့ လှမ်းဆက်ကာ အကူအညီတောင်းလိုက်သည်။

ချက်ချင်းလိုပင် ရဲဝိုင်ယာလက်ကားများမှ ဥသြဆွဲသံများ ကြားရလေရာ ဆိုင်ရှေ့၌ စုရုံးရောက်ရှိနေသော ပရိသတ် ရှဲသွားကြတော့သည်။

ဆာပီကိုနှင့် ဒီလစ်တို့သည် လောင်းကစားဒိုင်နှင့် သူ၏ လက်ထောက်များကိုပါ ဖမ်းဆီးခေါ်ထုတ်လာခဲ့လေသည်။

တရားခံများသည် ရဲစခန်းသို့ ရောက်သည့်တိုင်အောင် ရဲတပ်ဖွဲ့ဝင်များ



ဆက်ကြေးငွေ ပေးရခြင်းနှင့်ပတ်သက်၍ မည်သို့မှ မပြောဘဲ ငြင်းဆိုကြလေသည်။

မည်သို့ပင်ဖြစ်စေ ဆာပီကိုနှင့် ဒီလစ်တို့အနေဖြင့် မိမိတို့၏ မင်ဟက်တန်မြောက်ပိုင်းရပ်ကွက်တွင်လည်း အရပ်ဝတ်ရဲများ အုပ်စုဖွဲ့၍ လာဘ်စားနေခြင်းရှိရမည်ဟု တထစ်ချ တွက်မိလေသည်။ ယင်းလာဘ်စားသော အုပ်စုသည် ဂိုဏ်းအမှတ် (၇) မှ အလားတူအုပ်စုထက် ပို၍ပင် ပီရိမည်ဟုလည်း ခန့်မှန်းမိသဖြင့် ဆက်လက်စုံစမ်း ထောက်လှမ်းရန် ဆုံးဖြတ်လိုက်ကြသည်။

ဆာပီကိုသည် ရဲများ သတင်းပေးသူတစ်ဦးထံမှ သဲလွန်စတစ်ခုတော့ ရရှိခဲ့လေသည်။ ယင်းသဲလွန်စကား လောင်းကစားဒိုင်များထံမှ ဆက်ကြေးငွေကို လိုက်ကောက်ခံသူမှာ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်ဟောင်းတစ်ဦး ဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။ အဆိုပါ ရဲတပ်ဖွဲ့ဝင်ဟောင်းက ရှေးဦးစွာ အားလုံးအတွက် ငွေကို တပေါင်းတည်း လက်ခံပြီးမှ ကျန်အရပ်ဝတ်ရဲများထံ ငွေပေးသည်ဟု ယူဆရပေသည်။ သို့ဖြစ်လင့်ကစား လက်ရှိ အမှုထမ်းဆဲ အရပ်ဝတ်ရဲတစ်ဦးကတော့ လာဘ်ငွေယူခြင်းတွင် တိုက်ရိုက်ပါဝင် ပတ်သက်နေကြောင်းကိုလည်း စုံစမ်းသိရှိရလေသည်။

ရဲမှူးကြီး ဒီလစ်သည် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို ကြံရာမရ ဖြစ်နေရာမှ နောက်ဆုံးတွင် လက်ထောက်ရဲမှူးချုပ် မက်ဂိုဗန်ကိုပင် လှမ်းခေါ် အကူအညီတောင်းလိုက်လေသည်။

သို့သော် ထိုအချိန်က မက်ဂိုဗန်က ခရီးလွန်နေသဖြင့် သူ၏ လက်ထောက်တစ်ဦးက ကိုယ်စား ရောက်လာလေသည်။

ဒီလစ်က သူ၏နယ်မြေအတွင်း အုပ်စုဖွဲ့ လာဘ်စားခြင်းရှိနေသဖြင့် စုံစမ်းထောက်လှမ်းပေးရန် ပြောသောအခါ မက်ဂိုဗန်၏ လက်ထောက်က ယင်းကိစ္စမျိုးဆိုလျှင် အထက်အာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူရန်လိုကြောင်း ပြောလေသည်။

ဤတွင် ဒီလစ်သည် စိတ်တိုလာတော့သည်။

“ဘာလဲ၊ ကျုပ်က လျှို့ဝှက်စုံစမ်းရမဲ့ ကိစ္စတစ်ခုကို လူတကာသိအောင် ရေဒီယိုက အသံလွှင့်သလို လုပ်ရမှာလား”

“ဘာဖြစ်လို့လဲဗျ၊ ခင်ဗျားတို့ အထက်က အရာရှိကြီးတွေကိုပါ မယုံကြည်ရလို့လား”

www.burmeseclassic.com

www.burmeseclassic.com



မက်ဂိုဗန်၏ လက်ထောက်က ဤသို့ မေးမြန်းသည်ကို ဒီလစ်ေ မည်သို့မှ ပြန်မဖြေဘဲ နေလိုက်သည်။

သို့သော် နောက် ရက်အနည်းငယ်ကြာသောအခါ ဒီလစ်သည် ဌာ ဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း အထက်လူကြီးများထံ တင်ပြ၍ ခွင့်ပြုေ ယူကြည့်လျှင် မည်သို့နေမည်နည်းဟု သိလိုသဖြင့် ယာယီ နယ်မြေတပ်မှ ဖြစ်နေသူ လက်ထောက်ရဲမှူးချုပ် ကာတာလာနီဆိုသူထံသွား၍ မင်ဟက်တ မြောက်ပိုင်း နယ်မြေအတွင်း အရပ်ဝတ်ရဲများ အဂတိလိုက်စားမှု ရှိနေသည်မှ သံသယဖြစ်မိကြောင်း ပြောပြလိုက်လေသည်။

ထိုအခါ ကာတာလာနီက အဆိုပါ ကိစ္စမျိုးအတွက် အကူအညီလိုပါေ ရဲအတတ်သင်ကျောင်း (အကယ်ဒမီ) မှ သင်တန်းသား လူသစ်များကို ခေါ်ယူ အသုံးချနိုင်ကြောင်း ပြန်ပြောခဲ့သည်။

ထိုအကြောင်းကို ဒီလစ်ထံမှတဆင့် ပြန်ကြားသိရသောအခါ ဆာပီကို အထူးပင် အံ့အားသင့်မိလေသည်။

"ဟာဗျာ သင်တန်းသားလူသစ်တွေ ခေါ်သုံးရမယ်ဆိုတာက မဖြစ်နိုင် တာချည်းပဲ"

"ယာယီတပ်မှူး ကာတာလာနီက ဒီအတိုင်းပြောလိုက်တာပဲ၊ ဒီတော့ ငါတို့အနေနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ ဆက်လုပ်ကြဖို့ ရှိတော့တယ်"

ဒီလစ်က သူ၏ သဘောထားကို ပြောပြလေသည်။

* * *

နောက်ပိုင်းတွင် ဆာပီကိုသည် မှောင်ခို လောင်းကစားဒိုင်များကို တတ်နိုင်သလောက် စုံစမ်းရှာဖွေ၍ သဲသဲမဲမဲ ဆက်တိုက်ဖမ်းဆီးခဲ့လေသည်။

ထိုအတောအတွင်း သူ့အား သတင်းပေးသူ ကပ္ပလီလူမည်းတစ်ဦးက တစ်နေ့လာ၍ ဆာပီကိုသည် ယခုကိစ္စတွင် ကပ္ပလီ လူမည်းများကိုသာ ဖမ်း မည်လော၊ သို့မဟုတ် မျက်နှာဖြူ အမေရိကန်များကိုပါ လောင်းကစားခြင်း လုပ်လျှင် ဖမ်းပါမည်လောဟု မေးလေသည်။

ထိုအခါ ဆာပီကိုသည် ဘရင့်ရပ်ကွက်တွင် ရှိစဉ်က အလားတူ မေးခွန်းမျိုး မေးခံခဲ့ရပုံကို သတိရမိကာ–



"ဟော့... သတင်းရရင် ပြောသာပြော၊ ငါက အသားအရောင်ခွဲခြား ပြီး ဖမ်းတာမဟုတ်ဘူး၊ ဘယ်သူမဆို အရေးယူမှာပဲကွ"

ဟု ပြန်ပြောလိုက်သည်။

သည်တော့မှ ကပ္ပလီလူငယ်က ပီတာဆိုသူ အီတလီလူမျိုး လောင်းကစား ဒိုင်တစ်ဦးအကြောင်း သတင်းပေးလေသည်။ ထိုလူ၏ နေရပ်လိပ်စာက ဘာလင်အရှေ့ရပ်ကွက် ၁၁၆ လမ်းတွင်ဖြစ်သည်။

ယင်းရပ်ကွက်ကား တစ်ချိန်က အလွန်နာမည်ကြီးခဲ့သော မာဖီယား ဂိုဏ်းခေါင်းဆောင် ကော်စတယ်လိုနှင့် ဗာလာချီစသော ထိပ်သီးဒုစရိုက်သမား များထွက်ရာ ရပ်ကွက်ပင်တည်း။

ယခင်က ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ခပ်ရှောင်ရှောင်နေခဲ့သော ရပ်ကွက် လည်းဖြစ်သည်။

ဆာပီကိုသည် လောင်းကစားဒိုင်ဆိုသူ ပီတာအား မလှမ်းမကမ်းမှ အကဲခတ် စောင့်ကြည့်ရာ ထိုလူသည် အီတာလီအမျိုးသားများ၏ ဆိုရှယ်က လပ်ရှေ့တွင် ခပ်ပြောင်ပြောင် ရပ်နေလေ့ရှိကြောင်း တွေ့ရလေသည်။

ယင်းသို့ ပီတာ ရပ်စောင့်နေခိုက် လူတွေ တစ်ယောက်ပြီးတစ်ယောက် သူ့နားသို့ ချဉ်းကပ်၍ တစ်စုံတစ်ခု တီးတိုးပြောပြီး ဆက်လျှောက်ထွက်သွား လေ့ရှိသည်။ ပီတာသည် လူတစ်ယောက် ထွက်သွားပြီဆိုလျှင် ကလပ် အဆောက်အအုံအတွင်းသို့ ခေတ္တဝင်သွားပြီး ချက်ချင်းလိုပင် ပြန်ထွက်လာ လေ့ရှိသည်။

ဧကန္တ လောင်းကစားမှုများ လက်ခံနေခြင်းဖြစ်မည်ဟု ဆာပီကိုက တထစ်ချ တွက်လိုက်မိလေသည်။

ထို့ကြောင့် ပီတာအား ဖမ်းဆီးအရေးယူရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော် ဖမ်းဆီးရန် ရွေးချယ်သတ်မှတ်လိုက်သည့်နေ့တွင် ရဲမှူး ဒီလစ်က မအားလပ်သဖြင့် ဆာပီကိုက ကပ္ပလီ လူမည်းအမျိုးသမီး ရဲတစ်ဦး အား အဖော်အဖြစ် ခေါ်သွားလေသည်။

အကယ်၍ လောင်းကစားဒိုင်က ရဲများလာလျှင် ကြိုတင်သိရန် ထား ချထားပါက ကပ္ပလီ အမျိုးသမီးရဲကို အရပ်ဝတ်ဖြင့်မြင်လျှင် ဖောက်ခွင်းမှ တွက်၍ ခေါ်သွားခြင်းလည်းဖြစ်သည်။

ဆာပီကို ကိုယ်တိုင်ကလည်း သူ၏ မှတ်ဆိတ်ရှည်ကို အနည်းငယ်တို

www.burmeseclassic.com

www.burmeseclassic.com



အောင် ညှပ်လိုက်ပြီး စပို့ကုတ်ခေါ် အားကစားကုတ်အင်္ကျီ ဝတ်သွားခြင်းအား ဖြင့် ရပ်ကွက်ထဲမှ လူတစ်ယောက်ဟု ထင်ရအောင် အသွင်ပြောင်း၍သွားလေ သည်။

လောင်းကစားဒိုင်အား ဖမ်းဆီးရမည့်အရေး ကြိုတင်ပေါက်ကြားသွား မည်ကိုလည်း စိုးရိမ်မိသေးသည်။

ထို့ကြောင့် ဆာပီကိုသည် ကပ္ပလီ အမျိုးသမီးရဲအား ဘာကိစ္စဟူ၍ လုံးဝမပြောဘဲခေါ်သွားပြီး အီတလီ ဆိုရှယ်ကလပ်အနီးသို့ ရောက်တော့မှသာ ဖွင့်ပြောလိုက်သည်။

သူမအား မနီးမဝေးရှိ ဘဏ်တိုက်အဆောက်အအုံရှေ့တွင် ခေတ္တ ရပ်စောင့်နေရန်နှင့် ဆာပီကို လှုပ်ရှားသွားလာရာသို့ ထက်ကြပ်မကွာ နောက် မှ လိုက်ရန်လည်း ညွှန်ကြားထားလိုက်လေသည်။

ဆာပီကိုသည် ပီတာဆိုသူအား မလှမ်းမကမ်းမှ အကဲခတ်ယင်း လောင်းကစားသမားတစ်ဦး ချဉ်းကပ်လာသည်အထိ စောင့်နေလိုက်သည်။

ထိုလူ ပြန်ထွက်သွားပြီး ပီတာက ကလပ်အတွင်းသို့ ဝင်လိုက်သည် နှင့် ဆာပီကိုလည်း လျင်မြန်စွာ နောက်မှ လိုက်ဝင်သွားလေသည်။

အတွင်းဘက်သို့ သူ ရောက်သွားချိန်တွင် ပီတာသည် ကလပ်၏ ခန်းမကြီးကို ဖြတ်၍ မီးဖိုခန်းဆီသို့ ဆက်ဝင်သွားနေပြီဖြစ်သည်။

ကလပ်အတွင်း၌ အရက်၊ သို့မဟုတ် ကော်ဖီထိုင်သောက်နေကြသူ အီတလီ အမျိုးသားသည် ပီတာနှင့် ဆာပီကို နှစ်ယောက်စလုံးအား လုံးဝ မော်၍ပင် မကြည့်ကြချေ။

မီးဖိုခန်းထဲတွင်ကား ပီတာဆိုသူသည် စာရွက်တစ်ရွက်ပေါ်တွင် တစ်စုံ တစ်ခု ရေးမှတ်နေစဉ် ဆာပီကိုက လျင်မြန်သွက်လက်စွာ ဝင်သွားပြီး စာရွက် ကို ဆွဲလုယူလိုက်သည့်ပြင် စားပွဲပေါ်တွင် ရှိနေသော အခြား လောင်းကစား ဖြတ်ပိုင်းများကိုပါ သိမ်းယူလိုက်သည်။

"ဟေ့လူ၊ ခင်ဗျားကို လောင်းကစားဥပဒေနဲ့ ကျုပ်ဖမ်းတယ်"

ဆာပီကိုက ဤသို့ပြောလိုက်ရာ ပီတာသည် အလွန်အံ့အားသင့်သွား လျက် ဘာမှမပြောနိုင်ဘဲ ကြောင်ကြည့်နေတော့သည်။

ဆာပီကိုသည် ထိုလူအား ကလပ်၏ ဧည့်ခန်းမဆောင်သို့ ပြန်ခေါ် ထုတ်လာရာ ထိုအချိန်တွင်လည်း အရက်သောက်နေသူ၊ ကော်ဖီသောက်နေသူ



အီတလီ လူကြီးများသည် သူတို့နှစ်ဦးအား သတိပြုမိဟန်မတူဘဲ ငြိမ်နေကြ လေသည်။

ကပ္ပလီ အမျိုးသမီးရဲသည် တံခါးဝနားသို့ ရောက်နေရာ ဆာပီကိုက လှမ်း၍ ကလပ်တံခါးကို ပိတ်ထားခိုင်းလိုက်သည်။

သည်တော့မှ ကလပ်အတွင်းရှိ ပရိသတ်သည် လှုပ်လှုပ်ရှားရှား ဖြစ် လာကာ ခေါင်းထောင်ကြည့်ကြလေသည်။

ကော်ဖီရောင်းသော ကောင်တာနောက်မှ လူက သူသည် ပြင်ဘက်သို့ ထွက်သွားလိုကြောင်းပြောရာ ဆာပီကိုက လှမ်း၍ တားမြစ်လိုက်သည်။

"ဟေ့လူ၊ အဲဒီနေရာမှာပဲ ငြိမ်ငြိမ်နေစမ်း၊ ကျုပ် ရှာဖွေကြည့်စရာ ရှိသေးတယ်"

"ခင်ဗျားက ကျုပ်ကို ဒီမှာပဲနေဖို့ အမိန့်ပေးလို့ မရဘူးဗျ"

ထိုလူက ပြန်ပြောလိုက်ရာ ဆာပီကိုလည်း စိတ်တိုလာလေသည်။

"ဒီမယ်၊ ရှေ့နေတစ်ယောက် စကားပြောသလို ကျုပ်ကို လာမပြော ကြနဲ့၊ မရဘူးဗျ၊ ခင်ဗျားတစ်ကိုယ်လုံး အရိုးတွေ ကျိုးသွားချင်သလား၊ အသာငြိမ်ငြိမ်နေလိုက်ပါ၊ ဟိုဘက်က ဘီယာရောင်းတဲ့လူကကော အရက် ရောင်းဖို့ လိုင်စင်ရှိရဲ့လား"

ဆာပီကိုက လေသံတင်းတင်းဖြင့် ပြောလိုက်သည်တွင် ဘီယာအရက် ရောင်းသည့် ကောင်တာမှလူသည် မည်သို့မျှ ပြန်မပြောဘဲ ကောင်တာစားပွဲ ကိုသာ အဝတ်တစ်ခုဖြင့် ပွတ်တိုက်နေလေသည်။

ထိုအခိုက် ကလပ်၏ မှန်တံခါးကို ပြင်ဘက်မှ တစ်စုံတစ်ယောက်က လာခေါက်လေသည်။

ဆာပီကိုလည်း လှမ်းကြည့်လိုက်ရာ သားနားသပ်ပ်စွာ ဝတ်စားထားသူ နှစ်ယောက် ရပ်နေသည်ကို မြင်ရလေသည်။

လူနှစ်ယောက်အနက် တစ်ယောက်က အရပ်မြင့်မြင့်၊ တစ်ယောက်က ခပ်ပုပု ဖြစ်လေသည်။

ဆာပီကိုသည် အမျိုးသမီးရဲအား တံခါးဖွင့်ပေးရန် အမိန့်ပေးလိုက်သည်။ ခပ်ပုပုလူက အတွင်းသို့ လှမ်းဝင်မိချိန်တွင် ဆာပီကိုက–

"တစ်ယောက်တည်း ဝင်ခဲ့ပါ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူပုပုသည် သူ၏အဖော်အား ခေါင်းညိတ်ပြလိုက်ပြီးနောက် သူတစ်ယောက်တည်း ဝင်လာလေသည်။

"ဘာကိစ္စလဲ"

ဆာပီကိုက ခပ်တည်တည် လှမ်းမေးလိုက်သည်။

"ခင်ဗျားနဲ့ ကျုပ်တို့ အဖျော်ယမကာတစ်ခွက်ခွက် အတူသောက်ကြရအောင်"

"ကျုပ်က ဘာမှမသောက်ချင်ဘူး"

"ဟာ ကိုယ့်လူကလည်း စိတ်အေးအေးထားစမ်းပါဗျာ၊ ကျုပ် ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျား မသိဘူးလား"

ထိုလူက လေသံအေးအေးဖြင့် ဆက်မေးရာ ဆာပီကိုက

"မသိဘူး"

ဟု ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

"စဉ်းစားကြည့်ပါဦးလေ၊ ကျုပ်နာမည်က ခင်ဗျားနာမည်နဲ့ အတူတူပဲဗျ"

ဤသို့ပြောလိုက်တော့မှ ဆာပီကိုလည်း ချက်ချင်း သဘောပေါက်သွားတော့သည်။

ရဲမှတ်တမ်းဖိုင်များတွင် ဖာတီခေါ် ဆာပီကိုဆိုသူ နာမည်ကြီး လောင်းကစားသမားတစ်ဦး၏ အမည်ကို ဖတ်ခဲ့မိဖူးသည်။ ထိုသူသည် အမေရိကန်ပြည်တွင် ဩဇာအကြီးဆုံး မာဖီယား မိသားစုဖြစ်သော ဗီတိုဂျင်နိုဗစ္စကိုဏ်းမှ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

ဆာပီကိုအနေဖြင့် ထိုမျှနာမည်ကြီးသော မာဖီယား ဂိုဏ်းခေါင်းဆောင်တစ်ဦးနှင့် ယခု ပထမဆုံးအကြိမ် လူချင်း ရင်ဆိုင်တွေ့ဖူးခြင်းလည်း ဖြစ်လေသည်။

ယခု မိမိက ဆိုရှယ်ကလပ်အတွင်းရှိ လောင်းကစားမှု ဝင်ဖမ်းသည်ကို ထိုလူက မည်သို့မည်ပုံ ဤမျှ လျင်မြန်စွာ သတင်းရသွားလေသနည်းဟုလည်း တွေးနေမိလေသည်။

ထိုအခိုက် မာဖီခေါ် ဆာပီကိုအမည်ခံ မာဖီယားခေါင်းဆောင်က-

"ဘယ်လိုလဲဗျ၊ ကျုပ်တို့အချင်းချင်း ဆွေးနွေးလို့ မဖြစ်ဘူးလား"

ဟု မေးပြန်သည်။

ဆာပီကိုလည်း သူ ဘာပြောမည်ကို သိလိုသဖြင့်-



"ကောင်းပြီလေ၊ ဆွေးနွေးတာပေါ့"

ဟု ပြန်ပြောလိုက်သည်။

ထို့နောက် 'အမျိုးသမီး'ရဲအား တံခါးကိုပိတ်ထားရန် ညွှန်ကြား၍ မာဖီယား ဆာပီကိုအား မီးဖိုခန်းထဲသို့ ခေါ်သွားလေသည်။

နှစ်ယောက်ချင်း မီးဖိုခန်းထဲတွင် ဆုံသောအခါ မာဖီယားခေါင်းဆောင်က

"ဒီမယ်ကိုယ့်လူ၊ မောင်ရင်က ဘယ်လိုဖြစ်နေရတာလဲ၊ အားလုံး 'အိုကေ'နေနေရက်သားနဲ့ မောင်ရင် အခု ဝင်လုပ်ရတယ်လို့၊ ကောင်းပြီ၊ မောင်ရင် ကျေနပ်လောက်အောင် ကျုပ်အိတ်ထဲက စိုက်ထုတ်ပြီး ပေးပါမယ်၊ ဘယ့်နှယ်လဲ"

ဟု ပြောရာ ဆာပီကိုက ခေါင်းခါရင်း-

"ခင်ဗျားအိတ်ထဲကငွေကို ကျုပ် စိတ်ဝင်စားတာမဟုတ်ဘူး၊ စိတ်ဝင်စားတယ်ဆိုရင် ကျုပ် ဒီကိုလာမှာလည်း မဟုတ်ဘူး"

ဟု ခပ်တည်တည် ပြန်ပြောလိုက်သည်။

ဆာပီကိုအမည်ခံ မာဖီးယား ခေါင်းဆောင်သည် အောင့်သက်သက်ဖြစ်သွားပုံရလေသည်။

"မောင်ရင်က ဒီလူကို ဖမ်းခေါ်သွားရင် နောက်ပိုင်း မောင်ရင်ပဲများ ဘာကို သိရလိမ့်မယ်၊ ဒီလူက အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်နေတာပဲ မဟုတ်လား၊ မင်းက ဒီလိုလုပ်ရင် အားလုံး စိတ်အနှောင့်အယှက် ဖြစ်သွားမယ်ဆိုတာ နားလည်စေချင်တယ်၊ မောင်ရင့်အကြောင်းကိုလည်း ကျုပ်တို့ သိပါတယ်၊ တိုင်းအမှတ် (၇) နယ်မြေတုန်းက မောင်ရင့် လုပ်ရပ်တွေအကြောင်းလည်း သိပါတယ်၊ မောင်ရင် ဘယ်လိုဖြစ်နေတာလဲ၊ တကယ်တော့ မောင်ရင်ဟာ ကျုပ်တို့နဲ့ တသွေးတည်းဖြစ်တယ်၊ ကျုပ်က မောင်ရင် ဘယ်မှာနေတယ်ဆိုတာရော မောင်ရင့်မိဘများကိုပါ ကောင်းကောင်းသိတယ်၊ ဒါထက် အဘိုးကြီး အမယ်ကြီးတို့ နေထိုင်ကောင်းရဲ့လား"

ထိုစကား၏ အဓိပ္ပာယ်ကို ဆာပီကိုသည် သေချာစွာ စဉ်းစားကြည့်မိရာ မိမိ၏ မိသားစုကိုပါ ခြိမ်းခြောက်သည့် သဘော သက်ဝင်ကြောင်းပါ ရိပ်မိလေသည်။

သို့သော် ဖြစ်ချင်ရာဖြစ် အလျှော့မပေးရန် ဆုံးဖြတ်လိုက်သည်။

"အို... ဒါတွေ ကျုပ်ကို လာပြောမနေစမ်းနဲ့၊ မလိုချင်ဘူး၊ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



အခု လောင်းကစားမှုကို လာဖမ်းတာပဲ၊ တရားခံကိုလည်း ဖမ်းခေါ်သွားရ လိမ့်မယ်"

ဆာပီကိုက ခပ်တင်းတင်းပင် ပြန်ပြောလိုက်ရာ မာဖီယားခေါင်းဆောင် မျက်နှာသည် နီရဲသွားလေသည်။

သို့သော် ဆက်၍ ပြောကြည့်ပြန်သေးသည်။

"ဟေ့လူ၊ မောင်ရင်က ဘယ်လိုလူလဲ၊ တခြားရိုးသားတဲ့ ရဲတွေလည်း ရှိပါတယ်၊ သူတို့ဆိုရင် ပေးထားတဲ့ကတိ တည်ကြည်ကြတယ်"

"တော်ပြီဗျာ၊ ကျုပ်က ဒီလူကို ဖမ်းခေါ်သွားမှာပဲ၊ ကောင်းကောင်းအဖမ်း မခံရင် ဒီမှာရှိတဲ့ လူအုပ်တစ်အုပ်လုံးကိုပါ ဖမ်းမယ်၊ ဒါပဲ"

"အိုကေ... အိုကေ၊ မောင်ရင့်သဘောပေါ့၊ ဒါပေမဲ့ အခုလိုလုပ်တာ ဟာ မောင်ရင့်အဖို့ မကောင်းဘူးလို့ပဲ ပြောလိုက်ချင်တယ်"

* * *

ယင်းဖြစ်ရပ်ပြီး၍ မကြာမီ မီကီအမည်ရှိ မျက်နှာဖြူ လောင်းကစားဒိုင် တစ်ဦးအား ဖမ်းလိုက်ပြန်ရာ ထိုလူက တရားရုံးရောက်ချိန်တွင် ဆာပီကိုအား ခပ်တိုးတိုး သတိပေး ခြိမ်းခြောက်လေသည်။

"ကိုယ့်လူ၊ တစ်နေ့ကျရင် မောင်ရင့်လိုလူမျိုးကပဲ မောင်ရင့်ကို သုတ်သင်လိမ့်မယ်"

"ဘာလဲ၊ ကျုပ်လိုလူမျိုးဆိုတာ အီတလီ လူမျိုးအနွယ်ထဲက လုပ်ကြံ မယ်လို့ ပြောတာလား"

"မဟုတ်ဘူးဗျ၊ ခင်ဗျားလိုလူဆိုတာ ရဲတပ်ဖွဲ့ဝင်ထဲက တစ်နေ့ ခင်ဗျားကို အပျောက်ရှင်းလိမ့်မယ်လို့ ပြောတာဗျာ"

ဤသို့လျှင် လောင်းကစားဒိုင်မီကီက ဆာပီကိုအား သတိပေးခြိမ်း ခြောက်ခဲ့လေသည်။

❒



## အခန်း (၁၅)

၁၉၆၉ ခု ကုန်ခါနီးအချိန်တွင် ဆာပီကိုသည် 'မင်ဟက်တန်' ရပ်ကွက် မြောက်ပိုင်း၌ 'ရဲမှူးဒီလစ်' လက်အောက်မှာပင် အမှုထမ်းလျက်ရှိလေသည်။

ထိုအတောအတွင်း အစိုးရရှေ့နေချုပ် ဘာတင်တို့အဖွဲ့က 'ဂျူရီလူကြီး များက အပြစ်ရှိသည်ဟု ဆုံးဖြတ်ခဲ့သော အရပ်ဝတ်ရဲများအား တစ်ဦးချင်း ရုံးတင်တရားစွဲဆို အပြစ်ပေးရန် စီစဉ်ပြင်ဆင်လျက် ရှိလေသည်။

ရှေ့နေချုပ် ဘာတင်အနေဖြင့် မျက်နှာပူစရာ ပြဿနာတစ်ခု ရင်ဆိုင်နေ ရလေသည်။

ယင်းပြဿနာကား စောစောပိုင်းက ပရိသတ်ရှေ့မှောက် မခေါ်ပါဟု ကတိပေးခဲ့လင့်ကစား ဆာပီကိုအား အစိုးရသက်သေအဖြစ် မခေါ်ဘဲ မဖြစ်သည့်ကိစ္စပင် ဖြစ်သည်။

ထိုပြဿနာနှင့် ပတ်သက်၍ ဆာပီကိုက လွယ်လွယ်နှင့် လိုက်လျော မည်မဟုတ်ဟု သိ၍လည်း ဘာတင်သည် လက်ထောက်ရဲမှူးချုပ် ကူးပါးအား ကူညီပြောဆိုပေးရန် ချဉ်းကပ်လေသည်။

ကူးပါးကိုယ်တိုင် ရဲတပ်ဖွဲ့အတွင်း လာဘ်စားမှု ပပျောက်ရေးတွင် အလွန် စိတ်ဓာတ်ပြင်းထန်သူဖြစ်၍ သူပြောလျှင် ဆာပီကိုက လိုက်လျော သဘောတူ လက်ခံလိမ့်မည်ဟု မျှော်လင့်လျက် အကူအညီတောင်းခြင်း ဖြစ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကူးပါးသည် ဘရောင့်ရပ်ကွက်တွင် နယ်မြေမှူးတာဝန် ထမ်းဆောင်လျက် ရှိလေသည်။

ဘရောင့်ရပ်ကွက်သည် တိုင်းအမှတ် (၇) အပိုင်နယ်မြေ ဖြစ်လေသည်။

နယ်မြေမှူးတာဝန်ကို ကူးပါးသည် ၁၉၆၈ ခု၊ ဩဂုတ်လတွင် စတင် ထမ်းဆောင်ခဲ့ရရာ တိုင်းအမှတ် (၇) မှ အရပ်ဝတ်ရဲများ အုပ်စုဖွဲ့လာဘ်စား သည့် ပြဿနာအပြင် နယ်မြေအတွင်း လူမျိုးရေး (လူဖြူ၊ လူမည်း ပဋိပက္ခ) ပြဿနာ ပေါက်ကွဲလုဆဲဆဲ ဖြစ်နေခြင်းကိုလည်း ရင်ဆိုင်တွေ့နေရပေသည်။

သို့သော် ကူးပါးနှင့် ဆာပီကို တွေ့ဆုံချိန်တွင်မူ နယ်မြေအတွင်း လူမျိုးရေး ပဋိပက္ခများ တင်းမာမှု မရှိတော့သလောက်ဖြစ်ပြီး ရာဇဝတ်မှုခင်း များလည်း လျော့နည်းကျဆင်းနေပြီ ဖြစ်လေသည်။

ဆာပီကိုအနေဖြင့်လည်း ရဲမှူး ကူးပါးအကြောင်း ကြားဖူးနေပြီဖြစ်သည်။

တစ်ခါက ဒီလစ်ကိုယ်တိုင်က–

"တကယ်လို့ ကူးပါးလို လူမျိုးသာ ဦးစီးကွပ်ကဲနေရင် ကျန်တဲ့ ကျုပ် တို့လို လူတွေအဖို့ အတော် စိတ်ချမ်းသာမှာ သေချာတယ်"

ဟု ပြောခဲ့ဖူးလေသည်။

သို့ဖြစ်လင့်ကစား ဆာပီကိုနှင့် ကူးပါးတို့ ပထမအကြိမ် တွေ့ဆုံကြ ရာတွင် ပြေပြစ်ချောမောခြင်း မရှိလှချေ။

ဆာပီကိုက သူသည် ကူးပါးအား အထူးလေးစားပါကြောင်း၊ သူ့အနေ ဖြင့် ပုဂ္ဂိုလ်ရေးအရ မည်သူ့အပေါ်မှ မုန်းတီးစိတ်လည်း မရှိကြောင်း၊ သို့သော် အထက်အာဏာပိုင်တို့က ရဲတပ်ဖွဲ့ဝင်များ လာဘ်စားမှုနှင့် ပတ်သက်၍ အရေး ယူ စုံစမ်းခဲ့ပုံမှာ ကျေနပ်ဖွယ်မရှိကြောင်း၊ ထိုကြောင့် ယခု အခြေအနေကျမှ မိမိက လူမုန်းခံပြီး အစိုးရသက်သေအဖြစ် တရားရုံးတွင် ထွက်ဆိုရန် မှာ အဓိပ္ပာယ်မရှိကြောင်း ပြောရာမှ စိတ်တိုတိုနှင့်–

"တကယ်တမ်းကျတော့ ဘယ်သူကမှ ကျုပ်ကို ဂရုစိုက်တာ မဟုတ် ဘူး၊ ရဲတပ်ဖွဲ့တစ်ခုလုံးမှာ ကျုပ်ရဲ့မိတ်ဆွေဆိုလို့ ရဲမှူး ဒီလစ်တစ်ယောက် တည်းပဲ ရှိတယ်ဗျ"

ဟု ပြောလိုက်သည်။

ထိုအခါ လက်ထောက်ရဲမှူးချုပ် ကူးပါးကလည်း စားပွဲကို လက်သီးနှင့် ထုကာ လေသံတင်းမာစွာနှင့်ပင် ပြန်အော်ပြောလေသည်။



"ဟေ့ ဆာပီကို၊ ရဲတပ်ဖွဲ့ထဲမှာ မိတ်ဆွေရယ်လို့ ရှိတာမရှိတာတွေ လာမပြောနဲ့ကွ၊ ငါကိုယ်တိုင်က ရဲတပ်ဖွဲ့ထဲမှာ မိတ်ဆွေရယ်လို့ မရှိဘူး၊ ငါ့ အနေနဲ့ မိတ်ဆွေလည်း ရှာမနေဘူး၊ နားလည်လား"

သည်တော့မှ ဆာပီကိုလည်း ပြုံးမိကာ–

"ဒါဖြင့် ကောင်းပါပြီ၊ ကျွန်တော်ကပဲ ရဲမှူးကြီးရဲ့ မိတ်ဆွေအဖြစ် နေပါ့မယ်"

ဤသို့ ဆာပီကိုက ပြန်ပြောခဲ့လေသည်။

* * *

ကူးပါးကိုယ်တိုင်က ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှုကို စက်ဆုပ် မုန်းတီးသူဖြစ်လေရာ ဌာနချုပ်မှ အာဏာပိုင်တို့ စုံစမ်းစစ်ဆေးချိန်က ကူးပါး ရှိနေလျှင် အခြေအနေ တစ်မျိုးတဖုံ ဖြစ်ဖွယ်ရာရှိပေသည်။

သို့သော် ထိုအချိန်က ကူးပါးသည် မရှိခဲ့ချေ။

၁၉၆၉ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ရှေ့နေချုပ် ဘာတင်က ဆာပီ ကို၏အိမ်သို့ တယ်လီဖုန်းဆက်၍ တရားရုံးတော်တွင် တရားလိုပြသက်သေ အဖြစ် လာရောက်ထွက်ဆိုရေးအကြောင်း ဆွေးနွေးလိုပါသည်ဟု ပြောသော အခါ ဆာပီကိုက ငြင်းဆန်လေသည်။ တဆက်တည်းမှာပင် ဆာပီကိုက ရဲတပ်ဖွဲ့ဝင်တွေ လာဘ်စားခြင်းကို သိလျက်နှင့် လက်ပိုက်ကြည့်နေကြသော အရာရှိကြီးများကိုတော့ ဘာကြောင့် စုံစမ်းရေး အထူးခုံရုံးက မဖော်ထုတ်ခဲ့ လေသနည်းဟု ပြန်မေးလိုက်လေသည်။

ထိုအခါ ရှေ့နေချုပ် ဘာတင်က အထက်အရာရှိများကို အပြစ်ရှိ ကြောင်း ဖော်ထုတ်ရန် ခိုင်လုံသော အထောက်အထားမရှိကြောင်း၊ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်အချို့ကို အပြစ်ရှိကြောင်း ဖော်ထုတ်နိုင်ခြင်းသည်ပင်လျှင် လောင်း ကစားဒိုင် ကာရေရပ်စ်နှင့် ဇနီးအပြင် ဂူတီရက်အမည်ရှိ သတင်းပေးသူတို့၏ ခိုင်လုံသော ထွက်ချက်များကြောင့်သာ ဖြစ်ခဲ့ကြောင်း ပြောရင်း–

"မောင်ရင်ကတော့ နယူးယောက်မြို့ ရဲတပ်ဖွဲ့ဝင်တွေထဲမှာ သတ္တိရှိ ရှိနဲ့ ဖော်ထုတ်ဝံ့တဲ့ လူတစ်ယောက်ဖြစ်တယ်မဟုတ်လား၊ အခုလည်း ဆက်ပြီး သတ္တိရှိစမ်းပါ၊ ကျုပ်တို့ တိုင်ပင်ဆွေးနွေးတဲ့ဆီကို ဆက်ဆက်လာခဲ့စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

ဆာပီကိုက မလာချင်ပါဘူးဟု ဆက်လက်ငြင်းဆန်ပြန်ရာ နောက် မိနစ်အနည်းငယ်အတွင်း နယ်မြေမှူး ကူးပါးကိုယ်တိုင် ဖုန်းလှမ်းဆက်လေသည်။

“ဟေ့ ဆာပီကို၊ မင်း မလာမနေရလို့ ဆင့်ခေါ်တဲ့အမိန့် ထုတ်လိုက် ရမလား၊ ရှေ့နေချုပ် ဖိတ်ခေါ်တဲ့အတိုင်း မင်း လာသာလာခဲ့ပါ”

သည်တော့မှ ဆာပီကိုသည် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ကတိပေးလေတော့သည်။

* * *

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲ၌ ရှေ့နေချုပ် ဘာတင်နှင့် ကူးပါးတို့အပြင် တိုင်းအမှတ် (၇) တပ်မှူး ကီလိုရင်နှင့် ရဲမှူးဆင်ဆင်တို့ပါ ရှိနေကြလေ သည်။

ရှေ့နေချုပ် ဘာတင်ကပင် ဆာပီကိုအား စတင်စကားပြောလေသည်။

“ဒီမယ် ဆာပီကို၊ အမှုအတွက် ကြိုတင်ပြင်ဆင်မှုကို ဒီနေ့ပဲ ကျုပ်တို့ လုပ်ထားကြရမယ်၊ နောက်တစ်ခု သိစေချင်တာက မောင်ရင်ရဲ့ ကြိုးပမ်းလုပ် ဆောင်မှုအတွက် နာမည်ကောင်း ရွှေတံဆိပ်ဆု ရသင့်တယ်၊ မောင်ရင်ဟာ ရဲတပ်ဖွဲ့ဝင် လူကောင်းတစ်ယောက်လည်းဖြစ်တယ်၊ ဒါကြောင့် ရှေ့ဆက်ပြီး ခွစာတိုက်မနေပါနဲ့တော့”

“ကျုပ်ကလည်း အခြေအနေပေးတယ်ဆိုရင် ရဲတပ်ဖွဲ့ဝင်ကောင်းတစ် ယောက် ဖြစ်ချင်ပါတယ်”

ဆာပီကိုက ပြန်ပြောလိုက်သည်။

“အခုအခြေအနေဟာ အခြေအနေ ပေးနေပြီမဟုတ်လား”

“နောက်တစ်ခု ရှိသေးတယ်ဗျ၊ ခင်ဗျားက ကျုပ်ကို ရွှေတံဆိပ်ဆုရ မယ်လေး ဘာလေးနဲ့ မျှော်လင့်ချက်ပေးပြီး ဆွယ်နေတာ မဟုတ်လား”

ဤတွင် နယ်မြေမှူး ကူးပါးက ကြားဖြတ်၍–

“ဟေ့ ဆာပီကို၊ ရွှေတံဆိပ်ဆု ပေးသင့်ကြောင်း ထောက်ခံချက်ကို လွှန်ခဲ့တဲ့ အောက်တိုဘာလထဲက တင်ပြထားပြီးဖြစ်တယ်၊ အဲဒီစာရင်းမှာ မင်းနာမည်က ထိပ်ဆုံးကပါသွားတယ်၊ မင်းအနေနဲ့ ဂရုစိုက်ချင်စိုက်၊ မစိုက်



ချင်နေ၊ ထောက်ခံချက် စာရင်းကတော့ သက်ဆိုင်ရာကို ရောက်နေပြီကွ”

ဟု ဝင်ပြောလေသည်။

သို့သော် ဆာပီကိုက ဘဝင်ကျဟန် မတူချေ။

“အဲဒီ ရွှေတံဆိပ်ဆုဆိုတာလည်း မရထိုက်တဲ့ လူအချို့ ရခဲ့တာပဲ မဟုတ်လား”

ဤသို့ပြောရင်း တစ်ခါက ဘရောင့်ရပ်ကွက်မှ ရဲစုံထောက်တစ်ဦး ရွှေတံဆိပ်ဆု ရခဲ့ပုံကို ပြောပြလေသည်။

ထိုရဲစုံထောက်သည် ထူးချွန်မှု အရည်အချင်း လုံးဝမရှိသော်လည်း ရဲတပ်ဖွဲ့ဌာနချုပ် အာဏာပိုင်များနှင့် အဆက်ရှိခြင်းကြောင့်သာလျှင် နာမည် ကောင်း ရွှေတံဆိပ်ဆု ရရှိခဲ့ပုံကို ဆာပီကိုက ပြောပြလိုက်လေသည်။

“ထိပ်တန်း အရာရှိတွေကိုယ်တိုင်ကလည်း သူတို့ရဲ့ လူတွေကိုသာ ရွေးပြီး ကြည့်ရှုစောင်မတာပါဗျာ”

ဤသို့ ဆာပီကိုကလည်း နာကျည်းဟန်ဖြင့် ပြောရာ ရှေ့နေချုပ် ဘာတင်သည် ထိုစကားကို တစ်မျိုးလှည့်၍ ဖျောင်းဖျပြောဆိုပြန်လေသည်။

“ကျုပ်ပြောတာလည်း နားထောင်စမ်းပါဦးဗျ၊ မောင်ရင်က လိမ္မာပါး နပ်ပြီး ဉာဏ်ထက်မြက်တဲ့ လူတစ်ယောက်ပါ၊ မောင်ရင်က လူပေါင်း သုံးသောင်းကျော်ရှိတဲ့ ရဲတပ်ဖွဲ့ကြီး တစ်ခုလုံး အမြစ်ကလှန် ပြောင်းလဲပြုပြင် ပေးဖို့ တောင်းဆိုနေတယ်၊ ရဲတပ်ဖွဲ့ဝင်တွေထဲ အဂတိလိုက်စားမှု ရှိနေတာကို ကျုပ်တို့လည်း သိတာပေါ့၊ ဒါပေမဲ့ အခြေအနေက အရင်လိုမဟုတ်တော့ပါဘူး၊ တိုးတက်မှုရှိသင့်သလောက် ရှိနေပါပြီ၊ ဒါကြောင့်သာ မောင်ရင်ဟာ ဒီနေရာမှာ အခုလို အတော်ဆုံး ရဲအရာရှိသုံးဦးနဲ့ မျက်နှာစုံညီ ဆွေးနွေးတိုင်ပင်နေရတာ မဟုတ်လား”

“အခြေအနေက တိုးတက်ကောင်းမွန်လာတာ မဟုတ်ဘူး၊ မလိုလား အပ်တဲ့ကိစ္စ မြေလျှိုးနေလို့ ထင်ထင်ရှားရှား မပေါ်တာဘဲရှိတယ်”

ဆာပီကိုက ပြန်လည်ခြေပလိုက်သည်။

“အခြေအနေ တိုးတက်မှုဆိုတာ ရုတ်တရက် မြန်မြန်ဆန်ဆန်ကြီး ဖြစ်နိုင်ပါ့မလား၊ ကျုပ်အနေနဲ့တော့ ဖြည်းဖြည်းချင်း တဆင့်ပြီးတဆင့်တိုး တက်လာတာဟာ ပိုကောင်းတယ်လို့ ယုံကြည်တယ်”

ရှေ့နေချုပ် ဘာတင်က ဤသို့ပြောလျှင် ဆာပီကိုသည် စိတ်တိုလာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ကျုပ်ကို ဒါမျိုးတွေ လာပြောမနေစမ်းပါနဲ့ဗျာ၊ ကျုပ်က သာမန် အညတရ ရဲတစ်ယောက်ပါပဲ၊ ဒါပေမဲ့ လာဘ်စားမှု စုံစမ်းစစ်ဆေးခဲ့ပုံက အလွန် ရယ်စရာကောင်းတာကိုတော့ ကျုပ် နားလည်တာပေါ့၊ မလုပ်ရင် မကောင်းလို့သာ ဝတ်ကျေတန်းကျေ လုပ်ခဲ့တဲ့ စုံစမ်းစစ်ဆေးခြင်းဖြစ်တယ်။ ကံကောင်းလို့သာ အရပ်ဝတ်ရဲတချို့ အပြစ်ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့တာပါ။ အခုတစ်ခါ အမှုကို တရားရုံးတင်ခါနီးကျတော့ ကျုပ်ကို အဓိက အစိုးရသက်သေအဖြစ် ဝင်ပါစေချင်ကြတယ်၊ တယ်လည်းဟုတ်တဲ့ လူတွေပဲ"

ဆာပီကိုက ဒေါသသံနှင့် ပြောလိုက်ရာ နယ်မြေမှူး ကူးပါးက ကြားဖြတ်ဝင်ပြောလေသည်။

"မင်း တစ်ခုတော့ သိစေချင်တယ်ကွာ၊ အခု ရုံးတင်တရားစွဲဆိုမဲ့လူတွေ တရားရုံးမှာ ပြစ်မှုထင်ရှားပြီး အပြစ်ဒဏ်ရအောင် မလုပ်နိုင်ရင် ငါတို့အားလုံး အရှက်ကွဲလိမ့်မယ်၊ ငါတို့ရဲ့ အရေးယူ စုံစမ်းစစ်ဆေးမှုဟာ ဟန်ဆောင်လုပ်ခဲ့တာပါလို့လည်း ပြောကုန်ကြလိမ့်မယ်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ လက်စသတ်တော့ ကျွန်တော်က အငှားတရားခံ (တနည်းအားဖြင့်) ဓားစာခံ လုပ်ရမယ်ဆိုပါတော့၊ နဂိုက စုံစမ်းစစ်ဆေးမှု လုပ်တုန်းက ကျွန်တော့်ကို တာဝန်ပေးခဲ့ရင် တကယ့်ကို ပြတ်ပြတ်သားသား လုပ်မှာပဲ၊ အခုတော့ ကျွန်တော် လှည့်စားတာကို သက်သက် ခံခဲ့ရတယ်၊ ကျွန်တော်လိုက်ပြီး စုံစမ်းသတင်းပေးနေတုန်းကဆိုရင် ရဲမင်းကြီး ဂျွန်ဝေါ်ရှ်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ လုပ်ရသယောင် လှည့်စားခံခဲ့ရတယ်၊ နောက်တော့ သူတို့ရဲ့ စုံစမ်းစစ်ဆေးမှုက အဖျားရှူးသွားတယ် မဟုတ်လား၊ အခုကျမှ ကျွန်တော့်ကို တရားရုံးမှာ အစိုးရသက်သေအဖြစ် ထွက်ဆိုပေးစေချင်ပြန်တယ်၊ ဘာထူးတော့မှာလဲ"

ဆာပီကိုက စိတ်နာဟန်ဖြင့် ပြောသောအခါ ရှေ့နေချုပ် ဘာတင်က မိမိတို့အနေဖြင့် အနည်းဆုံး အရပ်ဝတ် ရဲနှစ်ဦး အပြစ်ဒဏ် မရ,ရအောင် လုပ်ရန် အရေးကြီးကြောင်း၊ ထိုနှစ်ယောက်က ရောဘတ်နှင့် ဇူမာတိုတို့ပင် ဖြစ်ကြောင်းပြောရင်း–

"အဲဒီလူနှစ်ယောက်ကိုသာ တရားရုံးက ပြစ်မှုထင်ရှားလို့ အပြစ်ပေးလိုက်ရင် သူတို့ဟာ ရဲတပ်ဖွဲ့ဝင်အဖြစ်က နုတ်ထွက်ရရုံမက ပင်စင်လစာ



တွေပါ ဆုံးရှုံးသွားမယ် မဟုတ်လား၊ အဲဒါကို ကျုပ်တို့ လိုချင်တာဗျ၊ ကျုပ်တို့ဟာ ရဲတွေ အဂတိလိုက်စားမှုကို လက်ပိုက်ကြည့်မနေဘဲ ပြတ်ပြတ်သားသား အရေးယူတယ်ဆိုတာ ပေါ်လွင်လာမယ်"

ဟု စကားကို အဆုံးသတ်လိုက်လေသည်။

သို့သော် ဆာပီကိုအနေဖြင့် ယခင်ကလည်း လူများ ကတိပေးပြီးကာမှ ကတိမတည်ခဲ့ပုံများကို ပြန်လည်သတိရနေမိလေသည်။

ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှုကို စုံစမ်းထောက်လှမ်းရန် အခြားနယ်မြေများတွင်ပါ လုပ်ပါမည်ဟူသော ကတိပေးချက်သည်လည်း နောက်ပိုင်း အကောင်အထည်ပေါ်မလာပုံကိုလည်း သတိရမိလေသည်။

ထို့ကြောင့် ဆာပီကိုသည် ရှေ့နေချုပ် ဘာတင်အား လှမ်း၍ အမှတ် (၇) နယ်မြေသန့်ရှင်းအောင် လုပ်တာက ဟုတ်ပါပြီ၊ အလားတူ ဖောက်ပြန်မှုတွေ ဘရွတ်ကလင်နဲ့ 'ကွင်း'နယ်မြေမှာ ဆက်လက်ပြီး ကြီးထွားနေတာကကော"

ဟု ပြောလိုက်သည်။

"မောင်ရင်က ကိုယ်နဲ့မဆိုင်တဲ့ ဘရွတ်ကလင်နဲ့ 'ကွင်း'နယ်မြေ အကြောင်းတွေပါ ဆွဲပြောနေတာကိုး၊ ဒီလိုဆိုရင် ဟိုအနောက်ဘက် ကမ်းရိုးတန်းက ဆန်ဖရန်မစ္စကိုနဲ့ လော့စ်ဝိန်ဂျယ်လ်စ် မြို့ကြီးက ရဲတွေအကြောင်းပါ ထည့်ပြောပါတော့လား"

ရှေ့နေချုပ် ဘာတင်က ဒေါသလို ပြောပြန်လေသည်။

"ဒါတော့ ကျုပ်အနေနဲ့ နယူးယောက်မြို့ရဲ့ ရဲတပ်ဖွဲ့ကြီး အပိုင်နယ်မြေကိုသာ စိတ်ဝင်စားလို့ ပြောတာပါ၊ အနောက်ဘက် ကမ်းရိုးတန်းက မြို့ကြီးတွေရဲ့ အခြေအနေကို ကျုပ်က စိတ်ဝင်စားတာမှ မဟုတ်ဘဲ"

"ကျုပ်က ဝါသနာအလျောက် စကားပြောရင် နည်းနည်းချဲ့ထွင်ပြီး ပြောတတ်လို့ပါဗျာ"

ရှေ့နေချုပ်ဘာတင်က ပြန်ပြောလိုက်သောအခါ၌မှ ဆာပီကိုပင်လျှင် ရယ်မောမိလေတော့သည်။

ပြီးတော့မှ သူ၏သဘောထားကို ဆက်ပြောလေသည်။

"မစ္စတာ ဘာတင်ခင်ဗျား၊ ကျုပ်က ခင်ဗျားအနေနဲ့ တာဝန်မကျေဘူး၊ တတ်နိုင်သလောက် မလုပ်ခဲ့ဘူးလို့ ဝေဖန်အပြစ်တင်နေတာ မဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက နယ်မြေမှူးကြီး မစ္စတာကူးပါးကိုလည်း အလွန်လေးစားပါတယ်။ ဒါပေမဲ့ အခုကိစ္စမှာ ကျုပ်အနေနဲ့ တရားရုံးမှာ တရားလိုပြ သက်သေအဖြစ် ထွက်ဆိုဖို့ကတော့ တာဝန်မရှိဘူးလို့ ထင်ပါတယ်၊ ရှင်းရှင်းပြောရရင် ကျုပ်တို့ တာဝန်ရှိ ပုဂ္ဂိုလ် အာဏာပိုင်တွေအနေနဲ့ မတရားနှိမ်တာ ခံရတာလို့ ဆိုချင် ပါတယ်"

ပြောရင်းနှင့် ဆာပီကိုသည် ကျန်လူသုံးယောက် မျက်နှာကို အခဲခဲ ကြည့်ရာ မိမိ ပြောလိုက်သောစကားကြောင့် စိတ်မလုံသလို၊ အားတုံ့အားနာ ဖြစ်သလို အသွင်မျိုး ဖြစ်နေကြောင်း တွေ့ရလေသည်။

ဤပုဂ္ဂိုလ်သုံးဦးအနေဖြင့် နားလည်သဘောပေါက်သွားပါက မိမိ လိုလားသော ရည်မှန်းချက် တစိတ်တဒေသတော့ အကောင်အထည်ပေါ်လာ လိမ့်မည်ဟု မျှော်လင့်မိလေသည်။

ထို့ကြောင့် နောက်ဆုံးတွင် ရှေ့နေချုပ် ဘာတင်က ဘာပဲဖြစ်ဖြစ် တရားရုံးတွင် တာဝန်ယူ လျှောက်လွှဲရမည့် သူ၏ လက်ထောက် ရှေ့နေအား ကူရန်ပြောပြီး နယ်မြေမှူး ကူးပါးကပါ ထပ်မံတိုက်တွန်းသောအခါ ဆာပီကို လည်း ကောင်းပါပြီဟု သဘောတူလိုက်လေတော့သည်။

* * *

တစ်နေ့သ၌ လက်ထောက်ရဲမှူးချုပ် မက်ဂိုဗန်က ဆာပီကိုအား တယ်လီ ဖုန်းဆက်၍ နှစ်ယောက်ချင်း တွေ့ဆုံဆွေးနွေးလိုကြောင်း ချိန်းလေသည်။

တွေ့ရန် ချိန်းဆိုသောနေရာက ဖူလ်ရန်တပ်ကွက် သားငါးရောင်းသည့် ဈေးတွင် ဖြစ်လေသည်။

ထိုအချိန်၌ ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု နှိမ်နင်းရေးတပ်ဖွဲ့ များမှ လူများကို အမျိုးမျိုး ပြောင်းရွှေ့နေရာချထားပြီးဖြစ်ရာ ယင်းတပ်ဖွဲ့ များကို ရဲမင်းကြီး ဝေါ့ရှ်၏ လူယုံတော်ဖြစ်သူ မက်ဂိုဗန်က ဦးစီးကွပ်ကဲနေရ ပေသည်။

ဆာပီကိုသည် မက်ဂိုဗန်အား နှစ်ကြိမ်မျှ တွေ့ဖူးပြီး တယ်လီဖုန်းဖြင့် စကားပြောဖူးသော်လည်း နှစ်ယောက်ချင်း တွေ့ဆုံစကားပြောရခြင်းဆို၍ ယခု ချိန်းဆိုတော့မှ ပထမဆုံးအကြိမ် ကြုံရခြင်းဖြစ်လေသည်။



မည်သို့ပင်ဖြစ်စေ ချိန်းဆိုရာသို့ လာတွေ့ပါမည်ဟု ကတိပေးလိုက် ပြီးသည့်အတိုင်း ဆာပီကိုသည် ချိန်းထားသည့် အချိန်မတိုင်မီ သားငါးများ ဈေးရှိရာသို့ သူ၏ ကိုယ်ပိုင်ကားဖြင့် မောင်းသွားလေသည်။

အတန်ကြာအောင် ထိုင်စောင့်နေရာ မက်ဂိုဗန်က ပေါ်မလာသဖြင့် လာတော့မည်မဟုတ်ဟု ယူဆကာ ပြန်မောင်းထွက်တော့မည်ပြုစဉ် မက်ဂိုဗန် သည် ရောက်လာလေသည်။

နောက်ကျရခြင်းမှာ လမ်းတွင် မော်တော်ယာဉ် အသွားအလာ အလွန် များနေ၍ နှောင့်နှေးကြန့်ကြာရပါသည်ဟု မက်ဂိုဗန်က အကြောင်းပြလေသည်။

လူချင်း ဆုံမိချိန်တွင် မက်ဂိုဗန် ရုတ်တရက် မည်သို့စကားစရမည်ကို မသိဟန်ဖြင့် အလုပ်နှင့် ဘာမျှမပတ်သက်သော နိုင်ငံခြားလုပ် မော်တော်ကား များအကြောင်း ပြောလေသည်။

နောက်မှ လိုရင်းအချက်ကို ပြောလေသည်။

"ရှင်းရှင်းပြောရရင် ကျုပ် ဘာကြောင့် အခုလို ချိန်းပြီးလာတယ်ဆို တာ ပြောရင်ရင် တော်တော်ခက်တယ်၊ မောင်ရင်ကလည်း ဘာကိစ္စချိန်းတာပါ လိမ့်လို့ သိချင်မှာပါပဲ၊ တစ်ခုပဲရှိတယ်၊ ရဲမင်းကြီးဝေါ့ရှ်က မောင်ရင် ဘယ်လို နေသလဲ၊ နေထိုင်ကောင်းရဲ့လား၊ စိတ်ကြည်လင် ပျော်ရွှင်ရဲ့လားလို့ သိချင် ကြောင်း သတင်းမေးခိုင်းလိုက်တယ်"

ဤသို့ပြောပြီးနောက် မက်ဂိုဗန်ကပင် ဆက်လက်၍ သူကိုယ်တိုင် ကလည်း ဆာပီကို စိတ်ကြည်လင်ပျော်ရွှင်ရေးကို လိုလားကြောင်း၊ ရဲတပ်ဖွဲ့ ကြီးတစ်ခုလုံးအနေဖြင့် အဂတိလိုက်စားမှု နှိမ်နင်းရေးကို ပိုမိုစိတ်ဝင်စားလာ စေလိုသည့် စေတနာရှိကြောင်း၊ ရဲများ လာဘ်စားမှုကို နှိမ်နင်းရာတွင် ဆာပီ ကိုက ဆက်လက်ကူညီလိမ့်မည်ဟု မျှော်လင့်ကြောင်း စသည်ဖြင့်ပြောကာ–

"အမှန်ပြောတာပါ၊ ကျုပ်ကိုယ်တိုင်က မောင်ရင့်စိတ်ထဲ ဘယ်လိုခံစား ဖြစ်ပေါ်လိမ့်မလဲလို့ စိုးရိမ်ပူပန်မိပါတယ်၊ နောက်ပြီး မောင်ရင် သတင်းစုံစမ်း ထောက်လှမ်းရာမှာ အဖော်မခေါ်ဘဲ တစ်ယောက်တည်း လှုပ်ရှားသွားလာတတ် တာကိုလည်း သိတယ်၊ ဘာပဲဖြစ်ဖြစ် အခုအချိန်အထိ မောင်ရင်ဆောင်ခဲ့သည့် သတင်းတွေက အခြေအမြစ် ခိုင်လုံတာကို တွေ့ရတယ်၊ ဒါကြောင့် ကျုပ်တို့က နောက်အချက်အလက် သတင်းတွေ ခိုင်ခိုင်လုံလုံ သိချင်ပါတယ်"

ဟု စကားကို အဆုံးသတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မက်ဂိုဗန်၏ စကားကို ဆာပီကိုသည် သေချာစွာ စဉ်းစားကြည့်လိုက်မိသည်။ ယခုမှ ရုတ်တရက် မိမိအပေါ် စိတ်ဝင်စားလာခြင်းသည် အကြောင်းရှိရပေမည်။ အထက်အာဏာပိုင်တို့က သူ၏စိတ်ဓာတ် ပြင်းထန်တက်ကြွမှုကြီးမှုကိုသိပြီး နောက်ထပ် ဘာတွေဆက်လုပ်ဦးမည်နည်းဟု စိုးရိမ်ကြောင်း သိလိုသဖြင့် မက်ကိုဗန်မှတဆင့် တီးခေါက်စုံစမ်းကြည့်ခိုင်းခြင်း ဖြစ်တန်ရာသည်။

ထို့ကြောင့် ဆာပီကိုလည်း စကားကို သတိထား၍ ပြန်ပြောရန် ဆုံးဖြတ်လိုက်သည်။

"မစ္စတာ မက်ဂိုဗန်ခင်ဗျာ၊ ကျွန်တော် ရှင်းရှင်းပြောပြပါ့မယ်၊ ကျွန်တော်ဟာ အခြေအနေကို စိတ်ပျက်လွန်းလို့ အလုပ်က နုတ်ထွက်စာတင်တော့မလို့တောင် စိတ်ကူးထားပြီးပြီ၊ ရဲမှူးဒီလစ်နဲ့တွေ့လို့သာ ကျွန်တော် နုတ်မထွက်ဖြစ်ခဲ့တာပါ၊ ရဲတပ်ဖွဲ့ထဲမှာ ရိုးသားဖြောင့်မတ်တဲ့လူ၊ အဂတိ လိုက်စားမှုကို မလိုလားတဲ့ လူတော်လူကောင်းတွေ အများကြီးရှိပါတယ်၊ မဟုတ်တာတွေ ဖြစ်နေကြတာကိုလည်း သူတို့သိကြလို့ ထုတ်ဖော်ပြောချင်ကြတယ်၊ ဒါပေမဲ့ ဒီလိုလုပ်လို့ ကိုယ့်အကျိုးပဲ ပြန်ထိခိုက်လာလေမလားလို့ စိုးရိမ်နေကြတယ်။ သူတို့အနေနဲ့ အထက်လူကြီးတွေရဲ့ အားပေးမှုကို မျှော်လင့်နေကြတယ်။ ခက်ပုံက အဲဒီ အားပေးမှုဆိုတာ လုံးလုံးမရှိသလောက် ဖြစ်နေပါတယ်"

ဆာပီကို ပြောလိုက်သည်ကို မက်ဂိုဗန်သည် သဘောမကျကြောင်း သူ၏ မျက်နှာအမူအရာနှင့် ပြန်ပြောသည့်စကားအရ သိသာထင်ရှားလေသည်။

"ဒီမယ် ဆာပီကို၊ မောင်ရင်က ဒီလိုပြောလာရင်တော့ တို့နှစ်ယောက် ညှိနှိုင်းဆွေးနွေးရာ မရောက်ဘူး၊ မောင်ရင်က လူမှုရေး ဟောနေသလိုပြောတယ်၊ ကျုပ်က အချက်အလက်ကိုသာ လိုချင်တယ်"

ဤတွင် ဆာပီကိုလည်း ဘုကျကျ ပြန်ပြောချင်စိတ် ဖြစ်လာလေသည်။

"ကောင်းပါပြီ၊ ကျွန်တော်က အချက်အလက်ကိုပဲ ပြောပါ့မယ်၊ ကပ္ပတိန် ဘီဟန်နဲ့ ဒေါ်လာငွေသုံးရာပါတဲ့ စာအိတ်ကိစ္စက ဘယ်လိုလဲ၊ ဘာကြောင့် အခု ဘာမှမလုပ်ဘဲ နေကြတာလဲ"

ထိုမေးခွန်းကို မက်ဂိုဗန်က မဖြေဘဲနေလျှင် ဆာပီကိုက ဆက်လက်မေးပြန်သည်။

"ရဲမှူးဒီလစ်က ခင်ဗျားဆီ အကူအညီတောင်းတော့ ဘာမှမကူညီတဲ့



အပြင် စုံစမ်းထောက်လှမ်းဖို့ လူလိုရင် ရဲအတတ်သင်ကျောင်းက သင်တန်းသားလူသစ်တွေ ခေါ်သုံးပါလို့ ပြောခဲ့တာကကော ဘာသဘောလဲ၊ ဒါဟာ ရဲတပ်ဖွဲ့ထဲ အဂတိလိုက်စားမှု နှိမ်နင်းရေးကို အာဏာပိုင်တွေက စိတ်မဝင်စားကြောင်း ထင်ရှားစေတယ် မဟုတ်လား"

ရဲမှူးဒီလစ်၏ နာမည်ကို ထည့်ပြောလိုက်ကာမှ မက်ဂိုဗန်သည် စိတ်ဘိုလာလေသည်။

"ဒါတော့ ဒီလစ်အနေနဲ့ ပြဿနာအခက်အခဲရှိရင် သူ့ဟာသူ ကြည့်ဖြေရှင်းပေါ့၊ သူလည်း ဝါရင့် ရဲအရာရှိတစ်ဦးပဲ မဟုတ်လား၊ လူတစ်ယောက်ကို မလိုချင်ရင် တခြားတစ်နေရာ ပြောင်းရွှေ့သွားရအောင် သူကိုယ်တိုင် အစီရင်ခံစာ ရေးတင်လိုက်ရင် ဖြစ်နိုင်တာကို သူသိပါတယ်"

ဆာပီကိုသည် အထက်လူကြီးတွေက ယင်းသို့ မျက်နှာလွှဲခဲပစ် လုပ်နေပါက မည်သို့လျှင် ရဲတပ်ဖွဲ့ကြီး ကောင်းလာအောင် ပြုပြင်နိုင်ပါမည်နည်းဟု ပြန်မေးရန် စိတ်ကူးပြီးမှ မထူးတော့ပါဘူးဟု ဆုံးဖြတ်ကာ—

"ပြည်သူအများရဲ့ လိုလားချက်ကတော့ ရဲမှူးဒီလစ်လိုလူမျိုးကို အထက်လူကြီးတွေက အားပေးကူညီဖို့ပဲခင်ဗျ"

ဟုသာ ပြန်ပြောလိုက်လေသည်။

ထိုမျှနှင့် စကားဖြတ်ပြီး လူချင်းခွဲခဲ့ကြလေရာ ဆာပီကိုသည် မက်ဂိုဗန်ကဲ့သို့ ရဲမင်းကြီး၏ ညာလက်ရုံးတစ်ဆူ၊ လူယုံတော်၏ သဘောထားကို သိရသဖြင့် အံ့သြမိသလောက် စိတ်လည်းပျက်မိလေသည်။

ဤတွင် သူ၏မိတ်ဆွေ ဒေးဗစ်ဒတ် အကြံပေးခဲ့ဖူးသော အစီအစဉ်တစ်ရပ်ကို ပြန်လည်စဉ်းစားမိလေသည်။

တိုင်းအမှတ် ၇ နယ်မြေရှိ အရပ်ဝတ်ရဲများအား စုံစမ်းစစ်ဆေးနေချိန်က ဆာပီကိုသည် ဒေးဗစ်ဒတ်နှင့် စကားစပ်ပြောကြရင်း လာဘ်စားမှု စုံစမ်းစစ်ဆေးခြင်းသည် အပြီးသတ်ကျတော့ အဖျားရှူးကာ အရာမရောက်ဖြစ်သွားမည်ကို စိုးရိမ်မိကြောင်း ပြောပြခဲ့ဖူးသည်။ ထိုအခါ ဒေးဗစ်ဒတ်သည် ယင်းသို့ဖြစ်လျှင် ပြန်လုပ်ရန် အကောင်းဆုံး နည်းတစ်နည်းရှိကြောင်း ပြောပြခဲ့သည်။

ယင်းနည်းကား ရဲတပ်ဖွဲ့ဝင်တွေ လာဘ်စားနေခြင်းကို တင်ပြခြင်းရှင်ခံ၍ အထက်အာဏာပိုင်တွေက မည်သို့မှ ဂရုတစိုက် အရေးမယူပါက မိမိတို့အနေဖြင့် သတင်းစာဆရာတစ်ဦးထံ ဆက်သွယ်၍ အကြောင်းစုံ ဖွင့်ပြောရန်

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။ ဤနည်းအားဖြင့် သတင်းစာမှ ရဲတပ်ဖွဲ့ကြီးအတွင်း ဖောက်ပြန်မှုတွေအကြောင်း ဟိုးလေးတကျော် ရေးသားဖော်ပြမည်မှာ သေချာသည်။ ထိုအခါ ရဲတပ်ဖွဲ့အာဏာပိုင်များက ကိုယ်တိုင် သိက္ခာကျအရှက်ကွဲပြီး နောင်တွင် အရေးယူလာကြမည်ဟု ဒေးဗစ်ဒတ်က ပြောရင်း သူကိုယ်တိုင် နာမည်ကြီး နယူးယောက်တိုင်းသတင်းစာနှင့် အဆက်အသွယ်ရှိကြောင်းကိုပါ ပြောပြခဲ့သည်။

ထိုစဉ် ဆာပီကို ယင်းအစီအစဉ်ကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

ငြင်းပယ်ခဲ့သည့် အကြောင်းကလည်း စောစောပိုင်းက ဒေးဗစ်ဒတ်၏ အကြံပေးချက်ဖြင့် ဆက်သွယ်ကြည့်ခဲ့သော ပုဂ္ဂိုလ်များ (ကပ္ပတိန်ဖိုရမ်၊ ကာရီဂယ်လ်နှင့် ဖရိုင်မန်စသည်တို့) ထံမှ မည်သို့မှ အားပေးကူညီမှု မရရှိခဲ့သောကြောင့် ယခုလည်း ဒေးဗစ်ဒတ်၏ အကြံပေးချက်ကို လက်မခံလိုခြင်းဖြစ်သည်။

ထို့ပြင် မိမိတို့လို သာမန်ရဲတပ်ဖွဲ့ဝင်များ၏ သတင်းပေး ပြောပြချက်ကို နယူးယောက်တိုင်း သတင်းစာကြီးအနေဖြင့် ယုံကြည်လက်ခံပြီး အရေးတယူ ရေးသားဖော်ပြမည်လောဟု သံသယဖြစ်ခဲ့မိသည်။

ထို့ကြောင့် ဆာပီကိုက ဒေးဗစ်ဒတ်၏ အကြံပေးချက်ကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ယခုတော့ ယင်း အကြံပေးချက်ကိုပင် လိုက်နာအကောင်အထည်ဖော်ရလျှင် ကောင်းမည်လောဟု စဉ်းစားမိပြန်လေသည်။

သို့နှင့်ပင် ဆာပီကိုသည် ရဲမှူး ဒီလစ်အား အကျိုးအကြောင်း ဖွင့်ပြောကာ သူနှင့်အတူ သတင်းစာတိုက်သို့ လိုက်ပါမည်လောဟု မေးကြည့်လေသည်။

ဒီလစ်သည် ချက်ချင်း အဖြေမပေးသေးဘဲ ခေတ္တမျှ စဉ်းစားနေပြီးမှ ပြန်ပြောလေသည်။

"ငါ မှန်တာပြောရရင် ငါဟာ အမှုထမ်းသက် နှစ်ပေါင်း ၂၀ နီးပါး ရှိနေပြီ၊ ငါ့မှာ မိန်းမနဲ့ ကလေးတွေလည်းရှိတယ်၊ မကြာသေးမီကမှ ငါက အိမ်တစ်လုံး အရစ်ကျပေးစနစ်နဲ့ ဝယ်လိုက်တာ၊ ကြွေးတော်တော်များများ ဆပ်ဖို့ကျန်သေးတယ်၊ တကယ်လို့ ငါ့အနေနဲ့ ရဲတပ်ဖွဲ့ထဲက နုတ်ထွက်သွားရမယ်ဆိုရင် ရှေ့က ဘာလုပ်ကိုင်စားရမှန်း မသိဘူး"



ထိုစကား၏ အဓိပ္ပာယ်ကို ဆာပီကိုသည် ကောင်းစွာသဘောပေါက်မိလေသည်။

ရဲမှူး ဒီလစ်အနေဖြင့် နှစ်ပေါင်း ၂၀ ကျော် အမှုထမ်းသက်ရှိပြီးကာမှ အခြေအနေအရ အလုပ်မှ နုတ်ထွက်လိုက်သည်အထိ ဖြစ်သွားမည်ကို စိုးရိမ်ကြောင့်ကြမိခြင်းသည် အပြစ်မဆိုသာပေ။ ဆာပီကိုနှင့်အတူ သတင်းစာတိုက်သို့လိုက်ပြီး ဖော်ကောင်လုပ်ခြင်းအားဖြင့် အထက်အာဏာပိုင်တို့ ငြိုငြင်ခြင်းခံရမည်ကို ဒီလစ်က တွေး၍ စိုးရိမ်ပုံရလေသည်။

အထူးသဖြင့် သတင်းစာတိုက်သို့သွား၍ ရဲတပ်ဖွဲ့အတွင်းရေးများ ဖော်ထုတ်သတင်းပေးခြင်းကိုလည်း စည်းကမ်းဥပဒေအရ တားမြစ်ထားကြောင်း ဆာပီကိုကိုယ်တိုင် သိရှိထား၍လည်း ဒီလစ်၏ သဘောသားနှင့် ကြောင့်ကြမှုကိုလည်း နားလည်သဘောပေါက်မိလေသည်။

တဖန် ရဲမှူးဒီလစ်အနေဖြင့် တတ်နိုင်သလောက် ဆာပီကိုအား ကူညီအားပေးလျက်ရှိနေပြီဟူသော အချက်ကိုပါ စဉ်းစားမိလေသည်။ ထို့ကြောင့် သတင်းစာတိုက်သို့ မလိုက်လိုခြင်းကို ဆာပီကိုက နားလည်မှုရှိလေသည်။

ဆာပီကိုက ဤသို့ စဉ်းစားနေစဉ် ဒီလစ်ကပင် ဆက်ပြောလေသည်။

"ကိုင်း… ငါ့ရဲ့သဘောထားကို မောင်ရင် သိရပြီမဟုတ်လား၊ မင်းအနေနဲ့ လုပ်စရာရှိတာသာ ဆက်လုပ်ပေတော့၊ ငါကလည်း အတတ်နိုင်ဆုံး မင်းဘက်က ထောက်ခံအားပေးမှာပါ"

* * *

'နယူးယောက်တိုင်း' သတင်းစာတိုက်တွင် အဆက်ရှိပါသည်ဟု ပြောခဲ့သော ဒေးဗစ်ဒတ်၏ အဆက်ဆိုသူကား ဘင်ဟန်အမည်ရှိ အသက် ၃၇နှစ်ရွယ်ခန့် သတင်းထောက်တစ်ဦး ဖြစ်လေသည်။

ထိုလူသည် နယူးယောက်တိုင်း သတင်းစာတွင် အလုပ်ဝင်မလုပ်မီက ဝါရှင်တန်မြို့တော်တွင် သမ္မတ၏ တရားဥပဒေ စိုးမိုးရေးကော်မရှင်၏ လက်ထောက် ညွှန်ကြားရေးမှူးအဖြစ် နှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူသည်။

ယခု သတင်းစာတိုက်တွင် ဘင်ဟန်၏တာဝန်မှာ မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း သတင်းစာများကို 'ကိုင်' ရန်ပင်ဖြစ်ရာ တရားဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးရေးနှင့် မှုခင်းများဆိုင်ရာ သတင်းအားလုံးကို သူကပင် ကြီးကြပ်ကွပ်ကဲရလေသည်။

သူ၏ လုပ်ငန်းသဘောအရ ရဲတပ်ဖွဲ့နှင့် ရင်းနှီးစွာ ဆက်သွယ်မှုရှိရန် လိုအပ်သည့်အလျောက် သတင်းထောက် ဘင်ဟန်သည် အခြားသတင်းထောက်တစ်ဦးမှတဆင့် ဒေးဗစ်ဒတ်နှင့် သိကျွမ်းဆက်သွယ်မှု ရရှိခဲ့ခြင်းဖြစ်သည်။ ဤနည်းအားဖြင့် သတင်းစာအတွက် ရဲတပ်ဖွဲ့နှင့် ပတ်သက်သည့် သတင်းများကို အခါအားလျော်စွာ ဒေးဗစ်ဒတ်ထံမှ ရရှိခဲ့လေသည်။

သတင်းထောက်ဘင်ဟန်သည် မှုခင်းသတင်းများကို 'ကိုင်'ရင်း ရဲတပ်ဖွဲ့အပေါ် စိတ်ဝင်စားမိသဖြင့် လေ့လာခဲ့သူလည်းဖြစ်သည်။ အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များ၏ ရိုးသားဖြောင့်မတ်ခြင်းကို လိုလားသူဖြစ်လေရာ အဂတိလိုက်စားမှု၊ ဒုစရိုက်သမားများနှင့် နားလည်မှုယူခြင်း စသည်တို့ကို စက်ဆုပ်မုန်းတီးလာလေသည်။

ထို့ကြောင့် ရဲတပ်ဖွဲ့အပေါ် ဝေဖန်စရာရှိလျှင် မထောက်မညှာ သတင်းစာမှ ဝေဖန်ရေးသားခဲ့လေသည်။

ညဘက် ပတ္တရောင် 'ကင်း'လှည့်ရန် တာဝန်ကျချိန် ရဲများ တာဝန်မကျေဘဲ တစ်နေရာရာတွင် အချောင်ဝင်အိပ်လေ့ရှိကြောင်းကို ဘင်ဟန်ကပင် နယူးယောက်တိုင်း သတင်းစာမှ ဖော်ထုတ်ရေးသားခဲ့ပေသည်။

၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဆာပီကို၊ ဒီလစ်၊ ဒေးဗစ်ဒတ်နှင့် အခြားရဲတစ်ဦးတို့သည် သတင်းထောက်ဘင်ဟန်နှင့် တွေ့ဆုံဆွေးနွေးရန်အတွက် 'နယူးယောက်တိုင်း' သတင်းစာတိုက်သို့ သွားကြလေသည်။

ယင်းဆွေးနွေးပွဲကို သတင်းထောက်ဘင်ဟန်က ကြီးကြပ်ပြီး မြို့တော်သတင်းအယ်ဒီတာ အာသာဂက်၊ လက်ထောက်အယ်ဒီတာတစ်ဦးနှင့် အခြားသတင်းထောက်တစ်ဦးတို့ ပါရှိနေကြသည်။

ရဲမှူးဒီလစ်ကို ခေါ်သွားလျှင် ကောင်းလိမ့်မည်ဟု ထင်မိသဖြင့် ဆာပီကိုက မရမရ ခေါ်သွားခြင်းသည် အလွန်မှ မှန်ကန်ကြောင်း ဆွေးနွေးပွဲကျတော့ လက်တွေ့သိရလေသည်။

(နောက်ပိုင်းတွင် သတင်းထောက် ဘင်ဟန် ကိုယ်တိုင်က–

"တကယ်လို့သာ ရဲမှူးဒီလစ် ခင်ဗျားတို့အတူ ပါမလာခဲ့ရင် ဆွေးနွေးပွဲဟာ ဘယ်လိုမှ ဖြစ်မြောက်မှာမဟုတ်ဘူး"



ဟု ဆာပီကိုအား ပြောခဲ့လေသည်။)

သို့ဖြစ်လင့်ကစား ဆွေးနွေးပွဲသည် လွယ်ကူပြေပြစ်စွာ ဖြစ်မြောက်ခဲ့ခြင်း မဟုတ်ပါချေ။

သတင်းအယ်ဒီတာ အာသာဂက်က ဆွေးနွေးပွဲမစမီ ယခု ဆွေးနွေးကြသည့် အကြောင်းအရာသည် အလွန်သိမ်မွေ့ ခက်ခဲသည်သာမက ရဲတပ်ဖွဲ့ဝင်များအကြောင်း ဖော်ထုတ်ရေးသားရန်မှာ သတင်းစာအနေဖြင့် လွယ်ကူလှမည် မဟုတ်ကြောင်း စကားစပျိုးခဲ့သည်။

ဤတွင် ဆာပီကိုသည် ထောင်းကနဲ ဒေါသထွက်လာကာ–

"ဘာလဲ၊ ခါတိုင်းလိုပဲ ထုံးစံအတိုင်း ကျုပ်တို့ပြောတာတွေ အဖျားရှူးသွားမှာလား၊ ဒီလိုဆိုရင် အခု ကျုပ်တို့လာတာ အလကားဖြစ်ရုံပေါ့"

ဟု ပြောလိုက်မိသည်။

သို့ရာတွင် အယ်ဒီတာများနှင့် သတင်းထောက်များက ပြောစရာရှိတာ ဆက်ပြောပါဟု တိုက်တွန်းသဖြင့် ပြောပြလိုက်သောအခါ၌မှ သတင်းစာဆရာများက အကြီးအကျယ် အံ့အားသင့်သလောက် စိတ်ဝင်စားမှုဖြင့် ဂရုစိုက်နားထောင်ကြပြန်သောကြောင့် ဆာပီကိုလည်း ဒေါသစိတ် ပျောက်သွားပြန်ရလေသည်။

သူပြောပြလိုက်သော ရဲတပ်ဖွဲ့ အတွင်းရေးကိစ္စများနှင့် ပတ်သက်၍ သတင်းထောက် ဘင်ဟန်ကိုယ်တိုင် သတင်းစာ၌ ရေးသားဖော်ပြမည့် သတင်းဒုံးစံကို မူကြမ်းရေးပြရာ သက်ဆိုင်ရာက လေ့လာကြည့်ပြီးနောက် ရေးသားဖော်ပြခွင့် ပြုလိုက်လေသည်။

ဘင်ဟန်၏ သတင်းရေးပုံက လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုဆန်ဆန် အပိုင်းသုံးပိုင်း ရှိလေသည်။

ပထမပိုင်းက ရဲတပ်ဖွဲ့ဝင်အတွင်း အဂတိလိုက်စားမှု၊ ဖောက်ပြန်မှုတွေ မည်မျှကြီးထွားနေပုံကို ဖော်ပြထားပြီး ဒုတိယပိုင်းတွင် ယင်းအဂတိလိုက်စားမှုများ မည်သို့မည်ပုံ ဖြစ်ပေါ်လာပုံကို အသေးစိတ် ဖော်ပြထားသည်။ ဘတိယပိုင်းတွင်မူ အထက်ဆိုင်ရာ အာဏာပိုင်တို့က မည်သို့အရေးယူဆောင်ရွက်သင့်ကြောင်း အကြံပေးချက်များ ပါရှိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက် ဘင်ဟန်၏ သတင်းဆောင်းပါးများကို တာဝန်ရှိ အယ်ဒီတာများသည် သဘောတူကြပြီးဖြစ်လျက် ချက်ချင်း သတင်းစာထဲ ပါမလာသောအခါ ဘင်ဟန်သည် နားမလည်နိုင်အောင် ဖြစ်မိပြီး တာဝန်ရှိသော အယ်ဒီတာများထံ သွားရောက်မေးမြန်း စုံစမ်းကြည့်လေသည်။

အယ်ဒီတာများက မည်သို့မှ စိုးရိမ်ပူပန်ခြင်းမရှိရန်နှင့် ယင်းသတင်း ဆောင်းပါးများ မကြာမီ သတင်းစာထဲ ပါလာမည်ဖြစ်ကြောင်း၊ ဖော်ပြရန် အကောင်းဆုံး အသင့်လျော်ဆုံးအချိန်ကို စောင့်နေကြခြင်းသာဖြစ်ကောင်း နှစ်သိမ့် ပြောဆိုလိုက်သည်ဟု သိရပေသည်။

သို့ရာတွင် အချိန်သာ တရွေ့ရွေ့ ကုန်သွားပြီး ထိုသတင်းဆောင်းပါး များ နယူးယောက်တိုင်း သတင်းစာတွင် ပါမလာဘဲ ဖြစ်နေလေသည်။

ထိုအတောအတွင်း သတင်းဆောင်းပါးများ ဖော်ပြရန် သင့်လျော်ကိုက် ညီမည့် အခြေအနေတစ်ရပ်ကို သတင်းထောက်ဘင်ဟန် ကိုယ်တိုင် ကြုံတွေ့ရ လေသည်။

ဧပြီလလယ်၏ စနေနေ့တစ်နေ့၌ ဘင်ဟန်အား မိတ်ဆွေတစ်ဦးက ကောက်တေးလ်ပါတီခေါ် အရက်ယမကာနှင့် ညှော်ခံသည့် ပွဲတစ်ပွဲသို့ ခေါ်သွား ခဲ့သည်။

ယင်းညှော်ခံပွဲကို တည်ခင်းညှော်ခံသူ အိမ်ရှင်က မြို့တော်ဝန်လင်းဆေး ပြန်လည်ရွေးကောက်တင်မြှောက်ခံရအောင် ကြိုးစားစဉ်က စည်းရုံးရေးမန်နေဂျာ ရစ်ချတ်ဆိုသူပင် ဖြစ်လေသည်။

ယခုဆိုလျှင် ရစ်ချတ်သည် လင်းဆေး၏ လူယုံတော်နှင့် လက်ထောက် မြို့တော်ဝန်ရာထူးကို ရရှိနေပြီဖြစ်သည်။

အဆိုပါ ညှော်ခံပွဲ၌ မြို့တော်ဝန်၏ သတင်းဆက်သွယ်ရေးအရာရှိ မော်ဂင်ဆိုသူလည်း ရှိနေလေသည်။

ဘင်ဟန်သည် ရုတ်တရက် စိတ်ကူးရပြီး မော်ဂင်နှင့် အလွှာပသလ္လာပ စကားတွေပြောရင်းက နယူးယောက်တိုင်းက သတင်းစာတွင် မြို့တော်အတွင်းက အဂတိလိုက်စားမှုတွေ ဖြစ်နေပုံအကြောင်း၊ အတွင်းကျကျ သတင်းဆောင်းပါး တွေ အဆင်သင့်ရှိနေကြောင်း ထည့်ပြောလိုက်လေသည်။

သတင်းဆောင်းပါးအကြောင်း အသေးစိတ် ရှင်းပြပြောဆိုလိုက်သော် လည်း နောက်အပတ် (အင်္ဂါနေ့ ဧပြီ ၂၁ ရက်)တွင် သတင်းထောက်ဘင်ဟန်



သည် မော်ဂင်ထံသို့ တယ်လီဖုန်းဆက်၍ ညှော်ခံပွဲတုန်းက သူ အရိပ်အမြွက် ပြောခဲ့သော သတင်းဆောင်းပါးသည် ရဲတပ်ဖွဲ့ဝင်များ ဖောက်ပြန်လာဘ်စား နေသည့် အတွင်းရေးအကြောင်းများဖြစ်၍ ပြည်သူတစ်ရပ်လုံး တုန်လှုပ်အံ့သြ သွားဖွယ်ရာ ရှိကြောင်းကိုပါ ပြောပြလိုက်သည်။

ဤတွင် သတင်းစာဆက်သွယ်ရေးအရာရှိ မော်ဂင်သည် ချက်ချင်းပင် မြို့တော်ဝန်လင်းဆေး၏ ရုံးခန်းသို့သွား၍ ဘင်ဟန်ပြောပြချက်ကို သတင်းပို့ အစီရင်ခံလိုက်လေသည်။

မြို့တော်ဝန်ကလည်း သူ၏ လက်ထောက် ရစ်ချတ်နှင့် ရဲမင်းကြီး မာဝပ်ဆိုသူတို့ကိုပါ ခေါ်ယူ၍ ယင်းကိစ္စကို ဆွေးနွေးတိုင်ပင်ကြရာ နယူးယောက် တိုင်း သတင်းစာက ဖော်ထုတ်ရေးသားခြင်းမပြုမီ မိမိတို့ကိုယ်တိုင်က စတင် အရေးယူကြရန် ဆုံးဖြတ်လိုက်ကြသည်။

မြို့တော်ဝန်ကိုယ်တိုင် ဦးစီးကွပ်ကဲလျက် ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက် စားမှုကို စုံစမ်းစစ်ဆေးရန် အထူးကော်မတီတစ်ရပ် ဖွဲ့စည်းရန်လည်း စီစဉ် လိုက်လေသည်။

ယင်းအစီအစဉ်ကြောင့် ဂယက်ရိုက်မှုများ မကြာမီ ဖြစ်ပေါ်လာလေ တော့သည်။

ပြုတ်နေခဲ့သော ကရီဂယ်လ်က ဆာပီကိုထံ တယ်လီဖုန်းဆက်လေသည်။

ကရီဂယ်လ်က ဖုန်းဆက်ပြောရာတွင် သူသည် အလွန်အလုပ်များနေ၍ ဆာပီကိုထံ အဆက်အသွယ် မလုပ်နိုင်ခဲ့ခြင်းကို ဝမ်းနည်းကြောင်း၊ ဆာပီကို၏ တင်ပြချက်များနှင့် ပတ်သက်၍ ဒေးဗစ်ဒတ်နှင့်လည်း ဆွေးနွေးပြောဆိုပြီးကြောင်း ပြောပြလေသည်။

ဆာပီကိုကမူ စိတ်မပါသလို ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

ကရီဂယ်လ်နှင့် နောက်ထပ် တွေ့ဆုံဆွေးနွေး၍ အကြောင်းထူးမည် မထင်ကြောင်းသာ အစချီကာ ကရီဂယ်လ်အနေဖြင့် မြို့တော်ဝန် လင်းဆေးထံ သို့ ရဲများ ဖောက်ပြန်မှုအကြောင်း သတင်းပို့ အစီရင်ခံခဲ့ပါသလော၊ မြို့တော် ဝန်က ထိုအကြောင်းကို သိပါသလောဟု ပြန်မေးလိုက်သည်။

ထိုအခါ ကရီဂယ်လ်က–

“တိုက်ရိုက်တော့ မပြောဖြစ်ခဲ့ဘူး၊ ဒါပေမဲ့ ကျုပ်တို့က ဒီပြဿနာ အကြောင်း ဆွေးနွေးခဲ့ပါတယ်၊ မြို့တော်ဝန်က ဒီကိစ္စမျိုးဆိုရင် တကယ်အာဘာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ရဲမင်းကြီးရဲ့ စုံစမ်းစစ်ဆေးရေးဌာနကို လွှဲပြောင်းတာဝန်ပေးရမယ်လို့ ဆော ပြောခဲ့တယ်”

ဟု ပြန်ဖြေလေသည်။

သတင်းဆက်သွယ်ရေးအရာရှိ မော်ဂင်က မြို့တော်ဝန် လင်းဆေးထံသို့ သတင်းပို့ အစီရင်ခံပြီး နှစ်ရက်အကြာ (ဧပြီလ ၂၃ ရက်နေ့)တွင် မက်ဂိုဗန် က ကပ္ပတိန်ဖိုရမ်အား ခေါ်ယူစစ်ဆေးလေသည်။

ထိုအခါ ဖိုရမ်က ဆာပီကို အစီရင်ခံသတင်းပေးသည့် အချက်အားလုံး ကို ငြင်းဆိုလေသည်။

သို့သော် မိမိထံသို့ ဒေးဗစ်ဒတ်က ဆာပီကိုဆိုသူအား ခေါ်ယူလာခဲ့ ကြောင်းကိုမူ ကပ္ပတိန်ဖိုရမ်က ဝန်ခံသည်။ လာဘ်ငွေခေါ်လာသုံးရာပါသည့် စာအိတ် လက်ခံရရှိခြင်းကိုကား လုံးဝငြင်းဆိုပြီး ဆာပီကိုသည် မကြာမီ လာဘ်ငွေ၊ သို့မဟုတ် ဆက်ကြေးလက်ခံစရာ ရှိမည်ဖြစ်ကြောင်းကိုသာ ပြောပြခဲ့ပါသည်ဟု ထွက်ဆိုလေသည်။

မက်ဂိုဗန်က ဆက်လက် မေးခွန်းဝှတ်သောအခါ ကပ္ပတိန်ဖိုရမ်က သူသည် ဆာပီကိုနှင့် တွေ့ဆုံစကားပြောစဉ်က မှတ်တမ်းမှတ်စုများ ရေးသား မထားခဲ့ပါဟု ဝန်ခံလေသည်။ သူကပင် ဆက်လက်၍ တစ်ခါက ဒေးဗစ်ဒတ် က ဆာပီကိုအား စုံစမ်းထောက်လှမ်းရေးဌာနသို့ တာဝန်ပေးသင့်ကြောင်း ထောက်ခံပြောဆိုသဖြင့် မိမိက လေ့လာစုံစမ်းကြည့်ရာ ဆာပီကိုသည် စိတ္တဝေဒနာတစ်မျိုးရှိသူ (တနည်းအားဖြင့်) စိတ်မမှန်သူ ဆိုက်ကိုတစ်ဦးဖြစ်သည်ဟု သိရှိရကြောင်း၊ ထိုအချိန်ကပင် မိမိအနေဖြင့် ဆာပီကိုအား ရဲတပ်ဖွဲ့မှ ထုတ် ပယ်ပစ်ခဲ့သင့်ကြောင်း စသည်ဖြင့် ထွက်ဆိုခဲ့သေးသည်။

* * *

မက်ဂိုဗန်က ကပ္ပတိန်ဖိုရမ်အား ခေါ်ယူစစ်ဆေးသည့်နေ့ (ဧပြီလ ၂၃ ရက်နေ့) မှာပင် မြို့တော်ဝန် မစ္စတာလင်းဆေးက ရဲတပ်ဖွဲ့အတွင်း အဂတိ လိုက်စားမှု ရှိမရှိ စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင်ငါးဦး ပါဝင်သည့် ကော်မတီ တစ်ရပ် ဖွဲ့စည်းကြောင်း ကြေညာလိုက်လေသည်။ ကင်းကော်မတီတွင် မြို့



တော်ဝန်၏ ဥပဒေအကြံပေးအရာရှိ ရမ်ကင်ဆိုသူက ခေါင်းဆောင်ပြီး မင်းဟက်တန် ရှေ့နေချုပ် ဟိုဂင်နှင့် ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးရေးဌာနမှူး (ဖရိုင်မန်၏နေရာ ပြောင်းရွှေ့လာသူ) ဆိုသူတို့အပြင် ရဲမင်းကြီးဟိုးဝပ်တို့လည်း ပါဝင်လေသည်။

နယူးယောက်တိုင်း သတင်းစာတိုက်တွင်ကား သတင်းထောက်ဘင်ဟန် သည် သတင်းအယ်ဒီတာ အာသာဂတ်တို့ထံ ပြော၍ မြို့တော်ဝန်၏ ကြေညာချက်အကြောင်း ပြောပြလိုက်လေသည်။ မိမိတို့ သတင်းစာတိုက်အနေ ဖြင့် ရဲတပ်ဖွဲ့အတွင်း လာဘ်စားမှုရှိနေကြောင်း ကြိုတင်သိထားပါလျက် ချက်ချင်း ထုတ်ဖော်ရေးသားခြင်း မပြုခဲ့သောကြောင့် ယခုတော့ မြို့တော်ဝန်၏ ရုံးက လက်ဦးသွားပြီဖြစ်ကြောင်းကိုပါ ထောက်ပြလိုက်သည်။

သည်တော့မှ အယ်ဒီတာ အသာဂတ်သည် မူလက သတင်းထောက် ဘင်ဟန် ရေးသားခဲ့သော သတင်းဆောင်းပါး သုံးပုဒ်ကို ချုံး၍ တစ်ပုဒ်တည်း ဖြစ်အောင် အလျင်အမြန် ပြန်လည်ရေးသားခိုင်းပြန်လေသည်။

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် ယင်း သတင်းဆောင်းပါး သုံးပုဒ်ကို နယူးယောက်တိုင်း သတင်းစာ၏ အုပ်ချုပ်မှုအယ်ဒီတာ ရိုဆင်သော်လ်ကိုယ် တိုင် ဖတ်ရှုပြီးနောက် သဘောတူ ခွင့်ပြုချက် ပေးလိုက်လေသည်။

ထိုအခါ သတင်းထောက် ဘင်ဟန်က မြို့တော်ဝန်၏ သတင်းဆက် သွယ်ရေးအရာရှိ မော်ဂင်ထံ တယ်လီဖုန်းဆက်၍ ရဲတပ်ဖွဲ့အတွင်း အဂတိလိုက် စားမှုနှင့် ပတ်သက်၍ အတွင်းကျကျ ဆောင်းပါးတစ်ပုဒ် နောက်တစ်နေ့ သတင်းစာတွင် ပါမည်ဖြစ်ကြောင်း၊ ယင်းသတင်းဆောင်းပါးကို ကြိုတင်လေ့ လာသိရှိရန် မိတ္တူနှစ်စောင်ကိုပါ ကြိုပို့ပေးလိုက်မည်ဖြစ်ကြောင်း ပြောလိုက် သည်။

မော်ဂင်သည် ထိုသတင်းဆောင်းပါး မိတ္တူများကို ရရှိသည်နှင့် တစ် စောင်ကို မြို့တော်ဝန်လင်းဆေးထံ တင်ပြပြီး ကျန်တစ်စောင်ကိုမူ ရဲမင်းကြီး ဟိုးဝပ်ထံသို့ ပို့ပေးလိုက်လေသည်။

ထိုအခိုက်၌ ရဲမင်းကြီးသည် အစည်းအဝေးတစ်ခု ပြုလုပ်နိုက်ဖြစ်လေ သည်။ ယင်းအစည်းအဝေးတွင် ဒုရဲမင်းကြီး ဝေါ့ရှ်၏ လက်ထောက်ရဲမှူးချုပ် မက်ဂိုဗန်နှင့် ကပ္ပတိန်ဖိုရမ်တို့လည်း ရှိနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုရမ်က ဆာပီကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းနှင့် ပတ်သက်၍ ဆာပီကို ပြောသမျှ မမှန်ကြောင်းကို ဆက်လက်ငြင်းဆိုလျက်ပင် ရှိလေသည်။

ရဲမင်းကြီးအပါအဝင် ကျန်လူများသည် သတင်းဆောင်းပါးကို ဖတ်ကြည့်၍ မပြီးသေးမီမှာပင် သူတို့အားလုံးကို မြို့တော်ဝန်လင်းဆေးက သူ၏ ရုံးခန်းသို့ ဆင့်ခေါ်လိုက်လေသည်။

မြို့တော်ဝန်၏ရုံးခန်းတွင် လက်ထောက်မြို့တော်ဝန် ရစ်ချတ်၊ ဥပဒေ အကြံပေးအရာရှိ ရမ်ကင်၊ ရှေ့နေချုပ်၊ ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးဌာနမှူး ရောဘတ်ရပ်စ်ကင်၊ သတင်းအရာရှိ မော်ဂင်နှင့် ကရီဂယ်လ်တို့က ရောက်ရှိ နေကြပြီ ဖြစ်လေသည်။

မြို့တော်ဝန် လင်းဆေးသည် ဒေါသထွက်နေဟန်ဖြင့် မျက်နှာထား သုန်မှုန်လျက်ရှိလေသည်။

တဖန် ရောက်ရှိနေသူများတွင် စိတ်သဘောထားချင်း မတိုက်ဆိုင် သူတွေလည်း ပါဝင်နေသည်။ ဥပမာ ရဲမင်းကြီး ဟိုးဝပ်နှင့် စုံစမ်းစစ်ဆေးရေး ဌာနမှူး ရောဘတ်ရပ်စ်ကင်တို့သည် တစ်ဦးကိုတစ်ဦး မုန်းနေကြသူများ ဖြစ်လေသည်။

တစ်ခါက ရောဘတ်ရပ်စ်ကင်က ရဲမင်းကြီး ဟိုးဝပ်အား ရဲတပ်ဖွဲ့ ဝင်များ ဖောက်ပြန်လာဘ်စားမှုရှိလျှင် မည်သို့အရေးယူပါသနည်းဟု မေးခဲ့ ဖူးသည်။

ထိုအခါ ဟိုးဝပ်က–

"ဒါမျိုးကျတော့ ကျုပ်မကိုင်ဘူး၊ ခုရဲမင်းကြီး ဝေ့ရှ်က ကိုင်တယ်"

ဟု ခပ်ပြတ်ပြတ်ပင် ပြန်ပြောခဲ့သည်။

"ဒါဖြင့် ရဲတပ်ဖွဲ့ဝင်တွေနဲ့ ပတ်သက်လို့ တိုင်ကြားစာတွေ ရောက် လာရင် ခင်ဗျားက ဘယ်လိုအရေးယူမလဲ"

ရောဘတ်ရပ်စ်ကင်က ဆက်မေးသည်တွင် ရဲမင်းကြီးဟိုးဝပ်က–

"တိုင်စာတွေဆိုရင် အောက်ကလူတွေ စုံစမ်းစစ်ဆေးပြီးမှသာ ကျုပ်ဆီ ရောက်တယ်"

ဟု ပြောခဲ့လေသည်။

* * *



မြို့တော်ဝန်က ခေါ်ယူကျင်းပသော အစည်းအဝေးသည် အချိန်တစ်နာ ရီခွဲခန့် ကြာလေသည်။

အဓိက ဆွေးနွေးကြသည့် အချက်ကတော့ နယူးယောက်တိုင်း သတင်း စာတွင် ပါလာမည့် သတင်းဆောင်းပါးမှ စွပ်စွဲချက်များကို မည်သို့ပြန်လည် ချေပမည်နည်းဟူသော ပြဿနာပင်ဖြစ်သည်။

ရဲမင်းကြီး ဟိုးဝပ်ကတော့ သတင်းဆောင်းပါးပါ စွပ်စွဲချက်၊ ဖော်ထုတ် ချက်များသည် အခြေအမြစ်မရှိကြောင်း၊ ဆာပီကိုဆိုသူသည် စိတ်မမှန်သော ဆိုက်ကို စိတ္တဇဝေဒနာရှင်တစ်ဦး ဖြစ်ကြောင်းကိုသာ ထပ်တလဲလဲ ပြောလေ သည်။ မြို့တော်ဝန် ယင်းဝေဖန်ချက်များကို အလိုမရှိချေ။ နောက်ဆုံးတွင် ဘရားဝင် ထုတ်ပြန်ကြေညာချက်တစ်ရပ် ပြုစုရေးသားကြပြီးနောက် မော်ဂင် မှတဆင့် သတင်းစာတိုက်သို့ ပို့လိုက်လေသည်။

ကြေညာချက်ကို မြို့တော်ဝန်၏ အမည်ဖြင့် ထုတ်ပြန်ထားခြင်းဖြစ်ပြီး အကျဉ်းချုပ်သဘောမှာ အောက်ပါအတိုင်းဖြစ်သည်။

> သတင်းဆောင်းပါးတွင် ပါရှိသော အချက်အလက်အများ စုမှာ သာမန်ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်သာဖြစ်သည် ဟု ရဲမင်းကြီးဟိုးဝပ်က ကျွန်ုပ်ထံ အစီရင်ခံထားပေသည်။ ယင်းစွပ်စွဲချက်များကို ရဲတပ်ဖွဲ့ဌာနချုပ်က ၁၉၆၇ ခုနှစ်ကပင် သိရှိခဲ့ပြီး ဖြစ်သည်ဟုလည်း သိရသည်။ ယင်းစွပ်စွဲချက်များ နှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဌာနချုပ်က စုံစမ်းစစ်ဆေး၍ တွေ့ရှိချက်များကို 'ဘရောင်း'နယ်မြေအစိုးရ ရှေ့နေရုံးသို့ ဆက်လက်လွှဲပြောင်းပေးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်အချို့ကိုပင် အရေးယူ ခဲ့ပြီးဖြစ်သည်။

ဆာပီကိုသည် အဆိုပါ မြို့တော်ဝန်၏ ကြေညာချက်ကို ဖတ်ကြည့်ရင်း တွေ့ရှိရသော စာကြောင်းတစ်ကြောင်းကို ရယ်မောမိလေသည်။

ထိုစာကြောင်းကတော့–

> "အစိုးရအနေဖြင့် အဂတိလိုက်စားမှု၊ ဖောက်ပြန်မှုများကို ပြင်းပြင်းထန်ထန် အရေးယူ နှိမ်နင်းရမည်ဖြစ်ပေသည်"

> ဟူသော စာကြောင်းပင်ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ယခင် စုံစမ်းစစ်ဆေးရေးမင်းကြီး ဖရိုင်မန်သည် မြို့တော်ဝန် လင်းဆေး၏ ထောက်ခံချက်ဖြင့် ပြည်နယ်တရားလွှတ်တော် တရားဝန်ကြီး ဖြစ်လာလေသည်။

တရားဝန်ကြီး ဖရိုင်မန်ကလည်း သီးခြားကြေညာချက်တစ်ရပ် ထုတ်ပြန်ရာ ယင်းကြေညာချက်၌ အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက မိမိအား ရဲများ အဂတိလိုက်စားမှုအကြောင်း သတင်းပေးခဲ့သည်မှန်သော်လည်း ယင်းစွပ်စွဲချက်ကို ဖရိုင်မန်က ပြန်လည်ချေပရာ၌ လျှို့ဝှက်အသံဖမ်းကိရိယာ တပ်ဆင်ခြင်းသည် စုံစမ်းစစ်ဆေးရေး ဌာနအနေဖြင့် တရားဥပဒေကို ချိုးဖောက်ရာ ရောက်သွားသည်ဟု ဖြေကြားလေသည်။

စင်စစ်အားဖြင့် ထိုစဉ်က သုက္ကပ်ကဲသော ဌအနက အလားတူ ကိရိယာများကို အခြားကိစ္စများတွင် အသုံးပြုနေပြီဖြစ်ကြောင်းကိုမူ လုံးဝ မဖော်ထုတ်ဘဲ ချန်လှပ်ထားခဲ့လေသည်။ သတင်းပေးပုံက တိတိကျကျမရှိဘဲ ယေဘုယျမျှသာ ဖြစ်သည်ဟု ဖော်ပြပါရှိလေသည်။

'နယူးယောက်တိုင်း' သတင်းစာမှ သတင်းဆောင်းပါးတွင် ပါရှိသော စွပ်စွဲချက်တစ်ခုမှာ တိုင်းအမှတ် (၇) ကင်းလှည့် မော်တော်ယာဉ်၌ ရဲများ လာဘ်ငွေယူခြင်းအကြောင်း သက်သေရရှိရန် လျှို့ဝှက်အသံဖမ်းကိရိယာ တပ်ဆင်ရေးကို ဖရိုင်မန်က ခွင့်မပြုဘဲ ငြင်းပယ်ခဲ့သည်ဟု ဆိုလေသည်။

'နယူးယောက်တိုင်း' သတင်းစာတွင် ဆောင်းပါးသတင်း ပါလာသော နေ့မှာ ၁၉၇၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်နေ့ ဖြစ်လေသည်။

သတင်းဆောင်းပါးကို မျက်နှာဖုံးတွင် ထင်ရှားပေါ်လွင်စွာ ဖော်ပြထားပြီး သတင်းခေါင်းစဉ်ကလည်း–

"ဤမြို့တော် ရဲတပ်ဖွဲ့ဝင်များအား ဒေါ်လာငွေ သိန်းချီ လာဘ်ငွေပေးခဲ့ခြင်း"

ဟု တပ်ထားလေရာ ချက်ချင်းပင် ဟိုးလေးတကျော် ဖြစ်သွားလေတော့သည်။

ထိုသတင်းဆောင်းပါး၏ ဂယက်ရိုက်မှုကြောင့် ဒေးလီးနယူးစ်၊ 'နယူးယောက်ပို့စ်' စသော အခြားသတင်းစာများကပါ ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှုအကြောင်းကို လိုက်ရေးလာကြရုံမက ရေဒီယို အသံလွှင့်ဌာနများ၊ ရုပ်မြင်သံကြား (တယ်လီဗီးရှင်း) ကုမ္ပဏီများကလည်း သတင်းပိုင်းတွင်



ရဲတပ်ဖွဲ့ဝင်များ လာဘ်စားမှုအကြောင်း ဝေဖန်သုံးသပ်ချက်များ အသားပေး ထုတ်လွှင့်ကြလေတော့သည်။

တစ်ချိန်တွင် သမ္မတလောင်းဖြစ်ရန် ရည်မှန်းနေသူ မြို့တော်ဝန် 'လင်းဆေး'သည် သူတာဝန်ယူ အုပ်ချုပ်နေသော နယူးယောက်မြို့တော်ကြီး၏ ရဲတပ်ဖွဲ့ဝင်များ လူသိရှင်ကြား နာမည်ပျက်ရခြင်းကြောင့် မျက်လုံးမျက်ဆံ ပြူးသွားလေသည်။

ရဲမင်းကြီး ဟိုးဝပ်အနေဖြင့်လည်း ပြဿနာ ပေါ်လာလေသည်။

နယူးယောက်တိုင်း သတင်းစာမှ သတင်းဆောင်းပါးတွင် မည်သူမည်ဝါထံမှ သတင်းရရှိကြောင်း ဖော်ပြမထားသော်လည်း ရဲမင်းကြီးဟိုးဝပ်အနေဖြင့် ကေ့န္တ သတင်းပေးသူသည် ဆာပီကိုပင် ဖြစ်ရမည်ဟု တထစ်ချ သိရှိလေသည်။

သို့သော် ဟိုးဝပ်က သတင်းစာပါ ဆောင်းပါးကို ဝေဖန်ရာ၌ နယူးယောက်တိုင်း သတင်းစာသည် မည်သို့မှ ခိုင်လုံစိတ်ချရခြင်း မရှိသော လောင်းကစားသမားများ၊ မူးယစ်ဆေးဝါးသမားများနှင့် ပြည့်တန်ဆာများ၏ ပြောစကားကို အခြေခံ၍ လုပ်ကြံရေးသားခြင်းသာ ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့လေသည်။

အထက်ပါ အကြောင်းများကြောင့်ပင် မြို့တော်ဝန်ကိုယ်တိုင် ကြီးကြပ်ဖွဲ့စည်းခဲ့သော ဥပဒေအကြံပေးပုဂ္ဂိုလ် 'ရမ်ကင်'ဦးစီးသည့် စုံစမ်းစစ်ဆေးရေးကော်မတီသည် မည်သို့မှ ထိရောက်အောင် မလုပ်နိုင်တော့သည့် အခြေအနေသို့ ရောက်သွားလေသည်။

အက်ဒဝပ်ကော့လ်ဆိုသူ အပါအဝင် ကွန်ဂရက်လွှတ်တော်အမတ်ငါးဦးကိုယ်တိုင် ရဲမင်းကြီးဟိုးဝပ် ဘာကြောင့် စုံစမ်းရေးကော်မတီတွင် ပါဝင်နေရသနည်းဟု ကန့်ကွက်အရေးဆိုကြသည်။ ရဲမင်းကြီးကိုယ်တိုင်က ကော်မတီထဲ ပါဝင်နေပါက သူ့ကိုယ်သူ မည်သို့စုံစမ်း စစ်ဆေးပါမည်နည်းဟုပင် ပုတ်ခတ်တိုက်ခိုက်ကြလေသည်။

အရေးထဲ မြို့တော်ဝန် လင်းဆေး၏ နိုင်ငံရေး ဆန့်ကျင်ဘက် (ရန်သူ) များနှင့်တကွ သတင်းစာများကပါ ရဲတပ်ဖွဲ့ဝင်များ ဖောက်ပြန်မှုကို အပြင်းအထန် ဝေဖန်တိုက်ခိုက်လာကြလေရာ ဥပဒေအကြံပေးအရာရှိ ရမ်ကင်သည်လည်း တာန်လှုပ်ချောက်ချားကာ သူ့ကိုယ်သူ အလွတ်ရုန်းရန် ကြိုးစားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရမ်ကင်သည် မြို့တော်ဝန်ထံသို့ စာတစ်စောင်ရေး၍ ရဲတပ်ဖွဲ့အား စုံစမ်းစစ်ဆေးရန်တာဝန်ကို ပြည်သူများကိုယ်တိုင် ပါဝင်ပြီး ကျွမ်းကျင်သူများ ပံ့ပိုးဆောင်ရွက်ပေးမည့် အဖွဲ့တစ်ဖွဲ့သို့ လွှဲပြောင်းပေးသင့်ကြောင်း အကြံပေး လိုက်လေသည်။

မြို့တော်ဝန်လည်း စဉ်းစားပါမည်ဟု အကြောင်းပြန်ကာ အနည်းငယ် အချိန်ဆွဲပြီးနောက် ရှေ့နေကြီး ဂိုက်တ်မန်ဆိုသူ ခေါင်းဆောင်သည့် သီးခြား စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းလိုက်ကြောင်း ထုတ်ပြန်ကြေညာလေသည်။

ရဲမင်းကြီး ဟိုးဝပ်သည်လည်း ဆာပီကိုက သဲသဲမဲမဲ တိုက်နေသော ရဲတပ်ဖွဲ့ လက်ရှိအခြေအနေကို လေးနက်စွာ ပြန်လည်စဉ်းစား သုံးသပ်လာ ရတော့သည်။

တစ်ချိန်တည်းမှာပင် သူ့ကိုယ်သူ သိက္ခာပြန်လည်ဆယ်သည့်အနေဖြင့် ရဲစခန်းအားလုံးသို့ ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်လိုက်လေသည်။

ညွှန်ကြားချက်တွင်ကား ရဲတပ်ဖွဲ့ကြီးတွင် အဂတိလိုက်စားမှု၊ လာဘ်စားမှုတွေရှိနေကြောင်း သိရှိသူ ရဲတပ်ဖွဲ့ဝင်တိုင်းက သက်ဆိုင်ရာသို့ အမြန် သတင်းပို့ အစီရင်ခံရမည်ဟူ၍လည်းကောင်း၊ ထိုသို့ သတင်းပေးသည့်အတွက် အရေးယူခံရမည်ကိုလည်း စိုးရိမ်စရာ မရှိပါဟူ၍လည်းကောင်း ဖော်ပြပါရှိ လေသည်။

❐



# အခန်း (၁၇)

နယူးယောက်တိုင်း သတင်းစာ၏ ဖော်ထုတ်ဖွင့်ချ ရေးသားမှုကြောင့် ရဲတပ် ဖွဲ့ကြီး၏ အတွင်းရေးများ ဟိုးလေးတကျော် ဖြစ်လာခဲ့ခြင်းကိုလည်းကောင်း၊ စုံစမ်းရေး ကော်မတီဟောင်းကို ဖျက်သိမ်း၍ သီးခြားကော်မရှင်တစ်ရပ် ဖွဲ့ စည်းကာ စနစ်တကျ စုံစမ်းစစ်ဆေးပါတော့မည်ဟု ထုတ်ပြန်ကြေညာလိုက် သည်ကို လည်းကောင်း ဆာပီကိုသည် မည်သို့မျှ ဝမ်းမြောက်အားတက်ခြင်း၊ စိတ်လှုပ်ရှားခြင်း မဖြစ်မိချေ။

သူ့အနေဖြင့် လတ်တလော အာရုံစိုက်နေရသည်ကား လုပ်ဖော်ကိုင် ဖက်တစ်ဦးဖြစ်သူ ရောဘတ်အား ရုံးတင်စစ်ဆေးရာ၌ မိမိက အဓိကအစိုးရ သက်သေအဖြစ် ထွက်ဆိုသက်သေခံရမည့်ကိစ္စပင် ဖြစ်နေသည်။

ပထမတွင် မိမိအား တရားလိုပြ သက်သေအဖြစ် ခေါ်ယူအသုံးမပြု တော့ဘဲ ပြီးသွားလိမ့်မည်လောဟု မျှော်လင့်ချက်ထားခဲ့မိသေးသည်။

သို့သော် တိုင်းအမှတ် (၇) မှ အရပ်ဝတ်ရဲ ဖီးလစ်ဆိုသူအား အရေးယူ သည့် အမှုကြောင့် ဆာပီကို၏ မျှော်လင့်ချက်သည် လုံးဝမရှိတော့သလောက် ဖြစ်သွားလေသည်။

ရဲသား ဖီးလစ်ဆိုသူ၏ အမည်ကို လောင်းကစားဒိုင်အော်တီဂါ၏ မှတ်တမ်းစာအုပ်တွင် တွေ့ရှိရာမှ သက်ဆိုင်ရာတို့က အရေးယူ အရေးယူခြင်း ဖြစ်ရာ တရားလို (အစိုးရရှေ့နေ)ဘက်မှ အထောက်အထားများက လောင်း

www.burmeseclassic.com

www.burmeseclassic.com



ကစားသမားများ၏ သက်သေခံချက်များချည်း ဖြစ်နေလေသည်။ ဤတွင် ဂျူရီလူကြီးတစ်ဦးက 'သည်လိုလူတွေ၏ သက်သေခံချက်ကို မယုံကြည်ရ' ဟု ထုတ်ဖော်ဝေဖန်လိုက်သည်။

ထိုကြောင့်ပင် တရားရုံးက စီရင်ချက်ချသောနေ့တွင် တရားခံဖီးလစ်အား ကွင်းလုံးကျွတ် လွှတ်ပစ်လိုက်လေသည်။

ထိုကြောင့် ယခု အရပ်ဝတ်ရဲတပ်ဖွဲ့ဝင် ရောဘတ်၏ အမှုကျတော့ အလားတူအဖြစ်မျိုး ဖြစ်မလာစေရန်အတွက် ဆာပီကိုအား အစိုးရသက်သေအဖြစ် ခေါ်ယူထွက်ဆိုခိုင်းရန် သေချာသလောက် ဖြစ်နေလေသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဆာပီကိုသည် ရှေ့နေချုပ် ဘာတင်၊ လက်ထောက်ရဲမှူးချုပ် ကူးပါးတို့နှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးရလေသည်။ သူ့အနေဖြင့် မည်သို့ပင် ငြင်းဆန်စေကာမူ အစိုးရသက်သေအဖြစ် မလွဲမသွေ ထွက်ဆိုပေးရမည်ဟူ၍ကား ဆာပီကိုက သတိထားပြီးဖြစ်၍ အကြောက်အကန် မငြင်းတော့ဘဲ နေလိုက်လေသည်။

တစ်ဖန် အစိုးရရှေ့နေ ဘာတင်က ဆာပီကို၏ မုတ်ဆိတ်ရှည်ကြီးကို ရိတ်ပစ်ပြီးမှ တရားရုံးတွင် သက်သေခံစေလိုကြောင်း ပြောလာပြန်ရာ ဆာပီကိုက ငြင်းဆန်လေသည်။

"အဲဒါ ခက်တာပေါ့ဗျ၊ ခင်ဗျားတို့က သွင်ပြင်လက္ခဏာအနဲ့ အပြင်ပန်းအမြင်ကိုသာ အဓိကထားနေကြတယ်၊ တကယ့် အမှန်တရားကိုတော့ ဦးစားမပေးချင်ကြဘူး"

"ဆာပီကိုက မခံချင်ဟန်ဖြင့် ပြန်ပြောရာ ရှေ့နေချုပ် ဘာတင်က တစ်မျိုးလှည့်ပြေပြန်လေသည်။

"ကျုပ်ကိုယ်တိုင်အနေနဲ့တော့ ကန့်ကွက်စရာမရှိပါဘူး၊ ဒါပေမဲ့ တရားရုံးကျတော့ ဂျူရီလူကြီး တစ်ယောက်ယောက်က မုတ်ဆိတ်ရှည်ထားတာကို သဘောမကျမှာ စိုးရိမ်လို့ ပြောတာပါ"

နောက်ဆုံးတွင် ဆာပီကိုက ရှေ့နေချုပ်အား လိုက်လျောသည့်အနေဖြင့် တစိတ်တဒေသ လျှော့ပေးလိုက်သည်။ သူ၏ မုတ်ဆိတ်ကို ရိတ်ပစ်လိုက်ပြီး နှုတ်ခမ်းမွေးကိုတော့ မရိတ်ဘဲ ချန်ထားလိုက်သည်။ သူ၏ နှုတ်ခမ်းမွေးကလည်း အတော်ပင် ရှည်နေပြီဖြစ်သည်။ သို့ရာတွင် လူကြီးများအနေဖြင့် မျက်စိစပါးမွေးမစူးစေရန် မီးခိုးရောင် သက္ကလပ်ဝတ်စုံအပြည့် ဝတ်ဆင်သွားလေသည်။



ထိုနေ့မတိုင်မီ ညကဆိုလျှင် ဆာပီကိုသည် စိတ်တွေလှုပ်ရှားနေပြီး တစ်ညလုံးလိုလို ကောင်းစွာအိပ်မပျော်ခဲ့ပေ။ လွန်ခဲ့သော သုံးနှစ်ကျော်ကစ၍ ရဲတပ်ဖွဲ့ကြီး သန့်ရှင်းရေးအတွက် မိမိ ကြိုးစားခဲ့သမျှ အလဟဿ ဖြစ်ခဲ့ပုံများကိုသာ ထပ်တလဲလဲ ပြန်လည်စဉ်းစားမိရင်း အချိန်ကုန်သွားကာ နံနက်အရုဏ်တက်ချိန်နီးမှ ခေတ္တမျှ မှေးကနဲ အိပ်ပျော်သွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယခုတော့ သူသည် တရားရုံးတော်၌ အစိုးရသက်သေအဖြစ် ရဲတပ်ဖွဲ့ဝင် ရောဘတ်အား မျက်နှာချင်းဆိုင်ကာ ထွက်ဆိုရပေတော့မည်။

ထိုနေ့နံနက်က တရားရုံးသို့ရောက်၍ တရားခံနေရာတွင် ထိုင်နေသူ ရောဘတ်အား လှမ်းမြင်လိုက်သောအခါ၌မူ ဆာပီကို၏စိတ်များ လှုပ်ရှားခြင်းမရှိဘဲ တည်ငြိမ်အေးဆေးနေလေသည်။

တကယ်တော့လည်း ရောဘတ်သည် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်လင့်ကစား ယခု တရားရုံးတွင်ကား သာမန် တရားခံတစ်ဦးသာ ဖြစ်နေသည် မဟုတ်ပါလော။

ရောဘတ်အပေါ် တရားလိုဘက်မှ ပထမဆုံးတင်သည့် စွဲချက်မှာ လိမ်လည်ထွက်ဆိုမှုပင်ဖြစ်သည်။ ဂျူရီလူကြီးများ ပါဝင်သော အထူးခုံရုံးက ခေါ်ယူစစ်ဆေးစဉ်က ရောဘတ်သည် တိုင်းအမှတ် ၇ မှ အရပ်ဝတ်ရဲမှူးများ အုပ်စုဖွဲ့၍ ဆက်ကြေးငွေယူရာတွင် သူသည် လုံးဝမပါခဲ့ပါဟု ထွက်ဆိုခဲ့ခြင်းကို ဆိုလိုခြင်းပင်ဖြစ်သည်။

ယင်းအမှုတွင် ဆာပီကိုက အဓိက တရားလိုပြ သက်သေဖြစ်ပြီး သူ့အပြင် လောင်းကစားဒိုင် ဂျွန်ကာရေရပ်စ်၊ သူ၏ဇနီး ဒိုလိုရစ္စနှင့် ရဲသတင်းပေးသူ ဂူရီရက်တို့ကလည်း အစိုးရသက်သေများအဖြစ် ထွက်ချက်ပေးကြလေသည်။

ဆာပီကိုအနေဖြင့် အဓိကအခန်းကဏ္ဍမှာ တိုင်းအမှတ် ၇ အရပ်ဝတ်ရဲများ အုပ်စုဖွဲ့၍ လာဘ်စားခြင်း ဖြစ်ပေါ်လာပုံ နောက်ကျောခံ အခြေအနေနှင့် ပတ်သက်ပြီး ရုံးတော်အား တင်ပြရန်ပင်ဖြစ်သည်။ ထို့ပြင် သူနှင့် ရောဘတ်တို့ နှစ်ယောက်ချင်း စကားပြောရာ၌ လောင်းကစားဒိုင် ဂျွန်ကာရေရပ်စ်အကြောင်း ဆွေးနွေးခဲ့ပုံ၊ ရောဘတ်က ဂျွန်ကာရေရပ်စ်သည် သူတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုယူထားပြီးဖြစ်၍ မည်သို့မျှ အရေးမယူပါနှင့် ပြောခဲ့ပုံများကိုပါ ထွက်ဆိုရမည်ဖြစ်သည်။

သူ၏အလှည့် ရောက်သည်နှင့် ဆာပီကိုသည် တည်ငြိမ်အေးဆေးသော လေသံနှင့် တိုင်းအမှတ် ၇ အတွင်း မိမိ၏ အတွေ့အကြုံများကို စတင်ပြောလေသည်။

ထို့နောက် တရားခံရောဘတ်၏ ရှေ့နေက ဆာပီကိုအား ပြန်လှန်မေးခွန်းထုတ်လေသည်။

သို့သော် သူ၏ မေးခွန်းများက အမှုအကြောင်းထက် ဆာပီကို၏ ကိုယ်ကျင့်တရားကို အပြစ်ရှာလိုသည့်သဘော မေးခွန်းထုတ်ခြင်း ဖြစ်နေသည်၊

"မစ္စတာ ဆာပီကိုခင်ဗျာ၊ ခင်ဗျားအနေနဲ့ ရဲစခန်းကိုခေါ်ပြီး အရေးယူခံခဲ့ရဖူးသလား"

"ဟုတ်ကဲ့ တစ်ကြိမ် ရဲစခန်းကို ရောက်ခဲ့ဖူးပါတယ်"

ဤသို့ စကားစပြီး ဆာပီကိုသည် အတိတ်က သူ၏ဖြစ်ရပ်တစ်ခု အကြောင်း အမှန်အတိုင်း ပြောပြလိုက်လေသည်။

တစ်နေ့တွင် ဆာပီကိုသည် အဝတ်အစား ပိုသီပတ်သီ ဝတ်စားလျက် အလုပ်ဆင်းရန် သူ၏ကားဖြင့် မောင်းသွားစဉ် ဆံပင်ဖြူဖြူနှင့် ယာဉ်ထိန်းရဲ တစ်ဦးက ရုတ်တရက် ဖမ်းတားသဖြင့် ရပ်ပေးလိုက်ရသည်။

ယာဉ်ထိန်းရဲက ဆာပီကိုအား မည်သူမည်ဝါမှန်းလည်း သိပုံမရချေ။ လူကူးမျဉ်းကြားကို ဖြတ်မောင်းရာ၌ ဆာပီကိုသည် သူ၏ ညွှန်ကြားအချက်ပြမှုကို မလိုက်နာဘဲ ဖွတ်မောင်းသွားသည်ဟု စွပ်စွဲခဲ့သည်။ ဆာပီကိုကလည်း သူသည် မီးပွိုင့်မှ မီးစိမ်းနေ၍ ဆက်မောင်းခြင်းဖြစ်ကြောင်း၊ ယာဉ်ထိန်းရဲကြီးကိုလည်း သတိမပြုမိကြောင်း အမှန်အတိုင်း အစစ်ခံသည်။

သို့သော် ယာဉ်ထိန်းရဲကြီးသည် ဆာပီကိုအား အရေးယူရန် ယာဉ်ထိန်းရဲစခန်းသို့ ခေါ်သွားလေသည်။

သည်တော့မှ ဆာပီကိုလည်း သူသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကောင်း ကိုယ်ပိုင်ကတ်ပြားကို ထုတ်ပြလိုက်သည်။

ယာဉ်ထိန်းရဲကြီးမှာ ထိုအချိန်ကျမှ အလျှော့မပေးချင်တော့သဖြင့် ဆာပီကိုအား ဖွတ်ပင်ဆက်လက်အရေးယူလေရာ နောက်ဆုံးတွင် ယာဉ်ထိန်းရဲ၏



ညွှန်ကြားချက်ကို မလိုက်နာသဖြင့် အပြစ်ရှိသည်ဟု ဆုံးဖြတ်ကာ ဒဏ်ငွေ ဆောက်တွေ့ မရိုက်သော်လည်း ပြင်းထန်စွာ သတိပေးခြင်း ခံခဲ့ရသည်။

ရောဘတ်၏ရှေ့နေသည် ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ အသေးစိတ် မေးခွန်းများ ဆက်လက်မမေးဘဲ နေလိုက်သည်။

သူ၏ ရည်ရွယ်ချက်က ဆာပီကိုသည် ခြောက်ပြစ်ကင်းသူမဟုတ် ကြောင်း ထောက်ပြရင်း ဆာပီကိုအနေဖြင့် အခြားရဲတပ်ဖွဲ့ဝင်များအပေါ် အကြောင်းမဲ့ မုန်းတီးနေသည်ဟု တရားရုံးက ထင်မြင်သွားစေရန် မျှော်လင့်ချက်ဖြင့် မေးမြန်းခြင်းပင် ဖြစ်လေသည်။

တရားခံရှေ့နေသည် ကျေနပ်အားရဟန်ဖြင့် ခေတ္တမျှ ရပ်ဆိုင်းနေပြီးမှ ဆက်မေးလေသည်။

ဆာပီကိုသည် 'ဘီစီအိုင်'ခေါ် ရာဇဝတ်မှု တရားခံများ မှတ်ပုံတင် ဌာနတွင် အမှုထမ်းခဲ့ဖူးပါသလော။

ဆာပီကိုက အမှုထမ်းခဲ့ဖူးကြောင်း ပြန်ပြောသောအခါ တရားခံရှေ့နေက ဆက်မေးခွန်းထုတ်ပြန်သည်။

"အဲဒီဌာနက ခင်ဗျား ပြောင်းရွှေ့သွားရလောက်အောင် ကိစ္စတစ်ခု ဖြစ်ခဲ့တယ် မဟုတ်လား"

ထိုမေးခွန်းသည် ဆာပီကိုအား တမင်သက်သက် သိက္ခာကျအောင် မေးခြင်းဖြစ်သောကြောင့် လက်ထောက်အစိုးရ ရှေ့နေက ထပြီးကန့်ကွက်လေတော့သည်။ ရုံးတော်ကလည်း ကန့်ကွက်များကို လက်ခံသဖြင့် တရားခံရှေ့နေသည် ဆက်မမေးနိုင်တော့ပေ။

သို့ဖြစ်လင့်ကစား တရားခံရောဘတ်၏ ရှေ့နေသည် လေးနာရီနီးပါး ကြာအောင် ဆာပီကို၏ ထွက်ချက်ကို အမျိုးမျိုး အပြစ်ရှာကာ ပျော့ကွက်ဟာကွက်များကို ရှာဖွေသည့် မေးခွန်းများ ဆက်တိုက်မေးလေသည်။

အထူးသဖြင့် တိုင်းအမှတ် (၇) မှ အရပ်ဝတ်ရဲများ အုပ်စုဖွဲ့ လာဘ်စားခြင်းနှင့် ပတ်သက်၍ ဆာပီကို၏ ထွက်ချက် မခိုင်လုံသယောင်ဖြစ်အောင် အမျိုးမျိုး လှည့်ပတ်မေးလေသည်။

သို့သော် မည်သို့မှ မေး၍မရသည့်အဆုံး၌ တရားခံရှေ့နေက ဆာပီကိုသည် ယင်းကိစ္စအကြောင်း သိရှိပါလျက်နှင့် ဘာကြောင့် စောစောပိုင်းကာ သက်ဆိုင်ရာသို့ တင်ပြသတင်းပို့ခြင်း မပြုခဲ့သနည်းဟု မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကို ဆာပီကိုအနေဖြင့် ချက်ချကျ အသေးစိတ်ဖြေလိုက်နိုင်ပါသော်လည်း လက်ထောက်အစိုးရ ရှေ့နေက ကန့်ကွက်ပြန်သဖြင့် ဖြေကြားခွင့် မရခဲ့ချေ။

ထိုနောက် လောင်းကစားဒိုင် ကာရေရုပ်စ်၊ ဇနီးဖြစ်သူ ဒိုလိုရက်စ်သတင်းပေးသူ ဂူတီရက်တို့က အသီးသီး အစိုးရသက်သေများအဖြစ် ထွက်ဆိုကြလေသည်။

သူတို့၏ ထွက်ချက်များကို ချုံကြည့်လိုက်သော် အောက်ပါအမှုကိစ္စပေါ်လွင်ထင်ရှားလာသည်။

ကာရေရုပ်စ်သည် ယခင်ကလည်း လောင်းကစားမှုဖြင့် တစ်ကြိမ်မက ဖမ်းဆီးခံခဲ့ရဖူးသည်။ ၁၉၆၇ ခုနှစ် နောက်ပိုင်းတွင်မူ ဆာပီခိုနှင့် တွဲဖက်တာဝန်ကျဖူးသူ ဇူမာတိုနှင့် နားလည်မှုရရှိကာ အရပ်ဝတ်ရဲအုပ်စုသို့ ဆက်ကြေးငွေ မှန်မှန်ပေးခဲ့သည်။ စတင်၍ နားလည်မှုယူချိန်တွင် ကာရေရုပ်စ်သည် ရဲတပ်ဖွဲ့အုပ်စုသို့ ဒေါ်လာငွေ နှစ်ထောင်ကျော် ပေးခဲ့ရသည်။ နောက်ပိုင်းတွင်ကား အမှတ် (၄၈) ရဲစခန်းမှ အုပ်စုအား ရဲတစ်ဦးလျှင် ဒေါ်လာ ၁၅၀ နှုန်းဖြင့် တစ်ကြိမ်လျှင် ၁၆၅၀ ဒေါ်လာ မှန်မှန်ပေးခဲ့ရသည်။ တိုင်းအမှတ် (၇) ဌာနချုပ်ရှိ အုပ်စုဝင်များအတွက် ဒေါ်လာငါးရာ၊ အရပ်ဝတ်ရဲများ အားလုံးအတွက် ဒေါ်လာရှစ်ရာနှင့် ရဲစုံထောက်များအတွက် ဒေါ်လာနှစ်ရာ စသည်ဖြင့် အသီးသီးပေးခဲ့ရသည်။ တိုင်းအမှတ် (၇) မှ အရပ်ဝတ်ရဲများအတွက် ဒေါ်လာငွေ ရှစ်ရာသည် လက်ဖ်တင်နင် အထက်အရာရှိများအတွက် မပါသေးကြောင်းလည်း ပေါ်လွင်လေသည်။

အထက်ပါ ဆက်ကြေးငွေများ ပေးခြင်းအားဖြင့် ကာရေရုပ်စ်တို့ ဇနီးမောင်နှံနှင့် သူတို့၏ နေအိမ်ခန်းကိုသာလျှင် ရဲများ တာဝန်ယူ အကာအကွယ်ပေးခဲ့သည်ဟုလည်း ဆိုသည်။

ဤသို့လျှင် ရဲတပ်ဖွဲ့ဝင်များနှင့် နားလည်မှု ရယူထားလိုက်ပြီးနောက် ဂျွန်ကာရေရုပ်စ်သည် ၁၉၆၇ ခု ဒီဇင်ဘာလ ၂၃ ရက်နေ့အထိ ရက်သတ္တတစ်ပတ်လျှင် လောင်းကစားကြေးငွေ ဒေါ်လာ ၇၀၀၀ မှ ဒေါ်လာ ၁၀၀၀၀ အထိ အမြတ်အစွန်း ရရှိခဲ့သည်။ သို့သော် ထိုနေ့ (ဒီဇင်ဘာ ၂၃ ရက်) တွင်မူ လောင်းကစားပွဲတစ်ခု၌ မထင်မှတ်သော နံပါတ်တစ်ခုက အနိုင်ရသွားသဖြင့်



ဂျွန်ကာရေရုပ်စ်သည် အကြီးအကျယ် ဒိုင်လျော်ရလေရာ ဒေါ်လာငွေ ၂၀,၀၀၀ ကျော် ရှုံးသွားခဲ့လေသည်။

နောက် ရက်သတ္တနှစ်ပတ်အကြာ (၁၉၆၈ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့) တွင် အလားတူပင် မည်သို့မျှ ထင်မှတ်စရာမရှိသော နံပါတ်ကပင် ပေါက်သွားပြန်သည်။ ထိုအကြိမ်တွင်မူ ဒိုင်လုပ်သူ ဂျွန်ကာရေရုပ်စ်အနေဖြင့် ပထမအကြိမ်လောက် ဆုံးရှုံးမှုမရှိခဲ့ချေ။ သို့ဖြစ်လင့်ကစား နှစ်ကြိမ်တိုင်တိုင် ဆက်တိုက်ဆိုသလို ဒိုင်လျော်လိုက်ရသဖြင့် ဂျွန်ကာရေရုပ်စ်တွင် ရှိသမျှ ငွေပိုငွေလျှံဟူသရွေ့ တက်တက်စင် ပြောင်သွားခဲ့သည်။

ဂျွန်ကာရေရုပ်စ်က သက်သေအဖြစ် ထွက်ဆိုရာတွင် သူသည် ထိုအချိန်ကဘာဆက်လုပ်ရမှန်းမသိအောင် စိတ်ညစ်နေခိုက် ဂူတီရက်ဆိုသူကလာပြီး ယူးဂျစီမြို့မှ ရီကာဒိုအမည်ရှိ ထိပ်သီးလောင်းကစားဒိုင်တစ်ဦးအကြောင်း လာပြောပြခဲ့ကြောင်း၊ ယင်း ရီကာဒိုသည် သူ၏လုပ်ငန်း (လောင်းကစားဒိုင်နှင့်ခြင်း)ကို တိုးချဲ့လိုသည့် ဆန္ဒရှိနေ၍ ကာရေရုပ်စ်အနေဖြင့် ဆက်သွယ်ချဉ်းကပ်ပြီး အကူအညီရယူနိုင်လိမ့်မည်ဟုလည်း ဂူတီရက်ကပင် ပြောခဲ့ကြောင်း ပြောပြလေသည်။

ရီကာဒိုဆိုသူကား အက်ဖ်ဘီအိုင်စသော အစိုးရထောက်လှမ်းရေးဌာနက ကောင်းစွာ သိနေသူဖြစ်သည့်ပြင် မာဖီးယား ဒုစရိုက်ဂိုဏ်းခေါင်းဆောင် အာရေလီဆိုသူနှင့် နီးစပ်စွာ အဆက်အသွယ်ရှိကြောင်းကိုပါ သိထားကြသည်။

မည်သို့ပင်ဖြစ်စေ ငွေရေးကြေးရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသူ ဂျွန်ကာရေရုပ်စ်သည် ကြံရာမရသည့် အဆုံး၌ ရီကာဒိုထံပင် ဆက်သွယ်ချဉ်းကပ်ရန် သဘောတူလိုက်လေရာ ဂူတီရက်၏ စီစဉ်ပေးချက်အရ ၁၉၆၈ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ရီကာဒိုနှင့် တွေ့ဆုံခဲ့ရသည်ဟု ဆိုလေသည်။

ဂျွန်ကာရေရုပ်စ်၏ ဆက်လက်ထွက်ဆိုချက်အရ ထိုအချိန်လောက်မှာပင် အမှတ် ၄၈ ရဲစခန်းမှ ဝီလျံဆိုသူ အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးက သူ့ထံသို့ တယ်လီဖုန်းလှမ်းဆက်ပြီး ထုံးစံအတိုင်း ဆက်ကြေးငွေကို တောင်းခဲ့ကြောင်း၊ ဂျွန်ကာရေရုပ်စ်က သူ့အနေဖြင့် လောလောဆယ် ငွေအမြောက်အမြား ဆုံးရှုံးခဲ့ရသဖြင့် လစဉ် ဆက်ကြေးကို မပေးနိုင်ကြောင်း ... ဝီလျံက ဂျွန်ကာရေရုပ်စ်နှင့် လူချင်းတွေ့ဆုံလိုကြောင်း ...

www.burmeseclassic.com



ဂျွန်ကာရေရပ်စပ်ကလည်း သူသည် ထိုနေ့ညနေဘက် တွေ့ဆုံဆွေးနွေးစရာရှိပြီး ယင်းဆွေးနွေးပွဲ၌ ပြဿနာအရပ်ရပ် ပြေလည်သွားဖွယ်ရာရှိကြောင်း ပြောလိုက်လေသည်။

နယူးဂျာစီမြို့မှ ထိပ်သီးလောင်းကစားဒိုင် ရီကာဒိုသည် ဂူတီရက်နှင့်အတူ ဂျွန်ကာရေရပ်စ်နှင့် တွေ့ဆုံဆွေးနွေးရန် လာရောက်ချိန်၌ အရပ်ဝတ်ရဲလေးဦးတို့သည် တပြိုင်တည်းရောက်ရှိလာသည်ဟု ဂျွန်ကာရေရပ်စ်က ဆက်လက်ထွက်ဆိုလေသည်။

အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များမှာ တိုင်းအမှတ် ၇ မှ ရောဘတ်နှင့် ပါရက်တီ၊ အမှတ် ၄၈ စခန်းမှ ဝီလျံနှင့် ဘေလာဆိုသူတို့ဖြစ်ကြောင်းဟု ဂျွန်ကာရေရပ်စ်နှင့် ဂူတီရက်တို့ နှစ်ဦးစလုံးက ထွက်ဆိုလေသည်။

သူတို့ တွေ့ဆုံဆွေးနွေးပွဲ၌ ရောဘတ်ကိုယ်တိုင် ရီကာဒိုအား ကာရေရပ်စ်ကို ကူညီရန် တိုက်တွန်းပြောဆိုခဲ့လေသည်။

"အဲဒီအချိန်က အရပ်ဝတ်ရဲတပ်ဖွဲ့ဝင် ရောဘတ်က ကျွန်တော်ဟာ ယုံကြည်စိတ်ချရကြောင်း ရီကာဒိုကို ထောက်ခံပြောဆိုခဲ့ပါတယ်၊ ဒါကြောင့်လည်း ရီကာဒိုက ကျွန်တော့်ကို လိုအပ်တဲ့ငွေကြေး ထုတ်ပေးပြီး ကူညီခဲ့ပါတယ်"

ဤသို့လျှင် ကာရေရပ်စ်က ထွက်ဆိုလေသည်။

ရီကာဒိုက ကာရေရပ်စ်အား ကူညီရန် ကတိပေးခဲ့သည့်ပြင် အကယ်၍ မတော်တဆ ဒိုင်လျော်ရလောက်အောင် ရှုံးပါက အရပ်ဝတ် ရဲတပ်ဖွဲ့အုပ်စုအတွက် ဆက်ကြေးငွေကိုပါ တာဝန်ယူကြောင်း ကတိပေးခဲ့သည်ဟုဆိုသည်။

သဘောတူညီခဲ့သော အစီအစဉ်အရ လိုအပ်သောငွေကို ရီကာဒိုက ထုတ်ပေးမည်။ ကာရေရပ်စ်က လောင်းကစားဒိုင် ဆက်လုပ်ပြီး ရရှိသော အမြတ်ငွေထဲမှ ရက်သတ္တတစ်ပတ်လျှင် ၃၀ ရာခိုင်နှုန်းကို ကော်မရှင်အဖြစ် ရယူခွင့်ရှိသည်။ တစ်ဖန် ရဲတပ်ဖွဲ့ဝင်များ ဆက်ကြေးပေးရန် နောက်ထပ် ငါးရာခိုင်နှုန်းကိုပါ ဖယ်ထားခွင့်ရှိသည်ဟုဆိုသည်။ သို့သော် ကာရေရပ်စ်က ရဲများအား ငွေပေးရမည့်တာဝန်ကို ရီကာဒိုကပင် လုပ်စေလိုကြောင်းပြောရင်း လောလောဆယ် သူသည် ရဲများ တစ်လစာ ဆက်ကြေးပေးရန် ကြွေးတင်နေကြောင်း ပြောခဲ့သည်။

ဤတွင် ရီကာဒိုက ယင်းတစ်လအတွက် ဆက်ကြေးငွေကို မိမိကပင် နောက်တစ်နေ့ တာဝန်ယူပေးပါမည်ဟု ကတိပေးလိုက်သည်တွင် သူတို့ဆွေးနွေး



ပွဲ ပြီးဆုံးသွားခဲ့ပါသည် စသည်ဖြင့် ကာရေရပ်စ်သည် အစိုးရသက်သေအဖြစ် အကျယ်တဝင့် ထွက်ဆိုလေသည်။

နောက်ဆုံး တရားခံရောဘတ်ကိုယ်တိုင် သူ့ကိုယ်သူ ထုချေသည့်အနေဖြင့် ထွက်ဆိုရာတွင် သူသည် ဆာပီကိုနှင့် အုပ်စုဖွဲ့၍ ဆက်ကြေးယူခြင်း အကြောင်း ဆွေးနွေးပြောဆိုခဲ့ခြင်း မရှိပါဟု ငြင်းဆိုသည့်ပြင် ဆာပီကို ယခု ထွက်ဆိုသွားချက်များသည် လုံးဝ မဟုတ်မမှန်ပါဟုလည်းကောင်း၊ ကာရေရပ်စ်ထံမှ ငွေလက်ခံယူခဲ့ခြင်းသည်လည်း မဟုတ်မှန်ကြောင်း၊ ကာရေရပ်စ်နှင့် သစဉ် ဆက်ကြေးအကြောင်း ဆွေးနွေးပြောဆိုခဲ့သည်မှာလည်း မမှန်ဟူ၍ လည်းကောင်း တောက်လျှောက် ငြင်းဆိုလေသည်။

မည်သို့ဖြစ်စေ ဇွန်လ ၃၀ ရက်နေ့တွင် တရားရုံးက ရောဘတ်အား ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ကာ ထောင်ဒဏ် သုံးနှစ် အပြစ်ပေးလိုက်သည်။ သို့သော် တစ်နှစ်ကြာသောအခါ အကျယ်ချုပ်သဘောနှင့် အပြင်သို့ ပြန်လွှတ်ထားလိုက်ခဲ့လေသည်။

* * *

၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့ (တရားခံရောဘတ်အား တရားရုံးက အပြစ်ဒဏ်ပေးလိုက်ပြီး နောက်နေ့)တွင် ရှေ့နေချုပ် ဘာတင်က ရဲမင်းကြီး ဟိုးဝပ်ထံသို့ စာတစ်စောင် ရေးသားပေးပို့လိုက်လေသည်။

ယင်းစာတွင် ရဲမင်းကြီးက ရဲတပ်ဖွဲ့ဝင် ဆာပီကို (ကိုယ်ပိုင်အမှတ် ၁၉၀၇၆) ၏ တင်ပြချက်ကို အရေးယူ ဆောင်ခဲ့ခဲ့၍ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါကြောင်း၊ ရဲမင်းကြီး အပါအဝင် ရဲတပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၏ အရေးယူ စုံစမ်းစစ်ဆေးမှုကြောင့် အကျင့်ပျက်ရဲ ရှစ်ဦးတို့အား ဘာရားဥပဒေအရ အရေးယူ အပြစ်ပေးနိုင်ခဲ့ကြောင်း စသည်ဖြင့် ဖော်ပြပါရှိလေသည်။

ရှေ့နေချုပ် ဘာတင်က ဆက်လက်၍ ဆာပီကိုသည် ပထမအကြိမ် ဂျူရီလူကြီးများ ပါဝင်သော အထူးခုံရုံး ရှေ့မှောက်၌ သက်သေခံ ထွက်ဆိုခဲ့သည့်ပြင် အရပ်ဝတ်ရဲ ရောဘတ်၏ အမှုတွင်လည်း တရားလိုပြသက်သေအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကူညီထွက်ဆိုပေးခဲ့၍သာ တရားခံအား အထောက်အထား ခိုင်လုံစွာဖြင့် အပြစ်ပေးနိုင်ခဲ့ကြောင်း၊ ဆာပီကိုသည် အခြားရဲတပ်ဖွဲ့ဝင်များ လျစ်လျူရှုနေခဲ့သည့် ကိစ္စတစ်ရပ်ကို ရဲဝံ့စွာ ထုတ်ဖော်တင်ပြခဲ့သဖြင့် ဗျတ္တိရှိသူ တစ်ဦးအမှန်ဖြစ်ကြောင်း၊ ဤသို့ တာဝန်သိသူ ဆာပီကိုအား ချီးမြှင့်သည့်အနေဖြင့် ရဲစုံထောက်အဖြစ် ခန့်ထားပါက အခြားလူများအတွက်ပါ အားတက်စိတ်ပါလာနိုင်မည်ဖြစ်၍ ရဲမင်းကြီးက ဆာပီကိုအား ချီးမြှောက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း သူ၏စာတွင် ဖော်ပြခဲ့လေသည်။

အလားတူစာမျိုး တစ်စောင်ကိုလည်း ရှေ့နေချုပ် ဘာတင်က မြို့တော်ဝန် လင်းဆေးထံသို့ ပို့လိုက်သည်။

ထို့နောက် ရဲမင်းကြီးနှင့် မြို့တော်ဝန်တို့မှ ပြန်စာကို စောင့်မျှော်နေလေသည်။

ဇူလိုင်လ ၂၈ ရက်နေ့တွင် မြို့တော်ဝန်က ဆာပီကိုထံသို့ စာတစ်စောင် ပို့လိုက်လေသည်။

စာတွင်ကား ရှေ့နေချုပ်ဘာတင်က ဆာပီကို၏ ကြိုးစားမှု၊ ပူးပေါင်းကူညီမှုကို ချီးကျူးဖော်ထုတ် ထောက်ခံခဲ့ကြောင်း၊ နယူးယောက်မြို့တော်သူမြို့တော်သားတို့ကလည်း ဆာပီကို၏ ဆောင်ရွက်မှုကို ကောင်းစွာအသိအမှတ်ပြုပါကြောင်းဟူ၍သာ ပါရှိလေသည်။

ဆာပီကိုအနေဖြင့် ဘဝသူ ရဲတပ်ဖွဲ့ဝင်အများစု၏ မုန်းတီးခြင်းခံကာ သတ္တိရှိရှိ 'ဖော်ကောင်' လုပ်ခဲ့ခြင်း၏ အကျိုးခံစားခွင့် 'ဆုလာဘ်'က ထိုမျှသာလျှင် ဖြစ်ခဲ့ရသည်။

ရဲမင်းကြီး ဟိုးဝပ်ထံမှ ပြန်စာဟူ၍ လုံးဝမရရှိသဖြင့် ရှေ့နေချုပ်ဘာတင်သည် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းကြည့်ရန် ကြိုးစားလေသည်။

တယ်လီဖုန်းဆက်ရခြင်းပင်လျှင် မလွယ်ကူလှသဖြင့် ဘာတင်သည် စိတ်တိုလာကာ ရဲတပ်ဖွဲ့ဌာနချုပ်သို့ အကြိမ်ကြိမ် ဖုန်းဆက်ကြိမ်းမောင်းတော့မှ နောက်ဆုံးတွင် ရဲမင်းကြီးနှင့် စကားပြောခွင့် ရလေသည်။

ရှေ့နေချုပ်ဘာတင်က သူ တယ်လီဖုန်းဆက်ရခြင်းမှာ ဆာပီကိုအား ရဲစုံထောက်အဖြစ် တိုးမြှင့်ခန့်ထားရေးကိစ္စပင်ဖြစ်ကြောင်း ပြောသောအခါ ရဲမင်းကြီးက–



"ဒီကောင်က စိတ်မမှန်တဲ့ ဆိုက်ကိုပဲ"

ဟု ခပ်ပြတ်ပြတ် ပြန်ပြောလေသည်။

ဤတွင် ရှေ့နေချုပ် ဘာတင်သည် သရော်သည့်လေသံဖြင့်

"ဒါဖြင့် ခင်ဗျားတို့ ရဲတပ်ဖွဲ့မှာ ဆာပီကိုလို 'ဆိုက်ကို'တွေ နောက်ထပ် အတော်များများ လိုလိမ့်မယ်ထင်ပါတယ်၊ ဒါထက် သူ့ကို ရဲစုံထောက်ခန့်ဖို့ ကိစ္စက ဘယ်လိုလဲ"

ဟု မေးလိုက်သည်။

"ဒါတော့ ကိုယ့်တာဝန် ဝတ္တရားကို တာဝန်ရှိတဲ့အတိုင်း ဆောင်ရွက်ဘာနဲ့ အထူးတလည် ဆုချီးမြှင့်ဖို့ မလိုပါဘူး"

ထိုစကားကြောင့် ရှေ့နေချုပ်သည် စိတ်တိုလာပြန်လေသည်။

"ဒါဖြင့် ကျွန်တော် မေးပါရစေ၊ ခင်ဗျားတို့ ရဲတပ်ဖွဲ့ထဲမှာ ဆာပီကိုလို တာဝန်ဝတ္တရား ကျေပွန်အောင် လုပ်တဲ့လူ ဘယ်နှစ်ယောက်များ ရှိလို့လဲ၊ ကျွန်တော့်သဘောတော့ သူ့ကို ရဲစုံထောက်ရာထူး ပေးသင့်တယ် ထင်ပါတယ်"

"ဒီမယ်၊ ကျုပ်က ရဲမင်းကြီးဖြစ်နေသမျှ ကာလပတ်လုံး ဘယ်နည်းနဲ့မှ မပေးနိုင်ဘူးဗျ၊ အဲဒါ ရှင်းရှင်းပြောတာပဲ"

ဤသို့လျှင် ရဲမင်းကြီးက ခပ်ပြတ်ပြတ် ပြန်ပြောလိုက်ပြီး စကားကို ဖြတ်လိုက်လေတော့သည်။

* * *

အရပ်ဝတ်ရဲ ရောဘတ်အား တရားရုံးက အပြစ်ပေးလိုက်ပြီး နောက်များမကြာမီ အမှတ် ၄၈ စခန်းမှ အရပ်ဝတ်ရဲ ဝီလျံဆိုသူသည်လည်း တရားရုံးတော်က ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ကာ ထောင်ဒဏ်တစ်နှစ် အပြစ်ပေးလိုက်လေသည်။

ဇူမာတို၊ ပါရက်တီနှင့် ဒေလာတို့ကမူ သူတို့တွင် အပြစ်ရှိပါသည်ဟု ဝန်ခံဖြောင့်ချက်ပေးကြသဖြင့် တရားရုံးက ရာထူးမှ ချက်ချင်းနုတ်ထွက်ပြီး အကျိုးခံစားခွင့်အားလုံး စွန့်လွှတ်ပါက ထောင်ဒဏ်အပြစ်မပေးဟု ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူပင် ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှုဖြင့် အရေး တရားစွဲဆိုသော အမှုများလည်း ရှိခဲ့လေသည်။

အချို့အမှုများတွင် တရားခံအား ပြစ်မှုထင်ရှား၍ အပြစ်ပေးခြင်းရှိသလို အထောက်အထား မခိုင်လုံ၍ လွှတ်ပစ်ခဲ့သော အမှုများလည်း ရှိခဲ့လေသည်။

ဆာပီကိုအဖို့ကား နောက်ထပ် ဘာမှ ဆောင်ရွက်စရာ မရှိတော့သလို ဖြစ်သွားလေရာ သူ နှစ်ရှည်လများ ကြိုးစားခဲ့၍ ခွဲနဘဲကြီးစွာဖြင့် တိုက်ဖျက် ခဲ့သည့် ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု ပပျောက်ရေးသည် လက်တွေ့ကျ ဆော့ ထိရောက်မှုမရှိလှပါတကားဟု စိတ်ဓာတ်ကျနေမိလေသည်။

ထိုအတောအတွင်း သူသည် လက်ထောက်ရဲမှူးချုပ် ကူးပါးနှင့် ပို ရင်းနှီးလာခဲ့လေသည်။

ကူးပါးကလည်း ဆာပီကိုအား စိတ်ဓာတ်မကျစေရန် ကြိုးစား၍ အားပေးနှစ်သိမ့်ခဲ့သည်။ ဆာပီကိုက ခွဲကောင်းကောင်းဖြင့် ကြိုးစားခဲ့သမျှ အချည်းနှီးဖြစ်သည်ဟု မဆိုနိုင်။ ထိုက်သင့်သလောက် အရာရောက်ခဲ့သည် မဟုတ်လောဟု ထောက်ပြလေသည်။

ဆာပီကို၏ စိတ်ထဲ၌ ကူးပါးလို ပုဂ္ဂိုလ်၊ ရဲမှူး ဒီလစ်လိုလူမျိုးနှင့် စောစောပိုင်းကသာတွေ့ခဲ့ရလျှင် ကောင်းလေစွဟု အောက်မေ့မိလေသည်။

ထူးခြားချက်တစ်ခုကား ဆာပီကိုအနေဖြင့် ကူးပါးအား အနီးကပ် လေ့လာကြည့်ရာတွင် ရှုထောင့်သစ်တစ်မျိုး မြင်မိခြင်းပင်ဖြစ်သည်။ ယင်းကား ဆာပီကိုက ရဲတပ်ဖွဲ့ကြီး မကောင်းပုံတွေကို အာဘောင်အာရင်းသန်သန်ဖြင့် ပြောလျှင် ကူးပါးက ငြိမ်နေတတ်ပြီး ဆာပီကိုက ဘာမှမပြောဘဲနေလျှင်မူ ကူးပါးကိုယ်တိုင်က ရဲတပ်ဖွဲ့အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်လေ့ရှိခြင်းပင် တည်း။

ကူးပါးသည် အပြောသမား သက်သက်မဟုတ်။ လက်တွေ့အလုပ်လုပ် သူလည်းဖြစ်ကြောင်း ဆာပီကိုက သိရှိခဲ့ရလေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဖြစ်ရပ်တစ်ခုကို ဆာပီကိုသည် မမေ့နိုင်ချေ။

ဆာပီကို၏ အစ်ကိုပါစကာသည် သူ၏ ကုန်စုံဆိုင်ကို အချို့ရပ်ကွက်မှ ဆိုင်များနည်းတူ တနင်္ဂနွေနေ့ ဆိုင်ဖွင့်ရောင်းလေ့ရှိသည်။ ယင်းသို့ တနင်္ဂနွေ နေ့ ဆိုင်ဖွင့်ခြင်းကို ဥပဒေအရ တားမြစ်ထားသည်။



ယင်းအခြေအနေအရ ရဲများက ပါစကာအား ခြိမ်းခြောက်ငွေညှစ်ရန် အကွက်ကောင်းဖြစ်နေရာ တကယ်လည်း ရပ်ကွက်ရှိ ရဲအချို့က ပါစကာထံမှ အရေးယူခြင်း မခံလိုလျှင် ငွေပေးရမည်ဟု တောင်းခဲ့သည်။

ယင်းကိစ္စအကြောင်းကို ပါစကာက ဆာပီကိုအား ပြောပြလေသည်။ ထိုစဉ်က ဆာပီကိုသည် ဂျူရီလူကြီးများ ပါဝင်သော အထူးခုံရုံးတွင် အစစ် ခံနေချိန်ပင်ဖြစ်သည်။

ဆာပီကိုသည် သူ၏အစ်ကိုအား ရဲများက ခြိမ်းခြောက်ငွေညှစ်နေကြောင်း မက်ဂိုဗန်အား သွားပြောရာ မက်ဂိုဗန်က အသေးအဖွဲ ကိစ္စတစ်ခု လာပြောရ ပါမည်လောဟု အပြစ်တင်စကားပင် ပြောလိုက်သေးသည်။

ထို့ကြောင့် တစ်နေ့ ဆာပီကို ကိုယ်တိုင် သူ့အစ်ကိုထံမှ ငွေညှစ်နေ သည့်ရဲထံသို့ တိုက်ရိုက်မေးမြန်းကြည့်လေသည်။

ထိုရဲက ဟုတ်မှန်ကြောင်း ဝန်ခံရုံမက ရှေ့လျှောက်လည်း ဆက်လက် ငွေယူသွားမည်ဟု ခပ်ပြောင်ပြောင်ပင် ပြောလေသည်။

"ဒီလူရဲ့ညီက ရဲတစ်ဦးဖြစ်နေတာနဲ့ ဘာမှမဆိုင်ဘူးဗျ၊ ခင်ဗျားအစ်ကို ကိုယ်တိုင်ကလည်း ကျုပ်တို့ ငွေတောင်းတာကို ကျေကျေနပ်နပ်နဲ့ ဆက်ပေး သွားပါ့မယ်လို့ ပြောခဲ့ပြီးသားပဲ၊ ဒါကို အခုမှ ခင်ဗျားက ဘာကိစ္စ လာဝင် ပြောနေရတာလဲ"

"ကျုပ်ရဲ့အစ်ကိုဟာ လူအေးလူရိုး တစ်ယောက်ဖြစ်တယ်၊ ဒါမျိုးတွေ နားမလည်ဘူးဗျ၊ နောက်တစ်ခုက ငွေမပေးရင် ခင်ဗျားက သူ့ကို တရားဥပဒေ အရ အရေးယူမယ်လို့လည်းပြောတယ် ဟုတ်သလား"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ၊ ကျုပ်ကတော့ ငွေပေးရင်ဆေး မပေးရင် ဥပဒေအရ ကိုင်ရမှာပဲ"

ထိုရဲက ဤသို့ပြောနေစဉ် ဆာပီကိုသည် သူ၏ကိုယ်တွင်း၌ လျှို့ဝှက် အသံဖမ်းစက်ငယ်တစ်ခု ဆောင်ထားပြီး ပြောသမျှ စကားများကို တိတ်ခွေဖြင့် ဖမ်းယူထားပြီး ဖြစ်လေသည်။

ဆာပီကိုသည် တိတ်ခွေဖြင့် အသံဖမ်းထားကြောင်းကို မက်ဂိုဗန်ထံ တင်ပြပါသော်လည်း မက်ဂိုဗန် စိတ်ဝင်စားပုံ မရသဖြင့် ဆာပီကိုလည်း စိတ် ပျက်ခဲ့ရပြန်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်နှစ်ခန့်အကြာတွင် ဆာပီကို၏အစ်ကို ပါစကာက အရေး တကြီး တယ်လီဖုန်းဆက်၍ သူ့အား ငွေညှစ်တောင်းခဲ့သူ ရဲနှစ်ဦးအား ဌာန ဆိုင်ရာမှ အရေးယူလိုက်ပြီး သူ့အား သက်သေအဖြစ် ထွက်ဆိုရန် ဆင့်ခေါ် နေကြောင်း၊ သူ့အနေဖြင့် ဘာလုပ်ရပါမည်နည်းဟု မေးမြန်းလေသည်။

ဤတွင် ဆာပီကိုသည် ရဲမှူး ကူးပါးထံသို့ ချက်ချင်းသွားရောက်ပြီး အကျိုးအကြောင်း တင်ပြကာ မိမိတို့ ငွေညှစ်သူ ရဲ၏စကားများကို အသံဖမ်း ထားသည့် တိတ်ခွေရှိကြောင်းကိုပါ ပြောပြလိုက်သည်။

ကူးပါးကလည်း အသံဖမ်းတိတ်ခွေကို သက်သေခံပစ္စည်းအဖြစ် အသုံး ချရန် ဆုံးဖြတ်လိုက်သည်။

ယင်းကြောင့်ပင်လျှင် ငွေညှစ်သူ ရဲနှစ်ဦးစလုံးအား ငွေညှစ်လာဘ်စားမှု ဆင်ရှားကာ ရဲတပ်ဖွဲ့မှ ထုတ်ပစ်လိုက်ခဲ့လေသည်။

ဤသို့လျှင် ကူးပါးက ဆာပီကိုအား ကူညီခဲ့ဖူးပေသည်။

သို့သော် ယင်းကိစ္စနှင့် ပတ်သက်၍ အခြားရဲများက ဆာပီကိုအပေါ် ပို၍ မျက်မုန်းကျိုးခဲ့ကြလေသည်။

* * *

နောက်ဆုံးတွင် ဆာပီကိုသည် ရဲစုံထောက်ဌာနသို့ ပြောင်းရွှေ့အမှု ထမ်းရန် အမိန့်ထွက်လာလေသည်။

သို့ရာတွင် လတ်တလောအားဖြင့် တရားဝင် ရဲစုံထောက်အဖြစ် မှတ် ပုံတင်ကတ်ပြား မရသေးဘဲ မူးယစ်ဆေးဝါး နှိမ်နင်းရေးတပ်ဖွဲ့သို့ တာဝန်ချ ထားခြင်းခံရသည်။

တာဝန်ကျရာ နယ်မြေကတော့ ဘရွတ်ကလင်း တောင်ပိုင်းဖြစ်လေ သည်။

ယင်းဌာနသို့ သူရောက်ရှိသွားသော အချိန်ကား ၁၉၇၀ ပြည့်နှစ် နွေရာသီ ဖြစ်လေသည်။

ဘရွတ်ကလင်း တောင်ပိုင်းနယ်မြေမှ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဆာပီ ကိုအား လူချင်းမသိသော်လည်း သူသည် အလွန်သေနတ်ပစ် လက်ဖြောင့်သူ၊



ကာရာတေး သိုင်းပညာ ကျွမ်းကျင်သူအဖြစ် ကြိုတင်ကြားဖူး သိရှိနေကြသည်။

သူ ရောက်သွားသောအခါ ဆာပီကိုအား ရဲတပ်ဖွဲ့ဝင်လေးဦး ပါဝင် သည့် အဖွဲ့တစ်ဖွဲ့တွင် တာဝန်ချထားလိုက်ပြီး ခွဲတမ်းသဘောအရ တစ်လလျှင် မူးယစ်ဆေးဝါး အမှုလေးမှု ဖမ်းမိရမည်ဟု ဆိုလေသည်။ အကယ်၍ အမှုကြီး ကြီးမားမား ဖြစ်နေပါမူ မူးယစ်ဆေးဝါးဌာန၏ အထူးစစ်ဆေးရေးဌာနသို့ ဘင်ပြ၍သတင်းပို့ရမည်ဟုလည်း ဆိုလေသည်။

သို့ရာတွင် ဆာပီကိုအနေဖြင့် မူးယစ်ဆေးဝါး အမှုကြီးကြီးကျယ်ကျယ် ဆို၍ တစ်ခုတလေမှ မတွေ့ရှိခဲ့ရချေ။ ရည်ရွယ်ချက်အားဖြင့် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူများကို အဓိကထား ဖမ်းဆီးရန်ဖြစ်သော်လည်း များသော အားဖြင့် ဆာပီကိုတို့အဖွဲ့သည် လမ်းဘေးမှောင်ရိပ်ခိုပြီး မူးယစ်ဆေးဝါး သုံးစွဲသူများကိုသာ ဖမ်းဆီးရခြင်းဖြင့် အချိန်ကုန်ခဲ့ရလေသည်။ ရံဖန်ရံခါ လမ်းဘေးတွင် လက်လီ ဆေးရောင်းသူအချို့ကို တွေ့ရသည်။ တကယ့် လက်ကား ဖြန့်ချိသူများအနေဖြင့်ကား အလွန်ပိရိ အကင်းပါးသဖြင့် ဖမ်းဆီး ရန် မလွယ်ကူပေ။

ယင်းအလုပ်တာဝန်ကို ဆာပီကိုသည် မည်သို့မျှ မပျော်ပိုက်ဘဲ စိတ်ပျက် ငြီးငွေ့လာလေသည်။

မကြာခဏ ရဲတပ်ဖွဲ့မှ လုံးဝနုတ်ထွက်သွားရန်ပင် စိတ်ကူးမိခဲ့သေး သည်။ သို့သော် သူ အလွန်လိုလား တောင့်တသော တကယ့်ရဲစုံထောက်ဘဝ သို့ တရားဝင် ရောက်ရေးအတွက် စောင့်ကြည့်လို၍သာ ကျိတ်မှိတ်ကာ ဆက်နေခဲ့လေသည်။

ထိုအတောအတွင်း နယူးတိုင်း သတင်းစာ၌ ရဲတပ်ဖွဲ့အကြောင်း သတင်းဆောင်းပါး ပါပြီး၍ လေးလခန့်အကြာ (စက်တင်ဘာလ)တွင် ရဲမင်း ကြီး ဟိုးဝပ်သည် ရုတ်တရက် ရာထူးမှ နုတ်ထွက်သွားလေသည်။

သူ့နေရာတွင် မြို့တော်ဝန်က ယခင် နယူးရောက် ရဲအတတ်သင် ကျောင်း (အကယ်ဒမီ) ဆရာကြီးဟောင်း မာဖီဆိုသူအား ရဲမင်းကြီးအဖြစ် ခန့်ထားလိုက်လေသည်။

မာဖီသည် တစ်ချိန်က ဒက်ထရိုက်မြို့၌ ရဲမင်းကြီး လုပ်ခဲ့ဖူးပြီး ရာဇဝတ် မှုများ ပြတ်ပြတ်သားသား နှိမ်နင်းခဲ့သူအဖြစ် နာမည်ကြီးသူလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းကြီး အသစ်ရောက်လာသည်ဆိုလျှင်ပင် နယူးယောက်မြို့ ရဲတပ်ဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာလေတော့သည်။

ယင်းအခြေအနေတွင် ကူးပါးနှင့် ဒီလစ်တို့က ဆာပီကိုအား စိတ်ရှည်ရှည်နှင့် အသာစောင့်ကြည့်ရန် တိုက်တွန်းကြလေသည်။

*　*　*

နယူးယောက်မြို့ နယ်နိမိတ်အတွင်း မူးယစ်ဆေးဝါး (အထူးသဖြင့် ဟီးရိုအင်းခေါ် ဘိန်းဖြူ) ဝင်ရောက်လာသည့် ပမာဏသည် များလာသည်နှင့်အမျှ မူးယစ်ဆေးဝါး သုံးစွဲသူဦးရေကလည်း တိုးတက်များပြားလျက် ရှိလေသည်။

ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး နှိမ်နင်းရေး လုပ်ကိုင်နေပုံကို ဆာပီကိုအနေဖြင့် လုံးဝ အားမရမိရုံမက စိတ်ပျက်မိလာလေရာ မကြာခဏ သူကိုယ်တိုင်ဖမ်းမိသော အမှုများကိုပင် အခြားအဖွဲ့များ နာမည်ကောင်းရစေရန် လွှဲပြောင်းပေးလေ့ရှိသည်။ သူ့အနေဖြင့် လုပ်ငန်းအပေါ် စိတ်ပျက်ငြီးငွေ့၍ပင် ဖြစ်လေသည်။

တကယ်တော့လည်း သူတစ်ယောက်တည်းအနေဖြင့် ထိရောက်စွာ အရေးယူနိုင်သည့် အခြေအနေမျိုး မရှိပေ။

ထို့ကြောင့် ဆာပီကိုသည် အခြားလူများနှင့် မတွဲဘဲ တစ်ယောက်တည်း သွားလာလှုပ်ရှားနေသည်။

သို့သော် သူ၏ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေပုံကို သူ့စိတ်ထဲ သံသယဖြစ်မိသည့်အတိုင်း အခြေအနေမှန်ကို သိရှိလာရလေသည်။

တစ်ညတွင် ဆာပီကိုသည် တစ်ယောက်တည်း ကင်းလှည့်လျှောက်သွားစဉ် မူးယစ်ဆေးဝါး နှိမ်နင်းရေးဌာနမှ ရဲစုံထောက်တစ်ဦးသည် သူ၏ကားမောင်းလာရင်း ဆာပီကိုအနီးတွင် ထိုးရပ်လိုက်သည်။

"ဟော့လူ ဆာပီကိုဆိုတာ ခင်ဗျားလား"

ရဲစုံထောက်က မေးသဖြင့် ဆာပီကိုလည်း–

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"



ဟု ပြန်မေးလိုက်သည်။

"ဟုတ်လား၊ ဒါဖြင့် ခင်ဗျား ကျုပ်ကားပေါ်တက်စမ်းပါ၊ ခင်ဗျားနဲ့ စကားပြောစရာရှိတယ်"

ဆာပီကိုလည်း ကားပေါ်အသာတက်ထိုင်လိုက်သည်။

ရဲစုံထောက်သည် ဆာပီကိုအား သေချာစွာ အကဲခတ်ကြည့်ရင်း–

"ခင်ဗျားရဲ့ကိုယ်မှာ လျှို့ဝှက်အသံဖမ်းစက်တွေ ဘာတွေ တပ်ဆင်မထားပါဘူးနော်"ဟု မေးရာ ဆာပီကိုက ဘာမှပြန်မပြောဘဲ လက်နှစ်ဖက်ကို မြှောက်လိုက်ပြီး သူ့ကိုယ်တွင် ရှာဖွေကြည့်လေသည်။

ရဲစုံထောက်လည်း ဆာပီကို၏ ကုတ်အင်္ကျီအတွင်းဘက်သို့ လက်ဖြင့် နှိုက်ရှာဖွေကြည့်ပြီး ဘာမှုမတွေ့တော့မှ ကျေနပ်သွားဟန်ဖြင့် စကားဆက်ပြောလေသည်။

"ဒီမယ် ဆာပီကို၊ ခင်ဗျား ဟိုအရင် နယ်မြေမှာတုန်းက လုပ်ခဲ့တာတွေ ကျုပ်တို့ နားလည်မှုရှိပါတယ်၊ အဲဒါတွေက ဘာမှမဖြစ်လောက်ပါဘူး၊ ကျုပ် အခုပြောချင်တာက ခင်ဗျားအနေနဲ့ ငွေများများစားစား မလိုချင်ဘူးလား"

"ဟော့လူ... ခင်ဗျား ဘာပြောတာလဲ၊ တကယ်တော့ ကျုပ်ကသာ ခင်ဗျားကိုယ်မှာ ရှာဖွေကြည့်ဖို့ကောင်းတယ်၊ အခုဟာက ကျုပ်ကို လာဘ်စားမှုနဲ့ ထောင်ဖမ်းဖို့ အကွက်ဆင်နေတာလား"

ဆာပီကိုက ခပ်တည်တည်နှင့် ပြန်မေးလိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်က ခင်ဗျားကို တကယ် ကူညီချင်လို့ပါ"

"ဘယ်လို ကူညီမှာလဲ"

"ကျုပ်ပြောပြပါ့မယ်လေ၊ ကျုပ်တို့က ခင်ဗျားတို့ တိုင်း ၇ နယ်မြေကလူတွေလို တစ်လခေါ်လာရစ်ရာလောက် အသေးအဖွဲငွေမျိုးကို မက်တာမဟုတ်ဘူး၊ လွန်ခဲ့တဲ့အပတ်က အဖြစ်တစ်ခု ပြောပြမယ်၊ မူးယစ်ဆေးဝါး လက်ကားဖြန့်ချီရောင်းချနေတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ရဲ့လက်ထောက် သုံးဦးက ရောင်းရတဲ့ငွေတွေ လိုက်ကောက်ခံတယ်၊ အဲဒါကို ကျုပ်တို့က သိထားတော့ ဘာမှမလုပ်သေးဘဲ အသာကြည့်နေလိုက်ပြီးတော့ မူးယစ်ဆေးဝါးရောင်းရငွေ ဒေါ်လာလေးသောင်းကျော်လည်းရရော ကျုပ်တို့က ဒီလို ရုတ်တရက် ဝင်ဖမ်းလိုက်တယ်၊ မပိုင်လားဗျ၊ တစ်ခုတော့ရှိတယ်ပေါ့၊ ဒါလောက် ငွေများတဲ့အမှု

www.burmeseclassic.com

www.burmeseclassic.com



မျိုးက နေ့တိုင်းတော့ မရှိနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ ဒါမျိုး တစ်ချီလောက် မိလိုက်ရင် ပွတာပဲ"

"နေပါဦးဗျ၊ ခင်ဗျားက ဘာကြောင့် ကျုပ်ကို ဒီစကားတွေ လာပြော နေရတာလဲ"

ဆာပီကိုက သိလို၍ ပြန်မေးလိုက်သည်။

"ဒီလိုလေဗျာ၊ ကျုပ်တို့က ခင်ဗျားရဲ့နာမည်နဲ့ ခင်ဗျားလုပ်ရပ်တွေ အကြောင်း ကြားဖူးနေတယ်၊ ခင်ဗျားရဲ့ နည်းတွေက ကျန်တဲ့ရဲတပ်ဖွဲ့ဝင်တွေ အဖို့ စိုးရိမ်ကြောင့်ကြစေတယ်၊ ဒါကြောင့်ပါပဲ"

"ဒါဖြင့် ကျုပ်က ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမလဲဆိုတော့ ခင်ဗျားက ကျုပ်တို့အပေါ် နားလည်မှုရှိဖို့ ပါပဲ၊ ဒါဟာ ခင်ဗျားအတွက်လည်း အကျိုးရှိလိမ့်မယ်"

ရဲစုံထောက်က ပြောလိုက်ပုံမှာ ဆာပီကိုအား စည်းရုံးသိမ်းသွင်းရင်း ခြိမ်းခြောက်သည့်သဘောဖြစ်နေကြောင်း ထင်ရှားပေသည်။

ဤသို့ စဉ်းစားမိသည်နှင့် ဆာပီကိုသည် ဒေါသထွက်လာမိလေသည်။

ရှေ့နေချုပ်ရုံးတွင် ဆွေးနွေးညှိနှိုင်းကြစဉ်က ခံစားမှုမျိုးကိုလည်း စိတ်ထဲမှ ခံစားမိသည်။

ယခုအတိုင်းဆိုလျှင် မိမိအား လေးဘက်လေးတန်မှ ဝိုင်းညှပ်၍ အကျပ်ကိုင်နေကြပြီဖြစ်သည်။

အခြားရဲများနည်းတူ မိုးခါးရေသောက်ပြီး နားလည်မှုနှင့် အသာအေး အေးနေပါဟု တိုက်တွန်းရင်း ခြိမ်းခြောက်သည့်သဘောပင်ဖြစ်သည်။

သို့ဖြစ်လင့်ကစား မိမိအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းကို အလျှော့ မပေးရန် ဆုံးဖြတ်လိုက်သည်။

ယခု မိမိအား ခွေးတစ်ကောင်ကို ချောင်ပိတ်ရိုက်သလို ရိုက်နှက်ရန် ကြံစည်နေကြလေပြီ။

အထူးသဖြင့် ယခုနောက်ဆုံး ရဲစုံထောက်တစ်ဦးက လာရောက်စည်းရုံး (ခြိမ်းခြောက်)ပြီး ငွေယူရန် တိုက်တွန်းခြင်းမှာ သာမန် လောင်းကစားမှု လာဘ်စားခြင်းမျိုးမဟုတ်။ လူမျိုးအညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါး (ဘိန်းဖြူ) နှင့်ပတ်သက်နေသည်။



ဆာပီကိုအနေဖြင့် အလွန်စက်ဆုပ် မုန်းတီးသော ကိစ္စမျိုးဖြစ်နေသည်။

ထို့ကြောင့် မိမိက လုံးဝအလျှော့မပေးဘဲ တင်းခံရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

သို့သော် ဆာပီကိုသည် ပြန်တိုက်ရန် အခွင့်အရေး မရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

၁၉၇၁ ခု၊ ဖေဖော်ဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ဆာပီကိုသည် သူ၏ အိမ်ခန်း၌ သန့်ရှင်းရေးလုပ်ခြင်း၊ လိုအပ်သည့် စားသောက်ကုန်များ ဝယ်ယူဖြည့်တင်းခြင်း၊ အဝတ်ဟောင်းများကို ပင်မင်းဆိုင်သို့ ပေးပို့ခြင်းတို့ဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။

ရဲတပ်ဖွဲ့ စည်းကမ်းဥပဒေ သတ်မှတ်ချက်အရ အမှုထမ်းတစ်ဦးသည် တစ်နေ့လျှင် ရှစ်နာရီ တာဝန်ထမ်းဆောင်ရမည်ဟု ဆိုထားပေသည်။ သို့သော် လက်တွေ့အားဖြင့်မူ လေးဦးပါဝင်သော အဖွဲ့များသည် ဖမ်းဆီးရမိနိုင်သည့် သတင်းတစ်ခုခု သေချာတိကျစွာ ရမှသာ လေးယောက်သား ပူးပေါင်းအလုပ်လုပ်လေ့ရှိသည်။ ကျန်အချိန်များတွင် သတင်းများကို နားစွင့်စောင့်ရင်း တစ်ယောက်နှင့်တစ်ယောက် တယ်လီဖုန်းဖြင့် ဆက်သွယ်လေ့ရှိကြသည်။

ဆက်သွယ်နည်းကား မူးယစ်ဆေးဝါး နှိမ်နင်းရေးဌာန၏ ရုံးချုပ်မှ တဆင့် ဆက်သွယ်ကြခြင်းပင်ဖြစ်သည်။

ဆာပီကို တာဝန်ကျနေသော အဖွဲ့၏ ခေါင်းဆောင်မှာ ဂေရီဆိုသူ အရပ်မြင့်မြင့်၊ ဆံပင်ဖြူဖြူနှင့်လူဖြစ်ပြီး ဆာပီကိုထက် အသက်လေးနှစ်ခန့် ကြီးသူဖြစ်သည်။

ထိုနေ့မတိုင်မီ (အင်္ဂါနေ့)က ခေါင်းဆောင် ဂေရီက ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ဘာအလုပ်မှ မရှိဘဲ ညနေစောင်းမှသာ အလုပ်ပေါ်လာဖွယ်ရှိကြောင်း၊ သူကိုယ်တိုင် လျှို့ဝှက်သတင်းပေးသူတစ်ဦးမှ ဆက်သွယ်မှုကို စောင့်နေကြောင်း



ပြောပြခဲ့ရာ ဆာပီကိုကလည်း သူသည် တစ်နေ့လုံး သူ၏ အိပ်ခန်းမှာပင် ရှိနေမည်။ လိုအပ်လျှင် ခေါ်လိုက်ပါဟု ပြန်ပြောထားခဲ့သည်။

အိမ်တွင် လုပ်စရာရှိသမျှ လုပ်ကိုင်ပြီးစီးသွားသည်အထိ အဖွဲ့ခေါင်းဆောင်ထံမှ တယ်လီဖုန်းမလာသဖြင့် ဆာပီကိုသည် ရဲအတတ်သင်ကျောင်း (အကယ်ဒမီ) ရှိ သေနတ်ပစ် လေ့ကျင့်သော စက်ပစ်ကွင်းသို့ ခေတ္တသွားလိုက်သည်။

သူသည် သေနတ်ပစ် လက်ဖြောင့်ခြင်း အလေ့အကျင့်မပျက်စေရန် ဘစ်လလျှင် တစ်ကြိမ်ကျ စက်ပစ်ကွင်းသို့ သွား၍ လေ့ကျင့်လေ့ရှိသည်။

ထိုကြောင့် ယခုလည်း သူသည် သူကိုင်နေကျ ပွိုင့် ၃၈ ခြောက်လုံးပြူး သေနတ်အပြင် ကိုယ်ပိုင်ဝယ်ထားသော ဘရောင်းနင်း အော်တိုမက်တစ်ပစ္စတိုကိုပါ ယူသွားပြီး လေ့ကျင့်ပစ်ခတ်နေလေသည်။

လေ့ကျင့်ပြီး၍ သူ၏ အိမ်ခန်းသို့ ပြန်ရောက်ပြီး မကြာမီပင်အဖွဲ့ခေါင်းဆောင် ဂေရီက တယ်လီဖုန်း လှမ်းဆက်လေသည်။

သူ၏ လျှို့ဝှက်သတင်းပေးသူထံမှ အဆက်အသွယ် ရပြီဖြစ်ကြောင်း၊ ယနေ့ညဘက် အမှုနှစ်မှုခန့် ဖမ်းဆီးရမိဖွယ်ရှိကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် မှုခင်လ (ဇန်နဝါရီ)က ဖမ်းဆီးနိုင်ခဲ့သည့်အမှု ခွဲတမ်းနည်းခဲ့သဖြင့် ယခုလတွင် ကြိုးစားရန်လိုကြောင်း စသည်ဖြင့် ပြောလေသည်။

ဆာပီကိုတွင် ရဲတပ်ဖွဲ့က တာဝန်အရ ထုတ်ပေးထားသော ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်နှင့် ကိုယ်ပိုင်အော်တိုမက်တစ် ပစ္စတိုသေနတ်အပြင် ပြောင်းတို ပွိုင့် ၃၈ သေနတ်တစ်လက်လည်း အပိုဆောင်ထားရာ ယင်းပြောင်းတိုသေနတ်ကို သာမန်အားဖြင့် ဘဏ်တိုက်အလုံခန်းတွင် ထားလေ့ရှိသည်။ သူ အိမ်မှာမရှိခိုက် တစ်ယောက်ယောက် ဝင်ယူသွားမည်စိုး၍ အိမ်တွင် မထားခဲ့ခြင်းပင်ဖြစ်သည်။

သို့ရာတွင် ယခု စက်ပစ်ကွင်းမှ ပြန်လာချိန်တွင် ဘဏ်တိုက်က ပိတ်နေပြီဖြစ်သောကြောင့် ဆာပီကိုသည် အလုပ်တာဝန်ထမ်းဆောင်ရန် သွားသောအခါ သေနတ်သုံးလက်စလုံးကို ယူဆောင်သွားလေသည်။

အမှတ် ၉၄ စခန်းရှိ မူးယစ်ဆေးဝါးဌာနခွဲရုံးသို့ရောက်၍ သူ၏ကုတ်အင်္ကျီကို ချွတ်လိုက်စဉ် သေနတ်သုံးလက်ကို မြင်သောအခါ အဖွဲ့ဝင်ရဲတစ်ဦးက အံ့အားသင့်သွားလျက်–

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဗျ၊ သေနတ်တွေ များလုချည့်လား၊ ခင်ဗျားက စစ်တိုက်ထွက်ဖို့လာခဲ့တာ ကျနေတာပဲ"

ဟု ပြောလိုက်လေသည်။

ဆာပီကိုသည် သူ၏အဖွဲ့ဝင် အဖော်များနှင့်အတူ စားသောက်ဆိုင်တစ်ဆိုင်သို့သွား၍ ကော်ဖီနှင့် ကိတ်မုန့်များ မှာယူစားသောက်လေသည်။

အဖွဲ့ခေါင်းဆောင် ဂေရီအပြင် 'စီဇာ'အမည်ရှိ အီတလီ အမျိုးသားရဲတစ်ဦး၊ လူသစ် ပေါလ်ဟောလီဆိုသူတို့လည်း အတူပါလာလေသည်။

စားသောက်ရင်း စကားပြောကြရာ၌ အလ္လာပ သလ္လာပ ပြောကြသောအခါ ကျန်လူသုံးဦးသည် ရောက်တတ်ရာရာ အကြောင်းမျိုးစုံ ပြောကြသော်လည်း ဘိုင်းအမှတ် (၇) မှ အရပ်ဝတ်ရဲများ အုပ်စုဖွဲ့ လာဘ်စားခြင်းကိစ္စကိုမူ မည်သူကမျှ စကားစပ်မပြောကြကြောင်း ဆာပီကိုသည် သတိပြုမိလေ၏။

စီဇာဆိုသူက သူ၏ကလေးငယ် တက်နေသည့်ကျောင်းက စာကောင်းကောင်းမသင်ဘဲ နိုင်ငံရေးဆန်ဆန် သီချင်းတွေသာ ဆိုခိုင်းလေ့ရှိ၍ မကျေနပ်ကြောင်း ပြောနေသည်။ ထို့ကြောင့် သူ့ကလေးအား နောင်တွင် ကျောင်းသွားသည့်အခါ သီချင်းမဆိုနှင့်ဟု သင်ပေးလိုက်ကြောင်း ပြောလေသည်။

"ဟာ... ခင်ဗျားကလည်း ကလေးကို ဆရာမ သီချင်းဆိုခိုင်းလို့မှ မဆိုရင် ကလေးသာ ဒဏ်ပေးခံရမှပေါ့"

ဆာပီကိုက ပြောလိုက်ရာ စီဇာက–

"ကိစ္စမရှိဘူး၊ ကျုပ်ကိုယ်တိုင် ဆရာမနဲ့သွားတွေ့ပြီး စကားပြောမယ်"

ဟု ပြန်ပြောစဉ် အဖွဲ့ခေါင်းဆောင် ဂေရီက

"ကဲ... လာ သွားကြစို့"

ဟု ပြောလိုက်သဖြင့် စကားပြတ်သွားလေသည်။

* * *

ဂေရီအား သတင်းပေးသူမှာ ပိုတိုရီကို အမျိုးသားလူငယ်တစ်ဦး ဖြစ်လေသည်။ ယခုတော့ သူသည် မူးယစ်ဆေးဝါး လုံးဝပြတ်နေပါပြီဟုဆိုသည်။

ဆာပီကိုကမူ ထိုသူငယ်သည် တစ်ဖက်က ရဲကို သတင်းပေးနေပြီး တစ်ဖက်ကလည်း သူကိုယ်တိုင် မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ သို့မဟုတ်



လက်လီရောင်းချခြင်း ပြုလုပ်နေရမည်ဟု ထင်မိလေသည်။

မည်သို့ပင်ဖြစ်စေ ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး နှိမ်နင်းရေးဌာနအနေဖြင့် မူးယစ်ဆေးဝါးအမှု ဖမ်းဆီးနိုင်ရေးအတွက် သတင်းကြိုတင်ရရှိရန်က အဓိကအရေးကြီးသည် မဟုတ်ပါလော။

သတင်းပေးသူ နေထိုင်သည့် အိမ်ခန်းသို့ ရောက်သောအခါ လူသစ်ပေါ်ဟောလီက မော်တော်ကားထဲတွင် ထိုင်စောင့်ပြီး ဆာပီကိုက ခေါင်းဆောင်ဂေရီ၊ စီဇာတို့နှင့်အတူ အိမ်ပေါ်သို့ လိုက်တက်သွားလေသည်။

သူ့အနေဖြင့် ယခု သတင်းရရှိပြီး ဖမ်းရမည့်အမှုကလည်း ကြီးကျယ်လှမည်မဟုတ်ဘဲ သာမန်အမှုသေး အမှုဖွဲ့မှုသာ ဖြစ်လိမ့်မည်ဟု ထင်နေမိသည်။

အခန်းတံခါးကို သတင်းပေးသူ လူငယ်ကိုယ်တိုင် တံခါးဖွင့်ပေးသဖြင့် သုံးယောက်သား အတွင်းသို့ ဝင်လိုက်ကြရာ ထိုလူငယ်၏ ဇနီးက ပြင်ဘက်သွားနေသဖြင့် ကလေးနှစ်ယောက်နှင့် ကျန်နေသောကြောင့် ကလေးများအမေပြန်လာမှ သတင်းပေးသူက လိုက်ပါနိုင်မည်ဟု ဆိုလေသည်။

ကလေးတစ်ယောက်က ငါးနှစ်ရွယ် ယောကျ်ားလေးဖြစ်ပြီး တစ်ဦးက ခုနစ်နှစ်အရွယ် မိန်းကလေးဖြစ်လေသည်။

'ပိုတိုရီကို' လူမျိုးသည် စပိန်ဘာသာစကား ပြောကြသည်ဖြစ်ရာ ယင်းဘာသာ တတ်ကျွမ်းသူ ဆာပီကိုက ကလေးနှစ်ယောက်အား စပိန်ဘာသာဖြင့်စကားပြောနေခိုက် အဖွဲ့ခေါင်းဆောင် ဂေရီနှင့် စီဇာတို့က သတင်းပေးသူလူငယ်နှင့် အခန်းထောင့်တစ်ထောင့်တွင် တီးတိုးစကားပြောနေကြလေသည်။

ကလေးနှစ်ဦးမှာ ဆာပီကို၏ မုတ်ဆိတ်ရှည်ကြီးကို ကြည့်ပြီး စိတ်ဝင်စားကာ သဘောကျပုံရရုံမက သူတို့၏ လက်ကလေးများဖြင့် ကိုင်တွယ်ဆွဲကစားကြည့်ရာ ဆာပီကိုကလည်း ကလေးချစ်တတ်သူပီပီ ဘာမှမပြောဘဲ ပြုံးရယ်၍ နေလေသည်။

အတန်ကြာမှ သတင်းပေးသူ၏ဇနီး ပြန်ရောက်လာလေသည်။

သူမသည် ရုပ်ရည်အားဖြင့် ကျော့ရှင်းလှပသူ မိန်းကလေးတစ်ဦးဖြစ်လေသည်။ သူ အိမ်ပြန်နောက်ကျ၍ ဧည့်သည်များ ထိုင်စောင့်နေရသည့်အားနာကြောင်း တောင်းပန်ရင်း 'ကော်ဖီသောက်ကြပါဦး'ဟု ဖိတ်ခေါ်လေသည်။

ခေါင်းဆောင် ဂေရီနှင့် စီဇာတို့က 'တော်ပါပြီ မသောက်ပါရစေနဲ့'ဟု ငြင်းသော်လည်း ဆာပီကိုကတော့ ကော်ဖီသောက်မည်ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပိုတိုတ်ကို' လူမျိုး ဖျော်တတ်သော ကော်ဖီခါး ခါးကို ကြိုက်နှစ်သက်၍ ပြောလိုက်ခြင်းဖြစ်သည်။

အိမ်ရှင်မက ချက်ချင်းပင် ကော်ဖီပူပူ ဖျော်ပေးရာ ဆာပီကိုသည် နှစ်ခြိုက်အားရစွာ သောက်နေခိုက် ကျန်လူများက စောင့်နေကြသည်။

ဆာပီကိုသည် အိမ်ရှင်အမျိုးသမီးနှင့် ကလေးများကိုကြည့်ပြီး မိန်းကလေး အနေဖြင့် သူ့ယောက်ျား ဘာလုပ်နေသည်ကိုမှ သိပါလေစဟု တွေးမိလိုက်သေးသည်။

ထိုနောက် 'သတင်းပေးသူ' လူငယ်ကိုယ်တိုင် လိုက်ပါလျက် မော်တော်ကားဆီသို့ ဆင်းလာကြလေသည်။

သတင်းပေးသူက မော်တော်ကားကို မည်သည့်အရပ်သို့ မောင်းရန် လမ်းပြပေးရလေရာ သူတို့၏ကားသည် ဘရွတ်ကလင်းရပ်ကွက် 'ဒရစ်ရိပ်သာ' လမ်းမကြီး၏ လမ်းသွယ်တစ်ခုဆီသို့ ရောက်သွားလေသည်။

'မင်ဟက်တန်' ရပ်ကွက်သို့ ဖြတ်ကူးမောင်းရသည့် တံခါးမရောက်မီ လမ်း၏ လက်ယာဘက်၌ ငါးထပ်တိုက်တစ်လုံးကို ဖြတ်သွားရလေရာ 'သတင်းပေးသူ' လူငယ်က ယင်းငါးထပ်တိုက်တွင် မန်ဘိုဆိုသူ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူတစ်ဦးရှိကြောင်း ပြောပြလေသည်။

ထိုနောက် ကားကို ဆက်လက်မောင်းသွားကြပြီး အဆိုပါ အဆောက်အအုံနှင့် မလှမ်းမကမ်း စာသင်ကျောင်းဟောင်းတစ်ခု၏ ဝင်းအနီးတွင် ရပ်လိုက်သည်။

အစီအစဉ်ကား အောက်ပါအတိုင်းဖြစ်သည်။

'သတင်းပေးသူ'က အဆောက်အအုံ အဝင်ဝတွင် အသာစောင့်ကြည့်ပြီး လူဝင်လူထွက်ကို အကဲခတ်ရင်း 'အရောင်းအဝယ်' ဖြစ်မဖြစ် စောင့်ကြည့်မည်။ အရောင်းအဝယ်ဖြစ်ပြီး 'ဘိန်းဖြူ'ဝယ်လာသူ တစ်ယောက်ယောက် ထွက်လာသည်နှင့် သတင်းပေးသူက သူတပ်ထားသော နေကာမျက်မှန်ကို ချွတ်၍ လက်ကိုင်ပဝါဖြင့်ပွတ်ကာ အချက်ပေးလိုက်မည်ဖြစ်သည်။

ညအချိန်ဖြစ်၍ ထိုလမ်းမှ လမ်းဓာတ်မီးက ခပ်မှိန်မှိန်ဖြစ်နေလေရာ ဆာပီကိုတို့ လူစုက ခပ်လှမ်းလှမ်းမှ 'မှန်ပြောင်း'ဖြင့် ကြည့်နေရလေသည်။

အစီအစဉ်အရ အဖွဲ့ဝင်လေးဦးက တလှည့်စီ 'မှန်ပြောင်း'ဖြင့် သတင်းပေးသူအား မျက်ခြည်မပြတ်ကြည့်ရန် ရှိသော်လည်း ကျန်လူသုံးယောက်က



အချင်းချင်း စကားပြောနေကြသဖြင့် ဆာပီကိုကပင် 'မှန်ပြောင်း'ကိုကိုင်ကာ ကြည့်နေရသည်။

သူသည် မော်တော်ကား၏ နောက်ထိုင်ခုံတွင် ထိုင်ရင်း 'မှန်ပြောင်း'ဖြင့် ရစိုက် ကြည့်နေလေသည်။

သူ့အနေဖြင့် 'မူးယစ်ဆေးဝါးမှု' ဖမ်းမိရန် စိတ်ထက်သန်လွန်းဟန် မဟုတ်၊ မြန်မြန်ပြီးလျှင် အေးတာပဲဟူသော သဘောဖြင့် ကိစ္စပြီးအောင် စောင့်ကြည့်နေခြင်း ဖြစ်လေသည်။

အချိန်ကား ည ကိုးနာရီ ရှိသွားပြီဖြစ်သည်။

သူတို့ စောင့်ကြည့်နေခဲ့သည်မှာလည်း တစ်နာရီကျော်ကျော် ရှိသွားပေပြီ။

ရံဖန်ရံခါ 'သတင်းသူ'သည် တံခါးဝနားမှတဆင့် အဆောက်အအုံ အတွင်းသို့ ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက် လုပ်နေသဖြင့် ဆာပီကိုက အထူး ရစိုက် ကြည့်နေရလေသည်။

ထိုအတောအတွင်း စီဇာဆိုသူက ရယ်စရာတစ်ခုပြောရင်း လှုပ်ရှားလိုက်ရာ ဆာပီကို ကိုင်ထားသော မှန်ပြောင်းကို သူ၏ကိုယ်ဖြင့် တိုက်မိသွားသဖြင့် ဆာပီကိုက စိတ်တိုလာကာ–

"ဟေ့လူတွေ ခင်ဗျားတို့က ဘာလဲ၊ အလုပ်လုပ်ဖို့လာတာ မဟုတ်ဘူးလား"

ဟု ပြောလိုက်လေသည်။

ဆက်စောင့်နေက အတော်ကြာလာသောအခါ ဆာပီကိုက ထိုထက်ကြာကြာနေလျှင် မူးယစ်ဆေးဝါးသမားတွေက သူတို့ကိုမြင်ပြီး ရိပ်မိသွားမည်စိုးရကြောင်း ပြောရာ အဖွဲ့ခေါင်းဆောင် ဓရိုက–

"စိတ်အေးအေးထားပြီးသာ နေစမ်းပါဗျား ကျုပ်တို့ကို ဘယ်သူထမှ ရိပ်မိမှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။

သို့နှင့်ပင် ဆာပီကိုလည်း မှန်ပြောင်းဖြင့် ဆက်လက်ကြည့်နေစဉ် 'သတင်းပေးသူ'လူငယ်သည် ရုတ်တရက် နေကာမျက်မှန်ကိုချွတ်ပြီး လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်ကို မြင်ရလေသည်။

ထိုအချိန်၌ 'အမျိုးသမီး'တစ်ဦး လက်ဆွဲအိတ်တစ်အိတ်ကိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံတွင်းမှ ထွက်လာသည်ကိုလည်း ဆာပီကိုက သတိပြုမိလေသည်။

ဤတွင် ဆာပီကိုလည်း ကျန်လူသုံးယောက်အား တပ်လှန့်နိုးသလို–

“ဟော့လူတွေ ဟိုလူငယ်က အချက်ပေးလိုက်ပြီဗျ၊ လက်ဆွဲအိတ်နဲ့ အမျိုးသမီးနဲ့ပဲတူတယ်”

ဟု ပြောလိုက်သည်။

အမျိုးသမီးသည် လမ်းလျှောက်ထွက်လာပြီး လမ်းထိပ်ရောက်၍ ချိုး ကွေ့သွားသောအခါ ဆာပီကိုတို့ လူစုကလည်း မော်တော်ကားဖြင့် နောက်မှ လိုက်သွားကြလေသည်။

ထိုလမ်းအတိုင်းသွား၍ ခပ်လှမ်းလှမ်းသို့ ရောက်တော့မှ မော်တော်ကားကို အမျိုးသမီး၏ ဘေးနားကပ်၍ ထိုးရပ်လိုက်သည်။

ဆာပီကိုက ကားထဲ၌ပင် နေပြီး ကျန်အဖွဲ့ဝင်သုံးဦးက လျင်မြန်စွာ ကားပေါ်မှ ခုန်ဆင်းလိုက်ကြလေသည်။

ထို့နောက် သုံးယောက်သားသည် အမျိုးသမီးအား ဝိုင်းထားလိုက်ပြီး တစ်ဦးက သူ၏ လက်ဆွဲအိတ်ကို ဆွဲယူလိုက်သည်။

ထိုလူကား စီဇာဆိုသူပင် ဖြစ်သည်။

မှောင်မည်းနေ၍ လက်ဆွဲအိတ်ထဲသို့ သေချာစွာ ရှာဖွေကြည့်ရန် မဖြစ်သောကြောင့် စီဇာသည် ကားထဲပါသော လက်နှိပ်ဓာတ်မီးကို လာပြန် ယူလေသည်။ အရေးထဲ လက်နှိပ်ဓာတ်မီးက ဘက်ထရီအား ကုန်လုနီးပါး ဖြစ်နေ၍ မီးရောင်ကောင်းစွာ မလင်းဘဲ ဖြစ်နေပြန်သည်။

စီဇာလည်း ဖြစ်သလို ဆက်လက်ရှာဖွေရာ အရေးယူစရာ ဘာပစ္စည်းမှ မတွေ့ရကြောင်းကို ဆာပီကိုက ကားထဲမှ လှမ်းကြည့်ရုံနှင့် ရိပ်မိလေသည်။

အမျိုးသမီးမှာ အသက် ၂၀ ကျော်ခန့်ရှိပြီး သူမအား အရပ်ဝတ်ရဲသုံး ဦးက ဝိုင်းပြီး နှောင့်ယှက်ရပါမည်လောဟု ဆူပူကန့်ကွက်နေလေသည်။

အမျိုးသမီး၏ ခန္ဓာကိုယ်တွင် ရှာဖွေရန်ကလည်း စည်းကမ်းဥပဒေအရ မဖြစ်နိုင်ချေ။ အကယ်၍ ရှာဖွေချင်လျှင် ရဲစခန်းသို့ခေါ်လာပြီး အမျိုးသမီးရဲ တစ်ယောက်ယောက်ကသာ ရှာဖွေရမည်ဖြစ်သည်။

နောက်ဆုံးတွင် ခေါင်းဆောင်ဂေရီနှင့် ကျန်လူနှစ်ယောက်တို့သည် လက်လျှော့ကာ အမျိုးသမီးအား သွားလိုရာသွားပါတော့ဟု ပြန်လွှတ်လိုက်ရ တော့သည်။



သုံးယောက်သား မော်တော်ကားဆီသို့ ပြန်ရောက်လာသောအခါ အဖွဲ့ ခေါင်းဆောင် ဂေရီက ဆာပီကိုအား ငေါ့သလိုနှင့်–

“အင်း မောင်ရင်က အရေးကြောင်းရှိရင် တယ်အားကိုးရတာပဲကိုး”

ဟု ပြောလေသည်။

ထိုအခါ ဆာပီကိုက စကားအဓိပ္ပာယ် နားမလည်ချင်ယောင်ဆောင် လျက်–

“ဘာဖြစ်လို့လဲ၊ ခင်ဗျားတို့သုံးယောက်က မိန်းကလေးတစ်ယောက်တည်း ကို မနိုင်လို့လား”

ဟု ပြန်မေးလိုက်သည်။

ဒီတော့မှ ဂေရီက–

“မဟုတ်ပါဘူး၊ ဟိုကောင် အချက်ပြတာကိုက လွဲတယ်၊ အမျိုးသမီး မှာ ဘာပစ္စည်းမှ ပါမလာဘူး၊ ကိုင်း... ကျုပ်တို့ မူလနေရာကိုပဲ ပြန်သွား စောင့်ကြစို့”

ဟု ပြောလိုက်သည်။

ထို့ကြောင့် မော်တော်ကားကို မူလနေရာသို့ ပြန်မောင်းပြီး ယခင် အတိုင်း ထိုင်စောင့်နေလိုက်ကြပြန်သည်။

ဆယ်မိနစ်ကျော်ကျော်ခန့် စောင့်နေလိုက်ကြပြီး သတင်းပေးသူထံမှ အချက်ပြခြင်း လုံးဝမမြင်ရသောအခါ ဆာပီကိုက စိတ်မရှည်တော့ဟန်ဖြင့်–

“နေပါဦးဗျ၊ ကျုပ်တို့က ဒီလိုပဲ တစ်ညလုံး ထိုင်စောင့်နေရမှာလား”

ဟု မေးလိုက်သည်။

ထိုအခါ အဖွဲ့ခေါင်းဆောင် ဂေရီက–

“ဒီလိုဆိုရင် မောင်ရင်ကိုယ်တိုင် တိုက်ထဲဝင်ပြီး ဘာများတွေ့မှာလဲ စုံစမ်းကြည့်ပါလား”

ဟု ပြန်ပြောလိုက်သည်။

ထိုစကားကို ဆာပီကိုသည် လေးနက်စွာ ငေးကြည့်မိလေသည်။

ထိုရပ်ကွက်သည် ပိုတိုရီကိုလူမျိုး ဆင်းရဲသားများ နေထိုင်သော ရပ်ကွက်တစ်ခုဖြစ်ရာ လူတိုင်းက မိမိအိမ်နီးချင်းများကို ကောင်းစွာသိရှိနေ ကြသဖြင့် ရဲတစ်ဦးက မည်သို့ပင် အရပ်ဝတ်အရပ်စား ပေါ်သွားသောမှ

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်များကအစ ရဲမှန်း ချက်ချင်းရိပ်မိနိုင်သည့် အခြေအနေမျိုး ရှိပေသည်။

သို့ရာတွင် ဆာပီကိုအနေဖြင့် ယင်းပြဿနာမျိုး မရှိနိုင်ပါချေ။

သူဝတ်စားထားပုံက စစ်တပ်သုံး ယူနီဖောင်း ရုပ်အင်္ကျီအဟောင်း၊ သိုးမွေးဆွယ်တာနှင့် မာဖလာခေါ် လည်စည်းတစ်ခု လည်ပင်းတွင်ပတ်ထားသည့်ပြင် ခြေသလုံးထိရောက်အောင် ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားလေရာ မည်သို့မှ ရဲတစ်ဦးနှင့် မတူပေ။

ထို့ကြောင့် အဖွဲ့ခေါင်းဆောင် ဂေရီပြောသည့်အတိုင်း သူကိုယ်တိုင် အဆောက်အအုံတွင်းသို့ဝင်၍ စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

ဆာပီကိုသည် လမ်းဘေး ဆိုင်တစ်ဆိုင်မှ ဘီယာ သံဗူးတစ်ဗူး ဝယ်ယူ၍ လမ်းလျှောက်သွားရင်း မော့သောက်လျက် အဆောက်အအုံဆီသို့ လျှောက်သွားလေသည်။ ဤနည်းအားဖြင့် သူ့ကိုယ်သူ သာမန်အရပ်သား လူပေလူတေ တစ်ယောက်အသွင် ဆောင်လိုက်ခြင်းဖြစ်ပေသည်။

အဆောက်အအုံ၏ တံခါးဝနားတွင် သတင်းပေးသူအား တွေ့ရလေသည်။ ဆာပီကို ကိုမြင်လျှင် ထိုလူက မျက်ရိပ်ပြ၍ သူသည် တိုက်ခေါင်မိုးပေါ်သို့ တက်မည့်သဘော လက်ဟန်ခြေဟန် ပြလေသည်။

အပေါ်ထပ်သို့တက်သည့် လှေကားရင်းတွင် အသက်နှစ်ဆယ်အောက် လူငယ်နှစ်ယောက် ထိုင်စကားပြောနေကြရာ သူတို့သည် ဆာပီကိုအား တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ဂရုမစိုက်ဟန်ဖြင့် ဆက်စကားပြောနေကြသည်။

ဆာပီကိုလည်း လှေကားမှ တက်သွားလေသည်။

သူ၏ကိုယ်တွင်ကား သေနတ်သုံးလက် ပါလာလေသည်။

ရဲတပ်ဖွဲ့က ထုတ်ပေးထားသော ပွိုင့် ၃၈ ခြောက်လုံးပြူးမှာ သူ၏ ပခုံး၌ လွယ်ထားသော ကျောပိုးအိတ်ထဲတွင်ရှိပြီး ဘရောင်းနင်း အော်တိုမက်တစ် ပစ္စတိုသေနတ်က ခါးပတ်ကြားတွင် ဝှက်ထိုးထားသည်။ ပွိုင့် ၃၈ ပြောင်းကို ခြောက်လုံးပြူ သေနတ်ကိုတော့ သူ၏ ညာဘက် အင်္ကျီအိတ်ထဲတွင် ထားပြီး လက်တစ်ဖက်ကို အိတ်ထဲအသင့် နှိုက်ထားလိုက်သည်။

ဤကား မူးယစ်ဆေးဝါးအမှုများ ဖမ်းဆီးရန်သွားသည့်အခါ ဆာပီကိုသည် သူတစ်ယောက်တည်းဖြစ်လျှင် လိုက်နာနေကျ ကြိုတင်ပြင်ဆင်ထား



နည်းပင်ဖြစ်သည်။ မူးယစ်ဆေးဝါး သမားတို့မည်သည် ပြန်လည်ခုခံရန် ရန်မူတတ်သဖြင့် ယခုလို အစီအစဉ် လုပ်သွားရခြင်းလည်းဖြစ်သည်။

လောင်းကစားဒိုင်များ ဝင်ဖမ်းသည့်အခါ ပြန်လည်ခုခံ ပစ်ခတ်ခြင်း အလျှင်းမရှိတတ်သလောက် မူးယစ်ဆေးဝါး မှောင်ခိုသမားများကမူ ထိုသို့ မဟုတ်ပေ။

ဖမ်းဆီးရန်လာသော ရဲများအား အကြမ်းဖက်၍ ခုခံတိုက်ခိုက်လေ့ရှိကြောင်း ဆာပီကိုက ကြိုတင်သိထားလေသည်။

ဤသည်မှာလည်း မူးယစ်ဆေးဝါး အက်ဥပဒေအရ တရားခံများအား ကြီးလေးသော အပြစ်ဒဏ်များ ပေးလေ့ရှိသဖြင့် ဆေးရောင်းသူများသည်း အဖမ်းမခံလိုဘဲ ခုခံတိုက်ခိုက်လေ့ရှိကြောင်း သိရပေသည်။

ထို့ကြောင့် ဆာပီကိုက အရေးရှိလျှင် ခုခံလျှင် ကာကွယ်နိုင်ရန် လက်တစ်ဖက်က အိတ်ထဲမှ ပြောင်းတိုသေနတ်ကို ကိုင်ထားခြင်း ဖြစ်လေသည်။

လှေကားအတိုင်း ဆက်တက်သွားရာ အဆောက်အအုံအတွင်းမှာ တစ်ချိန်က တခမ်းတနား သပ်ရပ်ခဲ့သလောက် ယခုတော့ ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ လျစ်လျူရှုထားခဲ့ဟန်ဖြင့် ညစ်ပတ်ပေရေနေကြောင်း သတိပြုမိလေသည်။ ထို့ပြင် တိုက်ခန်းအသီးသီးမှ ဟင်းလျာများ ချက်ပြုတ်နေသဖြင့် အကြော်အလှော် အနံ့များကလည်း မွှန်နေလေသည်။

ဆာပီကိုသည် လှေကားအတိုင်း တောက်လျှောက်တက်သွားရာ တိုက်၏ ခေါင်မိုးဆီသို့ ရောက်သွားလေသည်။

ခေါင်မိုးပေါ်မှ ကြည့်လိုက်လျှင် ပတ်ဝန်းကျင် ရှုခင်းတစ်ခုလုံးကို ကောင်းစွာ မြင်ရလေသည်။

ဆာပီကို ရောက်သွားပြီး မိနစ်ပိုင်းအတွင်းမှာပင် သတင်းပေးသူ လူငယ်သည် ခေါင်မိုးပေါ်သို့ လိုက်တက်လာလေသည်။

"ဘယ်လိုဖြစ်တာလဲဗျ၊ ခင်ဗျားတို့ အမျိုးသမီးကို မဖမ်းလို[illegible] သား၊ သူ့မှာ ပစ္စည်းပါတယ်ဗျ"

"မဖမ်းလိုက်ဘူး၊ ငါတို့အဖွဲ့သားတွေက သူ့အိတ်ကို [illegible] ဘာမှမတွေ့တာနဲ့ ပြန်လွှတ်လိုက်တယ်"

ဆာပီကိုက အမှန်အတိုင်း ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ၊ အဲဒီကောင်မရဲ့ကိုယ်မှာ ပစ္စည်းပါသွားတယ်ဗျ၊ ခင်ဗျားတို့လူတွေက ဖမ်းလိုက်ဖို့ကောင်းတယ်"

"အေးပါကွာ၊ အခုတော့ မဖမ်းဘဲ လွှတ်လိုက်ပြီဆိုတော့ ပြီးတာပြီးပါစေတော့၊ ဒီထက် လှေကားအောက်က ကောင်လေးနှစ်ယောက်က ငါ့အကြောင်းဘာများပြောသေးသလဲ"

"မပြောပါဘူး၊ သူတို့က ခင်ဗျားဟာ ဆေးလာဝယ်တဲ့ ဟစ်ပီတစ်ယောက်လို့ပဲ ထင်နေကြတယ်"

ထိုစကားကိုကြားလျှင် ဆာပီကိုသည် ရယ်မောမိလေသည်။

သူ၏ ဝတ်စားရုပ်ဖျက်ထားပုံက ကောင်းစွာ အောင်မြင်နေကြောင်း ထင်ရှားသည်ဟု ဆိုရပေမည်။

ထို့နောက် မူးယစ်ဆေးဝါးရောင်းသူ မန်ဘိုဆိုသူ၏ တိုက်ခန်းကို သိပါသလောဟု မေးကြည့်ရာ သတင်းပေးလူငယ်က တတိယထပ်အခန်းနံပါတ် ၃ (ဂျီ)ဖြစ်ကြောင်း ပြောပြလေသည်။

"ဒါဖြင့် မင်းက အောက်ပြန်ဆင်းပြီး တံခါးဝမှာပဲ စောင့်နေလိုက်၊ ပစ္စည်းဝယ်ပြီး ထွက်လာတဲ့လူမြင်ရင် ပြင်ဘက်က ငါတို့လူတွေကိုသာ မင်းက အချက်ပေးလိုက်၊ ငါကတော့ ဒီအပေါ်မှာပဲနေပြီး မသင်္ကာစရာတွေ့လို့တွေ့ငြား စောင့်ကြည့်နေဦးမယ်"

ဆာပီကိုက ပြောလိုက်သဖြင့် သတင်းပေးသူ လူငယ်လည်း ပြန်ဆင်းသွားလေသည်။

ခေါင်မိုးပေါ်မှ လှမ်းကြည့်လျှင် တိုက်အောက်ထပ် အဝင်အဝသို့ လှမ်းမြင်ရလေရာ ဆာပီကိုသည် ကြည့်နေရင်းက မသင်္ကာဖွယ် လူနှစ်ယောက် တိုက်တွင်းသို့ လျှောက်ဝင်လာသည်ကို မြင်ရလေသည်။

ဤတွင် လှေကားမှ ပြန်ဆင်း၍ တတိယထပ် အခန်းနံပါတ် ၃ (ဂျီ) တံခါးဝကို လှမ်းမြင်လောက်သည့်နေရာမှ အသာရပ်စောင့်ကြည့်နေလိုက်သည်။

မကြာမီ လှေကားမှ တက်လာသော လူနှစ်ယောက်သည် အခန်းနံပါတ် ၃ (ဂျီ) ၏ တံခါးကို ခေါက်လိုက်သည်။

ထိုအခါ အတွင်းမှ တစ်စုံတစ်ယောက် မေးမြန်းသံကို မသဲမကွဲ ကြားရပြီးနောက် လူတစ်ယောက်က မန်ဘိုနှင့် တွေ့လိုကြောင်း ပြောသံကြားရသည်။



သည်တော့မှ တံခါးသည် အနည်းငယ်ပွင့်လာပြီး အပြန်အလှန်စကားပြောနေကြရာမှ လူတစ်ယောက်က အတွင်းမှလူအား ငွေစက္ကူတွေလှမ်းပေးလိုက်သည်ကို မြင်ရသည်။ တံခါးပြန်ပိတ်သွားပြီးနောက် ချက်ချင်းသိုပင် ပြန်ပွင့်လာကာ အတွင်းမှ လူက ပစ္စည်းတစ်စုံတစ်ခု လှမ်းပေးလိုက်သည်။

သည်တော့မှ လူနှစ်ယောက်သည် သုတ်သီးသုတ်ပျာနှင့် လှေကားမှ ပြန်ဆင်းသွားကြသည်။

ဆာပီကိုလည်း သူတို့နောက်မှ မယောင်မလည် လိုက်ဆင်းသွားသည်။

လမ်းမသို့ ရောက်သောအခါ ဆာပီကိုသည် လူနှစ်ယောက်ကို သေချာစွာကြည့်လိုက်ရာ အသက် နှစ်ဆယ်ပတ်ဝန်းကျင် လူငယ်နှစ်ဦးဖြစ်ကြောင်း တွေ့ရလေသည်။

ထိုအချိန်၌ ကားအတွင်းရှိ ဂေရီတို့အဖွဲ့ကလည်း လှမ်းကြည့်နေရာ ဆာပီကိုက သူ့ရှေ့မှသွားနေသူ နှစ်ဦးအား လက်ညှိုးထိုး၍ အချက်ပြလိုက်သည်။

ကားအတွင်းမှ လူသုံးယောက်သည် လျှင်မြန်စွာ ခုန်ထွက်ပြီး လူငယ်နှစ်ဦးအား ရပ်တန့်ရှာဖွေရာ တစ်ယောက်ကိုယ်တွင် ဘိန်းဖြူနှစ်ထုပ် တွေ့ရလေသည်။

ဆာပီကိုက တိုက်ပေါ်တွင် သူမြင်ခဲ့ရပုံကို အဖွဲ့ခေါင်းဆောင်အားပြောပြလိုက်ရာ–

"ဟုတ်ပြီ၊ ဒါဖြင့် ကျုပ်တို့ အဲဒီ မန်ဘိုဆိုတဲ့လူကို သွားဆွဲကြမယ်" ဟု ပြောလိုက်လေသည်။

"နေပါဦးဗျာ၊ ဘယ်ပုံဘယ်နည်း ဖမ်းမယ်ဆိုတာပါ ပြောပါဦး"

ဆာပီကို ပြန်မေးသဖြင့် ဂေရီက အစီအစဉ်ကို ရှင်းပြလေသည်။

"ဒီလိုလုပ်၊ မောင်ရင် စပိန်ဘာသာစကားလည်း ပြောတတ်တော့ မောင်ရင် အဲဒီအခန်းကိုသွားပြီး ပစ္စည်းဝယ်သူအဖြစ် ဟန်ဆောင်ဝယ်ရုံပဲ၊ တံခါးကိုသာ ဖွင့်ထားပါ၊ ဒါမှ ကျုပ်တို့ဝင်ဖမ်းနိုင်မယ်"

ယင်းအစီအစဉ်ကို ဆာပီကိုသည် သဘောမကျမိချေ။

မူးယစ်ဆေးဝါး သုံးစွဲသူဟန်ဆောင်ပြီး ခပ်တည်တည် ဝင်ဝယ်ရန်မှာ သူ၏အလုပ်လည်းမဟုတ်၊ ယင်းကိစ္စမျိုးဆိုလျှင် မူးယစ်ဆေးဝါးဌာနမှ စုံထောက်

www.burmeseclassic.com

www.burmeseclassic.com



များလုပ်ရသည့် အလုပ်ဖြစ်သည်။

သို့ဖြစ်လင့်ကစား ယခုအချိန်ကျမှ မထူးတော့။ ငါးမိနစ်အတွင်း ကိစ္စ ပြီး၍ အိမ်ပြန်အိပ်ရလျှင် ပြီးတာပဲဟု စိတ်ကူးကာ သဘောတူလိုက်လေသည်။

ဘိန်းဖြူနှစ်ထုပ်နှင့် မိထားသော လူငယ်ကို လက်ထိတ်ခတ်၍ မော်တော် ကားတွင် ပေါလ်ဟောလီနှင့်အတူ ထားခဲ့ပြီး အဖွဲ့ခေါင်းဆောင် ဂေရီနှင့် စီဇာ တို့က ဆာပီကိုနှင့်အတူ တိုက်ပေါ်သို့ ပြန်တက်ကြလေသည်။

ပထမအကြိမ် ဆာပီကိုဝင်သွားစဉ် လှေကားရင်းတွင် ထိုင်နေသူ လူငယ်နှစ်ဦးအနက် တစ်ဦးက ဆာပီကိုကို မြင်သောအခါ သည်တစ်ခါတော့–

"ဟဲလို ရဲကြီးပါလား"

ဟု လှမ်းပြောလိုက်သည်။

သည်တော့မှ ဆာပီကိုလည်း ထိုလူငယ်ကလေးများသည် သူထင်သလို နံ့အသူများမဟုတ်ကြောင်း သိသွားသည်။

လှေကားပေါ်သို့ တက်ကြရင်း ဆာပီကိုက ဂေရီအား–

"ကားပေါ်က ကောင်လေးနာမည် မေးလိုက်ရဲ့လား၊ ဒါမှ ကျွန်တော်က ဒီကောင်လေးက ညွှန်လိုက်လို့ လာဝယ်သလို ပြောရအောင်"ဟု မေးလိုက် သည်။

"သေသေချာချာတော့ မသိဘူးကွ၊ ဂျို ဆိုလား တိုနီဆိုလား တစ်ခုခုပဲ"

ဤသို့ ဂေရီက ပြောသော်လည်း ထိုလူငယ်၏အမည်က လူဝစ္စဖြစ် ကြောင်း နောက်မှသိရသည်။

တတိယထပ်သို့ ရောက်သောအခါ စီဇာက လှေကားထိပ်တွင် နေရာယူ ပြီး အဖွဲ့ခေါင်းဆောင် ဂေရီက အခန်းနံပါတ် ၃ (ဂျီ)နှင့် ကပ်လျက် အခန်း နေရာနားတွင် ကပ်ပြီး ရပ်နေလိုက်သည်။

ဆာပီကိုသည် အိတ်ထဲမှ ပွိုင့် ၃၈ ပြောင်းတို ခြောက်လုံးပြူးသေနတ် ကို ဆွဲထုတ်ကိုင်ထားပြီးမှ လက်တစ်ဖက်ဖြင့် နံပါတ် ၃ (ဂျီ)တံခါးကို ခေါက် လိုက်သည်။

ချက်ချင်းလိုပင် ခြေသံကြားရပြီး တံခါးရွက်ရှိ ချောင်းကြည့်ရန် လုပ် အပေါက်ငယ်မှ လူတစ်ယောက် ချောင်းကြည့်လေသည်။

မယ်၊ ကျုပ်က ပစ္စည်းဝယ်ချင်လို့ပါ၊ ဂျိုက လွှတ်လိုက်တယ်"

ပီကိုက စပိန်ဘာသာဖြင့် ပြောလိုက်ရာ အတွင်းမှလူက–



"ဟေး မန်ဘို၊ လာစမ်းပါဦး"

ဟု လှမ်းအော်ခေါ်ရင်း တံခါးကို အနည်းငယ် ဟရုံဖွင့်လိုက်သည်။

တံခါးအတွင်း၌ သံကြိုးတစ်ခု ကန့်လန့်ဖြတ် ချိတ်ထားသည်ကို တွေ့ရလေသည်။

ဤတွင် ဆာပီကိုသည် လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။ ဂေရီနှင့် စီဇာတို့က သူ၏နောက်မှ ထက်ကြပ်လိုက်လာမည်ဟု ယုံကြည်လျက် ဆာပီ ကိုသည် သူ၏ပခုံးဖြင့် တံခါးရွက်ကို တအားဆောင့်တွန်းလိုက်ရာ သံကြိုးသည် ပြတ်ထွက်သွားလေသည်။

အတွင်းဘက်သို့ လှမ်းမြင်နေရပြီဖြစ်ရာ အခန်း၏ အထက်အစွန်တွင် ပြင်ဘက်သို့ ထုတ်ထားသည့် အထပ်ခိုးတစ်ခုရှိကြောင်း သတိပြုမိလေသည်။

ဆာပီကိုသည် အခန်းတွင်းသို့ လှမ်းဝင်လိုက်၍ တံခါးကို အတွင်းမှ တစ်ယောက်က အတင်းတွန်းပိတ်ပြန်လေသည်။

ထိုအတောအတွင်း တစ်စုံတစ်ယောက်က–

"မန်ဘို၊ မန်ဘို"

ဟု လှမ်းအော်နေသံကိုလည်း ကြားရသည်။

ဆာပီကိုသည် ကိုယ်တစ်ပိုင်းသာ အတွင်းသို့ရောက်ပြီး တစ်ပိုင်းက အပြင်ဘက်တွင် ရှိနေသေး၍ တံခါးရွက်ဖြင့် ညှပ်ထားခြင်းကို ခံနေရလေသည်။

အတွင်းမှလူသည် အတော်ခွန်အားရှိပုံရလေရာ ဆာပီကိုသည် ရှိသမျှ ခွန်အားကို ဖျစ်ညှစ်ထုတ်၍ အတင်းတွန်းလိုက်တော့မှ တံခါးပွင့်ထွက်သွားသည်။

အတွင်းဘက်မှ လူသည် အခန်းတစ်ဖက်စွန်းရှိ အထပ်ခိုးဆီသို့ လျှင်မြန်စွာ ပြေးထွက်သွားဖြင့် မျက်နှာကို သဲကွဲစွာ မမြင်လိုက်ရချေ။

ထိုအချိန်၌ ဂေရီနှင့် စီဇာတို့က တံခါးဝသို့ ရောက်လာပြီဖြစ်ရာ ဆာပီကိုက–

"ဟေ့လူတွေ၊ ဘာကြောင့်ကြည့်နေတာလဲ၊ ကျုပ်ကို ဝင်ကူညီပါတော့ လား"

ဟု ပြောရင်း သူ၏ ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီး အထပ်ခိုးသို့တက်သည့် ပေါက်ဝဆီသို့ လျှင်မြန်စွာ ပြေးလိုက်သွားသည်။

နောက်ပိုင်း ဖြစ်ပျက်သွားပုံကား ပိတ်ကားပေါ်၌ အလျင်မြန်စွာ လှုပ်ရှားပြသွားသော ရုပ်ရှင်ကားတစ်ကား ကြည့်ရဘိသကဲ့သို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုသည် အထပ်ခိုးပေါ်သို့ တက်လိုက်သည်နှင့် သေနတ်ပြောင်း တစ်ခုက သူ၏မျက်နှာနှင့် ၁၈ လက်မခန့်သာကွာသည့် နေရာမှ ချိန်ထား သည်ကို တွေ့ရလေသည်။

အံ့အားသင့်နေမိသည့် စက္ကန့်၏ အစိတ်အပိုင်းအတွင်းမှာပင် သေနတ် ပြောင်းဝမှ ကျည်ဆန် ဒိုင်းကနဲထွက်လာကာ ဆာပီကို၏ မျက်လုံးတစ်ဖက် အပါအဝင် မျက်နှာတစ်ခြမ်းသို့ တည့်တည့်ကြီး ထိမှန်သွားလေတော့သည်။

သူ၏ မျက်လုံးထဲ၌ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင် စသော အရောင်အသွေး အမျိုးမျိုး မြင်လိုက်ရသလို ထင်ရချိန်တွင် ပြင်းစွာနာကျင်ခြင်း ပူလောင်ခြင်း ဝေဒနာများကိုလည်း တပြိုင်တည်း ခံစားလိုက်ရသည်။

ဆာပီကိုသည် ငယ်စဉ်က လက်ဝှေ့ထိုးသတ်ခဲ့ဖူးရာ ယခု သူ၏ နှာခေါင်းအား ဧရာမဗလကြီးနှင့် လက်ဝှေ့ကျော်တစ်ဦးက တအားပစ်ထိုးခံ ရ၍ နှာခေါင်းကြေမွသွားသကဲ့သို့လည်း ခံစားလိုက်ရသည်။

ဆာပီကိုသည် မရှုမလှ ဒဏ်ရာရသည့်ကြားမှပင် လက်ထဲရှိ သေနတ်ကို တစ်ချက်လှမ်းပစ်နိုင်သေးသည်။ သို့သော် မည်သည့်ပစ်မှတ်ကိုမှ မထိမှန်ဘဲ သူသာလျှင် မဟန်နိုင်တော့ဘဲ အခန်းတွင်းသို့ နောက်ပြန်လန် လဲကျသွားလေ သည်။

ထိုအချိန်၌ စီဓာဆိုသူက အနီးသို့ ရောက်လာပြီဖြစ်ရာ ဆာပီကိုက–

"ဟေ့လူ၊ ကျုပ်မျက်နှာ သွေးတိတ်အောင် လုပ်ပါဦး၊ လည်ပင်းအ မာဖလာလည်စည်းနဲ့ လုပ်စမ်းပါ"

ဟု ပြောလိုက်သည်။

စီဓာလည်း လည်စီးဖြင့် ဆာပီကို၏ မျက်နှာမှ တလဟောထွက်နေသော သွေးများကို သုတ်သင်ရင်း သွေးတိတ်အောင် ကြိုးစားလုပ်ပေးလေသည်။

ထိုအချိန်အထိ ဆာပီကိုသည် သတိရလျက် ရှိနေသေးရာ အဖွဲ့ခေါင်း ဆောင် ဂေရီက–

"ဟေ့ ငါတို့ ရဲအရာရှိတွေကွ၊ မင်းတို့ရဲ့ လက်နက်တွေအားလုံး ပစ် ချလိုက်စမ်း၊ ပြီးတော့ လက်မြှောက်ပြီး ထွက်ခဲ့ကြ"

ဟု ဟစ်အော်အမိန့်ပေးသံကို ကြားလိုက်ရသည်။

နောက်ပိုင်းတွင်ကား ဆာပီကို သတိမေ့မြောသွားလုဆဲဖြစ်လေရာ သူ့ကိုယ်သူ အထူးကြိုးစားပြီး စိတ်တင်းထားရလေသည်။



"ငါ မသေနိုင်ဘူး၊ ငါ သတိမမေ့အောင် စိတ်တင်းထားမှဖြစ်မယ်"

ဟုလည်း သူ့ကိုယ်သူ အားပေးကာ စိတ်ကို ကြိုးစားထိန်း၍ ထား လေသည်။

မျက်နှာမှ သေနတ်ဒဏ်ရာက အလွန်ပြင်းထန်သည့်အလျောက် နာကျင် ခြင်းဝေဒနာက မခံမရပ်နိုင်လောက်အောင် ဖြစ်နေပေပြီ။

ကြမ်းပြင်ပေါ်၌ မလှုပ်မယှက် ပက်လက်လဲနေချိန်မှာပင် အသက်ခပ် ကြီးကြီး လူကြီးတစ်ယောက်က ဆာပီကို၏အနီးသို့ လာ၍ စပိန်ဘာသာသံသဲ အင်္ဂလိပ်စကားဖြင့်–

"မစိုးရိမ်ပါနဲ့ကွယ်၊ ရဲတွေလာတော့မှာပါ၊ ငါကိုယ်တိုင် ရဲကို ဖုန်းဆက် အကြောင်းကြားလိုက်ပြီ"

ဟု ပြောလေသည်။

မရှေးမနှောင်းမှာပင် ရဲဝိုင်ယာလက်ကားမှ ဆူးရှူးသံ ဥသြဆွဲသံကို ကြားရလေသည်။

များမကြာမီ ဝိုင်ယာလက်ကားမှ ယူနီဖောင်းဝတ် ရဲများသည် တိုက်ခန်း ပေါ်သို့ ရောက်လာကြလေသည်။

စီဓာသည် ထိုရဲများအား–

"ကျုပ်တို့က မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့ကပါ၊ ဟောဒီက သေနတ်ဒဏ်ရာနဲ့ လဲနေသူဟာ ကျုပ်တို့ အဖွဲ့သားပါပဲ"

ဟု ရှင်းပြရာ ယူနီဖောင်းဝတ် ရဲတစ်ဦးက ဆာပီကို၏ ပုံပန်းသဏ္ဌာန် နှင့်ဝတ်စားဆင်ယင်ထားပုံကို ကြည့်ပြီး–

"ဟင်... ဒီလူက ရဲတပ်ဖွဲ့ဝင်တစ်ဦးလားဗျ"

ဟု တအံ့တသြ မေးသံကိုလည်း ဆာပီကိုသည် သတိမေ့လုဆဲဆဲ ဖြစ်နေလျက်နှင့် ကြားလိုက်မိသည်။

တကယ်တော့လည်း သူ၏ လက်ရှိသွင်ပြင် လက္ခဏာက ညီသို့မှ ရဲတစ်ဦးနှင့် မတူချေ။

ထိုနောက် ယူနီဖောင်းဝတ် ရဲနှစ်ဦးက ဆာပီကိုအား ထမ်းချီ၍ အောက် ထပ်သို့ ချသွားပြီး သူတို့၏ ရဲဝိုင်ယာလက်ကားပေါ်တင်ကာ 'ဂရင်းပွိုင့်' ဆေးရုံသို့ စက်ကုန်ဖွင့် မောင်းသွားကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုက မျက်နှာတွင် သေနတ်ဒဏ်ရာ ပြင်းထန်စွာ ရရှိပြီး တိုက်ခန်းထဲတွင် လဲနေခိုက်မှာပင် မန်ဘိုခေါ် (အမည်ရင်း) အေချီပါရီယာဆိုသူ အသက် ၂၄ နှစ်ရွယ် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းသမားသည် ထွက်ပြေးသွားခဲ့သည်။

တိုက်ခန်းနံပါတ် ၃ (ဂျီ)၏ အိမ်ရှင်ကား ဂူတင်ဆိုသူဖြစ်သည်။ ထိုညက သူနှင့်တကွ သူ၏ ညီတစ်ယောက်နှင့် ညီမငယ် (မန်ဘို၏ရည်းစား) တို့သည်လည်း ရှိနေကြသည်။

နောက်ပိုင်း ရဲများက ခေါ်ယူစစ်ဆေးရာတွင် အိမ်ရှင် ဂူတင်၏နှမဖြစ်သူက အခင်းဖြစ်ပွားချိန်တွင် သူမသည် အခန်းထဲတွင် ရုပ်မြင်သံကြား (တယ်လီဗွီးရှင်း) ကြည့်နေကြောင်း၊ ထိုအခိုက် အေချီပါရီယာက ရုတ်တရက် ပြေးဝင်လာကာ–

"ရဲတွေ… ရဲတွေ လာကုန်ပြီ"

ဟုသာ အော်ဟစ်ပြောရင်း သူမ၏ အစ်ကိုနှင့်အတူ ပြတင်းပေါက်မှ ကျော်ထွက်ကာ ဆင်းပြေးသွားကြောင်း ထွက်ဆိုလေသည်။

တဖန် သူမ၏အိမ်ကို (အိမ်ရှင် ဂူတင်၏ညီ) ကို စစ်ဆေးသောအခါ မန်ဘိုသည် 'ဝီလျံဘတ်'ရပ်ကွက်ရှိ မိန်းကလေးမိတ်ဆွေတစ်ဦး၏ အခန်း၌ ခိုအောင်းနေဖွယ်ရာရှိကြောင်း သိရပြန်သည်။

ရဲများကလည်း ချက်ချင်းပင် အဆိုပါ 'ဝီလျံဘတ်'ရပ်ကွက်ရှိ တိုက်ခန်းပတ်ဝန်းကျင်မှ သွားစောင့်နေကြလေသည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် မန်ဘိုသည် ထိုအိမ်မှ တိတ်တဆိတ် ထွက်လာလေသည်။

ထိုအချိန်၌ အိမ်အနီးမှ အသင့်ရှိနေသူ ရဲတပ်သား ကက်ဇ်ဆိုသူက လှမ်းမြင်ပြီး သေနတ်ဖြင့် ပစ်လိုက်ရာ မန်ဘို၏ ဝမ်းဗိုက်ကို ထိမှန်သွားလေသည်။

ကက်ဇ်၏ ပြောပြချက်အရ မသင်္ကာဖွယ် လူတစ်ယောက် သေနတ်တစ်လက်ကိုင်၍ ထွက်လာသည်ကိုမြင်၍ လှမ်းအော်ရပ်တန့်ခိုင်းကြောင်း၊ သို့သော် ထိုလူက သေနတ်ဖြင့် ပစ်ခတ်ရန် ချိန်ရွယ်သဖြင့် မိမိက ဦးအောင်ပစ်လိုက်ရသည်ဆို၏။

မန်ဘို၏ကိုယ်တွင် ရဲက ရှာဖွေကြည့်သောအခါ ဆာပီကို၏ မျက်နှာကို ပစ်ခတ်ရာတွင် အသုံးပြုခဲ့သော ပွိုင့် ၂၂ ပစ္စတိုသေနတ်နှင့် ဆာပီကို လဲကျသွားစဉ် လွတ်ကျခဲ့သည့် ပွိုင့် ၃၈ ပြောင်းတိုသေနတ်ကိုပါ တွေ့ရလေသည်။

ဆာပီကိုအား အနီးကပ်၍ မျက်နှာတည့်တည့်သို့ သေနတ်ဖြင့် ပစ်ခဲ့သူမှာ မန်ဘိုပင်ဖြစ်ကြောင်း ထင်ရှားလေပြီဖြစ်သည်။



* * *

ရဲတပ်ဖွဲ့ဌာနချုပ် အကြီးအကဲများအနေဖြင့် ဆာပီကိုအား (လာဘ်စားမှုတွေ ဖော်ထုတ်ခဲ့ခြင်းကြောင့်) အခြားရဲတစ်ဦးဦးက တမင်သက်သက် ပစ်ခတ်ခဲ့လေသလောဟု စိုးရိမ်သံသယဖြစ်ခဲ့ခြင်းသည် ယခုတော့ မဟုတ်မှန်ကြောင်း ရှင်းသွားပြီဖြစ်ရာ လူကြီးပိုင်းအဖို့ အတော်ပင် စိတ်သက်သာရာ ရသွားကြလေသည်။

သို့ဖြစ်လင့်ကစား ဆာပီကို သေနတ်ပစ်ခံရခြင်းကို ပေါ့ပေါ့ဆဆ သဘောထား၍ မဖြစ်သောကြောင့် မည်သို့မည်ပုံ သေနတ်ပစ်ခံရပုံ အသေးစိတ်အခြေအနေနှင့်တကွ ဆာပီကို ယခုလို သေနတ်ပစ်ခံရအောင် တမင်တကာ လုပ်ကြံ 'အကွက်ဆင်'ခြင်း ဟုတ်မဟုတ် တိကျစွာ သိရှိနိုင်ရန်အတွက် စုံစမ်းရေး ကော်မရှင်တစ်ရပ်ကို အာဏာပိုင်တို့က အလျင်အမြန် ဖွဲ့စည်းလိုက်လေသည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်လင်းအားကြီးအချိန်တွင်ပင် စုံစမ်းရေးကော်မရှင်က အဖွဲ့ခေါင်းဆောင် ဂေရီနှင့် အဖွဲ့ဝင် စီဇာတို့ နှစ်ဦးစလုံးအား စုံစမ်းရေးကော်မရှင်က ခေါ်ယူစစ်ဆေးလေသည်။

စီဇာအား နံနက် ၃ နာရီ မိနစ် ၄၀ တွင်ခေါ်ပြီး ဂေရီကိုမူ နံနက် ၄ နာရီသာသာတွင် ခေါ်ယူစစ်ဆေးခဲ့သည်။

ကော်မရှင်က ခေါ်ယူစစ်ဆေးချိန်တွင် သူတို့ဘက်မှ လိုက်ပါခွင့်ရှေ့နေခေါ်လိုလျှင် ခေါ်ခွဲနိုင်ကြောင်း ပြောသောအခါ နှစ်ဦးစလုံးက ရှေ့နေမခေါ်ပါဟု ဆိုကြလေသည်။

စီဇာက ကော်မရှင်ရှေ့မှောက်၌ ထွက်ဆိုရာတွင် ဆာပီကိုအခန်းတံခါးခေါက်နေစဉ် မိမိက လှေကားထိပ်တွင် နေရာယူထားပြီး အဖွဲ့ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဂေရီက လက်ဝဲဘက်ကပ်လျက် အခန်းနံရံတွင် အသာရပ်စောင့်နေခဲ့ကြောင်း၊ ဆာပီကိုက အခန်းတံခါးကို ကိုယ်လုံးနှင့်ကိုက်၍ တွန်းဖွင့်ခဲ့သည်မှာလည်း မှန်ကန်ကြောင်း ထွက်ဆိုလေသည်။

ထို့ပြင် ဆာပီကိုက မိမိတို့နှစ်ယောက်အား လှမ်းအကူအညီတောင်းသဖြင့် နှစ်ယောက်သား အခန်းတွင်းသို့ ဝင်လိုက်ချိန်မှာပင် သေနတ်သံတစ်ချက် ကြားလိုက်ရပြီး ဆာပီကို ထိမှန်သွားကြောင်း၊ နောက်ထပ် သေနတ်သံတစ်ချက်လည်း ကြားလိုက်ရကြောင်း၊ မိမိက ဆာပီကိုအား ပွေ့ထူကူညီနေခိုက် အခန်းတံခါးအတွင်းမှ သေနတ်ပြောင်းဝတစ်ခု ထွက်နေသည်ကို မြင်ရကြောင်း၊ ဤတွင် ခေါင်းဆောင်ဂေရီက 'မင်းတို့ သေနတ်တွေ ပစ်ချပြီး လက်ခမြှောက်ထွက်ခဲ့ကြ'ဟု ဟစ်အော်အမိန့်ပေးခဲ့ကြောင်း စသည်ဖြင့် စီဇာက ထွက်ဆိုသွားသည်။

ကော်မရှင်က ဆာပီကိုသည် သူ၏သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ပါသလောဟု မေးသောအခါ စီဇာက–

"ကျွန်တော်တော့ ဆာပီကို ပြန်ပစ်တယ်လို့ မထင်မိဘူး"

ဟု ပြန်ဖြေလေသည်။

ထိုမျှနှင့်ပင် စစ်ဆေးချက် ပြီးဆုံးသွားပြီး အဖွဲ့ခေါင်းဆောင် ဂေရီအား ကော်မရှင်က ခေါ်ယူစစ်ဆေးလေသည်။

ဂေရီ၏ ထွက်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"အခန်းတံခါးက နည်းနည်းဟရုံ ပွင့်နေပေမဲ့ အတွင်းက သံကြိုးနဲ့ ချိတ်ဆွဲထားတဲ့အတွက် ဖွင့်လို့မရဘဲ ဖြစ်နေပါတယ်၊ နောက်တော့ ဆာပီကိုက တံခါးကို အတင်းကိုယ်နဲ့တိုက်ဖွင့်ပြီး ဝင်သွားတော့ ကျွန်တော်လည်း သူ့နောက်က ပြေးလိုက်ဝင်သွားတာပါပဲ၊ ချက်ချင်းလိုပဲ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး ဆာပီကို ထိမှန်သွားပါတယ်၊ မရှေးမနှောင်းမှာဘဲ အခန်းတစ်ခန်းထဲမှ သေနတ်တစ်လက်ကို လူတစ်ယောက် ကိုင်ထားတာ ရိပ်ကနဲမြင်ရတာနဲ့ ကျွန်တော်က နှစ်ချက်လှမ်းပစ်လိုက်ပါတယ်၊ ဆာပီကို သေနတ်မှန်သွားတာသိလို့ ကျွန်တော်ကလည်း စီဇာကို သူနာပြုကားတစ်စီး အမြန်ခေါ်ယူဖို့ အမိန့်ပေးလိုက်ပါတယ်"

ဂေရီ၏ ထွက်ချက်တွင် အခင်းမဖြစ်ပွားမီက အခြေအနေ အသေးစိတ်ကို ထည့်ပြောမသွားချေ။ သူသည် အခြားအခန်းတစ်ခန်းသို့သွား၍ ဘယ်သူ



ဘယ်ဝါဖြစ်ကြောင်းပြောပြီး သူနာပြုကားတစ်စီး အမြန်လွှတ်ပေးရန် တယ်လီဖုန်းဆက်ခဲ့ကြောင်းကိုသာ ပြောသွားလေသည်။

ဆာပီကို လဲနေစဉ် လာရောက်အားပေးရင်း မစိုးရိမ်ရန်နှင့် ရဲတွေကို အကြောင်းကြားလိုက်ပါပြီဟု ပြောသူ လူကြီးအကြောင်းကိုလည်း ဂေရီ၏ ထွက်ချက်တွင် လုံးဝမပါရှိချေ။

သို့ရာတွင် နောက်ပိုင်း အာဏာပိုင်များက ရဲဝိုင်ယာလက်ကား အကူအညီတောင်းခဲ့သည့် တယ်လီဖုန်းဆက်ပုံကို ပြန်လည်စုံစမ်းကြည့်ရာ သာမန်အရပ်သားတစ်ဦးက 'သေနတ်တွေပစ်နေတယ်၊ အမြန်ဆုံးလာခဲ့ပါ'ဟု ဖုန်းဆက်ခြင်းသာဖြစ်ကြောင်း သိရလေသည်။

(တနည်းအားဖြင့် ဂေရီ၏ ထွက်ချက်သည် တကယ့်ဖြစ်ရပ်အမှန်အတိုင်း မဟုတ်ဘဲ ကွဲလွဲနေခြင်းဖြစ်သည်။)

နောက်တစ်ချက်ကလည်း အခင်းဖြစ်ပွားသည့် တိုက်ခန်းတံခါးအတွင်းမှ သံကြိုးဖြင့် ချိတ်ဆွဲပိတ်ထားသည်ကို အတင်းတွန်းဖွင့်ခဲ့သူမှာ ဆာပီကိုမဟုတ်၊ မိမိတို့နှစ်ယောက် (ဂေရီနှင့်စီဇာ)သာ ဖြစ်ပါသည်ဟု နှစ်ဦးစလုံးက ထွက်ဆိုကြခြင်းဖြစ်သည်။

* * *

နောက်တစ်နေ့နံနက် ရဲတပ်ဖွဲ့ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းထောက်များအား ထုတ်ဖော်သတင်းပေးရာတွင်

"ဆာပီကိုသည် မူးယစ်ဆေးဝါး ဝယ်ချင်သူဟန်ဆောင်၍ တိုက်ခန်းအမှတ် ၃ (ဂျီ)သို့ တံခါးခေါက်ခဲ့ကြောင်း၊ တံခါးကို အနည်းငယ်သာ ဟ၍ ဖွင့်ပြီး အတွင်းမှ သံချိန်းကြိုးဖြင့် ဆွဲချိတ်ပိတ်ထားသဖြင့် ဆာပီကိုက အခန်းတွင်းသို့ အတင်းဝင်ရန် ကြိုးစားခဲ့ကြောင်း၊ ထိုအချိန်၌ အခန်းတွင်းမှ တစ်စုံတစ်ယောက်က သေနတ်နှစ်ချက် ဆင့်ပစ်လိုက်ရာ တစ်ချက်က ဆာပီကိုအား ထိမှန်သွားခဲ့ကြောင်း၊ ဆာပီကိုလည်း ဟနေသော တံခါးကြားမှ အခန်းတွင်းသို့ လဲကျသွားခဲ့ကြောင်း"

စသည်ဖြင့်သာ သတင်းထုတ်ပေးခဲ့လေသည်။

လူတစ်ယောက် မဝင်သာအောင် တံခါးဟရုံဟနေသည့်ကြားမှ ဆာပီကို

www.burmeseclassic.com

www.burmeseclassic.com



၏ ခန္ဓာကိုယ်ကြီး မည်သို့မည်ပုံ အခန်းတွင်းသို့ ရောက်ရှိသွားအောင် လဲကျ သွားကြောင်းကိုမူ ရှင်းလင်းဖော်ပြခြင်း မရှိချေ။

အမှန်အားဖြင့် တံခါးကို အတွင်းဘက်က သံကြိုးချိတ်ဆွဲထားပုံမှာ ပြင်ပမှ တစ်စုံတရာလာလျှင် မည်သူမည်ဝါဖြစ်ကြောင်း ကြည့်နိုင်ရန်နှင့် သတင်းစာ စသည်တို့ လှမ်းပေးရုံနိုင်အောင်သာ ပြုလုပ်ထားသဖြင့် လူတစ် ယောက် မည်သို့မှ ဝင်နိုင်သည့် အခြေအနေမရှိကြောင်း လူတိုင်းက သိပြီးဖြစ် ပေသည်။

မတ်လ ၁၉ ရက်နေ့တွင် စုံစမ်းရေးကော်မရှင်က စီဇာအား ထပ်မံ ခေါ်ယူ၍ စစ်ဆေးမေးမြန်းပြန်လေသည်။

ထိုအခါ စီဇာက အခင်းဖြစ်ပွားခဲ့သောညက အဖြစ်အပျက်နှင့် ပတ်သက် ၍–

"တရားခံ ထွက်ပြေးသွားတာ လှမ်းမြင်လိုက်တာနဲ့ ကျွန်တော်လည်း သေနတ်တစ်ချက် ပစ်လိုက်ပါတယ်၊ ပြီးတော့မှ အောက်ထပ်ဆင်းပြီး ရဲစခန်း ကို သူနာပြုကား လွှတ်ပေးဖို့ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ပါတယ်"

ဟု ထွက်ဆိုလေသည်။

တဖန် အဖွဲ့ခေါင်းဆောင် ဂေရီအား ပြန်ခေါ်စစ်ဆေးသည့်အခါ သူသည် ရဲဝိုင်ယာလက်ကားများ ရောက်လာပြီးမှသာ တိုက်အခန်းအမှတ် ၃ (ဂျီ) အတွင်းရှိ လူများအား လက်မြှောက်၍ ထွက်ခဲ့ရန် အမိန့်ပေးခဲ့ကြောင်း ထွက်ဆိုလေသည်။

ဂေရီကပင် ဆက်လက်၍ ထွက်ဆိုရာတွင်

"အခန်းထဲကနေပြီး ပစ်လိုက်တဲ့ သေနတ်ကျည်ဆန်ဟာ ကျွန်တော့်ရဲ့ ခေါင်းပေါ်က သီသီကလေး ကျော်ထွက်သွားပါတယ်၊ အဲဒီအချိန်တုန်းက မှန်တာပြောရရင် ကျွန်တော်တို့ဟာ အံ့အားသင့် တုန်လှုပ်ပြီး ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေခဲ့ပါတယ်၊ ဆာပီကိုကတော့ အလွန်သတ္တိ ရှိစွာ တာဝန်ဝတ္တရားကို ထမ်းဆောင်ခဲ့တာ အမှန်ပါပဲ၊ သူလို လူကောင်းမျိုးက ရဲတပ်ဖွဲ့ထဲမှာ တော်တော်ရှားပါတယ်"

ဟု ပြောလေသည်။

ထိုနောက် ဂေရီနှင့် စီဇာတို့အား ဆာပီကို၏အသက်ကို ကယ်ဆယ် ခဲ့သူများအဖြစ် အသိအမှတ်ပြုရန်အတွက် ဂုဏ်ထူးဘွဲ့ထူးများ ချီးမြှင့်ရေး



ဘုတ်အဖွဲ့က ခေါ်ယူစစ်ဆေးပြန်လေသည်။

အဆိုပါ ဘုတ်အဖွဲ့၏ သုံးသပ်ချက်မှာ ဂေရီနှင့် စီဇာတို့က ထွက်ချက် များသည် ကွဲလွဲချက်များ ရှိနေလင့်ကစား အခင်းဖြစ်ပွားချိန် ရှုပ်ထွေးနေ သော အခြေအနေကြောင့် ဖြစ်တန်ရာသည်ဟုဆိုကာ ထိုလူနှစ်ဦးအား ထူးချွန် စွာ တာဝန်ထမ်းဆောင်မှုဆုများ ချီးမြှင့်ရန် ဆုံးဖြတ်လိုက်လေသည်။

ဆာပီကိုအား သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသူ မူးယစ်ဆေးဝါး ရောင်းသမား မန်ဘိုအား ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့သူ ရဲတပ်ဖွဲ့ဝင် ကက်ဇ်သည် လည်း အလားတူ ဆုချီးမြှင့်ခြင်း ခံရလေသည်။

နောက်ပိုင်း ကက်ဇ်သည် ဆာပီကို ဆေးရုံမှပြန်ဆင်းပြီးနောက် လူချင်းဆုံကြသောအခါ ဆာပီကိုက–

"ကျုပ်နေရာမှာ တခြားရဲတစ်ဦးသာဆိုလျှင် ခင်ဗျားကို ဆုတံဆိပ် ပေးရုံမက ရာထူးပါ တိုးပေးမှာ သေချာတယ်"

ဟု ကက်ဇ်အား ပြောလိုက်လေသည်။

* * *

❧ ဆာပီကို သေနတ်ပစ်ခံရခြင်းသည် သာမန် သွေးရိုးသားရိုးမဟုတ်၊ တမင်တကာ ထောင်ချောက် (အကွက်ဆင်) ဖန်တီး၍ လုပ်ကြံပစ်သတ်ခြင်း ဖြစ်သည်ဟူသော ကောလဟာလ သတင်းများ လူအတော်များများ လာပြော နေကြခြင်းကိုကား မည်သို့မှ ပပျောက်အောင် ဖြေရှင်း၍မရခဲ့ချေ။

ကာယကံရှင်ဖြစ်သူ ဆာပီကိုအနေဖြင့်မူကား ဖေဖော်ဝါရီလ ၃ ရက်နေ့ သူခံခဲ့ရသည့် ဖြစ်ရပ်ကိုသာ နာကျည်းစွာ သတိရနေမိသည်နှင့်အမျှ မိမိအား ကူညီနိုင်ပါလျက် မကူညီဘဲ ခပ်ရှောင်ရှောင်လုပ်နေခဲ့သူ အဖော်နှစ်ဦး (ဂေရီနှင့် စီဇာ)တို့ကိုလည်း မည်သို့မှ ခွင့်မလွှတ်နိုင်အောင် စိတ်နာမိလေသည်။

ဘရွတ်ကလင်ဆေးရုံသို့ ဆာပီကို ရောက်သွားပြီး ရက်သတ္တတစ်ပတ်မျှ အကြာတွင် စီဇာက ဆေးရုံသို့ လာကြည့်လေသည်။

ထိုအချိန်၌ ဆာပီကို၏ လက်ဝဲဘက် မျက်နှာတစ်ခြမ်းမှာ လေဖြတ် ထားသလို လုံးဝလှုပ်ရှား၍မရပေ။ လက်ဝဲဘက် မျက်လုံးကလည်း မှုန်မှိုင်း ပုံးရောင်ပြီး ဝိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် သေနတ်ကျည်ဆန် အစိတ်အပိုင်းများက မေးရိုးကို ထိမှန်ထား ခြင်းကြောင့် စကားကိုပင် ပီသအောင် မပြောနိုင်သေးသည့် အခြေအနေ ဖြစ်နေသည်။

စီဇာကိုမြင်လျှင် ဆာပီကိုက ကြိုးစား၍ စကားပြောလေသည်။

"ဟေ့လူ၊ ခင်ဗျားဟာ သေနတ်ကောင်းကောင်း ပစ်တတ်အောင် ရဲ အတတ်သင်ကျောင်း ပြန်သွားပြီး လေ့ကျင့်သင်တန်းတက်ဖို့ ကောင်းတယ်"

ဆာပီကိုက လှောင်ပြောင်သရော်သလို ပြောသဖြင့် စီဇာသည် အောင့် သက်သက် ဖြစ်သွားလေသည်။

"ခင်ဗျားက အဲဒီအချိန်က သတိမေ့နေလို့ အခြေအနေမှန်ကို ကောင်း ကောင်းသိတာမှ မဟုတ်ဘဲ"

"သတိမမေ့ပါဘူး၊ ဟိုညက ဖြစ်ခဲ့တာတွေအားလုံး ကျုပ် ကောင်းကောင်း မှတ်မိတယ်၊ ဒါထက် ဟောဒီစာအိတ်တစ်အိတ် ခင်ဗျားရဲ့အခန်းဝမှာ ချထားတာ တွေ့ရတယ်"

ပြောပြောဆိုဆို စီဇာက စာအိတ်တစ်အိတ်ကို ထုတ်ပြလေသည်။

သို့သော် ဆာပီကိုက စိတ်ဝင်စားပုံ မရချေ။

"ဒါဖြင့် အဲဒီစာအိတ်ကို ထားခဲ့ပြီး ခင်ဗျား ပြန်ထွက်သွားပေတော့"

"ဒီမယ် ဆာပီကို၊ ဟိုညတုန်းက ကျုပ်က ခင်ဗျားကို ဂရုစိုက်ပွေ့ချီပြီး ကူညီခဲ့ပါတယ်ဗျ"

"သွားစမ်းပါဗျာ၊ ခင်ဗျားတို့က တကယ်သာ ကူညီခဲ့ရင် ကျုပ်မျက်နှာ တစ်ခုလုံး အခုလို ရုပ်ပျက်ဆင်းပျက် ဖြစ်နိုင်ပါ့မလား၊ ကိုင်း... ကျုပ်ပြော သလို မြန်မြန်သာ ပြန်သွားစမ်းပါဗျာ"

ဆာပီကိုက ခပ်ပြတ်ပြတ် ပြောလိုက်သည်တွင် စီဇာလည်း စာအိတ်ကို ချထားခဲ့ပြီးနောက် အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

* * *

ဆာပီကိုသည် မျက်နှာတည့်တည့်သို့ သေနတ်ပစ်ခံရပြီးနောက် ဆေးရုံ တက်နေခဲ့ရသည့် အချိန်ကာလမှာ ရက်သတ္တခြောက်ပတ်တိတိ ဖြစ်လေသည်။ သူ၏ ဦးနှောက်ထဲတွင် ရောက်ရှိနေသော သေနတ်ကျည်ဆန် အစိတ်အပိုင်း



များ ခွဲစိတ်ထုတ်ယူရန်ကိုမူ ဆရာဝန်ကြီးများက အန္တရာယ်များလွန်းသည် ဆိုကာ လက်လျှော့လိုက်ကြလေသည်။ သို့သော် ဦးနှောက်ပြင်ဘက်က အမြှေး ပါး ထိခိုက်ချတ်ယွင်းနေသည်ကို ပြန်ကောင်းအောင် ခွဲစိတ်ကုသရန်ကိုတော့ ခွဲစိတ်ပါရဂူများက ကြိုးစားရန် ဆုံးဖြတ်လေသည်။

ယင်း အစီအစဉ်ကို ဖေဖော်ဝါရီလကုန် (သေနတ်မှန်ပြီး ရက်သတ္တသုံး ပတ်ခွဲအကြာ)တွင် အောင်မြင်စွာ ပြီးစီးခဲ့လေသည်။

ထိုနောက် ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်ကြီးများက ဆာပီကို၏ လည်ပင်းနားမှ သွေးလွှတ်ကြောနားတွင် ရှိနေသေးသည့် ကျည်ဆန် အပိုင်းအစများကို ခွဲစိတ်ထုတ်ယူရန် ကြိုးစားခဲ့ကြပြန်သည်။

ခွဲစိတ်ပါရဂူများဖြစ်သော ဒေါက်တာ ဘားမင်းနှင့် ဒေါက်တာ အူးဂါး တို့ကမူ အထက်ပါ အစီအစဉ်ကို ကန့်ကွက်ကြလေသည်။

သူတို့၏ အကြောင်းပြချက်များက ခွဲစိတ်ကုသလိုက်လျှင် ဆာပီကို၏ မျက်နှာမှ အာရုံကြောများ ထိခိုက်ချတ်ယွင်းသွားနိုင်သည်။ ခွဲစိတ်ရင်း အလွန် နုနယ်သော သွေးလွှတ်ကြောများ ပြတ်တောက်ပျက်စီးသွားနိုင်သည် ဟူ၍ ဖြစ်သည်။

ထို့ပြင် ခွဲစိတ်ပြီးခါမှ အလွန်သေးငယ်လှသော ကျည်ဆန်အပိုင်းအစ များကို ရှာ၍တွေ့ချင်မှ တွေ့မည်ဟုလည်း ဆိုလေသည်။

သို့နှင့်ပင် ရက်သတ္တခြောက်ပတ် ကြာသွားလေသည်။

သာမန်အားဖြင့် နောက်တစ်ပတ်ဆိုလျှင် ဆေးရုံမှ ပြန်ဆင်းရတော့မည် ဖြစ်သည်။

သို့ရာတွင် ဆာပီကိုတွင် ရုတ်တရက် အဖျားသွေးဝင်လာပြီး တစ်ခ်ိန် တည်းမှာပင် သူ၏ လက်ဝဲဘက် ခြေထောက်တွင် ပြင်းစွာနာကျင်ခြင်းဝေဒနာ ဖြစ်လာပြန်လေသည်။

ဆရာဝန်ကြီးများ သေချာစွာ စစ်ဆေးကြည့်သောအခါ အိပ်ရာထဲ ပက်လက်အချိန်ကြာမြင့်စွာ နေရခြင်းကြောင့် သွေးပြန်ကြောများ ရောင်သော ရာမှချတ်ယွင်းလာခြင်းဖြစ်ကြောင်း တွေ့ရှိရလေသည်။ ယင်းအခြေအနေမျိုး လာပါက အဆုတ်များအတွင်း သွေးခဲကလေးများ ရောက်သွားနိုင်သည့်အန္တရာယ် လည်းရှိသည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နောက်ထပ် ငါးရက်မျှကြာသောအခါ အဖျားကျသွားပြီး ခြေထောက်တစ်ဖက် နာကျင်သည်လည်း သိသိသာသာ သက်သာရာရသွားခဲ့လေသည်။

ဆာပီကိုသည် ဆေးရုံးတွင် နောက်ထပ် ရက်သတ္တတစ်ပတ် ဆက်နေလိုက်ရပြန်သည်။

ထိုအချိန်၌ (ဆေးရုံမှတ်တမ်း ဖိုင်များအရ) ဆာပီကိုသည် အတော်ပင် စိတ်ကြည်လင် လန်းဆန်းလာသည်ဟု ဖော်ပြထားသည်။

သူ့အား ပုဂ္ဂိုလ်အရေး ခင်မင်ရင်းနှီးနေပြီဖြစ်သူ ဒေါက်တာအူးဂါးသည် တစ်နေ့ ဆာပီကို၏ အခန်းထဲဝင်လာပြီး စောစောက သူမပြောဘဲ ထိန်ချန်ထားခဲ့သော အချက်တစ်ခုကို ဖွင့်ပြောလေသည်။

သေနတ်ကျည်ဆန် ထိမှန်စဉ်က နားရွက်တစ်ဖက်မှ အရိုးကို တိုက်ရိုက်ထိမှန်ခဲ့ခြင်းကြောင့် ဆာပီကိုသည် လက်ဝဲဘက် နားတစ်ဖက် ရာသန်ပန် မကြားနိုင်တော့ဟူသော အချက်ပင်ဖြစ်လေသည်။

ထိုအကြောင်းကို သိရသည့်တွင် ဆာပီကိုသည် ရုတ်တရက် တုန်လှုပ်ချောက်ချားသလို ဖြစ်သွားမိသော်လည်း နောက်ပိုင်းကျတော့ သေချာစွာ ပြန်လည်စဉ်းစား သုံးသပ်ကြည့်သောအခါ စိတ်သက်သာရာ ရလာလေသည်။

မျက်နှာတည့်တည့်သို့ကပ်၍ သေနတ်ပစ်ခတ်ခြင်း ခံရပါလျက် အသက်မသေခြင်းသည်ပင်လျှင် ကံကောင်းသည်ဟု ဆိုရမည်မဟုတ်ပါလော။

* * *

မတ်လ ၁၅ ရက်နေ့တွင် ဆာပီကိုသည် ရဲတပ်ဖွဲ့ အမှတ်အသားလုံးဝမပါသော ရဲကားတစ်စီးဖြင့် ဆေးရုံမှ ဆင်းခဲ့ရလေသည်။

ရှေးဦးစွာ 'ဘရွတ်ကလင်း'နယ်မြေ ရဲတပ်ဖွဲ့ဌာနချုပ်သို့ သွားရပြီး သူ၏ ကိုယ်ပိုင်ပစ္စည်းများကို ပြန်ယူရသည်။ ယင်းသို့ကား သူ၏ အဝတ်အစားများအပြင် ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်နှင့် 'ဘရောင်းနင်း' အော်တိုမက်တစ်ပစ္စတိုသေနတ်တို့ပင် ဖြစ်သည်။

သူ၏ ကိုယ်ပိုင်ပြောင်းတို ခြောက်လုံးပြူးကိုမူ တရားခံမှန်ဘို၏ အမှုတွင် သက်သေခံပစ္စည်းအဖြစ် တင်ပြရန် သက်ဆိုင်ရာက ခေတ္တသိမ်းယူထား



လိုက်သည်။

မိမိ၏အိမ်ခန်းသို့ ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် ဆာပီကို၏ ခြေထောက်တစ်ဖက် နာကျင်လာပြန်လေရာ 'ဆေးရုံများ၌သုံးသော တွန်းလှည်း' ကို ရက်သတ္တသုံးပတ်ကန့် အသုံးပြုခဲ့ရသေးသည်။

နောက်ပိုင်း ခြေထောက်နာ သက်သာလာတော့မှ ပြင်ဘက်စမ်း၍ လမ်းလျှောက်ထွက်ကြည့်လေသည်။ သို့သော် အတွင်း၌ ဓားရှည်ပါသော တုတ်ကောက်ကို အားပြု၍ လျှောက်ရလေသည်။ များသောအားဖြင့် ဆာပီကိုသည်'ဟတ်ဆင်' မြစ်ကမ်းနံဘေးသို့ လျှောက်သွားပြီး ညနေဘက်ရှုခင်းသာယာပုံများကို ကြည့်ရှုနေတတ်သည်။

ဆာပီကို၏ အဖော်ကား သူမွေးထားသော အယ်လ်ဖီအမည်ရှိ ခွေးကြီးပင်ဖြစ်သည်။

အချိန်ကား တဖြည်းဖြည်း ကုန်လွန်ခဲ့လေသည်။

မကြာခဏ သူ၏ ဘဝခရီးအကြောင်း ပြန်စဉ်းစားမိသည့်အခါ အလွန်စိတ်ဓာတ်ကျမှုကိုလည်း ခံစားရတတ်သည်။ ညည ကောင်းစွာအိပ်မပျော်ခြင်း၊ အိပ်ပျော်လျှင်လည်း ကယောင်ချောက်ချား အိပ်မက်ဆိုးများ မက်ခြင်းများကိုလည်း ဖြစ်တတ်သည်။

တစ်ခါတရံတွင် ဆာပီကိုသည် တရားရုံးတော်၌ အစိုးရသက်သေအဖြစ် ထွက်ဆိုခဲ့ရပုံများကို အိမ်နီးချင်း မိတ်ဆွေများအား ပြောပြလေ့ရှိသည်။ သူပြောပုံကလည်း တရားစီရင်ရေးစနစ် ချွတ်ယွင်းချက်၊ ပျော့ကွက်၊ ဟာကွက်များကို ထုတ်ဖော်သရော်သလို ရယ်စရာလုပ် ပြောလေ့ရှိရာ အားလုံးက ဝိုင်းရယ်မောလေ့ရှိသည်။

အချို့နေ့များတွင် သူသည် မြစ်ကမ်းနံဘေးသို့သွား၍ ငိုက်လာလျှင် ထိုင်မှိန်းနေလေ့ရှိသည်။

ဆာပီကို၏ နှလုံးသားအတွင်း ကိန်းအောင်းလျက်ရှိသော တကယ့်ခံစားချက် အစစ်အမှန်ကား ရဲတပ်ဖွဲ့ကြီး သန့်ရှင်းကောင်းမွန်လာအောင် မိမိက ကြိုးစားသလောက် အထက်အာဏာပိုင်များက အားပေးပံ့ပိုးခြင်း မရှိသည့်အတွက် နာကျည်းခံပြင်းနေခြင်းပင် ဖြစ်သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



မေလတွင် ဆာပီကိုသည် ကောင်းစွာ ကျန်းမာခြင်းမရှိသေးသော်လည်း ရဲမှူးချုပ်ကူးပါး၏ တိုက်တွန်းချက်အရ ရဲတပ်ဖွဲ့ဌာနချုပ်သို့ သွားရောက်သတင်းပို့လေသည်။

ထိုအခါ ရဲမင်းကြီးသစ် မာဖီက ဆာပီကိုအား တရားဝင် ရဲစုံထောက်အဖြစ် အသိအမှတ်ပြု ခန့်အပ်သော စုံထောက်အမှတ်အသား ကတ်ပြားကို ပေးလေသည်။

သူ အလွန်လိုလား တောင့်တမိခဲ့သော ရဲစုံထောက်အဆင့်သို့ တရားဝင် ရောက်လာပေပြီ။

သို့သော် ယခုအချိန်၌ ဆာပီကိုသည် ဝမ်းမြောက်ဝမ်းသာ ရှိခြင်းတည်းဟူသော စိတ်လှုပ်ရှားမှု လုံးဝမရှိတော့ချေ။

* * *

သူ အိမ်ငှားနေထိုင်သော ဂရင်းဝစ်ရပ်ကွက်မှ အိမ်နီးချင်းများသည် စောစောက သူ ဘယ်သူဘယ်ဝါမှန်း မသိသော်လည်း နောက်ပိုင်းကျတော့ ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ရိပ်မိသိရှိလာကြလေသည်။

ယင်းသို့ သိရှိသွားခြင်း၏ အကျိုးသက်ရောက်မှုကြောင့် ဆာပီကိုအဖို့ စိတ်ညစ်စရာ ဖြစ်လာရပြန်သည်။ ရပ်ကွက်တွင်းရှိ လူများသည် အသေးအဖွဲ ပြဿနာများကအစ မကြာခဏ ဆာပီကိုထံ လာရောက်အကူအညီတောင်းကြသဖြင့် လိုက်ကူညီရခြင်း၊ ပြဿနာများ ဖြေရှင်းပေးရခြင်း စသည်ဖြင့် သူ့အဖို့ အလုပ်တွေ များလာတော့သည်။

တစ်ညသ၌ ဆာပီကို အိပ်ခန်းတွင် အိမ်နီးချင်း မိတ်ဆွေတစ်စု ဝိုင်းထိုင်ကာ စာရင်းသောက်ရင်း စကားထိုင်ပြောကြစဉ် လူတစ်ယောက်က ထ၍ အကြံတစ်ခုကို အဆိုပြုတင်ပြလေသည်။

ထိုအကြံကား ရပ်ကွက်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးအတွက် ရပ်ကွက်ပြည်သူများ ကော်မတီတစ်ရပ် ဖွဲ့စည်းရန်ပင်ဖြစ်သည်။

ကျန်လူများက ယင်းအကြံကို သဘောကျသဖြင့် အားလုံးက ထောက်ခံကာ ဆုံးဖြတ်ချက် ချလိုက်ကြသည်။

ပြည်သူများကော်မတီကို ချက်ချင်းပင် ဖွဲ့စည်းလိုက်ကာ အားလုံးက



ဆာပီကိုအား တညီတညွတ်တည်း ခေါင်းဆောင်တင်လိုက်ကြလေသည်။

များမကြာမီပင် ယင်းကော်မတီ၏ အကြီးဆုံး အောင်မြင်မှုဟု ဆိုရမည့် ပြဿနာတစ်ရပ် ပေါ်လာလေသည်။

ရပ်ကွက်အတွင်း ဆာပီကို၏ အိမ်ခန်းနှင့် မလှမ်းမကမ်းတွင် လမ်းဘေးပလက်ဖေအင်း ကျောက်ပြားများကို အမည်မသိ လူများက လာရောက်ဖြုတ်ခိုးနေကြသည့် ပြဿနာပင်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများကော်မတီက ပွဲဦးထွက်လုပ်ငန်းအနေဖြင့် ပလက်ဖောင်းကျောက်ပြားများ ဖြုတ်ခိုးခြင်းကို ကာကွယ်တားဆီးရန် ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ ညနေဘက် နေဝင်ဖျိုးဖျအချိန်တွင် ဆာပီကိုနှင့်အမျိုးသမီး ကော်မတီဝင်တစ်ဦး၊ နောက်ထပ် ကော်မတီ ဇနီးမောင်နှံတို့သည် လမ်းဘေးတွင် စောင့်ကြည့်နေခိုက် ခပ်လှမ်းလှမ်း တစ်နေရာ၌ နက်ပြာရောင်ဝတ်စုံနှင့် လူခပ်ဝဝတစ်ဦးသည် လမ်းဘေး ပလက်ဖောင်း ကျောက်ပြားများကို တစ်ချပ်စီ ဖြုတ်ယူ၍ အနီးရှိ သူ၏ စတေရှင်ဝက်ဂွန်း ကားပေါ် ပစ်တင်နေသည်ကို တွေ့ရလေသည်။

ဤတွင် အမျိုးသမီးကော်မတီဝင်က ထိုလူကြီးရှိရာသို့ တိုက်ရိုက်သွားပြီး ပြောလေတော့သည်။

"ဒီမယ်ရှင့်၊ ဦးလေးဦး အခုလိုလုပ်နေတာ မကောင်းပါဘူး၊ ဒီရပ်ကွက်ကလူတွေ ကောင်းကောင်းလမ်းလျှောက်ဖို့ လုပ်ထားတဲ့ ကျောက်ပြားတွေကို ဖြုတ်ယူနေတာ မသင့်တော်ဘူးလို့ ထင်ပါတယ်"

"ဟဲ့ကောင်မလေး မင်းဘာသာမင်း အေးအေးနေပါကွ၊ ငါလုပ်တာကို လာမရှုပ်စမ်းနဲ့"

ဝဝလူကြီးက ခပ်တည်တည် ပြန်ပြောသဖြင့် မိန်းကလေးသည် မတတ်သာတော့ဘဲ

"ကျွန်မရဲ့တာဝန်က ရှင့်ကိုဖမ်းဖို့ ဖြစ်လာပြီရှင့်"

ပြောပြောဆိုဆို သူမသည် ဆာပီကိုရှိရာသို့ ပြေးလာလေသည်။

"မစ္စတာဆာပီကိုရှင့် ဟိုလူကြီးက ကျွန်မ ကောင်းကောင်းပြောတာ မရဘူး၊ ကြည့်လုပ်ပါဦး"

ဆာပီကိုလည်း ထိုလူကြီးထံသို့ ချဉ်းကပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ၊ အမျိုးသမီး ပြောတဲ့အတိုင်း ခင်ဗျား နာခံရင်ကောင်းလိမ့်မယ်ထင်တယ်၊ ဒီမယ် ကြည့်စမ်း"

ပြောပြောဆိုဆို ဆာပီကိုက သူ၏ ရဲစုံထောက်ကတ်ပြားကို ထုတ်ပြလိုက်သည်။

ဝဝလူကြီးသည် ဆာပီကို၏ ဝတ်စားဆင်ယင်ထားပုံနှင့် မုတ်ဆိတ်ရှည်ကြီးကိုကြည့်ပြီးမှ သရော်သလို ပြန်ပြောလိုက်လေသည်။

"ဩော်... မောင်ရင်က ဒီလိုကိုး ဟေ့ ဒီမယ်၊ မင်းလို ကတ်ပြားမျိုး ငါ့အိတ်ထဲမှာလည်း ရှိပါတယ်ကွ၊ မင်းလို ပုံပန်းသဏ္ဌာန် ဝတ်စားထားပုံနဲ့ ဆိုရင် ဒီကတ်ပြားကိုတောင် လျှောက်ပြဖို့မကောင်းဘူး"

ဤတွင် ဆာပီကိုသည် အကြီးအကျယ် အံ့အားသင့်သွားမိတော့သည်။

လမ်းခင်းကျောက်ပြားတွေကို လာဖြုတ်ခိုးယူနေသူ လူဝဝကြီးက ရဲတစ်ဦးဖြစ်နေလေပြီ။

သို့သော် မိမိအား ရပ်ကွက်ပြည်သူများက တာဝန်ပေးထားခြင်းကို ခေါင်းရှောင်က မဖြစ်သောကြောင့် ထိုလူကြီးအား ခပ်တည်တည်ပင် ပြန်ပြောရလေသည်။

"ခင်ဗျားရဲ့အိတ်ထဲမှာ ရဲတပ်ဖွဲ့ဝင်ကတ်ပြား ရှိတယ်ဆိုရင် ကျုပ်က နားလည်မှုရှိပါတယ်၊ ဒါပေမဲ့ ရပ်ကွက်ပြည်သူတွေက ဒီကိစ္စကို တိုင်ကြားလာတော့ ကျုပ်က လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ ဒါကြောင့် ခင်ဗျားက အေးအေးဆေးဆေး ပြန်သွားရင်ကောင်းလိမ့်မယ်"

ဆာပီကို၏ မျက်နှာထားနှင့် လေသံကို သတိပြုမိတော့မှ ထိုလူကြီးသည် အဓိပ္ပာယ် နားလည်သွားဟန်တူသည်။

"အိုကေ... အိုကေ၊ မင်း ဒီလိုပြောတော့မှ ငါက ရှောင်ပေးရတော့မှာပေါ့"

ပြောပြောဆိုဆို ထိုလူကြီးသည် ကျောက်ပြားဖြုတ်ယူခြင်းကို ရပ်လိုက်ပြီး ထွက်သွားလေသည်။

ထိုအခါ ပြည်သူ့ကော်မတီဝင် အမျိုးသမီးက မကျေမနပ်ဖြင့် ဆာပီကိုအား ဝေဖန်ပြောဆိုပြန်သည်။

"နေပါဦးရှင့်၊ ဘာကြောင့် ရှင်က ဟိုလူကြီးကို မဖမ်းဘဲ ပြန်လွှတ်လိုက်ရတာလဲ"



"ဒီလူက ရဲတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်နေတယ်ကွယ့်"

"ရဲဖြစ်တာနဲ့ ဘာဆိုင်လို့လဲရှင့်"

"ဒီလိုရှိတယ်လေ၊ ငါက ရဲတပ်ဖွဲ့ဝင်ဖြစ်သလို နေသတ်ရှိသလို သူ့မှာလည်း သေနတ်ပါတယ်၊ ကျောက်ပြားဖြုတ်ယူတဲ့ ကိစ္စကလေးနဲ့ အပြန်အလှန် သေနတ်နဲ့ပစ်ခတ်ရတဲ့အထိဖြစ်ရင် မကောင်းပါဘူး၊ ဒါပေမဲ့ ဘာမှ မစိုးရိမ်ပါနဲ့၊ ငါက သူ့ကားနံပါတ်ကို မှတ်ထားလိုက်ပြီ၊ နောက်ပိုင်း သက်ဆိုင်ရာကို တင်ပြပြီး အရေးယူမှာပါ"

* * *

နယူးယောက်တိုင်း သတင်းစာတွင် ရဲတပ်ဖွဲ့ဝင်များ ဖောက်ပြန်လာဘ်စားနေခြင်းအကြောင်း သတင်းဆောင်းပါး ပါခဲ့သည့်အတွက် အကျိုးသက်ရောက်မှုတစ်ခုကား ကူးပါးက ယခင် မက်ဂိုဗန်၏ ရာထူးဖြစ်သော ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ရဲမှူးနေရာသို့ ရောက်သွားခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဆာပီကိုသည် ရဲမှူးချုပ်ကူးပါးထံ ဖုန်းဆက်၍ အကျိုးအကြောင်း ပြောလိုက်ရာ ကူးပါးက–

"ဟာ... ဆာပီကိုကလည်းကွာ၊ လမ်းခင်းကျောက်ပြား ဖြုတ်ယူတဲ့ ကိစ္စလေးနဲ့ မင်းကတခြားရဲတစ်ယောက်နဲ့ ပြဿနာလုပ်ချင်တာကိုးကွ"

ဟု ဝေဖန်ပြောဆိုလေသည်။

"မဟုတ်ဘူး ဆရာရဲ့၊ ကျွန်တော့်အနေနဲ့ လုပ်ချင်လို့ မဟုတ်ပါဘူး အခုဟာက ကျွန်တော်တို့ ရပ်ကွက်က 'ပြည်သူများ ကော်မတီ'နဲ့ တိုင်ပင်ပြီး တင်ပြရတာ ဖြစ်ပါတယ်"

ဟု အစချီကာ မိမိတို့ရပ်ကွက်အတွက် ပြည်သူများ စုခေါ်၍ ကော်မတီတစ်ရပ် ဖွဲ့စည်းထားပုံအကြောင်းကိုပါ ရှင်းပြလိုက်လေသည်။

နောက် ရက်သတ္တတစ်ပတ် ကြာသောအခါ ကူးပါးကိုယ်တိုင် ဆာပီကိုထံ ဖုန်းဆက်၍ လူဝဝသည် ရဲတပ်ဖွဲ့ဝင်တစ်ဦး အမှန်ဖြစ်ကြောင်း၊ လမ်းဘေးမှဖြုတ်ခိုးလာသော ကျောက်ပြားများဖြင့် သူ၏ နေအိမ်ဝင်းအတွင်း တိုးချဲ့အဆောက်အအုံငယ်တစ်ခု ဆောက်လုပ်နေသည်ကို [illegible]မိသဖြင့် ဌာနဆိုင်ရာ အရေးယူမှု ပြုလုပ်တော့မည်ဖြစ်ကြောင်း ပြောပြလေသည်။

www.burmeseclassic.com



"ဟုတ်လား ဆာ၊ ဒါဖြင့် ကျွန်တော်က ရပ်ကွက်ပြည်သူ့ကော်မတီကို တဆင့်ပြောပြလိုက်ပါ့မယ်၊ ကျေးဇူးပါပဲ ဆရာ"

ဤသို့ ပြောလိုက်ရသော်လည်း ဆာပီကို၏ စိတ်ထဲတွင်ကား သူသည် ရဲတပ်ဖွဲ့အတွင်း ကြာရှည်နေ၍ မဖြစ်တော့တကားဟု တွေးမိလေသည်။

❒



# အခန်း (၁၈)

၁၉၇၁ ခုနှစ် နွေရာသီအတွင်း ဆာပီကို၏ ကျန်းမာရေးအခြေအနေ သိပ်မကောင်းသေးမီ ရဲထောက်လှမ်းရေးက သတင်းတစ်ခု ရရှိခဲ့လေသည်။

ထိုသတင်းကို မာဖီယား လူဆိုးဂိုဏ်းဝင်တစ်ဦး၏ တယ်လီဖုန်းကို ကြားဖြတ်နားထောင်ရာမှ ရရှိခဲ့ပြီး သတင်းကတော့ ဂရင်းဝစ်ရပ်ကွက်မှ မှတ်ဆိတ်ရှည်နှင့်ရဲအား မာဖီယားဂိုဏ်းက 'သုတ်သင်ကွပ်မျက်တော့မည်'ဟူ၍ ပင်ဖြစ်သည်။

ထိုသတင်းကို ရသည်နှင့် ရဲမှူးချုပ် ကူးပါးက ဆာပီကို သွားလေရာသို့ လုံခြုံရေးအစောင့်များ ချထားပေးရန် ချက်ချင်းအမိန့်ထုတ်လိုက်သည်။

ထိုအချိန်၌ ဆာပီကိုက အပန်းဖြေအနားယူရန် လုပ်သက်ခွင့်လျှောက်ထားရာ ကူးပါးကလည်း နယူးယောက်မြို့ပြင်ဘက် ထွက်သွားလျှင် အန္တရာယ်ကင်းလိမ့်မည်ဟု ယူဆလျက် ခွင့်ပြုလိုက်လေသည်။

ဆာပီကိုသည် ကနေဒါပြည် အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းအနီး ရှိနိုဗာစကိုရှာကျွန်းသို့ အပန်းဖြေခရီး ထွက်သွားလေသည်။

သို့သော် အဆက်အသွယ် မပြတ်အောင် ဆာပီကိုသည် ရောက်လေရာအရပ်မှ တယ်လီဖုန်းဖြင့် ရဲမှူးချုပ် ကူးပါးထံ မကြာခဏ ဆက်သွယ် သတင်းပို့နေလေသည်။

နယူးယောက်တိုင်း သတင်းစာ ဖော်ထုတ်ရေးသားချက်ကြောင့် ဖြစ်ပေါ်လာသည့် နောက်ထပ် အကျိုးသက်ရောက်မှုတစ်ခုမှာ မြို့တော်ဝန်လင်းဆေး

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရန် အထူးကော်မရှင် တစ်ရပ် ဖွဲ့စည်းလိုက်ရခြင်းပင်ဖြစ်သည်။

ယင်း အထူးကော်မရှင်၏ ခေါင်းဆောင်ကတော့ ပို့က်မန်းဆိုသူ နာမည်ကျော် ရှေ့နေကြီးတစ်ဦးဖြစ်သည်။

ရဲတပ်ဖွဲ့အနေဖြင့်ကား ယင်းအစီအစဉ်ကို သဘောမကျသဖြင့် ရဲတပ်ဖွဲ့ သက်သာချောင်ချိရေး အသင်းအနေဖြင့် ပို့က်မန်း အထူးကော်မရှင်သည် တရားဥပဒေများနှင့် မညီညွတ်သောကြောင့် ဖွဲ့စည်းခွင့် မပြုသင့်ဟု တရားရုံးသို့ ဦးတိုက်လျှောက်ခဲ့လေသည်။

ဤတွင် ကော်မရှင်ဥက္ကဋ္ဌလုပ်သူ ပို့က်မန်းလည်း စိတ်ပျက်လာသဖြင့် သူတို့ကော်မရှင်၏ လျှို့ဝှက်စုံစမ်းမှုများ ပြီးစီးသွားပြီဖြစ်ကြောင်း၊ အများပြည်သူ ရှေ့မှောက်၌ နောက်ဆုံးအကြိမ် ကြားနာစစ်ဆေးခြင်းကိုလည်း ၁၉၇၁ ခု အောက်တိုဘာလတွင် ပြုလုပ်မဟာ့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်လေသည်။

ထိုအတောအတွင်း ရဲမင်းကြီးသစ် မာဖီကလည်း ရဲတပ်ဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှု အတော်များများကို ပြုလုပ်ခဲ့လေသည်။ ဒုရဲမင်းကြီး ဝေါ့ရှ်နှင့် မက်ဂိုဗန်တို့ဆိုလျှင် သူတို့ဆန္ဒအလျောက် နုတ်ထွက်သွားကြလေသည်။

ဆာပီကို ကိုယ်တိုင်ကလည်း (သူ သေနတ်ပစ်ခံရသည့်အချိန်မတိုင်မီက) ပို့က်မန်း ကော်မရှင်မှ ပုဂ္ဂိုလ်များအား တတ်နိုင်သလောက် အကူအညီပေးခဲ့လေသည်။ အထူးသဖြင့် ကော်မရှင်၏ ဥပဒေအကြံပေးအရာရှိချုပ် မိုက်ကယ်လ် အမ်းစ်ထရောင်း ဆိုသူနှင့် ရင်းနှီးစွာ ပူးပေါင်းကူညီခဲ့သည်။

ကော်မရှင် လျှို့ဝှက်အစီအစဉ်တစ်ခုမှာ အဖွဲ့ဝင် အောင်ဂျင်းစုံထောက်များကို အရပ်သားဟန်ဆောင်၍ လာဘ်စားသူများအား ထောင်ဖမ်းခြင်းပင်ဖြစ်သည်။

ယင်းနည်းဖြင့် အရပ်ဝတ်ရဲ ဖီးလစ်ဆိုသူအား လာဘ်ငွေယူနေစဉ် ပက်ပင်းဖမ်းမိခဲ့လေသည်။

* * *



ပို့က်မန်း ကော်မရှင်၏ ရှေ့မှောက်၌ မိမိအား သက်သေအဖြစ် ထွက်ချက်ပေးရန် ခေါ်ယူသောအခါ ဆာပီကိုသည် ထွက်ဆိုလိုသည့်ဆန္ဒမရှိပေ။

မိမိအဖို့ ပို၍ရန်သူများကာ ဘေးအန္တရာယ်ပင် ရှိလိမ့်မည်ဟု စိုးရိမ်မိလေသည်။ သို့သော် သူ၏မိတ်ဆွေအချို့၏ အကူအညီဖြင့် နိုင်ငံတော်ရှေ့နေချုပ်ဟောင်း ရမ်းဆေးကလပ် ကိုယ်တိုင် (အဖိုးအခမယူဘဲ) ဆာပီကို၏ ရှေ့နေအဖြစ် လိုက်ပါကူညီခဲ့လေသည်။

ထို့ကြောင့် ဆာပီကိုသည် အနည်းငယ် အားတက်လာကာ ရှေ့နေကြီး ရမ်းဆေးကလပ် ကိုယ်တိုင် သူ၏ဘေးမှ ကပ်ထိုင်လျက် ကော်မရှင်ရှေ့မှောက်တွင် သူသိသမျှ အချက်အလက်အားလုံးကို ဖွင့်ချထွက်ဆိုလေတော့သည်။

ဆာပီကို၏ ထွက်ဆိုချက်တွင် အောက်ပါ သူ၏တင်ပြချက်အာဘော်လည်း ပါဝင်လေသည်။

"ကျွန်တော် ဒီနေ့ အခုလို ကော်မရှင်ရှေ့မှောက်မှာ လာရောက်ထွက်ဆိုရခြင်း ရည်ရွယ်ချက်တစ်ခုကတော့ ရှေ့အနာဂတ်ကာလ ရဲတပ်ဖွဲ့ဝင်တွေ နေနဲ့ ကျွန်တော် ခံစားရသလို အဖွဲ့ကြီးအတွင်း ဖောက်ပြန်ပျက်စီးမှုတွေမြင်ပြီး စိတ်ဓာတ်ကျတာတို့၊ အားငယ်တာတို့ မဖြစ်စေချင်တဲ့ သဘောပဲ ဖြစ်ပါတယ်။ ဖြစ်နေတဲ့ အခြေအနေက တကယ်ရိုးသားဖြောင့်မတ်တဲ့ ရဲတစ်ဦးက မဖြောင့်မတ်တဲ့ ရဲအများစုကို ကြောက်နေရပါတယ်။ နောက်တစ်ချက်က ရဲတပ်ဖွဲ့ဝင်တွေ ဖောက်ပြန်လာဘ်စားနေတာဟာ အထက်လူကြီးတွေကသာ လက်ပိုက်ကြည့်မနေရင် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီကော်မရှင်ရဲ့ စုံစမ်းတွေ့ရှိချက်များအရ ရဲအရာရှိကြီးများကိုပါ အပြစ်ရှိရင် ရှိသလို အရေးယူဖို့လိုအပ်ပါလိမ့်မယ်။ ရဲတပ်ဖွဲ့ဝင်တွေဆိုတာ သူတို့ရဲ့ အထက်အရာရှိကြီးများရဲ့ သဘောထားကို အမြဲတမ်း လေ့လာအကဲခတ်နေတတ်ကြပါတယ်။ ဒါကြောင့် တာဝန်ရှိသူ အရာရှိကြီးများရဲ့ သဘောထားဟာလည်း အရေးကြီးပါတယ်။ ပြီးတော့ ရဲတပ်ဖွဲ့အနေနဲ့ ပြည်သူအများရဲ့ ယုံကြည်လေးစားမှု၊ အားကိုးလို့ ရရှိအောင် ကြိုးစားဖို့က အရေးကြီးဆုံး ဖြစ်ပါတယ်။ လိုရင်းကတော့ ရဲတပ်ဖွဲ့ကြီးတစ်ခုလုံး ပြုပြင်ပြောင်းလဲဖို့ အထူးလိုအပ်နေပါတယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



ကော်မရှင်က ခေါ်ယူစစ်ဆေးခံရသူများတွင် ရဲမှူး ရှယ်ရီဒင်လည်း ပါဝင်လေရာ သူ့အား ကော်မရှင်၏ ဥပဒေအကြံပေးအရာရှိ 'မိုက်ကယ်ထီ အမ်းစထရောင်း' ကိုယ်တိုင် မေးခွန်းထုတ်လေသည်။

"လောင်းကစားဒိုင်တွေ မှိုလိုပေါက်နေကြောင်း ဆာပီကိုက ခင်များထို လာသတင်းပို့ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ သတင်းပို့ခဲ့တယ် ထင်ပါတယ်"

"ဒါပေမဲ့ ခင်ဗျားက လက်တွေ့ ဘာမှအရေးမယူခဲ့ဘူး မဟုတ်လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ကျွန်တော် တာဝန်ယူကြီးကြပ်ကွပ်ကဲရတဲ့ အရပ်ဝတ် ရဲတပ်ဖွဲ့တွေအကြောင်းကို စုံစမ်းမေးမြန်းခဲ့ပါတယ်"

"တိုင်းအမှတ် ၇ က အရပ်ဝတ်ရဲတွေ အုပ်စုဖွဲ့ပြီး လာဘ်စားနေတာကို ခင်ဗျား မသိခဲ့ဘူးလား"

"ဆာပီကို လာပြောတော့မှ သိရပါတယ်"

ဤသို့လျှင် ကော်မရှင်က ပွင့်ပွင့်လင်းလင်း မေးခွန်းများထုတ်ခဲ့လေသည်။

ထို့နောက် ဒုရဲမင်းကြီးဟောင်း ဝေါ့ရှ်အား ခေါ်ယူစစ်ဆေးရာ ဝေါ့ရှ်က သူသည် ဆာပီကိုအား ဆက်သွယ်တွေ့ဆုံပါမည်ဟု ကတိပေးခဲ့ကြောင်း၊ သို့သော် တကယ်လက်တွေ့ မဆက်သွယ်ဖြစ်ခဲ့ကြောင်း ဝန်ခံထွက်ဆိုလေသည်။

ထို့ပြင် တစ်ချိန်က ဆာပီကိုနှင့် တွဲခဲ့ပြီး ယခု ရဲကြပ်ကြီးဖြစ်နေသူ ဒေးဗစ်ဒတ်ကိုလည်း ကော်မရှင်က ခေါ်ယူစစ်ဆေးသေးသည်။

ကော်မရှင်က ခေါ်ယူစစ်ဆေးသော နောက်ဆုံးသက်သေကား ကရိုဂယ်လ် ဖြစ်သည်။

သူ၏ ထွက်ချက်တွင်လည်း ရဲတပ်ဖွဲ့အတွင်း ဖောက်ပြန်မှုများ ရှိနေကြောင်း ဆာပီကိုက တင်ပြအစီရင်ခံပါလျက် သက်ဆိုင်ရာတို့က ထိရောက်စွာ အရေးမယူခဲ့ဟူသော အချက်သည် ပေါ်လွင်လာလေသည်။

* * *



၁၉၇၂ ခုနှစ် ဆောင်းရာသီတစ်လျှောက်လုံး ဆာပီကိုသည် နာမကျန်းခွင့် (ဆေးခွင့်)ဖြင့်နေပြီး သူ၏ခေါင်းမှ ဒဏ်ရာဒဏ်ချက်များကို ဆေးဝါးကုသနေခဲ့ရလေသည်။ ဆရာဝန်ကြီးများက ဓာတ်မှန်ရိုက်ကြည့်သောအခါ သေနတ်ကျည်ဆန် အစိတ်အပိုင်းအချို့သည် သူ၏ ခန္ဓာကိုယ်အတွင်း နေရာရွှေ့လျားသွားကြောင်း တွေ့ရှိရသဖြင့် ခက်ခက်ခဲခဲ ကြိုးစားကုသခဲ့ရသည်။

ထိုနှစ် မေလတွင် ရဲတပ်ဖွဲ့ကြီး၏ ဂုဏ်သတင်း ညှိုးနွမ်းစေလောက်အောင် အရုပ်ဆိုးလှသည့် ဖြစ်ရပ်တစ်ခု ပေါ်လာပြန်သည်။ ဘရွတ်ကလင်းနယ် အမှတ် ၁၃၁ ရဲစခန်းမှ အရပ်ဝတ်ရဲအရာရှိနှစ်ဆယ်၊ အမျိုးသမီး ရဲတစ်ဦး၊ ရဲကြပ်ကြီးသုံးဦးတို့သည် စုပေါင်းပြီး မာဖီးယား ဒုစရိုက်ဂိုဏ်းနှင့် ပတ်သက်မည့် လောင်းကစားဒိုင်များထံမှ လာဘ်ငွေပေါ်က ငွေနှစ်သိန်းငါးသောင်း ယူခဲ့မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလေသည်။

ထိုအမှု ပေါ်ပေါက်ခဲ့ပုံကလည်း ဆာပီကိုကဲ့သို့ ရိုးဖြောင့်သော ရဲတစ်ဦးက သက်ဆိုင်ရာသို့ သတင်းပေး၍သာ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအချိန်မှစ၍ အထက်အာဏာပိုင်တို့က ရဲတပ်ဖွဲ့ဝင်များ အဂတိလိုက်စားမှု ကျူးလွန်ကြောင်း သိရှိပါက ချက်ချင်း ဆိုင်ရာသို့ တိုင်ကြားသတင်းပေးကြရန် အမိန့်ကြော်ငြာစာတစ်ခု ထုတ်ပြန်ခဲ့လေသည်။

၁၉၇၂ ခု နွေဦးရာသီ၌ ဆာပီကိုအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်မည်ဟု သက်ဆိုင်ရာက ဆုံးဖြတ်လိုက်ကြောင်း သတင်းကြားရချိန်တွင်မှ ဆာပီကိုသည် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက်တော့သည်။ ယင်းကား ရဲတပ်ဖွဲ့ဝင်အဖြစ်မှ အပြီးတိုင် နုတ်ထွက်လိုက်ရန်ပင်ဖြစ်သည်။

နောက်ဆက်တွဲ ဖြစ်ရပ်တစ်ခုကား ဇွန်လ ၁၃ ရက်နေ့တွင် ရဲမှူးကြီး ကပ္ပတိန်ဖိုရမ်သည် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ခံရခြင်းပင်ဖြစ်သည်။ ဒေါ်လာငွေ သုံးရာပါသော စာအိတ်နှင့်ပတ်သက်၍ တစ်ချိန်က ဆာပီကိုအား ကပ္ပတိန်ဖိုရမ်က အကြံပေးခဲ့ရာတွင် မဟုတ်မမှန် လုပ်ကြံထွက်ဆိုခဲ့ခြင်းများ ဌာနဆိုင်ရာ စစ်ဆေးမှုတွင် ပေါ်ထွက်လာလေသည်။ ဆာပီကို ကိုယ်တိုင်သော်လည်း အစိုးရသက်သေအဖြစ် အစစ်ခံခဲ့ရာ အမှန်အတိုင်း ထွက်ဆိုသဖြင့် သက်ဆိုင်ရာက ကပ္ပတိန်ဖိုရမ်တွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာပီကိုအဖို့မှာမူ ယခု အသက်သုံးဆယ့်ခြောက်နှစ်အရွယ်တွင် ရဲတပ်ဖွဲ့မှ နုတ်ထွက်ပြီး အခြားနည်းဖြင့် လူ့အဖွဲ့အစည်း အကျိုးအတွက် ကြိုးစားဆောင်ရွက်မည်ဟု ခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီး ဖြစ်နေလေပြီ။

*　*　*

ဆာပီကိုသည် ရဲတပ်ဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သောအခါ အငြိမ်းစားလစာ (ပင်စင်)နှင့် သူ၏ကိုယ်ပိုင် ဘရောင်းနင်း ပစ္စတိုသေနတ် ကိုဆောင်ခွင့်လိုင်စင်ပါ ရရှိခဲ့လေသည်။

နုတ်ထွက်ခွင့်ပြုရန် တရားဝင်ရသည့်နေ့က ရဲတစ်ဦးက ဆာပီကိုထံ ချဉ်းကပ်၍ စကားပြောလေသည်။

"ဘယ့်နှယ်လဲဗျ၊ ခင်ဗျားအနေနဲ့ မနားမနေ ကြိုးစားခဲ့ပေမဲ့ ဘာများအကြောင်းထူးလာသလဲ၊ ရဲတပ်ဖွဲ့ကြီး ပြုပြင်ပြောင်းလဲလာတာ ရှိရဲ့လား"

"ဒါတော့ ကျုပ် ဘယ်ပြောတတ်မလဲ၊ ကျုပ်က တာဝန်ရှိတယ်လို့ ယူဆတာကို ကြိုးစားလုပ်ခဲ့တာပဲ"

ဤသို့လျှင် ဆာပီကိုက ပြန်ပြောခဲ့လေသည်။

ဆာပီကို၏ အပြင်းပြဆုံးဆန္ဒသည်ကား ပြည်သူက ယုံကြည်အားကိုးခြင်းခံရသော ရဲတပ်ဖွဲ့ဝင်ကောင်းတစ်ဦး ဖြစ်လာရန်ပင်ဖြစ်သည်။

သို့သော် ယင်းဆန္ဒမပြည့်ဝဘဲ ဒုက္ခိတတစ်ယောက်အဖြစ် နုတ်ထွက်ခဲ့ရခြင်းသာလျှင် အဖတ်တင်ခဲ့လေသည်။

ဆာပီကိုသည် မဖြစ်နိုင်သော ကိစ္စတစ်ခုကို လိုချင်တောင့်တခဲ့မိသောကြောင့် ပေလောဟုပင် တွေးစရာ ဖြစ်နေပါတော့သတည်း။

တက္ကသိုလ်နေဝင်း

❐

BURMESE CLASSIC .com

# တက္ကသိုလ်နေဝင်း
# ဂေါ့ဒ်ဖားသား
**Mario Puzo**
Godfather

စာမူခွင့်ပြုချက် – ၁၃၀၀/၂၀၀၃(၉)

---

# တက္ကသိုလ်နေဝင်း
# အမေရိကန်သူပုန်ကြီး
# ဂျက်လန်ဒန်

**SAILOR ON HORSEBACK**
The unforgettable Story of Jack London
by
**IRVING STONE**

စာမူခွင့်ပြုချက် – ၅၀၀၄၇၈၀၆၀၄

www.burmeseclassic.com